www.burmeseclassic.com



ပြည်မြို့ သီတာရုံဆရာတော်

ဘဒ္ဒန္တကောဝိဒ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

BURMESE CLASSIC

၏

# ၃၈ ဖြာမင်္ဂလာလင်းပြချက်

သာသနာ ၂၅၅၂ ကောဇာ ၁၃၇၀ ခရစ် ၂၀၀၈

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ် ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်လွှာ

"သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ လမ်းပြကျမ်း" စာအုပ်ထွက်ပေါ်လာရေးအတွက် ပညာသံဝတ္တနိက ကုသိုလ်အဖြစ် ဝိုင်းဝန်းကူညီ အားစိုက်ဆောင်ရွက်ပေးကြသော သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်–ဦးမျိုးကျော်နှင့် ဆိုင်ရာဝန်ထမ်းများ၊ ဓမ္မဒါနပညာပါရမီရှင်များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို "ကတညုတာ" မင်္ဂလာ တရားတော်အရ အထူးပင် ကျေးဇူးဥပကာရ တင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သီတာရုံဆရာတော်
ဘဒ္ဒန္တကောဝိဒ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ပန္နက်ချ အဖွင့်တတ္တိကနိဒါန်း ............... | (က) |
| | - မင်္ဂလာမိတ်ဆက် | (ဃ) |
| | - သီတာရုံဆရာတော် ဘဒ္ဒန္တကောဝိဒ၏ထေရုပ္ပတ္တိအကျဉ်း | (ည) |
| | - ကျမ်းဦးပဏာမ .................. | ၁ |
| | - မင်္ဂလာဟူသမျှ အရေးကြီး .................. | ၂ |
| | - မင်္ဂလာကို ကြံစည်နေကြပုံ .................. | ၄ |
| | - မင်္ဂလာတရားတော် ဟောကြားပေးပါရန် လျှောက်ထား ... | ၆ |
| | - မင်္ဂလာဆိုတာ ဘာလဲ .................. | ၇ |
| ၁။ | အသေဝနာ စ ဗာလာနံ | |
| | - ဗာလ (၂)မျိုး .................. | ၉ |
| | - လူမိုက်လက္ခဏာ (၃)မျိုး .................. | ၉ |
| | - လူမိုက်ကို ပေါင်းသင်းမိ၍ ဒုက္ခရောက်ရပုံ ......... | ၁၀ |
| | - လူမိုက်နှင့် ပေါင်းသင်းမိ၍ လူမိုက်ဖြစ်ရပုံ .......... | ၁၃ |
| | - သံသရာလူမိုက် .................... | ၁၄ |
| | - သံသရာလူမိုက်ကို မပေါင်းသင်းဘဲ ပယ်သတ်လိုက်ပုံ .. | ၁၈ |
| | - မကောင်းတာပြောဆိုက လူမိုက်ဖြစ်ပုံ ........... | ၂၀ |
| | - မကောင်းတာပြုလုပ်က လူမိုက်ဖြစ်ပုံ ........... | ၂၀ |
| | - အနိစ္စဉာဏ် အမြင်မှန်က လူမိုက်အဖြစ်မှ လွတ် ..... | ၂၄ |
| ၂။ | ပဏ္ဍိတာနဉ္စ သေဝနာ | |
| | - ပဏ္ဍိတ (၂)မျိုး .................. | ၂၅ |
| | - သုစရိုက် (၁၀)ပါး .................. | ၂၇ |
| | - လောကုတ္တရာ ပဏ္ဍိတ .................. | ၂၉ |


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဒိဋ္ဌိပြုတ်၊ သခါရလောကမှ လွတ်မြောက်ပုံ တရားကွက် | ၂၉ |
| | - အရိယသစ္စာဖြင့် ကြည့်၍ ရုပ်ပါရုံကို အမှန်သိမြင် | ၃၁ |
| | - လောကလူမိုက်ကို ပေါင်းသင်း၍ ပျက်စီးရပုံ | ၃၂ |
| | - ခေါင်းဆောင်နှစ်ဦး၏ အကြံအစည်များ | ၃၃ |
| | - အပဏ္ဏကဇာတ် လိုရင်း အကျဉ်းချုပ် | ၃၈ |
| | - ပညာရှိကို မှီဝဲချဉ်းကပ်၍ အရိယာဖြစ် | ၄၀ |
| | - အကြောင်းတရားချုပ်သွားပုံ | ၄၃ |
| ၃။ | **ပူဇာစ ပူဇနေယျာနံ** | |
| | - ပူဇာ (၂)မျိုး | ၄၅ |
| | - ပူဇော်ထိုက်သူများ | ၄၅ |
| | - ပူဇော်ခြင်း (၂)မျိုး | ၄၆ |
| | - သမထ၊ ဝိပဿနာဖြင့် ပူဇော်ပုံ အကျဉ်းချုပ် | ၄၇ |
| | - အာမိသပူဇာထက် ဓမ္မပူဇာကို ဘုရားရှင် ချီးကျူး | ၄၈ |
| | - အာမိပူဇာ၊ ဓမ္မပူဇာနှစ်မျိုး လိုရင်းအချုပ် | ၅၁ |
| | - မပူဇော်ထိုက်သူကို ပူဇော်မိ၍ ဒုက္ခရောက်သွားပုံ | ၅၂ |
| ၄။ | **ပဋိရူပဒေသဝါသော စ** | |
| | - ပဋိရူပဒေသ (၂)မျိုး | ၅၅ |
| | - သင့်တော်လျောက်ပတ်၍ နေအပ်တဲ့အရပ် (၃)မျိုး | ၅၆ |
| | - ပရိသတ် (၄)ပါး | ၅၆ |
| | - ပဋိရူပဒေသ၊ သင့်တော်လျောက်ပတ်တဲ့ အရပ် (၇)မျိုး (လောကီ) | ၅၇ |
| | - ပဋိရူပဒေသ၊ သင့်တော်လျောက်ပတ်တဲ့ အရပ် (၆)မျိုး (လောကုတ္တရာ) | ၅၈ |

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- မနေအပ်တဲ့ အရပ်ဒေသ (၄)မျိုး .............. ၅၈
- ပဋိရူပဒေသဝါသ ဖြစ်၊ မဖြစ် ရွေးချယ်ပုံ .......... ၅၉
- လောကီစီးပွားရေးအတွက် ပဋိရူပဒေသရွေးချယ်ပုံ .... ၆၀
- လောကီ၊ လောကုတ္တရာအတွက် မင်္ဂလာဖြစ်ပုံ ...... ၆၂
- ပဋိရူပဒေသအရပ်မှာနေမှ မင်္ဂလာဖြစ် ........... ၆၃
- လောကုတ္တရာပဋိရူပဒေသ အရပ် ............ ၆၃
- အရိယာတို့ ရွာကလေး ၆၆
- အတိကရွာမှ အရိယာပုဂ္ဂိုလ်များ စာရင်းချုပ် ...... ၆၆

၅။ ပုဗ္ဗေ စ ကတပုညတာ
- ပုဗ္ဗေ ကတပုညတာ (၂)မျိုး ................ ၆၇
- ကံက ဝေဖန်ပိုင်းခြားပေးပုံ ................ ၆၉
- ကောင်းတဲ့ကံက ကောင်းတဲ့ဘဝဝေဖန်ပေးပုံ ....... ၇၀
- မကောင်းတဲ့ကံက မကောင်းတဲ့ဘဝ ဝေဖန်ပေးပုံ .... ၇၀
- ပုဏ္ဏားကြီး ဇနီးမောင်နှံ သောတာပန်ဖြစ် ......... ၇၃
- လောကီ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာ ........ ၇၅
- ပရိယတ်ဆိုင်ရာ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာ ..... ၇၆
- ပဋိပတ်ဆိုင်ရာ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာ ..... ၇၇

၆။ အတ္တသမ္မာပဏိဓိ စ
- အတ္တသမ္မာ ပဏိဓိ (၂)မျိုး ................ ၇၈
- အတ္တသမ္မာ ပဏိဓိ မင်္ဂလာရှိ-မရှိ၏ အကျိုး,အပြစ် ... ၈၁
- ထင်ရှားပြရန် ရာဟုလောဝါဒသုတ္တန် ........... ၈၂
- ယခုဘဝ အကျိုးပေးနိုင်သော စက်(၄)ပါး ......... ၈၄
- စက်လေးပါး မစုံလျှင် အကျိုးမဲ့ဖြစ်ရ ........... ၈၅


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- လောကီ အတ္တသမ္မာပဏိဓိ မင်္ဂလာ ............ ၈၅
- လောကုတ္တရာ အတ္တသမ္မာပဏိဓိ မင်္ဂလာ ......... ၈၅

၇။ ဗာဟုသစ္စဉ္စ
- ဗာဟုသစ္စမင်္ဂလာ(၂)မျိုး .................. ၈၆
- လောကီ၊ လောကုတ္တရာ ဗဟုဿုတ ............ ၈၇
- ဗာဟုသစ္စမင်္ဂလာ(၃)မျိုး ................. ၈၈
- ပရိယတ်မှ ပဋိပတ် ဗာဟုသစ္စမင်္ဂလာ ဖြစ်လာပုံ ..... ၉၀

၈။ သိပ္ပဉ္စ
- သိပ္ပမင်္ဂလာ(၂)မျိုး .................. ၉၃
- သိပ္ပမင်္ဂလာ= အတတ်ပညာ(၂)မျိုး .............. ၉၄
- သိပ္ပမင်္ဂလာ ပြည့်စုံမှ ကြွယ်ဝချမ်းသာ .......... ၉၇
- လောကီ,လောကုတ္တရာ သိပ္ပမင်္ဂလာနှစ်ဖြာ
  လိုရင်းတိုရှင်း ...................... ၉၉

၉။ ဝိနယော စ သုသိက္ခိတော
- ဝိနယမင်္ဂလာ(၂)မျိုး .................. ၁၀၃
- ဝိနယ=ဝိနည်း(၂)မျိုး .................. ၁၀၄
- ဂိဟိဝိနယ=လူ့ကျင့်ဝတ်၊ လူ့ဝိနည်း .......... ၁၀၅
- သားသမီးက မိဘအပေါ် ပြုကျင့်ရမည့် ဝတ်(၅)ပါး . . ၁၀၇
- မိဘက သားသမီးအပေါ် ပြုကျင့်ရမည့် ဝတ်(၅)ပါး . . ၁၀၈
- တပည့်က ဆရာ့အပေါ် ပြုကျင့်ရမည့် ဝတ်(၅)ပါး . . . ၁၀၉
- ဆရာက တပည့်အပေါ် ပြုကျင့်ရမည့် ဝတ်(၅)ပါး . . . ၁၁၀
- ခင်ပွန်းက ဇနီးအပေါ် ပြုကျင့်ရမည့် ဝတ်(၅)ပါး . . . ၁၁၁
- ဇနီးက ခင်ပွန်းအပေါ် ပြုကျင့်ရမည့် ဝတ်(၅)ပါး . . . ၁၁၂
- မိတ်ဆွေတို့ ပြုကျင့်ရမည့် ဝတ် (၅)ပါး ......... ၁၁၃


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - မိတ်ဆွေက ကျေးဇူးတုန့်ပြန်၍ ပြုကျင့်ရမည့် ဝတ် (၅)ပါး | ၁၁၄ |
| | - အလုပ်ရှင်က လုပ်သားအပေါ် ပြုကျင့်ရမည့် ဝတ်(၅)ပါး | ၁၁၅ |
| | - လုပ်သားက အလုပ်ရှင်အပေါ် ပြုကျင့်ရမည့် ဝတ်(၅)ပါး | ၁၁၆ |
| | - စာတုပါရိသုဒ္ဓိ (၄)ပါး .................... | ၁၁၈ |
| | - ကျင့်ဝတ်ပြည့်မှ မင်္ဂလာဖြစ် ................ | ၁၁၉ |
| | - လောကီ ဝိနယောစ မင်္ဂလာ .............. | ၁၂၂ |
| | - လောကုတ္တရာ ဝိနယော စ မင်္ဂလာ ........... | ၁၂၃ |
| ၁၀။ | သုဘာသိတာစ ယာဝါစာ | |
| | - သုဘာသိတဝါစာ(၂)မျိုး .................. | ၁၂၄ |
| | - စကားပြောဆိုရာတွင် ပြည့်စုံရမည့် အင်္ဂါ (၄)ပါး .... | ၁၂၆ |
| | - စကားကို စည်းကမ်းတကျ ပြောဆိုရပုံ .......... | ၁၃၂ |
| | - စကား(၆)ခွန်းတွင် (၄)ခွန်းပယ် (၂)ခွန်းပြော ....... | ၁၃၂ |
| | - နှုတ်ကြမ်းတော့ အမုန်းပို၊ နှုတ်ချိုတော့ အချစ်ပွား.... | ၁၃၄ |
| | - လောကီ သုဘာသိတဝါစာ မင်္ဂလာ ........... | ၁၃၅ |
| | - လောကုတ္တရာ သုဘာသိတဝါစာ မင်္ဂလာ ........ | ၁၃၆ |
| ၁၁။ | မာတာပိတု ဥပဋ္ဌာနံ | |
| | - မာတာပိတု ဥပဋ္ဌာန (၂)မျိုး ............... | ၁၃၇ |
| | - မိဘနှစ်ဦး ကျေးဇူးအဖုံဖုံ ဆပ်မကုန် ........... | ၁၄၀ |
| | - လောကုတ္တရာ မင်္ဂလာ .................... | ၁၄၅ |
| | - လောကီ မာတာပိတုဥပဋ္ဌာန မင်္ဂလာ ........... | ၁၄၇ |
| | - လောကုတ္တရာ မာတာပိတုဥပဋ္ဌာန မင်္ဂလာ ....... | ၁၄၉ |
| | - လောကုတ္တရာအတွက် ကျေးဇူးဆပ်ရာ အတုယူစရာ .. | ၁၄၉ |
| | - ဒေသနာတော်နှင့် နှိုင်းယှဉ်ကြည့်ရန် .......... | ၁၅၁ |
| ၁၂။ | ပုတ္တဒါရသ သင်္ဂဟော | |


www.burmeseclassic.com

www.burmeseclassic.com



- ပုတ္တဒါရဿ သင်္ဂဟ (၂)မျိုး ................ ၁၅၃
- မဟာမေနသူဌေးသားဝတ္ထု ၁၅၅
- သားမယားများကို လုပ်ကျွေးသော သာလိကေဒါရ
ကျေးမင်း .................... ၁၅၉
- ဒါရသင်္ဂဟ မင်္ဂလာ .................... ၁၆၁
- ဇနီးမောင်နှံစုံ (၄)မျိုး .................... ၁၆၂
- သင်္ဂဟတရား (၄)ပါးဖြင့် ချီးမြှောက်ခြင်း (၄)မျိုး .... ၁၆၃
- ဇနီးမယား (၇)မျိုး .................... ၁၆၄
- လောကီ ပုတ္တဒါရဿ သင်္ဂဟ မင်္ဂလာ .......... ၁၆၅
- လောကုတ္တရာ ပုတ္တဒါရဿ သင်္ဂဟ မင်္ဂလာ ....... ၁၆၆

၁၃။ အနာကုလာစ ကမ္မန္တာ
- အနာကုလ ကမ္မန္တ (၂)မျိုး ................ ၁၆၇
- အနာကုလဖြစ်ပုံ အဋ္ဌကထာပြဆိုချက် လိုရင်း ..... ၁၇၁
- ပစ္စည်းဥစ္စာ ယိုထွက်ကြောင်း အပေါက် (၆)ပါး ..... ၁၇၄
- သမ္ပဒါ (၄)ပါး .................... ၁၇၅
- ချမ်းသာသုခ (၄)မျိုး ...... ........... ၁၇၆
- ကြွက်သေတစ်ခု အရင်းပြု ........... ၁၇၈
- ကြိုးပမ်းလုံ့လ နိဗ္ဗာန်ရ ................. ၁၇၈
- လောကီ အနာကုလ ကမ္မန္တ မင်္ဂလာ .......... ၁၇၉
- လောကုတ္တရာ အနာကုလ ကမ္မန္တ မင်္ဂလာ ....... ၁၈၀

၁၄။ ဒါနဉ္စ
- ဒါန (၂)မျိုး .................... ၁၈၂
- ဝဋ္ဋဒါန၊ ဝိဝဋ္ဋဒါန(၂)မျိုး ................ ၁၈၅
- လောကုတ္တရာ ဒါန၊ သီလ ................ ၁၈၈
- အလောဘစေတနာဖြင့် လှူဒါန်းပုံ ........... ၁၉၀

www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | **မမွစရိယာ စ** | |
| | - မမွစရိယ (၂)မျိုး | ၁၉၄ |
| | - သုစရိုက် (၁၀)ပါး | ၁၉၅ |
| | - ပုညကိရိယဝတ္ထု(၁၀)ပါး | ၂၀၀ |
| | - လောကီ မမွစရိယ မင်္ဂလာ | ၂၀၁ |
| | - လောကုတ္တရာ မမွစရိယ မင်္ဂလာ | ၂၀၂ |
| ၁၆။ | **ဉာတကာနဋ္ဌ သင်္ဂဟော** | |
| | - ဉာတကာနဋ္ဌ သင်္ဂဟ(၂)မျိုး | ၂၀၃ |
| | - ဆွေမျိုးမည်ပုံ | ၂၀၄ |
| | - သင်္ဂဟတရား(၄)ပါး | ၂၀၅ |
| | - လောကီ ဉာတကာနဋ္ဌ သင်္ဂဟ မင်္ဂလာ | ၂၀၇ |
| | - လောကုတ္တရာ ဉာတကာနဋ္ဌ သင်္ဂဟ မင်္ဂလာ | ၂၁၀ |
| ၁၇။ | **အနဝဇ္ဇာနိ ကမ္မာနိ** | |
| | - အနဝဇ္ဇ ကမ္မ (၂)မျိုး | ၂၁၂ |
| | - လောကီ အနဝဇ္ဇကမ္မ မင်္ဂလာ | ၂၁၃ |
| | - အနဝဇ္ဇကမ္မ=အပြစ်ကင်းသော လုပ်ငန်းများ | ၂၁၄ |
| | - မာဃလုလင် သာဓက | ၂၁၅ |
| | - ပုဂ္ဂိုလ်(၄)မျိုး | ၂၁၆ |
| | - လောကုတ္တရာ အနဝဇ္ဇကမ္မ မင်္ဂလာ | ၂၁၈ |
| ၁၈။ | **အာရတီ ပါပါ** | |
| | - အာရတီ (၂)မျိုး | ၂၁၉ |
| | - စိတ်ဖြင့် ရှောင်ကြဉ်ပုံ | ၂၂၀ |
| | - ဒုစရိုက်ကျူးလွန်က ရရှိမည့် အကျိုး | ၂၂၀ |
| | - ပါပအရ မကောင်းမှုများ | ၂၂၃ |
| | - လောကုတ္တရာ အာရတီ မင်္ဂလာ | ၂၂၄ |


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၉။ ဝိရတီ ပါပါ

- ဝိရတီ(၂)မျိုး ........................ ၂၂၅
- ကာယကံ၊ ဝစီကံဖြင့် အထူးရှောင်ကြဉ်တာ ဝိရတီမင်္ဂလာ ........................ ၂၂၆
- စက္ကုနဒုပါသကာ ဝတ္ထု ........................ ၂၂၇
- လောကီ အာရတိ ဝိရတီ မင်္ဂလာ ........................ ၂၂၉
- လောကုတ္တရာ အာရတိ ဝိရတီ မင်္ဂလာ ........................ ၂၃၀

၂၀။ မဇ္ဇပါနာ စ သံယမော

- မဇ္ဇပါန (၂)မျိုး ........................ ၂၃၀
- မူးယစ်ဆေးဝါး ရှောင်ကြဉ်ရကျိုး ........................ ၂၃၂
- သေရည်အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အပြစ်(၆)ပါး ........................ ၂၃၃
- သေရည်အရက်နှင့် မူးယစ်ဆေးဝါးရှောင်ကြဉ်ရကျိုး ........................ ၂၃၄
- သေရည်အရက်သောက်၍ ပျက်စီးရခြင်း ........................ ၂၃၄
- လောကုတ္တရာ မဇ္ဇပါန သံယမ မင်္ဂလာ ........................ ၂၃၅

၂၁။ အပ္ပမာဒေါ စ ဓမ္မေသု

- အပ္ပမာဒ (၂)မျိုး ........................ ၂၃၇
- သတိရှိက အကျိုးထူးရ ........................ ၂၄၀
- သတိရှိထား အပ္ပမာဒတရား ........................ ၂၄၁
- အပ္ပမာဒ (၂)မျိုး ........................ ၂၄၁
- လောကီ အပ္ပမာဒ မင်္ဂလာ ........................ ၂၄၂
- လောကုတ္တရာ အပ္ပမာဒ မင်္ဂလာ ........................ ၂၄၄

၂၂။ ဂါရဝေါ စ

- ဂါရဝ (၂)မျိုး ........................ ၂၄၆
- ရိုသေလေးစားခြင်း၏ အကျိုး ........................ ၂၄၇


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - မရှိသေ မလေးစားခြင်း၏ အပြစ် ............. | ၂၄၈ |
| | - ရှိသေထိုက်သူကို ရှိသေက နိဗ္ဗာန်နှင့် နီးရ ........ | ၂၄၈ |
| | - ဂါရဝတရား (၁၀)ပါး ................... | ၂၄၉ |
| | - ပဋိသန္ထာရ(၂)မျိုး ..................... | ၂၅၀ |
| | - ဂါရဝမင်္ဂလာ ပြည့်စုံက လေးစားခြင်းခံရ ........ | ၂၅၀ |
| | - ဂါရဝမင်္ဂလာမရှိက ကဲ့ရဲ့ခြင်းခံရ ............. | ၂၅၁ |
| | - လောကီ ဂါရဝ မင်္ဂလာ .................. | ၂၅၁ |
| | - ဂါရဝ မင်္ဂလာ မရှိကြတဲ့ ဆဗ္ဗဂ္ဂီရဟန်းများ ....... | ၂၅၃ |
| ၂၃။ | နိဝါတော စ | |
| | - လောကုတ္တရာ ဂါဝရ မင်္ဂလာ .............. | ၂၅၅ |
| | - နိဝါတ (၂)မျိုး ...................... | ၂၆၀ |
| | - မာန = မာန် (၉)ပါး ................... | ၂၆၁ |
| | - မာန်မာနဖြစ်ခြင်း အကြောင်းများ ............. | ၂၆၂ |
| | - မာနရှိက ပျက်စီးရ .................... | ၂၆၃ |
| | - မာန် မာနထား၍ ပျက်စီးရပုံ ............... | ၂၆၄ |
| | - မာန်မာနနှိမ့်ချလျှင် အခွေအရံ ပေါ်များ .......... | ၂၆၄ |
| | - အနိစ္စမြင်မှ အသ္မိမာနချုပ် ................ | ၂၆၆ |
| | - အထက်မင်္ဂသုံးပါးပယ်ရမည့်တရား ဒိဋ္ဌိအရာ၌ တည်ပုံ | ၂၆၇ |
| | - လောကီ နိဝါတ မင်္ဂလာ .................. | ၂၆၈ |
| | - မာန်မာ နှိမ့်ချရာတွင် အတုယူစရာ ရှင်ရာဟုလာ .. | ၂၆၈ |
| | - လောကုတ္တရာ နိဝါတ မင်္ဂလာ .............. | ၂၆၉ |
| | - အရှင်သာရိပုတ္တရာရဲ့ အတုယူစရာ နိဝါတမင်္ဂလာ .. | ၂၇၀ |
| ၂၄။ | သန္တုဋ္ဌီ စ | |
| | - သန္တုဋ္ဌီ (၂)မျိုး ...................... | ၂၇၀ |
| | - သန္တောသ=ရောင့်ရဲခြင်း (၃)မျိုး .............. | ၂၇၂ |
| | - စားဝတ်နေရေး၌ ရောင့်ရဲတင်းတိမ်ခြင်း ......... | ၂၇၃ |


www.burmeseclassic.com

စဉ် အကြောင်းအရာ စာမျက်နှာ

- အတြိစ္ဆတာ၊ မဟိစ္ဆတာ၊ ပိစ္ဆတာ(၃)ပါး၏ အဓိပ္ပာယ်. . ၂၇၄
- ရောင့်ရဲတင်းတိမ်ခြင်း၏ အကျိုး .............. ၂၇၇
= လောကုတ္တရာ သန္တုဋ္ဌိမင်္ဂလာ ................ ၂၇၈

၂၅။ ကတညုတာ
- ကတညုတာ (၂)မျိုး ................ ၂၈၀
- ရခဲသော ပုဂ္ဂိုလ် (၂)မျိုး ................ ၂၈၁
- သူတော်ကောင်းမှ ကျေးဇူးသိ ............ ၂၈၄
- အကို့ရမင်းသားနှင့် ပုဏ္ဏားကြီးတစ်ဦး .......... ၂၈၅
- ကတ=ပြုဖူးသော ကျေးဇူး .............. ၂၈၆
- ကျေးဇူးသိက ကတညုတ .............. ၂၈၆
- ကျေးဇူးဆပ်သူ ကတညူ .............. ၂၈၇
- ကျေးဇူးမသိက ကျေးစွပ်တတ် .............. ၂၈၇
- လောကီ ကတညုတာ မင်္ဂလာ .............. ၂၈၈
- လောကုတ္တရာ ကတညုတာ မင်္ဂလာ .......... ၂၈၈

၂၆။ **ကာလေန ဓမ္မဿဝနံ**
- ဓမ္မဿဝန (၂)မျိုး .................. ၂၈၉
- ဓမ္မဿဝန = တရားနာရကျိုး(၅)ပါး .......... ၂၉၂
- အခါအားလျော်စွာ တရားနာယူခြင်း .......... ၂၉၃
- လောကီ ဓမ္မဿဝန မင်္ဂလာ ............ ၂၉၄
- လောကုတ္တရာ ဓမ္မဿဝန မင်္ဂလာ .......... ၂၉၄
- ကထာ (၅)ချက် ဒေသနာ ............ ၂၉၅

၂၇။ ခန္တီ စ
- ခန္တီ (၂)မျိုး ..................... ၂၉၆
- ခန္တီမည်ပုံ ..................... ၂၉၇
- အက္ကောသ = ဆဲရေးခြင်း (၁၀)မျိုး .......... ၂၉၇

www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - သည်းမခံခြင်း၌ အပြစ်(၅)ပါး ................ | ၁၀၁ |
| | - သည်းခံခြင်း၌ အကျိုး(၅)ပါး .............. | ၁၀၂ |
| | - အရာရာမှာ သည်းခံရာ .............. | ၁၀၂ |
| | - သည်းခံခြင်းသည်သာ မင်္ဂလာ ............. | ၁၀၃ |
| ၂၈။ | သောဝစဿတာ | |
| | - သောဝစဿတာ(၂)မျိုး ................. | ၁၀၆ |
| | - ပြောဆို ဆုံးမနည်း .................. | ၁၀၉ |
| | - သုဝစ စစ် အမှန်ဖြစ် .................. | ၁၁၁ |
| | - အဆုံးအမကို လိုလားသူ .............. | ၁၁၂ |
| | - မိုက်မဲသူကို မဆုံးမသင့် ................ | ၁၁၃ |
| | - သုဝစ = ကောင်းသော စကား ........... | ၁၁၃ |
| ၂၉။ | သမဏာနဉ္စ ဒဿနံ | |
| | - သမဏာနဉ္စ ဒဿန (၂)မျိုး ............... | ၁၁၆ |
| | - သမဏ ဟူသည် .................. | ၁၁၆ |
| | - ဒဿန ဟူသည် ..................... | ၁၁၇ |
| | - မင်္ဂလာဖြစ်ပုံ ...................... | ၁၁၇ |
| | - ရဟန်းသံဃာကို ကြည်ညိုသည့် ဇီးကွက်ငှက်လေး .. | ၁၂၀ |
| | - ရဟန်းတော်များ ကြွလာသောအခါ ပြုကျင့်ရမည့် ကျင့်ဝတ်(၅)ပါး .................... | ၁၂၂ |
| | - ရဟန်းတော်များ ကြွလာသည့်အခါ ရရှိမည့် အကျိုး(၅)ပါး ..................... | ၁၂၂ |
| | - ရဟန်းတော်များက ဒါယကာများအား ချီးမြှောက် ရမည့် ကျင့်ဝတ်(၅)ပါး ................. | ၁၂၃ |
| | - ရှိခိုး၊ ပူဇော်၊ ဖူးမြော်၊ မာန်လျှော့၊ ကန်တော့ | ၁၂၄ |


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- သံယာ့ဂုဏ်တော်(၉)ပါး ................ ၃၂၄
- လောကုတ္တရာ သမဏာနဉ့ ဒဿန မင်္ဂလာ ..... ၃၂၆

၃၀။ ကာလေန ဓမ္မသာကစ္ဆာ
- ဓမ္မသာကစ္ဆာ(၂)မျိုး .................. ၃၂၇
- ကာလ+ဓမ္မ+သာကစ္ဆာ ................ ၃၂၇
- သာကစ္ဆာ=ဆွေးနွေးခြင်း(၃)မျိုး ........... ၃၂၈
- ဓမ္မသာကစ္ဆာ(၄)မျိုး .................. ၃၃၃

၃၁။ တပေါ စ
- တပမင်္ဂလာ(၂)မျိုး .................. ၃၃၃
- တပ ခေါ်ပုံနှင့် တရားကိုယ် ............. ၃၃၅
- လောကီ, လောကုတ္တရာနှစ်ဖြာ တပမင်္ဂလာ ..... ၃၃၇

၃၂။ ဗြဟ္မစရိယဉ္စ
- ဗြဟ္မစရိယ (၂)မျိုး .................. ၃၃၉
- ဗြဟ္မစရိယ (၁၀)ပါး .................. ၃၄၁
- ဗြဟ္မစရိယမည်ပုံ .................. ၃၄၁
- မေထုန်ကြီး .................. ၃၄၄
- မေထုန်ငယ် (၇)ပါး .................. ၃၄၅

၃၃။ အရိယသစ္စာန ဒဿနံ
- အရိယသစ္စာန ဒဿန(၂)မျိုး ............. ၃၄၇
- သစ္စာ(၄)ပါး သဘောအဓိပ္ပာယ် ........... ၃၄၈
- အရိယ၊ သစ္စ၊ ဒဿန .................. ၃၅၀
- အသိဉာဏ် (၂)မျိုး .................. ၃၅၀
- သစ္စာ(၄)တန် အမြင်မှန် .................. ၃၅၁


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄။ | နိဗ္ဗာနသစ္စိကိရိယာ စ | |
| | - နိဗ္ဗာနသစ္စိကိရိယာ (၂)မျိုး | ၃၅၃ |
| | - နိဗ္ဗာနသစ္စိကိရိယာ၌ နိဗ္ဗာနအရ | ၃၅၄ |
| | - နိဗ္ဗာန်ကို မျက်မှောက်ပြုပုံ | ၃၅၇ |
| ၃၅။ | ဖုဋ္ဌဿ လောကဓမ္မေဟိ | |
| | - တုန်လှုပ်မှု ရှိ-မရှိ (၂)မျိုး | ၃၅၈ |
| | - လောကဓံတရား(၈)ပါး | ၃၅၉ |
| | - လောကဓံကြောင့် မတုန်လှုပ်ပုံ | ၃၆၀ |
| ၃၆။ | အသောကံ | |
| | - ဗျသန (ပျက်စီးခြင်း)တရား(၅)ပါး | ၃၆၂ |
| | - ဗျသနနှင့် အရိယာပုဂ္ဂိုလ် | ၃၆၂ |
| ၃၇။ | ဝိရဇံ | |
| | - ရဇ = မြူ | ၃၆၃ |
| ၃၈။ | ခေမံ | |
| | - ခေမမင်္ဂလာမည်ပုံ | ၃၆၄ |
| | - တိုရှင်းလိုရင်း နိဂုံးချုပ်စကား | ၃၆၅ |
| | ကျမ်းပြီး နိဂုံး | ၃၆၆ |


★★★★★

www.burmeseclassic.com

www.burmeseclassic.com

# သုံးဆယ့်ရှစ်ဖြာ မင်္ဂလာလမ်းပြကျမ်း

## ပန္နက်ချ အဖ္ဘုတ္တိကနိဒါန်း

ဤသုံးဆယ့်ရှစ်ဖြာမင်္ဂလာကို သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ အမျိုးအမည် မထင်ရှားတဲ့ နတ်သားတစ်ယောက်ရဲ့ လျှောက်ထားချက်အရ ဟောကြားတော်မူခဲ့ပါတယ်။ ထိုသုံးဆယ့်ရှစ်ဖြာ မင်္ဂလာဒေသနာတော်ရဲ့အဆုံးမှာ ခုဒ္ဒကပါဌ အဋ္ဌကထာ ဖွင့်ဆိုချက်အရ ကုဋေတစ်သိန်း အရေအတွက်ရှိတဲ့ နတ်တွေဟာ အရဟတ္တဖိုလ်သို့ ရောက်ရှိသွားကြပါတယ်။ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်သို့ ရောက်ရှိသွားကြတဲ့ နတ်တို့ အရေအတွက်ဟာ မရေတွက်နိုင်အောင်ပင် များပြားလှပါတယ်။ မိမိတို့ရဲ့ လိုအပ်ချက် မဂ်ဖိုလ်ကိစ္စများပြီးတဲ့အခါ များစွာသော နတ်တွေဟာ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကြပြီး ထိုအရပ်မှ ကွယ်ပျောက်လျက် မိမိတို့ရဲ့ ဘုံဌာန အသီးသီးသို့ ပြန်သွားကြပါတယ်။

ဒီအခါ မြတ်စွာဘုရားက အရှင်အာနန္ဒာကို "ချစ်သား အာနန္ဒာ၊ လွန်ခဲ့ပြီးကဲ့ညက အမျိုးအမည်မထင်ရှားတဲ့ နတ်သားတစ်ယောက် ငါဘုရားထံ ရောက်ရှိလာပြီး မင်္ဂလာရဲ့ အမေးပဥ္စာ ပြဿနာကို မေးလျှောက်ပါတယ်၊ ထိုအခါ ငါဘုရားဟာ မေးလျှောက်လာတဲ့ နတ်သား အမှူးပြုတဲ့ များစွာသော နတ်တို့အား သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်များကို ဟောကြားတော်မူခဲ့ပြီးပါပြီ၊ ချစ်သား အာနန္ဒာ - ဤသုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်ကို သဘောပေါက် နားလည်အောင် သင်ယူပါ။ သင်ယူပြီးရင် ရဟန်းသံဃာတော်တွေကို ဟောကြားပေးပါ"လို့ မိန့်တော်မူပါတယ်။ ဒီလိုမိန့်တော်မူချက်အရ အရှင်အာနန္ဒာဟာ သဘောပေါက် နားလည်အောင် သင်ယူပြီး ရဟန်းသံဃာတော်တွေကို ဟောကြား ပေးတော်မူခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ "မင်္ဂလာ"ဆိုတဲ့ စကားအရ လောကီမင်္ဂလာ၊ လောကုတ္တရာမင်္ဂလာ နှစ်မျိုးလုံးနှင့် ဆက်စပ်လျက်ရှိပါတယ်။ လောကီမင်္ဂလာအတိုင်း လိုက်နာ, ကျင့်ကြံအားထုတ် အလုပ် လုပ်သွားကြမယ်ဆိုရင် လောကီမှာ ထိပ်တန်းရောက်ပြီး ကြီးပွားချမ်းသာခြင်းဆိုတဲ့ အကျိုးတရားများကို ရရှိခံစားကြရမှာ ဖြစ်ပါတယ်။

လောကုတ္တရာ မင်္ဂလာအတိုင်း လိုက်နာကျင့်ကြံအားထုတ် အလုပ်လုပ်သွားကြမယ်ဆိုရင် လောကနယ်ထဲက လွတ်မြောက်ပြီး လောကုတ္တရာနယ်ဖြစ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ သုံးတန်သော ချမ်းသာကို ရရှိခံစားကြရမှာ ဖြစ်ပါတယ်။ ဘုရားရှင်က များစွာသော နတ်တို့အား လောကုတ္တရာမင်္ဂလာကိုသာ အလေးထား ဦးစားပေးပြီး ဟောကြားတော်မူခဲ့တာ ဖြစ်ပါတယ်။

ဒီလို လောကုတ္တရာ မင်္ဂလာကို ဦးစားပေးပြီး ဟောကြားတော်မူတာဖြစ်လို့ နတ်ပြဟ္မာတွေ ရေတွက်လို့ မရနိုင်လောက်အောင် ကျွတ်တမ်းဝင်သွားကြတယ်ဆိုတာကို ထောက်ကြည့်ရင်-

အိမ်ဝ၊စ်အိမ်မှာ မိဘနှစ်ပါးတို့ဟာ ဒီသုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို ရှေးဦးစွာသိထားဖို့ အထူးလိုအပ်ပါတယ်။ သိထားတဲ့အတိုင်း လိုက်နာကျင့်ကြံအားထုတ်ပြီး ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင် သိလာတဲ့အခါ သားသမီးတွေကို သွန်သင်ဆုံးမ နည်းလမ်းပြလျက် မင်္ဂလာတရားတွေ နားလည်သဘောပေါက်လာအောင် သင်ကြားပေးရမှာ ဖြစ်ပါတယ်။ မိဘတွေက သင်ကြားပေးတဲ့အတိုင်း သားသမီးတွေကလဲ လိုက်နာ ကျင့်ကြံအားထုတ်သွားကြမယ်ဆိုရင် ဒီအိမ်မှာ ကျက်သရေမင်္ဂလာတွေ တစ်နေ့တခြား တိုးတက်ပြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ အမြဲတန်း ရရှိနေတဲ့ အိမ်တစ်အိမ် ဖြစ်သွားပါတယ်။ မိဘကလဲ မိဘဝတ္တရားအတိုင်း သားသမီးကလဲ သားသမီးဝတ္တရားအတိုင်း လိုက်နာပြီး နေထိုင်သွားကြမယ်ဆိုရင် မိဘတွေဟာ သားသမီးတွေရဲ့အပေါ်မှာ ပြောစရာမရှိတော့လောက်အောင်ကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောရဆိုရ အုပ်ချုပ်ရလွယ်ကူတဲ့ မင်္ဂလာရှိနေတဲ့အိမ် တစ်အိမ်ဖြစ်သွားပါတယ်။

တစ်ရွာလုံး ဤသုံးဆယ့်ရှစ်ဖြာမင်္ဂလာကို လိုက်နာကျင့်ကြံအားထုတ်နေကြမယ်ဆိုရင် တစ်ရွာလုံးအတွက် ပြောစရာမရှိအောင် ကောင်းမွန်နေကြလို့ အုပ်ချုပ်တဲ့သူများပင် စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်လျက် တစ်ရွာလုံးပင် မင်္ဂလာရှိတဲ့ရွာ ဖြစ်နေပြန်ပါတယ်။

တစ်ပြည်လုံး ဒီသုံးဆယ့်ရှစ်ဖြာမင်္ဂလာကို လူတိုင်းလူတိုင်း လိုက်နာ ကျင့်ကြံအားထုတ် အလုပ်လုပ်နေကြမယ်ဆိုရင် ပြောစရာဆိုစရာ မရှိလောက်အောင် ကောင်းမွန်နေကြလို့ အုပ်ချုပ်တဲ့သူများလဲ အလွန်ပင် စိတ်လက်ချမ်းသာကြရပြီး လောကုတ္တရာမင်္ဂလာအတွက် ရှေ့သို့ တစ်ခန်း အထက်တန်းတက်လှမ်းဖို့ရာ လမ်းစပေါ်လာလို့ တစ်တိုင်းတစ်ပြည်လုံး လောကီလောကုတ္တရာ နှစ်ဖြာသော ကျက်သရေမင်္ဂလာရှိကြလျက် ပျော်ရွှင်စွာ နေထိုင်ကြရမှာ အမှန်ဧကန်ပင် ဖြစ်ပါတယ်။

တစ်ကမ္ဘာလုံး ဒီသုံးဆယ့်ရှစ်ဖြာမင်္ဂလာကို လောကီ၊လောကုတ္တရာ မင်္ဂလာနှစ်မျိုး ခွဲခြားလျက် လူမျိုးမရွေး၊ ဘာသာမရွေး လိုက်နာ ကျင့်ကြံ အားထုတ် အလုပ်လုပ်ကြမယ်ဆိုရင် တစ်ကမ္ဘာလုံး အေးငြိမ်းချမ်းသာမှုကို ရရှိကြပြီး အဏုမြူ ဒုန်းကျည်စတဲ့ လက်နက်မျိုးစုံတို့ပင် အလိုလို ချုပ်ငြိမ်း၍ ရုပ်သိမ်းသွားကြပြီး မိမိတို့လိုအပ်ချက် ပန်းတိုင်ကို အရောက်လှမ်းနိုင်ကြမှာ အမှန်တကယ်ဖြစ်လို့ မူလတန်းမှစပြီး တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ အထိ ပါရဂူကြီးများပါမကျန် အလွန်သိထားအပ်တဲ့ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ ဖြစ်ကြောင်းကို တိုက်တွန်း နှိုးဆော်ရင်းနှင့်ပင် အဆုံးသတ် နိဂုံးချုပ် အပ်ပါတယ်။

===============

www.burmeseclassic.com

www.burmeseclassic.com



## မင်္ဂလာ နှုတ်ဆက်

မင်္ဂလာ ဟူသော ဝေါဟာရသည် လူတိုင်းနှင့် သက်ဆိုင်သော အသုံးအနှုန်း ဖြစ်ပါသည်။ မင်္ဂလာကို မည်သူမဆို လိုက်နာ ကျင့်သုံးထိုက်သောကြောင့် ဖြစ်ပါသည်။

အိမ်ရှေ့မျက်နှာစာမြင်ကွင်းများ၊ ဧည့်ခန်းဆောင်များ၊ ရုံးဌာန အဆောက်အအုံများတွင် "မင်္ဂလာပါ"ဟု စာတမ်းထိုး၍ ချိတ်ဆွဲထားလေ့ ရှိကြပါသည်။ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြ၊ နှုတ်ဆက်ကြသည့်အခါများတွင် "**မင်္ဂလာပါ**" ဟု နှုတ်ခွန်းဆက်သလေ့ ရှိကြပါသည်။

အဆင့်အတန်းရှိ၍ မင်္ဂလာကို မြတ်နိုးကြသော အချို့သူများသည်ပင် ဖုန်းဖြင့် ဆက်သွယ်ပြောဆို သည့်အခါ "ဟဲလို--- မင်္ဂလာပါ" စသည်ဖြင့် မင်္ဂလာဟူသော အသုံးအနှုန်းကို လေးစားမွန်ရည်စွာ သုံးနှုန်းပြောဆိုလေ့ ရှိကြပါသည်။

ယုတ်စွအဆုံး မြန်မာနိုင်ငံအတွင်းရှိ စာသင်ကျောင်းများမှ ကျောင်းသူ, ကျောင်းသားလူငယ်လေးများသည်ပင် စာသင်ခန်းအတွင်းသို့ စတင်ဝင်ရောက်သည့် အချိန်တိုင်း ဆရာ, ဆရာမများအား "မင်္ဂလာပါ ဆရာ၊ မင်္ဂလာပါ ဆရာမ" ဟု နှုတ်ဆက်ဂါရဝပြုလေ့ရှိကြပါသည်။

ထိုသို့ မင်္ဂလာနှင့်စပ်လျဉ်း တွေ့ရ မြင်ရ ကြားသိရသည့်အခါ များတွင် တွေ့မြင်ကြားသိရသူများအတွက် အလွန်ပင် ကျက်သရေမင်္ဂလာ ရှိလှပြီး နှစ်သက်ကြည်နူးဝမ်းမြောက်ဖွယ်လည်း ကောင်းလှပါသည်။

"**မင်္ဂလာ**" ဟူသော ဝေါဟာရအသုံးအနှုန်းကို လူတိုင်းလူတိုင်း သုံးစွဲရုံတွင်မကဘဲ လိုက်နာကျင့်ကြံဖို့လည်း အထူးလိုအပ်လှပါသည်။ "မင်္ဂလာ"ဟူသည် ကြီးပွားတိုးတက်ရေးလမ်းစဉ် ဖြစ်ပါသည်။ မင်္ဂလာတရားများ ကို လိုက်နာကျင့်သုံးနိုင်ရေးအတွက် ရှေးဦးစွာ မင်္ဂလာတရားများကို နားလည်သိရှိထားရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗညုဘုရားရှင်သည် မင်္ဂလာတရား(၃၈)ပါးကို ဟောကြားညွှန်ပြထားတော်မူခဲ့ပါသည်။ မင်္ဂလာတရားတော်ကို လိုက်နာကျင့်ကြံသူမှန်သမျှသည် လောကီ, လောကုတ္တရာ နှစ်ဖြာသော အောင်မြင်မှုများကို ရရှိနိုင်ကြပါသည်။ လူမှုရေး၊ ပညာရေး၊ စီးပွားရေး ကိစ္စရပ်များတွင် အောင်မြင်မှုများရရှိနိုင်ရုံမျှမက ဗုဒ္ဓဘာသာဝင်တို့၏ အမြင့်မြတ်ဆုံးပန်းတိုင်ဖြစ်သည့် အနှိုင်းမဲ့နိဗ္ဗာန်ချမ်းသာမြတ်ကိုပါ ရရှိခံစားနိုင်ကြောင်း ဟောညွှန်ထားပါသည်။

မင်္ဂလာတရား(၃၈)ပါးကို ဘုရားရှင်ဟောညွှန်ပြီးသောအခါ တရားစည်းဝေးရာ ဓမ္မသာလာ(ဓမ္မာရုံ)တွင် ရဟန်းတော်များ စုဝေးရောက်ရှိလာကြကာ သဗ္ဗညုဘုရားရှင်၏ ဟောကြားတော်မူချက်ကို ချီးကျူးမကုန် အံ့ဩမဆုံး ထောမနာ ပြုနေကြပါသည်။

ဘုရားရှင်ကြွရောက်လာ၍ အကြောင်းစုံသိတော်မူသောအခါ "ရဟန်းတို့၊ သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍ ဘုရားရှင်ဖြစ်တော်မူချိန်တွင် (၃၈)ဖြာမင်္ဂလာတရားတော်ကို ဟောကြားတော်မူသည်မှာ အံ့ဩဖွယ်ရာ မဟုတ်သေး၊ ဘုရားမဖြစ်မီ အလောင်းတော် "ရက္ခိတ"ရသေ့ဖြစ်စဉ်ကပင် မဟာမင်္ဂလာရှစ်ပါးကို ဟောကြားထားတော်မူခဲ့ပါတယ်" ဟု မိန့်ကြားတော်မူပါသည်။ ရဟန်းတော်များက မဟာမင်္ဂလာရှစ်ပါးကို ထပ်မံဟောကြားပေးတော်မူပါရန် တောင်းပန်လျှောက်ထားချက်အရ အလောင်းတော် "ရက္ခိတ"ရသေ့ဘဝက ဟောကြားခဲ့သည့် မဟာမင်္ဂလာရှစ်ပါးကိုလည်း ဘုရားရှင်က ထပ်မံ ဟောပြတော်မူခဲ့ပါသည်။

**ထိုမဟာမင်္ဂလာရှစ်ပါးဆိုသည်မှာ-**

၁။ သတ္တဝါများအပေါ် ဝယ် အခါခပ်သိမ်း မေတ္တာပွားများခြင်း၊
၂။ မိမိကိုယ်ကို နှိမ့်ချ၍ သည်းခံစိတ်ထားရှိခြင်း၊
၃။ အဆွေခင်ပွန်းကောင်းတို့ကို မထီမဲ့မြင် မပြုလုပ်ခြင်း၊
၄။ အဆွေခင်ပွန်းကောင်းတို့အား ပေးကမ်းထောက်ပံ့ခြင်း၊
၅။ လင့်အလိုသို့ လိုက်၍ ကောင်းမှုတို့ကို နှစ်သက်သော သီလရှိသည့် မယားရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၆။ မင်းကောင်းမင်းမြတ်တို့ထံ ကောင်းစွာ မှီဝဲချဉ်းကပ်ခြင်း၊

၇။ ကံ, ကံ၏အကျိုးကို ယုံကြည်၍ ဝမ်းမြောက်စွာ ပေးကမ်း လှူဒါန်းခြင်း၊

၈။ မြတ်သောအကျင့်ဖြင့် အရိယာပုဂ္ဂိုလ်တို့ ရအပ်သော အရဟတ္တဖိုလ်တရားရှိခြင်း -

တို့ ဖြစ်ပါသည်။

ထိုမဟာမင်္ဂလာရှစ်ပါးသည် လောကီဆိုင်ရာ လူမှုရေး၊ စီးပွားရေး စသည့် ကိစ္စရပ်များတွင် အောင်မြင် တိုးတက်ဖြစ်ထွန်းနိုင်ပါသည်။ အလောင်းတော်ရက္ခိတရသေ့ဘဝဖြင့် ဟောကြားခဲ့သော မဟာမင်္ဂလာ တရား ရှစ်ပါးသည် (၃၈)ဖြာမင်္ဂလာများထဲတွင် အကျုံးဝင်ပါသည်။

မင်္ဂလာတရားတော်ကား လိုက်နာကျင့်သုံးနိုင်လျှင် လိုက်နာ ကျင့်သုံးနိုင်သလောက် အကျိုးများသည်၊ တန်ဖိုးရှိသည်၊ အောင်မြင် ဖြစ်ထွန်းသည်၊ ကြီးပွားတိုးတက်သည်။ မင်္ဂတရားတော်များကို တစ်ဦး တစ်ယောက်စီမှ စ၍ မိသားစုဝင်များ၊ အသင်းအဖွဲ့များအားလုံး လိုက်နာ ကျင့်သုံးသင့်ပါသည်။ ထိုမှတစ်ဆင့် ကျေးရွာ၊ ရပ်ကွက်မှသည် မြို့ပြ နိုင်ငံသားများအားလုံး လိုက်နာကျင့်သုံးသင့်ပါသည်။ ဖြစ်နိုင်ပါလျှင် ကမ္ဘာတစ်ဝှန်းလုံး လိုက်နာကျင့်သုံးသင့်လှပါသည်။

ထိုသို့ လိုက်နာကျင့်သုံးနိုင်မည်ဆိုပါက ကမ္ဘာသူကမ္ဘာသားများ အားလုံး ဦးတည်နေကြသည့် ငြိမ်းချမ်းရေးပန်းတိုင်ကြီးဆီသို့ မလွဲမသွေ ရောက်ရှိနိုင်ကြမည် ဖြစ်ပါသည်။ မင်္ဂလာတရားတော်သည် မည်သည့် လူမျိုးမဆို နေရာဒေသ အချိန်အခါ ကာလမရွေး လိုက်နာကျင့်သုံး ထိုက်လှသော တရားဖြစ်ပါသည်။

မင်္ဂလာတရား(၃၈)ပါးနှင့် စပ်လျဉ်း၍ ရှေးယခင်ကပင် ကျမ်းတတ်အကျော် ဆရာတော်ကြီးများ၊ ရဟန်းပညာရှိ၊ လူပညာရှိများ ရေးသားပြုစုထားသည့် ကျမ်းစာအုပ်များ မြောက်မြားစွာ ထွက်ပေါ်ခဲ့ပြီး ဖြစ်ပါသည်။ ထွက်ခဲ့ပြီးသမျှ ကျမ်းစာအုပ်များသည် သူ့နည်းသူ့ဟန် သူ့ပုံသဏ္ဍာန်ဖြင့် ကောင်းမွန်ကြသည် ချည်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုစာဖတ်သူ၏ လက်ဝယ်တွင် ရောက်ရှိနေသည့် **"သုံးဆယ့်ရှစ်ဖြာ မင်္ဂလာလမ်းပြ"** ဟု အမည်ပေးထားသော ကျမ်းစာအုပ်သည်ကား ယခင့် ယခင်ထွက်ပေါ်ခဲ့ပြီးသည့် ကျမ်းစာအုပ်များနှင့် မတူဘဲ မူဟန်တစ်မျိုး ဖြင့် ရေးသားထားသည့် ကျမ်းစာဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ဤကျမ်းစာတွင် မင်္ဂလာတရား(၃၈)ပါးကို အပိုင်းလိုက်ခွဲခြား၍ ရေးသားဖော်ပြထားပြီး ရှေးဦးစွာ ပါဠိကို အခြေတည်၍ လောကီအပိုင်းနှင့် လောကုတ္တရာအပိုင်းဟု နှစ်ပိုင်းစီခွဲခြားကာ အကြောင်းအကျိုး ယှဉ်ပြသည့် ဇယားကွက်ပုံစံဖြင့် ရှင်းလင်းဖော်ပြထားပါသည်။

ထို့ပြင် အကြောင်းနှင့် အကျိုးများကို ယှဉ်တွဲဖော်ပြထားသဖြင့် လောကီအကျိုးနှင့် လောကုတ္တရာအကျိုး များကိုပါ ခွဲခြားသိရှိနားလည်သဘောပေါက်သွားမည်ဖြစ်ပါသည်။

ဆက်လက်၍ မင်္ဂလာတရား(၃၈)ပါးဆိုင်ရာ ပါဠိများ၏ အနက်ကိုလည်းကောင်း၊ ပါဠိအသီးသီးကို ခွဲခြားဝေဖန်ထားပြီး ထိုပါဠိများ၏ ဆိုလိုချက်အဓိပ္ပါယ်များကိုလည်းကောင်း ရှင်းလင်းစွာ ရေးသားဖော်ပြထားသည်ကို လေ့လာတွေ့ရှိရမည် ဖြစ်ပါသည်။

မင်္ဂလာဆိုင်ရာ ပါဠိများ၏ သရုပ်သကန်များကိုလည်း လိုအပ်လျှင် လိုအပ်သလို ပြည့်စုံစွာ ရေးသားထားပါသည်။ မင်္ဂလာတရား(၃၈)ပါးနှင့်ဆိုင်ရာ ဇာတ်ဝတ္ထုများစွာကိုပါ ဆီလျော်စွာ ထည့်သွင်းဖော်ပြထားပြီး လိုက်နာကျင့်ကြံရခြင်း၏ အကျိုးရလဒ်များကိုပါ ဖတ်ရှုလေ့လာ နိုင်မည်ဖြစ်၍ အရသာစုံလင်လှသည့် ဟင်းလျာစားဖွယ်များဖြင့် စုံလင်စွာ ခင်းကျင်းထားသော ထမင်းပွဲကြီးနှင့်တူသည်ဟု ဆိုချင်ပါသည်။ မင်္ဂလာတရားတော်ဆိုင်ရာ ဆိုလိုရင်း အကျဉ်းချုပ်ကို ရေးသားဖော်ပြထား၍ အကျဉ်းချုပ်ကို လေ့လာလိုသူများအတွက်လည်း အဆင်ပြေလှသည့် ကျမ်းစာဖြစ်ပါသည်။

ဤကျမ်းစာ၏ အထူးခြားဆုံး တင်ပြချက်မှာ-

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာတရား(၃၈)ပါးလုံးကို ဗယားကွက်အသီးသီးဖြင့် လောကီအပိုင်းနှင့် လောကုတ္တရာအပိုင်း ဟူ၍ နှစ်ပိုင်းစီ ခွဲခြား၍ ရေးသားထားခြင်းဖြစ်ပါသည်။ ဗယားကွက်များတွင် လောကီမင်္ဂလာကို လိုက်နာကျင့်ကြံခြင်းကြောင့် ရရှိနိုင်သည့် လောကီအကျိုးများနှင့် လောကုတ္တရာမင်္ဂလာကို ကျင့်ကြံအားထုတ်ခြင်းကြောင့် ရရှိ နိုင်သည့် လောကုတ္တရာအကျိုးများကို ကျမ်းဂန်မျိုးစုံမှ ထုတ်နုတ်လေ့လာ ရေးသားဖော်ပြထားချက်ပင် ဖြစ်ပါသည်။

ကျမ်းပြုဆရာတော်သည် မင်္ဂလာတရားတော်နှင့် စပ်လျဉ်းသည့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ အစရှိသော ကျမ်းစာအမြောက်အမြားကို အပင်ပန်းခံကာ လေ့လာတိုက်ဆိုင်ထုတ်နုတ်ရေးသားထားသည်ကို တွေ့ရှိရပါမည်။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို လူတိုင်းလူတိုင်း နားလည်သဘောပေါက်အောင် ဖတ်ရှုလေ့လာပြီး သားသမီး၊ မိတ်ဆွေ၊ တပည့်တပန်းများ၊ ဆက်စပ်ရာ ပတ်ဝန်းကျင်ရှိ လူအများကိုပါ သိရှိနားလည်သဘောပေါက်အောင် ဆွေးနွေးနှီးနှော တိုင်ပင်ဖြန့်ဝေကာ လိုက်နာကျင့်ဆောင်နိုင်ကြပါလျှင် အေးချမ်းသာယာသော **"သီရိဂေဟာ မင်္ဂလာစံအိမ်တော်ကြီး"** ကို တည်ဆောက်နိုင်ကြမည် ဖြစ်ပါသည်။

မင်္ဂလာရဂုံ ပန်းမျိုးစုံဖြင့် လွှမ်းခြုံထားသော မိသားစုဘဝ၊ ပတ်ဝန်းကျင်၊ နေရာဒေသ၊ မြို့ပြနိုင်ငံ အသီးသီးမှသည် ကမ္ဘာတစ်ဝှန်းလုံး မင်္ဂလာတရားတော်နှင့်အညီ လိုက်နာကျင့်ဆောင်နိုင်ကြပါလျှင် အေးချမ်းသာယာသော ကမ္ဘာသစ်ကြီးတွင် ကြည်နူးပျော်ရွှင်စွာ ရှင်သန်လှုပ်ရှားနိုင်ကြပြီး ဗုဒ္ဓဘာသာဝင်တို့၏ အမြင့်မြတ်ဆုံး ပန်းတိုင်ဖြစ်သည့် နိဗ္ဗာန်ရွှေပြည်မြတ်ကြီးသို့ ရောက်ရှိနိုင်ကြမည် မလွဲကေန် အမှန်ပင် ဖြစ်ပါသည်။ ထိုအကျိုးတရားများအတွက် **"သုံးဆယ့်ရှစ်ဖြာ မင်္ဂလာလမ်းပြ"** ကျမ်းစာအုပ်က အကူအညီပေးသွားနိုင်သည်ဟု ညွှန်ဆိုအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



* မင်္ဂလာလမ်းစဉ်၊ ပန်းသဇင်ကို၊
ပန်ဆင်ကြိုးစား၊ ရန့်ပွားက၊
ထူးခြားပေါ်လွင်၊ အောင်ပန်းဆင်၍၊
အောင်စဉ်မကိုင်၊ ရောင်လျှံထိုက်၍၊
အမြိုက်သရဖူ၊ သင်းပျံ့ကြူသည်၊
မြိုက်ငူ သောင်ကမ်း တိုင်ပြီကို။
ထိုက်သူ ဆောင်လှမ်း မြိုင်သည်ကို။

သဒ္ဒမ္မဇောတိကဓဇ
ဦးသုရ
(ကျော်လေးကျော်)

www.burmeseclassic.com

www.burmeseclassic.com



## သီတာရုံဆရာတော် ဘဒ္ဒန္တကောဝိဒ ၏ ထေရုပ္ပတ္တိအကျဉ်း

မကွေးတိုင်း၊ ဆောမြို့နယ်၊ လယ်ဖြူရွာနေ၊ ခမည်းတော် ဦးမြင့်၊ မယ်တော်ဒေါ်စိန်တို့မှ ၁၂၉၆-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁-ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်။

အသက် ၁၇-နှစ်အရွယ်တွင် ဘကြီးအရင်း တော်စပ်သည့် ဇာတိရွာကျောင်းဆရာတော် ဘဒ္ဒန္တသာဂရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့ပြီး-

အသက် ၂၀-ပြည့်သည့် ၁၃၁၅-ခုနှစ်၊ တပို့တွဲလဆန်း ၁၅-ရက်၊ ကြာသပတေးနေ့တွင် မူလဥပဇ္ဈာယ်ဆရာတော်၏ ဓမ္မာနုဂ္ဂဟဖြင့် ဇာတိရွာကျောင်း ဥဒကုက္ခေပသိမ်၌ ရဟန်းဖြစ်သည်။

ဥပဇ္ဈာယ်ဆရာထံ၌ အခြေခံသင်ရိုး ကျမ်းစာများကို သင်ကြားပြီးနောက် ရဟန်းတစ်ဝါအရတွင် စလင်းမြို့၊ စကုကျောင်းတိုက်၌ သီတင်းသုံးလျက် ဆရာတော် ဘဒ္ဒန္တသုန္ဒရထံတွင် ငယ်-လတ်-ကြီးဆိုင်ရာ ကျမ်းစာများကို သင်ယူဆည်းပူးပြီး ပထမကြီးတန်း အောင်မြင်သည်။

ရဟန်းသိက္ခ ၉-ဝါအရတွင် ရန်ကုန်မြို့၊ ဘုရားကြီးတိုက်ခွဲ တာမွေ သိမ်ကုန်းကျောင်းတိုက်တွင် သီတင်းသုံးလျက် ကာလကတ္တားဆရာတော် ဘဒ္ဒရေဝတ၊ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ တို့ထံတွင် သင်ရိုးနိကာယ်ငါးရပ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို ပခုက္ကူနည်းကျကျ သင်ယူဆည်းပူးသည်။

ထို့ပြင် သင်္ဃန်းကျွန်းမြို့နယ်၊ မဟာအောင်မြေ ရွှေဂူတိုက်သစ် ဆရာတော် ဘဒ္ဒန္တဥက္ကံသဗုဒ္ဓိထံ၌ ပရိယတ် အခြေခံသည့် ပဋိပတ်ကျင့်စဉ်များကို ဆည်းပူးနည်းခံ ကျင့်ကြံအားထုတ်သည်။

ရဟန်းသိက္ခာ ဝါ ၂၀-အရတွင် ဟင်္သာတမြို့၊ ဓမ္မဗိမာန်ကျောင်း တိုက်တွင် သီတင်းသုံးလျက် ရဟန်းသာမဏေများအား ငယ်-လတ်-ကြီးဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းစာများကို သင်ကြားပို့ချပေးခြင်း၊ ဒကာ, ဒကာမများအား ဝိပဿနာကျင့်စဉ်တရားများ ဟောကြားခြင်းဖြင့် သာသနာ့တာဝန်များကို ဆယ့်ငါးနှစ်တိုင်တိုင် ထမ်းဆောင်သည်။

ရဟန်းသိက္ခာ ၃၅-ဝါအရတွင် ပြည်မြို့၊ ဆယ်ထပ်ကြီးကျောင်းတိုက်တါင် သီတင်းသုံးပြီး ဝိပဿနာကျင့်စဉ် တရားများကို ဟောကြားပြသသည်။

ရဟန်းသိက္ခာ ၄၅-ဝါအရတါင် ပြည်မြို့၊ သီတာရုံတောရကျောင်းတိုက်တွင် ကျောင်းတိုက်ပဓာနနာယကအဖြစ် သီတင်းသုံးလျက် ပထမပြန်-ဓမ္မာစရိယတန်းဝင် ရဟန်း, သာမဏေ, သီလရှင်များအား စာပေပို့ချပေးခြင်း၊ ဝိပဿနာတရားများကို ဟောပြောပြသခြင်းများကို ယနေ့တိုင် ထမ်းဆောင်လျက်ရှိသည်။

ဆရာတော်သည် စာချ, တရားပြရင်းဖြင့်ပင်

- ပထမကျမ်းစာအဖြစ် **အရိယာဝိဇ္ဇာလမ်းပြကျမ်း**

- ဒုတိယကျမ်းစာအဖြစ် **ဒဿနသမ္မဒါလမ်းကျမ်း**

- တတိယကျမ်းစာအဖြစ် **ဘာဝနာသမ္မဒါလမ်းပြကျမ်းများကို** ရေးသားပြုစုထုတ်ဝေခဲ့ပြီး ယခုအခါတွင်

- **စတုတ္ထကျမ်းစာအဖြစ် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာလမ်းပြကျမ်းကို ရေးသားပြုစုပြီး စာအုပ်အဖြစ် ထွက်ရှိလာပါသည်။**

- ဓမ္မစကြာ အနတ္တလက္ခဏာသုတ်လမ်းပြကျမ်း အစရှိသော ကျမ်းစာများကို ပြုစုနိုင်ရန် ကြိုးပမ်းစီစဉ်လျက်ရှိသည်။

ဆရာတော်သည် ဂန္ထဓုရနှင့် ဝိပဿနာဓုရဟုဆိုအပ်သော ဓုရနှစ်ဖြာ သာသနာကို စွမ်းအားရှိသမျှ ကြိုးစားဆောင်ရွက်တော်မူသဖြင့် နိုင်ငံတော်အစိုးရမှ ၁၃၆၈-ခုနှစ်၊ ၂၀၀၇-ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဖြင့် ဆက်ကပ်ပူဇော်ခံရသည်။

□□□□□

www.burmeseclassic.com

www.burmeseclassic.com



# သုံးဆယ့်ရှစ်ဖြာ မင်္ဂလာလမ်းပြကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

◆◆◆◆◆

ကျမ်းဦးပဏာမ

ဝိဘဇ္ဇဝါဒီ သမ္ဗုဒ္ဓံ၊ ဓမ္မံ မောဟဝိစ်သနံ။

နတွာဟံ အနယံ သံဃံ၊ ဝရံ ဂါရဝဘာဇနံ။

(ပထမမကာရဝိပုလာဂါထာ)

အဟံ၊ ရုပ်နှင့်နာမ်ကို အတ္တမည့်ခေါ် တပည့်တော်သည်။ ဝိဘဇ္ဇဝါဒီ၊ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကို လောကီလောကုတ္တရာ နှစ်ဖြာ ပိုင်းခြား သိထင်ရှားအောင် ခွဲခြားဝေဖန်၍ ဟောတော်မူတတ်ထသော။ ဝရံ၊ သူတော်ကောင်းတို့ တောင့်တရည်မှတ် မျှော်လင့်အပ်သည်ဖြစ်၍ မြတ်တော်မူထသော။ ဂါရဝဘာဇနံ၊ ရိုသေလေးမြတ် ပြုလုပ်အပ်သော အရဟံအစ ဘဂဝါအဆုံး ကိုးပါးသော ဂုဏ်တော်အပေါင်းတို့၏ တည်ရာ ဖြစ်တော်မူထသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နတွာ-နမာမိ၊ ရိုသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

နတွာ၊ ရှိခိုးပြီး၍။ မောဟဝိမိသနံ၊ မောဟအမိုက် မှောင် အတိုက်ကို လေးပါးသော မဂ်ဉာဏ်ဖြင့် အထူးဖျက်ဆီးတော်မူတတ်ထသော။ ဝရံ၊ သူတော်ကောင်းတို့ တောင့်တရည်မှတ် မျှော်လင့်အပ်သည်ဖြစ်၍ မြတ်တော်မူထသော။ ဂါရဝဘာဇနံ၊ ရိုသေလေးမြတ် ပြုလုပ်အပ်သော သွာက္ခာတတာ အစဖြာသော ခြောက်ပါးသော ဂုဏ်တော်အပေါင်းတို့၏ တည်ရာဖြစ်တော်မူထသော။ ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော် မြတ်အပေါင်းကိုလည်း။ နတွာ-နမာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

၊ နတွာ၊ ရှိခိုးပြီး၍။ အနယံ၊ ရာဂ စသော တစ်ထောင့်ငါးရာ ကိလေသာဟူ၍ မြူငွေ့မျှ မရှိထသော။ ဝရံ၊ သူတော်ကောင်းတို့ တောင့်တရည်မှတ် မျှော်လင့်အပ်သည်ဖြစ်၍ မြတ်တော်မူထသော။

www.burmeseclassic.com

www.burmeseclassic.com



ဂါရဝဘာဇန်၊ ရှိသေလေးမြတ် ပြုလုပ်အပ်သော သုံးဆယ့်ရှစ်ပန်သော အစဖြာသော ကိုးပါးသော ဂုဏ်တော်အပေါင်းတို့၏ တည်ရာဖြစ်တော်မူထသော။ သံဃဉ္စ၊ ရှစ်ယောက်အရိယာ မြတ်သံဃာအပေါင်းကိုလည်း။ နတ္တာ = နမာမိ၊ ငါးပါးသွင်ညီ အဉ္ဇလီဖြင့် တင်ချီညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သုံးဆယ့်ရှစ်ဖြာမင်္ဂလာကို ရေးသားရာ၌ လောကီမင်္ဂလာ၊ လောကုတ္တရာမင်္ဂလာ(၂)မျိုးရှိသည့်အနက် လောကီမင်္ဂလာနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာကျမ်းဂန်အသီးသီးတို့မှာ ရှိထားပြီးဖြစ်လို့ ရေးသားမှုနည်းပါးတဲ့ လောကုတ္တရာမင်္ဂလာကိုသာ ဦးစားပေး ရေးသားမှာ ဖြစ်ပါတယ်။

**မင်္ဂလာဟူသမျှ အရေးကြီး**

(၁) လောကီမင်္ဂလာလဲ အရေးကြီးပါတယ်။ လောကီမင်္ဂလာနဲ့ ပြည့်စုံမှ မိမိတို့ရဲ့ နေရေး၊ ထိုင်ရေး၊ သွားရေး၊ လာရေး စသည်များနဲ့ ပြည့်စုံပြီး မိမိတို့ရဲ့ ခန္ဓာကိုယ်ဟာ သက်ရှည် ကျန်းမာ စိတ်ချမ်းသာလျက် နေနိုင်ကြမှာ ဖြစ်ပါတယ်။ လောကီမင်္ဂလာနဲ့ မပြည့်စုံရင် ဆင်းရဲဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်ကြရမှာ အမှန်ဖြစ်ပါတယ်။

မင်္ဂလာကို ဟောတဲ့နေရာမှာ လောကုတ္တရာ မင်္ဂလာကို ဦးစားပေး ဟောတော် မူတယ်ဆိုတာ သိနိုင်ပါတယ်။ အသေဝနာစ ဗာလာနံ ဆိုတဲ့ မင်္ဂလာကို ကြည့်ရင် လူမိုက်ကို ရှောင်ကြဉ်ရမယ် ဆိုတဲ့ အဓိပ္ပာယ် ပေါ်ထွက်လာပါတယ်။

လူမိုက်ဟာ လောကလူမိုက်၊ သံသရာလူမိုက်ဆိုပြီး (၂)မျိုးခွဲခြား၍ ကွဲပြားအောင် သိထားဖို့လည်း လိုအပ်ပြန်ပါတယ်။

လောကလူမိုက်ကိုလဲ ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။ မရှောင်ကြဉ်ရင် ဒုက္ခများစွာနဲ့ လောကနယ်ထဲမှာ ရင်ဆိုင်ဆုံတွေ့နေရမှာ ဖြစ်ပါတယ်။ အဇာတသတ်မင်းသားဟာ ဒေဝဒတ်ကို ဆရာအမှတ် ကိုးကွယ်ဆည်းကပ်ခဲ့မိလို့ အရိယာသောတာပန်ဖြစ်တဲ့ ခမည်းတော် မင်းကြီးကို လုပ်ကြံ သတ်မိတဲ့အတွက် ပိတုဃာတက ကံလဲထိုက်၊ အရိယာပြစ်မှားတဲ့ အရိယူပဝါဒကံလဲထိုက်ပြီး မင်္ဂဖိုလ်နဲ့လွဲကာ ယခု လောဟကုမ္ဘီငရဲမှာ ကျရောက်နေရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သံသရာလူမိုက်ကို ရှောင်ကြဉ်လိုက်လို့ သောတာပန်ဖြစ်သွားတဲ့ သာကေမျှားစွာတို့တွင် ဧကရပတ္တဇာတ်တော်မှာ ဥတ္တရလုလင်ရဲ့ အခန်းတစ်ခု ပါရှိပါတယ်။ ထိုအခန်းမှာ ဥတ္တရလုလင်ကို မြတ်စွာဘုရားက-

ရဇ္ဇံ ဗာလောတိ ဝုစ္စတိ၊ (ဓမ္မပဒ၊ ဋ၊ ၂။၁၅၀)

ရဇ္ဇံ၊ ငါးဖြာအာရုံ ကာမဂုဏ်ကို ခုံမင်လိုက်စား အကြိုက်များနေတဲ့သူကို။ ဗာလောတိ၊ လူမိုက်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပါပေ၏-လို့ နဂါးမလေးမေးတဲ့ အမေးပုစ္ဆာ သီချင်းရဲ့အဖြေကို ပေးလိုက်တဲ့အခါ ငါးဖြာအာရုံ ကာမဂုဏ်တွေကို တပ်မက်နှစ်သက်နေတဲ့သူဟာ လူမိုက်ဖြစ်တယ်ဆိုတာ မိမိကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်သိသွားလို့ တပ်မက်နှစ်သက်သာယာနေတဲ့ လောဘလူမိုက်ကို ပယ်လိုက်တာနဲ့ တစ်ပြိုင်နက် သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မြင်သွားပါတယ်။ သောတာပန် ဖြစ်သွားပါတယ်။ ဒိဋ္ဌိနဲ့ယှဉ်တဲ့ လောဘကို ပယ်လိုက်ခြင်း ဖြစ်ပါတယ်။ (တရားကိုယ်က လောဘနဲ့ ဒိဋ္ဌိဖြစ်တယ်။)မာနနဲ့ ယှဉ်တဲ့ လောဘကျန်ပါသေးတယ်။

ပဏ္ဍိတာနဉ္စ သေဝနာ -အရ လောကီပညာရှိနဲ့ လောကုတ္တရာပညာရှိ နှစ်မျိုးခွဲခြားပြီး ကွဲပြားအောင် သိထားဖို့ လိုအပ်ပါတယ်။ လောကီပညာရှိကို မှီဝဲဆည်းကပ်လို့ လောကီမှာ ပစ္စည်းဥစ္စာကြွယ်ဝ ချမ်းသာပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာနေရပုံ အလုံးစုံကို အပဏ္ဏကဇာတ်တော်မှာ ဟောထားပါတယ်။

လောကုတ္တရာပညာရှိလို့ ခေါ်တဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာမထေရ်မြတ်ကြီးများကို မှီဝဲဆည်းကပ်ရင် အနည်းဆုံး သောတာပန်တော့ ဖြစ်သွားနိုင်ပါတယ်။

ဤသုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ဟာ လိုလေသေး မရှိအောင် ပြည့်စုံပြီး လိုရင်းကို ဟောထားတဲ့ ဒေသနာဖြစ်လို့ လူမျိုးမရွေး၊ ဘာသာမရွေး သိထားဖို့ အလွန်လိုအပ်ပါတယ်။ သိထားတဲ့အတိုင်း လိုက်နာကျင့်ကြံအားထုတ်ဖို့က ပိုပြီး အရေးကြီးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ထို့ထက် လောကုတ္တရာမင်္ဂလာက ပိုပြီး အရေးကြီးပြန်ပါတယ်။ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာအစစ်နဲ့ ကြုံလာရတဲ့အခါ လူဖြစ်ရကျိုး နပ်ပြီး၊ တစ်မင်္ဂတစ်ဖိုလ်ရဖို့ အနည်းဆုံး သက္ကာယဒိဋ္ဌိပြုတ်တဲ့ ဉာဏ်၊ လောကုတ္တရာမင်္ဂလာနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။ လောကုတ္တရာ မင်္ဂလာမပြည့်စုံပြန်ရင်လဲ (၃၁)ဘုံထဲမှာ အို၊ နာ၊ သေရေး ဒုက္ခဘေးမျိုးစုံတွေနဲ့ တွေ့ကြုံရဦးမှာ အမှန်ဖြစ်တယ်။

**မှတ်ချက်။** လောကီမင်္ဂလာနဲ့ ပြည့်စုံပြီဆိုပြီး အားရတင်းတိမ် ကျေနပ်မနေဘဲ လောကုတ္တရာမင်္ဂလာနဲ့ လိုအင်ချက် ပန်းတိုင်အရောက် လှမ်းနိုင်အောင် ကြိုးစားအားထုတ်ကြရမှာ အမှန် ဖြစ်ပါတယ်။

ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

သဒေဝကာ၊ နတ်နှင့်တကွသော လူအပေါင်းတို့သည်။ ယံ မင်္ဂလံ၊ အကြင်ကောင်းမြတ်ချမ်းသာ မင်္ဂလာကို။ ဒွါဒသဟိ၊ တစ်ဆယ့် နှစ်နှစ်တို့ ကာလပတ်လုံး။ (ဝါ) တစ်ဆယ့်နှစ်နှစ်တို့တိုင်တိုင်။ စိန္တယိံ သု၊ ကြံစည်တွေးတော၍ နေကြလေကုန်ပြီ။ သောတ္ထာနံ၊ ချမ်းသာခြင်း၏အကြောင်း ကောင်းမြတ်သော။ (ဝါ) လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ကေန်ဆတ်ဆတ် ရစေရောက် စေတတ်သော။ အဋ္ဌတ္တိံသဉ္စ၊ သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်း ဖြစ် သော။ တံ မင်္ဂလံ၊ ထိုကောင်းမြတ်ချမ်းသာ မင်္ဂလာကို။ နာဓိဂစ္ဆန္တိ၊ မသိနိုင် မမြင်နိုင် တွေးတော ကြံစည်၍ မရနိုင်ကြလေကုန်။

### မင်္ဂလာကို ကြံစည်နေကြပုံ

လူတွေ နတ်တွေဟာ ၁၂-နှစ်တိုင်တိုင် မင်္ဂလာကို အမျိုးမျိုး ကြံစည်းတွေးတောနေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁) တချို့က မနက်စောစောမှာ ကောင်းတာကို မြင်ရရင် ဒိဋ္ဌမင်္ဂလာလို့ ယူကြပါတယ်။

(၂) တချို့ကလဲ မနက်စောစောမှာ ကောင်းတာကို ကြားရရင် သုတမင်္ဂလာလို့ ယူကြပါတယ်။

(၃) တချို့ကလဲ မနက်စောစောမှာ ကောင်းတာကို နံရ ရှူရရင် ကောင်းတာကို စားရသောက်ရရင် ကောင်းတာကို တွေ့ရ ထိရရင် မုတမင်္ဂလာလို့ ယူကြပါတယ်။

(၄) တချို့ကလဲ ပြဿဒါး၊ ရက်ရာဇာ၊ နတ်နေ၊ စက်နေ၊ လာဘ်နေ၊ မြေခံ၊ နဂါးလှည့် ရွေးချယ်ခြင်း စတာတွေကို ကောတုဟလ မင်္ဂလာလို့ ယူကြပါတယ်။

လူပညာရှိ ရဟန်းပညာရှိ ပဏ္ဍိတ် ကဝိန် သုခမိန်တို့ဟာ မင်္ဂလာနဲ့ စပ်ပြီး ဉာဏ်မီသမျှ အဲဒီလို အမျိုးမျိုးကြံစည် ယူဆနေကြပါတယ်။ မင်္ဂလာ ဆိုတာကို အချင်းချင်း အယူအဆမတူကြဘဲ တစ်ဦးနဲ့တစ်ဦး ဝါဒကွဲပြား နေကြပါတယ်။ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် သဘောပေါက် နားလည်အောင် မပြောနိုင်ကြဘဲ ငြင်းခုံပွဲကြီးဖြစ်ရာကနေ မင်္ဂလာဆိုတဲ့ လှိုင်းဂယက်ဟာ နတ်ပြည်၊ ဗြဟ္မာ့ပြည်တိုင်အောင် တိုက်ခတ်လျက် ရှိနေ ပါတယ်။ နတ်ဗြဟ္မာအများတို့လဲ ကြံစည်းတွေးဆ၍ မရနိုင်ဘဲ အချင်းချင်း ငြင်းခုံပွဲကြီး ဆင်နွှဲပြီး နေကြပါတယ်။

ထိုကဲ့သို့ နတ်ဗြဟ္မာအများတို့ ဝါဒကွဲပြားပြီး ငြင်းခုံပွဲကြီး ဆင်နွှဲ နေကြရတဲ့ ဒီမင်္ဂလာပြဿနာဟာ(၁၂)နှစ်တိုင်တိုင် ဖြေရှင်းလို့ မရနိုင်အောင် ရှိနေပါတယ်။ ဒီအခါမှာ တာဝတိံသာ နတ်များစွာတို့က ထိုပြဿနာကို သိကြားမင်းထံ အဖြေပေးရန် တောင်းပန်ကြတဲ့အခါ သိကြားမင်းက နတ်သားတစ်ယောက် ရွေးကောက်လျက် "မင်္ဂလာပြဿနာကို မြတ်စွာ ဘုရားမှတစ်ပါး မှန်အောင် ဖြေပေးနိုင်မယ့်သူ ရှိမှာမဟုတ်"လို့ ဆုံးဖြတ်ကာ မြတ်စွာဘုရားထံမှောက် နတ်သားတစ်ယောက်ကို စေလွှတ်ပြီး မိမိနဲ့တကွ နတ်များစွာတို့ဟာလဲ မင်္ဂလာတရားတော်ကို နာကြားရန် ဘုရားရှင် ထံတော်မှောက်သို့ ရောက်ရှိလာကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်းစေလွှတ်လိုက်တဲ့ နတ်သားဟာ ညဉ့်ဦးယံ လွန်မြောက် သန်းခေါင်ယံအချိန်သို့ ရောက်တဲ့အခါ မြတ်စွာဘုရားထံမှောက် ဝင်ရောက်ပြီး ဇေတဝန်ကျောင်းတိုက် တစ်တိုက်လုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် တောက်ပစေလျက် သင့်တော်လျှောက်ပတ်တဲ့နေရာမှာ ရပ်တည်ပြီး မြတ်စွာဘုရားကို ရိုရိုသေသေ ရှိခိုးပြီးတော့ မင်္ဂလာတရားတော်ကို ဟောကြားပေးတော်မူပါရန် လျှောက်ထားပါတယ်။

**မင်္ဂလာတရားတော် ဟောကြားပေးပါရန် လျှောက်ထား**

ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဗဟူ၊ များစွာကုန်သော၊ ဒေဝါ စ၊ နတ်ပြဟ္မာတို့သည်လည်းကောင်း။ မနုဿာ စ၊ လူအပေါင်းတို့သည်လည်းကောင်း။ သောတ္ထာနံ၊ လောကီလောကုတ္တရာ နှစ်ဖြာကောင်းကျိုး ချမ်းသာမျိုးကို။ အာကင်္ခမာနာ၊ လိုလားတောင့်တကြကုန်သည်ဖြစ်၍။ မင်္ဂလာနိ၊ ကောင်းမြတ်ချမ်းသာ မင်္ဂလာတို့ကို။ ဒွါဒသဟိ၊ တစ်ဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး။ (ဝါ) တစ်ဆယ့်နှစ် နှစ်တို့တိုင်တိုင်။ အစိန္တယုံ၊ ထွေထွေလာလာ ရှာကြံယူဆ တွေးတောကာ နေခဲ့ကြပါကုန်ပြီဘုရား။

စိန္တယန္တာပိ၊ ထိုသို့ပင် တစ်ဆယ့်နှစ်နှစ်တို့ကာလပတ်လုံး ရှာကြံယူဆ တွေးတောကာနေခဲ့ကြပါကုန်သော်လည်း။ နာဓိဂစ္ဆန္တိ၊ မုချပိုင်ပိုင် မသိမမြင်နိုင်ကြပါကုန်ဘုရား။ တံ မင်္ဂလံ၊ ထိုမင်္ဂလာနှစ် တရားစစ်ကို။ တွံ၊ ရှင်တော်မြတ်ဘုရားသည်။ ဗြူဟိ၊ ဟောကြားတော် မူပါဘုရား။ ဗြူတိ၊ လောကီလောကုတ် မယုတ်တိုးပွား အကျိုးများအောင် နှစ်မျိုးခွဲခြား၍ ဟောကြားတော်မူပါဘုရား။

"မြတ်စွာဘုရား၊ လူနတ်ပြဟ္မာအပေါင်းဟာ လောကီ, လောကုတ္တရာ နှစ်ဖြာသော မင်္ဂလာတို့ကို လိုလားတောင့်တကြပြီး တစ်ဆယ့်နှစ်နှစ်တိုင်တိုင် ရှာကြံယူဆ အမျိုးမျိုးတွေးတောကြံဆ၍ နေကြကုန်သော်လည်း မင်္ဂလာအစစ်အမှန်ကို မည်သူတစ်ဦး တစ်ယောက်မျှ မသိမမြင်နိုင်ကြ၍

www.burmeseclassic.com

www.burmeseclassic.com



လောကီ, လောကုတ္တရာ မင်္ဂလာ အစစ်အမှန်ကို ခွဲခြားပြီး ကွဲပြားအောင် ဟောကြားတော်မူပါဘုရား"လို့ လျှောက်ထားတဲ့အခါ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အသေဝနာစ ဗာလ¯နံ-စတဲ့ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားတော်ကို လောကီ, လောကုတ္တရာ နှစ်မျိုးခွဲခြားပြီး ကွဲပြားအောင် ဟောကြားတော်မူပါတယ်။

**မင်္ဂလာဆိုတာ ဘာလဲ**

မင်္ဂလန္တိ မဟန္တိ ဣမေဟိ သတ္တာဟိ မင်္ဂလာနိ။

(ခုဒ္ဒကပါဠ်၊ ဋ၊ ၁၀၃။ သုတ္တနိပါတ၊ ဋ၊ ၅)

ဣမေဟိ၊ ဤသုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတို့ဖြင့်။ သတ္တာ၊ လူနပ်ပြဟ္မာ သတ္တဝါအပေါင်းတို့သည်။ မင်္ဂလန္တိ မဟန္တိ၊ လောကီ လောကုတ္တရာ နှစ်ဖြာကောင်းကျိုး ချမ်းသာမျိုးတို့ဖြင့် တိုးတက်ကြီးပွားကြ လေကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မင်္ဂလာနိ၊ မင်္ဂလာတို့ မည်၏။

သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်ဟာ လူနတ်ဗြဟ္မာ သတ္တဝါ အားလုံးတို့အတွက် လောကီ, လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုး ချမ်းသာမျိုးတို့ တိုးတက်ကြီးပွားကြောင်းဖြစ်လို့ မင်္ဂလာလို့ ခေါ်ဆိုရပါတယ်။

**အချုပ်အားဖြင့်** မင်္ဂလာဆိုတဲ့ စကားဟာ စိတ်ထားကောင်းခြင်း ပင် ဖြစ်ပါတယ်။ စိတ်ထားကောင်းရင် ကောင်းသလောက် မိမိကိုယ်ကို လောကီ, လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာတို့ဖြင့် မြင့်မြတ် သည်ထက် မြင့်မြတ်အောင် ဆောင်ရွက်နိုင်ပါတယ်။ တကယ်လို့ မိမိစိတ်ထား ယုတ်ညံ့မှုကို မွေးမြူလက်ခံထားမယ်ဆိုရင် ဒီယုတ်မာတဲ့ စိတ်ကပဲ တစ်နေ့ တစ်ခြား ယုတ်ညံ့သည်ထက် ယုတ်ညံ့အောင် ဆောင်ရွက် ပေးတတ်ပါတယ်။

မင်္ဂ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ။

မင်္ဂ ပါပံ၊ မကောင်းမှု အကုသိုလ်မှန်သမျှကို။ (ဝါ) အပါယ် လေးပါးသို့ ကျရောက်စေတတ်သော သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ စသည်ကို။ လုနာတိ ဆိန္ဒတိ၊ ပယ်ဖြတ်တတ်၏။ ဣတိ၊ ထို့ကြောင့်။-မင်္ဂလံ၊ မင်္ဂလာမည်၏။

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှု အကုသိုလ်မှန်သမျှကို လည်းကောင်း၊ သက္ကာယ ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ စတဲ့ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို လည်းကောင်း လောကီကုသိုလ်၊ လောကုတ္တရာကုသိုလ်စိတ်နဲ့ ပယ်သတ်ပြီး အထွတ်အထိပ်ဖြစ်တဲ့ နိဗ္ဗာန်သို့ ရောက်စေတော်မူလိုတဲ့ မြတ်စွာဘုရားရှင်ဟာ အသေဝနာစ ဗာလာနံ-စတဲ့ ဒေသနာတော်ကို ဟောကြားတော်မူပါတယ်။

(၁) အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။
(ခုဒ္ဒကပါဌ။၃)

ဒေဝပုတ္တ၊ မင်္ဂလာကို သိလိုရေးနှင့် မေးလျှောက်လာငြား အိုဒါယကာ နတ်သား။ ဗာလာနံ၊ မကင်းဒုစရိုက် သူအမိုက်တို့ကို။ ဗာလာနံ၊ လောက သံသရာ နှစ်ဖြာခွဲခြား လူမိုက်များတို့ကို။ ယာ အသေဝနာ စ၊ ဆရာအမှတ် မိတ်အမှတ်ဖြင့် အကြင်မဆည်းကပ် မပေါင်းသင်း မမှီဝဲရခြင်းသည် လည်းကောင်း။ ပဏ္ဍိတာနံ၊ ဒုစရိုက်ပေါင်း ကင်းလွတ်ရှောင်းလျက် ကျိုးကြောင်းမြင်သိ ပညာရှိတို့ကို။ (ဝါ) လောကီလောကုတ္တရာ နှစ်ဖြာ ကောင်းကျိုး ချမ်းသာမျိုးတို့ကို နည်းညွှန်လမ်းပြ ဆိုဆုံးမနိုင်သော ဆရာမြတ်တို့ကို။ ယာ သေဝနာ စ၊ ဆရာအမှတ် မိတ်အမှတ်ဖြင့် အကြင်မှီဝဲ ဆည်းကပ်ပေါင်းသင်း ဆက်ဆံရခြင်းသည် လည်းကောင်း။ ပူဇနေယျာနံ၊ ဂုဏဝုဍ္ဎိ ဝယဝုဍ္ဎိ ကျေးဇူးရှိနှင့် ရတနာသုံးပါး တရားလျှင်သူ စင်ဖြူစရိုက် ပူဇော်ထိုက်သော သူတို့ကို။ယာ ပူဇာစ၊ ရိုသေသမှု ကောင်းစွာပြု၍ အကြင် ကျွေးမွေး ပေးကမ်းလှူဒါန်း ပူဇော်ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤတရားသုံးပါးသည်။ ဥတ္တမံ၊ ဒိဋ္ဌမင်္ဂလာ သုတမင်္ဂလာ စသည်တို့ထက် ဆထက်လွန်ကျူး အထူးမြင့်မြတ်သော။ မင်္ဂလံ၊ မင်္ဂလာ မည်၏။ ဣတိ၊ ဤသို့။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

www.burmeseclassic.com

www.burmeseclassic.com



## (၁) အသေဝနာစ ဗလာနံ။ (ခုဒ္ဒကပါဌ။ ၃)

### ဗာလ (၂)မျိုး

| (လောက) ဗာလ | ဗာလ (သံသရာ) |
| --- | --- |
| သတ်ဖြတ် | အဘိဇ္ဈာ |
| ခိုးယူ | ဗျာပါဒ |
| အိမ်ရာလွန်ကျူး | မိစ္ဆာဒိဋ္ဌိ |
| လိမ်ညာ | သဿတဒိဋ္ဌိ |
| အရက်သောက်စား | ဥစ္ဆေဒဒိဋ္ဌိ |
| မျက်မြင် လူမိုက် | ဉာဏ်မြင် လူမိုက် |

ဣဓ ဘိက္ခဝေ ဗာလော ဒုစ္စိန္တိတစိန္တီ စ ဟောတိ
ဒုဗ္ဘာသိတဘာသီ စ ဒုက္ကဋကမ္မကာရီ စ။

(ဥပရိပဏ္ဏာသ။ ၂၀၁။ အံ၊၁။၁၀၀)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ ဗာလော၊ လူမိုက်သည်။ ဒုစ္စိန္တိတစိန္တီ စ၊ မကောင်းသောအကြံကို ကြံစည်လေ့ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒုဗ္ဘာသိတဘာသီ စ၊ မကောင်းသော စကားကို ပြောဆိုလေ့ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒုက္ကဋ ကမ္မကာရီစ၊ မကောင်းမှုကို ပြုလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

**လူမိုက်လက္ခဏာ(၃) မျိုး**

(၁) မကောင်းတာကို ကြံစည်တယ်၊
(၂) မကောင်းတာကို ပြောဆိုတယ်၊
(၃) မကောင်းတာကို ပြုလုပ်တယ်။

ဒီလက္ခဏာသုံးပါးထဲမှာ တစ်ပါးပါးသော်လည်းကောင်း၊ နှစ်ပါးသော်လည်းကောင်း၊ သုံးပါးသော်လည်းကောင်း ရှိနေတဲ့သူဟာ အမျိုးမြတ်၍

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပင် အထက်တန်းကျနေတဲ့သူဖြစ်ပါစေ၊ ပစ္စည်းဥစ္စာ ဘယ်လောက်ပင် ကြွယ်ဝချမ်းသာတဲ့သူ ဖြစ်ပါစေ၊ အစိုးရ၍ ဘယ်လောက်ပင် အာဏာရှိနေတဲ့သူဖြစ်ပါစေ လူမိုက် (ဗာလ)လို့ ခေါ်ဆိုရပါတယ်။

## လူမိုက်ကို ပေါင်းသင်းမိ၍ ဒုက္ခရောက်ရပုံ

(ဒီ၊၅၁၊၁၂၄)

**လိုရင်းအကျဉ်းချုပ်။** ရှင်ဒေဝဒတ် ဆိုတာ ကြားဖူးကြပါလိမ့်မယ်။ အဲဒီဒေဝဒတ် အဇာတသတ်မင်းသားကို တန်ခိုးပြပါတယ်။ သူ့ကိုယ်သူ သူငယ်လေးအသွင် အဘိညာဉ်တန်ခိုးနဲ့ ဖန်ဆင်းပြီး သူ့ခါးမှာ မြွေကိုပတ်ပြီး အဇာတသတ်မင်းသားရဲ့ ရင်ခွင်ထဲမှာ ဝင်ထိုင်လိုက်ပါတယ်။ ဒီတော့ အဇာတသတ်မင်းသားဟာ အလွန်ကြောက်လန့်သွားပါတယ်။ အဲဒီအခါ ရှင်ဒေဝဒတ်က “မင်းသားလေး ကြောက်သလား”လို့ မေးတယ်။ “ကြောက်ပါတယ်၊ သင်ဘယ်သူလဲ”လို့ မေးတော့ “ငါဒေဝဒတ်ရဟန်းဖြစ်တယ်”လို့ ပြောပါတယ်။ “အရှင်ဒေဝဒတ်၊ ရဟန်းဆိုရင် ရဟန်းအသွင်နဲ့ တည်နေပါ”လို့ ဆိုတော့ မင်းသားလေးရဲ့ရှေ့မှာ ရှင်ဒေဝဒတ်ဟာ ရဟန်းအသွင်နဲ့ ပကတိအတိုင်း ရပ်တည်ပြလိုက်ပါတယ်။ အဲဒီလို တန်ခိုးပြတာကို မြင်ရတော့ အဇာတသတ်မင်းသားဟာ ရှင်ဒေဝဒတ်ကို အလွန်ကြည်ညိုသွားပါတယ်။ အဇာတသတ်မင်းသားဟာ အလွန်ကြည်ညိုပြီး နေ့စဉ် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အခြွေအရံရထား(၅၀၀)နဲ့ အရှင်ဒေဝဒတ်ထံ သွားရောက်ဆည်းကပ်ပါတယ်။ ဩဝါဒခံယူပါတယ်။ အဲဒီလို ရင်းရင်းနှီးနှီး ဆည်းကပ်တဲ့အခါ တစ်နေ့မှာတော့ ရှင်ဒေဝဒတ်က ဒီလို ဩဝါဒပေးပါတယ်။

ပုဗ္ဗေ ခေါ ကုမာရ မနုဿာ ဒီဃာယုကာ၊ ဧတရဟိ အပ္ပါယုကာ၊ ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ ယံ တွံ ကုမာရ ကုမာရောဝ သမာနော ကာလံ ကရေယျာသိ ... 

(ဒီ၊ ၅၁၊ ၁၊၁၂၄)

www.burmeseclassic.com



ကုမာရ၊ မင်းသား။ ပုဗ္ဗေ၊ ရှေးအခါ၌။ မနုဿာ၊ လူတို့သည်။ ဒီဃာယုကာ၊ အသက်တမ်း ရှည်ကြကုန်၏။ ဧတရဟိ၊ ယခုအခါ၌။ အပ္ပါယုကာ၊ အသက်တမ်းတိုကြကုန်၏။ (အသက်တမ်းတိုတဲ့အတွက် သင့် ခမည်းတော်နတ်ရွာစံပြီးမှ မင်းဖြစ်ရမယ်ဆိုရင် အဖိုးအိုကြီး ဖြစ်နေလိမ့်မယ်၊ မင်းစည်းစိမ်ခံစားဖို့ အချိန်မရှိတော့ဘဲ ဖြစ်နေလိမ့်မယ်လို့ ဆိုလိုပါတယ်။)

တေနဟိ၊ ထို့ကြောင့်။ ကုမာရ၊ မင်းသား။ တွံ၊ သင်သည်။ ပိတရံ၊ ဖခင်မင်းကြီးကို။ ဟန္တွာ၊ သတ်၍။ ရာဇာ ဟောဟိ၊ မင်းလုပ်ပါလော့။ အဟံ၊ ငါသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဟန္တွာ၊ သတ်၍။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿာမိ၊ ဖြစ်ပေတော့အံ့။ ။

"သင်က သင့်ခမည်းတော်မင်းကြီးကို သတ်ပြီး မင်းလုပ်၊ ငါက ဘုရားကို သတ်ပြီး ဘုရားလုပ်မယ်"လို့ ဩဝါဒပေးပါတယ်။ ဒီတော့ အဇာတသတ်မင်းသားက "အဖကို ဓားနဲ့ မသတ်ကောင်းဘူး မဟုတ်လား"လို့ ဒေဝဒတ်ကို မေးပါသေးတယ်။ ဒါပေမဲ့ အရှင်ဒေဝဒတ်ဟာ မသိတာ မရှိဘူး၊ အကုန်လုံးကို သိတယ်လို့ အကြွင်းမဲ့ ယုံကြည်ထားတယ်။ ဒါ့ကြောင့် အရှင်ဒေဝဒတ်ရဲ့ ဩဝါဒအတိုင်း ဖခင်မင်းကြီးကို သတ်ဖို့ ကြိုးစားပါတယ်။ အဲဒီလို ကြိုးစားရာမှာ လက်နက်နှင့်တကွ ဖမ်းမိလို့ မင်းကြီးထံ ပို့ကြပါတယ်။ ဒီအခါမှာ မင်းကြီးက "သားတော်၊ ငါ့ကို ဘာ့ကြောင့် သတ်ချင်တာလဲ"လို့ အဇာတသတ် မင်းသားကို မေးတယ်။ "မင်းဖြစ်ချင်လို့ပါ"လို့ မင်းသားက ဖြေတယ်။ ဒီတော့ မင်းကြီးက အဇာတသတ်မင်းသားကို မင်းအဖြစ် ပေးလိုက်ပါတယ်။

ဒါပေမဲ့ သူ့ဆရာ ရှင်ဒေဝဒတ်က "ဒီလို မင်းအဖြစ်ကို လွှဲပြောင်းပေးရုံနဲ့ စိတ်မချရသေးဘူး၊ မကြာခင် သင့်ဖခင်က ပြန်ပြီး မင်းလုပ်လိမ့်မယ်၊ အမြစ်ပြတ်သတ်ရမယ်"လို့ ညွှန်ကြားပြန်တယ်။ ဒီတော့ အဇာတသတ်မင်းသားက "ဖခင်ကို ဓားနဲ့ မသတ်ကောင်းဘူး မဟုတ်လား" လို့ ခုနက ပြောခဲ့တဲ့အတိုင်း ပြန်ပြီးမေးပါတယ်။ ဒါနဲ့ အစာဖြတ်ပြီး သတ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဒေဝဒတ်က ညွှန်ကြားပြန်ပါတယ်။ အဲဒီ ညွှန်ကြားချက်အရ အဇာတသတ်မင်းသားဟာ ခမည်းတော်မင်းကြီးကို အကျဉ်းထောင်ထဲချ၊ အစာဖြတ်ပြီး သတ်လိုက်တာပါပဲ။

အဇာတသတ်မင်းသားဟာ အလွန်ကျေးဇူးကြီးမားတဲ့ ခမည်းတော်မင်းကြီးကို လုပ်ကြံမိတဲ့ အတွက် အကြီးအကျယ် စိတ်ပူပန်နေရပါတယ်။ စိတ်ပူပန်ရုံတင်မကဘူး။ အိပ်ပြန်ရင်လဲ မှေးမှေး မှေးမှေးနဲ့ အိပ်ပျော်စ အချိန်မှာ ငရဲနိမိတ်တွေက ပေါ်ပေါ်လာတယ်။ ငရဲထိန်းတွေက လှံတွေနဲ့ ဝိုင်းထိုး ကြသလိုထင်ပြီး အလန့်တကြား နိုးလာတယ်။ အိပ်လို့ မရဘဲ ဖြစ်နေပါတယ်။ မင်းသားဘဝတုန်းက ဘာမှပူစရာမရှိဘူး။ ကောင်းကောင်းစား ကောင်းကောင်းအိပ်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ နေနိုင်ခဲ့တယ်။ ယခု ခမည်းတော် မင်းကြီးကို လုပ်ကြံပြီးမှ စိတ်ထဲမှာလဲ ယူကျုံးမရဖြစ်ပြီး ပူပန်နေရပါတယ်။ အိပ်ပြန်ရင်လဲ ငရဲနိမိတ်တွေ ထင်နေတာနဲ့ ကောင်းကောင်း မအိပ်ရဘူး။ အကြီးအကျယ် ဒုက္ခရောက်နေပါတယ်။

ကံအားလျော်စွာ အရိယာမဂ်ဖိုလ်တို့ကို အမြတ်ဆုံးထား ဟောတော်မူတဲ့ သာမညဖလသုတ်ကို နာကြားရတဲ့အတွက် အဇာ တသတ်မင်းမှာ ရသင့်သလောက်တော့ အကျိုးရသွားပါသေးတယ်။ ခမည်းတော် မင်းကြီးကို သတ်ပြီးကတည်းက ထိတ်ထိတ်လန့်လန့် ဖြစ်ပြီး အိပ်စက်လို့ မရဘဲရှိနေတဲ့ဟာ ဒီသာမညဖလသုတ် တရားတော်ကို နာပြီးတဲ့နောက်မှာတော့ ထိတ်လန့်ခြင်းကင်းပြီး ကောင်းကောင်း အိပ်စက်လို့ ရသွားပါတယ်။ နောက်ပြီးတော့ အဇာတသတ်မင်း သေလွန်ရင် အဝီစိ ငရဲကြီးထဲ ကျရောက်ဖို့ ရှိနေသော်လည်း အဲဒီ အဝီစိငရဲကြီးထဲ မကျရဘဲ အပြင်ဘက်က လောဟကုမ္ဘီခေါ် သံရည်အိုး ငရဲလောက်ပဲ ကျရောက် ရပါတယ်။ အဲဒီမှာလဲ အောက်သို့ နစ်ကျသွားတာက အနှစ်သုံးသောင်း၊ အံထက်ပြန်တက်လာတာက အနှစ်သုံးသောင်း၊ ပေါင်း အနှစ်(၆)သောင်း ကြာအောင် အဲဒီငရဲမှာ ခံရမှာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လိုရင်းအချုပ်

(၁) အဖကိုသတ်တဲ့ ပိတုဃာတကက ကံထိုက်သွားရတာ၊

(၂) အရိယာဖြစ်မှားတဲ့ အရိယူပဝါဒကံ ထိုက်သွားရတာ၊

(၃) မင်္ဂဖိုလ်နဲ့ လွဲသွားရတာ၊

(၄) သေတော့ ငရဲကျရောက်သွားရတာတွေဟာ ဗာလခေါ် တဲ့ ဒေဝဒတ်နဲ့ ပေါင်းသင်းဆည်းကပ်မိလို့ ယခုလို ဖြစ် သွားရတာပါ။ ဒါ့ကြောင့် လူမိုက်ကို ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

## လူမိုက်နဲ့ ပေါင်းသင်းမိ၍ လူမိုက်ဖြစ်ရပုံ

လောကမှာ လူမိုက်နဲ့ ပေါင်းသင်းဆက်ဆံနေတွေဟာ မိမိကိုယ်တိုင် လူမိုက်အဖြစ်သို့ရောက်ပြီး လူမိုက်တွေ ခံစားရတဲ့ အပြစ်များကို ခံစားကြရမှာ အမှန်ဖြစ်ပါတယ်။

မဟိလာမုခဇာတ်တော်မှာ ဗာရာဏသီပြည်က ဗြဟ္မဒတ် မင်းကြီးရဲ့ မဟိဠာမုခ မင်္ဂလာဆင်တော်ဟာ ယဉ်ကျေးလိမ္မာတဲ့ ဆင်ယဉ်တစ်စီး ဖြစ်ပါလျက် မိမိရဲ့ အနီးအနား ညဘက် ဆင်တင်းကုတ်မှာ လာရောက် စုဝေး တိုင်ပင်လေ့ရှိကြတဲ့ သူခိုးတွေရဲ့ ကြမ်းတမ်းတဲ့ အသံများကို မကြာမကြာ ကြားရဖန်များတဲ့အခါ မြင်မြင်သမျှ လူတွေကို ထိုးသတ်ချင်တဲ့ ဆင်ရိုင်းကြီး အဖြစ်သို့ ရောက်သွားရပါတယ်။ (ဇာတက၊ ၄၊ ၁။၂၀၁)

ဂိရိဒတ္တဇာတ်တော်မှာ အလွန်တရာ ကြန်အင်လက္ခဏာနဲ့ ပြည်စုံတဲ့ သာမဘုရင်မင်းမြတ်ရဲ့ ပဏ္ဍဝမည်တဲ့ မင်္ဂလာမြင်းတော်ဟာ ဂိရိဒတ္တ အမည်ရှိတဲ့ ခြေခွင်နေတဲ့ မြင်းထိန်းနဲ့ တာရှည်စွာ နေရလို့ အတုလိုက်ပြီး ပြုကျင့်တဲ့အတွက် ခြေခွင်တဲ့မြင်းဖြစ်သွားရပါတယ်။

(ဇာတက၊ ၄၊ ၁။၈၉)

ဒမိဝါဟနဇာတ်တော်မှာ အလွန်ချိုမြိန်ကောင်းမြတ်တဲ့ အနံ့ အရသာနဲ့ပြည့်စုံတဲ့ ဒမိဝါဟနမင်းကြီးရဲ့ အဗ္ဗန္တရသရက်ပင်ဟာ ခွေးတောက်ပင်

www.burmeseclassic.com

www.burmeseclassic.com



တမာပင်တွေနဲ့ ရောယှက်စိုက်ပျိုးလိုက်တဲ့အတွက် အသီးသီးတဲ့အခါ ချိုမြိန်ရာကနေ ခါးတဲ့ သရက်သီးတွေ သီးလာပါတယ်။

(ဇာတက၊ ၄၊ ၁။၉၂)

လူမိုက်တွေနဲ့ ပေါင်းဖော်ရတဲ့ သူတွေဟာ မိမိတို့ကိုယ်တိုင် လူမိုက်ဘဝသို့ ရောက်ကြရပြီး လူမိုက်တွေ ခံစားရတဲ့ ဆိုးပြစ်အမျိုးမျိုးကို ခံစားကြရပါတယ်။

ဘိန်းစား၊ အရက်သမား၊ မူးယစ်ဆေးဝါးသမား၊ လောင်းကစားသမားတွေနဲ့ ပေါင်းဖော်တဲ့သူတွေဟာ ဘိန်းစား၊ အရက်သမား၊ မူးယစ်ဆေးဝါးသုံးစွဲသူ၊ လောင်းကစားသမားဘဝသို့ ရောက်သွားကြပါတယ်။ ခိုးသူ၊ ဓားပြ၊ လူမိုက်၊ လူဆိုးတွေနဲ့ ပေါင်းဖော်တဲ့လူမိုက်တွေဟာ ခိုးသူ၊ ဓားပြ၊ လူဆိုး၊ လူမိုက်ဘဝသို့ ရောက်ကြရပြန်ပါတယ်။ ဒါ့ကြောင့် "မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ"-လို့ ပြောစမှတ် ပြုကြတာပါ။

ဤကဲ့သို့ လောကလူမိုက်တွေကို ရှောင်ကြဉ်ကြရမှာ ဖြစ်ပါ့တယ်။ လောကလူမိုက်ဆိုတာ ဒါလောက်ဆိုရင် သိနိုင်ပါပြီ။

**သံသရာဆိုတာ ဘာလဲ**

သံသရာဆိုတာ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး အကျိုးတရားများ လှည့်လည်ဖြစ်ပျက်နေတာကို သံသရာလို့ ခေါ်တယ်။ (ဥပစာနည်း)

အကြောင်းတရားမရှိဘဲ အကျိုးတရားမဖြစ်လို့ အကြောင်းတရားကို သံသရာလို့ ခေါ်တယ်။ (မုချနည်း)

## သံသရာ လူမိုက်

### မကောင်းတာကြံစည်က လူမိုက်ဖြစ်ရပုံ

အဘိဇ္ဈာဗျာပါဒမိစ္ဆာဒဿနဝသေန ဒုစိန္တိတစိန္တေသီ။ (ဥပရိ၊၄။၁၅၀။အံ၊၄၊၂။၇၁)

www.burmeseclassic.com

www.burmeseclassic.com



(က) **အဘိဇ္ဈာ။** အလိုကြီးတယ်၊ အလွန်လိုချင်တယ်၊ သူတစ်ပါးစည်းစိမ်ဥစ္စာတွေကို မြင်ရတဲ့အခါ "ဒီစည်းစိမ် ဥစ္စာတွေ ငါ့စည်းစိမ်ဥစ္စာဖြစ်ရင် ကောင်းမှာပဲ"လို့ မကောင်းတဲ့စိတ်ထား ဝိသမလောဘနဲ့ ကြံစည်တယ်။

လိုရင်းပြောရရင် တစ်လောကလုံးမှာရှိတဲ့ ပစ္စည်းဥစ္စာ ရတနာတွေကို ငါပိုင်ဖြစ်အောင် ဘယ်လိုနည်းနဲ့ လုပ်ရပါ့မလဲလို့ အမြဲတမ်း ကြံစည်နေတဲ့ လောဘဟာ လူမိုက် အစစ်အမှန်ဖြစ်တယ်။ အဲဒီ လောဘ ဆိုတဲ့ လူမိုက်နဲ့ မပေါင်းသင်းပါနဲ့၊ ရှောင်ကြဉ်ပါ။ လောဘ မဖြစ်အောင် နေရမှာဖြစ်ပါတယ်။(ဝိသမလောဘကို ဆိုလိုပါတယ်။)

(ခ) **ဗျာပါဒ။** သူတစ်ပါးကို ရန်ညိုးထားတယ်၊ သူတစ်ပါးကို နှိပ်စက်ညှဉ်းဆဲဖို့ အမြဲတမ်း စိတ်ထဲက ကြံစည်နေတယ်။ လိုရင်း တိုရှင်း ပြောရရင် ဒီလူတွေ မလှုပ်နိုင်အောင် ဘယ်လိုနည်းနဲ့ နှိမ်ထားလိုက်ရင် ကောင်းမလဲလို့ အမြဲတမ်းကြံစည်နေတဲ့ ဒေါသဟာ လူမိုက်ဖြစ်တယ်။ မပေါင်းသင်းပါနဲ့၊ ရှောင်ကြဉ်ပါ။ ဒေါသလူမိုက်နဲ့ မပေါင်းသင်းဘဲ ဒေါသမဖြစ်အောင် နေရမှာဖြစ်ပါတယ်။

(ဂ) **မိစ္ဆာဒိဋ္ဌိ။** မှားယူတယ်၊ မှားစွဲတယ်၊ မှားမြင်တယ်၊ မှားထင်တယ်။ မနောမှာ ဖြစ်တဲ့ကံ(၃)ပါး ဖြစ်ပါတယ်။

မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းရဲ့ အကြောင်းရင်းမူလကို ရှာလိုက်ရင် အသာဒဒိဋ္ဌိဖြစ်ပါတယ်။ အဿာဒဒိဋ္ဌိကိုပင် မိစ္ဆာဒိဋ္ဌိလို့ ခေါ်ပါတယ်။

အဿာဒဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ၊ ဒိဋ္ဌိဝိပတ္တိ၊ တာယ ဒိဋ္ဌိဝိပတ္တိယာ
သမန္နာဂတော ပုဂ္ဂလော ဒိဋ္ဌိဝိပန္နော။ (ပဋိသံ။ ၁၃၄)

အဿာဒဒိဋ္ဌိ၊ အဿာဒဒိဋ္ဌိသည်။ (ဝါ) မသာယာသင့်တာကို သာယာနေတဲ့ အယူသည်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ မည်၏။ (ဝါ)မှားသော အယူမည်၏။ (ဝါ) သက္ကာယဒိဋ္ဌိ မပြုတ်သေးသော အယူမည်၏။ ဒိဋ္ဌိဝိပတ္တိ၊ အယူပျက်စီးနေသောသူမည်၏။ (ဝါ) သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်မရှိသေးသောသူ မည်၏။

www.burmeseclassic.com

www.burmeseclassic.com



**ဒိဋ္ဌိဝိပတ္တီတိ** သမ္မာဒိဋ္ဌိဝိနာသကမိစ္ဆာဒိဋ္ဌိသင်္ခါတဒိဋ္ဌိယာ ဝိပတ္တိ။
(ပဋ္ဌိသံ၊ဌ၊ ၂။ ၄၇)

- မသာယာသင့်တာကို သာယာနေတဲ့ အယူဟာ မိစ္ဆာဒိဋ္ဌိအယူ ဖြစ်ပါတယ်။
- သက္ကာယဒိဋ္ဌိရှိနေတဲ့ သူရဲ့အယူဟာ မိစ္ဆာဒိဋ္ဌိအယူ ဖြစ်ပါတယ်။
- သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်မရှိသေးတဲ့သူရဲ့ အယူဟာ မိစ္ဆာဒိဋ္ဌိအယူ ဖြစ်ပါတယ်။

တာယ ဒိဋ္ဌိဝိပတ္တိယာ၊ ထိုအယူပျက်စီးခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဒိဋ္ဌိဝိပန္နော၊ အယူပျက်စီး နေသောသူမည်၏။ (ဝါ) အယူမမှန်သောသူမည်၏။

**ဒိဋ္ဌိဝိပန္နောတိ ဝိပန္နော ဝိနဋ္ဌော သမ္မာဒိဋ္ဌိ အဿာတိ ဒိဋ္ဌိဝိပန္နော။**

ဒိဋ္ဌိဝိပန္နော ပုဂ္ဂလော န သေဝိတဗ္ဗော န ဘဇိတဗ္ဗော န ပယိရုပါသိတဗ္ဗော။

ဒိဋ္ဌိဝိပန္နော၊ အယူပျက်စီးနေသော။ (ဝါ) အယူမမှန်သော။ (ဝါ) မိစ္ဆာဒိဋ္ဌိအယူရှိသော။ (ဝါ) သက္ကာယဒိဋ္ဌိ မပြုတ်သေးသော။(ဝါ) သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကို မရသေးသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ န သေဝိတဗ္ဗော၊ မမှီဝဲအပ်။ (နသေဝိတဗ္ဗောတိ ဉပသင်္ကမနေန။ ပဋ္ဌိသံ၊ ဌ၊၂။၄၇) နဘဇိတဗ္ဗော၊ မချဉ်းကပ်အပ်။ (ဝါ) စိတ်ထဲကတောင် မချဉ်းကပ်အပ်။ (န ဘဇိတဗ္ဗောတိ စိတ္တေန။ ပဋ္ဌိသံ။ဌ၊၂။၄၇) န ပယိရုပါသိတဗ္ဗော၊ မဆည်းကပ်အပ်။ (ဝါ) အနီးအနားမှာတောင် မနေအပ်။ (နပယိရုပါသိတဗ္ဗောတိ၊ ဉပသင်္ကမိတွာ နိသီဒနေန။ ပဋ္ဌိသံ၊ ဌ၊၂။၄၇)

အဿာဒဒိဋ္ဌိရှိနေတဲ့ ပုဂ္ဂိုလ်၊ မိစ္ဆာဒိဋ္ဌိရှိနေတဲ့ပုဂ္ဂိုလ်၊ သက္ကာယဒိဋ္ဌိ မပြုတ်သေးတဲ့ ပုဂ္ဂိုလ်၊ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်မရသေးတဲ့ ပုဂ္ဂိုလ်၊ သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိရှိနေတဲ့ ပုဂ္ဂိုလ်ကို မမှီဝဲနှင့်၊ မချဉ်းကပ်နှင့်၊ မဆည်း

www.burmeseclassic.com

www.burmeseclassic.com



ကပ်လေနှင့်။ စိတ်ထဲကတောင် မမှီဝဲ မဆည်းကပ်ပါလေနှင့်။ မှီဝဲဆည်းကပ်ဖို့ မပြောနဲ့၊ အနီးအနားမှာတောင် မနေပါနှင့်တဲ့။

တံ ကိဿ ဟေတု၊ ဒိဋ္ဌိ ဟိဿ ပါပိကာ။

(ပဋိသံ။ ၁၃၄)

တံ၊ ထိုမမှီဝဲ မဆည်းကပ်ရခြင်းသည်။ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်ပါနည်း။

အဲဒီအယူပျက်စီးနေတဲ့ ပုဂ္ဂိုလ်ကို မှီဝဲရင်၊ ချဉ်းကပ်ရင်၊ ဆည်းကပ်ရင် ဘယ်လိုများ ဖြစ်တတ်ပါသလဲ။ မမှီဝဲ၊ မဆည်းကပ်ရတဲ့အကြောင်းက ဘယ်လိုလဲလို့ မေးစရာရှိနေပြန်ပါတယ်။

အဿ၊ ထိုပုဂ္ဂိုလ်၏။ ဒိဋ္ဌိ၊ မှားနေတဲ့အယူသည်။ (ဝါ) အဿာဒဒိဋ္ဌိ သက္ကာယဒိဋ္ဌိ စတဲ့အယူသည်။ ဟိယသ္မာ၊ အကြင့်ကြောင့်။ ပါပိကာ၊ ယုတ်မာသည်။ (ဝါ) အပါယ်လေးဘုံးသို့ ကျရောက်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။

အဿဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ စတဲ့ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိရှိတဲ့သူတို့ရဲ့ အယူဟာ ယုတ်ညံ့လို့ မမှီဝဲမဆည်းကပ်ပါနဲ့တဲ့။ အဿာဒဒိဋ္ဌိဆိုတာ ဘယ်လိုဟာလဲ၊ ဘယ်လိုယူနေတဲ့ အယူကို အဿာဒဒိဋ္ဌိအယူလို့ခေါ်သလဲ၊ ဘယ်လိုယူထားလို့ အဿာဒဒိဋ္ဌိ အယူဟာ မိစ္ဆာဒိဋ္ဌိအယူဖြစ်ပါသလဲလို့ မေးစရာရှိလို့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ မိန့်ဆိုထားခြင်း ဖြစ်ပါတယ်။

ယံ ရူပံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ "အယံ ရူပဿ အဿာဒေါ" တိ အဘိနိဝေသပရာမာသော ဒိဋ္ဌိ။

(ပဋိသံ၊၁၃၄)

ရူပံ၊ အဆင်းမျိုးစုံ ရူပါရုံကို။ ပဋိစ္စ၊ စွဲမှီသမှု အကြောင်းပြု၍။ (ရူပံ ပဋိစ္စာတိ ရူပက္ခပဋိစ္စံ။ ပဋိသံ၊ဋ္ဌ၊၂၄၇) ယံ သုခံ၊ အကြင်ကိုယ်၏ ချမ်းသာခြင်းသုခသည် လည်းကောင်း။ ယံ သောမနဿံ၊ အကြင်စိတ်၏ ချမ်းသာခြင်း သောမနဿသည် လည်းကောင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဥပ္ပဇ္ဇတိ သုခံ သောမနဿ န္တိ အယံ မေ ကာယော ဤဒိသော" တိ ရူပသမ္ပဒံ နိဿာယ ဂေဟဿိတံ ရာဂသမ္ပယုတ္တံ သုခံ သောမနဿံ ဥပ္ပဇ္ဇတိ ဟေဋ္ဌာ ဝုတ္တေနနယေန သုခဉ္စ သောမနဿဉ္စ။ (ပဋိသံ၊ ၄၊၂။၄၇)

အယံ၊ ဤရုပ်ကိုမှီ၍ဖြစ်သော သုခသောမနဿသည်။ ရူပဿ၊ ရုပ်၏။ အဿာဒေါ၊ သာယာဖွယ်တည်း။ (ဝါ)တဏှာဖြင့် သာယာနေခြင်း ပါပေတည်း။

တံ ဟိ သုခံ တဏှာဝသေန အဿာဒီယတိ န ပရိဘုဉ္ဇီယတီတိ အဿာဒေါ။ (ပဋိသံ၊ ၄၊ ၂။ ၄၇)

ဣတိ၊ ဤသို့။ အဘိနိဝေသပရာမာသော၊ အဿာဒဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ဖြင့် နှလုံးသွင်းလျက် မှားသောအားဖြင့် သုံးသပ်ခြင်းသည်။ ဒိဋ္ဌိ၊ ဒိဋ္ဌိမည်၏။(ဝါ) အဿာဒဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိမည်၏။

**အဘိနိဝေသပရာမာသော ဒိဋ္ဌိတိ** သော အဿာဒေါ သဿတောတိ ဝါ ဥပစ္ဆိဇ္ဇိဿတိ ဝါ သဿတံ ဝါ အတ္တာနံ သုခိတံ ကရောတီတိ ဝါ အဘိနိဝေသပရာမာသော ဟောတိ။

(ပဋိသံ၊၄၊၂။၄၇)

## သံသရာလူမိုက်ကို မပေါင်းသင်းဘဲ ပယ်သတ်လိုက်ပုံ

(ဓမ္မပဒ၊၄၊၂။၁၅၀)

**လိုရင်းအချုပ်။** မြတ်စွာဘုရားရှင်ဟာ ဗာရာဏသီမြို့ဝန်းကျင် ကုက္ကိုပင်တစ်ပင်ရဲ့အနီးမှာ သီတင်းသုံးနေတော်မူပါတယ်။ ထိုအခါ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးက လူပေါင်းများစွာဟာ နဂါးမလေးရဲ့သီချင်း အဓိပ္ပာယ်ကို ဖြေဆိုဖို့ စုဝေးရောက်ရှိလာကြပါတယ်။ ဒီအခါ မြတ်စွာဘုရားနဲ့ မနီးမဝေးမှာ နဂါးမလေးရဲ့ သီချင်းကို ဖြေဆိုဖို့ ရောက်လာတဲ့ ဥတ္တရလုလင်ကို မြင်တော်မူပြီး -

www.burmeseclassic.com

www.burmeseclassic.com



ဥတ္တရ၊ နာဂမယ်ရလိုရေးနှင့် အရေးတကြီးသုတ်သီးသုတ်ပြာ ဖြေဆိုမဟဲ့လို့ လာတဲ့ ဥတ္တရလုလင်။ တွဲ၊ သင်သည်။ ဇဟိ၊ ခတ်သုတ်သုတ် လှမ်း၍ အမြန်လာခဲ့စမ်းပါလော့။

ချစ်သားဥတ္တရ၊ သင်ဘယ်ကိုသွားမလို့လဲ။

ဧရကပတ္တနဂါးမင်းကြီးရဲ့သမီး နဂါးမလေးရဲ့ သီချင်းအမိပ္ပာယ် ကို ဖြေဆိုဖို့ရာ သွားမလို့ လာခဲ့ပါတယ်ဘုရား။

သီချင်းအဖြေကို သင်သိပြီလား။

သိပါပြီဘုရား။

သိရင်ဖြေစမ်းပါ - လို့ မိန့်တော်မူပါတယ်။

ဖြေဆိုပြတဲ့အခါ မြတ်စွာဘုရားက-

သင်ဖြေဆိုတဲ့အဖြေဟာ ဂါထာသီချင်းရဲ့ အဖြေမှန်မဟုတ် သေးဘူး။ အဖြေမှန်ကို ငါဘုရားမိန့်တော်မူမယ်၊ နားထောင်-ဆိုပြီး သီချင်းရဲ့အမေး အဖြေဂါထာတို့ကို မိန့်တော်မူပါတယ်။

(၁) မေး။ ကိံသု အဓိပ္ပတိ ရာဇာ။ ဘယ်ဟာကို အစိုးရတာ မင်းလို့ ခေါ်ပါသလဲ။

(၁) ဖြေ။ ဆဋ္ဌဒွါရာဓိပ္ပတိ ရာဇာ။ ဒွါရ(၆)ပါးကို အစိုးရတာ မင်းလို့ ခေါ်ပါတယ်။

(၂) မေး။ ကိံသု ရာဇာ ရဇ္ဇိယသရော။ မင်းထက်မင်းဟာ ဘယ်လို မင်းကို ခေါ်ပါသလဲ။

(၂) ဖြေ။ ရဇ္ဇမာနော ရဇ္ဇိယသရော။ အာရုံ(၆)ပါးရဲ့အပေါ် တပ်မက်, နှစ်သက်,သာယာနေတဲ့ တဏှာနဲ့ ဒိဋ္ဌိတို့ဟာ စကြာဝ တေးမင်း၊ မန္ဒာတ်မင်းစတဲ့ မင်းတွေအားလုံးက အရှုံးပေး ရသဖြင့် မင်းထက်မင်းလို့ ခေါ်ဆိုပါတယ်။

(၃) မေး။ ကထံသု ဝိရဇော ဟောတိ။ မြူကြေးမတင် သန့်ရှင်းစင် ကြယ်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ခေါ်ဆိုပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



(၃) ဖြေ။ အရဋ္ဌံ ဝိရဇော ဟောတိ။ တဏှာ၊ ဒိဋ္ဌိ မရှိတဲ့သူကို သန့်ရှင်းစင်ကြယ်တဲ့ ပုဂ္ဂိုလ်လို့ ခေါ်ဆိုပါတယ်။

(၄) မေး။ ကထံ ဗာလောတိ ဝုစ္စတိ။ လူမိုက်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ခေါ်ပါသလဲ။

(၄) ဖြေ။ ရဋ္ဌံ ဗာလောတိ ဝုစ္စတိ။ တဏှာ၊ ဒိဋ္ဌိရှိနေတဲ့သူကို လူမိုက်လို့ ခေါ်ဆိုပါတယ်။

ဥတ္တရလုလင်ဟာ မိမိကိုယ်ကို လူမိုက်လို့ မြင်သွားပါတယ်။ (မျက်မြင် လူမိုက် မဟုတ်ပါ၊ ဉာဏ်မြင် လူမိုက်ဖြစ်ပါတယ်။) နဂါးမလေးရဲ့ ရုပါရုံအပေါ် တပ်မက် နှစ်သက် သာယာနေတာကို တွေးတွေးပြီး မနောထဲမှာ နဂါးမလေးရဲ့ ရုပါရုံပေါ်ပေါက်လာပြီး ဂင်္ဂါမြစ်တွင်းမှာရှိတဲ့ နဂါးမလေး အစစ်လို့ထင်နေတာဟာ ဆက်မှား သဿတဒိဋ္ဌိဖြစ်ပါတယ်။ (မရှိတဲ့ ရုပ်နဲ့ ရှိတဲ့ရုပ်(၂)ခုကို အတူထားပြီး ယူလို့ သဿတဒိဋ္ဌိ ဖြစ်ရပါတယ်။)

ဒိဋ္ဌိဂတသမ္ပယုတ်၊ ဒိဋ္ဌိနှင့်ယှဉ်တဲ့ လောဘဖြစ်ပါတယ်။ ဂင်္ဂါမြစ်တွင်းမှာရှိတဲ့ နဂါးမလေးရုပ်နဲ့ မနောမှာ ပေါ်လာတဲ့ နဂါးမလေးရုပ်ကို နှစ်ခုခွဲပြီး မြင်တော့မှ ဆက်မှား သဿတဒိဋ္ဌိပြုတ်သွားရပါတယ်။ ရှိတဲ့ရုပ်နဲ့ မရှိတဲ့ရုပ် (၂)မျိုးကို ဉာဏ်နဲ့ခွဲခြားပြီး ကွဲပြားအောင် သိသွားပါတယ်။ ဗီချင်းအဖြေဂါထာကို သင်ပေးနေရင်းနဲ့ပဲ အနတ္တဉာဏ်အမြင်မှန်၊ လောကီမဂ်ဉာဏ်ကနေ လောကုတ္တရာ သောတာပတ္တိ မဂ်ဉာဏ် အမြင်မှန်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားပါတယ်။ (မဂ်စိတ် ချုပ်ပြီး ဖိုလ်စိတ် ဖြစ်ပါတယ်။)

ဥတ္တရော ဣမံ ပဋိဂီတံ ဂဏှန္တောယေဝ သောတာပတ္တိဖလေ မတိဋ္ဌဟိ။ (ဓမ္မပဒ၊ ဋ္ဌ၊၂။၁၅၀)

**မှတ်ချက်။** သဿတဒိဋ္ဌိပြုတ်၍ မဂ်ဉာဏ်ဖြစ်ပုံကို အကျယ်သိလိုက ဒဿနသမ္ပဒါလမ်းပြကျမ်းမှာ ရှုပါလေ။

www.burmeseclassic.com

www.burmeseclassic.com



## မကောင်းတာပြောဆိုက လူမိုက်ဖြစ်ပုံ

မုသာဝါဒါဒိဘေဒံ ဒုဗ္ဘာသိတမေဝ ဘာသတိ။

(ဥပရိဋ္ဌ။၁၅၀။အံ၊ဋ္ဌ၊၂။၇၁)

(၁) မုသာဝါဒ ။ မဟုတ်မမှန်တာတွေ လိမ်ညာပြီး ပြောဆိုတယ်။

(၂) ပိသုဏဝါစာ ။ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်နှီးမှုဖြစ်နေတာကို ချစ်ခင်မှု ပျက်ပြားသွားအောင် ကုန်းချော ကုန်းတိုက်တယ်။

(၃) ဖရုသဝါစာ ။ စကားပြောတဲ့အခါ ဆဲရေးကြိမ်းမောင်း ငေါက်ငမ်းပြီး ကြမ်းကြမ်းတမ်းတမ်း ပြောဆိုတယ်။

(၄) သမ္ဖပ္ပလာပ ။ သိမ်ဖျင်းတဲ့စကား၊ အနှစ်မရှိတဲ့စကား၊ ဘာ အကျိုးမှ မရှိတဲ့ စကားတွေကို ပြောဆိုတယ်။

အဲဒီ ဝစီကံ(၄)ပါးထဲက တစ်ပါးပါးကို ပြောဆိုတဲ့သူကို လူမိုက်လို့ ခေါ်တယ်။

## မကောင်းတာပြုလုပ်က လူမိုက်ဖြစ်ပုံ

(ပါဏာတိပါတာဒိဝသေန ဒုက္ကဋကမ္မမေဝ ကရောတိ။

(ဥပရိ။ဋ္ဌ၊၁၅၀။ အံ၊ဋ္ဌ၊၂။၇၁)

(၁) ပါဏာတိပါတ။ သူတစ်ပါးအသက် သတ်ဖြတ်နေတယ်။

(၂) အဒိန္နာဒါန။ ပိုင်ရှင်က မပေးတဲ့ သူတစ်ပါးဥစ္စာကို ခိုးယူနေတယ်။

(၃) ကာမေသုမိစ္ဆာစာရ။ သူတစ်ပါးအိမ်ရာကို ကျူးလွန်နေတယ်။

အဲဒီ ကာယကံ(၃)ပါးထဲက တစ်ပါးပါးကို ပြုလုပ်နေတဲ့သူကို လူမိုက်လို့ ခေါ်တယ်။

ဒီလိုလူမိုက်များဟာ လောကမှာ ဘေးရန်ကင်းရှင်း၍ ချမ်းချမ်း သာသာနေရခြင်း၊ ဂုဏ်သတင်းပျံ့နှံ့၍ ကျော်စောခြင်း၊ အများချစ်ခင်

www.burmeseclassic.com

www.burmeseclassic.com



လေးစားမှုကို ခံရခြင်း၊ ပရိသတ်အလယ်၌ ကြောက်ရွံ့မှုမရှိ ရဲရင့်ခြင်း စတဲ့ ကောင်းကျိုးချမ်းသာ လောကီမင်္ဂလာများကို မရရှိနိုင်ကြပါ။ ယခု ဘဝမှာ လောကီဂုဏ်တွေ အထက်တန်းကျပြီး ဘယ်လောက်ပင် အဆင့်အတန်းမြင့်နေသော်လည်း တမလွန်လောကမှာတော့ လူနတ် စတဲ့ ချမ်းသာသုဂတိ ဘုံဘဝများကို ရရှိနိုင်ကြရန်မှာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။

ယခု ပစ္စုပ္ပန်ဘဝမှာလဲ မင်းပြစ်မင်းဒဏ်ခံရခြင်း၊ ဘေးရန် အသွယ်သွယ် အန္တရာယ်များပြားခြင်း၊ ဂုဏ်အသရေကင်းမဲ့ခြင်း၊ လူအများ၏ ကဲ့ရဲ့ ပြစ်တင်မှု ခံရခြင်းစတဲ့ ဆိုးကျိုးများကိုသာ ရတတ်ပါတယ်။ တမလွန် ဘဝမှာလဲ ကဲ့ရဲ့ပြစ်တင်မှုခံရခြင်း၊ အပါယ်ဆင်းရဲများကို ခံရခြင်း စတဲ့ မကောင်းကျိုးများကိုသာ ရတတ်ပါတယ်။

တမလွန်ဘဝမှာ လူမိုက်တွေရဲ့ သွားရာလမ်းခရီးဟာ-

အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ-

ဟူသော (ဥပရိပဏ္ဏာသ၊ ၂၀၃)အရ အပါယ်လေးဘုံသို့သာ မလွဲမသွေ ရောက်ကြရမည်မှာ ဧကန်အမှန် ဖြစ်ပါတယ်။ ဤကား လောက လူမိုက်နဲ့သံသရာလူမိုက်တို့ရဲ့ ပစ္စုပ္ပန်, တမလွန် နှစ်တန်သော ဘဝမှာ တွေ့ကြုံခံစားရမည်ကို ပြဆိုတဲ့ အချက်များ ဖြစ်ပါတယ်။

ဗာလာ န သေဝိတဗ္ဗာ၊ န ပယိရုပါသိတဗ္ဗာ။

(ခုဒ္ဒကပါဌ၊၄။ ၁၀၅။ သုတ္တနိ၊၄)

ဗာလာ၊ လောက သံသရာနှစ်ဖြာသော လူမိုက်တို့ကို။ န သေဝိတဗ္ဗာ၊ ရဟန်းရှင်လူ မည်သူမဆို မမှီဝဲအပ်ကုန်။ နပယိရုပါသိတဗ္ဗာ၊ ရဟန်းရှင်လူ မည်သူမဆို မဆည်းကပ်အပ်ကုန်။

လောကလူမိုက်၊ သံသရာ လူမိုက်တို့ကို ရဟန်းရှင်လူ မည်သူမဆို မမှီဝဲ မဆည်းကပ်ကြလေနှင့်။ ရှောင်ရမည် ဧကန်အမှန်ပင် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မမွမိဠာန်ကျကျ တရားကိုယ်ရှာက လူမိုက်အစစ် လောဘ ဒေါသဖြစ်"

လောဘ၊ ဒေါသ၊ ဒိဋ္ဌိ(၃)မျိုးဟာ အကြောင်းတိုက်ဆုံရင် မနေမှာ လူမိုက်အနေနဲ့ ပေါ်လာတယ်။ လူဆိုတဲ့ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ အကျိုးတရားကို လူမိုက်လို့ တင်စားပြီး ခေါ်ဆိုထား ပါတယ်။ (ဥပစာနည်း) လောဘ၊ ဒေါသ၊ ဒိဋ္ဌိ(၃)မျိုးဟာ လူမိုက်အစစ် အမှန်ဖြစ်တယ်။ (မုချနည်း)

လောဘဖြစ်စရာအာရုံနဲ့ တိုက်ဆုံလာတဲ့အခါ တပ်မက်တဲ့စိတ်တွေ လိုချင်တဲ့စိတ်တွေ ပစ္စည်းဥစ္စာ ပြည့်ပြည့်စုံစုံ လိုလေသေးမရှိ ကြွယ်ဝ ချမ်းသာတဲ့သူတွေ တွေ့မြင်ရတဲ့အခါ 'ဒီလိုချမ်းသာတဲ့ စည်းစိမ် ဥစ္စာတွေဟာ ငါပိုင်ဖြစ်ရင် ကောင်းမှာပဲ ငါပိုင်ဖြစ်အောင် ဘယ်လို လုပ်ရမလဲ'ဆိုတဲ့ ဝိသမလောဘ လူမိုက်ဟာ မနေမှာ ပေါ်လာတယ်။ ဒါကို လက်ခံထားရင် ပေါင်းသင်းနေရင် လောဘဆိုတဲ့ လူမိုက်ကို ပေါင်းသင်းနေတာဖြစ်တယ်။ မပေါင်းသင်းဖို့ လက်မခံဖို့ကို ရည်ရွယ်ပြီး မြတ်စွာဘုရားက "အသေဝနာ စ ဗာလာနံ"လို့ ဟောတော်မူပါတယ်။ နားလည်အောင်ပြောရရင် လောဘလူမိုက်နှင့် မပေါင်းသင်းပါနှင့်ဟု ဆိုလိုရင်း ဖြစ်ပါတယ်။

ဒေါသက မကျေနပ်ဘူး၊ ရန်ငြိုးထားတယ်၊ "ဒီလူကို ဘယ်လို နှိပ်စက်ရမလဲ၊ မလှုပ်နိုင်အောင် ဘယ်နည်းနဲ့ နှိမ်နင်းထားလိုက်ရင် ကောင်းမလဲ"လို့ အမြဲတမ်း မကောင်းတာကို ကြံစည်နေတဲ့ ဒေါသစိတ်ကို လက်ခံထားရင် ပေါင်းသင်းနေရင် လူမိုက်ကို ပေါင်းသင်း နေတာဖြစ်တယ်။ မနက်မိုးလင်းလာရင် သတိထားပါ။ မကျေနပ်တဲ့ ဒေါသစိတ် ပေါ်ပေါက် လာတတ်ပါတယ်။ အဲဒီ ဒေါသလူမိုက်ကို မပေါင်းသင်းဖို့ လက်ခံ မထားဖို့ကို ရည်ရွယ်ပြီး "အသေဝနာ စ ဗာလာနံ"လို့ ဟောတော် မူပါတယ်။

အကြောင်းတိုက်ဆိုင်တဲ့အခါ ပေါ်လာတဲ့အာရုံတွေကို အတ္တ လုပ်တယ်။ အတ္တလုပ်တယ်ဆိုတာ မိမိသဘောအတိုင်း မဖြစ်နိုင်တာကို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တယ်ထင်ပြီး အတ္တလုပ်တယ်။ အာရုံကို အတ္တ၊ နိစ္စ၊ ဓုဝ၊ သဿတလုပ်တယ်။ အနှစ်အသားရှိတယ်။ ခိုင်မာတယ်။ မြဲတယ်၊ ခိုင်ခံ့တယ်၊ အမြဲတည်နိုင်တယ်လို့ထင်တဲ့ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ စတဲ့ အမှားကို လက်ခံသိမ်းပိုက်ထားရင် ပေါင်းသင်းနေရင် အတ္တဒိဋ္ဌိ စတဲ့ လူမိုက်နဲ့ပေါင်းသင်းနေတာ ဖြစ်တယ်။ အတ္တဒိဋ္ဌိ စတဲ့ လူမိုက်ဖြစ်ပေါ် လာရင် လက်ခံမထားဖို့ မပေါင်းသင်းဖို့ ရည်ရွယ်ပြီး မြတ်စွာဘုရားက "အသေဝနာ စ ဗာလာနံ"လို့ ဟောတော်မူပါတယ်။

**မှတ်ချက်။** ဉာဏ်နဲ့ မြင်ရမယ့် လူမိုက်ဖြစ်ပါတယ်။ အကုသိုလ်စိတ် ၁၂-ပါးဆိုတဲ့ လူမိုက်ကို လက်ခံမထားရန် မပေါင်းသင်းရန် သတိပြုပါ။

## လိုရင်းအချုပ်

(၁) လောကလူမိုက်ကို ရှောင်ကြဉ်ရင် ကြီးပွားချမ်းသာမယ်၊ စိတ်ဆင်းရဲမှု မတွေ့ကြုံရဘူး၊ ချမ်းချမ်းသာသာ နေရမယ်။

(၂) သံသရာလူမိုက်ကို ရှောင်ကြဉ်ရင် အိုနာသေရေး ဒုက္ခ ဘေးနဲ့ အပါယ်(၄)ပါးမှ လွတ်ပြီး လောကုတ္တရာ ချမ်းသာသုခကို ရရှိကြမယ်။

## အနိစ္စဉာဏ် အမြင်မှန်က လူမိုက်အဖြစ်မှ လွတ်

စက္ခုနဲ့ ရူပါရုံ တိုက်ဆုံလို့မြင်တဲ့အခါ အဆင်းမျိုးစုံ ရူပါရုံကို မြဲတယ်၊ ခိုင်ခံ့တယ်၊ အမြဲတည်နိုင်တယ်၊ အမြဲတည်လိမ့်မယ်လို့ ထင်တဲ့ သဿတဒိဋ္ဌိ၊ ဖြစ်ပျက်လူမိုက် ဖြစ်ပေါ်လာပါတယ်။ ထိုအဆင်းမျိုးစုံ ရူပါရုံကို အမှန်အတိုင်းမြင်ဖို့ အရေးကြီးပါတယ်။

ဘယ်လို မြင်ရမလဲဆိုရင် မြဲတဲ့သဘောတရားမရှိဘူး။ မြဲတဲ့ သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ်နေပုံကို မြင်ရင် မြဲတယ်ထင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သဿတဒိဋ္ဌိ ဖြစ်ပျက်လူမိုက် ချုပ်သွားပါတယ်။ ခိုင်ခံ့တဲ့ သဘောတရား မရှိဘူး၊ ခိုင်ခံ့တဲ့ သဘောတရားမှ ကုန်ခမ်းသုံးဆိတ်နေတာကို ဉာဏ်နဲ့ မြင်ရင် ခိုင်ခံ့တယ်ထင်တဲ့ သဿတဒိဋ္ဌိ ဖြစ်ပျက် လူမိုက် ချုပ်သွားပါတယ်။ အမြဲတည်နိုင်တဲ့ သဘောတရားမရှိဘူး။ အမြဲ တည်နိုင်တဲ့ သဘောတရားမှ ကုန်ခမ်း သုဉ်းဆိတ်နေတာကို ဉာဏ်နဲ့မြင်ရင် အမြဲတည်နိုင်တယ်၊ အမြဲ တည်လိမ့်မယ်ထင်တဲ့ သဿတဒိဋ္ဌိ ဖြစ်ပျက် လူမိုက် ချုပ်သွားပါတယ်။ ချုပ်သွားတော့ ဘာမှ မရှိ မဟုတ်ဘူး။ အသင်္ခတရှိပါတယ်။ (အသင်္ခတ ဆိုတာ နဂိုက ရှိနေနှင့်တာ မဟုတ်ပါဘူး။ သင်္ခတချုပ်မှ အသင်္ခတ ဖြစ်တာပါ။)

သင်္ခတက လောဘ၊ ဒေါသ၊ သဿတဒိဋ္ဌိ စသည်တို့နဲ့ ပြုလုပ်ပေး တယ်။ အ က မရှိဘူး။ သဿတဒိဋ္ဌိ စသည်တို့နဲ့ ပြုလုပ်ပေးတာ မရှိတော့ ဘူး။ အဲဒါ အသင်္ခတလို့ခေါ်တဲ့ နိဗ္ဗာန်ဖြစ်ပါတယ်။ လောဘ၊ ဒေါသ၊ သဿတ ဒိဋ္ဌိ စတဲ့ သံသရာလူမိုက်တွေဟာ စိတ်အစဉ်မှ လွတ်မြောက်သွားတယ်။ ဒါဟာ လောကုတ္တရာချမ်းသာ အစစ်အမှန် ဖြစ်တယ်။

လောကတော ဥတ္တရန္တီတိ လောကုတ္တရာ။

(ပဋိသံ။ ၃၄၉)

အကြောင်းတရား လွတ်မြောက်သွားမှ လောကုတ္တရာ ဖြစ်ပါတယ်။ မလွတ်မြောက်သေးရင် လောကုတ္တရာ မဖြစ်သေးပါဘူး။

## (၂) ပဏ္ဍိတာနဉ္စ သေဝနာ။ (ခုဒ္ဒကပါဠိ။၃)

### ပဏ္ဍိတ (၂)မျိုး

| (လောကီ)ပဏ္ဍိတ | ပဏ္ဍိတ(လောကုတ္တရာ) |
|---|---|
| × × | × × |
| ကောင်းတာကြံ | မဂ္ဂင်(၈)ပါး |
| မှန်တာပြော | သစ္စာ(၄)၊ လက္ခဏာ(၃) |
| ဟုတ်တာလုပ် | မဂ်၊ ဖိုလ်၊ နိဗ္ဗာန် |
| × × | × × |
| (မျက်မှောက်ချမ်းသာရေး) | (မျက်မှောက်၊ တမလွန်ချမ်းသာရေး) |

www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဍိတာနံ၊ ဒုစရိုက်ပေါင်း ကင်းလွတ်ရှောင်းလျက် ကျိုးကြောင်းမြင်သိ ပညာရှိတို့ကို။ (ဝါ) လောကီ လောကုတ္တရာ နှစ်ဖြာကောင်းကျိုးချမ်းသာမျိုးတို့ကို နည်းညွှန်လမ်းပြ ဆိုဆုံးမနိုင်ရှသော ဆရာမြတ်တို့ကို။ ယာ သေဝနာ စ ၊ ဆရာအမှတ် မိတ်အမှတ်ဖြင့် အကြင်မှီဝဲဆည်းကပ်ပေါင်းသင်းဆက်ဆံရခြင်းသည်လည်းကောင်း။

ပညာရှိဆိုတာ ဘယ်လိုပညာရှိမျိုးကို "ပဏ္ဍိတ၊ ပညာရှိ" လို ခေါ်ဆိုရပါသလဲ။ လောကီမှာ ဘယ်လိုပညာရှိကို ပဏ္ဍိတ၊ လောကုတ္တရာမှာ ဘယ်လိုပညာရှိကို ပဏ္ဍိတလို့ ခေါ် ဆိုနိုင်ပါသလဲ။ လောကီ လောကုတ္တရာ နှစ်မျိုးခွဲခြားပြီးသိဖို့ အလွန်အရေးကြီးပါတယ်။

ဣဓ ဘိက္ခဝေ ပဏ္ဍိတော သုစိန္တိတစိန္တီ စ ဟောတိ သုဘာသိတဘာသီ စ သုကတကမ္မကာရီ စ။ (ဥပရိပဏ္ဏာသ။၂၀၈)

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဣဓ၊ ဤလောက၌။ ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ ပညာရှိသည်။ သုစိန္တိတစိန္တီ စ၊ ကောင်းသော အကြံအစည်ကိုသာ ကြံစည်တတ် သည်လည်း။ ဟောတိ၊ ဖြစ်၏။ သုဘာသိတဘာသီ စ၊ ကောင်းသော စကားကိုသာ ပြောဆိုတတ်သည်လည်း ။ ဟောတိ၊ ဖြစ်၏။ သုကတ ကမ္မကာရီ စ ၊ ကောင်းသောအလုပ်ကိုသာ ပြုလုပ်တတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

ကောင်းတာကို ကြံ၊ မှန်တာကို ပြော၊ ဟုတ်တာကိုလုပ်တဲ့ သူဟာ ပဏ္ဍိတ-ပညာရှိ ဖြစ်ပါတယ်။

> တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ပဏ္ဍိတော ဝေဒိတဗ္ဗော။ ကတမေဟိ တီဟိ? ကာယသုစရိတေန ဝစီသုစရိတေန မနောသုစရိတေန။ (အံ၊၁။ ၁၀၀)

ဘိက္ခဝေ၊ အို ချစ်သားတို့။ တီဟိ ဓမ္မေဟိ၊ သုံးပါးသော တရားတို့နှင့်။ (ဝါ) ကောင်းတာကြံ၊ မှန်တာပြော၊ ဟုတ်တာလုပ်တဲ့ တရားသုံးမျိုးတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူကို။ ပဏ္ဍိတော၊ ပညာရှိဟူ၍။

www.burmeseclassic.com

www.burmeseclassic.com



ဝေဒိတဗ္ဗော၊ သိအပ်၏။ (ဝါ) သတိချပ်၍ အသိအမှတ်ပြုအပ်၏။ ကတမေဟိ၊ အဘယ်မျှလောက် ကုန်သော။ တီဟိ ဓမ္မေဟိ၊ တရားသုံးပါးတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူကို။ ပဏ္ဍိတော၊ ပညာရှိဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်ပါသနည်း။

## သူစရိုက် (၁၀) ပါး

**မနောသုစရိုက်(၃)ပါး**

(၁) အနဘိဇ္ဈာ။ အလိုမကြီးဘူး၊ ရသလောက်နှင့် ရောင့်ရဲ တင်းတိမ်နိုင်တယ်၊ သူတစ်ပါးရဲ့ စည်းစိမ်ဥစ္စာကို မတပ်မက်ဘူး၊ သူတစ်ပါးရဲ့ စည်းစိမ်ဥစ္စာကို ငါရဲ့ စည်းစိမ်ဥစ္စာဖြစ်ရင် ကောင်းမှာပဲလို့ မကောင်းတဲ့ စိတ်ထားနဲ့ ဘယ်အခါမှ မကြံစည်ဘူး။

(၂) အဗျာပါဒ။ သူတစ်ပါးကို ရန်ငြိုးမထားဘူး။ သူတစ်ပါးကို နှိပ်စက်ညှင်းဆဲလိုတဲ့ အလိုဆန္ဒမရှိဘူး၊ ဒီလူတွေ မလျှပ်နိုင်အောင် ဘယ်လိုနှိမ်နင်းထားလိုက်ရင် ကောင်းမလဲဆိုတဲ့ ယုတ်မာတဲ့ စိတ်ထားနဲ့ ဘယ်အခါမှ မကြံစည်ဘူး။

(၃) သမ္မာဒိဋ္ဌိ။ မှန်ကန်တဲ့ အယူရှိတယ်။ လောကီကိစ္စ အဝဝ တို့ရဲ့ အပေါ် အမှားအမှန်ကို ဝေဖန်သုံးသပ်ပြီး ဆုံးဖြတ်နိုင်တဲ့ ဉာဏ်အားလည်း ရှိတယ်။ “လောကီပဏ္ဍိတ (ပညာရှိ)”

ဒီမနောကံသုံးပါး လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းတဲ့ပုဂ္ဂိုလ်ကို (ပဏ္ဍိတ) လောကီပညာရှိ လို့ ခေါ်ပါတယ်။

**ဝစီကံ(၄)ပါး**

(၁) မုသာဝါဒဝိရတီ။ မဟုတ်တာ၊ မမှန်တာကို လိမ်ညာပြီး ပြောလေ့မရှိဘူး။ ဟုတ်တာမှန်တာကိုပဲ အမှန်အတိုင်း ပြောဆိုလေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ပိသုဏဝါစာဝိရတီ။ တစ်ဦးနဲ့တစ်ဦး ချစ်ခင် ရင်နှီးမှု ပျက်ပြားသွားအောင် ကုန်းတိုက် ကုန်းချောစကား ဘယ် အခါမှ မပြောဆိုဘူး။

(၃) ဖရုသဝါစာဝိရတီ။ စကားပြောရင် ဆဲရေးကြိမ်းမောင်း ငေါက်ငန်း ကြမ်းတမ်းတဲ့ စကားကို ဘယ်အခါမှ မပြောဆိုဘူး၊ ယဉ်ကျေးသိမ်မွေ့စွာ နားဝင် ချိုအောင် ပြောဆိုပါတယ်။

(၄) သမ္ဖပ္ပလာပဝိရတီ။ သိမ်ဖျင်းတဲ့စကား၊ အနှစ်မရှိတဲ့စကား၊ အကျိုး မရှိတဲ့ စကားကို ဘယ်အခါမှ မပြောဆိုဘူး။ အနှစ်သာရရှိ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးရှိတဲ့ စကားကိုသာ ပြောဆိုပါတယ်။

**ကာယကံ (၃)ပါး**

(၁) ပါဏာတိပါတဝိရတီ။ သူတစ်ပါးအသက်၊ သတ်ဖြတ်ခြင်း အလုပ်ကို မလုပ်ဘူး။ ကိုယ်ချင်း စာနာ သနားညှာတာတဲ့ မေတ္တာ၊ ကရုဏာ အမြဲတမ်း ရှိတယ်။

(၂) အဒိန္နာဒါနဝိရတီ။ ပိုင်ရှင်မပေးတဲ့ သူတစ်ပါးပစ္စည်းဥစ္စာ ခိုးယူတဲ့ အလုပ်ကို မလုပ်ဘူး။ ကိုယ် နှုတ်နဲ့ ကြည်ဖြူစွာ ပေးတဲ့ ပစ္စည်းဥစ္စာ ကိုသာ ယူလေ့ရှိတယ်။

(၃) ကာမေသုမိစ္ဆာစာရဝိရတီ။ သူတစ်ပါးအိမ်ရာကို မလွန်ကျူးဘူး။ (ပဏ္ဍိတပညာရှိ)

သ ခေါ သော ဘိက္ခဝေ ပဏ္ဍိတော ကာယေန သုစရိတံ စရိတွာ ဝါစာယ သုစရိတံ စရိတွာ မနသာ သုစရိတံ စရိတွာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။ (ဥပရိ။၁၀၀)

www.burmeseclassic.com

www.burmeseclassic.com



ပညာရှိပုဂ္ဂိုလ်များဟာ ကာယသုစရိုက်၊ ဝစီသုစရိုက်၊မနော သုစရိုက်တို့ကို ကောင်းစွာ ကျင့်ကြံ ထိမ်းသိမ်းစောင့်ရှောက်ကြပြီး၊ သေလွန်တဲ့အခါ နတ်ရွာသုဂတိဘဝသို့ ရောက်ကြရှပါတယ်။

(လောကီပဏ္ဍိတ၊ပညာရှိ)

**လောကုတ္တရာပဏ္ဍိတ (ပညာရှိ)**

လောကာ ဥတ္တရန္တီတိ လောကုတ္တရာ။ (ပဋိသံ၊ ၃၄၉)

လောကာ၊ သင်္ခါရလောကမှ။ ဥတ္တရန္တိ၊ လွန်မြောက်တတ် ကုန်၏။ ဣတိ၊ ထို့ကြောင့်။ လောကုတ္တရာ၊ လောကုတ္တရာ မည်ကုန်၏။

(တဏှာ၊ ဥပါဒါန်စသည်တို့မှ လွတ်၏။)

**ဒိဋ္ဌိပြုတ်**

**သင်္ခါရလောကမှ လွတ်မြောက်သွားပုံ**

| အကြောင်း | အကျိုး |
|---|---|
| × × | × × |
| (ဓမ္မာရုံ) | (ပရမတ္ထ) |
| (နိဗ္ဗာန်) | |
| အ+သင်္ခတ ← သင်္ခတ+ဒိဋ္ဌိ | ရူပရုံ → မင်္ဂဉာဏ် |
| မရှိ၊ ပြုလုပ်မှု (နိစ္စ၊ဓုဝ၊သင်္ခတ) | သဒ္ဒါရုံ (အမှန်မြင်တဲ့ဉာဏ်) |
| ဥပါဒါန်၊ ကံ၊ သင်္ခါရ | (ပ) |
| အဝိဇ္ဇာ | ဖောဋ္ဌဗ္ဗာရုံ |
| × × | × × |
| ဖြစ် + ပျက် | ဖြစ် + ပျက် |
| ခယဠ အနိစ္စ | ခယဠ အနိစ္စ |

www.burmeseclassic.com

www.burmeseclassic.com



## တိုရှင်း လိုရင်း အကျဉ်းချုပ်

မနက်မိုးလင်းလို့ မျက်စိနှစ်လုံးပွင့်ရင် အဆင်းမျိုးစုံ ရူပါရုံ အမျိုးမျိုးတွေကို မြင်တွေ့ရတဲ့အခါ ထိုအဆင်းမျိုးစုံ ရူပါရုံကို သဿတဒိဋ္ဌိက မြဲတယ်၊ ခိုင်ခံ့တယ်၊ အမြဲတည်နိုင်တယ်၊ မပျက်စီးနိုင်ဘူးလို့ ထင်တယ်၊ ဥပါဒါန်က မြဲတယ်၊ ခိုင်ခံတယ်၊ အမြဲတည်နိုင်တယ် ထင်ပြီး စွဲတယ်။ သဿတဒိဋ္ဌိနဲ့ ဥပါဒါန်တို့ ထပ်ထပ်ပေါ်လာအောင် ကံနဲ့သင်္ခါရက ပြုလုပ်ပေးတယ်။ မြဲတဲ့ သဘောတရား၊ ခိုင်ခံ့တဲ့ သဘောတရား၊ အမြဲတည်နိုင်တဲ့ သဘောတရား မရှိဘူးလို့ အမှန်မမြင်နိုင်တာက အဝိဇ္ဇာဆိုပြီး အကြောင်းတရား (၅)ပါး ဖြစ်နေပါတယ်။

## ခယဋ္ဌ အနိစ္စအနေနဲ့ ရှုမြင်လိုက်ပါ

အဆင်းမျိုးစုံ ရူပါရုံဟာ မြဲတဲ့သဘောတရား မရှိဘူး၊ မြဲတဲ့သဘောတရားမှ ကုန်ခန်း သုဉ်းဆိတ်နေတာကို ဉာဏ်နဲ့မြင်ရင် မြဲတယ်ထင်တဲ့ သဿတဒိဋ္ဌိ ဖြစ်ပျက်ဆုံးသွားပါတယ်။ ခိုင်ခံ့တဲ့ သဘောတရားမရှိဘူးလို့ မြင်တော့ ခိုင်ခံ့တယ်ထင်တဲ့ သဿတဒိဋ္ဌိ ဖြစ်ပျက်ဆုံးသွားပါတယ်။ အမြဲတည်နိုင်တဲ့သဘောတရား မရှိဘူးလို့ မြင်တော့ အမြဲတည်လိမ့်မယ်ထင်တဲ့ သဿတဒိဋ္ဌိ ဖြစ်ပျက်ဆုံးသွားပါတယ်။

သဿတဒိဋ္ဌိ ဖြစ်ပျက်ဆုံးသွားတဲ့နေရာမှာ အသခ်တလို့ ခေါ်တဲ့ နိဗ္ဗာန်တော်မြတ်ကြီးကို မဂ်ဉာဏ်နဲ့ မျက်မှောက်ပြုသွားပါတယ်။ (မှန်းဆအာရုံပြုနေရသေးရင် လောကီမဂ်။ မျက်မှောက်ပြုသွားရင် လောကုတ္တရာမဂ်လို့ ခေါ်ပါတယ်။)

သဿတဒိဋ္ဌိ၊ ဥပါဒါန်စတဲ့ အကြောင်းတရားငါးပါး ဖြစ်ပျက်နေတဲ့ သင်္ခါရလောကမှ လွတ်မြောက်သွားပါတယ်။ (ဒသနသမ္ဘဒါ လမ်းပြကျမ်းမှာ အကျယ်ပြဆိုခဲ့ပြီး ဖြစ်ပါတယ်။) ဒါကို လောကုတ္တရာပဏ္ဍိတပညာရှိလို့ ခေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အရိယသစ္စာဖြင့် ကြည့်၍ ရုပ်ရုံကို အမှန်သိမြင်

အင်မတန် အဆင်းလှပ သဘောကျစရာကောင်းတဲ့ ရုပ်ရုံကို မမြင်ရရင် နေလို့မရအောင် မကြည့်ရရင် နေလို့မရအောင် အစွဲ ဥပါဒါန်က နှိပ်စက်နေတာ ဒုက္ခ။ သစ္စာအမည်မထည့်ပါနှင့်ဦး။ သစ္စာဝင်တဲ့ အသိ ဉာဏ်ပေါ်မလာသေးဘူး။

ဥပါဒါနံ ဒုက္ခသစ္စံ။ (ပဋိသံ။ ၃၀၁)

ရုပ်ရုံကို စွဲတဲ့ အစွဲ ဥပါဒါန်က နှိပ်စက်နေတာဟာ အလိုလို အနှိပ်စက် ခံနေရတာလား။ စဉ်းစားဝေဖန်ကြည့်ပါ။ အကြောင်းမရှိရင် အကျိုးမဖြစ်ဘူး။ အကြောင်းက ဘာလဲ။ ဘယ်အကြောင်းကြောင့် ဖြစ်ရပါ သလဲ။

တဏှာ သမုဒယသစ္စံ။ (ပဋိသံ။ ၃၀၁)

တဏှာကြောင့် အစွဲဥပါဒါန်က နှိပ်စက်နေတယ်လို့ မြင်ရင် သစ္စာ ဝင်လာပါတယ်။ အနှိပ်စက်ခံနေရတဲ့ ဒုက္ခဟာ တဏှာကြောင့် ဖြစ်နေရတဲ့ ဒုက္ခပဲလို့ အမှန်အတိုင်းမြင်တော့မှ အရိယာဉာဏ်အမြင် ဒုက္ခသစ္စာ ဖြစ်လာပါတယ်။

တဏှာက အကြောင်း သမုဒယ။ အဲဒီ တပ်မက်နှစ်သက် သာယာတဲ့ တဏှာရှိနေ ဖြစ်နေသေးရင် ဒုက္ခ ထပ်ထပ်ဖြစ်မှာကို မြင်တော့ သစ္စာဝင် လာပြန်တယ်။ အရိယာဉာဏ်အမြင် သမုဒယသစ္စာ ဖြစ်ပါတယ်။

မြဲတယ်ထင်ပြီး စွဲတဲ့ ဥပါဒါန်၊ သာယာတဲ့ တဏှာ၊ စိတ် အစဉ်မှာ နှောင်ဖွဲ့နေတာ ရောဂ။ အစွဲဥပါဒါန်၊ သာယာတဲ့ စိတ်နဲ့ နှောင်ဖွဲ့မှု မရှိရင် နိရောဓ။ နှောင်ဖွဲ့မှု မရှိဘဲ လွတ်မြောက်သွားတာကို မြင်ရင် သစ္စာဝင်လာ တယ်။ နိရောဓသစ္စာ ဖြစ်ပါတယ်။

ဥဘိန္နမ္ပိ နိဿရဏံ နိရောဓသစ္စံ။ (ပဋိသံ ၃၀၁)

မဂ္ဂသစ္စာ = လမ်းမှန်ကို မြင်တယ်၊ မဂ္ဂင်(၈)ပါး။

နိရောဓပ္ပဇာနနာ မဂ္ဂသစ္စံ။ (ပဋိသံ။ ၃၀၁)

www.burmeseclassic.com

www.burmeseclassic.com



သာယာတဲ့စိတ်၊ အစွဲဥပါဒါန် ဖြစ်ပျက်ဆုံးသွားတဲ့နေရာမှာ ပေါ်လာတဲ့ အသင်္ခတလို့ခေါ်တဲ့ နိဗ္ဗာန်ကို အမှန်အတိုင်း မြင်လိုက်တယ်။ (မဂ်ဉာဏ်)

**မှတ်ချက်။** တဒင်္ဂ၊ ဝိက္ခမ္ဘနနဲ့ မြင်ရင် လောကီမဂ်၊
သမုစ္ဆေဒ မြင်ရင် လောကုတ္တရာမဂ်။

ပရိယတ္တိပညာ၊ ပဋိပတ္တိပညာ၊ ပရိယတ်မှ ပဋိပတ်ပညာများကို လောကုတ္တရာ ပဏ္ဍိတ=ပညာရှိလို့ ခေါ်ပါတယ်။

(၁) လောကီ(ပဏ္ဍိတ) ပညာရှိကို မှီဝဲဆည်းကပ်ရင် လောကမှာ ကြီးပွားချမ်းသာမယ်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်မယ်။ တောင့်တစရာ ကြောင့်ကြစရာမရှိလို့ ချမ်းချမ်းသာသာ နေရမယ်။

(၂) လောကုတ္တရာ(ပဏ္ဍိတ) ပညာရှိကို မှီဝဲဆည်းကပ်ရင် ယခု ပစ္စုပ္ပန်ဘဝမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်တဲ့ အထိ အကျိုးပေးနိုင်ပြီး တမလွန်ကျတော့လဲ အောက်တန်း သံသရာ အပါယ်လေးဘုံမှ လွတ်သွားရတယ်။ အလယ်တန်း သံသရာ လူ နတ်၊ အထက်တန်းသံသရာ ဗြဟ္မာ(၂၀)တို့မှ လွတ်မြောက်သွားရမှာ အမှန်ဧကန်ပင် ဖြစ်ပါတယ်။

## လောကလူမိုက်ကို ပေါင်းသင်း၍ ပျက်စီးရပုံနှင့် လောကပညာရှိကို မှီဝဲချဉ်းကပ်၍ ကြီးပွားချမ်းသာရပုံ

(ဇာတကဋ္ဌ၊ ၁၊၁၁၁။ အပဏ္ဏကဇာတ်)

ဒေဝဒတ်အလောင်း လှည်းကုန်သည်နှင့် ဘုရားအလောင်း လှည်းကုန်သည်ဟူ၍ ကုန်သည်နှစ်ဦးရှိကြရာ တစ်ဦးတစ်ဦးလျှင် နောက်လိုက်တပည့် လှည်းသား(၅၀၀)စီ ရှိကြပါတယ်။ တစ်နေ့မှာ ဒေဝဒတ်အလောင်း လှည်းကုန်သည်ဟာ ဝေးလံတဲ့အရပ်ဒေသ တိုင်းပြည်တစ်ပြည်သို့ ကုန်ရောင်း

www.burmeseclassic.com

www.burmeseclassic.com



ကုန်ဝယ်သွားရန် အကြံတစ်ခု ဖြစ်ပေါ်လာပြီး ခရီးထွက်ဖို့ ပြင်ဆင်လျက်ရှိပါတယ်။ အလားတူ ဘုရားလောင်းကုန်သည်ကလဲ တိုင်းပြည်တစ်ပြည်သို့ ကုန်ရောင်းကုန်ဝယ်သွားရန် အကြံတစ်ခုဖြစ်ပေါ်လာပြီး အရောင်းအဝယ် ခရီးထွက်ဖို့ ပြင်ဆင်လျက် ရှိနေပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် သွားကြမယ့် တိုင်းပြည်ချင်း တူနေပါတယ်။

ဒီသတင်းကို ဒေဝဒတ်အလောင်းလှည်းကုန်သည်ကြီး ကြားသွားရတဲ့အခါ ဘုရားလောင်းလှည်းကုန်းသည်ကြီးနဲ့အတူ သွားလိုတဲ့ဆန္ဒမရှိဘူး။ အကြံတူရင် ရန်သူလို့ သတ်မှတ်ထားတဲ့ ဒေဝဒတ် အလောင်းလှည်းကုန်သည်ကြီးက ဒီခရီးကို ဘယ်သူက အရင်သွားမလဲလို့ ဘုရားအလောင်းလှည်းကုန်သည်ကြီးထံ မေးမြန်းလိုက်ပါတယ်။ ဘုရားအလောင်းလှည်းကုန်သည်ကြီးက ဒေဝဒတ်အလောင်းကို စိတ်ကြိုက်ရွေးချယ်ဖို့ ပြောလိုက်ပါတယ်။ ထိုအခါ ဒေဝဒတ်အလောင်း လှည်းကုန်သည်ကြီးက ပထမဦးစွာ သွားဖို့ ရွေးချယ် ဆုံးဖြတ်လိုက်ပါတယ်။

## ခေါင်းဆောင်နှစ်ဦး၏ အကြံအစည်များ

(၁) ဒေဝဒတ်အလောင်း စဉ်းစားကြည့်တယ်။ ပထမဦးစွာသွားတဲ့သူဟာ နွားစာမြက် ဖောဖောသီသီ ရရှိနိုင်တယ်။ လှည်းသမားများစားသုံးရန် ဟင်းသီးဟင်းရွက်များ ဦးဦးဖျားဖျား စားသောက်ကြရမယ်။ လမ်းခရီးမှာ ရေတွင်းရေကန် ရေအိုင်များ ဖောဖောသီသီရှိကြပြီး ရေကောင်းရေသန့်များကို သုံးစွဲကြရမယ်။ နောက်မှရောက်သူများဟာ ရှုံ့ညွန်စတဲ့ရေနောက်များကိုသာ သုံးစွဲကြရမယ်။ ခရီးရောက်လို့ ကုန်ပစ္စည်းများရောင်းချတဲ့အခါ မိမိကြိုက်တဲ့ ဈေးနှုန်းတင်ပြီး ရောင်းချရင် အမြတ်အစွန်းများစွာရရှိနိုင်တယ်။

(၂) ဘုရားအလောင်းကုန်သည်ရဲ့ အတွေးအခေါ်မှာ ပထမဦးစွာသွားတဲ့သူဟာ မြက်ရင်းမြက်ကြမ်းများကိုသာ နွားစာကျွေးရမှာ ဖြစ်လို့ လူများလဲ ကြမ်းထော်နေတဲ့ ဟင်းသီးဟင်းရွက် အရင်းများကိုသာ ချက်ပြုတ်

www.burmeseclassic.com



စားသုံးကြရမယ်။ နောက်မှသွားတဲ့သူများမှာ ပထမသွားကြတဲ့သူများ ဆွတ်ခူးရိပ်ဖြတ်သွားတဲ့ အငုတ်များကနေ ပြန်ထွက်လာတဲ့ အတက်အညွန့် နုနုဖတ်ဖတ် အသီးအရွက်များကို စားသုံးကြရမယ်။

ရေများ ရှားပါးနေရင် ပထမသွားတဲ့သူတွေက ရေတွင်းများ တူးဖော်ကြပြီးဖြစ်လို့ အဆင်သင့် သောက်သုံးရုံပဲ ရှိမယ်။ လမ်းခရီးမှာ ဗွက်များ၊ ချိုင့်များ၊ ကျင်းများ၊ ချောက်များ ဖို့ပေးထားမယ်၊ မပြေပြစ်တဲ့ အတက်အဆင်းလမ်းများကို ပြေပြစ်အောင်ပြုလုပ်ထားမယ်၊ လမ်းမရှိသေးတဲ့ နေရာများမှာ လမ်းများဖောက်ထားကြမှာဖြစ်လို့ နောက်မှသွားတဲ့ သူတွေဟာ ရှေ့က သွားတဲ့သူများ ပြုပြင်ပြီးသားဖြစ်တဲ့ လမ်းဟောင်းအတိုင်း သွားရုံပဲ ရှိတယ်။ လမ်းဆုံးရောက်လို့ မိမိတို့ ကုန်ပစ္စည်းများရောင်းချတဲ့အခါ ရှေ့က ဈေးနှုန်းများသတ်မှတ်ကြပြီး ဖြစ်လို့ ပေါက်ဈေးအတိုင်း ရောင်းချရုံပဲ ရှိတယ်။ အခက်အခဲ ဘာမှ မရှိတော့ဘူး။

ပထမသွားတဲ့သူမှာ ပစ္စည်းအသစ် ဈေးနှုန်းအသစ်ဖြစ်နေလို့ ဈေးနှုန်းအနည်းအများကို ချိန်ဆပြောဆိုကြရမှာ ဖြစ်တယ်။ ဝယ်ယူကြတဲ့ သူများမှာလဲ ကုန်ပစ္စည်းအသစ် ဈေးနှုန်းအသစ်ဖြစ်နေလို့ ရဲရဲတင်းတင်း မဝယ်ရဲကြဘူး။ နောက်မှ ရောင်းတဲ့ ကုန်သည်များမှာတော့ ရှေ့က ပေါက်ဈေးအတိုင်း ရောင်းချရုံပဲ ရှိတော့လို့ ထိုက်သင့်သလို အမြတ်အစွန်း ရကြမှာဖြစ်တယ်။ စဉ်းစားဆင်ခြင် အမြော်အမြင်ချင်း မတူကြဘူး။

ဒါနဲ့ ဒေဝဒတ်အလောင်း ဦးဆောင်တဲ့ လှည်းကုန်သည်ငါးရာ တို့ဟာ ထွက်ခွာလာခဲ့ကြပါတယ်။ ထိုအခါ လမ်းအသစ်ဖောက်၊ လမ်းဖို့၊ တံတားခင်းစတဲ့ လမ်းကိစ္စနဲ့ ပတ်သက်တာမှန်သမျှကို လုပ်ဆောင်သွား ကြရပါတယ်။ နွားများလဲ မြက်အရင့် မြက်အကြမ်းများကိုသာ စားကြရ ပါတယ်။ လူများမှာလဲ ဟင်းသီးဟင်းရွက် အကြမ်းများကိုပဲ စားသောက်ကြ ရပြီး ရေမရှိတဲ့ လမ်းခရီးဖြစ်လို့ ရေတွင်းများတူးဖော်ပြီး သုံးစွဲကြရပါတယ်။

နောက်ဆုံးအဆင့် ရေမရှိတဲ့ သဲကန္တာရခရီးကို ဖြတ်ကျော်ပြီး သွားကြတဲ့အခါ ဘီလူးများက လူယောင်ဖန်ဆင်းပြီး လှည်းတစ်စီးနဲ့ တစ်စီး

www.burmeseclassic.com

www.burmeseclassic.com



ခရီးရင်ဆိုင်မောင်းနှင်လာတာကိုတွေ့ကြရပါတယ်။ လှည်းပေါ်က ယူယောင်ဖန်ဆင်းထားတဲ့ ဘီလူးများဟာ ဆံပင်နဲ့ အဝတ်များကို ရွှံ့စိုနေအောင်ဖန်ဆင်းထားကြပြီး ကြာရိုးကြာစွယ် ကြာပန်းများကို ကိုင်ဆောင်ကာ ဒေဝဒတ်အလောင်း လှည်းကုန်သည်ကြီးကို "ညဘက်က မိုးသည်းထန်စွာ ရွာသွန်းထားလို့ ရှေ့နား မလှမ်းမကမ်းရောက်ရင် ရေအိုင်ကြီးတစ်အိုင်ရှိပါတယ်။ အဲဒီရေအိုင်ကြီးမှာ မိမိတို့ ကိုယ်တိုင် သောက်သုံးခဲ့ကြပြီး ကြာရိုးကြာစွယ် ကြာပန်းများကိုလဲ ခူးယူလာခဲ့ကြပါတယ်"လို့ ပြောဆိုတဲ့အခါ လှည်းများကို မြန်မြန်ဆန်ဆန် မောင်းနှင်နိုင်အောင် လှည်းပေါ်မှာပါလာတဲ့ ရေအိုးများကို သွန်ပစ်ကြပြီး ရေအိုင်ကြီးသို့ ရောက်အောင် အမြန်မောင်းနှင်သွားကြဖို့ တိုက်တွန်းလိုက်ပါတယ်။

ဒီအခါ ဒေဝဒတ်အလောင်း လှည်းကုန်သည်ကြီးဟာ ဘီလူးများရဲ့ စကားကို မှန်,မမှန် မစဉ်းမစားမဆင်ခြင်နိုင်ဘဲ ယုံကြည်လက်ခံပြီး ပါလာတဲ့ ရေများကို အကုန်သွန်ပစ်ခိုင်းကာ လှည်းများကို ဆက်လက် မောင်းနှင်လာခဲ့ကြပါတယ်။ သဲကန္တာရခရီးသို့ သွားတဲ့ အခါ ညဘက်မှာ လှည်းမောင်းခရီးဆက်၊ နေ့ခင်းမှာ ရောက်တဲ့နေရာ စခန်းချ၊ ရွက်ထည်တဲများ ထိုးပြီး လူများ၊ နွားများ နားခိုလျက် ချက်ပြုတ် စားသောက်ကြကာ အနားယူ အိပ်စက်ကြရပါတယ်။ ညနေ နေအေးတဲ့အခါ တစ်ဖန် ခရီးဆက်လက် ထွက်ခွာသွားကြရပြန်တယ်။

ရေအိုင် ရေကန်ကြီးများ တွေ့နိုးတွေ့နိုးနဲ့ ဆက်လက် မောင်းနှင်လာကြရာ မနက် နေထွက်ချိန်အထိ ရေအိုင် ရေကန်များကို မတွေ့ကြရဘဲ ပူပြင်းခြောက်သွေ့နေတဲ့ သဲကန္တာရကြီးကိုပဲ တွေ့နေရလို့ ဆက်လက် မသွားနိုင်ကြတော့ဘဲ စခန်းချ ရပ်နားကြပါတယ်။ စားသောက်ဖို့ရာ ပဲများ ဆန်များပါသော်လဲ ရေမရှိလို့ ချက်ပြုတ် စားသောက်လို့ မရကြပါ။ "ထမင်းအသက်ခုနစ်ရက်, ရေအသက် တစ်မနက်"ဆိုတဲ့အတိုင်း နေမြင့် လာလေ ရေဆာလာလေ ဖြစ်ပြီး တစ်နေကုန် နေပူ၊ လေပူ၊ သဲပူ အရှိန်များ အကြား ရေငတ်တဲ့ ဒဏ်ကြောင့် လူတွေ၊ နွားတွေရဲ့ လက်ခြေတွေကို မပြောနဲ့တော့ လျှာနဲ့နှုတ်ခမ်းများတောင် မလှုပ်နိုင်လောက်အောင် ဖြစ်နေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အာခေါင်နဲ့ လျှာများ ခြောက်သွေ့ကွဲအက်လာပြီး စကား တစ်ခွန်းမျှပင် မပြောနိုင်ကြဘဲ အင်အားတွေ ကုန်ခမ်းလာပြီး မသေရုံတမယ် လှုပ်လှုပ်မျှပဲ ရှိနေကြပါတယ်။ ညဘက်မိုးချုပ်တဲ့အခါ ဘီလူးများစွာ ရောက်လာကြပြီး အသက်ငွေ့ငွေ့မျှသာ ရှိတော့ကြတဲ့ လူတွေ၊ နွားတွေကို အားလုံး အစိမ်းဝါးစားပြီး သွားကြပါတယ်။

**မှတ်ချက်။** ဒီနေရာမှာ လောကလူမိုက်ကို မှီဝဲဆည်းကပ်မိလို့ ချက်ချင်းလက်ငင်း ပစ္စည်းဥစ္စာများဆုံးရှုံးရုံတွင်မက အသက်ပါ သေကြေ ပျက်စီးကြရပါတယ်။ ဒါ့ကြောင့် လောက လူမိုက်ကို ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။ မရှောင်ကြဉ်ရင် ယခုပစ္စုပ္ပန်ဘဝမှာလဲ ဒုက္ခမျိုးစုံနဲ့ တွေ့ကြုံကြရပြီး သေတော့လဲ အပါယ်လေးပါးသို့ လားရောက်ကြရမှာ ဖြစ်ပါတယ်။

ဒေဝဒတ်အလောင်း ဦးဆောင်တဲ့ လှည်းကုန်သည်ငါးရာတို့ ထွက်ခွာသွားကြပြီးနောက် တစ်ပတ်လောက်အကြာမှာ ဘုရားလောင်း ဦးဆောင်တဲ့ လှည်းကုန်သည်ငါးရာတို့ ခရီးစတင်ထွက် ခွာလာကြပါတယ်။ ရှေ့က လှည်းကုန်သည်ငါးရာတို့ လမ်းဖောက် လမ်းပြင် လမ်းခင်းသွားကြပြီး ဖြစ်လို့ နောက်မှထွက်လာတဲ့ လှည်းကုန်သည်တွေအတွက် လမ်းဖြောင့် လမ်းကောင်းများ ဖြစ်သွားပါတယ်။ ဟင်းသီး ဟင်းရွက်များ အတက် ပြန်ပေါက်နေလို့ နွားများလဲ မြက်နုများကို စားကြရသလို လူများလဲ ဟင်းသီးဟင်းရွက်နုများကို စားသောက်ကြရပါတယ်။

ရေရှားပါးတဲ့ စခန်းများမှာ ရှေ့က လှည်းကုန်သည်များ တူးထားခဲ့တဲ့ ရေတွင်းများက ရေကို ခပ်ယူသုံးစွဲရုံပဲ ရှိပါတယ်။ နောက်ဆုံးအဆင့် သဲကန္တာရခရီးကို ဖြတ်ကျော်ပြီးသွားကြတဲ့အခါ ရေအိုးရေစည်များ အပြည့် ထည့်ပြီး ရေများကို အဖိတ်အစင်မရှိရအောင် စည်းကမ်းတကျ ခြိုးခြံ ချွေတာ သုံးစွဲကြဖို့ ခေါင်းဆောင်ဖြစ်တဲ့ ဘုရားလောင်း လှည်းကုန်သည်ကြီးက ညွှန်ကြားပြီး သဲကန္တာရခရီးကို ဖြတ်သန်းမောင်းနှင်လာကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နည်းအတူ ဘီလူးများဟာ လူယောင်ဖန်ဆင်းပြီး ပါလာသမျှ ရေများကို သွန်ပစ်ကြဖို့နဲ့ ရှေ့နားမှာ အလွန်ကြီးကျယ်တဲ့ ရေအိုင်၊ ရေကန်ကြီးများ အဆင်သင့်ရှိနေကြောင်းကို တိုက်တွန်း ပြောဆိုပါတယ်။ ထိုအခါ ဘုရားအလောင်းလှည်းကုန်သည်ကြီးက လှည်းများကို ရပ်ခိုင်းပြီး ချက်ချင်း အစည်းအဝေးတစ်ခု ပြုလုပ်ပါတယ်။ အစည်းအဝေးမှာ ရေသယ်ဆောင်လာရတဲ့ လှည်းသမားများက ရေအိုင်ရေကန်ကြီးကို အမြန်ရောက်ဖို့ ပါလာတဲ့ ရေများကို သွန်ပစ်ဖို့ ခွင့်တောင်းပြောဆိုကြပါတယ်။ ထိုအခါ ဘုရားလောင်းလှည်းကုန်သည်ကြီးက ဆိုဆုံးမစကား ပြောကြားပါတယ်။

"အမောင်တို့-

(၁) မိုးတိမ်မိုးသားများကို (၃)ယူဇနာကွာဝေးတဲ့ အရပ်က မြင်နိုင် ပါတယ်။

(၂) မိုးသက်လေပြင်းတိုက်ခတ်လာတာကို (၁)ယူဇနာ ကွာဝေးတဲ့ အရပ်က မြင်နိုင်ပါတယ်။

(၃) လျှပ်စီးလက်တဲ့ အရောင်များကို (၅)ယူဇနာကွာဝေးတဲ့ အရပ်က မြင်နိုင်ပါတယ်။

(၄) မိုးချုန်းသံများကို (၃)ယူဇနာ ကွာဝေးတဲ့အရပ်က ကြားနိုင် ပါတယ်။ (ဇာတက၊၌၁။၁၁၈)

မိမိတို့ ရှေ့ဆက်သွားမယ့် ခရီးလမ်းကို မျှော်မှန်းကြည့်လိုက်တဲ့ အခါ မိုးသားတိမ်တိုက်များကိုလဲ မတွေ့ရ၊ မိုးသက်လေပြင်း တိုက်ခတ် လာတာကိုလဲ မတွေ့ရ၊ လျှပ်စီးလက်တဲ့ အရောင်လဲ အနည်းငယ်မျှ မတွေ့ရ၊ မိုးချုန်းသံကိုလဲ မကြားရ။ သို့ဖြစ်၍ 'မိုးသည်းထန်စွာ ရွာသွန်းပြီး ရေအိုင်ကြီးများရှိနေတယ်'ဆိုတဲ့ စကားဟာ ယုံကြည်ရမယ့် စကား မဟုတ်ဘူး"လို့ ရှင်းပြပြီး မိမိက အမိန့်မပေးဘဲ ရေတစ်စက်ခန့်မျှ သွန်မပစ်ရ စသည်ဖြင့် ပြောဆိုပြီး ခရီးဆက်မောင်းနှင်လာကြပါတယ်။

အဲဒီနေ့ မိုးလင်းပိုင်းရောက်တဲ့အခါ သဲကန္တာရအလယ်မှာ လူရိုး၊ နွားရိုးများ ဖရိုဖရဲ ပြန့်ကျဲနေတဲ့ လှည်းဝိုင်းကြီးကို တွေ့ကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းဦးဆောင်တဲ့ လှည်းကုန်သည်များဟာ တန်ဖိုးရှိတဲ့ ပစ္စည်းများကို ရွေးချယ်ယူကြပြီး မိမိတို့လှည်းများပေါ် ပြောင်းရွှေ့ တင်ယူကြပါတယ်။ ညဘက်ရောက်လို့ မှောင်လာတော့ ဘီလူးများဟာ လူသားစားဖို့ ရောက်ရှိလာကြတဲ့အခါ အဲဒီလှည်းကုန်သည်များဟာ အစာအာဟာရများကို အားရတင်းတိမ်အောင် စားသောက်ထားကြလို့ အင်အားပြည့်ဖြိုးစွာနဲ့ ဓား၊ လှံ၊ လက်နက် စတာတွေကို ကိုင်စွဲပြီး စောင့်ရှောက်နေကြတဲ့အတွက် ဘီလူးများဟာ အနီးအနားတောင် မကပ်ရဲကြပါ။

ဘီလူးရန်မှ လွတ်မြောက်သွားကြတဲ့အခါ မိမိတို့ ရည်ရွယ်ထားတဲ့ တိုင်းပြည်သို့ ရောက်ရှိသွားကြပြီး ပါလာတဲ့ ကုန်ပစ္စည်းများကို ဈေးကောင်းကောင်းနှင့် ရောင်းချကာ မိမိတို့ နေရပ်ထံသို့ ပြန်လည် ရောက်ရှိလာကြပါတယ်။

လောကီပဏ္ဍိတ ပညာရှိကို မှီဝဲပေါင်းသင်းလို့ ယခုပစ္စုပ္ပန်ဘဝမှာ ဘေးရန်အန္တရာယ်ကင်းရှင်းပြီး ကြီးပွားချမ်းသာခြင်းသို့ ရောက်လျက် စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် နေကြရပါတယ်။

**မှတ်ချက်။** လောကီမှာ ချမ်းသာလိုရင် လောကီပဏ္ဍိတ ပညာရှိကို မှီဝဲဆည်းကပ်ပေါင်းသင်းရမှာ ဖြစ်ပါတယ်။

## အပဏ္ဏကဇာတ် လိုရင်း
## အကျဉ်းချုပ်

အဇာတသတ်မင်းဟာ ဒေဝဒတ်ကို မှီဝဲဆည်းကပ်မိလို့ လောကသံသရာနှစ်ဖြာသော အကျိုးတရားတွေ ဆုံးရှုံးသွားရပါတယ်။ ဥပ္ပတိဿနှင့် ကောလိတတို့ဟာ လောကုတ္တရာပညာရှိ အရှင်အဿဇိမထေရ်ကို မှီဝဲဆည်းကပ်ရလို့ မင်္ဂဖိုလ်ရသွားကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## တိုရှင်း လိုရင်း အကျဉ်းချုပ်

အရှင်သာရိပုတ္တရာအလောင်း ဥပတိဿကို အရှင်အဿဇိ မထေရ်က ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ ဆိုတဲ့ ဂါထာထက်ဝက်ကို ဟောရုံမျှနဲ့ အကြောင်းအကျိုး သဲသဲကွဲကွဲသိပြီး သစ္စာမြင်၊ လက္ခဏာဝင်လျက် သဿတဒိဋ္ဌိ အစွန်းနှစ်ပါး လွတ်ကာ သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားပါတယ်။

## အစွန်းနှစ်ပါးလွတ်၍ သောတာပတ္တိမဂ်ဖြစ်ပုံ

ဂါထာထက်ဝက် ဆုံးတဲ့အခါ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿက "အရှင်ခဏာလေးရပ်စမ်းပါဦးဘုရား၊ တပည့်တော် စဉ်းစားဝေဖန် စမ်းပါဦးမယ်ဘုရား"လို့ လျှောက်ထားပါတယ်။ အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်တယ်၊ အကြောင်းတရားမရှိရင် အကျိုးတရားမဖြစ်ဘူး ဆိုတာကို မှန်တယ်လို့ မြင်လာပါတယ်။
(အမြင်မှန် သမ္မာဒိဋ္ဌိဉာဏ်)

## ဥစ္ဆေဒဒိဋ္ဌိပြုတ်သွားပုံ

အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တယ်၊ အကြောင်းတရားမရှိရင် အကျိုးတရားမဖြစ်ဘူး၊ အကြောင်းတရားရှိသမျှ ကာလ ပတ်လုံး အကျိုးတရားဆက်ဖြစ်နေဦးမှာပဲလို့ မြင်လိုက်တာနဲ့ တစ်ပြိုင်နက် (သေပြီးရင် ဘာမှမဖြစ်တော့ဘူးဆိုတဲ့) ပြတ်မှား ဥစ္ဆေဒဒိဋ္ဌိ အယူ ပြုတ်သွား ပါတယ်။

## သဿတဒိဋ္ဌိပြုတ်သွားပုံ

အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တဲ့ နေရာမှာ အကြောင်းတရားဟာ ဟိုဘက်ဘဝ ခန္ဓအသစ် အကျိုးတရား သွားဖြစ်တာ မဟုတ် အကြောင်းတရားကြောင့်သာ အကျိုးတရား ဖြစ်ရတယ်။အကြောင်းနဲ့ အကျိုးမတူဘူးလို့ မြင်လိုက်တာနဲ့ ဆက်မှား သဿတဒိဋ္ဌိ ပြုတ်သွားပြန် ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုရှေ့ဂါထာထက်ဝက်ကို နာကြား လိုက်ရုံနဲ့ ဉပတိဿ သောတာပန်တည်ပြီးမှ အရှင်ဿဇိမထေရ်က နောက်ဂါထာထက်ဝက်ကို ဆက်ပြီး ဟောတော်မူပါတယ်။ လောကုတ္တရာ ပညာရှိ အရှင်အဿဇိ မထေရ်ကို မှီဝဲဆည်းကပ်ရလို့ အရှင်သာရိပုတ္တရာ့အလောင်း ဉပတိဿဟာ သောတာပတ္တိဖိုလ် တည်သွားရပါတယ်။ (လောကုတ္တရာပဏ္ဍိတ ပညာရှိ )

## ပညာရှိကို မှီဝဲချဉ်းကပ်၍ အရိယာ ဖြစ်သွားပုံ (ဣတိဝုတ်၊ ၄။၂၉ ခုဇ္ဇုတ္တရာအကျဉ်း)

တစ်နေ့သောအခါ မြတ်စွာဘုရားရှင်ဟာ ရဟန်းအပေါင်းခြံရံပြီး သုမနပန်းသည်ရဲ့ ပင့်လျှောက်ချက်အရ ထိုသုမနပန်းသည်ကြီးရဲ့အိမ်သို့ ကြွရောက်တော်မူပါတယ်။ ထိုအခါ သာမာဝတီမိဖုရားကြီးရဲ့ အလုပ်အကျွေး လူယုံတော်ဖြစ်တဲ့ ခုဇ္ဇုတ္တရာဟာ နေ့စဉ်နေ့တိုင်း ငွေရှစ်ကျပ်ကို ယူပြီး ပန်းဝယ်ဖို့ အဲဒီအိမ်ရောက်ရှိလာပါတယ်။

သုမနပန်းသည်ကြီးဟာ ခုဇ္ဇုတ္တရာကို မြင်တဲ့အခါ "အို့ဉတ္တရာ၊ ဒီနေ့ အမိအတွက် ပန်းများကို ခူးပေးဖို့ရာ မအားလပ်သေးပါ၊ အကျွန်ုပ်ဟာ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်များကို ဆွမ်းကျွေးဖို့ စီစဉ်နေရပါ တယ်၊ အမိလဲ ကူညီဝိုင်းဝန်းပြီး ပြုလုပ်ပေးစေလိုပါတယ်။ ဒီလိုပြုလုပ်ပေးတဲ့ ဝေယျာဝစ္စ ကုသိုလ်ကောင်းမှုဟာ အလုပ်အကျွေးဘဝမှ လွတ်မြောက် သွားစေပါလိမ့်မယ်" လို့ အကြံပေးစကား ပြောကြားပါတယ်။

ထိုအခါ ခုဇ္ဇုတ္တရာဟာ မိမိကို ကျွေးမွေးထားတဲ့ အစာ အာဟာရ များကို စားသောက်ပြီးနောက် ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ် တို့အား ဆွမ်းကျွေးဖို့စီစဉ်နေချိန်မှာ ဝေယျာဝစ္စများကို ကူညီဆောင်ရွက် ပေးပါတယ်။ ခုဇ္ဇုတ္တရာဟာ မြတ်စွာ ဘုရားရှင်ရဲ့ (ဉပနိသိန္နကထာ) အနီးသို့ ရောက်လာသူများအား ဟောကြားတော်မူတဲ့ တရားအားလုံးကို နှုတ်ငုံ ရအောင် ဆောင်ယူသူ ဖြစ်နိုင်ပါတယ်။ အနုမောဒနာတရားစကား နာကြားရတဲ့အခါ သောတာပတ္တိဖိုလ်မှာ တည်ပြီး သောတာပန် ဖြစ်သွားပါ

www.burmeseclassic.com



တယ်။ (ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာဒီနဝကထာ၊ မဂ္ဂကထာ တို့ကို ဟောကြားတော်မူလိုက်တဲ့အခါ ကြောင်းကျိုးကွဲ၊ လက္ခဏာမြင်၊ သစ္စာဝင်ပြီး သောတာပတ္တိဖိုလ်မှာ တည်သွားခြင်းဖြစ်ပါတယ်။)

(၁) ဒါနကထာ — စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းကြောင့် လူ့၊ နတ် စတဲ့ စည်းစိမ်ချမ်းသာများ ခံစားရပုံ အလုံးစုံကို အကျယ် ဟောတော်မူပါတယ်။

(၂) သီလကထာ — သီလဆောက်တည်ပြီး လုံခြုံအောင် ထိန်းသိမ်းခြင်းကြောင့် ဘယ်ဘုံ၊ ဘယ်ဌာန၊ ဘယ်ဘဝ ရောက်ရောက် အသက်ရှည် ကျန်းမာခြင်း စတဲ့ အကျိုးတရားများကို အကျယ် ဟောတော်မူပါတယ်။

(၃) သဂ္ဂကထာ — ဒါန၊ သီလကြောင့် နတ်ပြည် ရောက်ပုံ အလုံးစုံကို အကျယ် ဟောတော်မူပါတယ်။

ဒါနကထာ၊ သီလကထာ၊ သဂ္ဂထာများကို နာကြားရတော့ ခုဇ္ဇုတ္တရာ စဉ်းစားတယ် " အော် ငါ့မှာ ဒါနကမရှိ၊ သီလဆိုတာကလည်း နေ့တိုင်း ပန်းဖိုး(၄)ကျပ် (၄)ကျပ် ခိုးခိုးနေရတာဆိုတော့ နတ်ပြည် ရောက်ဖို့ဆိုတာ မလွယ်ကူတဲ့ကိစ္စပဲ "လို့ စဉ်းစားမိပြီး စိတ်ဓာတ်ကျသွားပါတယ်။ ထိုအခါ မြတ်စွာဘုရားက ဆက်လက် ဟောကြားတော်မူပါတယ်။

(၄)ကာမာဒီနဝကထာ — ဒါန၊ သီလကြောင့် နတ်ပြည် ရောက်ပုံ အလုံးစုံကို အကျယ် ဟောတော်မူပါတယ်။

ထိုအခါ ခုဇ္ဇုတ္တရာ စဉ်းစားပြန်တယ် " ဒါန၊ သီလကြောင့် နတ်ပြည်ရောက်တာတော့ မှန်တယ်၊ နတ်ပြည်ရောက်တော့လည်း အိုနာ

www.burmeseclassic.com

www.burmeseclassic.com



သေရေး ဒုက္ခဘေးကြီးတွေနဲ့ပါလား၊ ဘယ်ဘုံ ဘယ်ဌာန ဘယ်ဘဝ ရောက်ရောက် အအို အနာ အသေတွေနဲ့သာ အဆုံးသတ် သွားရဦးမှာပဲ၊ ဒါလဲ ဘာနှစ်သက်စရာရှိလို့လဲ " ဆိုပြီး ဘဝကို လိုချင်တဲ့စိတ် ကုန်သွားတယ်။ (တဒင်္ဂ၊ ဝိက္ခမ္ဘန ကုန်တယ်)။ ဒီတော့ မြတ်စွာဘုရားရှင်ဟာ ဆက်လက်ပြီး ဟောတော်မူပါတယ်။

(၁) မဂ္ဂကထာ — ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဆိုတဲ့ သစ္စာ (၄)ပါးကို ဟောတော်မူပါ တယ်။

ထိုအခါ ခုဇ္ဇုတ္တရာဟာ မိမိရရှိထားတဲ့ဘဝ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ရဲ့ ဆင်းရဲမျိုးစုံတွေကို မြင်လာပါတယ်။ (ဒုက္ခမြင်နေတယ်) "အဲဒီ ဒုက္ခမျိုးစုံတွေဟာ အလိုလိုရလာ ဖြစ်လာတာ မဟုတ်ဘူး။ မိမိရဲလိုချင်မှု (ဘဝတဏှာ)ကြောင့် ရလာတဲ့ ဖြစ်လာတဲ့ ဒုက္ခကြီးပါကလား"လို့ မြင်တောမှ သစ္စာဝင်လာပြီး အရိယာသိတဲ့ ဒုက္ခသစ္စာကို မြင်သွားပါတယ်။

ဒီလို လူချမ်းသာ နတ်ချမ်းသာစတဲ့ ဘဝမျိုးစုံကို လိုချင်တဲ့ စိတ်ဖြစ်နေ ရှိနေသေးရင် (သမုဒယ)၊ နောက်ထပ် ခန္ဓာအသစ် အသစ်တွေ ထပ်ထပ်ရဦးမှာပဲလို့ မြင်တော့ သစ္စာမြင်လာ ပြန်တယ်၊ အရိယာသိတဲ့ သမုဒယသစ္စာ ဖြစ်ပါတယ်။

လူချမ်းသာ စတဲ့ ဘဝမျိုးစုံကို လိုချင်တဲ့စိတ်နဲ့ နှောင်ဖွဲ့မှုရှိနေ သေးရင် ရောဓ၊ လိုချင်ဖြစ်ချင်တဲ့ စိတ်နဲ့ နှောင်ဖွဲ့မှုမရှိရင် နိရောဓ၊ ဘဝမျိုးစုံကို လိုချင်တဲ့စိတ် ဖြစ်ချင်တဲ့စိတ် ရချင်တဲ့စိတ် မရှိတော့ဘူးလို့ မြင်တော့မှ သစ္စာဝင်လာတယ်၊ အဲဒါ နိရောဓသစ္စာ ဖြစ်ပါတယ်။

ဘဝမျိုးစုံကို လိုချင် ဖြစ်ချင် ရချင်တဲ့စိတ် (ဘဝတဏှာ) ချုပ်သွားတဲ့ နေရာမှာ အသခ်တလို့ခေါ်တဲ့ (ပြုလုပ်မှုမရှိလို့ အေးတဲ့ နေရာ) နိဗ္ဗာန်ကို မြင်သွားပါတယ်။ (မျက်မှောက်ပြုသွားတာကို ဆိုပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com



## အကြောင်းတရား ချုပ်သွားပုံ

ခုဇ္ဇုတ္တရာမှာ ဘယ်အကြောင်းတရားတွေ ချုပ်သွားတာလဲ၊ ဘဝမျိုးစုံကို လိုချင် ဖြစ်ချင် ရချင်တဲ့ ဘဝတဏှာ၊ လိုချင်တော့ စွဲလမ်းတဲ့ ဥပါဒါန်၊ စွဲလမ်းတော့ ရအောင်ပြုလုပ်တဲ့ ကံနဲ့ သင်္ခါရ၊ ဒုက္ခရှမှာကို အမှန်အတိုင်း မမြင်နိုင်တဲ့ အဝိဇ္ဇာဆိုတဲ့ အကြောင်းတရား(၅)ပါး ချုပ်သွားပါတယ်။ (ဖြစ်ပျက် ဆုံးသွားတယ်။) သင်္ခတ ဖြစ်ပျက်ဆုံးသွားလို့ အသင်္ခတအစားထိုး ပေါ်လာတယ်၊ ဒါကို နိဗ္ဗာန်လို့ ခေါ်တယ်။

ခုဇ္ဇုတ္တရာဟာ ခါတိုင်းနေ့များမှာ ပန်းဖိုး(၈)ကျပ်ထဲက (၄)ကျပ်ဖိုးကိုပဲ ဝယ်ပြီး ကျန်တဲ့(၄)ကျပ်ကို ခိုးယူထားမြဲဖြစ်ပေမယ့် ဒီနေ့မှာတော့ လက္ခဏာယဉ်သုံးပါးနဲ့ သစ္စာလေးပါးတရားကို သိမြင်တဲ့ အရိယာဖြစ်သွားပြီဖြစ်လို့ သူတစ်ပါးဥစ္စာကို ခိုးယူလိုတဲ့စိတ် မရှိတော့ဘဲ ပန်းများကို (၈)ကျပ်ဖိုးလုံးဝယ်ယူပြီး သာမာဝတီမိဖုရားထံ ပြန်လာခဲ့ပါတယ်။

(သမာဝတီ) ဒီနေ့ ဘာဖြစ်လို့ ပန်းတွေအများကြီးရလာသလဲ၊ မင်းကြီးက ပန်းဖိုးတွေ တိုးပေးထားလို့နဲ့ တူတယ်။

(ခုဇ္ဇုတ္တရာ) မဟုတ်ပါဘူး၊ ဒီနေ့ မြတ်စွာဘုရားရဲ့တရားတော်ကို နာကြားခဲ့ရလို့ အမြိုက်တရား၊ နိဗ္ဗာန်တော်မြတ်ကြီးကို ရရှိလာခဲ့ပါတယ်၊ ဒါ့ကြောင့် ခါတိုင်းနေ့များလို ပန်းဖိုး (၈)ကျပ်ထဲက (၄)ကျပ် ခိုးယူထားခြင်းအမှု၊ လိမ်လည်ပြောဆိုမှုများ မရှိတော့ပါဘူး။

ထိုအခါ သာမာဝတီမိဖုရားကြီးနဲ့ အခြွေအရံငါးရာဟာ နိဗ္ဗာန်တရားတော်မြတ်ကို လက်ဖြန့်ပြီး ကိုယ်စီကိုယ်ငှ တောင်းယူကြပါတယ်။ နိဗ္ဗာန်တရားတော်မြတ်ဆိုတာ "ရော့ ယူတော့"ဆိုပြီး ပေးသလိုများ လက်ပေါ်တင်ပြီး ပေးလို့ မရပါဘူး။ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း အရှင်မတို့ကို ဟောကြားပါ့မယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဖို့ အရှေ့ကြောင်းရှိရင်လဲ အမြိုက် နိဗ္ဗာန်တရားတော်ကို ရသွားကြပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



(သာမာဝတီ) ဒါဖြင့် အမိဥတ္တရာ၊ ယခုပင် ဟောပြပါလော့။

(ခုဇ္ဇုတ္တရာ) မြတ်စွာဘုရားရဲ့ တရားတော်ကို နိမ့်တဲ့နေရာက နေပြီး မြင့်တဲ့နေရာမှာ ရှိနေတဲ့ အရှင်မတို့ကို ဟောပြခြင်းငှာ မထိုက်တန်ပါ။ (မဟောကောင်းပါ။) ကျွန်ုပ်အတွက် မြင့်တဲ့ နေရာမှာ ခင်းပေးပြီး အရှင်မ တို့က နိမ့်တဲ့နေရာက ထိုင်ပြီး နာယူရမှာဖြစ်ပါတယ်- လို့ ပြောဆိုပါတယ်။

ထိုအခါ သာမာဝတီမိဖုရားကြီးအမှူးရှိတဲ့ ရံရွေတော် ငါးရာတို့ဟာ ခုဇ္ဇုတ္တရာအတွက် မြင့်တဲ့နေရာမှာ ခင်ပေးပြီး မိမိတို့က နိမ့်တဲ့နေရာမှာ ထိုင်နေကြကာ တရားတော်ကို ရိုသေစွာ နာယူကြပါတယ်။ ခုဇ္ဇုတ္တရာဟာ (ပဋိသမ္ဘိဒါဉာဏ်ရတဲ့ သေက္ခသောတာပန် အရိယာဖြစ်ရကား) သေက္ခ ပဋိသမ္ဘိဒါဉာဏ်၌ တည်ပြီး သာမာဝတီအမှူးရှိတဲ့ ရံရွေတော် ငါးရာတို့ကို တရားဟောပြပါတယ်။

တရားဒေသနာ ဆုံးတဲ့အခါ သာမာဝတီမိဖုရားကြီးအမှူးရှိတဲ့ အလုံးစုံသော ရံရွေတော်ငါးရာတို့ဟာ သောတာပတ္တိဖိုလ်မှာ တည်ပြီး သောတာပန်တွေ ဖြစ်သွားကြပါတယ်။ ထိုအချိန်ကစပြီး ခုဇ္ဇုတ္တရာကို ဝေယျာဝစ္စအလုပ် မခိုင်းတော့ဘဲ "အမိဥတ္တရာ၊ မြတ်စွာဘုရားရဲ့ တရားတော်များကို သွားရောက်နာယူပါ။ ပြန်လာရင် တစ်ဆင့် ဟောပြပါ" လို့ တောင်းပန်ပြောဆိုကြပါတယ်။ ထိုအချိန်ကစပြီး ခုဇ္ဇုတ္တရာဟာ နေ့စဉ် နေ့တိုင်း မြတ်စွာဘုရားထံ သွားရောက်ပြီး တရားတော်များ နာယူ၍ ပြန်လာတဲ့အခါ သာမာဝတီ အမှူးရှိတဲ့ ရံရွေတော်ငါးရာတို့ကို တစ်ဆင့် ဟောကြားခြင်းကို ပြုလုပ်နေရပါတယ်။

မှတ်ချက်။ ပဏ္ဍိတာနန္ဒ သေဝနာ - အရ လောကုတ္တရာ ပညာရှိ ခုဇ္ဇုတ္တရာကို အမှီပြုပြီး သာမာဝတီအမှူးရှိတဲ့ ရံရွေတော် ငါးရာတို့ဟာ သောတာပတ္တိဖိုလ်မှာ တည်သွားကြရပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၃) ပူဇာ စ ပူဇနေယျာနံ။

(ခုဒ္ဒကပါဌ။၃)

### ပူဇာ(၂)မျိုး

| အာမိသပူဇာ | ဓမ္မပူဇာ |
|---|---|
| ဝိနည်းတော်အရ ပစ္စည်း(၄)ပါး | သတိပဋ္ဌာန်(၄)ပါး |
| သုတ္တန် နည်းအရ | သမ္မပ္ပဓာန်(၄)ပါး |
| ပန်း၊ နံ့သာ၊ ဆီမီ စသည် (၁၀)ပါး | (ပ) မဂ္ဂင် (၈)ပါး ဗောဓိပက္ခိယတရား (၃၇)ပါး |
| လူ နတ် ချမ်းသာ | မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာ |

ပူဇနေယျာနံ၊ ဂုဏဝုဍ္ဍိ ဝယဝုဍ္ဍိ ကျေးဇူးရှိနှင့် ရတနာသုံးပါး တရားလျှင်သူ စင်ဖြူစရိုက် ပူဇော်ထိုက်သော သူတို့ကို။ ပူဇာစ၊ ရိုသေသမှု ကောင်းစွာပြု၍ ကျွေးမွေးပေးကမ်း လှူဒါန်းပူဇော်ရခြင်းသည် လညီးကောင်း။

**ပူဇော်ထိုက်သူ**

ပူဇနေယျာ နာမ သဗ္ဗဒေါသဝိရဟိတတ္တာ သဗ္ဗဂုဏသမန္နာဂတတ္တာ ဗုဒ္ဓါ ဘဂဝန္တော၊ တတော ပစ္ဆာ ပစ္စေကဗုဒ္ဓါ အရိယသာဝကာစ။

(သုတ္တနိပါတဋ္ဌ၊ ၂။ ၁၄။ ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၀၉)

ဘုရား၊ တရား၊ သံဃာ၊ အရိယာသာဝက၊ ဆရာမိဘ၊ အစ်ကိုကြီး၊ အစ်မကြီး၊ ဦးကြီး၊ ဦးလေး၊ဒေါ်ကြီး၊ ဒေါ်လေး အစရှိတဲ့ သူတွေနဲ့ အသက် သိက္ခာ ဂုဏ်အားဖြင့် ကြီးမြင့်တဲ့ သူတွေကို ပူဇော်ရမှာ ဖြစ်ပါတယ်။

သာ စ အာမိသပူဇာဝ၊ ကော ပန ဝါဒေါ ပဋိပတ္တိပူဇာယ၊ ယတော ယေ ကုလပုတ္တာ သရဏဂမနေန သိက္ခာပဒပဋိဂ္ဂဟဏေန ဥပေါသထင်္ဂသမာဒါနေန စတုပါရိသုဒ္ဓိသီလာဒီဟိ စ အတ္တနော ဂုဏေဟိ ဘဂဝန္တံ ပူဇေန္တိ၊ ကော တေသံ ပူဇာယ ဖလံ ဝဏ္ဏယိဿတိ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၀၉။ သုတ္တနိပါတဋ္ဌ၊ ၂။၁၅)

www.burmeseclassic.com

www.burmeseclassic.com



## ပူဇော်ခြင်း(၂)မျိုး

၁။ အာမိသပူဇာ = ပစ္စည်းဝတ္ထုဖြင့် ပူဇော်ခြင်း၊

၂။ ပဋိပတ္တိပူဇာ = အကျင့်ဖြင့် ပူဇော်ခြင်း - ဟု ပူဇော်ခြင်း(၂)မျိုးရှိပါတယ်။

ပဋိပတ္တိပူဇာကို ဓမ္မပူဇာလို့လဲ ခေါ်ဆိုပါတယ်။

ပူဇာတိ သက္ကာရဂရုကာရ မာနနဝန္ဒနာ။

(သုတ္တနိပါတ၊ဌ၊၂။၁၀)

ပူဇော်တယ်ဆိုတာ ကောင်းစွာပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်းကို ဆိုလိုပါတယ်။

## (၁) အာမိသပူဇာ

ဝိနည်းအလို - ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး(၄)ပါး။

သုတ္တန်အလို - ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ခဲဖွယ်၊ အဖျော်၊ ရေချမ်း၊ ဆီမီး၊ ပန်း၊ နံ့သာ၊ အိပ်ယာ၊ နေရာ (၁၀)ပါး။

ဒီပစ္စည်းဝတ္ထုတွေနဲ့ ပူဇော်တာမျိုးကို အာမိသပူဇာလို့ ခေါ်ဆိုပါတယ်။

## (၂) ဓမ္မပူဇာ

ဘုရားရှင်ရဲ့ အဆုံးအမဖြစ်တဲ့ ပဋိပတ်ကို လိုက်နာ၊ ကျင့်ကြံ၊ အားထုတ် ကြည်ညိုနေတဲ့ သူတို့မှာ ဘုရားရှင်ကို အရိုအသေ အလေးအမြတ်ပြုနေကြတဲ့ သူတွေဖြစ်လို့ အလွန်မြတ်တဲ့ ပူဇော်ခြင်းဖြစ်ပါတယ်။ ဒါကို ဓမ္မပူဇာလို့ ခေါ်ဆိုပါတယ်။

ပဋိပတ္တိ ဓမ္မပူဇာယံ။ (ခုဒ္ဒကပါဌ၊ ဌ။၁၀၉)

## ပဋိပတ္တိပူဇာအကျယ်

(၁) ပါဏာတိပါတ စတဲ့ ဒုစရိုက်တရား(၁၀)ပါးကို ရှောင်ကြဉ်ပြီး ပါဏာတိပါတ ဝိရတီ စတဲ့ သုစရိုက်တရား(၁၀)ပါးကို-ကျင့်ကြံ အားထုတ်နေရခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၂) ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ၊ ပုညကိရိယဝတ္ထု (၁၀)ပါး မြတ်တရားတို့ကို အားထုတ်နေခြင်း။

(၃) သတိပဋ္ဌာန်(၄)ပါး၊ သမ္မပ္ပဓာန်(၄)ပါး၊ ဣဒ္ဓိပါဒ်(၄)ပါး၊ ဣန္ဒြေ (၅)ပါး၊ ဗိုလ်(၅)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ မဂ္ဂင် ၈-ပါး လို့ ဆိုတဲ့ ဗောဓိပက္ခိယတရား ၃၇-ပါးကို ကျင့်ကြံ အားထုတ် အလုပ်လုပ်နေခြင်းဟာ ပဋိပတ္တိဓမ္မပူဇာ မည်ပါတယ်။

## သမထ၊ ဝိပဿနာဖြင့် ပူဇော်ပုံ အကျဉ်းချုပ်

ယော ခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟရတိ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ ဂရုံ ကရောတိ မာနေတိ၊ အပစိယတိ ပရမာယ ပူဇာယ။ (ဒီ၊ ၂။၁၁၄)

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ယော ဘိက္ခု ဝါ၊ အကြင်ရဟန်းသည် လည်းကောင်း။ ယာ ဘိက္ခုနီ ဝါ၊ အကြင်ရဟန်းမသည် လည်းကောင်း။ ယော ဥပါသကော ဝါ။ အကြင်ဥပါသကာ ယောကျ်ားသည် လည်းကောင်း။ ယာ ဥပါသိကာ ဝါ၊ အကြင်ဥပါသိကာမိန်းမသည် လည်းကောင်း။ ဓမ္မာနုဓမ္မပ္ပဋိပန္နော၊ လောကုတ္တရာတရား ကိုးပါးအားလျော်သော မဂ်၏ ရှေ့အဖို့၌ဖြစ်သော သမထဝိပဿနာတရားတို့ကို ကျင့်ကြံအားထုတ် အလုပ်လုပ်သည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။

**ဓမ္မာနုဓမ္မပ္ပဋိပန္နောတိ** နဝဝိဓဿ လောကုတ္တရဓမ္မဿ အနုဓမ္မံ ပုဗ္ဗဘာဂပ္ပဋိပဒံ ပဋိပန္နော။ (ဒီဋ္ဌ၊ ၂။၁၆၉)

သာမီစိပ္ပဋိပန္နော၊ လောကုတ္တရာတရား ကိုးပါးအား လျော်သော သမထ ဝိပဿနာ အလုပ်တရား အကျင့်များကို ရိုရိုသေသေ ကျင့်သည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သာယေဝ ပန ပဋိပဒါ အနုစ္စဝိကတ္တာ "သာမီစိ" တိ ဝုစ္စတိ၊ တံ သာမီစိပ္ပဋိပန္နောတိ သာမီစိပ္ပဋိပန္နော။ (ဒီ၊ဋ္ဌ၊၂။၃၆၉)။

အနုဓမ္မစာရီ၊ လောကုတ္တရာတရား ကိုးပါးအား လျော်သော သမထဝိပဿနာအလုပ် တရားအကျင့်များနှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

တမေဝ ပုဗ္ဗဘာဂပ္ပဋိပဒါသင်္ခါတံ အနုဓမ္မံ စရတိ ပူဇေတီတိ အနုဓမ္မစာရီ။ (ဒီ၊ဋ္ဌ၊၂။၁၆၉)

သော ပုဂ္ဂလော၊ ထိုသမထဝိပဿနာ အလုပ်တရား၌ ကျင့်ကြံအားထုတ် အလုပ်လုပ်နေသော ပုဂ္ဂိုလ်သည်။ ပရမာယ၊ မြတ်သော။ ပူဇာယ၊ ပူဇော်ခြင်းဖြင့်။ တထာဂတံ၊ ငါဘုရားကို။ သက္ကရောတိ၊ အရိုအသေပြုသည်မည်၏။ ဂရုံ ကရောတိ၊ အလေးအမြတ်ပြုသည် မည်၏။ မာနေတိ၊ မြတ်နိုးသည်မည်၏။ ပူဇေတိ၊ ပူဇော်သည်မည်၏။ အပစိယတိ၊ ရိုသေလေးစား ဆည်းကပ်သည်မည်၏။

ချစ်သား အာနန္ဒာ၊ ရဟန်းဖြစ်စေ၊ ရဟန်းမဖြစ်စေ၊ ဥပါသကာ ဒါယကာဖြစ်စေ၊ ဥပသိကာမ ဒါယိကာမဖြစ်စေ မဂ်လေးပါး၊ ဖိုလ် လေးပါး၊ နိဗ္ဗာန်လို့ခေါ်တဲ့ လောကုတ္တရာတရားကိုးပါးနဲ့လျော်တဲ့ သမထဝိပဿနာ တရားတွေကို ကျင့်ကြံအားထုတ် အလုပ်လုပ် နေပါတယ်။ ထိုသူဟာ အမြတ်ဆုံးပူဇော်ခြင်းဖြင့် မြတ်စွာဘုရားကို အရိုအသေ ပြုနေတာမည်ပါ တယ်။ အလေးအမြတ် ပြုနေတာ မည်ပါတယ်။ မြတ်နိုးနေတာ မည်ပါ တယ်။ ပူဇော်နေတာ မည်ပါတယ်လို့ မိန့်တော်မူပါတယ်။ (ဓမ္မပူဇာ အစစ်အမှန်ဖြစ်တယ်။)

## အာမိသပူဇာထက် ဓမ္မပူဇာကို ဘုရားရှင် ချီးကျူး

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီးမှာ ရဟန်းတော်များ အားလုံးကို ခေါ်တော်မူပြီး "ချစ်သားရဟန်းတို့၊ ငါဘုရားဟာ ယနေ့မှ လေးလလွန်တဲ့အခါ ပရိနိဗ္ဗာန်ပြုတော့မယ်"လို့ မိန့်တော်ပါတယ်။ ဤအခါ

www.burmeseclassic.com

www.burmeseclassic.com



အထောင်မကသော ရဟန်းတော်များဟာ မြတ်စွာဘုရားကို ခြံရံပြီး နေကြပါတယ်။ ပုထုဇဉ် ရဟန်းခုနစ်ရာတို့ဟာ ထိတ်လန့်တဲ့ သံဝေဂဉာဏ်နဲ့ စိုးရိမ်ပူဆွေး ငိုကြွေးကြလျက် နှစ်ပါးတစ်တွဲ, သုံးပါး တစ်တွဲစီ တွဲပြီး "ငါ့ရှင်တို့ ဘယ်လိုလုပ်ကြမလဲ၊ အခုတော့ခက်ပြီ"ဟု တွေးတောကြံစည် တိုင်ပင်ဆွေးနွေးကြပြီး မြတ်စွာဘုရားအနားက မခွဲနိုင် မခွာရက်ကြဘဲ ရှိနေကြပါတယ်။ ရဟန္တာမထေရ်မြတ်ကြီးတို့ပင် "ခြင်္သေ့ မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးလဲ ပရိနိဗ္ဗာန်ဝင်စံရဦးတော့မှာပါ လား"လို့ ဓမ္မသံဝေဂ ဖြစ်တော်မူကြပါတယ်။

ထိုအခါ အတ္တဒတ္တမထေရ်၊ တိဿမထေရ်၊ ဓမ္မာရာမမထေရ် သုံးပါးတို့ တိုင်ပင်ကြပြီး "မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့မယ်၊ ငါတို့ဟာ အာသဝေါကင်းကွာ ရဟန္တာတွေ မဟုတ်ကြသေးဘူး၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံခင် ရဟန်းကိစ္စပြီးအောင် တရားကိုသာ ကြိုးစား အားထုတ်ကြပါစို့"လို့ တိုင်ပင်ကြပြီး တစ်ပါးစီခွဲကာ တရားကိုသာ စွဲစွဲမြဲမြဲ နှလုံးသွင်း ကြိုးစားအားထုတ်လို့ နေကြပါတယ်။

ထိုအခါ ရဟန်းများစွာတို့က "အတ္တဒတ္တ၊ တိဿ၊ ဓမ္မာရာမ ရဟန်း သုံးပါးတို့ဟာ ငါတို့အထံလဲ မလာကြ၊ ငါတို့ကိုလဲ တိုင်ပင် ဆွေးနွေးခြင်း မပြုလုပ်ကြ၊ ကိုယ်ဟာကိုယ် လွတ်လွတ်လပ်လပ်နဲ့ တရားကိုပဲ အားထုတ် နေကြတယ်"လို့ ကဲ့ရဲ့ပြစ်တင်စကား ပြောဆို ကြပါတယ်။ ပြောဆိုရုံတင် မက မြတ်စွာဘုရားကိုပင် လျှောက်တင်ကြပါတယ်။

"မြတ်စွာဘုရား၊ ဟိုနေ့က ပရိနိဗ္ဗာန်စံမယ့်အကြောင်းကို မိန့်တော်မူ ပြီးပါပြီဘုရား၊ မိန့်တော်မူပြီးတဲ့ အချိန်ကစပြီး ဒီရဟန်းတော် သုံးပါးဟာ တစ်နေရာမှာ လွတ်လွတ်လပ်လပ်နဲ့ တရားကိုပဲ အားထုတ်နေကြပါတယ် ဘုရား၊ မြတ်စွာဘုရားကိုလဲ ဆွမ်း၊ ရေချမ်းစတဲ့ ပူဇော်မှု ဘာတစ်ခုမှ မပြုလုပ်ကြပါဘုရား"လို့ လျှောက်တင်ကြပါတယ်။ ထိုအခါ မြတ်စွာဘုရား က "အဲဒီရဟန်းသုံးပါးကို သွားခေါ်ချေ"လို့ ခိုင်းတော့ အနားသို့ ရောက်ရှိလာကြပါတယ်။

"သင်တို့ ဘယ်သွားနေကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါဘုရား၊ ဟိုနေ့က မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဖို့ မိန့်တော်မူပြီးတဲ့အချိန်ကစပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံခင် ရဟန်းကိစ္စ ပြီးရင်လဲ ပြီးနိုင်အောင်ဆိုပြီး တရားအားထုတ် အလုပ်လုပ် နေကြပါတယ် ဘုရား၊ ထိုကဲ့သို့ တရားအားထုတ် အလုပ်လုပ်နေကြလို့ မြတ်စွာဘုရားကို အနီးကပ် လာပြီး ဆွမ်းရေချမ်းစတဲ့ ပူဇော်မှုကို ဘာတစ်ခုမှ မပြုလုပ်နိုင် ကြပါဘုရား"လို့ လျှောက်ထားကြတဲ့အခါ မြတ်စွာဘုရားက ဒီရဟန်းတော် သုံးပါးကို အနုမောဒနာပြုပြီး သာဓုခေါ်တော်မူပါတယ်။

"ငါဘုရားအနီးမှာ နေကြတဲ့ ရဟန်းတော်တွေဟာ ပစ္စည်း လေးပါး နဲ့ပဲ ပူဇော်နေကြတာဟာ အမှန်တကယ် ပူဇော်ရာမရောက်သေးဘူး၊ ဒီရဟန်းတွေလို ငါဘုရားဟောကြားတဲ့ တရားတော်တွေကို ကျင့်ကြံ အားထုတ်နေပါမှ ငါဘုရားကို ဓမ္မပူဇာနဲ့ အစစ်အမှန် ပူဇော်နေတာ ဖြစ်တယ်"လို့ မိန့်တော်မူပါတယ်။

ဘိက္ခဝေ ယဿ မယိ သိနေဟော အတ္ထိ၊ တေန အတ္တ ဒတ္တေန ဝိယ ဘဝိတုံ ဝဋ္ဋတိ။ န ဟိ ဂန္ဓာဒီဟိ ပူဇေန္တာ မံ ပူဇေန္တိ၊ ဓမ္မာနု ဓမ္မ ပဋိပတ္တိယာ ပန မံ ပူဇေန္တိ။ (ဓမ္မ၊ ဋ္ဌ၊ ၂။၁၀၂)

ဘိက္ခဝေ၊ အိုချစ်သား ရဟန်းတို့။ ယဿ၊ အကြင်အတ္တဒတ္တ၊ တိဿ၊ ဓမ္မာရာမ ရဟန်းသုံးပါးအား။ မယိ၊ ငါဘုရားအပေါ်၌။ သိနေဟော၊ ချစ်မြတ်နိုးခြင်း သည်။ အတ္ထိ၊ ရှိ၏။ တေန အတ္တဒတ္တေန ဝိယ၊ ထိုအတ္တ ဒတ္တရဟန်း ကဲ့သို့လည်းကောင်း။ တေန တိဿေနဝိယ၊ ထိုတိဿ ရဟန်းကဲ့သို့ လည်းကောင်း။ တေန ဓမ္မာရာမေန ဝိယ၊ ထိုဓမ္မာရာမရဟန်း ကဲ့သို့ လည်းကောင်း။ ဘဝိတုံ၊ ဖြစ်ခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။

ဂန္ဓာဒီဟိ၊ နံ့သာ ပန်းအစရှိသည်တို့ဖြင့်။ ပူဇေန္တာ၊ ပူဇော်ကြ ကုန်သောသူတို့သည်။ မံ၊ ငါဘုရားကို။ န ပူဇေန္တိ၊ ပူဇော်သည် မမည်ကုန်။ ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာ ပန၊ လောကုတ္တရာတရားကိုးပါး အာလျော်သော မဂ်၏ရှေ့အဖို့၌ သမထဝိပဿနာ အကျင့်မြတ်ကို ကျင့်၍ နေခြင်းသည် ကား။ မံ၊ ငါဘုရားကို။ ပူဇေန္တိ၊ ပူဇော်သည် မည်ကုန်၏၊

www.burmeseclassic.com

www.burmeseclassic.com



" ငါဘုရားကို ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး ပစ္စည်းလေးပါး၊ ပန်း၊ ဆီမီး၊ သစ်သီး စတဲ့ အာမိသပူဇာများနဲ့ ပူဇော်နေရုံနဲ့ ငါဘုရားအပေါ်မှာ ချစ်ခင်မြတ်နိုးရာ မရောက်သေး၊ ပူဇော်တာ မမည်သေး၊ ငါဘုရား ဟောကြားတော်မူတဲ့ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရစေ ရောက်စေနိုင်တဲ့ သမထဝိပဿနာအလုပ်ကို ကျင့်ကြံအားထုတ် အလုပ် လုပ်နေတဲ့ ဓမ္မပူဇာနဲ့ ပူဇော်မှသာလျှင် ငါဘုရားအပေါ်မှာ ချစ်ခင်လေးမြတ် ဆည်းကပ်ပူဇော်ရာ ရောက်ပေတယ်" လို့ မိန့်တော်မူပါတယ်။

## အာသမိပူဇာ၊ ဓမ္မပူဇာနှစ်မျိုး လိုရင်းအချုပ်

မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးတဲ့သူ၊ မိမိတို့ရဲ့ ဆွေမျိုးများနဲ့ အသက်အရွယ်ဂုဏ်အားဖြင့် ကြီးမြင့်တဲ့သူတွေကို ရိုသေလေးစားစွာ ပူဇော်ကြတဲ့သူတွေမှာ အသက်ရှည်တယ်၊အဆင်းလှတယ်၊ ခွန်အား ကြီးတယ်၊ ချမ်းသာသုခရတယ်၊ ပညာတိုးတက်တယ်ဆိုတဲ့ အကျိုးတရား ငါးပါးဟာ တစ်နေ့တစ်ခြား တိုးတက်ကြီးပွားနိုင်ကြောင်း မြတ်စွာဘုရား ဟောတော်မူပါတယ်။

ပူဇော်ထိုက်တဲ့သူတွေကို ပူဇော်ကြရာမှာ ပူဇော်ချင်တယ်၊ ပူဇော်မယ်၊ ပူဇော်တယ် ဆိုတဲ့သဘောဟာ အလွန်သန့်ရှင်းစင်ကြယ်တဲ့ စေတနာ ဖြစ်ပါတယ်။ အပူဇော်ခံရတဲ့ အသက် သိက္ခာ ဂုဏ်အားဖြင့် ကြီးမြင့်တဲ့ သူတွေရဲ့ သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ မေတ္တာ၊ ကရုဏာဓာတ် များဟာ အလွန်ကောင်းမွန် မြင့်မြတ်လျက် ရှိနေပြန်တယ်။

ထိုနှစ်ဦးသားတို့ရဲ့ စေတနာ၊ မေတ္တာ၊ ကရုဏာဓာတ်တွေ အရှိန် ဟပ်လို့ ရာသီဥတု ညီမျှပြီး မိုးလေဝသတွေ မှန်ကန်တဲ့အတွက် အသီးအနှံ တွေ အောင်မြင်ပြီး စားသောက်ဖွယ်ရာ အစာ အာဟာရ တွေကလဲ အဆီသြဇာတွေ ပြည့်ဝလို့ နေပါတယ်။

အဆီသြဇာ အပြည့်အဝပါတဲ့ အစာအာဟာရများကို စားသောက်ကြရလို့ အသက်ရှည်ကြတယ်။ ရုပ်ရေအဆင်း ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com



လှူပကြတယ်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ နေကြရတယ်။ ခွန်အား ဗလ အလွန်ပြည့်စုံကြတယ်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော့ လောကီ အသိဉာဏ်ပညာ၊ လောကုတ္တရာ အသိဉာဏ်ပညာများလဲ တိုးတက်ကြီးပွားကြရပြန်ပါတယ်။ ဒါ့ကြောင့် ပူဇော်ထိုက်တဲ့သူကို ပူဇော်ခြင်းမှာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့ရဲ့ လောကီ၊ လောကုတ္တရာနှစ်ဖြာ တိုးတက်ကြီးပွားကြောင်း ကောင်းမှုတစ်ရပ်၊ အလွန်မြတ်တဲ့ မင်္ဂလာလို့ ခေါ်ဆိုပါတယ်။

လူအားလုံးဟာ အသက်တမ်း တဖြည်းဖြည်း တိုလာခြင်း၊ အနာ အမျိုးမျိုး ဖြစ်ပွားခြင်း၊ ဆန်ရေစပါးရှားပါးခြင်း စသဖြင့် ဆုတ်ယုတ် လာတာကို အစွဲပြုပြီး " ဆုတ်ကပ်" လို့ ခေါ်ဆိုပါတယ်။ ဆုတ်ကပ်လို့ ခေါ်ဆိုရခြင်းမှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ၊ သမား၊ အသက်၊ သိက္ခာ၊ ဂုဏ်အားဖြင့် ကြီးမြင့်သူ စတဲ့ ပုဂ္ဂိုလ်တွေကို ပူဇော်မှု မပြုလို့ ဖြစ် ပါတယ်။ လောကကြီးမှာ သတ္တဝါအားလုံးတို့ အသက်ရှည်ခြင်း၊ အဆင်း လှခြင်း၊ စပါးဆန်ရေပေါများခြင်းစတဲ့ တစ်နေ့တခြား တိုးတက် ကြီးပွား လာရတာကို "တက်ကပ်"လို့ ခေါ်ဆိုပြန်တယ်။ တက်ကပ်ဆိုတာ ပူဇော် ထိုက်တဲ့သူတွေကို ပူဇော်တဲ့အတွက် ကြီးပွားတိုးတက်လာခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ ပူဇော်ထိုက်တဲ့သူကို ပူဇော်ရမယ်လို့ မြတ်စွာဘုရား ဟောကြားထားလို့ မပူဇော်ထိုက်တဲ့သူကို မပူဇော်ရဆိုတဲ့ အဓိပ္ပာယ် ပေါ်ထွက်လာပြန်တယ်။ ဒါ့ကြောင့် ပူဇော်ထိုက်တဲ့သူကို ပူဇော်ရင် အကျိုး တရားပွားများသကဲ့သို့ မပူဇော်ထိုက်တဲ့သူကို ပူဇော်မိပြန်ရင်လဲ အပြစ် များစွာရရှိနိုင်ပါတယ်။

## မပူဇော်ထိုက်သူကို ပူဇော်မိ၍ ဒုက္ခရောက်သွားပုံ

သက်တော်ထင်ရှား ဘုရားရှိစဉ် အဇာတသတ်မင်းသားဟာ မပူဇော်ထိုက်တဲ့ ရှင်ဒေဝဒတ်ကို ပူဇော်မိပြီး အပူဇော်မှားတဲ့အတွက် အခုထက်ထိ လောဟကုမ္ဘီငရဲမှာ ခံနေရပါတယ်။ ဒါ့အပြင် ကိုယ့်ဟာ ကိုယ် ဘုရားလို့ ဝန်ခံနေကြတဲ့ ပုရာဏကဿပ စတဲ့ တိတ္ထိဆရာကြီးတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ပူဇော်မိပြီး အပူဇော်မှားကြတဲ့သူတွေဟာ အခုထက်ထိ ငရဲမှာ ခံနေကြရပါတယ်။ မပူဇော်ထိုက်သူကို ပူဇော်မိပြီး အပူဇော်မှားလို့ ဆိုးရွားခြင်းများစွာနဲ့ ကြုံတွေ့ရပုံ ပေတဝတ္ထုပါဠိနိပါတ် (၂၁၃)မှာလဲ လာရှိပါတယ်။

ပူဇော်ဆိုတဲ့ စကားဟာ အရာကျယ်ဝန်းတဲ့စကားဖြစ်တယ်။ ထိုစကားအတွင်းမှာ မြတ်နိုးခြင်း၊ အလေးအမြတ်ပြုခြင်း၊ ရှိခိုးခြင်း၊ ပေးကမ်းခြင်း၊ ချီးမြှင့်ခြင်း၊ လှူဒါန်းခြင်း၊ ချီးမွမ်းခြင်း၊ မြှောက်စားခြင်း တို့ပါ အားလုံးအကျုံးဝင်နေပါတယ်။

ဒီပက်ရာမြတ်စွာဘုရားက သုမေဓာရှင်ရသေ့ကို ပန်း(၈)ဆုပ်နဲ့ ကြဲဖြန့်ပူဇော်ရာမှာ နှစ်သက်ဝမ်းမြောက်တဲ့ အခြင်းအရာကို ပြခြင်းပင် ဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ တရားတော်များကို ပူဇော်ရာမှာ တရားတော်ကို အလေးအမြတ်ပြုခြင်း၊ အာရုံပြုခြင်း၊ ပွားများခြင်းပင် ဖြစ်ပါတယ်။

ပူဇော်ထိုက်သူကို ပူဇော်ပြီး မပူဇော်ထိုက်သူကို မပူဇော်မိအောင် အထူးသတိထားကြရမယ်။ ပူဇော်ထိုက်သူကို မပူဇော်ဘဲ ကဲ့ရဲ့ ပြစ်တင် ရှုတ်ချနေခြင်းနဲ့ မပူဇော်ထိုက်သူကို ပူဇော်ချီးမြှောက်ခြင်းဟာ အပြစ်ချင်း အတူတူပင် ဖြစ်ပါတယ်။

> ယော နိန္ဒိယံ ပသံသတိ၊ တံ ဝါ နိန္ဒတိ ယော ပသံသိယော။
> ဝိစိနာတိ မုခေန သော ကလိံ၊ ကလိနာ တေန သုခံ န ဝိန္ဒတိ။
> (သံ၊၁။၁၅၁)

ယော၊ အကြင်အသိအလိမ္မာ ဉာဏ်ပညာကင်းသောသူသည်။ နိန္ဒိယံ၊ မပူဇော်ထိုက် မချီးမွမ်းထိုက် ကဲ့ရဲ့ရှုတ်ချခြင်းငှာသာ ထိုက်သော သူကို။ ပသံသတိ၊ ပူဇော်မြတ်နိုးချီးမွမ်းမြှောက်စားခြင်းကို ပြု၏။ တံ ဝါ၊ ထိုသူ့ကိုမူလည်း။ နိန္ဒတိ၊ ပူဇော်မြတ်နိုးခြင်းကို မပြုဘဲ ကဲ့ရဲ့ ရှုတ်ချခြင်း ကိုသာ ပြု၏။ သော၊ ထိုသူသည်။ မုခေန၊ နှုတ်ဖြင့်။ ကလိံ၊ မိမိဆင်းရဲဒုက္ခ ရောက်ကြောင်း မကောင်းသော အပြစ်ကို။ ဝိစိနာတိ၊ ရှာမှီးစုဆောင်းသည်

www.burmeseclassic.com

www.burmeseclassic.com



မည်၏။ တေန ကလိနာ၊ ထိုမကောင်းသော အပြစ်ကြောင့်။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို။ န ဝိန္ဒတိ၊ မရနိုင်။

အသိအလိမ္မာ ဉာဏ်ပညာမရှိတဲ့သူဟာ မချီးမွမ်းထိုက်၊ မပူဇော်ထိုက်၊ ကဲ့ရဲ့ရှုတ်ချထိုက်တဲ့သူကို ပူဇော်ခြင်း၊ မြတ်နိုးခြင်း၊ ချီးမွမ်းခြင်း၊ မြှောက်စားခြင်းကို ပြုလုပ်နေပါတယ်။ ပူဇော်ထိုက်၊ ချီးမွမ်းထိုက်၊ မြှောက်စားထိုက်တဲ့သူကို ပူဇော်ခြင်း၊ မြတ်နိုးခြင်း၊ ချီးမွမ်းခြင်းမပြုဘဲ ကဲ့ရဲ့ပြစ်တင်ရှုတ်ချနေပြန်တယ်။ ထိုသူနှစ်ဦးတို့ရဲ့ ဝစီကံဟာ ဆင်းရဲဒုက္ခရောက်ကြောင်း မကောင်းသော အပြစ်ကို မိမိကိုယ်တိုင် ရှာမှီးစုဆောင်းနေတာဖြစ်လို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကို ဘယ်အခါမှ မရနိုင်တော့ပါ။ ဆင်းရဲခြင်းဒုက္ခမျိုးစုံနဲ့သာ ရင်ဆိုင်နေရမှာဖြစ်ပါတယ်။

## လိုရင်းအကျဉ်းချုပ်

(၁) **အာမိသပူဇာ။** ဘုရား၊တရား၊ သံဃာ၊ အရိယာ သာဝက၊ ဆရာမိဘ၊ အစ်ကို အစ်မ၊ ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေး စသူတို့နှင့် အသက် သိက္ခာဂုဏ် အားဖြင့် ကြီးမြင့်ကြတဲ့သူတွေကို ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး လေးပါးသော ပစ္စည်းများနဲ့ စားဖွယ် သောက်ဖွယ်၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာ၊ အိပ်ရာ၊ နေရာ၊ အဖျော်ယမကာ စတဲ့ ပစ္စည်းဝတ္ထု အစုစုတွေနဲ့ မိမိစွမ်းအားရှိ သလောက် ပူဇော်ခြင်းမျိုးကို အာမိသပူဇာ လို့ ခေါ်ဆိုပါတယ်။ လောကီ ကုသိုလ်တွေ ဖြစ်ပါတယ်။ လူ နတ် ချမ်းသာမျိုးစုံကို အကျိုး ပေးပါတယ်။

(၂) **ဓမ္မပူဇာ။** အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ပြုတ်အောင် တဏှာ၊ မာန ဒိဋ္ဌိ ပပဉ္စတရားသုံးပါးချုပ်ငြိမ်းအောင်၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ သင်္ခါရ၊ အဝိဇ္ဇာ အကြောင်းတရားငါးပါးနဲ့ ဖြစ်ပျက်ဆုံးသွားအောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံး သုံးပါးနဲ့ သစ္စာလေးပါး မြတ် တရားကို ကျင့်ကြံကျိုးကုတ်

www.burmeseclassic.com

www.burmeseclassic.com



အားထုတ် အလုပ်လုပ်နေခြင်းဟာ ဓမ္မပူဇာ အစစ်အမှန် ဖြစ်ပါတယ်။ မဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။
(လောကုတ္တရာ ကုသိုလ်)

ရှေးဦးစွာ ရတနာသုံးပါးကို ပူဇော်ဖို့ ကြိုးပမ်းအားထုတ်တဲ့အခါ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ အရပ်ဒေသဟာ အလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက ပဋိရူပဒေသဝါသောစ မင်္ဂလာ ကို ဆက်လက် ဟောတော်မူပါတယ်။

## (၄) ပဋိရူပဒေသဝါသော စ။ (ခုဒ္ဒကပါ၊၅။၄)

### ပဋိရူပဒေသ (၂)မျိုး

| (လောကီ) ပဋိရူပဒေသ | ပဋိရူပဒေသ (လောကုတ္တရာ) |
|---|---|
| ဥတု၊ ရာသီ၊ ညီမျှ | ရုပ်ပွားဆင်းတု၊ စေတီရှိ၊ |
| ပစ္စည်းဥစ္စာ ရလွယ်၊ | ရဟန်းသံဃာရှိ၊ |
| ကုန်သည် ပွဲစားရှိ၊ | တရားနာလိုက ဟောကြားသူရှိ၊ |
| ကြွယ်ဝချမ်းသာတဲ့သူရှိ၊ | လှူဒါန်းလိုက အလှူခံရှိ၊ |
| ဆေးရုံ ဆေးတိုက်ရှိ | သမထ ဝိပဿနာ အားထုတ်လို့ရ။ |
| (လောကီချမ်းသာ) | (လောကုတ္တရာချမ်းသာ) |

ပဋိရူပဒေသဝါသောစ၊ သူတော်ကောင်းတရား ထွန်းကားရာမှန် လျော်ကန်လျှောက်ပတ် ကောင်းမြတ်သော အရပ်ဒေသ၌ နေရခြင်းသည် လည်းကောင်း။

### ပဋိရူပ၊ ဒေသ၊ ဝါသ (၃)ပုဒ်

(၁) ပဋိရူပေါတိ အနုစ္ဆဝိကော။ (ခုဒ္ဒကပါ၊၅၊၅။၁၁၀)

ပဋိရူပဆိုတာ သင့်တော်လျှောက်ပတ်၍ ကောင်းမြတ်တဲ့ နေရာ။

www.burmeseclassic.com

www.burmeseclassic.com



(၂) ဒေသောတိ ဂါမောပိ နိဂမောပိ နဂရမ္ပိ ဇနပဒေါပိ ယောကောစိ သတ္တာနံ နိဝါသော ဩကာသော။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၁၀)

ဒေသဆိုတာ ရွာ၊ နိဂုံး၊ မြို့၊ ဇနပုဒ်တွေထဲက တစ်မျိုးမျိုးသော အရပ်ဒေသ ဖြစ်တယ်။

(၃) ဝါသောတိ တတ္ထ နိဝါသော။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၁၀)

ဝါသ ဆိုတာ နေထိုင်ခြင်းဖြစ်တယ်။

## သင့်တော်လျောက်ပတ်၍ နေအပ်တဲ့ အရပ်(၃)မျိုး

ပဋိရူပဒေသဝါသော နာမ ယတ္ထ စတဿော ပရိသာ ဝိစရန္တိ၊ ဒါနာဒီနိ ပုညကိရိယဝတ္ထူနိ ဝတ္တန္တိ၊ နဝင်္ဂသတ္ထုသာသနံ ဒိပ္ပတိ၊ တတ္ထ နိဝါသော သတ္တာနံ ပုညကိရိယာယ ပစ္စယတ္တာ မင်္ဂလန္တိ ဝုစ္စတိ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၁၁။ သုတ္တနိပါတ၊ဋ္ဌ။၁၆)

(၁) ပရိသတ်လေးပါး ထင်ရှားရှိနေတဲ့ အရပ်ဒေသ ဖြစ်ရမယ်။

(၂) ဒါန၊ သီလ၊ ဘာဝနာစတဲ့ ပုညကိရိယဝတ္ထု ဆယ်ပါးကို ပြုလုပ်နိုင်တဲ့ အရပ်ဒေသ ဖြစ်ရမယ်။

(၃) အင်္ဂါကိုးပါးနဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရား သာသနာတော်ကြီး ထွန်းကားစည်ပင် ပြန့်ပွားတဲ့ အရပ်ဒေသဖြစ်ရမယ်။

## ပရိသတ်(၄)ပါး

(၁) မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူဌေးသူကြွယ် ပရိသတ်၊ ရဟန်းပရိသတ်(၄)ပါး။

(၂) (တစ်နည်း) ရဟန်းပရိသတ်၊ ရဟန်းမပရိသတ်၊ ဒါယကာ အမျိုးသားပရိသတ်၊ ဒါယိကာမ အမျိုးသမီးပရိသတ်။

(၃) (တစ်နည်း) လူပရိသတ်၊ နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်၊ ရဟန်းပရိသတ်(၄)ပါး။

www.burmeseclassic.com

www.burmeseclassic.com



အကြင်အရပ်ဒေသမှာ ဘုရားစတဲ့ အရိယာသူတော်ကောင်းတွေနဲ့ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့ ဒါယကာ ဒါယိကာမတွေ ရှိကြလို့ ရဟန်းသံဃာစတဲ့ အရှင်ကောင်း အရှင်မြတ်တွေကို ဖူးမြော်ခွင့်၊ စေတီပုထိုးတို့ ဖူးမြော်ပူဇော်ခွင့်၊ ဒါနသီလစတဲ့ ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်ခွင့်ရတဲ့ အရပ်ဒေသတို့ဟာ ပဋိရူပဒေသဝါသဖြစ်လို့ သင့်တော်လျောက်ပတ်တဲ့ အရပ်ဒေသဖြစ်ပါတယ်။

## ပဋိရူပဒေသ၊ သင့်တော်လျောက်ပတ်တဲ့ အရပ်(၇)မျိုး (လောကီ)

(၁) ဆောင်း၊ နွေ၊ မိုး ဥတုသုံးပါး ညီမျှ၍ ကျန်းမာရေး အလွန် ကောင်းတဲ့ အရပ်ဒေသ၊

(၂) ရွှေ၊ ငွေစတဲ့ ပစ္စည်းဥစ္စာ လွယ်လွယ်ကူကူ ရှာဖွေလို့ ရနိုင်တဲ့ အရပ်ဒေသ၊

(၃) လောကဓာတ်ကျောင်းနှင့် သင်ပြပေးတဲ့ ဆရာရှိတဲ့ အရပ်ဒေသ၊

(၄) ကျန်းမာရေးအတွက် တိုင်းရင်းသမားတော်၊ အင်္ဂလိပ်သမားတော် ရှိတဲ့ အရပ်ဒေသ

(၅) ကုန်သည် ပွဲစား၊ ရောင်းဝယ်ဖောက်ကားသူတွေအတွက် တစ်မြို့နဲ့ တစ်မြို့၊ တစ်ရွာနဲ့တစ်ရွာ ကား၊ ရထား စတာတွေနဲ့ သွားလာလွယ်ကူတဲ့ အရပ်ဒေသ၊

(၆) လူအများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေနိုင်ရန်အတွက် အုပ်ချုပ်ရေး၊ လုံခြုံရေးရှိတဲ့ အရပ်ဒေသ၊

(၇) ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတဲ့ သူဌေးသူကြွယ်ရှိတဲ့ အရပ်ဒေသ။

www.burmeseclassic.com

www.burmeseclassic.com



## ပဋိရူပဒေသ၊ သင့်တော်လျှောက်ပတ်တဲ့ အရပ်(၆)မျိုး (လောကုတ္တရာ)

(၁) ဖူးမြော်ကြည်ညိုလိုက ဖူးမြော်ကြည်ညိုနိုင်ရန် ရုပ်ပွားတော်၊ ဆင်းတုတော်၊ စေတီတော်၊ ဗောဓိပင်နှင့် ရဟန်းသံဃာများရှိတဲ့ အရပ်ဒေသ၊

(၂) ဘုရားရှင်ရဲ့ တရားတော်ကို နာလိုက ဟောကြားနိုင်တဲ့ ပုဂ္ဂိုလ် ရှိတဲ့ အရပ်ဒေသ၊

(၃) ဘုရားရှင်နှင့်တကွ တပည့်သာဝကတို့ကို ကြည်ညိုပြီး သဒ္ဓါတရားဖြစ်နိုင်တဲ့ အရပ်ဒေသ၊

(၄) သီလ၊ သမာဓိ၊ ပညာ၊ ဝိပဿနာတရားတို့ကို ကျင့်ကြံ ကျိုးကုတ်အားထုတ်လိုက ကျင့်ကြံကျိုးကုတ်အားထုတ်လို့ရတဲ့ အရပ်ဒေသ၊

(၅) ဘုရားရှင်နှင့်တကွ တပည့်သာဝကတို့ကို လှူဒါန်းပေးကမ်း ကျွေးမွေးလိုက လှူဒါန်း ပေးကမ်း ကျွေးမွေးလို့ရတဲ့ အရပ်ဒေသ၊

(၆) ဘုရားရှင်နှင့်တကွ တပည့်သာဝကတို့၏ ပုံတော်ကို ကြည့်ပြီး ဂုဏ်တော်ကို အာရုံပြု အောက်မေ့လို့ရတဲ့ အရပ်ဒေသ။

## မနေအပ်တဲ့ အရပ်ဒေသ(၄)မျိုး

(၁) အကြင်အရပ်ဒေသမှာ မိမိအား ချစ်ခင်မြတ်နိုးတဲ့သူ မရှိ ရင်းရင်းနှီးနှီး အဆွေခင်ပွန်း မိတ်ဆွေသင်္ဂဟဟူ၍ မရှိ အသက် မွေးဝမ်းကြောင်း၊ လုပ်ကိုင်စားသောက်စရာ အလုပ်ဟူ၍လည်း မရှိ၊ လောကီ လောကုတ္တရာနှစ်ဖြာသော ပညာများသင်ကြားပေးသည့် ကျောင်းဟူ၍လည်း မရှိ ထိုအရပ်ဒေသမျိုးမှာ မနေအပ်။

(၂) အကြင်အရပ်ဒေသမှာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတဲ့သူ မရှိ၊ စင်ကြယ်ကောင်းမြတ်၍ အမျိုးဇာတ်နှင့်ပြည့်စုံတဲ့သူ မရှိ၊ ထိုအရပ်ဒေသမျိုးမှာ မနေအပ်။

www.burmeseclassic.com

www.burmeseclassic.com



(၃) အကြင်အရပ်ဒေသမှာ စပါး၊ ဆန်၊ ရေ၊ ရွှေ၊ ငွေစသည်တို့ကို အကြွေးပေးတတ်တဲ့သူ မရှိ၊ မြစ်ချောင်းအင်းအိုင်လဲ မရှိ၊ တိုင်းရင်း၊ အင်္ဂလိပ်သမားတော်များလည်း မရှိ၊ အုပ်ချုပ်တဲ့ မင်းစိုးရာဇာ လုံခြုံရေးလည်းမရှိ၊ ထိုအရပ်ဒေသမျိုးမှာ မနေအပ်။

(၄) အကြင်အရပ်ဒေသမှာ လူအပေါင်းတို့ ညီညွတ်ခြင်း၊ စည်းဝေး တိုင်ပင်ခြင်းမရှိ၊ အကုသိုလ်ပြုလုပ်ရာမှာ ကြောက်ခြင်း လန့်ခြင်း လည်း မရှိ၊ အသိအလိမ္မာ ဉာဏ်ပညာနှင့် အကြားအမြင် ဗဟုသုတ ရှိတဲ့သူလည်း မရှိ၊ စွန့်ကြဲပေးကမ်း လှူဒါန်းတဲ့ အလေ့အထလည်း မရှိ၊ ထိုအရပ်ဒေသမျိုးမှာ မနေအပ်။

ဒီစတုတ္ထအချက်နဲ့ ညီညွတ်ခြင်း၊ စည်းဝေးတိုင်ပင်ခြင်း မရှိပါက လောကီအကျိုးသာ ဆုတ်ယုတ်ပျက်စီးသည် မဟုတ်၊ လောကုတ္တရာ အကျိုးလည်း ဆုတ်ယုတ်ပျက်စီးနိုင်ပါတယ်။ လောကီနဲ့ပတ်သက်တဲ့ ပစ္စည်းဉစ္စာ ကြွယ်ဝချမ်းသာကြီးပွားပါမှ လောကုတ္တရာနဲ့ပတ်သက်တဲ့ မဗ္ဗရေးရာအဖြာဖြာကို အားပေးနိုင်ကြမှာဖြစ်လို့ လောကုတ္တရာ ကြီးပွား ချမ်းသာခြင်းသို့ ရောက်ရှိနိုင်ပါတယ်။

အကြင်မျှလောက်သော ကာလပတ်လုံး ရဟန်းတော်များ ဖြစ်ဖြစ် လူများဖြစ်ဖြစ် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင် စည်းဝေးမှု ပြုလုပ်ကြသေး၏။ ထိုမျှလောက် ကာလပတ်လုံး တစ်နေ့ တစ်ခြား တိုးတက်ကြီးပွားရာ ကြီးပွားကြောင်းဖြစ်တယ်။ ဆုတ်ယုတ်ခြင်း မရှိပါ။ လောကီကြီးပွားရေးထက် လောကုတ္တရာကြီးပွားရေးက သာလွန် မြင့်မြတ်ပြီး အဖိုးထိုက်တန်လှပါတယ်။

(ဒီ၊ ၂။၆၅)

## ပဋိရူပဒေသဝါသ ဖြစ်၊ မဖြစ် ရွေးချယ်ပုံ

(၁) အကြင်အရပ်ဒေသမှာ နေခြင်းကြောင့် ရွှေငွေ စတဲ့ ရတနာများ၊ လယ်ယာကိုင်းကျွန်း၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားစတဲ့ လောကီ ဉစ္စာအသုံးအဆောင်များနဲ့ အလွန်ပြည့်စုံပြီး ရွှေအိမ်ရွှေနန်းပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



စံမြန်းနေရစေကာမူ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ စတဲ့ ကုသိုလ်တရားများ တိုးပွားခြင်းမရှိလျှင် ဥစ္စာများစွာရရှိရန်အတွက် အနည်းငယ်မျှသော ဥစ္စာကို စွန့်လွှတ်ရန် မခဲယဉ်းသကဲ့သို့ ဉာဏ်ပညာဖြင့် ချိန်ဆဝေဖန်ပြီး ထိုအရပ် ဒေသမှာ မနေအပ်၊ ဖဲခွာသွားရမယ်။

(၂) အကြင်အရပ်ဒေသမှာ နေခြင်းကြောင့် လောကီပစ္စည်း ဥစ္စာ ရတနာရွှေငွေ တိုးပွားခြင်းမရှိ၊ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်တရားများလည်း မဖြစ်၊ ထိုအရပ်ဒေသမှာ တစ်နေ့ တစ်ရက်မျှပင် မနေအပ်၊ အမြန်ဖယ်ခွာ စွန့်လွှတ်သွားရမယ်။

(၃) အကြင်အရပ်ဒေသမှာ နေခြင်းကြောင့် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်တရားများ အလွန်တိုးပွားတယ်၊ ဒါပေမဲ့ လောကီဥစ္စာ၊ ရတနာ၊ ရွှေငွေ စသည်တို့ တိုးပွားဖြစ်ထွန်းခြင်း မရှိ။ ထိုအခါ ကြီးစွာသော သံသရာဝဋ်ဆင်းရဲဒုက္ခကြီးကို လွန်မြောက်လိုတဲ့သူဟာ အနည်းငယ်မျှသာ လောကီဆင်းရဲဒုက္ခကို မကြောက်မူ၍ ဉာဏ်ဖြင့် ချိန်ဆ ဝေဖန်ကာ ထိုအရပ်မှာပင် နေအပ်တယ်၊ နေရမယ်။

(၄) အကြင်အရပ်ဒေသမှာ နေခြင်းကြောင့် လောကီဥစ္စာ ရတနာတွေ တစ်နေ့တခြား လွန်စွာတိုးပွားတယ်။ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာစတဲ့ ကုသိုလ်တရားတွေလဲ လွန်စွာတိုးပွား ဖြစ်ထွန်းနေတယ်။ ထိုအရပ်ဒေသမှာ တစ်သက်လုံး နေထိုင်ရမယ်။ နေထိုင်ပါလေ။

## လောကီစီးပွားရေးအတွက် ပဋိရူပဒေသ ရွေးချယ်ပုံ

လောကီ-လောကုတ္တရာ နှစ်ဖြာသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကိုယ်စိတ်နှစ်ပါး အေးချမ်းသာယာ ရေးစသည်တို့ သင့်-မသင့် အရပ်ဒေသများလည်းရှိ၍ နေအပ်၊ မနေအပ်၊ စဉ်းစားဝေဖန်ပြီး ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ရမယ်။

မိမိအလုပ်အကိုင်နဲ့ မသင့်လျော်တဲ့ အရပ်ဒေသမှာ စီးပွားရေး ကြီးပွားရေးအတွက် မသင့်လျော်တဲ့ အရပ်ဒေသဖြစ်နေခြင်း၊ ကျောင်းမရှိ ဆရာမရှိတဲ့အရပ်ဒေသဆိုရင် လောကီ-လောကုတ္တရာ နှစ်ဖြာသော

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးအတွက် မနေအပ်တဲ့ အရပ်ဒေသဖြစ်နေခြင်း၊ ရာသီဥတု အလွန်ဆိုးရွား၍ တိုင်းရင်း-အင်္ဂလိပ် သမားတော် နှစ်မျိုးတို့တွင် တစ်မျိုးမျိုး မရှိခြင်း စသည်တို့ကြောင့် ကျန်းမာရေး အတွက် မနေအပ်တဲ့အရပ်ဒေသ ဖြစ်နေခြင်း၊ လူဆိုး လူမိုက် လူယုတ်မာများ ပေါများ၍ အေးချမ်းသာယာမှု မရှိ၍ မနေအပ်တဲ့ အရပ်ဒေသဖြစ်နေခြင်း ဤလေးပါးသော အကြောင်း တို့ကြောင့် ဤအရပ်ဒေသဟာ ပဋိရူပဒေသဝါသမဖြစ်လို့ မင်္ဂလာ မဖြစ်ထွန်းနိုင်ပါ။

သင့်လျော်လျောက်ပတ်တဲ့ အရပ်ဒေသမှာ နေရခြင်းဟာ လောက ရေးရာ ဓမ္မရေးရာ နှစ်မျိုးလုံးအတွက် တိုးတက်ထွန်းကား ကြီးပွားရာ မင်္ဂလာတစ်ရပ် ဖြစ်ပါတယ်။ သို့သော် ပဋိရူပဒေသဝါသ အရပ်မှာ နေသော်လဲ ရသင့်ရထိုက်တဲ့ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများ မရရှိသူတို့မှာ မင်္ဂလာဖြစ်တယ်လို့ မဆိုရပါ။

လူတစ်ယောက်ဟာ ပရိသတ်လေးပါးနဲ့ ပြည့်စုံတဲ့ အရပ်ဒေသ ကိုလဲ ရောက်နေတယ်။ ဒါန၊ သီလ စတဲ့ ကုသိုလ်ကောင်းမှု အစုစုကိုလဲ ပြုလုပ်နိုင်တယ်။ ဘုရားရှင်ရဲ့ သာသနာတော်ကြီးကလဲ နေလပမာ ထွန်းတောက်လျက် ရှိတယ်။ လောကီဖြစ်တဲ့ စီးပွားဥစ္စာ ရတနာတွေကိုလဲ ရှာဖွေလို့ အဆင်ပြေလှတဲ့ အရပ်ဒေသဖြစ်နေတယ်။ ထိုအင်္ဂါအားလုံးတို့နဲ့ ညီညွတ်နေပါလျက် မိမိက သောက်စားမူးယစ် လူဆိုးလူမိုက် လူပေလူတေ ဖြစ်နေပါရင် လောကီစီးပွား ဥစ္စာရတနာ ရွှေငွေ စတဲ့ ချမ်းသာသုခဟူသမျှ တိုးတက်မှု ဘာတစ်ခုမှ အမြတ် မထွက်သည့်အပြင် လောကုတ္တရာ အမြတ်ဆုံး ရတနာလို့ ခေါ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာနဲ့ စပ်လျဉ်းပြီး ဘာမှအကျိုးမရှိလို့ ထိုသူတွေ အဖို့မှာ ပဋိရူပဒေသဝါသ ဖြစ်ငြားသော်လဲ မင်္ဂလာ ဖြစ်တယ်လို့ မဆိုရ၊ အမင်္ဂလာသာ ဖြစ်၍ နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## လောကီ လောကုတ္တရာအတွက် မင်္ဂလာဖြစ်ပုံ

မိမိတို့နေထိုင်ကြတဲ့ မြို့ရွာဒေသတွေမှာ လောကုတ္တရာနဲ့ ပတ်သတ်လို့ သာသနာတော် တိုးတက်ရာတိုးဟက်ကြောင်းကို ရဟန်းသံဃာတော်များနဲ့ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်များအာလုံး နှစ်ဦးနှစ်ဖက် တက်ညီလက်ညီနဲ့ ဆောင်ရွက်ကြရင် သာသနာတော် သုံးရပ်ဟာ နေလပမာ ထွန်းလင်းတောက်ပလာနိုင်မှာ အမှန်ပင် ဖြစ်ပါတယ်။

လောကီရေးနှင့် ပတ်သက်၍ ပညာရေး၊ ကြီးပွားရေး၊ စီးပွားရေး၊ တိုးတက်ဖွံ့ဖြိုးရေးများကို မဖြစ်ဖြစ်အောင် ကြိုးစားအားထုတ် ပြုလုပ်ပေးရမှာလဲ "အာရောဂျ ပရမာလာဘာ=အနာရောဂါ ကင်းခြင်းဟာ လာဘ်ကြီး တစ်ခု"လို့ ဘုရားရှင်ဟောတော်မူထားတာရှိနေတော့ ကျန်းမာရေးနဲ့ ပြည့်စုံရန်အတွက် အလွန်အရေးကြီးလို့ တိုင်းရင်း-အင်္ဂလိပ်သမားတော် တစ်မျိုးမျိုးရှိအောင် ကြိုးစားဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

ရပ်ရွာ သာယာ စည်ပင်ရေးအတွက် လမ်းပန်းဆက်သွယ်မှုနဲ့ ရေတွင်း၊ ရေကန် ၊မီး စသည်များကို လိုလေသေးမရှိအောင် ပြုပြင်ဆောင်ရွက်သွားကြမယ်ဆိုရင် နေအပ်၊နေသင့် ၊နေထိုက်တဲ့ ပဋိရူပဒေသဝါသအရပ်များ ဖြစ်လာနိုင်မှာ ကေန်ပင် ဖြစ်ပါတယ်။

**မှတ်ချက်။** မြို့၊ ရွာ၊ နိဂုံး စသည်တို့ တည်ထောင်မယ့်နေရာဟာ ပဋိရူပဒေသဝါသ ဖြစ်နေပြီးသား မဟုတ်ပါ၊ တည်ထောင်ပြုလုပ်သူများရဲ့အပေါ်မှာ မူတည်ပြီး ပဋိရူပဒေသ ဖြစ်အောင် ပြည့်စုံအောင် ပြုလုပ်ဆောင်ရွက်ကြလို့မို့ ပဋိရူပဒေသ အရပ် ဖြစ်လာရတာပါ။

ပဋိရူပဒေသဖြစ်မှသာ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများ တိုးတက်ကြီးပွားပြီး မင်္ဂလာအစစ်အမှန် ဖြစ်နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ပဋိရူပဒေသ အရပ်မှာ နေမှ မင်္ဂလာဖြစ်

ပညာရှိသူတော်ကောင်းတို့ရဲ့ ဆိုဆုံးမစကားကို လိုက်နာ ကျင့်ကြံမယ်ဆိုရင် နိစ္စသီလခေါ် ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းကြပြီး လူတိုင်းကိုယ်ကျင့်သီလနဲ့ ပြည့်စုံနေကြလို့ လူဆိုး သူဆိုး ဓားပြစတဲ့ ဘေးရန်အန္တရာယ်တွေ ကင်းဝေး၍ ရာသီဥတု မိုးလေဝသတွေ မှန်ကန်ပြီး စပါးဆန်ရေ ပေါများလျက် ဝပြောသာယာကာ စည်းစိမ်ဥစ္စာ ရတနာရွှေငွေများ တစ်နေ့တခြား တိုးတက်ကြီးပွားချမ်းသာရုံမျှမက ရပ်ရွာဒေသများ အေးချမ်းသာယာပြီး သေလွန်ပြန်တော့လဲ စိတ်ချမ်းသာမှုနဲ့ သေဆုံးကြရပြန်သဖြင့် နတ်ရွာသုဂတိသို့ ရောက်ရှိကြရပါတယ်။

ပဋိရူပဒေသလို့ခေါ်တဲ့ မင်္ဂလာနဲ့ ပြည့်စုံတဲ့အရပ်ဒေသတွေမှာ နေထိုင်ကြရသူတွေဟာ ဘုရားစတဲ့ အရိယာသူတော်ကောင်းတို့ ဆိုဆုံးမတဲ့ စကားတွေကို လိုက်နာကျင့်ကြံအားထုတ်နေကြမယ်ဆိုရင် ခန္ဓာအစဉ်မှ ပါလာသော အနုသယဓာတ် အကုသိုလ်အညစ်အကြေးတွေကို လောကီလောကုတ္တရာနှစ်ဖြာသော မဂ်တို့ဖြင့် ပယ်သတ်နိုင်၍ သံသရာမှ ထွက်မြောက်လိုသော သူတို့အတွက် အကောင်းဆုံး အကျိုးစီးပွားအစစ်ကေန်ဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ရရှိကြမှာ ဖြစ်ပါတယ်။

## လောကုတ္တရာ ပဋိရူပဒေသအရပ်

ဒိဋ္ဌိသမ္ပန္နောတိ ဒိဋ္ဌိယာ သုန္ဒရဘာဝံ ဂတာ။ (ပဋိသံ၊ ၄။ ၂။ ၆၇)

ဒိဋ္ဌိသမ္ပန္န ဆိုတာ မှန်ကန်တဲ့ သမ္မာဒိဋ္ဌိအယူဖြစ်တယ်။ လောကီမှာလဲ မှန်မှန်ကန်ကန် မြင့်တဲ့ဉာဏ်၊ လောကုတ္တရာမှာလဲ မဂ်ဖိုလ် နိဗ္ဗာန်ကို မြင်တဲ့ဉာဏ် ဖြစ်ပါတယ်။

(၁) နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို နည်းပေး ညွှန်ပြနိုင်တဲ့သူရှိတဲ့ နေရာအရပ်၊

www.burmeseclassic.com

www.burmeseclassic.com



(၂) သစ္စာလေးပါး မြတ်တရာကို နည်းပေးလမ်းပြ ညွှန်ပြနိုင်တဲ့ သူ ရှိတဲ့နေရာအရပ်၊
(၃) သက္ကာယဒိဋ္ဌိပြုတ်တဲ့ အသိဉာဏ်ကို နည်းပေးလမ်းပြ ညွှန်ပြနိုင်တဲ့သူ ရှိတဲ့နေရာအရပ်-

ဒီအရပ်မျိုးဟာ ပဋိရူပဒေသဝါသ ဖြစ်ပါတယ်။

အဲဒီအရပ်ဒေသမှာ ရန်သူတွေ ဘယ်လောက်ဝိုင်းနေပါစေ၊ အဲဒီ နေရာဟာ နေအပ်တဲ့နေရာဖြစ်တယ်။ အိမ်နားနီးချင်းတွေနဲ့ မတည့်ချင်နေ ပါစေ၊ အဲဒီနေရာဟာ နေအပ်တဲ့နေရာဖြစ်တယ်။ မိမိတို့ ရပ်ကွက် မိမိတို့ မြို့ထဲမှာ ဒိဋ္ဌိသမ္ပန္နဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့နေအိမ်ရှိပါလျှင် နေအပ်တဲ့နေရာ ဖြစ်တယ်။ ပဏ္ဍိတာနဥ္စ သေဝနာအရ မိမိကလည်း ဆည်းကပ်နိုင်တယ်။ ပူဇာစ ပူဇနီယာနံအရ ပူဇော်နိုင်တယ်။ အဲဒီလို ပုဂ္ဂိုလ်တွေမရှိရင် မိမိမှာ ဆည်းကပ် စရာ ပူဇော်စရာ မရှိဘူး။ ဆည်းကပ်စရာမရှိလို့ မဆည်းကပ်ရရင် ပူဇော်စရာ မရှိလို့ မပူဇော်ရရင် သက္ကာယဒိဋ္ဌိပြုတ်တဲ့အသိဉာဏ်တွေ မရနိုင်လို့ သုံးဆယ့်တစ်ဘုံထဲမှာ အိုနာသေရေး ဒုက္ခဘေးကြီးတွေနဲ့သာ တွေ့ကြုံကြရမှာ အမှန်ဖြစ်တယ်။

## အတိုချုံး၍ လိုရင်းရှာလျှင်

မြတ်စွာဘုရား သက်တော်ထင်ရှားရှိမယ်ဆိုရင် လျှောက်ထား ကြည့်ရမှာ ဖြစ်တယ်။

"လူမိုက်လဲရှောင်ကြဉ်၊ ပညာရှိလဲ မှီဝဲ၊ ပူဇော်သင့်တာလဲ ပူဇော် တယ်၊ မကြီးပွားပါဘူးဘုရား"

ဒီတော့- "သင်နေတဲ့နေရာက ဘယ်မှာလဲ" "ရွာက ရွာငယ်လေး ပါဘုရား၊ ဆယ်အိမ်လောက်ရှိပဲ ရှိပါတယ်ဘုရား"

"ဆယ်အိမ်နဲ့တန်ရုံကြီးပွားမှာပေါ့၊ ဒီထက် ကြီးပွားချမ်းသာ ချင်ရင် ပဋိရူပဒေသဝါသ အရပ်မှာနေ"

"မြို့ကြီးပြကြီးရောက်ပါပြီ၊ တိုက်ဆယ်လုံးလောက်၊ ကား ဆယ်စီး လောက်၊ စိန်တွေ ရွှေတွေနဲ့ ပြည့်စုံပြီး ဘာမှ မလိုတဲ့အပြင် ကုမ္ပဏီတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြီး လိုအပ်တဲ့ ကုန်မျိုးစုံရောင်းချနေပါတယ်၊ တစ်နေ့ကို ကိုယ့်အတွက် ငါးသိန်းလောက် ကျန်ပါတယ်ဘုရား၊ အဲဒီ နေရာမှာ ရာသက်ပန် နေရတော့မှာလားဘုရား"

"အဲဒီနေရာမှာ စေတီ ပုထိုး ကျောင်းကန် ဘုရား ရဟန်း သံဃာ ပူဇော်ဆည်းကပ်စရာရှိရဲ့လား၊ သက္ကာယဒိဋ္ဌိ ပြုတ်သွားအောင် ဟောပြော ပြသ ဆိုဆုံးမပြီး နည်းလမ်းပေးနိုင်တဲ့ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်များ ရှိရဲ့လား"

"မရှိပါဘူးဘုရား"

"ချက်ချင်းရွှေ့၊ မနေအပ်ဘူး"

"အဲဒီရွာကလေးက အိမ်ခြေလေးငါးခြောက်ဆယ်လောက် ရှိပါတယ် ဘုရား။ စားဝတ်နေရေးကတော့ အဆင်မပြေလှဘူး၊ အပိုအလျှံ မရှိဘူး၊ ပုံမှန်လုပ်ကိုင်နိုင်မှ တစ်နေ့စာ တစ်နေ့ အဆင်ပြေရုံလောက်ပဲ ရှိပါတယ် ဘုရား၊ ဘယ်အရပ်ဒေသကို ရွှေ့ရင် ကြီးပွားချမ်းသာပါမလဲ ဘုရား"

"ဟဲ့ နေပါဦး၊ အဲဒီရွာကလေးမှာ စေတီ ပုထိုး ကျောင်းကန် ဘုရား ရှိရဲ့လား"

" ရှိပါတယ်ဘုရား၊ သာသနာကတော့ ရွာကလေးနဲ့ မစာအောင် နေလို လလို ထွန်းတောက်နေပါတယ်ဘုရား၊ သမထ၊ ဝိပဿနာတရားများ အားထုတ်ရင် ဟောကြားညွှန်ပြ ဆိုဆုံးမပြီး နည်းလမ်းပြသပေးနိုင်တဲ့ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တွေလဲ ရှိပါတယ် ဘုရား။ သက္ကာယဒိဋ္ဌိပြုတ်အောင် ဟောကြားညွှန်ပြပေးနိုင်တဲ့ ရဟန်း သံဃာတော်တွေလဲ ပေါများပါတယ် ဘုရား၊ သောတာပန်ဖြစ်ပြီး အထက်တန်းကျတဲ့ သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်သွားအောင် နည်းပေးလမ်းပြညွှန်ကြားပေးတဲ့ ဟောပြောပေးတဲ့ ရဟန်းသံဃာတော်များလဲ ရှိပါတယ်ဘုရား"

"သံသရာဝဋ်ဆင်းရဲကြီးနဲ့ အပါယ်လေးဘုံရဲ့ ဒုက္ခကြီးကို ကြောက်ရင် အခုပစ္စုပ္ပန်မှာ တွေကြုံနေရတဲ့ ဆင်းရဲဒုက္ခတွေကို သည်းခံပြီး အဲဒီနေရာမှာ ရာသက်ပန်နေလိုက်"လို့ မိန့်တော်မူမှာ ဖြစ်ပါတယ်။

လောကုတ္တရာ ပဋိရူပဒေသအဖြစ်ဆုံး နေရာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အရိယာတို့ ရွာကလေး (ဒီ၊ပါ။၇၈၊၁၆၂)

ဘုရားရှင်လက်ထက်တော်က နာတိက ရွာကလေးမှာ သာဠ မထေရ်လို့ခေါ်တဲ့ ရဟန်းတော်တစ်ပါးဟာ ရွာဦးထိပ်မှာ ရွာသားတွေ ဆောက်လုပ်ထားတဲ့ ကျောင်းမှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီ သာဠမထေရ်ကို လှူဒါန်းပြုစုနေကြတဲ့ ဒါယကာ,ဒါယိကာမများဟာ (၇၀၀)ကျော် (၈၀၀)နီးပါး ရှိပါတယ်။

နာတိကရွာမှာ သာသနာတော်မြတ်ရဲ့ ဓမ္မအမွေများဖြစ်ကြတဲ့ တရားတော်များဟာ ထွန်းလင်းတောက်ပလျက် ရှိပါတယ်။ အရှင်သာဠ မထေရ်ရဲ့ ဟောပြောပြသဆိုဆုံးမမှုကြောင့် ရွာလုံးကျွတ်နီးပါး အမျိုးသမီး၊ အမျိုးသားများဟာ အကျွတ်တရားရကြပြီး အမျိုးသမီး၊ အမျိုးသား(၅)ကျိပ် ကျော်တို့ဟာ အောက်သံယောဇဉ် (၅)ပါးချုပ်ငြိမ်းသွားကြသဖြင့် အနာဂါမိ မင်္ဂဖိုလ်သို့ ရောက်ရှိနေကြပါတယ်။ ထိုအနာဂါမ်အဖြစ်နဲ့ပဲ နာတိကရွာမှ စုတေကြတဲ့အခါ ဥပပါတ်ပဋိသန္ဓေနဲ့ ဗြဟ္မာ့ဘုံမှာ ဖြစ်ကြရပြီး ပရိနိဗ္ဗာန် စံဝင်ကြလိမ့်မယ်-လို့ မြတ်စွာဘုရားဟောတော်မူပါတယ်။

အဲဒီနာတိကရွာမှာ သကဒါဂါမ်(၉)ကျိပ်ကျော်ကျော် ရှိပါတယ်။ ထိုအရိယာပုဂ္ဂိုလ်များဟာ ဤကာမဘုံသို့ တစ်ကြိမ်သာ ပဋိသန္ဓေနေ၍ ကာမဘုံ၌ပင် ပရိနိဗ္ဗာန်ပြုကြကုန်လိမ့်မည်ဟု ဟောတော်မူပါတယ်။

အဲဒီနာတိကရွာမှာပဲ အောက်ပိုင်းသံယောဇဉ်များကို ပယ် သတ် ပြီးတဲ့ သောတာပန်ပုဂ္ဂိုလ်ငါးရာကျော်မျှ ရှိပါတယ်။ ထိုသောတာပန် ပုဂ္ဂိုလ်တို့ဟာ အထက်မင်္ဂဖိုလ်သုံးပါးလျှင် လျောင်းစက်ရာရှိ၍ အပါယ်သို့ မလားမရောက်တဲ့ အရိယာများ ဖြစ်ကြပါတယ်။

### နာတိကရွာမှ အရိယာပုဂ္ဂိုလ်များ စာရင်းချုပ်

| | | | |
|---|---|---|---|
| (၁) | သောတာပန်အရိယာပုဂ္ဂိုလ် | (၅၀၀) | ကျော် |
| (၂) | သကဒါဂါမ်အရိယာပုဂ္ဂိုလ် | (၉၀) | ကျော် |
| (၃) | အနာဂါမ်အရိယာပုဂ္ဂိုလ် | (၅၀) | ကျော် |

www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်တို့ဟာ လောကုတ္တရာ ပဋိရူပဒေသအရပ်မှာ လာဖြစ်ကြလို့ သောတာပန် သကဒါဂါမ် အနာဂါမ်တွေ ဖြစ်ကြရပါတယ်။

သမ္မာသမ္ဗုဒ္ဓါနံ ပန ဗုဒ္ဓသာဝကာ ဩဝါဒေ ပတိဋ္ဌာယ
သဂ္ဂပရာယဏာ နိဗ္ဗာနပရာဏာ စ ဟောန္တိ၊ တသ္မာ တတ္ထ
ဝါသော ဣမံ သမ္ပတ္တိံ ပစ္စယတော မင်္ဂလန္တိ ဝုစ္စတိ။
(ခုဒ္ဒကပါဠိ၊ ၄။၁၁၂)

ဘုရားရှင်နဲ့ ဘုရားရှင်ရဲ့ တပည့်သာဝကတွေရဲ့ အဆုံးအမ ဩဝါဒမှာ တည်ပြီး အဲဒီအဆုံးအမဩဝါဒအတိုင်း လိုက်နာကျင့်ကြံအားထုတ်ကြရင် နတ်ရွာသုဂတိသို့ ရောက်ခြင်း၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်းဆိုတဲ့ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများဖြစ်ပေါ်လာဖို့ အကြောင်းရင်းစင်စစ် အမှန်ဖြစ်လို့ မင်္ဂလာလို့ ခေါ်ဆိုရပါတယ်။

ထိုပဋိရူပဒေသဆိုတဲ့ သင့်တော်လျောက်ပတ်တဲ့အရပ်ကို ရောက်ပြီးနေတဲ့အခါ ကြိုးစားအားထုတ် အလုပ်လုပ်ဖို့ အရေးကြီးလို့ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာကို ဆက်လက်ပြီး ဟောတော်မူပါတယ်။

## (၅) ပုဗ္ဗေစ ကတပုညတာ။ (ခုဒ္ဒကပါဠိ။၄)

### ပုဗ္ဗေ ကတပုညတာ (၂)မျိုး

| (လောကီ)ပုဗ္ဗေကတပုည | ပုဗ္ဗေကတပုည(လောကုတ္တရာ) |
|---|---|
| ══ ×× ══ | ══ ×× ══ |
| ကြီးပွားချမ်းသာခြင်း | ဆင်းရဲဒုက္ခလွတ်ခြင်း |
| အလုပ်လုပ် | သမထလုပ်၊ ငြိမ်သက်ငြိမ်းအေး |
| ကြီးပွားချမ်းသာ | ဝိပဿနာရှု၊ မဂ်ဖိုလ် နိဗ္ဗာန်မြင် |
| ══ ×× ══ | ══ ×× ══ |
| ကိုယ်စိတ်နှစ်ပါးချမ်းသာ | ကိုယ်စိတ်နှစ်ပါးချမ်းသာ |
| (လောကီသုခ) | (လောကုတ္တရာသုခ) |

www.burmeseclassic.com

www.burmeseclassic.com



ပုဗ္ဗေ၊ ရှေးရှေး ဘဝ၌။ (ဝါ) ရှေးရှေးက။ ကတပုညတာ၊ ပြု လုပ်ခဲ့ဖူး ကောင်းမှုကုသိုလ်အထူးရှိသည်၏ အဖြစ်သည်လည်းကောင်း။

**ပုဗ္ဗေတိ ပုရာ အတီတေသု ဇာတီသု၊**

**ကတပုညတာတိ ဥပစိ တကုသလာ။**

(ခုဒ္ဒကပါဌ၊ ဌ။၁၁၁။ သုတ္တနိပါတ၊ဌ။၁၆)

## ပုဗ္ဗ + ကတ + ပုည(၃)ပုဒ်ခွဲ

ပုဗ္ဗ၊ ရှေးရှေးက။(ဝါ) ဟိုဘက်ရက် ဟိုဘက်လ ဟိုဘက်နှစ် တွေက။ ကတ၊ ပြုလုပ်ခဲ့ဖူးတဲ့။ (ဝါ) အားထုတ်ခဲ့ဖူးတဲ့။ ပုည၊ ကုသိုလ် ကောင်းမှု။ (ဝါ)အပြစ်မရှိတဲ့အလုပ်။

ရှေးရှေးဘဝ များစွာက ပြုလုပ်ခဲ့ဖူးတဲ့ ဒါန၊ သီလစတဲ့ ကုသိုလ် ကောင်းမှုများကို ရှေးရှေးလို့ ခေါ်တယ်။ မနေ့က ဟိုရက်က ဟိုလက ဟိုနှစ်က ပြုလုပ်ခဲ့ဖူးတဲ့ အပြစ်မရှိတဲ့ အလုပ်တွေကို ရှေးရှေးလို့ ခေါ်ပါတယ်။

**မှတ်ချက်။** အတိတ်ရှေးရှေး၊ ယခုပစ္စုပ္ပန် ရှေးရှေး နှစ်မျိုးလုံး ယူပါ။

ကမ္မံ သတ္တေ ဝိဘဇတိ၊ ယဒိဒံ ဟီနပ္ပဏီတတာယ။

(ဥပရိ။၂၄၄။မ၊၃။၂၄၄)

ယဒိဒံ=ယံ ဣဒံ ဟီနပ္ပဏီတတံ၊ အကြင်ယုတ်သောအဖြစ် မြတ်သောအဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တာယ ဟီနပ္ပဏီတတာယ၊ ထိုယုတ်မာသောအဖြစ် မြတ်သောအဖြစ်အားဖြင့်။ ကမ္မံ၊ အတိတ် ပစ္စုပ္ပန် နှစ်တန်သော ကံသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝိဘဇတိ၊ ဝေဖန် ပိုင်းခြား လေ၏။

များစွာများစွာက မိမိတို့ပြုလုပ်ခဲ့ဖူးတဲ့ ကုသိုလ်၊ အကုသိုလ် ကံနှစ်ခုက သတ္တဝါတွေကို ပိုင်းခြားဝေဖန် သတ်မှတ်ပေးတယ်။ အကုသိုလ်ကံကြောင့် ဆင်းရဲတဲ့ ဘဝမျိုးမှာဖြစ်စေ၊ ကုသိုလ်ကံကြောင့် ချမ်းသာကြွယ်ဝတဲ့ ဘဝမျိုးမှာဖြစ်စေလို့ ဝေဖန်သတ်မှတ် ပစ်ချ ပေးတယ်။ ဘယ်လိုဝေဖန်ပစ်ချပေးနေသလဲ။

www.burmeseclassic.com

www.burmeseclassic.com



## ကံရဲ့ ဝေဖန်ပိုင်းခြားပေးပုံ

၁။ တွံ့ ဟီနော ဘဝ၊ သင် ယုတ်ညံ့၍ အောက်တန်းကျတဲ့ ဘဝမျိုးဖြစ်စေ၊

၂။ တွံ့ ပဏီတော ဘဝ၊ သင် မြင့်မြတ်၍ အထက်တန်းကျတဲ့ ဘဝမျိုးဖြစ်စေ၊

၃။ တွံ့ အပ္ပါယုကော ဘဝ၊ သင်အသက်တိုတဲ့ ဘဝမျိုးဖြစ်စေ၊

၄။ တွံ့ ဒီဃာယုကော ဘဝ၊ သင်အသက်ရှည်တဲ့ ဘဝမျိုးဖြစ်စေ၊

၅။ တွံ့ ဗဟွါဗာဓော ဘဝ၊ သင်အနာရောဂါများတဲ့ဘဝမျိုး ဖြစ်စေ၊

၆။ တွံ့ အပ္ပါဗာဓော ဘဝ၊ သင်အနာရောဂါမရှိတဲ့ဘဝမျိုး ဖြစ်စေ၊

၇။ တွံ့ ဒုဗ္ဗဏ္ဏော ဘဝ၊ သင် ရုပ်ရေအဆင်းမလှပတဲ့ ဘဝမျိုး ဖြစ်စေ၊

၈။ တွံ့ ဝဏ္ဏောဝန္တော ဘဝ၊ သင် ရုပ်ရေအဆင်းလှပတဲ့ ဘဝမျိုး ဖြစ်စေ၊

၉။ တွံ့ အပ္ပေသက္ခော ဘဝ၊ သင် ဘုန်းတန်ခိုး သြဇာအာဏာ မရှိတဲ့ ဘဝမျိုး ဖြစ်စေ၊

၁၀။ တွံ့ မဟေသက္ခော ဘဝ၊ သင် ဘုန်းတန်ခိုးသြဇာအာဏာရှိတဲ့ ဘဝမျိုးဖြစ်စေ၊

၁၁။ တွံ့ အပ္ပဘောဂေါ ဘဝ၊ သင် ပစ္စည်းဥစ္စာ မကြွယ်ဝမချမ်းသာ တဲ့ ဘဝမျိုးဖြစ်စေ၊

၁၂။ တွံ့ မဟာဘောဂေါ ဘဝ၊ သင် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတဲ့ ဘဝမျိုး ဖြစ်စေ၊

၁၃။ တွံ့ ဒုပ္ပညော ဘဝ၊ သင် အသိအလိမ္မာ ဉာဏ်ပညာမရှိတဲ့ ဘဝမျိုး ဖြစ်စေ၊

၁၄။ တွံ့ မဟာပညော ဘဝ၊ သင် အသိအလိမ္မာ ဉာဏ်ပညာရှိတဲ့ ဘဝမျိုးဖြစ်စေ၊

ဤကဲ့သို့ ကံက ဝေဖန်ပိုင်းခြားပေးနေမှုကိုပင် အမြဲတမ်းခံနေရပါတယ်။

(ဥပရိပဏ္ဏာသ၊၁၇၇၊မ၊ဋ္ဌ၊၁၇၇)

www.burmeseclassic.com

www.burmeseclassic.com



**ကောင်းတဲ့ကံက ကောင်းတဲ့ဘဝ ဝေဖန်ပေးပုံ**

၁။ မြင့်မြတ်တဲ့အမျိုးအနွယ်မှာ ဖြစ်ရပါတယ်။
၂။ အသက်ရှည်တယ်။
၃။ အနာရောဂါကင်းတယ်။
၄။ ရုပ်ရေအဆင်း လှပတင့်တယ် ချောမောတယ်။
၅။ ဩဇာအာဏာ ဘုန်းတံခိုးကြီးမားတယ်။
၆။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတယ်။
၇။ လောကီ လောကုတ္တရာနှစ်ဖြာသော ပညာရှိ ဖြစ်ရတယ်။
၈။ အခြွေအရံပေါ်များတယ်။
၉။ ချစ်သူ ခင်သူ မိတ်ဆွေသင်္ဂဟ ပေါများတယ်။

**မကောင်းတဲ့ကံက မကောင်းတဲ့ဘဝ ဝေဖန်ပေးပုံ**

၁။ ယုတ်ညံ့တဲ့အမျိုးအနွယ်မှာ ဖြစ်ရတယ်။
၂။ အသက်တိုတယ်။
၃။ အနာရောဂါများတယ်။
၄။ ရုပ်ရေ အဆင်း လှပတင့်တယ်ခြင်း မရှိဘူး။
၅။ ဩဇာအာဏာဘုန်းတံခိုး မရှိဘူး။
၆။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်းမရှိ၊ အလွန်ဆင်းရဲတယ်။
၇။ လောကီပညာ၊ လောကုတ္တရာပညာ မတတ်ဘူး။
၈။ အခြွေအရံ အလွန်နည်းပါးတယ်။
၉။ ချစ်သူခင်သူ မိတ်သင်္ဂဟ အလွန်ရှားပါးတယ်။

ယခုဘဝ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း၊ လောကီ လောကုတ္တရာ နှစ်ဖြာသော ပညာတတ်မြောက်ခြင်း၊ ရုပ်ဆင်းအင်္ဂါ အလွန်လှပ တင့်တယ်ခြင်း၊ အစိုးတရဖြစ်ခြင်း၊ အခြွေအရံ မိတ်ဆွေ သင်္ဂဟ အလွန် ပေါများခြင်း စတဲ့ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတွေနဲ့ ပြည့်စုံခြင်း မှန်သမျှဟာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာကုသိုလ် ကောင်းမှုကြောင့် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲမွဲတေခြင်း၊ လောကီလောကုတ္တရာနှစ်ဖြာသော ဉာဏ်ပညာကင်း၍ ညံ့ဖျင်းခြင်း၊ ရုပ်ရေအဆင်း မလှပမတင့်တယ်ခြင်း၊ သူတစ်ပါးအခိုင်အစေဖြစ်ရခြင်း၊ အခြွေအရံ မိတ်ဆွေသင်္ဂဟ အလွန်နည်းပါးခြင်းစတဲ့ ဘဝသမ္ပတ္တိတို့နှင့် ပြည့်စုံမှုမရှိခြင်းတွေဟာ ရှေးက ပြုလုပ်ခဲ့ဖူးတဲ့ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာကုသိုလ်ကောင်းမှု မရှိခြင်းကြောင့် ဖြစ်ပါတယ်။

ကောင်းမှုဆိုတဲ့ နေရာမှာ ရှေးဘဝက ပြုလုပ်တဲ့ကောင်းမှု၊ ယခုပစ္စုပ္ပန်ဘဝမှာ ပြုလုပ်တဲ့ကောင်းမှု နှစ်မျိုးလုံးနဲ့ သက်ဆိုင်ပါတယ်။ ယခုပစ္စုပ္ပန်မှာ မကောင်းတာကြံ၊ မမှန်တာပြော၊ မဟုတ်တာလုပ်တဲ့ သူတွေဟာ ကျက်သရေမင်္ဂလာမရှိ ဖြစ်ရပါတယ်။ ကောင်းတာကြံ၊ မှန်တာလုပ်၊ ဟုတ်တာပြောသူတွေရဲ့ ကိုယ်၊ နှုတ်၊ စိတ်သုံးပါးလုံးဟာ စင်ကြယ်သန့်ရှင်းနေတာဖြစ်လို့ ကျက်သရေမင်္ဂလာအဖြာဖြာတို့ဟာ တစ်နေ့တခြား တိုးတက်ဖျက် ရှိနေပါတယ်။

ရှေးက ပြုလုပ်ခဲ့ဖူးတဲ့ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာကြောင့် ရုပ်ဆင်း အင်္ဂါလှပ တင့်တယ်ခြင်း၊ အစိုးတရဖြစ်ခြင်း၊ အခြွေအရံ ပရိသတ် မိတ်ဆွေ သင်္ဂဟပေါ်များခြင်း၊ ပစ္စည်းဉစ္စာကြွယ်ဝချမ်းသာခြင်း၊ လောကီလောကုတ္တရာ နှစ်ဖြာသော ပညာတတ်မြောက်ခြင်းစတဲ့ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိတို့နှင့် ပြည့်စုံမှုကိုပင် ကျက်သရေမင်္ဂလာလို့ ခေါ်ဆိုရပြန်ပါတယ်။ (မူ-ဋီ ၊၁။ ၉)

ယခုဘဝပြုလုပ်နေတဲ့ ပုဗ္ဗေကတပုညတာ မင်္ဂလာနှင့် ရှေးရှေးဘဝက ပြုလုပ်ခဲ့တဲ့ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာနှစ်ပါး ပေါင်းစပ်၍ အကျိုးပေးဖို့ အခွင့်ကြုံလာလျှင် ယခုဘဝ အကြံအစည်ဉာဏ်ပညာလုံ့လဝီရိယတို့ကြောင့် အလွယ်တကူ အကျိုးပေးမှုများကို ရရှိနိုင်ကြပြီး သမ္ပတ္တိအမျိုးမျိုး ပြည့်စုံမှုအကျိုးများကိုပါ ရရှိခံစားကြရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လောကုတ္တရာ မင်္ဂလာ

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့ ဟောပြောပြသဆိုဆုံးမပြဝါဒပေးတဲ့အတိုင်း လိုက်နာကျင့်ကြံအားထုတ်မှသာ နတ်ရွာ နိဗ္ဗာန်ကို ရရှိနိုင်လို့ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာဖြစ်ပါတယ်။

(၁) ပုဗ္ဗေ၊ ရှေးရှေးဘဝက။ ကတ၊ ပြုလုပ်ခဲ့တဲ့။ ပုည၊ ဒါန သီလစတဲ့ ကုသိုလ်ကောင်းမှုများဟာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ ဖြစ်ပါတယ်။(အတိတ်)

(၂) ပုဗ္ဗေ၊ ရှေးရှေးက။ ရှေးရှေးကဆိုတာ ဟိုဘက်နှစ်၊ ဟိုဘက်လ၊ ဟိုဘက်ရက်တွေက။ ကတ၊ ပြုလုပ်ခဲ့တဲ့။ ပုည၊ ဒါနသီလ သမထ, ဝိပဿနာ စတဲ့ ကုသိုလ်ကောင်းမှုများဟာ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာဖြစ်ပါတယ်။ (ပစ္စုပ္ပန်)

(ခုဒ္ဒကပါဌ၊ဋ္ဌ။၁၁။သုတ္တနိပါတ၊ဋ္ဌ၊၂။၉၇)

ပုဗ္ဗေကတပုညတာ နာမ အတီတဇာတိယံ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ခီဏာသဝေ အာရဗ္ဘ ဥပစိတကုသလတာ၊ သာပိ မင်္ဂလံ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၁၂)

ဘုရား၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ဟာ များစွာသော အတိတ်ဘဝက ဖြည့်ကျင့်ဆည်းပူးပြုလုပ်ခဲ့တဲ့ ဒါန၊ သီလစတဲ့ ပုဗ္ဗေကတ ပုညတာ မင်္ဂလာ အဟုန်တို့ကြောင့် ယခုပစ္စက္ခဘဝ၌ တရားတော်များကို ကျင့်ကြံအားထုတ်အလုပ်လုပ်ကြ၍ ဘုရားအဖြစ် ပစ္စေကဗုဒ္ဓါအဖြစ် ရဟန္တာ အဖြစ်သို့ ရောက်ရှိကြရပါတယ်။ ထိုသို့ ရောက်ရှိခြင်းဟာ ပုဗ္ဗေ စ ကတ ပုညတာ မင်္ဂလာမည်ပါတယ်။

မှတ်ချက်။ အတိတ်က ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာနှင့် ပစ္စုပ္ပန် ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာနှစ်ပါး ပေါင်းစပ် မိတော့မှ လူ နတ် စတဲ့ စည်းစိမ်ချမ်းသာ၊ မင်္ဂဖိုလ် နိဗ္ဗာန် ဆိုတဲ့ ချမ်းသာတို့ကို ရရှိနိုင်တဲ့ မင်္ဂလာ အကျိုး တရားတွေ ဖြစ်ပေါ်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယော စ မနုဿော ပုဗ္ဗေ ကတာဓိကာရော ဥဿန္နကုသလ မူလော ဟောတိ၊ သော တေနဝ ကုသလမူလေန ဝိပဿနံ ဥပ္ပါဒေတွာ အာသဝက္ခယံ ပါပုဏာတိ။

(ခုဒ္ဒကပါဌ၊ ဌ။၁၁၀။ သုတ္တနိပါတ၊ ဋ္ဌ။၁၇)

လူတစ်ယောက်မှာ ရှေးဘဝက ပြုလုပ်ခဲ့ဖူးတဲ့ ဒါန သီလ သမထ ဝိပဿ စတဲ့ ကုသိုလ်ကောင်းမှု ပုဗ္ဗေ စ ကတပုညတာမင်္ဂလာရှိနေပါတယ်။ ယခုပစ္စုပ္ပန်ဘဝမှာလဲ ဒါန သီလစတဲ့ ကုသိုလ်ကောင်းမှုကို အခြေခံထားပြီး သမထ ဝိပဿနာတရား ပွားများအားထုတ်တဲ့အခါ အာသဝေါ ကုန်ခမ်းပြီး ရဟန္တာဖြစ်ပါတယ်။ ထိုသို့ ရဟန္တာဖြစ်သွားရခြင်းဟာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ ဖြစ်ပါတယ်။

## ပုဏ္ဏားကြီးဇနီးမောင်နှံ သောတာပန်ဖြစ်

ပဥ္စဂ္ဂပုဏ္ဏားကြီးနဲ့ ဇနီး ပုဏ္ဏေးမတို့ဟာ ကဿပဘုရားရှင် လက်ထက်က နာမ်ရုပ်နဲ့ စပ်တဲ့ တရားစကားကို ကြားနာဖူးခဲ့ကြပါတယ်။ ယခုဂေါတမ ဘုရားရှင်လက်ထက် သာဝတ္ထိပြည်မှာ ပစ္စည်း ဥစ္စာကြွယ်ဝ ချမ်းသာတဲ့ ပုဏ္ဏားလင်းမယားနှစ်ယောက်ဖြစ်လာပါတယ်။

အဲဒီ ပုဏ္ဏားလင်မယားနှစ်ယောက်တို့မှာ ကဿပဘုရားရှင် လက်ထက်က နာမ်ရုပ်နဲ့စပ်တဲ့ တရားစကားကို နာကြားခဲ့ဖူးတဲ့ ပုဗ္ဗေ စ ကတပုညတာမင်္ဂလာ ရှိနေကြပါတယ်။ မြတ်စွာဘုရားရှင်ဟာ ဆွမ်းခံကြွရင်း သဗ္ဗညုတ ရွှေဉာဏ်တော်နဲ့ ကြည့်ရှုတော်မူလိုက်တဲ့အခါ အတိတ်ဘဝ ကဿပဘုရားရှင်လက်ထက်က နာမ်ရုပ်နဲ့ စပ်တဲ့ တရားတော်ကို နာကြား ခဲ့ဖူးတဲ့ ပုဗ္ဗေ စ ကတပုညတာရှိခဲ့တဲ့ အကြောင်းကို သိမြင်တော်မူပါတယ်။ ဒီအခါ-

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

(ဓမ္မပဒ။ ၆၆)

ယဿ၊ ယောက်ျား မိန်းမ ရဟန်းရှင်လူ မည်သူမဆို အကြင် ပုဂ္ဂိုလ်၏ သန္တာန်၌။ သဗ္ဗသော၊ အလုံးစုံသော အခြင်းအရာအားဖြင့်။

www.burmeseclassic.com

www.burmeseclassic.com



နာမရူပသို့၊ အကြောင်းဆုံမှ ဖြစ်ပေါ်လာတဲ့ ဥပါဒါနက္ခန္ဓာ နာမ်ရုပ်တရား ဤနှစ်ပါး၌ ။ မမာယိတံ၊ အနတ္တကို အတ္တလုပ်ပြီး စွဲနေတဲ့ ဥပါဒါနက္ခန္ဓာ သည် ။ နတ္ထိ၊ နာမ်ရုပ်အဖြစ် စင်စစ်တိတိ မြင်ကာသိသောကြောင့် အတ္တ မရှိပါပေ။ အသတာ စ၊ နာရုပ်နှစ်ပါး ချုပ်ပျောက်သွား၍ အတ္တထင်ရှား မရှိသောကြောင့်လည်း။ န သောစတိ၊ သဘာဝအတိုင်း မဆိုင်းမသွေ ဖြစ်ပျက်နေသည်ဟု အထွေထွေနှလုံးသွင်း အသိဉာဏ်ရှင်းပြီး စိုးရိမ် ပူပန်ခြင်း ရှိပါပေ။ သဝေ၊ ထိုကဲ့သို့ အကြောင်းဆုံမှ ဖြစ်ပေါ်လာတဲ့ ဥပါဒါနက္ခန္ဓာနာမ်ရုပ်တရား ဤနှစ်ပါး၌ အတ္တမှုကင်း အနတ္တသွင်း၍ မြင်တဲ့သူကို။ ဝေ၊ စင်စစ်ဧကန် အမှန်အားဖြင့်။ ဘိက္ခုတိ၊ အကြောင်း ကိလေသာ ပူပန်နေတဲ့ အခြင်းအရာကို ပယ်မွာသတ်ဖြတ် နိရောဓသစ္စာ ခေါ်တဲ့ အေးငြိမ်းမှု ဓာတ်ကြောင့် ဘိက္ခုခေါ်တွင် သူတော်စင်ဟူ၍။ ဝုစ္စတိ၊ ဧကန်မသွေ အမှန်ပဲ ခေါ်ဆိုအပ်ပါ၏။

ပဥ္စဂ္ဂ ပုဏ္ဏားကြီး ဇနီးမောင်နှံဟာ အတိတ်က နာမ်ရုပ်နဲ့စပ်ပြီး သမထ ဝိပဿနာတရားများကို နာကြားအားထုတ်ခဲ့ဖူးတဲ့ ပုဗ္ဗေ ကတ ပုညတာမင်္ဂလာ ရှိနေပါတယ်။ ယခု ပစ္စုပ္ပန်ဘဝမှာ မြတ်စွာဘုရားနဲ့ တွေ့တော့ နာမ်ရုပ်နဲ့စပ်တဲ့ သမထ ဝိပဿနာတရားများကို ဟောကြား တော်မူတဲ့အခါ ဂါထာရဲ့အဆုံးမှာ ပုဏ္ဏားကြီးဇနီးမောင်နှံနှစ်ယောက်လုံး သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ်လို့ခေါ်တဲ့ အောက်မဂ် သုံးပါးကိုရပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသွားပါတယ်။ ဒါဟာ ပုဗ္ဗေစ ကတ ပုညတာ မင်္ဂလာဖြစ်ပါတယ်။

**မှတ်ချက်။** ဓမ္မပဒ၊ ၄၊ ၂။ ၃၆၉၌ အနာဂါမ်ဖြစ်သည်ဟု ဆို၏။
သုတ္တနိပါတ် ၄၊ ၁၇၃၌ အရဟတ္တဖိုလ် ရောက်သည်ဟု ဆို၏။

အတိတ်က ပုဗ္ဗေစ ကတပုညတာ မင်္ဂလာနှင့် ယခု ပစ္စုပ္ပန် ပုဗ္ဗေစ ကတ ပုညတာ မင်္ဂလာနှစ်ပါး ပေါင်းစပ်မှုအပေါ်မှာ မူတည်ပါတယ်။ အတိတ်ကလဲ အလွန့်အလွန်အားကောင်း၊ ယခုပစ္စုပ္ပန်ဘဝမှာလဲ အလွန့် အလွန် အသိဉာဏ်အားကောင်းပါလျှင် အာသဝေါကုန်ခမ်းပြီး ရဟန္တာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားနိုင်ပါတယ်။ မိမိအားထုတ်မှုနဲ့ အသိဉာဏ်အပေါ်မှာ မူတည်ပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာများ ဖြစ်သွားကြရမှာ ဖြစ်ပါတယ်။

**လောကီ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာ**

ပုဗ္ဗေ စ တကပုညတာ မင်္ဂလာဆိုတာ လွန်ခဲ့တဲ့ အတိတ်ဘဝက ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှု တစ်ခုတည်းကို မယူရဘူး၊ ယခုပစ္စုပ္ပန်ဘဝမှာလဲ လွန်ခဲ့သမျှ ရှေ့ကို ပုဗ္ဗေစ ကတပုညတာ မင်္ဂလာအနေနဲ့ ယူရဦးမှာ ဖြစ်ပါတယ်။

ဥပမာအနေနဲ့ ပြောရရင်-

ကလေးတစ်ယောက်ဆိုပါတော့။ ကကြီး၊ ခခွေး၊ ဂငယ်၊ ဃကြီး၊ င-ဆိုပြီး ပထမ စသင်ရတာ ပုဗ္ဗေစ ကတပုညတာ၊ ဘဘ, မမ, ညက, ထက စာလုံးပေါင်းကလေးတွေ ရေးတတ် ဖတ်တတ်တာ ကြီးပွားခြင်းအစ မင်္ဂလာ၊ စာမတတ်တဲ့ဘဝကနေ စာတတ်တဲ့ဘဝကို ကူးပြောင်းလာတာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ။

အေ၊ ဘီ၊ စီ၊ ဒီ ဆိုပြီး ပထမ စလို့ သင်ရတာ ပုဗ္ဗေစ ကတပုညတာ၊ စီအေတီကက်(ထ်), ဘီအေတီဘက်(ထ်), အာအေတီ ရက်(ထ်) စာလုံးပေါင်းကလေးတွေ ရေးတတ်ဖတ်တတ်တာ ကြီးပွား ခြင်းအစ မင်္ဂလာ၊ အဲဒီကစပြီး မူလတန်း၊ မူလတန်းမှ အလယ်တန်း၊ အလယ်တန်းမှ အထက်တန်း၊ အဆင့်အတန်းနိမ့်တဲ့ဘဝကနေ အဆင့်အတန်းမြင့်တဲ့ ဘဝသို့ တစ်ဆင့်တစ်ဆင့် ကူးပြောင်းလာတာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ။

အဲဒီက တစ်ဆင့်တက်ရင် ပညာရေးဌာနကျတော့ ဝိဇ္ဇာဌာန၊ သိပ္ပံဌာနတွေ နှစ်လိုင်းကွဲလာတာ၊ ဝိဇ္ဇာဌာနကျတော့ အိုင်အေ၊ ဘီအေ၊ အမ်(မ်)အေ၊ သိပ္ပံဌာနကျတော့ အိုင်(အက်)စီ၊ ဘီ(အက်)စီ၊ အမ်(အက်)စီ တတ်မြောက်လာတာ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီက တစ်ဆင့်တက်တော့ ဝိဇ္ဇာဌာနဆိုရင် တရားသူကြီး၊ မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်၊ ခရိုင်ဝန်၊ အတွင်းဝန်(သမ္မတ)ဘုရင်ခံဖြစ်ပြီး ကြီးပွား လာတာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ၊ သိပ္ပံဌာနဆိုရင် ဆရာဝန်၊ သစ်တော၊ အင်ဂျင်နီယာ၊ စိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုဌာန၊ ဆရာဝန်ကြီးတွေ၊ ပါရဂူကြီးတွေ၊ သမားတော်ကြီးတွေ ဖြစ်ပြီး ကြီးပွားလာတာ ပုဗ္ဗေစ ကတ ပုညတာ မင်္ဂလာ။

ဝိဇ္ဇာဌာန၊ သိပ္ပံဌာန နှစ်ခုလုံးနဲ့ဆိုင်တဲ့ စစ်ဗိုလ်တွေ၊ ဗိုလ်ကြီး တွေ၊ ဗိုလ်မှူးကြီးတွေ၊ ဗိုလ်မှူးချုပ်တွေ၊ ဗိုလ်ချုပ်ကြီးတွေ၊ ဗိုလ်ချုပ်မှူးကြီးတွေ ဖြစ်ပြီး ကြီးပွားလာတာ ပုဗ္ဗေစ ကတပုညတာမင်္ဂလာ။

တောင်သူလယ်သမားဆိုပါတော့၊ ချုံခုတ်တယ်၊ သစ်မြစ်တူး တယ်၊ မီးရှို့တယ်၊ နောက်ချေးချတယ်၊ မြေကြီးကို ပြုပြင်တယ်၊ ဒါတွေဟာ ပုဗ္ဗေစ ကတပုညတာ၊ ထွန်တယ်၊ ပျိုးကြဲတယ်၊ ပျိုးနုတ် တယ်၊ စိုက်တယ်၊ မြေသြဇာကျွေးတယ်၊ ရိပ်တယ်၊ သိမ်းတယ်၊ တစ်ဧက (၇၀)ကျော် ထွက်တယ်၊ ဒီလို ကြီးပွားလာတာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ။

လယ်သမား၊ ကိုင်းသမား၊ ခြံသမား၊ ကုန်သည်ပွဲစား၊ ရောင်း ဝယ် ရေးဌာနများနဲ့ စက်မှု၊ လက်မှုစတဲ့ အလုပ်အကိုင်များကို လုပ်ကိုင် ဆောင်ရွက်နေကြသူတွေဟာ လောကီမင်္ဂလာကြီးပွား ချမ်းသာခြင်းကို အလိုရှိပါက ပုဗ္ဗေစ ကတပုညတာ မင်္ဂလာအတိုင်းပြုလုပ် ဆောင်ရွက် အားထုတ် အလုပ်လုပ်သွားကြမယ်ဆိုရင် အတိတ်ဘဝက ပြုလုပ်ခဲ့တဲ့ ပုဗ္ဗေစ ကတပုညတာမင်္ဂလာနဲ့ ယခု ပစ္စုပ္ပန်ဘဝမှာ ပြုလုပ်တဲ့ ပုဗ္ဗေစ ကတ ပုညတာမင်္ဂလာနှစ်ပါး ပေါင်းစပ်လိုက်တော့ လောကီ ချမ်းသာတိုးတတ်မှု များစွာတို့ကို လိုလေသေး မရှိအောင် ရရှိကြပြီး ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း သုခတို့ကို ရရှိခံစားကြရမှာ အမှန် ဖြစ်ပါတယ်။

## ပရိယတ်ဆိုင်ရာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ

ရဟန်းသံဃာတော်များဟာ စာသင်သားဘဝမှာ သဒ္ဒါ၊ သင်္ဂြိုဟ် စ သင်ရတာ ပုဗ္ဗေစ ကတပုညတာမင်္ဂလာ၊ စာမတတ် တတ်အောင် သင်မယ်ဆိုတဲ့ဆန္ဒ၊ ကြိုးစားအားထုတ်တဲ့ ဝီရိယ၊ ထက်သန် တက်ကြွ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ စိတ်ဓာတ်၊ တောက်ပရဲရင့်တဲ့ ပညာ၊ ဤလေးဖြာသော အဓိပတိ တို့ကို ကိုယ်စီကိုယ်င အပြည့်အဝထားရှိကြလျက် ဝင်ရောက်ဖြေဆို အောင်မြင် တော်မူကြတဲ့ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း အဆင့်ဆင့် အောင်မြင်လာခဲ့တာ ပုဗ္ဗေစ ကတပုညတာမင်္ဂလာ။'

အဲဒီက တစ်ဆင့်တက်တော့ ဓမ္မာစရိယ စာချတန်း၊ ပါဠိပါရဂူ၊ မြန်မာဂုဏ်ထူးတန်း အဆင့်ဆင့်ကို အောင်မြင်လာတာ ပုဗ္ဗေစ ကတ ပုညတာမင်္ဂလာ။ ပရိယတ္တိသာသနာ့တက္ကသိုလ်များ၌ တက္ကသီလ ဓမ္မာစရိယ (ဘီအေ) တက္ကသီလမဟာဓမ္မာစရိယ အမ်(မ်)အေတန်း တို့ကို အဆင့်ဆင့် အောင်မြင်လာခဲ့တာ ပုဗ္ဗေစ ကတပုညတာမင်္ဂလာ။

## ပဋိပတ်ဆိုင်ရာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ

အတိတ်ဘဝများစွာက သမထဝိပဿနာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာယဉ်သုံးပါးနှင့် သစ္စာလေးပါးတို့ကို အားထုတ် ခဲ့ဖူးတဲ့ ပုဗ္ဗေစ ကတပုညတာမင်္ဂလာ ရှိနေပါတယ်။ ယခုပစ္စုပ္ပန် ဘဝမှာလဲ သမထ၊ ဝိပဿနာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာယဉ် သုံးပါးနှင့် သစ္စာလေးပါး တို့ကို အမြဲမပြတ် အားထုတ်နေတာ ပုဗ္ဗေစ ကတပုညတာမင်္ဂလာ ဖြစ်နေပါတယ်။

ပုဗ္ဗ၊ ရှေးရှေးက၊ ရှေးရှေးဆိုတာ ဟိုဘက်နှစ်၊ ဟိုဘက်လ၊ ဟိုဘက် ရက်တွေက။ ကတ၊ ပြုလုပ်အားထုတ်ခဲ့တဲ့။ ပုည၊ သမထ၊ ဝိပဿနာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာယဉ် သုံးပါး၊ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဆိုတဲ့ သစ္စာလေးပါး အမြတ်ဆုံးထားတဲ့ ကုသိုလ်ကောင်းမှု တွေက ကျေးဇူးပြုပြီး ယခုမျက်မှောက်ဘဝမှာ လောကီမင်္ဂကနေ လောကုတ္တရာ မင်္ဂဖြစ်တဲ့ မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး အေးငြိမ်းတဲ့ ချမ်းသာသုခသို့ ရောက်ရှိလာရခြင်းဟာ ပုဗ္ဗေစ ကတပုညတာမင်္ဂလာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁) ပုဗ္ဗ = ရှေးရှေးဖြစ်တဲ့ ဟိုနှစ်၊ ဟိုလ၊ ဟိုရက်၊ ဟိုနေ့က။
(၂) ကတ = သမထ၊ ဝိပဿနာတရားအားထုတ်တယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေကို ဆင်ခြင် သုံးသပ်နှလုံးသွင်းအားထုတ်တယ်။
(၃) ပုည = ကုသိုလ်ကောင်းမှုတွေကြောင့် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိပြုတ်ပြီး သောတာပန်အဖြစ်သို့ ရောက်ရှိလာရခြင်းဟာ ပုဗ္ဗေစ ကတပုညတာ လောကုတ္တရာ မင်္ဂလာ ဖြစ်ပါတယ်။

မှတ်ချက်။ လောကီမင်္ဂလာ ဖြစ်ဖို့ထက် လောကုတ္တရာ မင်္ဂလာ ဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။

## (၆) အတ္တသမ္မာပဏိဓိ စ။ (ခုဒ္ဒကပါဌ်။၄)

## အတ္တသမ္မာပဏိဓိ (၂) မျိုး

| (လောကီ) အတ္တသမ္မာပဏိဓိ | အတ္တသမ္မာပဏိဓိ (လောကုတ္တရာ) |
|---|---|
| ×××| ××× |
| ကောင်းတာကြံ | အနိစ္စ၊ ဒုက္ခ၊ အနတ္တ |
| မှန်တာလုပ် | သစ္စာ (၄) ပါး |
| ဟုတ်တာပြော | သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာ |
| သီလ၊ သဒ္ဓါ၊ စာဂ | အစွန်း (၂) ပါးလွတ် |
| ××× | ××× |
| လောကီမင်္ဂလာ | လောကုတ္တရာမင်္ဂလာ |

(၆) အတ္တသမ္မာပဏိဓိ စ၊ ဒုစရိုက်တို့ကို လိုက်ခွင့်မပေး ယဉ်ကျေးလိမ္မာ ကောင်းမြတ်ရာနှင့်သာ ကောင်းစွာမိုင်ကြည် အမြဲတည်စေရခြင်းသည်လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



ရှေးက ပြုလုပ်သွားပေမဲ့ နောက်က မထိန်းတတ်ခဲ့ပါရင် ပျက်စီးတတ်ပါတယ်။ ဘဝအကြောင်း အပြောင်းအလဲမှာ အဆိုးနဲ့ အကောင်း ဓမ္မတာတွေမြဖြစ်လို့ ဘယ်သူမှ မလွန်ဆန်နိုင်ပါ။

(၁) ဆိုးတာနဲ့ တွေ့ရင် ဒေါသက အရင်ပေါ်လာတတ်ပါတယ်။

(၂) ကောင်းတာနဲ့ တွေ့ရင် လောဘက အစဉ်ပေါ်လာတတ်ပါတယ်။

လောဘ၊ ဒေါသဆိုတာ ပူလောင်တဲ့ ကိလေသာတွေ ဖြစ်တယ်၊ အမှားလမ်းကို မြန်းရမှာဖြစ်လို့ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အတ္တသမ္မာပဏိဓိ မင်္ဂလာကို ဟောကြားတော်မူပြန်ပါတယ်။

**အတ္တာ**ဘိ စိတ္တံ ဝုစ္စတိ သကလော ဝါ အတ္တဘာဝေါ၊ အတ္တသမ္မာပဏိဓိ ဟိ တဿ အတ္တနော သမ္မာပဏိဓာနံ နိယုဉ္ဇနံ ဌပနန္တိ ဝုတ္တံ ဟောတိ။ (ခုဒ္ဒကပါဠ၊ ဋ။၁၁၁)

စိတ်ထားယုတ်ညံ့ပြီး ဆောင်ရွက်တဲ့ မကောင်းတဲ့ ကိုယ် အမူအရာ ပြုလုပ်မှု မှန်သမျှဟာ မကောင်းတဲ့ ကာယကံအမှုပဲ ဖြစ်ပါတယ်၊ နှုတ်အမူအရာ ပြောဆိုမှု မှန်သမျှဟာလဲ ညံ့ဖျင်း သိမ်နုပ်နေလို့ မကောင်းမှုပဲ ဖြစ်ပါတယ်။ စိတ်ထားစင်ကြယ်ပြီး ဖြူစင်သန့်ရှင်းမှုရှိနေရင် ကိုယ်အမူအရာ ပြုလုပ်မှုမှန်သမျှဟာ အလွန်သန့်ရှင်းစင်ကြယ် ကောင်းမြတ်သလို နှုတ်အမူအရာ ပြောမှုဆိုမှုတို့ဟာလဲ သန့်ရှင်းစင်ကြယ် ကောင်းမြတ်နေလို့ အပြစ်မရှိ တင့်တယ်ခြင်း ရှိနေပါတယ်။

အတ္တသမ္မာပဏိဓိ နာမ က္ကစေကစ္စော အတ္တာနံ ဒုဿီလံ သီလေ ပတိဋ္ဌာပေတိ၊ အဿဒ္ဓံ သဒ္ဓါသမ္ပဒါယ ပတိဋ္ဌာပေတိ၊ မစ္ဆရိံ စာဂသမ္ပဒါယ ပတိဋ္ဌာပေတိ။ အယံ ဝုစ္စတိ အတ္တသမ္မာပဏိဓီတိ ဧသော စ မင်္ဂလံ။

(ခုဒ္ဒကပါဠ၊ ဋ။၁၁၂။ သုတ္တနိပါတ၊ ဋ၊၂။၁၇)

မိမိမှာ သီလမရှိသေးရင် သီလရှိအောင် ဆောက်တည် ထိန်းသိမ်းရမယ်၊ သဒ္ဓါတရားမရှိသေးရင် သဒ္ဓါတရားရှိအောင် စိတ်ကို ကောင်းစွာထားရမယ်၊ နှမြောဝန်တိုမှု မစ္ဆရိယဖြစ်နေရင် စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်းဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



တာဂ်ဖြစ်အောင် ပြုလုပ်ပေးရမယ်။ အဲဒါကို အတ္တသမ္မာပဏိဓိ မင်္ဂလာလို့ ခေါ်ဆိုပါတယ်။

မကောင်းတဲ့ အကြံအစည်, အပြုအမူ, အပြောအဆိုများ မဖြစ်ပေါ်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး စိတ်ကို ကောင်းစွာထားရမယ်။ ဖြစ်ပေါ် လာရင်လဲ ချက်ချင်းပဲ ပယ်ရှားဖျောက်ပစ်ပြီး မိမိအကြံအစည် အပြုအမူ အပြောအဆိုများ နောက်ထပ်ဖြစ်ပေါ်မလာအောင် ကောင်းစွာထားမှု ပြုပြင်မှုကို အတ္တသမ္မာပဏိဓိ မင်္ဂလာလို့ ခေါ်ဆိုပါတယ်။

လောကရေးရာအနေနဲ့ ပြောရရင် မကျန်းမမာ၊ ရောဂါ ဝေဒနာ မဖြစ်ရအောင် ကျန်းမာရေးကို အထူးဂရုစိုက်ပြီး အစားအသောက် အနေအထိုင်မှစပြီး နေရာတိုင်းမှာ ဆင်ခြင်လျက် စီးပွါးရေး၊ ကြီးပွါးရေး၊ ပညာရေး စသည်များကိုလဲ မပျင်းမရိ လုံ့လဝီရိယရှိရှိဖြင့် နောက်မဆုတ်ဘဲ မဖြစ်မနေ ကြိုးစားအားထုတ် အလုပ်လုပ်ခြင်း၊ ကိုယ်ရောစိတ်ပါ ကောင်းစွာ ယဉ်ကျေးဖြစ်ပေါ်လာအောင် ပြုပြင်ရှိပေးခြင်းစတဲ့ ကြိုးပမ်းမှု အားလုံးနဲ့ သက်ဆိုင် ပါတယ်။

အတ္တသမ္မာပဏိဓိ မင်္ဂလာဟာ အလွန်အရေးပါ အရာရောက်ပါတယ်။ ဒီမင်္ဂလာနဲ့ ပြည့်စုံနေရင် ကျန်တဲ့ မင်္ဂလာအားလုံးလည်း အကျုံးဝင်လာပါတယ်။ ရှေးဘဝက ပုဗ္ဗေ ကတပုညတာမင်္ဂလာ အလွန်နည်းပါး၍ ကုသိုလ်ကောင်းမှု မရှိတဲ့သူ ဖြစ်စေကာမူ ယခုဘဝမှာ အတ္တသမ္မာပဏိဓိ မင်္ဂလာရှိအောင် ထိန်းသိမ်းနိုင်ခဲ့ပါလျှင် လောကီလောကုတ္တရာ နှစ်ဖြာသော ချမ်းသာသုခများ တိုးတက်ကြီးပွားနိုင်ပြီး နောင်အနာဂတ်ဘဝမှာလည်း ချမ်းသာသုခ ကောင်းမြတ်လှတဲ့ အကျိုးများကို ရရှိနိုင်မှာ အမှန်ဖြစ်ပါတယ်။

ရှေးဘဝက ပြုလုပ်ခဲ့တဲ့ ပုဗ္ဗေ ကတပုညတာမင်္ဂလာ ကုသိုလ်ကောင်းမှုလဲရှိ၊ ယခု ပစ္စုပ္ပန်ဘဝမှာလည်း ဒီအတ္တသမ္မာ ပဏိဓိ မင်္ဂလာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံခဲ့ပါလျှင် ဆိုဖွယ်ရာမရှိ အလွန်ကောင်းမြတ်ဘိ၍ လောကီ လောကုတ္တရာ နှစ်ဖြာသော ချမ်းသာသုခအကျိုးတရားများ ရရှိခံစားရမှာ အမှန်ဖြစ်ပါတယ်။

မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ။
သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။
(ဓမ္မပဒ။ ၁၉)

မိစ္ဆာပဏိဟိတံ၊ မကောင်းသဖြင့် ထားအပ်သော။စိတ္တံ၊ စိတ်သည်။ နံ၊ ထိုစိတ်မျိုးရှိသောသူကို။ တတော၊ ထို့ထက်ပင်။ ပါပိယော၊ ဘဝများစွာ သံသရာနှင့် ယုတ်ညံ့ဆိုးဝါး တိုးတိုး သွားအောင်။ ကရေ ပြုလုပ်ပေးနိုင်၏။

သမ္မာပဏိဟိတံ၊ ကောင်းစွာထားအပ်သော။ စိတ္တံ၊ စိတ်သည်။ နံ၊ ထိုစိတ်မျိုးရှိသောသူကို။ တတော၊ ထို့ထက်ပင်။ သေယျသော၊ ဆင့်ကာ ဆင့်ကာ မြင့်မြတ်လာအောင်။ ကရေ ပြုလုပ်ပေးနိုင်၏။

မကောင်းတဲ့ စိတ်ထားရှိသူဟာ ထို့ထက်ပင် ယုတ်ညံ့ဆိုးဝါး အကျိုးမများအောင် ပြုလုပ်ပေးနိုင်ပါတယ်။

ကောင်းတဲ့စိတ်ထားရှိသူဟာ ထို့ထက်ပင် အထက်တန်းကျ မြင့်မြတ်လာအောင် ပြုလုပ်ပေးနိုင်ပါတယ်။

### အတ္တသမ္မာပဏိဓိမင်္ဂလာရှိ, မရှိ၏ အကျိုး, အပြစ်

အတ္တသမ္မာပဏိဓိမင်္ဂလာရှိရင် အထက်တန်းကျပြီး မြင့်မြတ်တဲ့ ပုဂ္ဂိုလ်လို့ သတ်မှတ်ပါတယ်။

အတ္တသမ္မာပဏိဓိမင်္ဂလာ မရှိရင် အောက်တန်းကျပြီး ယုတ်ညံ့တဲ့ ပုဂ္ဂိုလ်လို့ သတ်မှတ်ပါတယ်။

အတ္တသမ္မာပဏိဓိမင်္ဂလာရှိရင် လူ့အဆင့်အတန်းမီပြီး အလွန် တန်ဖိုးရှိသူ ဖြစ်ပါတယ်၊ အတ္တသမ္မာပဏိဓိ မင်္ဂလာမရှိရင် လူလို့ ခေါ်ဆိုရုံ မျှသာဖြစ်ပြီး လူ့အဆင့်အတန်းမမီသူလို့ ဆိုရပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အတ္တ သမ္မာပဏိဓိမင်္ဂလာမရှိသူတို့မှာ မနာလိုဝန်တိုလျက်လောဘ၊ ဒေါသ အလွန်အားကြီးလျက်ရှိရာ ထိုစိတ်မျိုးကို ပယ်ဖျောက်နိုင်အောင် ကြိုးစားပြီး အဆင့်အတန်းမီအောင် ကြိုးစားအားထုတ် ပြုလုပ်ပေးရမယ်။

ခုမေတ္တာ ကရုဏာ နှစ်ဖြာကင်းလျက် အချင်းချင်းအပေါ် မတော်မတဲ့စိတ်ထားနဲ့ မကောင်းတာကြံပြီး လူအချင်းချင်း တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက်၊ တစ်သင်းနဲ့တစ်သင်း၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတဲ့ကြဘဲနေတတ်ကြပါတယ်။ အတ္တသမ္မာပဏိဓိမင်္ဂလာ ရှိလျှင် အချင်းချင်း ညီညွတ်လျက် အေးချမ်းသာယာပြီး ချမ်းသာမှု အဖြာဖြာကို ခံစားကြရမှာ အမှန်ပင်ဖြစ်ပါတယ်။

## ထင်ရှားပြရန် ရာဟုလောဝါဒသုတ္တန်

တံ ကိံ မညသိ ရာဟုလ ကိမတ္ထိယော အာဒါသောတိ။
(မ၊ ၂။ ၇၈)

ရာဟုလ၊ ချစ်သားရာဟုလာ။ တံ၊ ထိုငါမေးလတ္တံ့သောစကားကို။ (တွံ၊ သင်သည်။) ကိံ မညသိ၊ အဘယ်သို့ မှတ်ထင်သနည်း။ အာဒါသော၊ မှန်သည်။ ကိမတ္ထိယော၊ အဘယ်အကျိုးရှိပါသနည်း။

ချစ်သား ရာဟုလာ၊ မှန်ကြည့်တာ ဘာအကျိုးရှိသလဲ။

ပစ္စဝေက္ခဏတ္ထော ဘန္တေတိ။ (မ၊ ၂။ ၇၈)

ဘန္တေ၊ အရှင်ဘုရား၊ ပစ္စဝေက္ခဏတ္ထော၊ ကြည့်ရှုလို့ ဆင်ခြင်ရခြင်းအကျိုးရှိပါသည်ဘုရား။

မှန်ကြည့်တာ ကြည့်ရှုဆင်ခြင်ရတဲ့ အကျိုးရှိပါတယ်ဘုရား။

ဧဝမေဝ ခေါ ရာဟုလ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကတ္တဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝါစာယ ကမ္မံ ကတ္တဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနသာ ကမ္မံ ကတ္တဗ္ဗံ။ (မ၊ ၂။ ၇၈)

www.burmeseclassic.com

www.burmeseclassic.com



ရာဟုလ၊ ချစ်သားရာဟုလာ။ ဧဝမေဝခေါ၊ ပုံစံနှိုင်းယူ ဤအတူသာလျှင်။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ၊ ဉာဏ်ဖြင့်ရှုကြည့် ဆင်ခြင်ကာဆင်ခြင်ကာပြု၍။ ကာယေန၊ ကိုယ်ဖြင့်။ ကမ္မံ၊ ကံကို။ (ဝါ) ပြုလုပ်မှုကို။ ကတ္တဗ္ဗံ ပြုအပ်၏။ ဝါစာယ၊ နှုတ်ဖြင့်။ ကမ္မံ၊ ကံကို။ (ဝါ) ပြုလုပ်မှုကို။ ကတ္တဗ္ဗံ၊ ပြုအပ်၏။ မနသာ၊ စိတ်ဖြင့် ကမ္မံ၊ ကံကို။(ဝါ) ပြုလုပ်မှုကို။ကတ္တဗ္ဗံ၊ ပြုအပ်၏။

မှန်ကြည့်တယ်ဆိုတာ မိမိရဲ့ ဝတ်စားဆင်ယင်တာ ဖီးတာ လိမ်းတာ တင့်တယ်မှု ရှိ မရှိ၊ အချိုး ကျ မကျ၊ ကောင်း, မကောင်း မိမိရဲ့ မျက်နှာမှာ အပြစ်ရှိ မရှိ - စတာတွေကို သိရအောင် မှန်ကို ကြည့်တာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ရှင်ရာဟုလာက "ကြည့်ရှုဆင်ခြင်ရတဲ့ အကျိုးရှိပါတယ်ဘုရား"လို့ လျှောက်ထားတာဖြစ်ပါတယ်။ မြတ်စွာဘုရားက "ချစ်သားရာဟုလာ၊ ထိုမှန်ကိုကြည့်သကဲ့သို့ ဉာဏ်ဖြင့် ဆင်ခြင်၍ ကာယကံမှု အစုစုကို ပြုလုပ်ရမယ်၊ ဉာဏ်ဖြင့်ဆင်ခြင်၍ဝစီကံမှု အစုစုကို ပြောဆိုရမယ်၊ ဉာဏ်ဖြင့်ဆင်ခြင်၍ မနောကံမှု အစုစုကို ကြံစည်တွေးတောရမယ်" လို့ မိန့်တော်မူပါတယ်။

မိမိရဲ့ ကိုယ်နှုတ်စိတ်များကို ပညာတည်းဟူသော မှန်ပြင်မှာတင်၍ ကောင်း မကောင်းကြည့်ရှုဆင်ခြင်၍ မကောင်းလျှင် အပြစ် ရှိလျှင် ကောင်းအောင် အပြစ်မရှိအောင် ပြုပြင်ပေးရမယ်လို့ မိန့်တော်မူပါတယ်။

ကိုယ်အမူအရာ လှုပ်ရှားမှု ပြုလုပ်တိုင်း ပြုလုပ်တိုင်း၊ ဝစီကံ ပြောဆိုတိုင်း ပြောဆိုတိုင်း၊ မနောကံ ကြံစည်တိုင်း ကြံစည်တိုင်း တဏှာ မာန ဒိဋ္ဌိ ဖြစ် မဖြစ်၊ တဏှာ ဥပါဒါန် စတဲ့ အကြောင်းတရား ဖြစ် မဖြစ် ဆင်ခြင်ကြည့်ရှုပြုလုပ်ရမယ်၊ ပြောဆိုရမယ်၊ ကြံစည်ရမယ်။

ပညာတည်းဟူသော ဝိပဿနာဉာဏ် အမှန်မြင်တဲ့သမ္မာဒိဋ္ဌိ မှန်ပြင်ပေါ်မှာတင်ပြီး အကြောင်းတရားတွေ ဖြစ်တိုင်း ဖြစ်တိုင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ်နဲ့ ကြည့်ရှုကာ ဆင်ခြင်သုံးသပ်လျက် နိရောဓသစ္စာဆိုက်အောင် ပြုပြင်ပေးသွားရမယ်လို့ မိန့်တော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပဋိရူပေ ဝသေ ဒေသေ၊ အရိယမိတ္တကရော သိယာ။
သမ္မာပဏိဓိသမ္ပန္နော၊ ပုဗ္ဗေ ပုညကတော နရော။
ဓညံ ဓနံ ယသော ကိတ္တိ၊ သုခဉ္စေတံ ဓိဝတ္တတိ။
(အံ၊ ၁ ၃၄၁။ စက္ကသုတ်)

ယော နရော၊ အကြင်သူသည်။ ပဋိရူပေ ဒေသေ၊ သင့်တော်လျောက်ပတ်ကောင်းမြတ်သောအရပ်၌။ ဝသေ၊ နေထိုင်သည် ဖြစ်ငြားအံ့။ အရိယမိတ္တကရော၊ အရိယာသူတော်ကောင်းတို့နှင့်သာ အကျွမ်းတဝင် ချစ်ခင်ပေါင်းသင်း ရင်းနှီးခြင်းကို ပြုသည်။သိယာ၊ ဖြစ်ငြားအံ့။ သမ္မာပဏိဓိသမ္ပန္နော၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို ဆုံးမခြင်းနှင့် ပြည့်စုံသည်။ သိယာ၊ ဖြစ်ငြားအံ့။ ပုဗ္ဗေပုညကတော၊ ရှေးရှေးက ပြုလုပ်ခဲ့ဖူးသော ကုသိုလ်ကောင်းမှုရှိသည်။ သိယာ၊ ဖြစ်ငြားအံ့။ တံ၊ ထိုအင်္ဂါလေးပါးနှင့် ပြည့်စုံသောသူကို။ ဓနံ ဓညံ၊ ရွှေ ငွေ ဘဏ္ဍာ ဥစ္စာ စပါးသည်လည်းကောင်း။ ယသော၊ ခြွေရံသင်းပင်းသည်လည်းကောင်း။ ကိတ္တိ စ၊ ကျော်စောသတင်း ထင်ရှားခြင်းသည် လည်းကောင်း။ အဓိဝတ္တတိ၊ ဒီရေအလား မခြားတူစွာ လွှမ်းမိုး၍ ဖြစ်ပေါ်လာတတ်ပါပေ၏။

## ယခုဘဝ အကျိုးပေးနိုင်သော စက်(၄)ပါး

(၁) ပဋိရူပဒေသဝါသ၊ သင့်တော်လျောက်ပတ်တဲ့ အရပ်၌ နေရခြင်း၊
(၂) သပ္ပုရိသာဝဿယာ၊ သူတော်ကောင်းတို့ကို ပေါင်းဖော်မှီဝဲ ဆည်းကပ်ရခြင်း၊
(၃) အတ္တသမ္မာပဏိဓိ၊ မိမိရဲ့ကိုယ်စိတ်နှလုံးကို ကောင်းစွာ ဆုံးမရခြင်း၊
(၄) ပုဗ္ဗေ ကတပုညတာ၊ ရှေ့ဘဝ ရှေးက ပြုလုပ်ခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှု ရှိရခြင်း၊

ဤ (၄)ပါးနှင့် ပြည့်စုံလျှင် ယခုဘဝမှာပင် ကောင်းကျိုး ပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**စက်လေးပါး မစုံလျှင် အကျိုးမဲ့ဖြစ်ရ**

အရှင်ဒေဝဒတ်ဟာ ပဋိရူပဒေသဝါသ အရပ်မှာ ဖြစ်ရပါတယ်၊ သပ္ပုရိသ အစစ်အမှန်ဖြစ်ပြီး တကယ်ထိပ်တန်းကျတဲ့ ဘုရားရှင်ကိုလည်း မှီဝဲရတယ်၊ ပုဗ္ဗေ ကတပုညတာ၊ ရှေးကပြုလုပ်ခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှုကလည်း များစွာရှိခဲ့ပါတယ်၊ သို့သော်လည်း အတ္တသမ္မာပဏိဓိ၊ စိတ်ထားညံ့ဖျင်းလို့ ပျက်စီးခြင်းသို့ရောက်ကာ အကျိုးမဲ့ ဆုံးရှုံး သွားရရှာပါတယ်။

အဇာတသတ်မင်းသားဟာ ပုဗ္ဗေ ကတပုညတာ၊ ရှေးက ပြုလုပ်ခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှု အထူးရှိသူဖြစ်ပါတယ်၊ ဖခင် သောတာပန် အရိယာသူတော်ကောင်းကြီးကို မှီခိုနေရတာလည်း ဖြစ်ပါတယ်၊ အရှင်ဒေဝဒတ်နှင့် အပေါင်းမှားကာ အတ္တသမ္မာ ပဏိဓိ အမှန်သိ၍ ဉာဏ်မိအောင် မိမိစိတ်ကို မထားနိုင်ခဲ့လို့ နစ်နာခြင်း များစွာနဲ့ ဆုံးရှုံး သွားရရှာပါတယ်။

**လောကီ အတ္တသမ္မာပဏိဓိ မင်္ဂလာ**

ရဟန်းတော်များမှာ စတုပါရိသုဒ္ဓိသီလ လုံခြုံအောင် စောင့်ထိန်းခြင်းဟာ အတ္တသမ္မာပဏိဓိမင်္ဂလာ မည်ပါတယ်။

လူတို့မှာ ဒုစရိုက်ဆယ်ပါးကိုပယ်ရှား၍ သုစရိုက်တရား ဆယ်ပါးကို ကျင့်ကြံအားထုတ်ခြင်းဟာ အတ္တသမ္မာပဏိဓိ မင်္ဂလာ မည်ပါတယ်။

(၈)ပါး၊ (၉)ပါး၊ (၁၀)ပါးသီလများကို စောင့်ထိန်း ဆောက်တည်ခြင်းဟာ အတ္တသမ္မာပဏိဓိ မင်္ဂလာမည်ပါတယ်။

မိခင်၊ ဖခင်၊ ဆရာသမား၊ အစ်ကိုကြီး၊ အစ်မကြီး၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး စတဲ့သူတို့က ဆုံးမသွန်သင်တဲ့ အဆုံးအမအတိုင်း နေထိုင်သွားလာ ပြောဆိုခြင်းဟာ အတ္တသမ္မာပဏိဓိ မင်္ဂလာဖြစ်ပါတယ်။

**လောကုတ္တရာ အတ္တသမ္မာပဏိဓိ မင်္ဂလာ**

သမထ၊ ဝိပဿနာ တရားများကို ပွားများအားထုတ်၍ ဈာန်တရား မဂ်တရား ဖိုလ်တရားများ ဖြစ်ပေါ်လာအောင် စိတ်ကို ထားနိုင်ခြင်းဟာ အတ္တသမ္မာပဏိဓိမင်္ဂလာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိမိရဲ့ စိတ်အစဉ်မှာ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ စတဲ့ မိစ္ဆာဒိဋ္ဌိ (၆၂)ပါး ဝင်မလာနိုင်အောင် မိမိစိတ်ကို သမထ၊ ဝိပဿနာဉာဏ်နဲ့ ကောင်းစွာထားခြင်းဟာ အတ္တသမ္မာ ပဏိဓိမင်္ဂလာ ဖြစ်ပါတယ်။

တဏှာ၊ ဥပါဒါန်၊ ကံ၊ သင်္ခါရ၊ အဝိဇ္ဇာ အကြောင်းတရားငါးပါး ဖြစ်ပေါ်လာရင် သက်ဆိုင်ရာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ် အမြင်မှန်နဲ့ ရှုမြင်ပြီး လောကုတ္တရာ မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်အောင် စိတ်ကို ကောင်းစွာထားခြင်း ဟာ အတ္တသမ္မာပဏိဓိမင်္ဂလာ မည်ပါတယ်။

## (၇) ဗာဟုသစ္စဉ္စ။ (ခုဒ္ဒကပါဌ။ ၄)

### ဗာဟုသစ္စမင်္ဂလာ(၂)မျိုး

| (လောကီ) ဗာဟုသစ္စ | ဗာဟုသစ္စ (လောကုတ္တရာ) |
|---|---|
| × × × | × × × |
| စက်မှု၊ လက်မှု | (ပရိယတ္တိ) |
| လယ်၊ ယာ၊ ကိုင်း၊ ခြံ | ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ |
| ကုန်သည်၊ ပွဲစား | (ပဋိပတ္တိ) |
| တိုင်းရင်းအင်္ဂလိပ် ဆေးရုံ | သီလ၊ သမာဓိ၊ ဝိပဿနာ |
| × × × | × × × |
| လောကီချမ်းသာသုခ | လောကုတ္တရာချမ်းသာသုခ |

(၇) ဗာဟုသစ္စဉ္စ၊ တရားကျမ်းဂန် သင်အံ့ကြည့်မှတ် လွန်နှံ့စပ်သော အတတ်ကောင်း ပညာကောင်းနှင့် ပြည့်စုံရခြင်းသည် လည်းကောင်း။

ဗဟုဿုတံ ဓမ္မဓရံ ဘဇေထ၊ မိတ္တံ ဥဠာရံ ပဋိဘာနဝန္တံ။
(သုတ္တနိပါတ။ ၂၈၈)

ဗာဟုသစ္စဉ္စာတိတ္ထ ဗဟုသစ္စန္တိ ဗဟုဿုတဘာဝေါ။
(ခုဒ္ဒကပါဌ၊ ၄။ ၁၂၂။ သုတ္တနိပါတ၊ ၄။ ၁၈)

www.burmeseclassic.com

www.burmeseclassic.com



ဗာဟုသစ္စဆိုတာ များစွာကြားနာထားတဲ့ သုတ္တ၊ ဂေယျ စတဲ့ ရဟန်းတော်များရဲ့ ဗဟုဿုတ၊ အပြစ်မရှိ များစွာကြားနာထားတဲ့ လူများရဲ့ ဗဟုဿုတလို့ (၂)မျိုးရှိပါတယ်။

ဗာဟုသစ္စံနာမ ယံ တံ သုတဓရော ဟောတိ သုတသန္နိစ ယောတိ စ ဣမေကစ္စေသ ဗဟုကံ သုတံ ဟောတိ သုတ္တံ ဂေယျံ ဝေယျာကရဏန္တိ ဧဝမာဒိနာ နယေန သတ္ထုသာသနဓရတ္တံ ဝဏ္ဏိတံ၊ တံ အကုသလပ္ပဟာန ကုသလာဓိဂမဟေတုတော အနုပုဗ္ဗေန ပရမတ္ထသစ္စသစ္ဆိကိရိယ ဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။

(ခုဒ္ဒကပါဠ၊ ၌။ ၁၁၃။ သုတ္တနိပါတ၊ ၌၊၂။ ၁၈)

ဗာဟုသစ္စဆိုတဲ့ အမည်ဟာ အကြားအမြင်ကို ဆောင်တယ်၊ အတတ်ပညာကို ဆည်းပူးတယ်၊ လောကမှာ အချို့သူတို့ဟာ အကြား အမြင် ဗဟုဿုတများတယ်၊ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်၊ မင်္ဂလသုတ် စသည်ကို ဟောတော်မူခြင်း၊ သုတ္တ= ဂါထာနှင့်တကွ ဟောတော် မူခြင်း၊ ဂေယျ=ဂါထာမဖက် စုဏ္ဏိယသက်သက်ကို ဟောတော်မူခြင်း စသည်ဖြင့် မြတ်စွာဘုရားရဲ့ အဆုံးအမကို လိုက်နာဆောင်ထားခြင်းဟာ ချီးမွမ်းထိုက်ပါတယ်၊ အကုသိုလ်ကို ပယ်ခြင်းဖြင့် ဈာန်မဂ်ဖိုလ် ကုသိုလ်ကို ရခြင်း၊ မဂ်ဖိုလ်နှင့် ယှဉ်တဲ့ဉာဏ်နဲ့ ပရမတ္ထသစ္စာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကြောင့် မင်္ဂလာလို့ ခေါ်ဆိုအပ်ပါတယ်။

လူများဟာ ရတနာ(၃)ပါးရဲ့ ဂုဏ်ကျေးဇူးကိုသိခြင်း၊ (၅)ပါး သီလ၊ (၈)ပါးသီလ၊ ဒုစရိုက်(၁၀)ပါး၊ သုစရိုက်(၁၀)ပါးတို့ရဲ့ အကျိုးအပြစ်ဂုဏ် တို့ကို သိခြင်း၊ မိဘဝတ်၊ သားသမီးဝတ်၊ လင်ဝတ်၊ မယားဝတ်၊ ကျွန်ဝတ်၊ အရှင်ဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်၊ ရဟန်းဝတ်၊ ဒါယကာဝတ်တို့ကို သိခြင်း စတဲ့ ဗာဟုသစ္စမင်္ဂလာများ ရှိထားရမှာ ဖြစ်ပါတယ်။

**လောကီ၊ လောကုတ္တရာ ဗဟုဿုတ**

(၁) စက်မှုလုပ်ငန်းဆိုရင် မိမိတို့ကိုယ်တိုင် စက်မှုနဲ့ပတ်သက်တဲ့ လုပ်ငန်း ဟူသမျှ သက်ဆိုင်ရာ နည်းမျိုးစုံကို ဗဟုဿုတရှိထားရမယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂) လက်မှုနှင့် ပတ်သက်တဲ့အလုပ် တစ်ခုခုလုပ်တော့မယ်ဆိုရင် မိမိတို့ လုပ်ကိုင်မယ့် လက်မှုကိစ္စနဲ့ ပတ်သက်တဲ့ နည်းမျိုးစုံ ဗဟုသုတ ရှိထားရမယ်။

(၃) လယ်သမား၊ ကိုင်းသမား၊ ခြံသမားဆိုရင် မိမိတို့လုပ်ကိုင်မယ့် လယ်၊ ကိုင်း၊ ခြံ စသည်တို့နှင့် သက်ဆိုင်တဲ့ စိုက်ပျိုးတဲ့ နည်းမျိုးစုံ တို့ကို ဗဟုသုတရှိထားရမယ်။

(၄) ကုန်သည်ဖြစ်ရင် ကုန်သည်နဲ့ သက်ဆိုင်တဲ့ ရောင်းဝယ်ရေး နည်းမျိုးစုံ ဗဟုသုတရှိထားရမယ်။

(၅) ဆေးနှင့်ဆိုင်ရာ တိုင်းရင်းသမားတော်၊ အင်္ဂလိပ်သမားတော် လုပ်မယ်ဆိုရင် ရောဂါမျိုးစုံ ရှာဖွေတဲ့နည်းနှင့် ကုသတဲ့နည်းမျိုးစုံ ကို သူနေရာနှင့်သူ အံဝင်ဂွင်ကျသိထားတဲ့ ဗဟုသုတ ရှိထားရမယ်။

အကျဉ်းချုံးလိုရင်းပြောရလျှင် မိမိတို့လုပ်ကိုင် ဆောင်ရွက် နေကြတဲ့ အလုပ်အကိုင်မျိုးစုံ လုပ်ထုံးလုပ်နည်း အမျိုးမျိုးမှာ ဗဟုသစ္စ မင်္ဂလာရှိထားရမယ်။ ဒီမင်္ဂလာဟာ အပြစ်ကင်း၍ သန့်ရှင်း စင်ကြယ်တဲ့ အကြားအမြင် ဗာဟုသစ္စ မင်္ဂလာများ ဖြစ်ပါတယ်။ အပြစ်မကင်း၍ မသန့်ရှင်း မစင်ကြယ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန စသည် တို့နှင့် ပတ်သက်ပြီး အမျိုးမျိုးအဖုံဖုံ နည်းမျိုးစုံတို့ဟာ ဗာဟုသစ္စ မင်္ဂလာ မဖြစ်ပါ။

## ဗာဟုသစ္စမင်္ဂလာ (၃)မျိုး

### (၁) လောကီ ဗာဟုသစ္စမင်္ဂလာ

လယ်၊ ယာ၊ ကိုင်း၊ ခြံ စတဲ့ လုပ်ကိုင်ပုံ ဗဟုသုတ ကုန်သည်နှင့် သက်ဆိုင်တဲ့ ဗဟုသုတ၊ လက်မှုပညာနှင့် ပတ်သက်ရင် ပန်းချီ၊ ပန်းပု၊ ပန်းတိမ် စတဲ့ ဗဟုသုတ၊ ခြံစိုက်ရင် ခြံနှင့်သက်ဆိုင်တဲ့ စိုက်ပျိုးရေး မျိုးစုံ ဗဟုသုတ၊ ကျောင်းဆရာဖြစ်ရင် ကျောင်းဆရာနှင့် သက်ဆိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးဗဟုသုတ၊ သမားတော်ဖြစ်ရင် တိုင်းရင်း အင်္ဂလိပ် သမားတော်များနှင့် သက်ဆိုင်တဲ့ စာတွေ၊ လက်တွေ၊ ဉာဏ်တွေ မျိုးစုံဗဟုသုတ၊ စက်မှုပညာနှင့်ပတ်သက်လျှင် စက်မှုပညာနှင့် သက်ဆိုင်တဲ့ မျိုးစုံ ဗဟုသုတ ကိုယ်စီကိုယ်င လူတိုင်း ရှိထားရမယ်။

**မှတ်ချက်။** မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ အလုပ်ကိစ္စဟူသမျှတိုင်းကို နယ်ကုန်အောင် ဗဟုသုတ ရှိထားကြရမယ်။

## (၂) ပရိယတ္တိ ဗာဟုသစ္စမင်္ဂလာ

ဒီဃနိကာယ်(၃)ကျမ်း၊ မဇ္ဈိမနိကာယ်(၃)ကျမ်း၊ သံယုတ္တနိကာယ်(၅)ကျမ်း၊ အင်္ဂုတ္တရနိကာယ်(၁၁)ကျမ်း၊ ခုဒ္ဒကနိကာယ် (၁၅)ကျမ်း၊ ဝိနည်း (၅)ကျမ်း၊ အဘိဓမ္မ(၇)ကျမ်း၊ ၎င်းပါဠိတော်များရဲ့ အဖွင့်အဋ္ဌကထာများ၊ ဖြေရှင်းချက်ဖြစ်တဲ့ ဋီကာများရဲ့ အနက်အဓိပ္ပါယ် သဘောသွားများကို သင်အံလေ့ကျက် ကြည့်ရှုခြင်းစတဲ့ ဗဟုသုတ များစွာ ရှိထားရမယ်။

## (၃) ပဋိပတ္တိ ဗာဟုသစ္စမင်္ဂလာ

သီလ၊ သမာဓိ၊ ဝိပဿနာ လုပ်ငန်းစဉ်များကို ပြည့်ပြည့်စုံစုံ နားလည်တဲ့ ဗဟုသုတ၊ အားထုတ်ပုံ အားထုတ်နည်း၊ ရှုပုံ ရှုနည်း၊ ထိုင်ပုံထိုင်နည်း အမျိုးမျိုးတို့ကို နားလည်တဲ့ဗဟုသုတ၊ ပယ်ရမယ့် တရား၊ မပယ်ရမယ့်တရား၊ အကြောင်းအကျိုး နှစ်မျိုးခွဲခြားလျက် ပယ်ရမည့် တရားကို လက်ခံထားလျှင် သဿတဒိဋ္ဌိဖြစ်ပုံ၊ မပယ်ရ မည့်တရားကို ပယ်နေလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံတို့ကို နားလည်တဲ့ ဗဟုသုတ၊ အနိစ္စနှင့် အနိစ္စမမွ၊ ဒုက္ခနှင့် ဒုက္ခမမွ၊ အနတ္တနှင့် အနတ္တမမွ၊ ဒုက္ခနှင့် ဒုက္ခသစ္စာ၊ သမုဒယနှင့် သမုဒယသစ္စာ၊ နိရောဓနှင့် နိရောဓသစ္စာ၊ မဂ္ဂနှင့် မဂ္ဂသစ္စာတို့ကို နားလည်တဲ့ ဗဟုသုတ၊ အကြောင်း ဖြစ်ပျက်၊ အကျိုးဖြစ်ပျက် နှစ်မျိုးရှိသည့်အနက် ဘယ်ဖြစ်ပျက်ဆုံးလျှင် နိဗ္ဗာန်ဆိုတာ သဲသဲကွဲကွဲ

www.burmeseclassic.com

www.burmeseclassic.com



သိထားတဲ့ ဗဟုသုတများစွာ ရှိထားရမယ်။ လောကီ၊ ပရိယတ်၊ ပဋိပတ်ဆိုင်ရာ သုံးမျိုးလုံးကို ဗာဟုသစ္စမင်္ဂလာလို့ ခေါ်ဆိုရပါတယ်။

မှတ်ချက်။ (၁) လောကီဗာဟုသစ္စမင်္ဂလာရှိလျှင် လောကီမှာ ကြီးပွားချမ်းသာမယ်။

(၂) ပရိယတ္တိဗာဟုသစ္စမင်္ဂလာရှိလျှင် ပရိယတ် အဆုံးသို့ရောက်ပြီး တက်မြောက်သွားမယ်။

(၃) ပဋိပတ္တိဗာဟုသစ္စမင်္ဂလာရှိလျှင် သံသရာဒုက္ခမှ လွတ်မြောက်သွားမယ်။

## ပရိယတ်မှ ပဋိပတ် ဗာဟုသစ္စမင်္ဂလာ ဖြစ်လာပုံ

သုဿူသာ သုတဝဍ္ဎနီ၊ သုတံ ပညာယ ဝဍ္ဎနံ။
ပညာယ အတ္ထံ ဇာနာတိ၊ ဉာတော အတ္ထော သုခါဝဟော။
(ထေရ။ ၂၅၀)

သုဿူသာ၊ စာဖတ် စာသင် စသည်ယှဉ်၍ နာခြင်း မှတ်ခြင်း သည်။ သုတဝဍ္ဎနီ၊ အကြားအမြင် ဗဟုသုတကို တိုးပွားစေ၏။ သုတံ၊ အကြားအမြင် ဗဟုသုတသည်။ ပညာယ ဝဍ္ဎနံ၊ ပကတိပင်ကိုယ်က ရှိသော အသိအလိမ္မာ ဉာဏ်ပညာကို တိုးတက်ကြီးပွားစေနိုင်၏။ ပညာယ၊ အသိအလိမ္မာ ဉာဏ်ပညာဖြင့်။ အတ္ထံ၊ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို။ ဇာနာတိ၊ သိ၏။ ဉာတော၊ သိအပ်နားလည် အပ်ပြီးသော။ အတ္ထော၊ အကျိုးတရားသည်။ သုခါဝဟော၊ ချမ်းသာကို ဆောင်၏။

စာတက်၊ စာသင်၊ စာဖတ်၊ စာအံ၊ စာကျက်၊ စာပြန်နေခြင်းဟာ အကြားအမြင် ဗဟုသုတကို တိုးပွားစေပါတယ်၊ အကြားအမြင် ဗဟုသုတ တိုးပွားခြင်းကြောင့် မိမိရဲ့ ပကတိ ပင်ကိုယ်မှာရှိတဲ့ အသိအလိမ္မာ ဉာဏ်ပညာတွေ တိုးတက်ကြီးပွားစေပါတယ်၊ အသိ အလိမ္မာ ဉာဏ်ပညာ တိုးတက်ကြီးပွားသလောက် လောကီ လောကုတ္တရာ နှစ်ဖြာသော

www.burmeseclassic.com

www.burmeseclassic.com



အကျိုးတရားများကို သိမြင်လာပါတယ်၊ သိမြင်လာတဲ့ ဉာဏ်ဟာ ချမ်းသာသုခကို ဖြစ်စေပါတယ်။

ဗဟုဿုတော ဟောတိ သုတဓရော သုတသန္နိစယော၊ ယေတေ ဓမ္မာ အာဒိကလျာဏာ မဇ္ဈေကလျာဏာ ပရိယော သာန ကလျာဏာ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံဗြဟ္မ စရိယံ အဘိဝဒန္တိ တထာရူပဿ ဓမ္မာ ဗဟုဿုတာ ဟောန္တိ ဓာတာ ဝစသာ ပရိစိတာ မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။

(အံ၊ ၁။ ၃၃၁။ မ။ ၂၂၇)

များသောအကြားအမြင်ရှိတယ်၊ နာကြားတဲ့ တရားကို ဆောင်ထားတယ်၊ နာကြားပြီး ဆောင်ထားတဲ့တရားကို ဆည်းပူး စုဆောင်းတယ်၊ ဘုရားရှင်ရဲ့ တရားတော်ဟာ အစ အလယ် အဆုံး ကောင်းခြင်းသုံးပါးနဲ့ ပြည့်စုံတယ်၊ အနက်သဒ္ဒါနဲ့လည်း ပြည့်စုံတယ်၊ အလုံးစုံထက်ဝန်းကျင် ပြည့်ဝလုံလောက် စင်ကြယ် ကောင်းမြတ်တဲ့ အကျင့်ကိုလည်း ညွှန်ပြထားတယ်၊ ထို့ကဲ့သို့သော တရားတော်ကို များစွာ နာကြားထားတယ်၊ နာကြားထားတဲ့အတိုင်း-

ဓာတာ၊ နှုတ်တက်အာဂုံဆောင်ပြီးလျှင်။ ဝစသာ ပရိစိတာ၊ ရွတ်အံ သရဇ္ဈာယ်မယ်ဆိုလျှင် ရွတ်အံသရဇ္ဈာယ်တိုင်း။ မနသာ နုပေက္ခိတာ၊ စိတ်ထဲက စဉ်းစားဝေဖန် ကြံစည်သုံးသပ်လာခဲ့ပါလျှင်။ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ၊ ကြံစည်သုံးသပ်တိုင်းလဲ ကြောင်းကျိုးကွဲပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ယဉ်(၃)ပါး၊ သစ္စာ(၄)တန် အမြန်မှန်ဖြင့် ထိုးထွင်း သိမြင်ကာ အသခ်တဓာတ် နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို ရနိုင်ပါတယ်။

သုတဝါ စ ခေါ ဘိက္ခဝေ အရိယသာဝကော အကုသလံ ပဇဟတိ၊ ကုသလံ ဘာဝေတိ၊ သာဝဇ္ဇံ ပဇဟတိ၊ အနဝဇ္ဇံ ဘာဝေတိ၊ သုဒ္ဓမတ္တာနံ ပရိဟရတိ။ (အံ၊ ၂။ ၄၈၀။ သုတ္တနိပါတ၊ ၌၊ ၂။ ၁၈)

www.burmeseclassic.com

www.burmeseclassic.com



အကြားအမြင်များတဲ့ အရိယာသာဝကဟာ အကုသိုလ်ကို ပယ်စွန့်လျက် ကုသိုလ်ကို ပွားများတယ်၊ အပြစ်ရှိတာကို ပယ်စွန့်လျက် အပြစ်မရှိတာကို ပွားများတယ်။ ထိုသို့ ပွားများခြင်းဟာ စင်ကြယ်ကောင်းမြတ်လှ၍ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ဆောင်စွမ်းနိုင်ပါတယ်။

ဝစသာ သဇ္ဈာယော ဟိ မနသာ သဇ္ဈာယဿ ပစ္စယော ဟောတိ၊ မနသာ သဇ္ဈာယော လက္ခဏပဋိဝေဓဿ ပစ္စယော ဟောတိ၊ လက္ခဏပဋိဝေဓော မဂ္ဂဖလပဋိဝေဓဿ ပစ္စယော ဟောတိ။

(ဝိသုဒ္ဓိမဂ် ၁။ သမ္မော၊ ၁။၂၁၅)

ဟိ၊ ထိုစကားသည် မှန်လှပါပေ၏။ ဝစသာ၊ နှုတ်ဖြင့်။ သဇ္ဈာယော၊ သရဇ္ဈာယ်ခြင်းသည်။ မနသာ၊ စိတ်ဖြင့်။ သဇ္ဈာယဿ၊ သရဇ္ဈာယ်သော သူအား။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ (နှုတ်ဖြင့် ရွတ်ဆိုနေခြင်းဟာ စိတ်ဖြင့် ရွတ်ဆိုခြင်း ဖြစ်ပေါ် လာအောင် ကျေးဇူးပြုပါတယ်။)

မနသာ၊ စိတ်ဖြင့်။ သဇ္ဈာယော၊ သရဇ္ဈာယ်နေခြင်းသည်။ (ဝါ) ရွတ်ဆိုနေခြင်းသည်။ လက္ခဏပဋိဝေဓဿ၊ လက္ခဏာကို ထိုးထွင်း၍ သိတတ်သော ဉာဏ်အား။ (ဝါ) ဓာတ်ကြီးလေးပါး၏ လက္ခဏာကို ထိုးထွင်း၍ သိတတ်သော ဉာဏ်အား။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ (စိတ်ဖြင့် ရွတ်ဆိုနေခြင်းဟာ ဓာတ်ကြီးလေးပါးတို့ရဲ့ လက္ခဏာကို ထိုးထွင်း၍သိတဲ့ဉာဏ်အား ကျေးဇူးပြုပါတယ်။)

(ဝိဘင်း၊မူ-ဋ္ဌ ။၁၅၁။အနု-ဋ္ဌ ။၁၅၄)

လက္ခဏပဋိဝေဓော၊ လက္ခဏာကို ထိုးထွင်း၍ သိတတ်သော ဉာဏ်သည်။ မဂ္ဂဖလပဋိဝေဓဿ၊ မဂ်ဖိုလ်ကို ထိုးထွင်း၍ သိတတ်သော ဉာဏ်အား။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ (လက္ခဏာကို ထိုးထွင်း၍သိတဲ့ဉာဏ်ဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိလာ အောင် ကျေးဇူးပြုပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com



ရွှတ်အံသရဇ္ဈာယ်ခြင်း စသည်ဟာ မင်္ဂလာဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်ပုံကို သဂါထာဝဂ္ဂ၊ သံ၊ ဋ္ဌိ ၌ သဇ္ဈာယက မထေရ် စာအံရင်း ရဟန္တာဖြစ်သွားပုံဟာ အလွန်ထင်ရှားပါတယ်၊ ပရိယတ်မှ ပဋိပတ် ဖြစ်သွားတာ ဖြစ်ပါတယ်။

## (၈) သိပ္ပဉ္စ။ (ခုဒ္ဒကပါဌ။ ၄)

### သိပ္ပမင်္ဂလာ (၂)မျိုး

| (လောကီ) သိပ္ပမင်္ဂလာ | သိပ္ပမင်္ဂလာ (လောကုတ္တရာ) |
|---|---|
| အဂါရိက | အနာဂါရိက |
| လက်မှု၊ စက်မှု၊ ပညာ၊ | ဂန္ထဓုရပညာ |
| အနုသုခုမ ပညာ၊ | ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ |
| ကမ္မာယတန ပညာ၊ | ဝိပဿနာဓုရပညာ၊ |
| ဝိဇ္ဇာဌာန၊ သိပ္ပဋ္ဌာန ပညာ | လက္ခဏာယဉ် (၃)၊ သစ္စာ(၄)ပါး |
| လောကီ ချမ်းသာရေး | လောကုတ္တရာ ချမ်းသာရေး |

သိပ္ပဉ္စ၊ အပြစ်မထင် သန့်ရှင်းစင်လျက် စက်မှု လက်မှု စသော အတတ်ပညာနှင့် လောကုတ္တရာအတတ်ပညာများကို သင်ကြားရခြင်း သည်လည်းကောင်း။

သိပ္ပန္တိ ယံကိဉ္စိ ဟတ္ထကောသလ္လံ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ။၁၁၂)

ယံကိဉ္စိ၊ အမှတ်မရှိကြွင်းမဲ့ဥဿုံ အလုံးစုံသော။ ဟတ္ထ ကောသလ္လံ၊ လက်မှုအတတ်၌ လိမ္မာသောသူ၏ အဖြစ်သည်။ သိပ္ပန္တိ = သိပ္ပံနာမ၊ သိပ္ပမည်၏။

www.burmeseclassic.com

www.burmeseclassic.com



လက်မှုပညာ စတဲ့ အတတ်ပညာတို့ကို သင်ခြင်း၊ တတ်သိနားလည်ခြင်းသည် သိပ္ပမင်္ဂလာ မည်ပါတယ်။

လက်ဖြင့် ပြုလုပ်ရတဲ့ အတတ်ပညာမှန်သမျှ သိပ္ပမည်၏ဟု အဋ္ဌကထာ ဖွင့်ဆိုချက်အရ လက်မှုပညာမှန်သမျှကို သိပ္ပမင်္ဂလာလို့ ခေါ်ဆိုရပါတယ်၊ ယခုခေတ်စက်မှုပညာနှင့် သိပ္ပံပညာဆိုင်ရာများဟာလဲ ဤသိပ္ပမင်္ဂလာမှာ ပါဝင်ပါတယ်။

ရှေးက နှုတ်ဖြင့် သင်အံ လေ့ကျက် မှတ်သားရတဲ့ ဝိဇ္ဇာပညာကိုသာ အထူးမြှောက်စား အလေးထားလျက် ဦးစားပေးခဲ့ကြပါတယ်၊ သိပ္ပံပညာကိုကား အလေးမထား ဦးစားမပေးခဲ့ကြ။ ယခုအခါ အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်ကြီးများ၌ သတ်မှတ်ပေးထားတဲ့ သိပ္ပံခေါ် အတတ်ပညာရပ်များမှာ အလွန်ထင်ရှား ပိုမိုများပြားလျက် နက်နဲ ခက်ခဲတဲ့ ပညာရပ်များလဲ ပါဝင်လာပါတယ်။ ယင်းအတတ်ပညာများဟာလဲ ဉစ္စာရကြောင်း ချမ်းသာကြီးပွားကြောင်း တိုးတက် ထွန်းကားကြောင်းဖြစ်၍ မင်္ဂလာဟုပင် ခေါ်ဆိုရပါတယ်၊

## သိပ္ပ= အတတ်ပညာ (၂)မျိုး

သိပ္ပံ နာမ အဂါရိကသိပ္ပဉ္စ၊ အနာဂါရိကသိပ္ပဉ္စ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၁၃။ သုတ္တနိပါတ ဋ္ဌ၊၂။ ၉)

(၁) သိပ္ပဆိုတာ အိမ်ရဲ့စီးပွားဖြစ်တဲ့ လယ်လုပ်၊ ကုန်သွယ်၊ ရောင်းဝယ်ခြင်း စတဲ့ လုပ်ငန်းကိစ္စရှိတဲ့ သူတို့ရဲ့ သက်ဆိုင်ရာ အတတ်ပညာများကို ကိုယ်တိုင်တတ်မြောက်အောင် သင်ထားရမယ်၊

(၂) မိမိရဲ့ စီးပွားရေးကိစ္စဟူသမျှကို ပြုလုပ်စရာမရှိတဲ့ ရဟန်းသံဃာတော်တို့မှာ ပရိယတ်၊ ပဋိပတ်ဆိုတဲ့ အတတ်ပညာများကို အမိပွါယ်သဘောပေါက် နိဗ္ဗာန်သို့ မျက်မှောက် ပြုနိုင်အောင် သင်ထားရမှာ ဖြစ်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



(၁) အဂါရိကသိပ္ပမင်္ဂလာ

အဂါရိကသိပ္ပံ နာမ ယံ ပရူပရောဓ ဝိရဟိတံ့ အကုသလ ဝဇ္ဇိတံ မဏိကာရသုဝဏ္ဏကာရကမ္မာဒိကံ၊ တံ ဣဓ လောကတ္ထာဝဟ နတော မင်္ဂလံ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၁၃။သုတ္တနိပါတ၊ ဋ္ဌ၊ ၂။ ၁၉)

(၁) လူနှင့်သက်ဆိုင်တဲ့ အတတ်ပညာ သိပ္ပမင်္ဂလာ

သူတစ်ပါးတို့အား ချုပ်ချယ်မှုမရှိ အကုသိုလ်အပြစ်ကင်းလျက် ပတ္တမြား စတဲ့ ကျောက်မျတ်ရတနာလုပ်ငန်း၊ ရွှေပန်းတိမ် စတဲ့ အတတ်ပညာများ၊ ပန်းချီ၊ ပန်းပု၊ ပန်းရံ စတဲ့ ပန်း(၁၀)မျိုး အတတ်ပညာများ။

ရာဇသတ်၊ ဓမ္မသတ် အတတ်ပညာ၊ ဂဏန်းသင်္ချာ အတတ်ပညာ၊ ဆေးကျမ်း၊ ဓာတ်ကျမ်း အတတ်ပညာ၊ ကဗျာလင်္ကာ အတတ်ပညာ။

လယ်၊ ယာ၊ ခြံ၊ ကိုင်း အစရှိသော စိုက်ပျိုးရေး အတတ်ပညာ၊ ကူးသန်းရောင်းဝယ်ရေးအတတ်ပညာ၊ ဇာထိုး၊ ပန်းထိုး၊ ရက်ကန်းခတ်၊ စက်ချုပ် စတဲ့ အတတ်ပညာ၊ စက်မှုအင်ဂျင်နီယာစတဲ့ အတတ်ပညာ။

မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာ၊ ဝိဇ္ဇာဌာန ပညာ၊ သိပ္ပံဌာနပညာ၊ ဒဿနိကဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ပါဏဗေဒ၊ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ ရောဂါဗေဒစတဲ့ အတတ်ပညာများသည် လောကီ သိပ္ပမင်္ဂလာ ဖြစ်ပါတယ်။

(၂) အနာဂါရိက သိပ္ပမင်္ဂလာ

အနဂါရိက သိပ္ပံ နာမ စီဝရ ဝိစာရဏ သိဗ္ဗနာဒိသမဏ ပရိက္ခာရာဘိသင်္ခရဏံ၊ ယံ တံ "ဣဓ ဘိက္ခဝေ ဘိက္ခု ယာနိ တာနိ သဗြဟ္မစာရိနံ ဥစ္စာဝစာနိ ကိံ ကရဏီယာနိ တတ္ထ ဒက္ခော ဟောတိ" တိအာဒိနာ နယေန တတ္ထ တတ္ထ သံဝဏ္ဏိတံ ယံ " နာထကရော ဓမ္မော"

www.burmeseclassic.com

www.burmeseclassic.com



တိ စ ဝုတ္တံ၊ တံ အတ္တနော စ ပရေသဉ္စ ဥဘယလောကဟိတ သုခါဝဟနတော မင်္ဂလန္တိ ဝေဒိတဗ္ဗံ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၁၃။သုတ္တနိပါတ၊ ဋ္ဌ၊ ၂။ ၁၉)

**လိုရင်းတိုရှင်းအချက်။** ရဟန်းတော်များဟာ သီတင်းသုံးဖော်အချင်းချင်း အမှုကိစ္စဟူသမျှ ဆောင်ရွက်သင့်၍ ဆောင်ရွက်စရာ မှန်သမျှကို မေးမြန်း၍ လိုအပ်သလို ဆောင်ရွက်ပေးခြင်း၊ ကျွမ်းကျင် လိမ္မာ၍ မပျင်းမရိရှိခြင်း စသည်တို့ဟာ ကောင်းစွာချီးမွမ်းအပ်ပါတယ်၊ ယင်းသို့ ချီးမွမ်းအပ်တဲ့ တရားတော်သည် မိမိတို့ မှီတွယ်အားထားရာ အစစ်အမှန်ဖြစ်ပါတယ်။ ထိုအနာဂါရိက သိပ္ပမျိုးကိုလည်း မိမိသူတစ်ပါး နှစ်ဦးသားတို့ ပစ္စုပ္ပန်တမလွန် နှစ်တန်သော အကျိုးစီးပွားချမ်းသာကို ဆောင်တတ်လို့ မင်္ဂလာဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်ပါတယ်။

## (၂)ရဟန်းတော်များနှင့် သက်ဆိုင်တဲ့ အတတ်ပညာသိပ္ပမင်္ဂလာ

ဂန္ထဓုရံ ဝိပဿနာဓုရန္တိ ဒွေယေဝ ဓုရာနိ ဘိက္ခုတိ အတ္တနော ပညာနုရူပေန ဧကံ ဝါ ဒွေ ဝါ နိကာယေ သကလံ ဝါ ပန တေပိဋကံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိတွာ တဿ ဓာရဏံ ကထနံ ဝါစနန္တိ ဣဒံ ဂန္ထဓုရံ နာမံ။

(ဓမ္မပဒ၊ ဋ္ဌ၊ ၁။ ၅)

အနာဂါရိကသိပ္ပဆိုတာ ရဟန်းတော်များရဲ့အလုပ်၊ ရဟန်းတော်များရဲ့ ပညာကို ခေါ်တယ်။ အတိုချုံးလိုရင်း ပြောရလျှင် ပိဋက(၃)ပုံ၊ နိကာယ် (၅)ရပ် ပါဠိတော်တွေကို တစ်ပုံပဲဖြစ်ဖြစ် သို့မဟုတ် နှစ်ပုံပဲဖြစ်ဖြစ် သုံးပုံလုံးပဲဖြစ်ဖြစ် သင်ယူပြီး ဆောင်ထားခြင်း၊ အဖွင့်အဋ္ဌကထာနှင့်တကွ ဖြေရှင်းချက် ဋီကာတို့ကိုပါ ဟောပြော ခြင်း၊ ပို့ချခြင်းများဟာ ဂန္ထဓုရ အလုပ်ဖြစ်ပါတယ်။

သလ္လဟုက ဝုတ္တိနော ပန ပန္တသေနာသနာဘိရတဿ အတ္တဘာဝေ ခယံ ဝယံ ပဋ္ဌပေတွာ သာတစ္စကိရိယဝသေန ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တဂ္ဂဟဏန္တိ ဣဒံ ဝိပဿနာဓုရံ နာမ။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁။ ၅)

www.burmeseclassic.com

www.burmeseclassic.com



သင်ယူထားပြီးတဲ့ ပရိယတ်မူမှ ပဋိပတ်ကို ခန္ဓာငါးပါး၊ ရုပ်နာမ် တရားတို့ကို ကြောင်းကျိုးခွဲလျက် ခယ ဝယဖြစ်တဲ့ အတ္တ နိစ္စ ဓုဝ သဿတ မှ ကုန်ခမ်းနေတဲ့သဘော၊ ပျက်သွားတဲ့ သဘောတရားကို ဆင်ခြင် သုံးသပ်ပြီး အရဟတ္တဖိုလ်တိုင်အောင် ပွားများအားထုတ်ခြင်းဟာ ဝိပဿနာ ဓုရ အလုပ်ဖြစ်ပါတယ်၊ ဒါ့ကြောင့် အတ္တနော စ ပရေသဉ္စ ဥဘယ လောက ဟိတသုခါဝဟနတော မင်္ဂလန္တိ ဝေဒိတဗ္ဗံ-လို့ (ခုဒ္ဒကပါဌ၊ ၄။ ၁၁၃)မှာ ဖွင့်ဆိုထားပါတယ်။

အနာဂါရိကသိပ္ပလို့ခေါ်တဲ့ အတတ်ပညာမျိုးဟာ မိမိ သူတစ်ပါး နှစ်ဦးသားတို့ကို ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့မှာ မင်္ဂဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ရဲ့ အစီးအပွားကို ဆောင်တတ်သောကြောင့် မင်္ဂလာအစစ်အမှန် ဖြစ်ပါတယ်။

## သိပ္ပမင်္ဂလာပြည့်စုံမှ ကြွယ်ဝချမ်းသာ

လူတို့ တတ်အပ်၊ တတ်သင့်တဲ့ သိပ္ပမင်္ဂလာ အတတ်ပညာတွေဟာ အလွန်များပြားလှပါတယ်။ မည်သည့်အိမ်မဆို မိမိတို့နေ့စဉ် တွေ့ကြုံ နေရတဲ့ ကိစ္စရပ်များဟာ စားဝတ်နေရေး ကျန်းမာရေးပင် ဖြစ်ပါတယ်။ စားဝတ်နေရေး ကျန်းမာရေးနှင့် မိမိတို့ရရှိတဲ့ ဝင်ငွေထွက်ငွေကို ကြည့်ပြီး သူ့နေရာနှင့်သူ အချိုးကျသုံးစွဲတတ်ဖို့ သိပ္ပမင်္ဂလာပညာ အရေးကြီးပါ တယ်။ အချိုးကျသုံးစွဲတတ်တဲ့ပညာ မရှိပါက ဝင်ငွေနည်းပြီး ထွက်ငွေများ နေရင် ဆင်းရဲခြင်းသို့ ရောက်တတ်ပါတယ်၊ အချိုးကျသုံးစွဲတတ်တဲ့ ပညာ သိပ္ပမင်္ဂလာ ရှိပါက ထွက်ငွေနည်းပြီး ဝင်ငွေများလျက် တဖြည်းဖြည်း ကြီးပွားခြင်းသို့ ရောက်ရှိကြမှာ ကေန်အမှန်ပင် ဖြစ်ပါတယ်။

ဤကဲ့သို့ စားဝတ်နေရေး၊ ကျန်းမာရေးများ အဆင်ပြေပြီး မငြိုမငြင် မပင်မပန်း ချမ်းချမ်းသာသာဖြစ်မှသာလျှင် ဒါနရေး၊ သီလရေး၊ ဘာဝနာရေးစတဲ့ သာသနာတော်နှင့်သက်ဆိုင်တဲ့ ဇရပ်၊ တန်ဆောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကျောင်း၊ ကန်၊ ဘုရား၊ စေတီ၊ ပုထိုး စတဲ့ သာသနိကအဆောက်အအုံ ကုသိုလ်တော်များကို ဆောက်လုပ်လှူဒါန်းနိုင်ကြမှာ ဖြစ်ပါတယ်။

ဤကဲ့သို့ သိပ္ပမင်္ဂလာနှင့် မပြည့်စုံတဲ့သူတွေမှာ တစ်နေ့စာအတွက် စားဝတ်နေရေး ရှာကြံနေရတာချည်းမို့ သူများတွေ ဒါနပြုကြသော်လည်း အားမကျနိုင်ဘဲ စားဝတ်နေရေးအတွက် ရှာကြံလုပ်ကိုင်နေရတာနဲ့ အချိန်ကုန်နေပါတယ်။ သူများတွေ သီလဆောက်တည်ကြသော်လည်း မိမိတို့မှာ ဘယ်သီလမှ မဆောက်တည်နိုင်၊ ဝမ်းစာအတွက်သာ ရှာကြံလုပ်ကိုင်နေကြရပါတယ်။ သမထဝိပဿနာလုပ်ငန်းဆိုတာတော့ ပြောဖွယ်ရာမရှိ၊ အလွန်ပင် ဝေးကွာလျက် ရှိနေကြရပါတယ်။

သို့သော်လည်း မိမိတို့ရဲ့ အင်အားကို ကြည့်ပြီး ဝင်ငွေထွက်ငွေ နှစ်မျိုးရှိသည့်အနက် အပိုပစ္စည်းမသုံးစွဲဘဲ လိုအပ်တာမှ သုံးစွဲပြီး အဝင်များလျက် အထွက်တဖြည်းဖြည်း နည်းသွားအောင် ချွေတာစုဆောင်းတတ်တဲ့ အသိအလိမ္မာ ဉာဏ်ပညာနှင့် ထိန်းသွားကြမယ်ဆိုရင် အထက်ပါချမ်းသာအမျိုးမျိုးကို မိမိတို့နှင့် ထိုက်တန်အောင် ရရှိကြမှာ အမှန်ဧကန်ပင် ဖြစ်ပါတယ်။

လူကို မဆိုထားနဲ့၊ အချို့တိရစ္ဆာန်များပင် သူတို့နဲ့ထိုက်တန်တဲ့ သိပ္ပမင်္ဂလာပြည့်စုံနေကြပါတယ်။ ပျားကောင်ကလေးများနှင့် စာကလေးတို့မှာ မိမိတို့နေဖို့ရာ အုံများ၊ အသိုက်များကို ကောင်းမွန်စွာ လုပ်တတ်ကြသည့်အတွက် အခြားတိရစ္ဆာန်များထက် ချမ်းသာစွာ နေထိုင်ကြရပါတယ်။ ထိုမင်္ဂလာနှင့် မပြည့်စုံတဲ့ မျောက်သတ္တဝါတို့မှာ ပင်ပန်းဆင်းရဲစွာ နေထိုင်ကြရပါတယ်။ သိပ္ပမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံကြတဲ့အတိုင်း ဆောင်ရွက်လုပ်ကိုင်သွားကြမယ်ဆိုရင် လူတို့ အသုံးအဆောင်မှန်သမျှဟာလည်း အထက်တန်းကျပြီး အလွန်ကောင်းမွန်လျက်ရှိတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ စက်မှုလက်မှု စတဲ့ အတတ်ပညာရပ်များကို တတ်သိ

www.burmeseclassic.com

www.burmeseclassic.com



လိမ္မာ၍ လောကီသုခအဝဝတို့ကို သူမတူအောင် ချမ်းသာကြွယ်ဝ ခံစားရခြင်း မှန်သမျှတို့ဟာ သိပ္ပမင်္ဂလာအဖြာဖြာကြောင့် ဖြစ်ပေါ်လာကြတာ ဖြစ်ပါတယ်။

## လောကီလောကုတ္တရာ သိပ္ပမင်္ဂလာနှစ်ဖြာ လိုရင်းတိုရှင်း အကျဉ်းချုပ်

### (၁) လောကီမင်္ဂလာ အဖြာဖြာ

လူ့လောကမှာ အချို့ဟာစားဝတ်နေရေးအတွက် ရှာဖွေရတဲ့အခါ ဆင်းအင်းရဲရဲ ပင်ပင်ပန်းပန်းနဲ့ အလုပ်ကို မယ်မယ်ရရ ဘာရယ်လို့ ပြစရာ မရှိဘဲ ကြုံသလို လုပ်ကိုင်ပြီး စားသောက်နေကြရတာ ရှိပါတယ်။ အချို့ကြတော့ လွယ်လွယ်ကူကူနဲ့ ဆင်းရဲပင်ပန်းခြင်းမရှိဘဲ လှပ်ကာလှည့်ကာ သက်သက်သာသာနဲ့ ပစ္စည်းဥစ္စာရှာဖွေရတာ လွယ်ကူစွာဖြင့် စားသောက်နေနိုင်တာလဲ ရှိကြပါတယ်။ ထို နှစ်မျိုးကို ကြည့်လိုက်ရင် သိပ္ပမင်္ဂလာ အတတ်ပညာရှိသူနဲ့ သိပ္ပမင်္ဂလာ အတတ်ပညာ မရှိသူတို့ရဲ့ ကွာခြားချက် ထွက်ပေါ်လာပါတယ်။သို့ဖြစ်၍ သိပ္ပမင်္ဂလာအတတ်ပညာဟာ အလွန် အရေးကြီးလှပါတယ်။

ဝိဇ္ဇာပညာ၊ သိပ္ပါယတနပညာ၊ ကမ္မာယတနပညာ၊ စာပေပညာ၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းနဲ့ နိမိတ်ကျမ်း လက္ခဏာကျမ်း၊ ရာဇဝင်၊ ဂီတ၊ အနုသုခုမပညာစတဲ့ လောကီအလိမ္မာပေးစွမ်းနိုင်တဲ့ ပညာများဟာ လူတိုင်း တတ်မြောက်အောင် သင်ကြားထားရမယ့် ပညာရပ်များ ဖြစ်ပါတယ်။

သိပ္ပာယတန ဆိုတာ စက်မှုလက်မှုပညာ၊ ယဉ်ကျေးမှု အနုသုခုမ အစိတ်အပိုင်းဖြစ်တဲ့၊ "ဘုရားမဝင် နတ်မတင်၊ လူတွင် ပန်းဆယ်မျိုး," ဆိုတဲ့ အတိုင်း ပန်းချီ၊ ပန်းပု ထုလုပ်မလွဲ ပန်းဘဲ၊ ပန်းတိမ် စတဲ့ အနုသုခုမ ပညာရပ်များဟာ သိပ္ပါယတနပညာများ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကူးသန်းရောင်းဝယ် ကုန်သွယ် လယ်လုပ်၊ စက်ချုပ်ပန်းထိုး၊ ရက်ကန်းရက်လုပ်ခြင်း အမျိုးမျိုးဟာ ကမ္မာယတနဌာန လို့ခေါ်တဲ့ ပညာရပ်များ ဖြစ်ပါတယ်။

အဲဒီ သုံးဖြာ အကြားအမြင်များ၍ တတ်မြောက်လာတာ သိပ္ပခွ မင်္ဂလာ၊ တရားကျမ်းဂန် သင်အံကျက်မှတ် လွန်နှံ့စပ်တဲ့ အတတ်ကောင်း ပညာကောင်းနဲ့ ပြည့်စုံခြင်းဟာ သိပ္ပမင်္ဂလာ ဖြစ်ပါတယ်။ အပြစ်ကင်းပြီး လူတိုင်းတတ်မြောက်ရမယ့် နှုတ်မှုပညာ၊ လက်မှုပညာ၊ စက်မှုပညာ၊ အဋ္ဌာရသ(၁၈)ရပ်စတဲ့ အတတ်ပညာအမျိုးမျိုးတို့ဟာ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်အောင် သင်ယူထားရမယ့် သိပ္ပမင်္ဂလာများ ဖြစ်ပါတယ်။

## (၂) လောကုတ္တရာသိပ္ပမင်္ဂလာ မင်္ဂဖိုလ်နှစ်ဖြာ

လောကုတ္တရာ သိပ္ပဆိုတာ ဝိပဿနာဉာဏ်၊ သက္ကာယဒိဋ္ဌိပြုတ်တဲ့ ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို မြင်နိုင်တဲ့ဉာဏ်များကို လောကုတ္တရာသိပ္ပမင်္ဂလာလို့ ခေါ်တယ်။ လောကုတ္တရာအသိဉာဏ် ပညာ သိပ္ပမင်္ဂလာကို အနည်းငယ် ရှင်းပြပါဦးမယ်။

(က) အတ္ထေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ။
(ခ) ဓမ္မေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။ (ဝိဘင်း။ ၃၁၇)

(က) အတ္ထေ၊ အကျိုးတရား၌။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။

အကျိုးတရားကို သိတဲ့ဉာဏ်ဟာ အတ္ထပဋိသမ္ဘိဒါဉာဏ် မည်ပါတယ်။ မဂ် ဖိုလ်အလို့ငှာ ဝိပဿနာတရားကို အားထုတ်ကြရာ ရှေးဦးစွာ အကျိုးတရားကို သိဖို့ အရေးကြီးပါတယ်။ အကျိုးတရားဟာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ ဖြစ်တယ်။ ယင်းအကျိုး တရား ငါးပါးဟာ အလိုအလျောက် မဖြစ်နိုင်၍ မည်သူ့ကြောင့် ဖြစ်သလဲလို့ စဉ်းစားဝေဖန်သုံးသပ်ဖို့ အရေးကြီးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(ခ) ဓမ္မေ၊ အကြောင်းတရား၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။

အကြောင်းတရားကိုသိတဲ့ ဉာဏ်ဟာ ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်ပါတယ်။ အကြောင်းတရားဟာ တဏှာ၊ ဥပါဒါန်၊ ကံ၊ သင်္ခါရ၊ အဝိဇ္ဇာ ငါးပါး ဖြစ်ပါတယ်။ အကြောင်းတရားငါးပါးကြောင့် အကျိုးကရားငါးပါး ဖြစ်ပေါ်လာရတယ်။ အကြောင်းတရားမရှိရင် အကျိုးတရား မဖြစ်နိုင်။ သို့ဖြစ်၍ ရှေးဦးစွာ အကြောင်းအကျိုးခွဲခြားပြီး ကွဲပြားအောင် သိတဲ့ ဉာဏ်ဟာ အလွန်အရေးကြီးပါတယ်။

သာဓက အနည်းငယ်ပြရရင် အရှင်သာရိပုတ္တရာအလောင်း ဥပတိဿဟာ အရှင်အဿဇိ ဟောကြားတဲ့ ယေ ဓမ္မာ ဟေတုပ္ပဘဝါ- အစရှိတဲ့ တစ်ဂါထာအတွင်းမှာပဲ သောတာပတ္တိဖိုလ်သို့ ရောက်ရှိ သွားတဲ့ သာဓကရှိပါကယ်။

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။

(ဝိ၊၃။၅၁)

ယေ ဓမ္မာ၊ အကြင် အကျိုးတရားဟူသမျှတို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်းတရားကို့ကြောင့်သာ ဖြစ်ကြရလေကုန်၏။

အကြောင်းတရားကြောင့် အကျိုးတရားဖြစ်သည်ဟု မြင်လိုက်တဲ့ အခိုက်မှာပဲ သစ္စာလေးပါးကို သိတဲ့ဉာဏ် တစ်ခါထည်းဝင်လာပြီး သောတာပတ္တိဖိုလ်ဉာဏ်သို့ ရောက်ရှိရသည်ဟု (ဝိ၊ ၄၊ ၃။၂၅၆)မှာ ဖွင့်ဆိုထားပါတယ်။

(၁) ဒုက္ခေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ။
(၂) ဒုက္ခသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။
(၃) ဒုက္ခနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ။
(၄) ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

(အဘိ၊ ၂။ ၃၀၇)

www.burmeseclassic.com

www.burmeseclassic.com



(၁) ဒုက္ခေ၊ ဒုက္ခသစ္စာ၌။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ (ဝါ) အကျိုးတရား၌ ထိုးထွင်း၍ သိသော ဉာဏ်မည်၏။

ဝိညာဏ် နာမ်ရုပ် စတဲ့ အကျိုးတရားငါးပါးကို ဒုက္ခသစ္စာလို့ သိတဲ့ အတ္ထပဋိသမ္ဘိဒါဉာဏ် ဖြစ်ပေါ်လာတယ်။

(၂) ဒုက္ခသမုဒယေ၊ ဒုက္ခဖြစ်ကြောင်းတရား၌။ (ဝါ) ဒုက္ခ ဖြစ်ကြောင်းတရား သမုဒယသစ္စာ၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။ (ဝါ) အကြောင်းတရား၌ ထိုးထွင်း၍ သိသော ဉာဏ်မည်၏။

(၃) ဒုက္ခနိရောဓေ၊ ဒုက္ခချုပ်ငြိမ်းခြင်း၌။ (ဝါ) ဒုက္ခကိုဖြစ်စေတတ် သော အကြောင်းတရား ချုပ်ခြင်း၌။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ (ဝါ) အကျိုးတရား၌ ထိုးထွင်း၍ သိသော ဉာဏ်မည်၏။

(၄) ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဒုက္ခချုပ်ငြိမ်းကြောင်းလုပ်ငန်းစဉ် ပဋိပတ် အကျင့်မြတ်၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ ဓမ္မ ပဋိသမ္ဘိဒါဉာဏ်မည်၏။ (ဝါ) အကြောင်းတရား၌ ထိုးထွင်း၍ သိသော ဉာဏ် မည်၏။

ဒုက္ခချုပ်ငြိမ်းကြောင်း လုပ်ငန်းစဉ် ပဋိပတ် မဂ္ဂသစ္စာကို မြင်တဲ့ ဓမ္မပဋိသမ္ဘိဒါဉာဏ် ဖြစ်ပေါ်လာတယ်။ (မဂ္ဂသစ္စာဆိုတာ မဂ္ဂင် (၈)ပါး ဖြစ်တယ်။)

ထိုကဲ့သို့ မဂ္ဂသစ္စာဖြစ်တဲ့ သမ္မာဒိဋ္ဌိဉာဏ်နဲ့ အမှန်မြင်တဲ့အခါ ဘုံဘဝ၌ ကောင်းနိုးရာရာ သာယာတွယ်တာတဲ့ ကာမာသဝချုပ်တယ်၊ ကာမာသဝချုပ်တော့ ဘဝါသဝလဲ ချုပ်ပါတယ်။ ကြောင်းကျိုးဒုက္ခကို သုခလို့ထင်၊ အမှားမြင်နေတဲ့ ဒိဋ္ဌာသဝ ချုပ်ပြန်ပါတယ်၊ အကြောင်း အကျိုးကို မသိ မမြင်နိုင်အောင် ဖုံးလွှမ်းထားတဲ့ အဝိဇ္ဇာသဝ ချုပ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁) သောတာပတ္တိမဂ္ဂေန အနဝသေသော ဒိဋ္ဌာသဝေါ ခီယတိ။

(၂) အပါယဂမနီယော ကာမာသဝေါ ခီယတိ။

(၃) အပါယဂမနီယော ဘဝါသဝေါ ခီယတိ။

(၄) အပါယဂမနီယော အဝိဇ္ဇာသဝေါ ခီယတိ။

(ပဋိသံ။၁၁၃)

ဤကဲ့သို့ သောတာပတ္တိမဂ်ဉာဏ်ဆိုက်၍ အာသဝတရား လေးပါး လွတ်သွားတဲ့ဉာဏ်ဟာ လောကုတ္တရာ သိပ္ပမင်္ဂလာဖြစ်ပါတယ်။

**မှတ်ချက်။** ဥပတိဿ သစ္စာလေးပါးသိပြီး အစွန်းနှစ်ပါး လွတ်သွားပုံကို ဒဿနသမ္ပဒါလမ်းပြကျမ်းမှာ ပြဆိုထားပြီး ဖြစ်ပါတယ်။

## (၉) ဝိနယော စ သုသိက္ခိတော။ (ခုဒ္ဒကပါဌ။၄)

## ဝိနယောစ မင်္ဂလာ (၂)မျိုး

| (လောကီ) အဂါရိကဝိနယ | အနာဂါရိကဝိနယ (လောကုတ္တရာ) |
|---|---|
| သုစရိုက် (၁၀)ပါး | စတုပါရိသုဒ္ဓိသီလ |
| နိစ္စသီလ (၅)ပါး | ပရိယတ္တိဝိနယ၊ |
| (၈)ပါး၊ (၉)ပါး၊ (၁၀)ပါး | ပဋိပတ္တိ ဝိနယ၊ |
| မိဘဝတ်ငါးပါးစသည် | လက္ခဏာယဉ်(၃)၊ သစ္စာ (၄) |
| လောကီ ချမ်းသာရေး | လောကုတ္တရာ ချမ်းသာရေး |

သုသိက္ခိတော၊ ငယ်ရွယ်စဉ်က သွန်သင်ဆုံးမ အချိုးကျပြီးသော။ ဝိနယော စ၊ မိဘဝတ် (၅)ပါး၊ သားသမီးဝတ် (၅)ပါး အစရှိသော အမျိုးကောင်းသမီး၊ အမျိုးကောင်းသား ဝတ္တရားနှင့် ပြည့်စုံရ ခြင်းသည် လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



(၁) ဝိနယောတိ ကာယဝါစာစိတ္တဝိနယနံ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၁၂)

ကိုယ်၊ နှုတ် စိတ်တို့ကို အကုသိုလ်အပြစ်ကင်းအောင် ဆုံးမတတ်လို့ ဝိနည်းလို့ ခေါ်ပါတယ်။

(၂) သုသိက္ခိတောတိ သုဋ္ဌု သိက္ခိတော။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၁၂)

အဂါရိကဝိနည်း၊ အနာဂါရိကဝိနည်းကို ကောင်းစွာ သင်ကြားနားလည် ထားရမယ်။

ဝိနယော နာမ အဂါရိကဝိနယော စ အနာဂါရိက ဝိနယော စ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၁၃။သုတ္တနိပါတ၊ ဋ္ဌ၊၂။၁၉)

**ဝိနယ=ဝိနည်း(၂)မျိုး**

(၁) အဂါရိကဖြစ်တဲ့ လူ့ကျင့်ဝတ်၊ လူ့ဝိနည်း။

(၂) အနာဂါရိကဖြစ်တဲ့ ရဟန်းကျင့်ဝတ်၊ ရဟန်းဝိနည်း။

**(၁) အဂါရိကဝိနည်း= လူနှင့်သက်ဆိုင်တဲ့ဝိနည်း**

**အဂါရိကဝိနယော နာမ ဒသအကုသလကမ္မပထဝိရမဏံ၊ သော တတ္ထ သုသိက္ခိတော၊ အသံကိလေသာပဇ္ဇနေန အာစာရဂုဏ ဝဝတ္ထာနေန စ ဥဘယလောကဟိတသုခါဝဟနတော မင်္ဂလံ။**

(ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၁၃။ သုတ္တနိပါတ၊ဋ္ဌ၊၂။၁၉)

ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ ဆိုတဲ့ အကုသလကမ္မပထတရား (၁၀)ပါးမှ ရှောင်ကြဉ်ခြင်း၊ ရှောင် ကြဉ်ကြောင်းဖြစ်တဲ့ သိင်္ဂါလောဝါဒသုတ်တော်လာ ဂိဟိဝိနယ = လူအများ လိုက်နာရမယ့် ဝိနည်း၊ ငါးပါးသီလ၊ (၈)ပါး၊ (၉)ပါး၊ (၁၀)ပါးသီလ၊ သမထဝိပဿနာဆိုတဲ့ လူအများ ကျင့်ကြံအားထုတ်ရမယ့် ဝိနည်း၊ ၎င်း (၂)မျိုးလုံးကို အဂါရိက ဝိနည်းလို့ ခေါ်ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတွေမှာ ညစ်နွမ်းကြောင်းဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်တဲ့ မကောင်းမှုဒုစ္စရိုက် သံကိလေသတရားများမဖြစ်နိုင်အောင် လိုက်နာကျင့်ကြံထိုက်တဲ့ အကျင့်ဂုဏ်တို့ကို သိုးသန့်မှတ်သား ပိုင်းခြားနိုင်အောင် ကောင်းမွန်စွာသင် ကျင့်ကြံထိုက်တဲ့ ထိုသုသိက္ခိတ အဂါရိကဝိနည်းဟာ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝမှာ စီးပွား ချမ်းသာကိုဆောင်တတ်လို့ မင်္ဂလာ လို့ ခေါ်ဆိုပါတယ်။

## (၂) အနာဂါရိက ဝိနယ = ရဟန်းများနှင့် သက်ဆိုင်တဲ့ဝိနည်း

အနာဂါရိကဝိနယော နာမ သတ္တာပတ္တိက္ခန္ဓအနာပဇ္ဇနံ၊ သောပိ ဝုတ္တနယေနေဝ သုသိက္ခိတော စတုပါရိသုဒ္ဓိသီလံ ဝါ အနာဂါရိကဝိနယော၊ သော ယထာ တတ္ထ ပတိဋ္ဌာယ အရဟတ္တံ ပါပုဏာတိ၊ ဧဝံ သိက္ခနေန သုသိက္ခိတော လောကိယလောကုတ္တရသုခါဓိဂမဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗော။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၁၄။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂။၁၉)

အာပတ်ခုနစ်ပုံ မသင့်ရောက်ခြင်းနဲ့ ရဟန်းတော်များရဲ့ စတုပါရိသုဒ္ဓိသီလကို ထိန်းသိမ်းခြင်းသည် ရဟန်းတော်များ ပြုကျင့်ရမယ့် ဝိနည်းဖြစ်လို့ အနာဂါရိကဝိနည်းမည်ပါတယ်။

အာပတ်ခုနစ်ပုံ မသင့်ရောက်ရအောင်သော်လည်းကောင်း၊ လိုက်နာကျင့်ကြံအားထုတ်ရမယ့် ဂုဏ်တို့ကို သိုးသန့် မှတ်သား ပိုင်းခြားနိုင်လောက်အောင်သော် လည်းကောင်း သင်ယူကျင့်ကြံ အားထုတ်ပြီးလျှင် စတုပါရိသုဒ္ဓိသီလ၌ တည်၍ အရဟတ္တဖိုလ်သို့ ရောက်အောင် ကောင်းစွာ သိအပ် ကျင့်အပ်တဲ့ ထိုသုသိက္ခိတ အနာဂါရိကဝိနည်းကို လောကီလောကုတ္တရာနှစ်ဖြာသော ချမ်းသာသုခကိုရခြင်းရဲ့အကြောင်း ဖြစ်လို့ ကောင်းမြတ်တဲ့ မင်္ဂလာလို့ ခေါ်ပါတယ်။

**ဂိဟိဝိနယ=လူ့ကျင့်ဝတ်၊ လူ့ဝိနည်း**

(၁) ဂိဟိဝိနယံ သိင်္ဂါလသုတ္တံ ကထေဿာမိ။ (ဒီ၊ ၃၊ ဋ္ဌ။၁၂၅)

(၂) ဂိဟိဝိနယော နာမာယံ သုတ္တန္တော။ (ဒီ၊ ၃၊ ဋ္ဌ။၁၄၁)

www.burmeseclassic.com

www.burmeseclassic.com



(၁) လူအများလိုက်နာက်ကျင့်ကြံရေးအတွက် ဆိုဆုံးမထားတဲ့ ဝိနည်းကို သိင်္ဂါလသုတ်မှာ ဘုရားရှင် ဟောကြားတော်မူပါတယ်။

(၂) ဤသိင်္ဂါလသုတ်ဟာ လူတို့ကို ဆုံးမရာ ဆုံးမကြောင်းဖြစ်တဲ့ ဝိနည်းမည်ပါတယ်။

ယံကိဉ္စိ ဂိဟိကတ္တဗ္ဗံ ကမ္မံ နာမ၊ တံ အကထိတံ နတ္ထိ။

(ဒီ၊ ၅၊ ၃။၁၄၁)

ယံကိဉ္စိ၊ အလုံးစုံသော။ ဂိဟိကတ္တဗ္ဗံ၊ လူတို့သည် ပြုလုပ်အပ်သော။ ကမ္မံ နာမ၊ အမှုကိစ္စမည်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုလူတို့သည် ပြုလုပ်အပ်သော အလုံးစုံသော အမှုကိစ္စဟူသမျှကို။ အကထိတံ၊ မဟောအပ်သည်။ နတ္ထိ၊ မရှိ။ ယံကိဉ္စိ၊ အလုံးစုံသော အမှုကိစ္စဟူသမျှကို။ ကထိတမေဝ၊ ဤသိင်္ဂါလသုတ်၌ ဟောတော်မူအပ်သည်သာလျှင်တည်း။

လူတို့နဲ့ သက်ဆိုင်တဲ့ ပြုလုပ်စရာကိစ္စဟူသမျှကို "ဘာလေးဖြင့်လိုပါသေးတယ်"လို့ ပြောစရာမရှိအောင် ဟောတော်မူထားတဲ့ သုတ္တန်ဖြစ်ပါတယ်။

ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနဿ ဝုဍ္ဎိယေဝ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

(ဒီ၊ ၅၊ ၃။ ၁၄၁)

ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ဂိဟိစာရိတ္တံ၊ လူတို့၏အကျင့်ကို။ အနုသိဋ္ဌံ၊ ဆုံးမတော်မူအပ်၏။ တထာ၊ ထိုသို့မြတ်စွာဘုရားသည် ဆုံးမတော်မူအပ်သော အခြင်းအရာအားဖြင့်။ ပဋိပဇ္ဇမာနဿ၊ ကျင့်ကြံလိုက်နာသော လူအပေါင်းအား။ ဝုဍ္ဎိယေဝ၊ ပစ္စုပ္ပန် တမလွန် နှစ်တန်သော အကျိုးစီးပွား မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော အကျိုးစီးပွားတို့ဖြင့် ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ် ပျက်စီးခြင်းကို။ နော ပါဋိကင်္ခါ၊ အလိုမရှိအပ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရှင်ဟာ လူအများ ကျင့်ကြံအားထုတ်ထိုက်တဲ့ တရား အားလုံးကို ဟောကြား ဆုံးမတော်မူခဲ့ပါတယ်။ ထိုဟောကြား ဆုံးမ တော်မူတဲ့အတိုင်း လိုက်နာကျင့်ကြံ အားထုတ်မယ်ဆိုရင် ပစ္စုပ္ပန် တမလွန် နှစ်တန်သော အကျိုးစီးပွား၊ မဂ် ဖိုလ် နိဗ္ဗာန် အကျိုးစီးပွား များဟာ တစ်နေ့ တခြား တိုးတက်လာမှာ ဖြစ်ပါတယ်။ ဘယ်အခါမှ ဆုတ်ယုတ်ခြင်း မရှိနိုင်ပါဘူး။

သတ္ထာရာ အနုသိဋ္ဌံ ဂိဟိစာရိတ္တံ။ (ဒီ၊ ၃၊ ၃။၁၄၆)

မြတ်စွာဘုရားရှင်ဟာ လူတို့ရဲ့ ကျင့်ဝတ်ကို ယဉ်ကျေးအောင် ဆုံးမတော်မူခဲ့ပါတယ်။

**သားသမီးက မိဘအပေါ် ပြုကျင့်ရမည့် ဝတ္တ(၅)ပါး**

(၁) ဘတော နေသံ ဘရိဿာမိ။

ငါတို့ကို မိဘတို့က ပြုစုလုပ်ကျွေးခဲ့ပြီ၊ ငါတို့က တစ်ဖန် ပြန်၍ ပြုစုလုပ်ကျွေးရမယ်။ရေချိုးပေးခြင်း၊ စားသောက် ဖွယ်ရာ အဖြာဖြာတို့ကို ပေးခြင်း၊ အဝတ်အစားများကို ပေးခြင်း-စသည်ဖြင့် မိမိစွမ်းအား ရှိသလောက် ပြုစုလုပ်ကျွေး ကြရပါမယ်။

(၂) ကိစ္စံ နေသံ ကရိဿာမိ။

မိမိတို့ရဲ့ အလုပ်ကိစ္စကို ထားပြီး မိဘနှစ်ပါးတို့ရဲ့ အလုပ် ကိစ္စ ဟူသမျှကို ပြုလုပ်ပေးရမယ်။

(၃) ကုလဝံသံ ဌပေဿာမိ။

မိဘ၊ ဘိုးဘွားတို့ ပိုင်ဆိုင်တဲ့ လယ်၊ ယာ၊ ကိုင်းကျွန်း၊ ရွှေ ငွေ၊ စိန်၊ ကျောက်၊ ပတ္တမြား၊ အိမ်ထောင်ပရိဘောဂ စသည်တို့ကို မပျက်စီးရအောင် ထိန်းသိမ်း စောင့်ရှောက်၍ မိဘတို့ အစဉ်အလာ ပြုလုပ်သွားကြတဲ့ ကျောင်း သင်္ကန်း၊ ဆွမ်း၊ ဆေး စတဲ့ လှူဒါန်းမှု အစုစုတို့ကိုလဲ အစဉ်အလာ မပျက် ပြုလုပ်လှူဒါန်း သွားကြရမယ်။

www.burmeseclassic.com

www.burmeseclassic.com



(၄) ဒါယဇ္ဇံ ပဋိပဇ္ဇာမိ။

မိဘတို့ရဲ့ အမွေကို ခံယူထိုက်အောင် မိဘတို့ရဲ့ အဆုံးအမ ဩဝါဒအတိုင်း လိုက်နာ ဆောင်ရွက်ကြရမယ်။

(၅) ပေတာနံ ကာလင်္ကတာနံ ဒက္ခိဏံ အနုပဒဿာမိ။

မိဘတို့ ကွယ်လွန်သွားကြတဲ့အခါ မိဘတို့အား ရည်စူး၍ အမျှပေးဝေရန်အတွက် ကုသိုလ် ကောင်းမှု အစုစုတို့ကို ပြုလုပ်ပေးကြရမယ်။

**မိဘက သားသမီးအပေါ် ပြုကျင့်ရမည့် ဝတ်(၅)ပါး**

**(၁) ပါပါ နိဝါရေန္တိ။**

အကုသိုလ်စု၊ မကောင်းမှုများကို ပြုလုပ်ခြင်းမှ တားမြစ်ပေးရမယ်၊ အကယ်၍ အကုသိုလ်စု မကောင်းမှုတို့ကို ပြုလုပ်လွန်ကျူးသည်ကို တွေ့မြင်ပါက ကဲ့ရဲ့ရှုတ်ချ အပြစ် ပြ၍ နောင်မပြုလုပ်အောင် ဆိုဆုံးမ ပေးရမယ်။

**(၂) ကလျာဏေ နိဝေသေန္တိ။**

ကုသိုလ်အစု မြတ်ကောင်းမှုတို့ကို ပြုလုပ်အောင် တိုက်တွန်းပေးရမယ်၊ အကယ်၍ မပြုလုပ်ချင်ရင်လဲ ပြုလုပ်ချင်လာအောင် အထပ်ထပ် နှိုးဆော်တိုက်တွန်းပြီး စေတနာပေါ်လာအောင် ပြောဆိုပြုလုပ်ပေးရမယ်။

**(၃) သိပ္ပံ သိက္ခာပေန္တိ။**

အတတ်ပညာကို သင်ကြားပေးရမယ်၊ အတတ် ပညာကို သင်ကြားပေးရာမှာ အကုသိုလ် အပြစ်ကင်းပြီး သန့်ရှင်း စင်ကြယ်ပဲ အတတ်ပညာကိုသာ သင်ကြားပေးရမယ်။

www.burmeseclassic.com

www.burmeseclassic.com



(၄) ပတိရူပေန ဒါရေန သံယောဇေန္တိ ။

မိမိရဲ့သားသမီးကို သင့်တော်တဲ့ သူနဲ့ လက်ထပ် ထိမ်းမြား ဆောင်နှင်းပေးရမယ်။

(၅) သမယေ ဒါယဇ္ဇံ နိယျာဒေန္တိ။

သင့်တော် လျောက်ပတ်၍ ပေးသင့်တဲ့အခါမှာသော် လည်းကောင်း၊ အရွယ်ရောက်လို့ အာဝါဟ-ဝိဝါဟ မင်္ဂလာ ပြုလုပ်တဲ့အခါမှာသော် လည်းကောင်း သားသမီးတွေကို ပစ္စည်းဥစ္စာအမွေများကို ခွဲဝေပေးရမယ်။

## တပည့်က ဆရာ့အပေါ် ပြုကျင့်ရမည့် ဝတ်(၅)ပါး

(၁) **ဥဋ္ဌာနေန**။ အဝေးမှ ဆရာလာနေသည်ကို မြင်လျှင် နေရာမှ ထ၍ ခရီးဦးကြိုဆိုခြင်း၊ လက်မှ ပါလာတဲ့ ပစ္စည်းဝတ္ထုကို ကူ၍ သယ်ယူပေးခြင်း၊ နေရာပေးခြင်း စသည် တို့ကို ပြုလုပ် ပေးရမယ်။

(၂) **ဥပဋ္ဌာနေန**။ တစ်နေ့ကို သုံးကြိမ်၊ ဆရာထံပါးသို့ သွားရောက်၍ ပြုစုလုပ်ကျွေးရန် ချဉ်းကပ်ရမယ်။

(၃) **သုဿူသာယ**။ ယုံကြည်လေးစား ရိုသေသော စိတ်ထားနဲ့ ဆရာ့စကားကို နားထောင်ရမယ်။

(၄) **ပါရိစရိယာယ**။ ခရီးဦးကြိုဆိုခြင်း စသည်မှ ကြွင်းသော သေးငယ်တဲ့ ဆရာရဲ့ အမှုကိစ္စဟူသမျှကို ဆောင်ရွက်ပေး ရမယ်။

(၅) **သက္ကစ္စံ သိပ္ပပဋိဂ္ဂဟနေန**။ အတတ်ပညာကို ရိုသေ လေးစားစွာ သင်ယူရမယ်၊ ယုံကြည်လေးစားခြင်း၊ ရိုသေ လိုက်နာခြင်းရှိမှသာလျှင် သင်ယူမယ့် အတတ်ပညာဟာ ဤမည်သော ဂုဏ်ထူး၊ ဝိသေသကို ဧကန် မုချရလိမ့်မည်ဟု နှလုံးသွင်း၍ သင်ယူရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာက တပည့်အပေါ် ပြုကျင့်ရမည့် ဝတ်(၅)ပါး

(၁) သုဝိနီတံ ဝိနေန္တိ ။ ကောင်းစွာဆုံးမအပ် ဆုံးမသင့် ဆုံးမထိုက်တဲ့ အရာကို ဆုံးမရမယ်၊ သင်ပေးရမယ်၊ ဒီလိုနေ၊ ဒီလိုသွား၊ ဒီမိတ်ဆွေကောင်းနဲ့ပေါင်း၊ ဒီ မိတ်ဆွေယုတ်နဲ့ မပေါင်းနှင့်၊ မမှီဝဲနှင့်၊ အတူမနေနှင့်-စသည်ဖြင့် နေပုံ ထိုင်ပုံ စားသောက်ပုံ အပေါင်းအသင်းထားပုံ၊ ပြောပုံ ဆိုပုံကစပြီး အစစအရာရာ ယဉ်ကျေး လိမ္မာ သိမ်မွေ့လာအောင် သင်ပြပေးရမယ်။

(၂) သုဂ္ဂဟိတံ ဂါဟာပေန္တိ။

ကောင်းစွာသင်ယူထားရမယ့် စာပေကျမ်းဂန်များကို သင်ယူစေရမယ်၊ သင်ပေးရမယ်၊ ထိုထိုစာပေကျမ်းဂန်များစွာတို့နှင့် ညှိနှိုင်း၍ အာဂမ၊ သဘာဝ အမှား မရှိရအောင် ကျကျနန သုတ်သင် ရှင်းလင်းပြီး သင်ပေးရမယ်။ စာပေကျမ်းဂန်မနိုင်လျှင် ဆရာလုပ်၍ မဖြစ်၊ သင်မပေးလျှင် ဆရာတာဝန်မကျေ။

(၃) သဗ္ဗသိပ္ပသုတံ သမက္ခာယိနော ဘဝန္တိ။

အလုံးစုံ သင်အပ်၊ သင်ထိုက်တဲ့ အတတ်ပညာများကို ကောင်းစွာ ပြောကြားလျက် ညွှန်ကြားပေးရမယ်၊ စာသင်ရာမှာ ဘယ်ကျမ်းစာကို သင်ပြီးလျှင် ဘယ်ကျမ်းစာကို သင်ရမယ် စသည်ဖြင့် လမ်းညွှန်ပေးရမယ်။

(၄) မိတ္တာမစ္စေသု ပဋိယာဒေန္တိ။

မိမိရဲ့ အဆွေခင်ပွန်း၊ မိတ်ဆွေသင်္ဂဟများကို ပြောကြားပေးထားရမယ်၊ မိမိရဲ့ အဆွေခင်ပွန်း၊ မိတ်ဆွေ သင်္ဂဟများကို မိမိတပည့်နဲ့ ဆက်သွယ်ပေးထား ရမယ်လို့ ဆိုလိုပါတယ်။ "ဤသူဟာ ငါရဲ့တပည့်၊ လိမ္မာပါတယ်၊ အကြားအမြင် ဗဟုသုတနဲ့လဲ ပြည့်စုံပါတယ်၊ ဒီတပည့်ကို ငါ့လိုပဲ သဘော

www.burmeseclassic.com

www.burmeseclassic.com



ထားပါ" ဤကဲ့သို့ တပည့်ရဲ့ ဂုဏ်သိက္ခာကို အဆွေခင်ပွန်း မိတ်ဆွေသင်္ဂဟတို့အား ပြောပြပြီး အဆွေ ခင်ပွန်း မိတ်ဆွေ သင်္ဂဟများထံ အပ်နှံဆက်သွယ် ပေးထားရမယ်။

(၅) ဒိသာသု ပရိတ္တာဏံ ကရောန္တိ။

နေရာတိုင်းမှာ တပည့်ကို ဘေးရန်မရောက်အောင် စောင့်ရှောက်ပေးရမယ်။

(၁) အတွင်းဘေးရန်=စားဝတ်နေရေး မပြည့်စုံခြင်းများ ဖြစ်တယ်။

(၂) အပြင်ဘေးရန်=သူခိုး၊ ဓားပြ၊ လူဆိုး သူဆိုး၊ ဘီးလူးသဘက် စသည်များ ဖြစ်တယ်။

မှတ်ချက်။ အသက်မွေးဝမ်းကြောင်း အတတ်ပညာကိုသင်၊ အတတ်ပညာဖြင့် ပစ္စည်းရှာ၊ ပစ္စည်းရှာတော့ လာဘ် ပူဇော်သက္ကာရ ပစ္စည်းဥစ္စာတွေရ၊ ပစ္စည်းဥစ္စာရတော့ စားဝတ်နေရေး ပြည့်စုံ၊ စားဝတ်နေရေး ပြည့်စုံတော့ အတွင်းဘေးရန် အန္တရာယ်တွေ ငြိမ်းပါတယ်။

ခင်ပွန်းက ဇနီးအပေါ် ပြုကျင့်ရမည့် ဝတ် (၅)ပါး

(၁) သမ္မာနနာယ။ အမျိုးသားက အမျိုးသမီးကို ချီးမွမ်းတဲ့ စကားကို ပြောဆိုရမယ်၊ ချစ်ခင်နှစ်သက်ဖွယ်စကားကို ပြောဆိုပြီး ရိုင်းစိုင်းတဲ့ အပြောအဆိုကို ရှောင်ကြဉ်ရမယ်၊ ယဉ်ကျေးသိမ်မွေ့စွာ ခေါ်ဝေါ်ပြောဆိုရမယ်။

(၂) အနဝမာနနာယ။ မရိုမသေ မလေးမစား မဆက်ဆံဘဲ ယုတ်ညံ့ပြီး ကြမ်းတမ်းရိုင်းပြတဲ့ စကားမျိုးကို မပြောဆိုရပါ။

(၃) အနတိစရိယာယ။ မိမိရဲ့အမျိုးသမီးမှတပါး အခြားအမျိုးသမီးနှင့်လွန်ကျူးခြင်း မိစ္ဆာစာရအကျင့်ကို မပြုကျင့်ရပါ။ (ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်ကို မလွန်ကျူးရပါ။)

(၄) ဣဿရိယဝေါဿဂ္ဂေန။ အိမ်တွင်းမှု ကိစ္စအဝဝမှာ အစိုးတရ စီရင်ပိုင်ဆိုင်ခွင့်ကို အမျိုးသမီးအား သင့်သဘောကျ ပြုလုပ်နိုင်တယ်ဟု လွှဲအပ်ထားရမယ်။ ပစ္စည်းဥစ္စာအားလုံးကို အပ်လွှဲရမှာ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်နဲ့ သက်ဆိုင်တဲ့ ကိစ္စအဝဝကို လွှဲအပ်ရမယ်။ မီးဖိုချောင်နဲ့ ပတ်သတ်တဲ့ ကိစ္စအဝဝကို အပ်လွှဲလိုက်လျှင် အိမ်ထောင်မှုကိစ္စအဝဝကိုလဲ လွှဲအပ်ပြီးသား ဖြစ်ပါတယ်။

(၅) အလင်္ကာရာနုပ္ပဒါနေန။ မိမိမှာရှိတဲ့ ပစ္စည်းဥစ္စာနဲ့ လျော်ညီ စွာ သင့်တော်ထိုက်တန်တဲ့ အဝတ်တန်ဆာများကို ဆင်မြန်းပေးရမယ်။

ဇနီးက ခင်ပွန်းအပေါ် ပြုကျင့်ရမည့် ဝတ် (၅)ပါး

(၁) သုသံဝိဟိတကမ္မန္တာ ဟောတိ။

အမှုကိစ္စကြီးငယ်ဟူသမျှကို ကောင်းစွာ စီမံဆောင်ရွက်ရမယ်၊ ထမင်းဟင်းချက်ချိန် စသည်တို့မှာ သူ့အချိန်နှင့်သူ အချိန်ကို မကုန်လွန်စေဘဲ ပြုလုပ်ခြင်းကို ကောင်းစွာစီမံတယ်လို့ ခေါ်ဆိုပါတယ်။

(၂) သင်္ဂဟိတပရိဇနာ စ။

အမျိုးသားရဲ့ဆွေမျိုး ဉာတိသင်္ဂဟနဲ့ မိမိရဲ့ဆွေမျိုး ဉာတိသင်္ဂဟ ပရိသတ်တွေကို ချီးမြှောက်ထောက်ပံ့ပေးရမယ်၊ ပစ္စည်း ဥစ္စာနဲ့ချည်း ပေးကမ်းထောက်ပံ့ချီးမြှောက်ရမယ်လို့ မဆိုလိုပါ။ ချစ်ခင် နှစ်သက်ဖွယ် စကားကို ပြောဆိုသုံးစွဲခြင်းဖြင့် ချီးမြှောက်ခြင်း၊ ရှိင်းစိုင်းတဲ့ ခေါ်ဝေါ် ပြောဆိုခြင်းမျိုးဖြင့် မခေါ်ဝေါ် မပြောဆိုမူ၍ ယဉ်ကျေး သိမ်မွေ့တဲ့စကားဖြင့် ခေါ်ဝေါ်ပြောဆို ချီးမြှောက်ခြင်း၊ စားသောက်ဖွယ် စသည်များကို သင့်တော်သလို ပေးကမ်းခြင်းများနဲ့ ချီးမြှောက်ရမယ်၊ လက်ဆောင်ပစ္စည်း ပေးကမ်းခြင်းနဲ့လဲ ချီးမြှောက်ရမယ်။

(၃) အနတိစာရိနီ စ။

မိမိရဲ့အမျိုးသားမှတပါး အခြားအမျိုးသားနှင့် လွန်ကျူးခြင်း မိစ္ဆာစာရအကျင့်မျိုးကို ပြုကျင့်ဖို့ မဆိုထားနဲ့၊ စိတ်လေးနဲ့သော်မျှ မရောက် စေရ။ (ကာယကံမှု မနောကံမှု နှစ်ပါးလုံး ရှောင်ရမယ်။)

(၄) သမ္ဘတံ စ အနုရက္ခတိ။

အမျိုးသားက လယ်ယာလုပ်ငန်းလုပ်ကိုင်ခြင်း၊ ကုန်သွယ် ရောင်းဝယ်ခြင်း စတဲ့ အလုပ်တွေကိုလုပ်ကိုင်ပြီး ရလာတဲ့ ပစ္စည်း ဥစ္စာတို့ကို

www.burmeseclassic.com

www.burmeseclassic.com



မပျောက်ပျက် မလေလွင့်ရအောင် ကောင်းစွာ သိမ်းဆည်း စုဆောင်းထားရမယ်၊ ပစ္စည်းရှာရမယ့်တာဝန်က အမျိုးသားရဲ့ တာဝန်ဖြစ်တယ်။ ရရှိလာတဲ့ပစ္စည်းကို သိမ်းဆည်းထားရမယ့် တာဝန်က အမျိုးသမီးရဲ့ တာဝန်ဖြစ်ပါတယ်။

(၅) ဒက္ခာ စ ဟောတိ အနလသာ သဗ္ဗကိစ္စေသု။

လုံးစုံကိစ္စအဝဝတို့မှာ လိမ္မာကျွမ်းကျင်ရမယ်၊ မပျင်းရိ ရဘူး၊ ချက်ပြုတ်မှုကိစ္စ အဝဝတို့မှာလဲ လိမ္မာ ကျွမ်းကျင်နားလည်ထားရမယ်၊ ထို့ပြင် အမျိုးသားရဲ့ကိစ္စ၊ သားသမီးကိစ္စ၊ ယောက္ခမကိစ္စ စတဲ့ အိမ်တွင်းကိစ္စ ဟူသမျှတို့ကိုလဲ ပြီးမြောက်အောင် လုပ်ဆောင်ပေးရမယ်။

**မိတ်ဆွေတို့ ပြုကျင့်ရမည့် ဝတ် (၅)ပါး**

(၁) ဒါနေန။ ပေးကမ်းချီးမြှောက်သင့်တဲ့ မိတ်ဆွေသင်္ဂဟတို့ကို ပေးကမ်း ချီးမြှောက်ရမယ်၊ ချီးမြှောက်ရာ၌ ရဟန်းတော်တို့အား ရဟန်းတော်တို့နှင့် သင့်တော်တဲ့ အသုံးအဆောင်၊ လူတို့အား လူတို့နှင့် သင့်တော်တဲ့ အသုံးအဆောင် စသည်တို့ကို ပေးကမ်းစွန့်ကြဲ လှူဒါန်းရမယ်။

(၂) ပိယဝစ္ဆေန။ ချီးမြှောက်သင့်တဲ့ မိတ်ဆွေသင်္ဂဟတို့ကို ပိယဝါစာ ချစ်ခင်နှစ်သက်ဖွယ်သော စကားကိုပဲ ပြောဆို ချီးမြှောက်ရမယ်။

(၃) အတ္ထစရိယာယ။ ချီးမြှောက်တဲ့မိတ်ဆွေသင်္ဂဟတို့ကို စီးပွားရေးနှင့်စပ်တဲ့ အကြံဉာဏ်ပေးစကားပြောဆိုခြင်း၊ ကူညီဆောင်ရွက်ပေးခြင်းများနဲ့ ချီးမြှောက်ရမယ်။

(၄) သမာနတ္တတာယ။ ချီးမြှောက်သင့်တဲ့ မိတ်ဆွေသင်္ဂဟ တို့ကို မိမိနှင့် ချမ်းသာအတူ၊ ဆင်းရဲအတူ၊ နေအတူ၊ စားအတူ ပြုလုပ်ခြင်းဖြင့် ချီးမြှောက်ရမယ်။

(၅) , အဝိသံဝါဒနတာယ။ မိမိရဲ့အိမ်သို့မိတ်ဆွေသင်္ဂဟများက ငှားရမ်းတောင်းခံလာခဲ့ပါလျှင် သူအလိုရှိတဲ့ပစ္စည်းဝတ္ထုကို ရှိပါလျက်နှင့် မရှိဘူးဟု မပြောဆိုဘဲ သင့်တော်သလို ပေးလိုက် ငှားလိုက်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



## မိတ်ဆွေက ကျေးဇူးတုန့်ပြန်၍ ပြုကျင့်ရမည့် ဝတ်(၅)ပါး

(၁) ပမတ္တံ ရက္ခန္တိ။

မေ့မူးနေတဲ့ မိတ်ဆွေသင်္ဂဟကို ကျေးဇူး တုန့်ပြန်သော အားဖြင့် စောင့်ရှောက်ရမယ်၊ သေရည် သေရက် စသည်ကို သောက်စားပြီး မူးလဲနေသည်ကို တွေ့လျှင် "အဝတ်ပုဆိုး စသည်ကို သူတစ်ပါး ယူသွားလိမ့်မယ်"ဟု နှလုံးသွင်းလျက် မူးလဲနေတဲ့ မိတ်ဆွေသင်္ဂဟရဲ့ အနီးအနားမှာ ထိုင်ပြီး မိတ်ဆွေသင်္ဂဟ နိုးလာတဲ့အခါ ခေါ်သွားရမယ်၊ ဒါဟာ မိတ်ဆွေသင်္ဂဟရဲ့ အိမ်ပြင်ရှိ ပစ္စည်း ဥစ္စာကို စောင့်ရှောက်ခြင်း မည်ပါတယ်။

(၂) ပမတ္တဿ သာပတေယျံ ရက္ခန္တိ။

မေ့မူးနေတဲ့ မိတ်ဆွေ သင်္ဂဟရဲ့ ပစ္စည်းဥစ္စာကို စောင့်ရှောက်ရမယ်၊ မိတ်ဆွေသင်္ဂဟသည် အစောင့်အရှောက်ကင်းလျက် အိမ်အတွင်း တစ်နေရာရာမှာ မေ့မူး၍ နေခဲ့ပါက "မသမာတဲ့သူတို့ ဤအိမ်အတွင်းရှိတဲ့ ပစ္စည်းဥစ္စာကို ယူသွား လိမ့်မယ်" ဟု နှလုံးသွင်းလျက် အိမ်တွင်းသို့ဝင်ကာ မိတ်ဆွေသင်္ဂဟ အိမ်ကို စောင့်ရှောက်ရမယ်။ အိမ်တွင်းပစ္စည်းဥစ္စာကို စောင့်ရှောက်ခြင်း မည်ပါတယ်။

(၃) ဘီတဿ သရဏံ ဟောတိ။

ကြောက်ရွံ့နေတဲ့ မိတ်ဆွေ သင်္ဂဟရဲ့ ကိုးကွယ် အားထားရာ ဖြစ်ရမယ်၊ အကူအညီပေးရမယ်၊ မိမိရဲ့မိတ်ဆွေသင်္ဂဟအထံမှာ တစ်စုံတစ်ရာ ဘေးရန်အန္တရာယ် တွေ့ကြုံနေခဲ့လျှင် အားပေးရမယ်၊ မကြောက်ပါနှင့် မိတ်ဆွေ၊ ကျွန်ုပ်ရှိသားဘဲ၊ ကြောက်စရာမလိုပါဘူး" စသည်ဖြင့် ပြောဆို၍ ထိုဖြစ်ပေါ်နေတဲ့ ဘေးအန္တရာယ်ကို တားမြစ် စောင့်ရှောက် ကာကွယ်ပေးရမယ်။

(၄) အာပဒါသု န ဝိဇဟန္တိ။

မိမိရဲ့ မိတ်ဆွေသင်္ဂဟမှာ ဘေးရန် အန္တရာယ် တွေ့ကြုံနေပါက ဘေးရန်အန္တရာယ်ကြောင့် မိတ်ဆွေ သင်္ဂဟကို စွန့်ပစ်၍ မသွားရ

www.burmeseclassic.com

www.burmeseclassic.com



ထွက်မပြေးရ ဆင်းရဲချမ်းသာအတူ မှုမပျက်ဘဲ ကြံ့ကြံ့ခံနိုင်တဲ့ စွမ်းရည်သတ္တိနဲ့ ကူညီပေးရမယ်။

(၅) အပရပဇာစဿ ပဋိပူဇေန္တိ။

မိမိရဲ့မိတ်ဆွေသင်္ဂဟ တစ်ဦးတစ်ယောက်ကိုသာ ကျေးဇူးတုန့်ဆပ်ရမည် မဟုတ်သေး၊ မိမိရဲ့ သူငယ်ချင်း မိတ်ဆွေသင်္ဂဟများရဲ့ သားသမီး မြေးမြစ် အဆက်ဆက်ကိုလဲ ကျေးဇူးတုန့်ဆပ် ပူဇော်ပေးရမယ်။

**မှတ်ချက်။** ရှိခိုးဦးချပြီး ပူဇော်ရမည်မဟုတ်၊ မိတ်ဆွေသင်္ဂဟများရဲ့ သားသမီး၊ မြေး၊ မြစ် အဆက်ဆက်ကို ဆက်ဆံရေး မပျက်စေဘဲ ဆက်ဆံမြဲတိုင်း ဆက်ဆံရမယ်၊ ပေါင်းသင်းရမယ်၊ ချစ်ကြတ်နိုးရမယ်၊ လေးစားရမယ်။ (ပြုလုပ်ပေးရမယ့် ဝတ္တရား များကို ပြုလုပ်ပေးနေခြင်းသည်ပင် ပူဇော်တာ ဖြစ်ပါတယ်။)

**အလုပ်ရှင်က လုပ်သားများအပေါ် ပြုကျင့်မည့် ဝတ်(၅)ပါး**

(၁) ယထာဗလံ ကမ္မန္တသံဝိဓာနေန။

လုပ်သားများရဲ့ ခွန်အားဗလကို ကြည့်ပြီး သင့်တော်သလို ထိုထိုအမှုကိစ္စဟူသမျှကို စေခိုင်းရမယ်၊ လူငယ်နဲ့ သင့်တော်တဲ့ အလုပ်ကို လူငယ်၊ လူကြီးနဲ့ သင့်တော်တဲ့ အလုပ်ကို လူကြီး၊ အမျိုးသမီးနဲ့ သင့်တော်တဲ့ အလုပ်ကို အမျိုးသမီး၊ အမျိုးသားနဲ့ သင့်တော်တဲ့ အလုပ်ကို အမျိုးသား စသည်ဖြင့် တာဝန်ပေးအပ်ပြီး သူနေရာနှင့်သူ အံဝင်ဂွင်ကျ အချိုးကျအောင် ခိုင်းတက်ရမယ်။

(၂) ဘတ္တဝေတနာနုပ္ပဒါနေန။

မိမိနှင့်အတူနေပုဂ္ဂိုလ်ဖြစ်လျှင် ထိုထိုအလုပ်ကိစ္စ အားလျော်စွာ ထမင်းရိက္ခာကို ပေးရမယ်၊ အတူနေ မဟုတ်တဲ့သူ စသည် ဖြစ်လျှင် ထိုထိုအမှုကိစ္စဟူသမျှတို့ကို အလုပ်အကိုင် အားလျော်စွာ ကြည့်ပြီး ထမင်းပေးသင့်က ထမင်း၊ မျိုးရိက္ခာ ပေးသင့်က မျိုးရိက္ခာကို ပေးရမယ်။

www.burmeseclassic.com

www.burmeseclassic.com



(၃) ဂိလာနုပဋ္ဌာနေန။

မကျန်းမာတဲ့ လုပ်သားများကို လုပ်ကျွေးသမှု ကောင်းစွာ ပြုစုပေးရမယ်၊ အလုပ်ကို ဆက်လက် မခိုင်းဘဲ အနားပေးရမယ်။ သင့်တော်တဲ့ ဆေးဝါး၊ ဓာတ်စာ၊ အာဟာရ၊ အိပ်ရာ၊ နေရာ စသည်တို့ကို ပေး၍ လုပ်ကျွေးသမှု ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုရမယ်။

(၄) အစ္ဆရိယာနံ ရသာနံ သံဝိဘာဂေန။

အံ့သြဖွယ်ရာ ဖြစ်တဲ့ ချိုမြိန်ကောင်းမြတ်ပြီး အရသာ ရှိတဲ့ အစားအစာများကို မိမိချည်းသာ မစားမူ၍ လုပ်သားများအတွက် မိမိနည်းတူ ခွဲဝေပေးရမယ်။

(၅) သမယေ ဝေါဿဂ္ဂေန။

အမြဲမပြတ်သော် လည်းကောင်း၊ (သို့မဟုတ်) သင့်တော်တဲ့အခါမှာသော် လည်းကောင်း လုပ်သားများအား အဝတ် အစား ပစ္စည်း ဉစ္စာ ခဲဖွယ် ဘောဇဉ် စသည်များကို ပေးကမ်းရမယ်၊ လုပ်သားများ တစ်နေ့လုံး နေကုန်နေခမ်း အလုပ်လုပ်ကြရလျှင် ပင်ပန်း ဆင်းရဲကြရှာမယ်၊ မပင်ပန်း မဆင်းရဲရလေအောင် အချိန်ကို ကြည့်ပြီး အချိန်ကုန် အလုပ် မခိုင်းဘဲ အနားယူစေပြီး အစားအစာများကို ပေးရ ကျွေးရမယ်၊ ပျော်ရွှင်မှု အစဉ် ပွဲလမ်းသဘင်များ ကြည့်ရှုအပမ်းဖြေဖို့ သင့်တော်တဲ့ အချိန်အခါမှာ စေလွှတ်ပေးရမယ်။ ခွင့်ပြုပေးရမယ်။

## လုပ်သားက အလုပ်ရှင်အပေါ် ပြုကျင့်ရမည့် ဝတ်(၅)ပါး

(၁) ပုဗ္ဗုဋ္ဌာယိနော စ ဟောန္တိ။

ပိုင်ရှင်ထက် အရင် ရှေးဦးစွာ အိပ်ရာမှ ထရမယ်၊ ပိုင်ရှင် ရောက်လာတာကို မြင်လျှင် မြင်ခြင်း ပိုင်ရှင် မထိုင်မီ ရှေးဦးစွာ မိမိတို့ ထိုင်နေရာမှ အမြန်ထပေးရမယ်၊ လူကြီး လူကောင်းလာသည်ကို မြင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



အရိုအသေ ဂါရဝဖြစ်အောင် မိမိက ထိုင်မြဲတိုင်း ထိုင်မနေရ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအရ မတ်တတ်ရပ်၍ အရိုအသေ ပေးရမယ်။

(၂) ပစ္ဆာ နိပါတိနော စ။

ပိုင်ရှင်အိပ်ပြီးမှ မိမိက နောက်မှ အိပ်ရမယ်၊ ပိုင်ရှင် ထိုင်ပြီးမှ မိမိက နောက်မှ ထိုင်ရမယ်၊ ပိုင်ရှင်အား ယပ်ခတ်ပေးခြင်းစတဲ့ ကိစ္စအဝဝ တို့ကို ပြုလုပ်ပေးပြီးမှ မိမိက နောက်မှ ထိုင်ရမယ်။

(၃) ဒိန္နာဒါယိနော စ။

ပိုင်ရှင် ပေးတာကိုပဲ ယူရမယ်၊ မပေးတာကို မယူရ၊ ပိုင်ရှင်ရဲ့ ပစ္စည်းဥစ္စာကို ဘာတစ်ခုမျှ ခိုးမယူရ၊ ပိုင်ရှင်က ကိုယ်နှုတ်နဲ့ ပေးတဲ့ ပစ္စည်းဥစ္စာကိုသာ ယူရမယ်။

(၄) သုကတကမ္မကာရာ စ။

အမှုကိစ္စဟူသမျှကို ကောင်းစွာ ပြုလုပ်ရမယ်၊ အလုပ်ကို ကောင်းကောင်းလုပ်ရမယ်၊ ပိုင်ရှင်က ပစ္စည်းပေးလျှင် ပေးသလို၊ မပေးလျှင် မပေးသလို ပြုလုပ်မှုမျိုးကို ရှောင်ရှားပြီး စိတ်ထားကောင်းကောင်းနဲ့ မိမိရဲ့ ပစ္စည်းလို၊ မိမိရဲ့အလုပ်အကိုင်လို သဘောထားပြီး ပြုလုပ်ပေးရမယ်၊ အတိုချုံး ပြောရလျှင် အလုပ်ကို လေးစားပါ။ ကိုယ့်အလုပ်ကဲ့သို့ သဘောထားပြီး အလုပ်အကိုင်ကို ကောင်းစွာလုပ်ပါလို့ ဆိုလိုပါတယ်။

(၅) ကိတ္တိဝဏ္ဏဟရာစ။

မိမိပိုင်ရှင်ရဲ့ ဂုဏ်ကျေးဇူးကို ဆောင်ရမယ်၊ ပိုင်ရှင်ရဲ့ မကောင်းသတင်းကို မပြောရဘူး၊ ကောင်းသတင်းကိုသာ အခြားသူ များအား ပြောပြရမယ်၊ "ကျွန်တော်ပိုင်ရှင်ဟာ စိတ်ထားကောင်းပြီး လူတိုင်းကို တန်းတူထား ဆက်ဆံပါတယ်၊ သူများရဲ့သဘောကို လိုက်လျောပြီး ဆက်ဆံတဲ့နေရာမှာ အလွန်ကောင်းပါတယ်" စသည်ဖြင့် စကားစပ်မိတိုင်း စပ်မိတိုင်း ပိုင်ရှင်ရဲ့ ဂုဏ် သတင်းကို ဆောင်ရမယ်။ ပြောဆိုရမယ်။

www.burmeseclassic.com

www.burmeseclassic.com



## လိုရင်းတိုရှင်း အကျဉ်းချုပ်

လူပုဂ္ဂိုလ်များ ပြုကျင့်ရမယ့် ဝိနည်းကို အကျဉ်းချုံးလိုက်လျှင် ဒုစရိုက်(၁၀)ပါးရှောင်၊ (၅)ပါးသီလ စတဲ့ သီလကို လုံအောင်ထိန်း၊ သုစရိုက် (၁၀)ပါးကို ပွားများ၊ သိင်္ဂါလသုတ္တန်လာတဲ့အတိုင်း သားသမီးဝတ်(၅)ပါး၊ မိဘဝတ်(၅)ပါး၊ တပည့်ဝတ်(၅)ပါး၊ အမျိုးသားဝတ်(၅)ပါး အမျိုးသမီးဝတ် (၅)ပါး၊ မိတ်ဆွေဝတ် (၅) ပါး၊ အဆွေ ခင်ပွန်းဝတ်(၅)ပါး၊ အရှင်ဝတ်(၅)ပါး၊ လုပ်သားဝတ်(၅)ပါး စတဲ့ ဆိုင်ရာ ဆိုင်ရာ ဝတ္တရားများကို ကျင့်ကြံရမယ်လို့ ဆိုဆုံးမခြင်းဟာ ဂိဟိဝိနယ = လူ့ဝိနည်း မည်ပါတယ်။

**မှတ်ချက်။** လူတိုင်း လူတိုင်း မိမိတို့ရဲ့ တာဝန်အရ မိမိတို့ ထိန်းသိမ်းရမယ့် ဝတ္တရားများကို ဘုရားရှင် အလိုတော်ကျ သိင်္ဂါလသုတ္တန်လာတဲ့အတိုင်း၊ ထိန်းသိမ်း စောင့်ရှောက်သွားကြမယ်ဆိုရင် လောကကြီး တစ်ခုလုံးမှာ ဘယ်အပြစ် ဘယ်ပြဿနာမှ ဖြစ်ပေါ်မလာနိုင်တော့ဘဲ ချမ်းချမ်း သာသာနေထိုင်ကြရမှာ အမှန်ဖြစ်ပါတယ်။

## ရဟန်းတော်များရဲ့ ဝိနည်း

ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ၌ အကျယ်ဝေဖန် ဖွင့်ဆို ထားတဲ့ စတုပါရိသုဒ္ဓိသီလဟာ ရဟန်းတော်များရဲ့ကျင့်ဝတ် ရဟန်းတော် များရဲ့ ဝိနည်း ဖြစ်ပါတယ်။

## စတုပါရိသုဒ္ဓိသီလ (၄) ပါး

### (၁) ပါတိမောက္ခသံဝရသီလ

အကျဉ်းအားဖြင့် (၂၂၇)သွယ် (အကျယ်အားဖြင့် ကုဋေပေါင်းကိုးထောင်တစ်ရာ့ရှစ်ဆယ် ငါးသန်း သုံးသောင်း ခြောက်ထောင်)သောသိက္ခာပုဒ်တော် သီလအကျင့်အမြတ်ဟာ ပါတိမောက္ခ သံဝရသီလမည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၂) ဣန္ဒြိယ သံဝရသီလ

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟု ဆိုအပ်တဲ့ ဣန္ဒြေ(၆)ပါးမှာ ရာဂ၊ ဒေါသ၊ မောဟစတဲ့ အကုသိုလ်တရားများ မဖြစ်ပွား ရအောင် စောင့်ရှောက်ခြင်းဟာ ဣန္ဒြိယသံဝရသီလ မည်ပါတယ်။

## (၃) အာဇီဝပါရိသုဒ္ဓိသီလ

လူတို့ရဲ့ အမှုကြီးငယ် ပြုဖွယ်ကိစ္စဟူသမျှကို ဆောင်ရွက် လုပ်ကိုင်ပေးခြင်း စတဲ့ ဝိနည်း တရားတော်နှင့် မလျော်တဲ့ အပြုအမူတွေနဲ့ ဒါယကာ ဒါယိကာမတွေကို ကြည်ညိုလာအောင် ဆွဲဆောင်ပြီး ပစ္စည်း လေးပါးကို ရှာမှီးသုံးဆောင်ခြင်းမှ ရှောင်ကြဉ်ခြင်းဟာ အာဇီဝပါရိသုဒ္ဓိသီလ မည်ပါတယ်။

## (၄) ပစ္စယသန္နိဿိတသီလ

ကျောင်း သင်္ကန်း ဆွမ်း ဆေး လေးပါးသော ပစ္စည်း တို့ကို သုံးဆောင်တဲ့အခါမှာ ရာဂ၊ ဒေါသ၊ မောဟ စတဲ့ အကုသိုလ် တရားတွေ မဖြစ်ပွားစေအောင် ဉာဏ်ဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်းဟာ ပစ္စယသန္နိဿိတသီလ မည်ပါတယ်။

## ကျင့်ဝတ်ပြည့်မှ မင်္ဂလာဖြစ်

မိမိတို့ရဲ့ဝိနည်းကို မိမိတို့နားလည်ထားတဲ့ သူတို့မှာ ဝိနည်းက "ဘယ်လိုနေ ဘယ်လိုထိုင် ဘယ်လိုသွား ဘယ်လိုစား ဘယ်လို သောက်ရမယ်" စသည်ဖြင့် ညွှန်ကြားထားတဲ့အတိုင်း လိုက်နာကျင့်ကြံခြင်းဟာ ဝိနည်း မည်ပါတယ်။ အပြောအဆို၊ အနေအထိုင်၊ အသွားအလာ အစား အသောက် စသည်တို့ကို အချိုးကျအောင် ပြုပြင်ပေးတတ်တဲ့ စည်းကမ်း များကို ဝိနည်းလို့ ခေါ်ဆိုရပြန်ပါတယ်။

သုသိက္ခိတအရ ကောင်းစွာသင်ခြင်း၊ ကျင့်ခြင်းဟု အနက် နှစ်မျိုး ပြဆိုရာ ဤနေရာမှာ ကျင့်ခြင်းသည်သာ ပဓာန လိုရင်းဖြစ်ပါတယ်။ ဝိနည်းတတ်ပြီး မကျင့်ပြန်လျှင်လည်း မင်္ဂလာ မဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဝိနည်း၊ လူဝိနည်းဟု နှစ်မျိုးရှိရာ အပြစ် အာပတ်သို့ မရောက်အောင် ကျင့်ကြံထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ ရဟန်းတော်များရဲ့ ဝိနည်း ဖြစ် တယ်၊ ဤဝိနည်းကို ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် လောကီသုခ ကောင်းကျိုးချမ်းသာ ဟူသမျှတွေကို ရရှိနိုင်ပါတယ်။

ဤစတုပါရိသုဒ္ဓိသီလကိုပင် ကျင့်ကြံအားထုတ်ပြီး ဝိပဿနာဉာဏ်ဖြင့် အလုပ်လုပ်သွားမယ်ဆိုလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ လောကုတ္တရာ သုခချမ်းသာ ဟူသမျှတို့ကို ရရှိနိုင်လို့ မင်္ဂလာ ဖြစ်ပါတယ်။

ဝိနည်းကို ခုဒ္ဒကပါဌ အဋ္ဌကထာက "အဂါရိကဝိနယော နာမ ဒသအကုသလကမ္မပထ ဝိရမဏံ=အကုသိုလ်ကမ္မပထတရား ဆယ်ပါးမှ ရှောင်ကြဉ်ခြင်းဟာ လူတို့ရဲ့ ဝိနည်း"ဟု ဖွင့်ပြထားပါတယ်။ အကုသိုလ်ကမ္မပထတရားဆယ်ပါးမှ မရှောင်ကြဉ်တဲ့ သူတို့မှာ အခြားသော လူစည်းကမ်းများကိုပါ ချိုးဖောက်တာ ဖြစ်ပါတယ်။ထိုတရားဆယ်ပါးမှ ရှောင်ကြဉ်နိုင်လျှင် အခြားစည်းကမ်းများကိုလည်း လိုက်နာဖို့ရန် မခဲယဉ်းလှတော့ပါ၊ လွယ်လွယ်ကူကူနဲ့ လိုက်နာနိုင်ပါတယ်။

အရင်းခံအစစ်အမှန်ဖြစ်တဲ့ အကုသလကမ္မပထတရား ဆယ်ပါးကိုသာ လူ့ဝိနည်းအဖြစ် ဖွင့်ဆိုခဲ့ခြင်း ဖြစ်တယ်။သိင်္ဂါလသုတ်ကို ဂိဟိဝိနယောနာမာယံ သုတ္တန္တော-ဟု ပါထိကဝဂ္ဂအဋ္ဌကထာမှာ ဖွင့်ဆို ထားလို့ ဤသုတ္တန်ဟာ လူ့ဝိနည်းပြ သုတ္တန်ဖြစ်တယ်လို့ မှတ်သားရမှာ ဖြစ်ပါတယ်။

ထိုသုတ္တန်မှာ လူများရှောင်ကြဉ်ရမယ့် အကျင့်များနဲ့ လိုက်နာပြုလုပ်ရမယ့် စည်းကမ်းများကို ဟောထားပါတယ်။ မိဘနှင့် သားသမီး၊ ဆရာနှင့်တပည့်၊ အမျိုးသမီးနှင့် အမျိုးသား၊ အရှင်နှင့်ကျွန်၊ ဆရာနှင့် ဒကာတို့ ပြုကျင့်လိုက်နာရမယ့် စည်းကမ်းဝတ္တရားများကို အကျယ်ဟောထားပုံများကို ပြဆိုခဲ့ပြီး ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကျင့်ဝတ် စည်းကမ်းများဟာ မပြုမနေ လိုက်နာပြုကျင့်ရမယ့် စည်းကမ်းများပင် ဖြစ်တယ်။ ထိုစကား မှန်ပါတယ်၊ လောက၌ မပြု လုပ်သင့်ဘဲ ရှောင်ကြည်ရမယ့် အရာများကို ပြုလုပ်နေခြင်းဟာ အကုသိုလ်ဖြစ်သလို ပြုလုပ်လိုက်နာရမည့်အရာများကို မပြုလုပ် မလိုက်နာခြင်းဟာလဲ အကုသိုလ်ပင် ဖြစ်ပါတယ်။

ဤကျင့်ဝတ်များဟာ အချင်းချင်း ချစ်ခင်လေးမြတ်စေရန်၊ စည်းလုံး ညီညွတ်၍ သင့်မြတ်စေရန် ဆက်စပ်ပေးတဲ့ အဆက်အစပ်များဖြစ်လို့ ဤကျင့်ဝတ်များ မကျေပွန်တဲ့ လူ့အဖွဲ့အစည်းများမှာ ပြဿနာအမျိုးမျိုး ပေါ်ပေါက်တတ်ပါတယ်။ ကျင့်ဝတ်များကျေပွန်တဲ့ အဖွဲ့အစည်းများမှာ အမြဲတမ်းသာယာအေးချမ်း ပျော်ရွှင်လျက်ရှိကြပြီး ချမ်းသာသုခများ ရရှိကြပါတယ်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မစိုရ်တရားများ လက်ကိုင်ထားကြမယ်ဆိုလျှင် ဤကျင့်ဝတ်များ အလိုလိုပြည့်စုံနေလို့ စည်းကမ်းများ သတ်မှတ်ပေးဖို့ မလိုတော့ပါ၊ ဤဗြဟ္မစိုရ်တရား(၄)ပါးဟာ သောကကင်းဝေး အစဉ်နေနိုင်ရေးတရားများပင် ဖြစ်ပါတယ်။

ထိုမှတစ်ပါး နေပုံ ထိုင်ပုံ ပြောပုံ ဆိုပုံ စားပုံ သောက်ပုံ အချင်းချင်း ဆက်ဆံပေါင်းသင်းပုံ စသည်တို့၌ ရိုင်းစိုင်းမှုမရှိဘဲ ယဉ်ကျေးအောင် လူမျိုးအလိုက် သတ်မှတ်ထားတဲ့ စည်းကမ်းများရှိရာ ထိုစည်းကမ်းများဟာ လူမျိုးတိုင်းရဲ့ ဝိနည်းများပင် ဖြစ်ပါတယ်။

ပြည်သူ့ကျင့်ဝတ်ခေါ် တစ်တိုင်းပြည်လုံးနှင့် သက်ဆိုင်တဲ့ အရာများနှင့် ရှောင်ရှားရမည့် လိုက်နာရမည့် စည်းကမ်းများရှိရာ ထိုစည်းကမ်းများကိုလည်း ဝိနည်းဟုပင် ခေါ်ဆိုရပါတယ်။

ဝိနည်းကျင့်ဝတ်စည်းကမ်းကို နားလည်၍ လိုက်နာကျင့်ကြံတဲ့ သူတို့မှာ ပညာရှိသူတော်ကောင်းတို့ရဲ့အမြင်မှာ ယဉ်ကျေးသိမ်မွေ့ လျက်ရှိပြီး ဝတ်စားတန်ဆာ ဆင်ယင်ထုံးဖွဲ့မှုကို အချိုးကျ ပြင်ဆင် ထားသကဲ့သို့ ရှုချင်စဖွယ် တင့်တယ်လှပလို့ နေပါတယ်။ ဝိနည်း ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



နားမလည်၊ နားလည်ပြန်တော့လဲ မကျင့်ကြံ မလိုက်နာတဲ့ သူတို့မှာ လွန်စွာ ရိုင်းပြလျက် ပညာရှိတို့ အမြင်မှာ စက်ဆုပ်ဖွယ်ရှာ ကဲ့ရဲ့စရာဖြစ်၍ မင်္ဂလာ မဖြစ်၊ အမင်္ဂလာသာ ဖြစ်လို့ နေပါတယ်။

မိမိက နားမလည် မတတ်မြောက်လို့ တတ်မြောက် နားလည်တဲ့ သူက နည်းပေးလမ်းပြ ပြုပြင်ပေးလာလျှင် ယဉ်ကျေးလှပပြီး ကျက်သရေ မင်္ဂလာရှိတဲ့ အဝတ်တန်ဆာကို ဆင်ပေးလာသကဲ့သို့ ဝမ်းသာအားရ နှစ်သက်ကျေနပ်စွာ လက်ခံထိုက်ပါတယ်။ ပုထုဇဉ်မှန်သမျှ လူ့သဘာဝဟာ မိမိကိုယ်ကို တတ်သိနားလည်တယ် ထင်ပြီး အထင်ကြီးတဲ့ မာန ရှိတတ်လို့ ထိုကဲ့သို့ နည်းပေးလမ်းပြ ပြုပြင်ပေးတာကို မခံချင်ကြဘဲ ဒေါသဖြစ်ကာ ပြန်လည်ပြောဆိုပြီး ဆန့်ကျင်ဘက် အမျိုးမျိုးကို ပြုလုပ်တတ်ကြပါတယ်။ ထိုသူတို့မှာ မိမိတို့ရရှိကြမည့် ကျက်သရေမင်္ဂလာ အဖြာဖြာကို ဖျက်ဆီးသူများပင် ဖြစ်ပါတယ်။

## လောကီ ဝိနယောစ မင်္ဂလာ

အတတ်ပညာ စုံလင်စွာ တတ်မြောက်လာလို့ တစ်ဆင့်ပြီး တစ်ဆင့် တက်ပြီး ကြီးပွားရေးလုပ်ငန်း စတင်လာတဲ့အခါ တိုးတက်ကြီးပွား အောင် အားထုတ် အလုပ်လုပ်ဖို့ အရေးကြီးပါတယ်။ အလုပ်လုပ်ပြီး ဘဝအတွက် ရုန်းကန်လှုပ်ရှားတဲ့ ဒုတိယအရွယ်ပိုင်း ရောက်လာတဲ့အခါ ဒုစရိုက်ကိုရှောင်၊ သုစရိုက်ကိုပွား၊ သီလကို လုံအောင် ထိန်း၊ လူ လူအလိုက်၊ ရဟန်း ရဟန်းအလိုက် အာဂါရိက ဝိနယ၊ အနာဂါရိကဝိနယ စည်းကမ်း တကျ သူနေရာနှင့်သူ ဝတ္တရားအဆူဆူ လင်ဝတ်၊ မယားဝတ်၊ မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ် စသည့်ဝတ္တရား အသွယ်သွယ်ကို စနစ်တကျ ဆုံးမတတ်ဖို့ အလွန်အရေးကြီးပါတယ်။ မိမိကိုယ်ကို အရာရာ အချိုးကျအောင် ဆုံးမနိုင်တာ ဝိနယောစ သုသိက္ခိတော = လောကီမင်္ဂလာ အစစ်အမှန် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## လောကုတ္တရာ ဝိနယောစ မင်္ဂလာ

ပဋိပတ္တိဝိနည်းဆိုတာ သူခိုးစေးပြစတဲ့ ရန်သူတွေ မဝင်နိုင်အောင်၊ ဘာသူခိုးလဲ. . . တဏှာ၊ မာန၊ ဒိဋ္ဌိ-ပပဉ္စတရား(၃)ပါး သူခိုး ဓားပြတွေ၊ ရန်သူတွေ မဝင်နိုင်အောင် သမထ ဝိပဿနာ ဉာဏ်တွေနဲ့ လုံအောင် ကာရမှာ ဖြစ်ပါတယ်၊ အဲဒါကို ပဋိပတ္တိဝိနည်း လို့ခေါ်တယ်။ အဲဒီဝိနည်းကို မတတ်ရင် တတ်အောင်၊ နားမလည်ရင် နားလည်အောင် သူတော်ကောင်း များထံမှာ ကောင်းစွာ သင်ကြားပြီး ကျင့်ကြံအားထုတ် အလုပ်လုပ်ရမှာ ဖြစ်ပါ တယ်။ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ ဆိုတဲ့ ဣန္ဒြေတွေကို စောင့်ရှောက်တာဟာ သာမန်စောင့်ရှောက်ခြင်းဖြစ်လို့ လောကီဝိနည်းသာ ဖြစ်ပါတယ်။

- ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊
- သုတေ သုတမတ္တံ ဘဝိဿတိ၊
- မုတေ မုတမတ္တံ ဘဝိဿတိ၊
- ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။

မြင်ရင် မြင်ကာမျှ၊ ကြားရင် ကြားကာမျှ၊ နံရင် နံကာမျှ၊ စားရင် စားကာမျှ၊ တွေ့ထိရင် တွေ့ထိကာမျှ၊ ကြံသိရင် ကြံသိကာမျှ ဖြစ်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ်နဲ့ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ တွေ့မှု၊ ကြံသိမှု၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုတမတ္တံ၊ မုတေ မုတမတ္တံ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ ဖြစ်ပါတယ်။

မှတ်ချက်။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ- စသည်ဖြစ်အောင် ကျင့်ပုံ အကျယ်ကို ဘာဝနာသမ္ပဒါလမ်းပြကျမ်းမှာ ပြဆိုခဲ့ပြီး ဖြစ်ပါတယ်။

မနောစိတ်အစဉ်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ-ပပဉ္စတရား(၃)ပါး၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ သင်္ခါရ၊ အဝိဇ္ဇာ-အကြောင်းတရား(၅)ပါး ဖြစ်ပေါ် မလာနိုင်အောင် သမထ၊ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်ပြီး ခြံစည်းရိုးလုံအောင် ကာရံထားရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တဏှာ၊ ဥပါဒါန် စတဲ့ ပဋိစ္စသမုပ္ပါဒ် အကြောင်းတရား(၅)ပါး ဝင်မလာအောင်၊ ဖြစ်ပေါ်မလာအောင် အနိစ္စ ခယဝယနေဖြင့် မြဲတဲ့ သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ်နေပုံ တုစ္ဆ၊ သုညတ၊ အနတ္တ အနေဖြင့် အတ္တမှ အချည်းနှီး၊ အတ္တမှ သုဉ်းဆိတ်နေပုံကို ဉာဏ်ဖြင့် ရှုမြင်၍ အမှန်သိမြင် နေခြင်းဟာ ခြံစည်းရိုးလုံအောင် ကာရထားခြင်း ဖြစ်ပါတယ်။

## သုဘာသိတဝါစာ မင်္ဂလာ

**(၁၀) သုဘာသိတာ စ ယာ ဝါစာ။** (ခုဒ္ဒကပါဌ။ ၄)

### သုဘာသိတဝါစာ (၂) မျိုး

| (လောကီ) သုဘာသိတဝါစာ | သုဘာသိတဝါစာ (လောကုတ္တရာ) |
|---|---|
| ×× | ×× |
| မဓုဘာသိတ | ပရိယတ္တိဘာသိတ |
| ပိယဘာသိတ | ပဋိပတ္တိ ဘာသိတ |
| သစ္စဘာသိတ | လက္ခဏာရေး (၃)၊ သစ္စာ (၄) |
| ဥတ္တမဘာသိတ | အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိပြုတ် |
| ×× | ×× |
| လောကီကြီးပွါးချမ်းသာ | လောကုတ္တရာကြီးပွါးချမ်းသာ |

သုဘာသိတာ၊ အပြစ်စင်ကြယ် ချစ်စဖွယ်နှင့် နာဖွယ်ကျိုးလို ကောင်းစွာဆိုအပ်သော။ ယာ ဝါစာ စ၊ အကြင်စကားမျိုးသည် လည်းကောင်း။

**သုဘာသိတာတိ** သုဋ္ဌု ဘာသိတာ။ **ဝါစာတိ** ဂိရာ ဗျပ္ပထော။

(ခုဒ္ဒကပါဌ၊ ဌ။ ၁၁၂။ သုတ္တနိပါတ၊ ဌ၊ ၂။ ၁၈)

သု၊ ဘာသိတာ၊ ဝါစာ (၃)ပုဒ်ခွဲ

သု၊ ကောင်းစွာ။ဘာသိတ၊ ပြောဆိုတဲ့။ ဝါစာ၊ စကား။ ကောင်းစွာပြောဆိုတဲ့စကား။

www.burmeseclassic.com

www.burmeseclassic.com



သုဋ္ဌု၊ ကောင်းစွာ။ဘာသိတာ၊ ပြောဆိုအပ်တဲ့စကားသည်။ သုဘာသိတာတိ = သုဘာသိတာ နာမ၊ သုဘာသိတာမည်၏။ ဂိရာ၊ မြွက်ဆိုအပ်သော စကားသည်။ ဗျပ္ပထော၊ အနက်အဓိပ္ပါယ်သဘော တရားကို သိခြင်း၏အကြောင်းဖြစ်သော စကားသည်။ဝါစာတိ = ဝါစာ နာမ၊ ဝါစာမည်၏။

(၁) ကောင်းစွာပြောဆိုအပ်တဲ့ စကားသည် သုဘာသိတာ မည်ပါတယ်။

(၂) ပြောဆိုတဲ့အခါ အနက်၊ အဓိပ္ပါယ်၊ သဘောကို သိကြောင်း ဖြစ်တဲ့ စကားသည် ဝါစာမည်ပါတယ်။

သုဘာသိတာ ဝါစာ နာမ မုသာဝါဒါဒိဒေါသဝိရဟိတာ ဝါစာ။

**(ခုဒ္ဒကပါဠိ။ ၁၁၄။ သုတ္တနိပါတ၊ ဠ၊ ၂။ ၁၉)**

မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဟူသော **အပြစ်** ဒေါသမှ ကင်းပြီး အင်္ဂါ (၄)ပါးနဲ့ ပြည့်စုံတဲ့ စကားမျိုးဟာ သုဘာသိတ ဝါစာ မည်ပါတယ်။

ဣဓ ဘိက္ခဝေ ဘိက္ခု သုဘာသိတံ ယေဝ ဘာသတိ နော ဒုဗ္ဘာသိတံ၊ ဓမ္မံယေဝ ဘာသတိ နော **အဓမ္မံ**၊ **ပိယံ**ယေဝ ဘာသတိ နော အပ္ပိယံ၊ **သစ္စံ**ယေဝ ဘာသတိ နော အလိကံ။ **ဣမေဟိ** ခေါ ဘိက္ခဝေ စတူဟိ အင်္ဂေဟိ သမန္နာဂတာ ဝါစာ သုဘာသိတာ ဟောတိ နော ဒုဗ္ဘာသိတာ၊ အနဝဇ္ဇာ စ အနုပဝဇ္ဇာ စ ဝိညူနံ။

(သုတ္တနိပါတ။ ၃၄၄)

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ဣဓ၊ ဤ သာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သုဘာသိတံယေဝ၊ ကောင်းစွာ ဆိုအပ်သော စကားကိုသာလျှင်။ ဘာသတိ၊ ပြောဆို၏။ ဒုဗ္ဘာသိတံ၊ မကောင်းသဖြင့် ပြောဆိုအပ်သော စကားကို။ နော ဘာ သတိ၊ မပြောဆို။ ဓမ္မံယေဝ၊ တရားနှင့်ညီမျှသော စကားကိုသာလျှင်။ဘာသတိ၊ ပြောဆို၏။

www.burmeseclassic.com

www.burmeseclassic.com



အဓမ္မံ၊ တရားနှင့် မညီမျှသောစကားကို။ နော ဘာသတိ၊ မပြောဆို။ ပိယံယေဝ၊ ချစ်ခင်နှစ်သက်ဖွယ်သော စကားကိုသာလျှင်။ ဘာသတိ၊ ပြောဆို၏။ အပ္ပိယံ၊ ချစ်ခင်နှစ်သက်ဖွယ် မဟုတ်သောစကားကို။ နော ဘာသတိ၊ မပြောဆို။ သစ္စံယေဝ၊ မှန်သောစကားကိုလျှင်။ ဘာသတိ၊ ပြောဆို၏။ အလိကံ၊ မမှန်သော စကားကို။ နော ဘာသတိ၊ မပြောဆို။

ဘိက္ခဝေ၊ အိုချစ်သားတို့။ ခေါ၊ စင်စစ်။ စတူဟိ၊ လေးပါးကုန်သော။ င်္ဂမေဟိ အင်္ဂေဟိ၊ ဤအကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတာ၊ ပြည့်စုံသော။ ဝါစာ၊ စကားသည်။ သုဘာသိတာ၊ ကောင်းစွာပြောဆိုအပ်သော စကားသည်။ မောတိ၊ ဖြစ်၏။ ဒုဗ္ဘာသိတာ၊ မကောင်း သဖြင့် ပြောဆိုအပ်သော စကားသည်။ န ဟောတိ၊ မဖြစ်။ အနဝဇ္ဇာ စ၊ ရာဂ စသော အပြစ်မှ ကင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိညူနံ၊ ပညာရှိတို့၏။ အနုပဝဇ္ဇာ စ၊ ကဲ့ရဲ့ခြင်းမှလွတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

(၁) ကောင်းတဲ့ စကားကိုသာ ပြောဆိုပြီး မကောင်းတဲ့ စကားကို မပြောဆိုဘူး။

(၂) တရားနှင့်ညီမျှတဲ့ စကားကိုသာ ပြောဆိုပြီး တရားနှင့်မညီမျှတဲ့ စကားကို မပြောဆိုဘူး။

(၃) ချစ်ခင်နှစ်သက်ဖွယ်ဖြစ်တဲ့ စကားကိုသာ ပြောဆိုပြီး ချစ်ခင် နှစ်သက်ဖွယ် မဟုတ်တဲ့ စကားကို မပြောဆိုဘူး။

(၄) မှန်ကန်တဲ့ စကားကိုသာ ပြောဆိုပြီး မမှန်ကန်တဲ့ စကားကို မပြောဆိုဘူး။

## စကားပြောဆိုရာတွင် ညီညွတ်ရမည့် အင်္ဂါ (၄) ပါး

(၁) တမေဝ ဝါစံ ဘာသေယျ၊ ယာယတ္တာနံ န တာပယေ။
ပရေ စ န ဝိဟိံသေယျ၊ သာ ဝေ ဝါစာ သုဘာသိတာ။

(ခု၊ ၁။ ၃၄၄။ သံ၊ ၁။ ၏၀)

www.burmeseclassic.com

www.burmeseclassic.com



ယာယ၊ အကြင်စကားဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ န တာပယေ၊ မပူပန်စေရာ။ (ဝါ) ပူပန်မှုမဖြစ်စေရာ။ ပရေ စ၊ သူတပါး တို့ကိုလည်း။ န ဝိဟိံသေယျ၊ မညှဉ်းဆဲ မနှိပ်စက်ရာ။ တမေဝ ဝါစံ၊ ထိုစကားမျိုးကို သာလျှင်။ ဘာသေယျ၊ ပြောဆိုရာ၏။ သာ ဝါစာ၊ ထိုစကားသည်။ ဝေ၊ စင်စစ်ကေန် အမှန်အားဖြင့်။ သုဘာသိတာ၊ ကောင်းစွာ ပြောဆိုအပ်သော စကား မည်၏။

**မိမိပြောဆိုတဲ့ စကားနဲ့ မိမိကိုယ်ကို ပူပန်မှုမရှိ သူတစ်ပါး တို့အား ညှဉ်းဆဲနှိပ်စက်မှု မရှိ ပူပန်စေခြင်းမရှိ နှစ်နာစေခြင်းမရှိတဲ့ စကားမျိုးဟာ သုဘာသိတဝါစာမင်္ဂလာ မည်ပါတယ်။**

(၂) ပိယဝါစမေဝ ဘာသေယျ၊ ယာ ဝါစာ ပဋိနန္ဒိတာ။
ယံ အနာဒါယ ပါပါနိ၊ ပရေသံ ဘာသတေ ပိယံ။
(ခု၊ ၁။ ၃၄၄။ သံ၊ ၁။ ၁၉၀)

**ယာ ဝါစာ၊ အကြင်စကားသည်။ ပဋိနန္ဒိတာ၊ နှစ်လို ဖွယ်ရာ ဖြစ်၏။ (ဝါ) ရှေးရှုပေါ်လွင် နှစ်သက်ဖွယ်ပင် ဖြစ်၏။** ယံ၊ အကြင် စကားမျိုးကို။ ဘာသန္တော၊ ပြောဆိုသောသူသည်။ ပါပါနိ၊ ကြမ်းတမ်း ယုတ်မာတဲ့ **စကားတို့ကို။ အနာဒါယ၊ မယူမူ၍။(ဝါ) မပြောဆိုမူ၍။ ပရေသံ၊ သူတပါးတို့အား။ ပိယံ၊ ချစ်ခင်နှစ်သက် မြတ်နိုးအပ်သော စကားမျိုးကို။** ဘာသတေ၊ **ပြောဆို၏။** ပိယဝါစမေဝ၊ ထိုသို့ ချစ်ခင် နှစ်သက်မြတ်နိုး ဖွယ်သော စကားကိုသာလျှင်၊ ဘာသေယျ၊ ပြောဆိုရာ၏။

**စကားပြောလျှင် ကြမ်းတမ်းယုတ်မာတဲ့ စကားမျိုးကို မပြောဆိုဘဲ ချစ်ခင်နှစ်သက်မြတ်နိုးဖွယ်ကောင်းတဲ့ စကားမျိုးကိုသာ ပြောဆိုတဲ့အခါ ကြားနာရသူများက "ဟုတ်ပါပေတယ်၊ ကျေနပ် လောက်ပါပေတယ်"လို့ ပြန်လည်ထောက်ခံပြောကြားအပ်၊ နှစ်သက်အပ်တဲ့ စကားမျိုးဟာ ပိယဝါစာ မင်္ဂလာ မည်ပါတယ်။**

www.burmeseclassic.com

www.burmeseclassic.com



(၃) သစ္စံ ဝေ အမတာ ဝါစာ၊ ဧသ ဓမ္မော သနန္တနော။
သစ္စေ အတ္ထေ စ ဓမ္မေ စ၊ အာဟု သန္တော ပတိဋ္ဌိတာ။
(ခု၊ ၁။ ၃၄၄။ သံ၊ ၁။ ၁၉၀)

သစ္စံ၊ မှန်သောစကားသည်။ ဝေ၊ စင်စစ်ကေန် အမှန် အားဖြင့်။ အမတာ၊ အမြိုက်အရသာဖြစ်သော စကားတည်း။ ဧသ ဓမ္မော၊ ဤသို့ မှန်ကန်ဆိုပြား သစ္စာတရားသည်။ သနန္တနော၊ ရှေးရိုးစဉ်လာ သူတော်စွာတို့၏ အလေ့အကျက်ပါပေတည်း။ သန္တော၊ ငြိမ်သက် ငြိမ်းအေးပြီးသော သူတော်ကောင်းတို့သည်။ အတ္ထေ စ၊ အကျိုးတရား၌ လည်းကောင်း။ ဓမ္မေ စ၊ အကြောင်းတရား၌လည်းကောင်း။ သစ္စေ၊ မှန်ကန်သော စကား၌။ ပတိဋ္ဌိတာ၊ တည်ကုန်သည်၊ အာဟု၊ ဖြစ်ကုန်ပြီ။

မှန်ကန်တဲ့စကားဟာ အမြိုက်အရသာဖြစ်တယ်၊ ရှေးရိုး စဉ်လာ သူတော်စွာတို့ရဲ့ အလေ့အကျက်ဖြစ်တယ်၊ အကြောင်းအကျိုး ဆက်စပ်ပြီး မှန်ကန်တဲ့စကားအရာမှာ တည်တယ်၊ ထိုသို့မှန်ကန်တဲ့စကားဟာ သစ္စဝါစာ မင်္ဂလာဖြစ်ပါတယ်။

(၄) ယံ ဗုဒ္ဓေါ ဘာသတိ ဝါစံ၊ ခေမံ နိဗ္ဗာနပတ္တိယာ။
ဒုက္ခဿန္တကိရိယာယ၊ သာ ဝေ ဝါစာန မုတ္တမာ။
(ခု၊ ၁။။၃၄၄။သံ။၁၉၀)

ဗုဒ္ဓေါ၊ မဟာကရုဏာသခင် သဗ္ဗညုတ ရွှေဉာဏ် တော်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ယံ ဝါစံ၊ အကြင် စကားတော်ကို။ ခေမံ၊ ကာမ ဘဝ ဒိဋ္ဌိ အဝိဇ္ဇာ လေးဖြာသော ယောဂတို့၏ ဘေးကင်းရာ ဖြစ်သော။ နိဗ္ဗာနံ၊ ကိလေသာ ခပ်သိမ်း အလုံးစုံငြိမ်းအေးပြီးသော နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်း ငှာလည်းကောင်း၊ ဒုက္ခဿ၊ ဝေဘူမက ဝဋ် ဒုက္ခ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှာလည်းကောင်း။ ဘာသတိ၊ ပြောဆိုဟောကြားတော်မူပါပေ၏။ သာ ဝါစာ၊ ထိုသို့ နိဗ္ဗာန်ရောက်ရန် လမ်းမှန်ညွှန်ပြ ဆိုဆုံးမတော်မူသော မြတ်စွာဘုရား၏ စကားတော်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေ၊ စင်စစ်ကေန် အမှန်အားဖြင့်။ ဝါစာနံ၊ စကားအရာ လွန်စွာကောင်းလတ် ပြောဆိုတတ်သောသူ ဟူသမျှတို့ထက်။ ဥတ္တမာ၊ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွါး အလွန်များလျက် နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းဖြစ်၍ အမြတ်ဆုံးပါပေတည်း။

ဘေးရန်အန္တရာယ် အသွယ်သွယ်တို့ ကင်းလွတ်လျက် ဝဋ်ဒုက္ခ အားလုံး ကုန်ဆုံးလွတ်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားကောင်းစကားဟာ စကားအားလုံးတို့တွင် အမြတ်ဆုံးဖြစ်လို့ ဥတ္တမဝါစာ မင်္ဂလာ မည်ပါတယ်။

မှတ်ချက်။ တေဘုမ္မကဝဋ်ဒုက္ခကြီးမှ လွန်မြောက်သွားအောင် ပြောဆိုတတ်တဲ့ စကား၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အစွန်း နှစ်ပါး လွတ်ပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြု သွားပုံ ပြောဆိုတဲ့စကားများဟာ ဥတ္တမဝါစာမင်္ဂလာ ဖြစ်ပါတယ်။

သူတစ်ပါးတို့အား ဟောပြောပြသတဲ့ တရားစကားမျိုးကို သုဘာသိတာဝါစာလို့ ခေါ်ဆိုပါတယ်။ တရားစကားသာမက လောက ရေးရာ အမျိုးမျိုး အကျိုးရှိအောင် နည်းလမ်းညွှန်ပြနိုင်တဲ့ အပြောကောင်း အဆိုကောင်းဖြစ်တဲ့ ပုဂ္ဂိုလ်များရဲ့ ဟောပြောချက် စကားမျိုးကိုလည်း သုဘာသိတာဝါစာဟုပင် ခေါ်ဆိုရပါတယ်။ စကားပြောကောင်းလျှင် ရှေ့သွားခေါင်းဆောင် အကြီးအမှူး ဖြစ်နိုင်ပါတယ်။ သူတစ်ပါးတို့အတွက် လမ်းမှား၊ လမ်းမှန်ကို ဝေဖန်ညွှန်ပြနိုင်ပြီး အများ အကျိုးဆောင်တဲ့ သူဖြစ်ရခြင်း၊ လူအများတို့ ချစ်ခင်ကြည်ညို ရိုသေလေးစားခြင်းကို ခံရခြင်း စတဲ့ အကျိုးတရားများအနေနဲ့ အလွန့်ကို များပြားလှပါတယ်။

ထိုကဲ့သို့ စကားပြောကောင်းခြင်းဟာ ပဋိသန္ဓေက ပါလာတဲ့ သဘာဝပင်ကိုယ်က ကောင်းခြင်း၊ ပြုပြင်ပြောဆိုလို့ကောင်းခြင်းဟု နှစ်မျိုးရှိရာ ပဋိသန္ဓေက ပါလာတဲ့ သဘာဝပင်ကိုယ်က ကောင်းတဲ့သူတို့မှာ အထူးမကြိုးစားရဘဲ သူတစ်ပါးစိတ်ဓာတ် ညွှတ်ပါလာအောင် ဆွဲဆောင်နိုင်တဲ့ ကောင်းခြင်းမျိုး ဖြစ်ပါတယ်။ ပဋိသန္ဓေက ပါမလာ၊ ပင်ကိုယ်က စကားပြော

www.burmeseclassic.com

www.burmeseclassic.com



မကောင်းသူများမှာမူ အထူးကြိုးစား ပြောဆိုခြင်းဖြင့် စကားပြော ကောင်းသူများ ဖြစ်လာနိုင်ပါတယ်၊ ထို့ကြောင့် ဗဟုသုတ စုဆောင်းခြင်း၊ ပြောနည်း ဆိုနည်းများကို လေ့လာခြင်း စသဖြင့် စကားပြောကောင်းသူ တစ်ယောက် ဖြစ်လာအောင် ကြိုးစားခြင်းဖြင့် အထက်တန်းသို့ ရောက်နိုင် ကြပါတယ်။

သုဘာသိတဝါစာ မင်္ဂလာရှိဖို့ဟာ အလွန်အရေးကြီးတဲ့ အချက် ဖြစ်ပါတယ်။ အကြောင်းအားလျော်စွာ မှန်ကန်ပြေပြစ် အနှစ်အသား ပြည့်ဝတဲ့ စကားကို ပြောဆိုတတ်တဲ့ သူဟာ သူတစ်ပါးထက် ထူးကဲမြင့်မြတ်တဲ့ ကောင်းကျိုးချမ်းသာ စီးပွားဥစ္စာရတနာတို့ကို ရရှိနိုင်ပါတယ်။ သူတစ်ပါးတို့ရဲ့ ယုံကြည်ကိုးစား အားထားခြင်းကို ခံယူရတတ်ပါတယ်၊ ဩဇာအာဏာ တည်ပါတယ်။ မိမိပြောကြားတဲ့စကား အားလုံး အရာရောက်ပါတယ်။

စာရေးပြန်လျှင်လဲ ကလောင်ထက်တယ်၊ လက်ပြောင်တယ်၊ စကားလုံးလှတယ်၊ လေးနက်တယ်၊ တစ်ကြိမ်ဖတ်ရုံမျှနဲ့ အားမရနိုင် မတင်းတိမ်နိုင်ဘူး၊ သိမ်းဆည်းသိုမှီးပြီး အကြိမ်ကြိမ် ကြည့်ရှု ထိုက်တဲ့စာ အဖြစ်သို့ ရောက်ပါတယ်။ အောင်မြင်ထူးချွန်လိုတဲ့သူတွေဟာ သုဘာသိတဝါစာ မင်္ဂလာဖြစ်ဖို့ရန် အထူးသတိပြုဖို့ လိုအပ်လှပါတယ်။ ကမ္ဘာပေါ်မှာ ကျော်ကြား ထင်ရှားတဲ့ ခေါင်းဆောင်ကြီးများဟာ သုဘာသိတဝါစာ မင်္ဂလာနှင့် ပြည့်စုံသူများ ဖြစ်ပါတယ်။

သုဘာသိတဝါစာ၊ ပိယဝါစာ၊ သစ္စဝါစာ၊ ဥတ္တမဝါစာဆိုတဲ့ ဤစကား (၄)မျိုးတို့တွင် တစ်မျိုးမျိုးသော စကားအဖြစ်သို့ ရောက်နိုင်အောင် ပြောဆို တတ်ဖို့ရာ အရေးကြီးပါတယ်၊ ဆင်ခြင်စဉ်းစားလျှင် မင်္ဂလာဂုဏ်နှင့် ပြည့်စုံ နိုင်သမျှ ပြည့်ဝစုံလင်စွာ ပြုမူပြောဆိုကြတဲ့ သူတို့ဟာ မျက်မှောက်တမလွန် နှစ်တန်သောဘဝတို့မှာ ကြီးပွါး ချမ်းသာခြင်းကို ရရှိမှာဖြစ်လို့ မင်္ဂလာတရားများ မိမိုသန္တာန်၌ တည်ရှိစေရန် အလွန်အရေးပါလှပါတယ်။

နောင်တစ်ချိန်မှာ လူကြီးလူကောင်းများ ရှေ့သွားခေါင်းဆောင် များဖြစ်ကြမယ့် ကျောင်းသူ၊ ကျောင်းသား၊ လူ့အညွန့်အဖူးလေးများဟာ

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာတရားတော်ကို များများစားစား လေ့လာလိုက်စားထားကြရမှာ ဖြစ်ပါတယ်။

လူအများတို့ နားမချမ်းသာဖွယ်ဖြစ်တဲ့ "မင်း၊ ငါ၊ ဟဲ့ကောင်၊ ဟေ့ကောင်၊ ဟယ်၊ နင်က၊ ဘယ်လို" စကဲ့ စကားမျိုးကို ပြောဆိုခြင်း၊ "အမေ၊ နှမ" စသဖြင့် ဆဲရေးတိုင်းထွာခြင်း၊ ဒေါသရှေ့ထား၍ အော်ကာ ငေါက်ကာ ကြမ်းတမ်းစွာ ပြောဆိုခြင်း စသည့်တို့ကို ရှောင်ကြဉ်ကြရမှာ ဖြစ်ပါတယ်။

အချို့မိဘ၊ ဆရာသမား၊ အလုပ်ရှင် စတဲ့ အကြီးအမှူးတို့က တပည့်လက်သား၊ သားသမီးများ မခံနိုင်လောက်အောင် လွန်စွာ ကြမ်းတမ်းတဲ့ အသုံးအနှုန်းများနဲ့ ပြောဆိုသုံးနှုန်းတတ်ကြပါတယ်။ သုဘာသိတဝါစာ မင်္ဂလာနှင့် ဆန့်ကျင်ဘက်ဖြစ်၍ ဒုဗ္ဘာသိတဝါစာ အမင်္ဂလာသာ ဖြစ်ပါတယ်။

အယမ္ပိ ဥဘယလောကဟိတသုခါဝဟနတော မင်္ဂလန္တိ ဝေဒိတဗ္ဗာ။ ကမ္မိနာ ပရိယာယေန ပရေသံ ဓမ္မဒေသနာဒိဝါစာ ကမ္မ သုဘာသိတဝါစာတိ ဝေဒိတဗ္ဗာ။ သာ ဟိ ယထာ ပဋိရူပဒေသဝါသော၊ ဧဝံ သတ္တာနံ ဥဘယလောကဟိတသုခနိဗ္ဗာနာဓိဂမပစ္စယတော မင်္ဂလန္တိ ဝုစ္စတိ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၁၄။ သုတ္တနိပါတ၊ ဋ္ဌ။ ၁၉)

ထိုသုဘာသိတဝါစာကို ပစ္စုပ္ပန် တမလွန် နှစ်တန်သော စီးပွား ချမ်းသာကို ဆောင်တတ်လို့ မင်္ဂလာဟု သိအပ်ပါတယ်။ တစ်ပါးသော သတ္တဝါတို့အား တရားဟောကြောင်းဖြစ်တဲ့ စကားမျိုးကို ဤမင်္ဂလာ အရာ၌ သုဘာသိတဝါစာဟု သိအပ်ပါတယ်။ ထင်ရှားအောင် ပြရမယ် ဆိုလျှင် ပဋိရူပဒေသဝါသကို သတ္တဝါတို့ ပစ္စုပ္ပန် တမလွန်နှစ်တန်သော ဘဝမှာ လောကီအစီးအပွားကိုရခြင်း၊ လောကုတ္တရာ အစီးအပွားဖြစ်တဲ့ နိဗ္ဗာန်ကိုရခြင်း အကြောင်းဖြစ်၍ မင်္ဂလာဟူ၍ သိအပ်သကဲ့သို့ ထို့အတူ ထိုဓမ္မဒေသနာဟူသော သုဘာသိတဝါစာကိုလည်း သတ္တဝါတို့ရဲ့ နှစ်ပါးသော

www.burmeseclassic.com

www.burmeseclassic.com



လောကီစီးပွား ဥစ္စာရတနာ၊ လောကုတ္တရာ အစီးအပွားဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် နှစ်တန်သော မင်္ဂလာတို့ ဟူ၍ သိအပ်ပါတယ်။

**စကားကို စည်းကမ်းနှင့် ပြောဆိုရပုံ** (အံ၊ ၂။ ၂၁၃။ ဝါစာသုတ်)

(၁) ကာလေန စ ဘာသိတာ ဟောတိ။
အချိန်အခါကို ကြည့်ပြီး ပြောဆိုသင့်တဲ့အခါမှ စကားပြောဆိုရမယ်။

(၂) သစ္စာ စ ဘာသိတာ ဟောတိ။
ပြောဆိုတဲ့အခါမှာ မှန်ကန်တဲ့စကားကိုသာ ပြောဆိုရမယ်။

(၃) သဏှာ စ ဘာသိတာ ဟောတိ။
မှန်ကန်ပြီး နူးညံ့ သိမ်မွေ့တဲ့ စကားကိုသာ ပြောဆိုရမယ်။

(၄) အတ္ထသံဟိတာ စ ဘာသိတာ ဟောတိ။
လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားနှင့် စပ်တဲ့ စကားကိုသာ ပြောဆိုရမယ်။

(၅) မေတ္တာစိတ္တေန စ ဘာသိတာ ဟောတိ။
မေတ္တာစိတ်နှင့် ယှဉ်တဲ့ စကားကိုသာ ပြောဆိုရမယ်။

ဤ (၅)မျိုးဟာ အပြစ်မရှိ၊ မေတ္တာစိတ်နှင့် ကောင်းစွာပြောဆိုတဲ့ စကားဖြစ်လို့ သုဘာသိတဝါစာ မင်္ဂလာအစစ် အမှန် ဖြစ်ပါတယ်။

**စကား(၆)ခွန်း (၄)ခွန်းပယ် (၂)ခွန်းပြော**
(မ။ ၂။ ၅၇။ အဘယရာဇကုမာရသုတ်)

(၁) မဟုတ်မမှန်၊ အကျိုးလဲမရှိ ကြားသူလဲ
မနှစ်သက်တဲ့ စကားမျိုး။ (မပြောဆိုရ)

(၂) မဟုတ်မမှန်၊ အကျိုးလဲမရှိ ကြားသူတော့
နှစ်သက်တဲ့ စကားမျိုး။ (မပြောဆိုရ)

www.burmeseclassic.com

www.burmeseclassic.com



(၃) ဟုတ်မှန်တယ်၊ အကျိုးလဲမရှိ၊ ကြားသူလဲ
မနှစ်သက်တဲ့ စကားမျိုး။ (မပြောဆိုရ)

(၄) ဟုတ်မှန်တယ်၊ အကျိုးလဲမရှိ၊ ကြားသူတော့
နှစ်သက်တဲ့ စကားမျိုး။ (မပြောဆိုရ)

(၅) ဟုတ်မှန်တယ်၊ အကျိုးလဲရှိ၊ ကြားသူကော့
မနှစ်သက်တဲ့ စကားမျိုး။ (ပြောဆိုပါ)

(၆) ဟုတ်မှန်တယ်၊ အကျိုးလဲရှိ၊ ကြားသူလဲ
နှစ်သက်တဲ့ စကားမျိုး။ (ပြောဆိုပါ)

ဤစကား (၆)မျိုး၌ နံပါတ် (၅ နှင့် ၆)တို့ဟာ သုဘာသိတ ဝါစာ မင်္ဂလာဖြစ်၍ ကျန် (၄)မျိုးဟာ ဒုဗ္ဘာသိတဝါစာ အမင်္ဂလာ စကားများသာ ဖြစ်ပါတယ်။ ထို့ကြောင့် သုဘာသိတဝါစာ မင်္ဂလာဖြစ်အောင် ပြောဆိုလိုတဲ့ ပုဂ္ဂိုလ်များဟာ မြတ်စွာဘုရား မိန့်တော်မူတဲ့ စကား (၂)ခွန်းကိုသာ သတိထား ပြောဆိုရမှာ ဖြစ်ပါတယ်။

အတိုချုံးပြီး လိုရင်းပြောရလျှင် ထိုမင်္ဂလာတရားတော်နှင့် ပြည့်စုံသော သူတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် ပြည့်စုံတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ အလွန်ကြမ်းတမ်းလှတဲ့ အင်္ဂုလိမာလခိုးသူကြီး၊ အမ္ဗဋ္ဌလုလင်၊ သစ္စကပရိဗိုဇ်၊ အာဠဝက စတဲ့ လူကြမ်း၊ နတ်ကြမ်း၊ ဘီလူးကြမ်းတို့ကို သုဘာသိတာဝါစာ မင်္ဂလာတရားဖြင့်သာ ယဉ်ကျေးအောင် ဆုံးမတော်မူပါတယ်။

ထို့မှတပါး မဟာသုတသောမမင်းဟာ လူသားစားတဲ့ ပေါရိသာဒကို ယဉ်ကျေးအောင်ဆုံးမလျက် မိမိအသက်မှ ချမ်းသာရခြင်း၊ တစ်ရာ့တစ်ပါးသော မင်းတို့ကို အသက်ဘေးမှ လွတ်အောင် ဆောင်ရွက်ပေးခြင်း၊ လူသားစားတဲ့ မကောင်းမှုမှ ရှောင်ကြဉ်စေခြင်း၊ ဝိဓူရသုခမိန်ဟာ မိမိအား အမျိုးမျိုးနှိပ်စက်၍ အသတ်ကိုသတ်ရန် ကြံစည်တဲ့ ပုဏ္ဏကဘီလူးအထံမှ မိမိအသက် ချမ်းသာရခြင်း၊ အဖိုးအတိုင်းမသိ ထိုက်တန်တဲ့ ပတ္တမြားရတနာကို

www.burmeseclassic.com

www.burmeseclassic.com



ရခြင်းတို့ဟာ သုဘာသိတာဝါစာ မင်္ဂလာတရားတော်ရဲ့ အကျိုးဆက်များပင် ဖြစ်ပါတယ်။

ထိုမှတပါး ဝေသာလီပြည်ကြီးမှာ ကျရောက်နေတဲ့ ဘေးကြီး သုံးပါးမှ လွတ်ကင်း၍ သတ္တဝါများ ချမ်းသာရခြင်း၊ သူငယ်ကို မြွေကိုက်လိုက်ရာ ဆရာရသေ့နှင့် မိဘနှစ်ပါးတို့ သစ္စာဆိုကြသဖြင့် အသက်သေရမည့် ဘေးမှ လွတ်ခြင်း၊ အလောင်းတော် သုဝဏ္ဏသာမ မြားဆိပ်မွှန်နေရာ ဂန္ဓမာဒန တောင်စောင့်နတ်သမီးနှင့် ခမည်းတော် မယ်တော်တို့ သစ္စာဆိုကြသဖြင့် သေရမည့်ဘေးမှ လွတ်မြောက်ရခြင်းများဟာ သုဘာသိတာဝါစာ မင်္ဂလာရဲ့ အကျိုး တရားများပင် ဖြစ်ပါတယ်။

## နှုတ်ကြမ်းတော့ အမုန်းပို၊ နှုတ်ချိုတော့ အချစ်ပွား

ရှေးအခါက ဘုရားအလောင်းတော်ဟာ ဗာရာဏသီပြည်မှာ ဘုရင် ဖြစ်ခဲ့ပါတယ်။ ဘုရားအလောင်းတော်ရဲ့ မယ်တော်ဟာ ဒေါသ ကြီးတယ်၊ ကြမ်းတမ်းတယ်၊ ဆဲရေးတတ်တယ်၊ ဘုရားအလောင်းတော်ဟာ မယ်တော်ကို ဆုံးမဖို့ရာ အကြောင်းဥပမာ ရှာကြံနေပါတယ်၊ တစ်နေ့မှာ ဘုရားအလောင်းတော်၊ ဥယျာဉ်တော်သို့ ထွက်လာတဲ့ အခါ မယ်တော်လဲ အတူပါလာပါတယ်။ လမ်းမှာ တစ်တီတူးငှက်သံ ကြားရတဲ့အခါ လူများက "အို. . အသံဆိုးတဲ့ ငှက်ရယ်၊ မမြည်စမ်းပါနှင့်ဟယ်. . "ဟု ဆိုကာ နားကို ပိတ်ထားကြပါတယ်။ ဥယျာဉ်ထဲ လှည့်လည်နေစဉ် အပွင့်တွေ ဝေနေတဲ့ အင်ကြင်းပင်ကြီးပေါ်မှ ဥသြငှက်ငယ်ရဲ့ တွန်ကျူးသံကို ကြားရတဲ့အခါ "အို. . အသံသာ လှတဲ့ ငှက်လေးရယ်၊ မြည်စမ်းပါဦးဟယ်၊ မြည်စမ်းပါ ဦးဟယ်" ဟု ဆိုကာ လည်ကို ဝင့်ပြီး နားစိုက်နေကြပါတယ်။

ထိုအချက်ကို သက်သေပြကာ ဘုရားအလောင်းတော်က "မယ်တော် တစ်တီတူးငှက်သံကြားတော့ လူတွေဟာ နားပိတ်ထား ကြတယ်၊ ကြမ်းတမ်းတဲ့ အသံကို ဘယ်သူမှ မကြားချင်ကြဘူး"ဟု ပြောခဲ့ ပြီးနောက် "မယ်တော် အဆင်းလှလျက် နှစ်သက်ဖွယ်ဖြစ်နေ စေကာမူ

www.burmeseclassic.com

www.burmeseclassic.com



အသံဆိုးဝါးလျှင် ဤလောက နောင်လောက ဘယ်လောကမှာမှ မချစ်မနှစ်သက်ကြဘူး။ ဥဩငှက်မှာ မည်းနက်၍ အဆင်းမလှသော်လည်း နူးညံ့ချိုသာစွာ တွန်ကျူးတတ်လို့ လူတွေ ချစ်မြတ်နိုးကြပါတယ်။ ဒါကြောင့် ပညာနဲ့ နှိုင်းချိန်ပြီး ချိုသာတဲ့ စကားကိုသာ ပြောဆိုသင့်ပါတယ်”ဟု ပြောဆိုပါတယ်။ ထိုအခါမှစ၍ မယ်တော်လဲ မိမိအကျင့်ဆိုးများကို ပယ်ဖျောက်ကာ အပြောအဆို နူးညံ့သိမ်မွေ့လာတဲ့ နှုတ်အမူအကျင့် ကောင်းမွန်သူ တစ်ယောက် ဖြစ်လာရပါတယ်။

(ဇာတကဋ္ဌ၊၂။၃၁၅။ သုဇာတာဇာတ်)

## လောကီ သုဘာသိတဝါစာ မင်္ဂလာ

အသိပညာ၊ အတတ်ပညာ၊ စည်းကမ်းစနစ်နှင့်တကွ ဝိနယသုသိက္ခိတမင်္ဂလာဟာ လောကကြီးတစ်ခုလုံးမှာ ဆက်စပ်နေပါတယ်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ သုံးမျိုးထဲမှာ စိတ်နှင့်ကိုယ်အထားအသိုတတ်ပေမဲ့ နှုတ်အမူအရာ အပြောအဆို လိမ္မာဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ရှေးလူကြီးများက “အပြောမတတ်တော့ ဆဲသလို့”ဟု ခိုင်းနှိုင်းခဲ့ကြပါတယ်။ အရောင်းအဝယ် လုပ်တဲ့အခါ မျက်နှာထားတင်းတင်းနှင့် လာသမျှလူတွေက မဝယ်လို့ ရန်တွေ့လွှတ်ရင် ဘယ်တော့မှ မရောင်းရတော့ဘူး၊ ခေါ်ကာ ငင်ကာ မျက်နှာထားချိုသာစွာ ပြောဆိုမှ ရောင်းရေးဝယ်တာမှာ အဆင်ပြေမှာ ဖြစ်ပါတယ်။

ဒါတွေကို အရေးကြီးလွန်းလို့ သုဘာသိတဝါစာ မင်္ဂလာကို ဘုရားရှင်ဟောတော်မူခဲ့တာ ဖြစ်ပါတယ်။ ကာလဝါဒီ=အချိန်ကို ကြည့်ပြောရမယ်၊ ဘူတဝါဒီ=ဟုတ်မှန်တာကို ပြောရမယ်၊ အတ္ထဝါဒီ အကျိုးရှိတဲ့စကားကို ပြောရမယ်၊ ဓမ္မဝါဒီ = အကြောင်းစပ်ရာကို ပြောရမယ်။ နိဓါဝတိ= စိတ်နှလုံးထဲ စွဲမြဲမှတ်သားစရာကိုသာ ပြောရမယ်။ မှန်တာကိုလဲ မှန်မှန်ပြောရမယ်၊ အကျိုးရှိတာကိုပဲ ပြောရမယ်၊ ပြောသမျှစကားဟာ တရားနှင့်လဲ

www.burmeseclassic.com

www.burmeseclassic.com



ညီရမယ်၊ ပြောတဲ့ စကားတိုင်းမှာ အကျင့်နှင့် စည်းကမ်းကို မလွန်စေရဘူး၊ ချိုချို သာသာ၊ လိမ်လိမ်မာမာ၊ ပြေပြေပြစ်ပြစ်၊ ကျစ်လစ်သေချာစွာ ပြောရမယ်။ နှုတ်ကောင်းလျှင် ပြည်ကိုပင် စိုးနိုင်ပါတယ်။ ပြောသမျှစကား အောင်မြင်တာ သုဘာသိတဝါစာ မင်္ဂလာကြောင့် ဖြစ်ပါတယ်။

သုဘာသိတဆိုတာ ကောင်းစွာပြောဆိုခြင်း၊ ဝါစာဆိုတာ စကား။ ဘယ်သူနဲ့တွေ့တွေ့ စကားကို ကောင်းကောင်းပြောဆိုရမယ်။ ရိုရို သေသေ ပြောဆိုရမယ်။ ဒူးတုပ်ပြီး ပြောဆိုရမယ်။ လက်အုပ်ချီပြီး ပြောဆိုရမယ်။ လောကီမှာ ယဉ်ယဉ်ကျေးကျေး သုံးနှုန်းနေတာ မှန်သမျှ သုဘာသိတဝါစာ လောကီမင်္ဂလာ ဖြစ်ပါတယ်။

## လောကုတ္တရာ သုဘာသိတဝါစာ မင်္ဂလာ

အနိစ္စ၊ ဒုက္ခ၊ အနတ္တနှင့် သက်ဆိုင်တဲ့စကားကို မိမိဉာဏ်မီ သလောက် ပြောဆိုတာဟာ လောကုတ္တရာ သုဘာသိတဝါစာမင်္ဂလာ ဖြစ်ပါတယ်။ အကြောင်းတရားရှိလျှင် အကျိုးတရားဖြစ်တယ်။ အကြောင်းတရားမရှိလျှင် အကျိုးတရား မဖြစ်ဘူး။ အကျိုးတရားက ဒုက္ခသစ္စာ၊ အကြောင်းတရားက သမုဒယသစ္စာ၊ အကြောင်းတရား ချုပ်တာ နိရောဓသစ္စာ၊ အကြောင်းတရားချုပ်သွားတာကို သိလိုက်တာ မဂ္ဂသစ္စာ၊ (တစ်နည်း) ဒုက္ခသစ္စာ အမြင်မှန်၊ သမုဒယသစ္စာအမြင်မှန်၊ နိရောဓသစ္စာ အမြင်မှန်၊ သစ္စာသုံးပါးလုံးကို အမြင်မှန်တာ မဂ္ဂသစ္စာ၊ သစ္စာ(၄)ပါး အမြင်မှန်ကို ပြောဆိုနေတာ လောကုတ္တရာ သုဘာသိတဝါစာ မင်္ဂလာ ဖြစ်ပါတယ်။

အနိစ္စနှင့် အနိစ္စလက္ခဏာ၊ ဒုက္ခနှင့် ဒုက္ခလက္ခဏာ၊ အနတ္တနှင့် အနတ္တလက္ခဏာ၊ လက္ခဏာရေး (၃)ပါး အမြင်မှန်ကို ပြောဆိုနေတာ လောကုတ္တရာ သုဘာသိတဝါစာမင်္ဂလာ အစစ်အမှန်ဖြစ်ပါတယ်။

အတိုချုံးလိုရင်းပြောရလျှင် မဂ္ဂင်(၈)ပါး၊ သစ္စာ(၄)ပါး၊ လက္ခဏာရေး (၃)ပါး၊ မဂ်ဖိုလ်နိဗ္ဗာန်နှင့် သက်ဆိုင်တဲ့စကားတွေကို ပြောဆိုနေတာ

www.burmeseclassic.com

www.burmeseclassic.com



သက္ကာယဒိဋ္ဌိပြုတ်တဲ့ အသိဉာဏ်တွေ ပြောဟောနေတာ ဆွေးနွေးနေတာ တွေဟာ လောကုတ္တရာ သုဘာသိတဝါစာ မင်္ဂလာ ဖြစ်ပါတယ်။

မှတ်ချက်။ ပရိယတ်အသိဉာဏ်၊ ပဋိပတ်အသိဉာဏ်တွေကို ပြောဟော၊ သင်ကြား၊ မို့ချ၊ မေးမြန်း၊ ဆွေးနွေးနေတာ လောကုတ္တရာ သုဘာသိတဝါစာ မင်္ဂလာမည်ပါတယ်။

## မာတာပိတု ဥပဋ္ဌာန မင်္ဂလာ

(၁၁) မာတာပိတုဥပဋ္ဌာနံ။ (ခုဒ္ဒကပါဠ၊ ပါ။ ၄)

| (လောကီ) မာတာပိတုဥပဋ္ဌာန် | မာတာပိတုဥပဋ္ဌာန်(လောကုတ္တရာ) |
|---|---|
| ×× | ×× |
| ရေချိုးချိန် ရေချိုးပေး၊ | သဒ္ဓါတရားရှိ |
| ထမင်းစားချိန် ထမင်းကျွေး၊ | သီလနှင့်ပြည့်စုံ |
| လိုအပ်သမျှ အကုန်တွေး၊ | လှူဒါန်းပေးကမ်းခြင်းပြု |
| သားသမီးဝတ် ပြုလုပ်ရေး၊ | သမထ၊ ဝိပဿနာအလုပ် |
| အချိန်မှန် ဆောင်ရွက်ပေး၊ | အားထုတ်ချင်အောင်ပြုလုပ်ပေး၊ |
| ×× | ×× |
| လောကီမင်္ဂလာအဖြာဖြာ | လောကုတ္တရာမင်္ဂလာအဖြာဖြာ |

မာတာပိတု ဥပဋ္ဌာနဥ္စ၊ အမိအဖကို ပစ်စင်အငြိမ်းစား ကောင်းစွာ ထား၍ ဆပ္ပားကြည်ညို မေတ္တာပိုလျက် ကိုယ်တိုင်ကိုယ်ကြပ် ဝတ်နိဗဒ်ဖြင့် မလစ်မဟင်း လုပ်ကျွေးရခြင်းသည်လည်းကောင်း၊

မိဘတို့ကို ပြုစုလုပ်ကျွေးရမယ်။ ရေချိုးချိန် ရေချိုးပေးရမယ်။ အညစ်အကြေးတွေ သန့်ရှင်းစင်ကြယ်အောင် ပွတ်တိုက်ပြီး ရေချိုးပေးရမယ်။ ထမင်းစားချိန် ထမင်းကျွေးရမယ်။ အဝတ်ပုဆိုးကို ပေး၊ ချိုချဉ်အရသာ အဖျော်ယမကာတို့ကိုလည်း သူ့အချိန်နှင့်သူ လစ်ဟင်းမှု မရှိရအောင် ပြုစု

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကျွေးရမယ်။ (ဤသို့ ပြုစုလုပ်ကျွေးမှု လောကီရေးရာဖြင့် ကျေးဇူးဆပ်သော်လဲ ကျေနိုင်စရာ အကြောင်းမရှိပါ။)

ဝဿသတမ္ပိ မာတာပိတရော သီသေန ပရိဟရန္တာ ပုတ္တာ တေသံ ပတိကာရံ ကာတုံ အသမတ္ထာ၊ ယသ္မာ စ တေ အာပါဒကာ ပေါသကာ ဣမဿ လောကဿ ဒဿေတာရော ဗြဟ္မသမ္မတာ ပုဗ္ဗာ စရိယသမ္မတာ၊ တသ္မာ တေသံ ဥပဋ္ဌာနံ ဣဓ ပသံသိတံ၊ ပေစ္စ သဂ္ဂသုခဉ္စ အာဝဟတိ၊ တေန မင်္ဂလန္တိ ဝုစ္စတိ။

(ခုဒ္ဒကပါဌ၊ ၄။ ၁၁၅ သုတ္တနိပါတ၊ ၄၊ ၂။ ၂၀)

မိဘတွေရဲ့ ကျေးဇူးတရားကြီးမားပုံကို ပြောရမယ်ဆိုရင် သားသမီးများက မိဘများကို အနှစ်တစ်ရာကာလပတ်လုံး အမျိုးမျိုး လိုလေသေးမရှိ ပြောစရာမရှိလောက်အောင် ကျေးဇူးကို တုန့်ပြန်၍ ဆပ်ကြပေမဲ့ ကျေးဇူး မကျေနိုင်လောက်အောင် မိဘများရဲ့ ကျေးဇူးဟာ ကြီးမားလှပါပေတယ်။ ထိုကဲ့သို့ ကျေးဇူးကြီးမားလှတဲ့ မိခင်ဖခင်ကျေးဇူးရှင်များဟာ ကာလလ ရှေကြည်တည်သည်မှစ၍ အချိန်တန်အရွယ်ရောက် လူလားမြောက်လာသည့်တိုင်အောင် စောင့်ရှောက်ယုယ ကျွေးမွေးသုတ်သင်ကြသဖြင့် ဤပစ္စုပ္ပန်လောကမှာ နေတတ် ထိုင်တတ် သွားလာပြောဆိုတတ်အောင် မျက်လုံးပွင့် နားလည်အောင် အမျိုးမျိုးအဖုံဖုံကို ညွှန်ကြားသင်ပြကြသဖြင့် **ရှေ့ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ** ဟူ၍ ခေါ်ဝေါ် ပြောဆိုအပ်သည့်အတွက် မိခင် ဖခင်တို့အား ကျေးဇူးပြုခြင်း၊ လုပ်ကျွေးမွေးမြူခြင်းကို ပစ္စုပ္ပန်လောက၌ ပညာရှိ သူတော်ကောင်းတို့ရဲ့ ချီးမွမ်းခြင်းကို ဆောက်တတ်သည်၏အဖြစ်၊ တမလွန်ဘဝ၌ နတ်ရွာသုဂတိချမ်းသာကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် မင်္ဂလာဟူ၍ ခေါ်ဆိုအပ်ပါတယ်။

ဒွိန္နာဟံ ဘိက္ခဝေ န သုပ္ပတိကာရံ ဝဒါမိ။ ကတမေသံ ဒွိန္နံ၊ မာတု စ ပိတု စ၊ ဧကေန ဘိက္ခဝေ အံသေန မာတရံ ပရိဟရေယျ၊ ဧကေန အံသေန ပိတရံ ပရိဟရေယျ၊ ဝဿသတာယုကော ဝဿသတဇီဝီ၊ သော စ နေသံ ဥစ္ဆာဒနပရိမဒ္ဒနနှာပန သမ္ဗာဟနေန၊ တေ စ တတ္ထေဝ မုတ္တကရီသံ

www.burmeseclassic.com

www.burmeseclassic.com



စဇေယျုံ န တွေ ဝ ဘိက္ခဝေ မာတာပိတူနံ ကတံ ဝါ ဟောတိ ပဋိကတံ ဝါ။ (အံ၊ ၁။ ၆၃)

ဘိက္ခဝေ၊ အိုချစ်သား ရဟန်းတို့။ ဒွိန္နံ၊ နှစ်ဦးသောပုဂ္ဂိုလ်တို့ကို။ န သုပ္ပတိကာရံ၊ လွယ်ကူစွာတုံ့ပြန်၍ ကျေးဇူးမပြုနိုင်ခြင်း၊ ကျေးဇူးမဆပ်နိုင်ခြင်းကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ကတမေသံ ဒွိန္နံ၊ အဘယ်နှစ်ဦးသော ပုဂ္ဂိုလ်တို့ပါနည်း။ မာတု စ၊ အမိကိုလည်းကောင်း။ ပိတု စ၊ အဖကိုလည်းကောင်း။ သုပ္ပတိကာရံ၊ လွယ်ကူစွာ ကျေးဇူးဆပ်နိုင်ခြင်းသည်။ န သုကရံ၊ မလွယ်ကူ။

မိဘနှစ်ပါးကို ကျေးဇူးဆပ်ဖို့ မလွယ်ကူကြောင်း ဘုရားရှင်မိန့်တော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ (ပုတ္တော၊ သားသည်) ဝဿသတာယုကော၊ အနှစ်တစ်ရာ သက်တမ်းရှိသည်။ (ဟုတွာ၊ ဖြစ်၍။) ဝဿသတဇီဝီ၊ အနှစ်တစ်ရာပတ်လုံး အသက်ရှည်တည်နေလျက်။ ဧကေန၊ တစ်ဖက်သော။ အံသေန၊ လက်ယာပခုံး၌၊ (ဌပေတွာ၊ တင်ထား၍။) မာတရံ၊ အမိကို။ ပရိဟရေယျ၊ ပြုစုစောင့်ရှောက်ငြားအံ့။ ဧကေန၊ တစ်ဖက်သော။ အံသေန၊ လက်ဝဲပခုံးထက်၌။ (ဌပေတွာ၊ တင်ထား၍) ပိတရံ၊ ဖခင်ကို။ ပရိဟရေယျ၊ ပြုစုလုပ်ကျွေးငြားအံ့။

BURMESE CLASSIC

အနှစ်တစ်ရာကာလပတ်လုံး အမေကို လက်ယာပခုံးပေါ်မှာ တင်ထား၊ အဖေကို လက်ဝဲပခုံးပေါ်မှာ တင်ထားပြီးလုပ်ကျွေးမယ်ဆိုပါစို့။

စ၊ ထိုမှုမကသေး။ သော၊ ထိုသားသည်။ နေသံ၊ ထို (ပခုံးပေါ်မှာပင်ရှိနေသော) မိဘတို့ကို။ ဥစ္ဆာဒန ပရိမဒ္ဒန နှာပန သမ္ဗာဟနေန၊ နံ့သာဖြင့်ပွတ်တိုက်လိမ်းကျံပေးခြင်း၊ လက်ခြေတို့ကို ဆုပ်နယ်ပေးခြင်း၊ ရေချိုးပေးခြင်း၊ လက်ခြေတို့ကို ဆွဲဆန့်ပေးခြင်းဖြင့်။ (ဉပဋ္ဌာနံ၊ လုပ်ကျွေးပြုစုခြင်းကို။ ကရေယျ၊ ပြုလုပ်ငြားအံ့။)

www.burmeseclassic.com

www.burmeseclassic.com



မိဘတို့ကို ပခုံးပေါ်တင်ပြီး နံ့သာဖြင့်ပွတ်တိုက်ပေး၊ ရေချိုး ပေးခြင်း စသည်တို့ဖြင့် ပြုစုလုပ်ကျွေးမယ်ဆိုပါစို့။

စ၊ ထိုမျှသာမကသေး။ တေ၊ ထိုမိဘတို့သည်။ တတ္ထေဝ၊ ထိုသား၏ ပခုံးနှစ်ဖက်တို့အပေါ်မှာပင်လျှင်။ (နိသိန္နာ၊ ထိုင်ငြိမ်နေကုန်လျက်။) မုတ္တကရီသံ၊ ကျင်ငယ် ကျင်ကြီးကို။ စဇေယျုံ၊ စွန့်ကုန်ငြားအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ (ဧဝမ္ပိ၊ ဤမျှလောက် ပြုစုစောင့်ရှောက်ပါသော်လည်း။) မာတာပိတူနံ၊ မိဘတို့အား။ ကတံ ဝါ၊ ကျေးဇူးပြုအပ်ပြီးသည် လည်းကောင်း။ ပဋိကတံ (ဝါ) တုံ့ပြန်၍ ကျေးဇူးပြုအပ်ပြီးသည်လည်းကောင်း။ ဝါ၊ ကျေးဇူးဆပ်အပ် ပြီးသည်လည်းကောင်း။ နတွေဝ ဟောတိ၊ မဖြစ်နိုင်သည် သာလျှင်တည်း။

ထိုမျှလောက် ပခုံးပေါ်တင်၊ ကျင်ကြီးကျင်ငယ် စွန့်စေပြီး ကျေးဇူး ဆပ်ပါသော်လည်း ကျေးဇူးဆပ်ရာ မမည်သေးဘူးဟု မိန့်တော်မူပါတယ်။

## မိဘနှစ်ဦး ကျေးဇူးအဖိုးဖို့ ဆပ်မကုန်

မိဘတို့၏ ဂုဏ်ကျေးဇူးဟာ အလွန်ကြီးမား များပြားလှပါတယ်၊ မိဘတိုင်းဟာ သားသမီးများ ကျန်းမာ၍ အသက်ရှည်ရန် နည်းမျိုးစုံဖြင့် ပြုစုစောင့်ရှောက်ခဲ့ကြပါတယ်။ မိခင်တွေဟာ သားသမီးများကို နို့ချို တိုက်ကျွေးကာ ကြီးပွားအောင် စောင့်ရှောက် မွေးမြူခဲ့ကြပါတယ်။

ပေါ်လွင်ထင်ရှားအောင် အနည်းငယ်ပြောရမယ်ဆိုလျှင် ပဋိသန္ဓေ တည်နေသည့် အချိန်ကပင် မိမိမှာရှိနေတဲ့ သားငယ် သမီးငယ် ကလေးများ ချမ်းချမ်းသာသာမွေးဖွားလာဖို့ သည်းညည်းခံ စောင့်ရှောက်ခဲ့ရပါတယ်၊ ပြေးလွှားခုန်ပေါက် လှုပ်ရှားခြင်း စသည်တို့ကို မပြုလုပ်ဘဲ ရှောင်ရှားလျက် နေခဲ့ရသဖြင့် များစွာ ဒုက္ခရောက် ခဲ့ရပါတယ်၊ ဖွားမြင်လာတဲ့အခါ ပင်ပန်း ဆင်းရဲစွာ ဖွားမြင်ရသဖြင့် ဒုက္ခကြီးစွာ ခံစားခဲ့ကြရပါတယ်၊ မွေးဖွားပြီးနောက် ကျင်ကြီးကျင်ငယ် စတဲ့ အညစ်အကြေးများကို မရွံမရှာ သုတ်သင်ပေးခြင်း၊ ရေမိုးချိုးပေးလျက် သန့်စင်အောင် ပြုလုပ်ပေးခြင်း၊ မှက်ခြင် ယင်လေ နေပူ မြွေ ပျား ကင်း သန်း ကြမ်းပိုးတို့၏ ဘေးရန်များကို ပယ်ရှားပေးခြင်း၊ တစ်နေ့တခြား ကြီးပွားစေချင်လှ၍ မိမိရင်မှဖြစ်တဲ့ နို့ချိုကို တိုက်ကျွေး

www.burmeseclassic.com

www.burmeseclassic.com



ရခြင်း၊ ကြောက်လန့်ဖွယ်ရာဖြစ်တဲ့ အရပ်ဒေသများကိုပင် မရှောင်ရှားနိုင်ဘဲ သားသမီးများအတွက် အသက်ကိုစွန့်လျက် အလုပ်အကိုင် အရှာအဖွေ သွားရခြင်း၊ အသက်ကို ပဓာနမထားဘဲ စစ်မြေပြင်သို့ပင်လျှင် စစ်တိုက်ထွက်ရခြင်း၊ သားသမီးတို့ ပြောဆို၍ နားလည်လာတဲ့အခါ လိမ္မာရာ လိမ္မာကြောင်း နည်းကောင်းလမ်းပြ ကောင်းစွာ သွန်သင်ဆုံးမပေးရခြင်း၊ အချိန်တန်အရွယ်ရောက်၍ ပညာသင်ချိန်သို့ ရောက်လာပြန်တဲ့အခါ ကျောင်းစရိတ် အကုန်အကျခံပြီး မရှိမဲ့ရှိမဲ့ ရှာကြံ၍ မူလတန်းပညာ၊ အလယ်တန်းပညာ၊ အထက်တန်းပညာ၊ ကောလိပ်တက္ကသိုလ် စသည်များတွင် စာမေးပွဲများအောင်မြင်ပြီး ဂုဏ်ထူးဘွဲ့ထူးရအောင် မိမိတို့ မစားရက် မသောက်ရက်နှင့် အကုန်အကျခံပြီး ကျောင်းထားပေးရခြင်း စသဖြင့် မိဘများရဲ့ ဂုဏ်ကျေးဇူးများဟာ အလွန်ကြီးမားလှပါပေတယ်။

ထိုမျှလောက် ကျေးဇူးကြီးမားတဲ့ မိဘနှစ်ပါးကို လောကီနည်း အမျိုးမျိုးဖြင့် ကျေးဇူးဆပ်သော်လည်း ဘယ်နည်းနှင့်မျှ ဆပ်လို့ မကျေနိုင်ကြောင်းကို ဘုရားရှင်ဟောတော်မူခဲ့ပါတယ်၊ မိဘနှစ်ပါးတို့၏ ကျေးဇူးကို ကျေလည်အောင်ဆပ်မည်ဟု လက်ယာပခုံးပေါ်မှာ မိခင်ကိုတင်၊ လက်ဝဲပခုံးပေါ်မှာ ဖခင်ကိုတင်လျက် အသက်တစ်ရာရှည်တဲ့သူဟာ ထိုအနှစ်တစ်ရာ ကာလပတ်လုံး ပြုစုလုပ်ကျွေး ကျေးဇူးဆပ်သော်လည်း ကျေးဇူးမကျေနိုင်ကြောင်းကို ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။ (လောကီ ကျေးဇူးဆပ်နည်းဖြင့် သားသမီးက မိဘတို့ကိုပြုစုရမည့်ဝတ်(၅)ပါးကို ဝိနယောစ မင်္ဂလာမှာ ရေးခဲ့ပြီးပါပြီ။)

ဗ္ဗမိဿာ စ ဘိက္ခဝေ မဟာပထဝိယာ ပဟူတရတ္တရတနာယ မာတာပိတရော ဗ္ဗဿရာဓိပစ္စေ ပတိဋ္ဌာပေယျ၊ နတွေဝ ဘိက္ခဝေ မာတာပိတူနံ ကတံ ဝါ ပောတိ ပဋိကတံ ဝါ။ (အံ၊ ၁။၆၃)

ဘိက္ခဝေ၊ အိုချစ်သားတို့" စ၊ သည်သာမကသေး။ ပဟူတရတ္တရတနာယ၊ များသောတပ်မက်ဖွယ်ရာ ရတနာရှိသော။ ဗ္ဗမိဿာ မဟာပထဝိယာ၊ ဤမြေကြီး၏။ (ဝါ) ဤမြေကြီး၌။ မာတာပိတရော၊

www.burmeseclassic.com

www.burmeseclassic.com



မိဘတို့ကို။ ဣ္ဘသရာဓိပစ္စေ၊ စိုးမိုးအုပ်ချုပ်သူ ဟူသော အကြီးအကဲ အဖြစ် ရှိသော။ (ဝါ) စိုးမိုးအုပ်ချုပ် အကြီးအကဲ ပြုလုပ်ခြင်းရှိသော။ ရဇ္ဇေ၊ စကြဝတေးမင်းအဖြစ်၌။ (ဝါ) စကြဝတေးမင်း၏ရာထူး၌။ ပတိဋ္ဌာပေယျ၊ တည်စေငြားအံ့။ ဘိက္ခဝေ၊ တို့။ (ဧဝံ၊ ဤသို့ပင် တည်စေပါသော်လည်း။) မာတာပိတူနံ၊ မိဘနှစ်ပါးတို့အား၊ ကတံ ဝါ၊ ကျေးဇူးပြုအပ်ပြီးသည် လည်းကောင်း။ ပဋိကတံ ဝါ၊ တုန့်ပြန်၍ ကျေးဇူးပြုအပ်ပြီးသည် လည်းကောင်း။ နတွေဝ ဟောတိ၊ မဖြစ်နိုင်သေးသည်သာလျှင်တည်း။

**တိုရှင်းလိုရင်း။** မိဘနှစ်ပါးကို စကြဝတေးမင်းအရာ ထားပြီး ကျေးဇူးဆပ်ငြားသော်လည်း ကျေးဇူးမကျေနိုင်ဘူးလို့ ဘုရားရှင် မိန့်တော်မူပါတယ်။

(၁) ဗြဟ္မာတိ မာတာပိတရော၊ ပုဗ္ဗာစရိယာတိ ဝုစ္စရေ။
အာဟုနေယျာ စ ပုတ္တာနံ၊ ပဇာယ အနုကမ္ပကာ။
(အံ၊ ၃။၁၃၁)

မာတာပိတရော၊ မိဘနှစ်ပါးတို့ကို။ ပုတ္တာနံ၊ သားသမီးတို့၏။ ဗြဟ္မာတိ၊ ဗြဟ္မာတို့ဟူ၍လည်းကောင်း။ ပုဗ္ဗာစရိယာတိ၊ လက်ဦးဆရာတို့ဟူ၍လည်းကောင်း။ ပုတ္တာနံ၊ သားသမီးတို့၏။ အာဟုနေယျာတိ စ၊ အဝေးမှ ဆောင်ယူလာခဲ့၍ ပေးကမ်းအပ်သမျှ ကောင်းနိုးရာရာ စားသောက်ဖွယ် စသည်ကို လက်ခံထိုက်သူတို့ဟူ၍လည်းကောင်း။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။ (မာတာပိတရော၊ မိဘနှစ်ပါးတို့သည်။) ပဇာယ၊ သားသမီးကို။ အနုကမ္ပကာ၊ ငဲ့ညှာထောက်ထား သနားတတ်ကြကုန်၏။

မိဘနှစ်ပါးတို့ကို ဗြဟ္မာဟုလည်းကောင်း၊ လက်ဦးဆရာဟု လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်ဟုလည်းကောင်း ခေါ်ဆိုထိုက်ကြောင်း ဘုရားရှင် မိန့်တော်မူပါတယ်။

(၂) တသ္မာ ဟိ နေ နမဿေယျ၊ သက္ကရေယျ စ ပဏ္ဍိတော။
အန္နေန အထ ပါနေန၊ ဝတ္ထေန သယနေန စ။

www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာဒနေန နှာပနေန၊ ပါဒါနံ ဓောဝနေန စ။

(အံ၊ ၁။ ၁၃၁)

တသ္မာ ဟိ၊ ထို့ကြောင့်ပင်လျှင်။ ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိပညာရှိသားသမီးကောင်းသည်။ နေ၊ ထိုမိဘတို့ကို။ နမဿေယျ စ၊ ရှိခိုးလည်းရှိခိုးထိုက်ပါပေ၏။ အန္နေန စ၊ ခဲဘွယ်ဘောဇဉ်ဖြင့်လည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ ပါနေန စ၊ သောက်ဖွယ်အဖျော်ယမကာဖြင့်လည်းကောင်း။ ဝတ္ထေန စ၊ အဝတ်အထည်ဖြင့်လည်း ကောင်း။ သယနေန စ၊ အိပ်ရာနေရာဖြင့်လည်းကောင်း။ ဥစ္စာဒနေန စ၊ နံ့သာဖြင့် ပွတ်တိုက်လိမ်းကျံပေးခြင်းဖြင့် လည်းကောင်း။ နှာပနေန စ၊ ရေချိုးပေးခြင်းဖြင့် လည်းကောင်း။ သက္ကရေယျ စ၊ ကောင်းစွာ ပြုစုလုပ်ကျွေး ထိုက်ပါပေ၏။

အမျှော်အမြင်ရှိ အသိအလိမ္မာဉာဏ်ပညာရှိတဲ့ သားသမီးများဟာ မိဘတို့ကို ရှိခိုးထိုက်ပါတယ်၊ စားသောက်ဖွယ်ရာ အဖြာဖြာ တွေနဲ့လည်း ကျွေးမွေးပြုစု လုပ်ကျွေး ထိုက်ပါတယ်။

(၃) တာယ နံ ပါရိစရိယာယ၊ မာတာပိတူသု ပဏ္ဍိတာ။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။

(အံ၊ ၁။ ၁၃၁)

မာတာပိတူသု၊ မိဘနှစ်ပါးတို့၌။ တာယ ပါရိစရိယာယ၊ ထိုသို့ပြုစုလုပ်ကျွေးခြင်းကြောင့်။ ပဏ္ဍိတာ၊ ပညာရှိသူတော်ကောင်းတို့သည်။ နံ၊ ထိုပြုစုလုပ်ကျွေးသော သားသမီးကို။ ဣဓေဝ၊ ဤမျက်မှောက် ဘဝ၌ပင်လျှင်။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။ (သော၊ ထိုသားသမီး သည်။) ပေစ္စ၊ တမလွန်ဘဝသို့ သွားရောက်၍။ သဂ္ဂေ၊ နတ်ပြည်၌။ ပမောဒတိ၊ မွေ့လျော်ဝမ်းမြောက်ရ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူလေပြီ။

မိဘတို့ကို ပြုစုလုပ်ကျွေးတဲ့ သားသမီးများဟာ ယခုမျက်မှောက်ဘဝမှာလည်း ပညာရှိသူတော်ကောင်းတို့ရဲ့ ချီးမွမ်းခြင်းကို ခံကြရပါတယ်။ တမလွန်ဘဝကျပြန်တော့လည်း နတ်ရွာသုဂတိသို့ ရောက်ပြီး ဝမ်းမြောက်ပျော်ရွှင်စွာ နေကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၄) ယော မာတရံ ပိတရံ ဝါ၊ ဇိဏ္ဏကံ ဂတယောဗ္ဗနံ။
ပဟုသန္တော န ဘရတိ၊ တံ ပရာဘဝတော မုခံ။
(သုတ္တနိပါတ။ ၂၉၅။ ပရာဘဝသုတ်)

ယော၊ အကြင်သူသည်။ ဂတယောဗ္ဗနံ၊ အရွယ်လွန်လေပြီး ဖြစ်၍။ ဇိဏ္ဏကံ၊ အိုမင်းလေပြီးသော။ မာတရံ ဝါ၊ အမိကို လည်းကောင်း။ ပိတရံ ဝါ၊ ဖခင်ကိုလည်းကောင်း။ ပဟုသန္တော၊ ကျွေးမွေးခြင်းငှာ စွမ်းနိုင်သည်ဖြစ်ပါလျက်။ န ဘရတိ၊ မကျွေးမွေး မပြုစု။ တံ၊ ထိုမပြုစုခြင်းသည်။ ပရာဘဝတော၊ ပျက်စီးခြင်း၏။ မုခံ၊ အကြောင်းရင်းပါပေတည်း။

အသက်အရွယ်ကြီးတဲ့ မိဘတို့ကို ပြုစုလုပ်ကျွေးနိုင်ပါလျက် မပြုစု မလုပ်ကျွေးခြင်းဟာ ပျက်စီးခြင်း၏ အကြောင်းရင်းပင် ဖြစ်ပါတယ်။ မကြာခင် ပျက်စီးတော့မယ်။

(၅) ဓနမ္ပိ ဓနကာမာနံ၊ နဿတိ ဣတိ မေ သုတံ။
မာတရံ အပရိစရိတွာ၊ ကိစ္ဆံ ဝါ သော နိဂစ္ဆတိ။
(ဇာတက၊ ၂။ ၈၁)

မာတရံ၊ မွေးသည့်မိခင် ကျေးဇူးရှင်ကို။ အပရိစရိတွာ၊ လုပ်ကျွေးမွေးမြူခြင်းကို မပြုသောကြောင့်။ ဓနကာမာနမ္ပိ၊ ရွှေ ငွေ ဘဏ္ဍာ ပစ္စည်းဥစ္စာကို အလိုရှိသော ပုဂ္ဂိုလ်တို့၏လည်း။ ဓနံ၊ ရွှေ ငွေ ဘဏ္ဍာ ဥစ္စာပစ္စည်း သည်။ နဿတိ၊ တစ်နေ့တစ်ခြား ပျက်ပြားဆုတ်ယုတ်၏။ ဣတိ၊ ဤသို့။ မေ၊ ငါသည်။ သုတံ၊ ကြားဖူး၏။ သော၊ ထိုမိဘကို မလုပ်ကျွေးသောသူသည်။ ကိစ္ဆံ ဝါ၊ ချမ်းသာကင်းမဲ့ ဆင်းရဲခြင်းသို့လည်း။ နိဂစ္ဆတိ၊ မုချမသွေ ရောက်ရလေ၏။

မိဘတို့ကို မပြုစု မလုပ်ကျွေးခြင်းကြောင့် ပစ္စည်းဥစ္စာ ရတနာ ရွှေ ငွေတို့ဟာ တစ်နေ့တခြား ပျက်ပြားဆုတ်ယုတ်ခြင်းသို့ ရောက်ရှိလာပြီး သေတော့လည်း ဆင်းရဲတဲ့ဘဝသို့ ရောက်သွားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## လောကုတ္တရာမင်္ဂလာ

ယော စ ခေါ ဘိက္ခဝေ မာတာပိတရော အဿဒ္ဓေ သဒ္ဓါသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ၊ ဒုဿီလေ သီလသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ၊ မစ္ဆရီ စာဂသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ၊ ဒုပ္ပညေ ပညာသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ၊ ဧတ္တာဝတာ ခေါ ဘိက္ခဝေ မာတာပိတူနံ ကတဉ္စ ဟောတိ ပဋိကတဉ္စာတိ။ (အံ၊ ၁။၆၃)

(၁) ဘိက္ခဝေ၊ အိုချစ်သားတို့။ စ ခေါ၊ ကျေလည်အောင် ကျေးဇူးဆပ်နိုင်မည့် နည်းလမ်းကို ပြရမည်ဆိုလျှင်။ ယော၊ အကြင် သားသမီးသည်။ အဿဒ္ဓေ၊ သဒ္ဓါတရား မရှိကုန်သေးသော။ မာတာ-ပိတရော၊ မိဘတို့ကို။ သဒ္ဓါသမ္ပဒါယ၊ သဒ္ဓါတရားနှင့်ပြည့်စုံခြင်း၌။ **သမာဒ ပေတိ၊** ဆောက်တည်စေအံ့။ နိဝေသေတိ၊ သက်ဝင်စေအံ့။ ပတိဋ္ဌာပေတိ၊ တည်စေအံ့။

မိဘနှစ်ပါး သဒ္ဓါတရားမရှိသေးလျှင် သဒ္ဓါတရားရှိအောင်၊ သဒ္ဓါတရား အားနည်းနေသေးလျှင် များလာအောင် နည်းပရိယာယ် အမျိုးမျိုးဖြင့် ပြုလုပ်ပေးရမယ်။ သားသမီးက မိဘကို ပြောဆိုဖို့ရာ အလွန် အခက်အခဲရှိပါတယ်။ နားဝင်ချို လိုက်နာချင်လာအောင် နည်းပရိယာယ် မျိုးစုံသုံးပြီး ပြုလုပ်ပေးကြရမှာဖြစ်တယ်။ သို့မဟုတ်က "နင်တို့ကို ငါက မွေးထားတာ၊ ဆရာလာမလုပ်နှင့်" လို့ ပြောဆိုတတ်ပါတယ်၊ အထူး သတိထား ပြောဆိုရမှာဖြစ်တယ်။

(၂) ဒုဿီလေ၊ သီလမရှိကုန်သေးသော။ မာတာပိတရော၊ မိဘတို့ကို။ သီလသမ္ပဒါယ၊ သီလနှင့်ပြည့်စုံခြင်း၌။ သမာဒပေတိ၊ ဆောက် တည်စေအံ့။ နိဝေသေတိ၊ သက်ဝင်စေအံ့။ ပတိဋ္ဌာပေတိ၊ တည်စေအံ့။

သီလမရှိသေးလျှင် သီလရှိအောင်၊ သီလအားနည်းနေလျှင် များလာအောင် တိုက်တွန်းပေးရမှာဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



(၃) မစ္ဆရီ၊ ဝန်တိုနှမြောခြင်းရှိကုန်သော။ မာတာပိတရော၊ မိဘတို့ကို။ စာဂသမ္ပဒါယ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌။ သမာဒပေတိ၊ ဆောက်တည်စေအံ့။ နိဝေသေတိ၊ သက်ဝင်စေအံ့။ ပတိဋ္ဌာပေတိ၊ တည်စေအံ့။

မလှူချင်လျှင် လှူချင်လာအောင် နည်းအမျိုးမျိုးဖြင့် စကား ချိုသာစွာ နားဝင်လာအောင် တိုက်တွန်းပြောဆိုပေးရမယ်။

(၄) ဒုပ္ပညေ၊ ပညာမရှိကုန်သေးသော။ (ဝါ) အသိအလိမ္မာ ဉာဏ်ပညာ အားနည်းကုန်သော။ မာတာပိတရော၊ မိဘတို့ကို။ ပညာ သမ္ပဒါယ၊ ပညာနှင့်ပြည့်စုံခြင်း၌။ (ဝါ) အသိ အလိမ္မာဉာဏ်ပညာ တိုးပွား ခြင်း၌။ သမာဒပေတိ၊ ဆောက်တည်စေအံ့။ နိဝေသေတိ၊ သက်ဝင်စေအံ့။ ပတိဋ္ဌာပေတိ၊ တည်စေအံ့။

သမထ ဝိပဿနာတရားများ အားမထုတ်ချင်ရင် ဝါသနာ-မရှိရင် အားထုတ်ချင်လာအောင်, ဝါသနာရှိလာအောင်, တရားဘက်မှာ စိတ်ဝင်စား လာအောင် တိုက်တွန်းနှိုးဆော်ပေးရမှာ ဖြစ်တယ်။

ဘိက္ခဝေ၊ အိုချစ်သားတို့။ ဧတ္တာဝတာ၊ ဤမျှလောက် အတိုင်း အရှည်ရှိသော သဒ္ဓါ သီလ စာဂ ပညာ လေးဖြာသောတရား၌ တည်စေ ခြင်းဖြင့်။ တေဟိ၊ ထိုသားသမီးတို့သည်။ မာတာပိတူနံ၊ မိဘတို့အား။ ကတဉ္စ၊ ကျေးဇူးပြုအပ်ပြီးသည်လည်းကောင်း။ ပဋိကတဉ္စ၊ တုန့်ပြန်၍ ကျေးဇူးဆပ်အပ်ပြီးသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ က္တတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူလေပြီ။

သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ လေးဖြာသောတရားများ မိဘနှစ်ပါး တို့ရဲ့ သန္တာန်မှာ တည်ရှိလာအောင် ပြုလုပ်ပေးခြင်းဟာ မိဘတို့အပေါ် စစ်မှန်တဲ့ ကျေးဇူးဆပ်ခြင်း ဖြစ်ပါတယ်။

အပိ စ ယော မာတာပိတရော တီသု ဝတ္ထူသု ပသာဒုပ္ပါဒနေန သီလသမာဒါပနေန ပဗ္ဗဇ္ဇာယ ဝါ ဥပဋ္ဌဟတိ၊ အယံ မာတာပိတု ဥပဋ္ဌာနံ

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂေါ၊ တဿ တံ မာတာပိတုဥပဋ္ဌာနံ မာတာပိတူဟိ ကတဿ ဥပကာရဿ ပစ္စုပကာရဘူတံ အနေကေသံ ဒိဋ္ဌဓမ္မိကာနံသမ္ပရာယိကာနဉ္စ အတ္ထာနံ ပဒဋ္ဌာနတော မင်္ဂလန္တိ ဝုစ္စတိ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၁၆။သုတ္တနိပါတ၊ ဋ္ဌ၊၂။၂၁)

အကြွင်သူသည် မိဘတို့ကို ရတနာသုံးပါး၌ ကြည်ညိုစေခြင်း၊ သီလကို ဆောက်တည်စေခြင်း၊ ရှင်ရဟန်းပြုပေးခြင်းဖြင့် ကျေးဇူးဆပ်ပြုစုလုပ်ကျွေးပါတယ်။ မိဘတို့ကို ပြုစုလုပ်ကျွေးသောသူတို့တွင် ရတနာသုံးပါး၌ ကြည်ညိုစေခြင်း စသည်တို့ဖြင့် ကျေးဇူးဆပ် ပြုစုလုပ်ကျွေးသူဟာ အမြတ်ဆုံး ဖြစ်ပါတယ်။

မိဘတို့က ပြုစုကျွေးမွေးစောင့်ရှောက်ထားတဲ့ ကျေးဇူးများကို တုန့်ပြန်၍ ရတနာသုံးပါး၌ ကြည်ညိုစေခြင်း စသည်တို့ဖြင့် ကျေးဇူး ဆပ်ခြင်း ပြုစုလုပ်ကျွေးခြင်းကို ပစ္စုပ္ပန် တမလွန်နှစ်တန်သော လောက၌ ခံစားရရှိမယ့် အကျိုးတရားတို့ရဲ့ အနီးကပ်ဆုံး အကြောင်းတရားဖြစ်လို့ အမြတ်ဆုံး မင်္ဂလာ ဟူ၍ ခေါ်ဆိုအပ်ပါတယ်။

## လောကီ မာတာပိတု ဥပဋ္ဌာနံ မင်္ဂလာ

ပထမအရွယ်မှာ ပေါင်းသင်းဆက်ဆံရေးနှင့် ပညာရေး အရေးကြီးတယ်၊ ဒုတိယအရွယ်မှာ ဥစ္စာရဖို့ ကြီးပွားအောင် အလုပ်လုပ်ဖို့ ဗုဒ္ဓဘုရားရှင် ဟောတော်မူခဲ့ပါတယ်။ တကယ်အလုပ်လုပ်တော့ အဟုတ်ကြီးပွားချမ်းသာတာ ဘယ်သူလဲလို့ အကြောင်းရှာတဲ့အခါ ကြီးပွားခြင်းရဲ့ အကြောင်းရင်းဟာ ကျေးဇူးရှင်ဖြစ်တဲ့ မိဘနှစ်ပါးပဲ ဖြစ်တယ်။

ကျေးဇူးရှင်ဖြစ်လို့ အရေးကြီးလှတဲ့ မိဘနှစ်ပါးကို လုပ်ကျွေးဖို့ အချိန်ရောက်လာတဲ့အခါ အနီးဆုံးကျေးဇူးဆပ်ရမှာမို့ မာတာပိတု ဥပဋ္ဌာနံ လို့ ဟောတော်မူခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



မိဘဆိုတာ မြင့်မိုရ်မေရု နှိုင်းတု စရာ၊ မြေထုမက၊ ကြီးမားလှတဲ့ ကျေးဇူးရှင်တွေပါ။ နှိုင်းစရာမထင် တိုင်းစရာမမြင်၊ ကျေးဇူးဂုဏ်အင် အလွန်ပင်ကြီးလွန်းလို့ ဘုရားရှင်က အများသတ္တဝါတွေကို သနားတော်မူလို့ ဆုံးမတဲ့ ပါတုပေါ်သကသုတ္တန်မှာ-

ဗဟူပကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ -လို့ ထုတ်ဖော်ကာ ဟောကြားတော်မူခဲ့ပြန်ပါတယ်။

ပြဟ္မာကြီးနှင့်တူတာ မိဘနှစ်ဖြာ၊ အိမ်ဦးနတ်နှင့် တူတာ မိဘနှစ်ဖြာ၊ လက်ဦးဆရာဆိုတာ မိဘနှစ်ဖြာ၊ အလှူခံပုဂ္ဂိုလ်ဆိုတဲ့ ဘွဲ့ထူးရတာ မိဘနှစ်ဖြာ၊ အဲဒါကို လုပ်ကျွေးဖို့ အရေးကြီးကြောင်း ဘုရားရှင် ဟောတော်မူခဲ့တာ ဖြစ်ပါတယ်။ မိဘကို ပစ်ထားရင် ဘုရားရှင်က ပြဟ္မသံယုတ်မှာ ကဲ့ရဲ့တော်မူထားပါတယ်။ "မိဘကို ပစ်ထားတဲ့လူဟာ လက်သုံးတော်တောင်ဝေ့းလောက်မှ အားမကိုးရတဲ့လူ" လို့ ဘုရားရှင် ကဲ့ရဲ့တော်မူပါတယ်။ ဒါ့ကြောင့် မိဘနှစ်ပါးကို ကောင်းမွန်စွာ လုပ်ကျွေးမှ မြတ်လှတဲ့ မင်္ဂလာဖြစ်လို့ မာတာပိတု ဥပဋ္ဌာနံ လို့ ဟောတော်မူခဲ့တာ ဖြစ်ပါတယ်။

မာတာ၊ အမိ။ ပိတု၊ အဖ။ ဥပဋ္ဌာနံ၊ လုပ်ကျွေးရမယ်၊ မွေးမြူရမယ်။ ယခု လူဖြစ်လာတဲ့ အချိန်ကစပြီး မိဘတို့ကို လုပ်ကျွေးကြရဲ့လား ဆိုတော့ ဘုရားရှင်အလိုတော်ကျ လုပ်ကျွေးတဲ့သူ ရှားပါတယ်၊ ယခုခေတ် သားသမီးတွေဟာ မိဘလုပ်ကျွေးဖို့ နားလည်တဲ့သူ ရှားပါတယ်၊ ဒါ့ကြောင့် မင်္ဂလာကင်းမဲ့နေကြပါတယ်။ မင်္ဂလာကင်းမဲ့နေကြလို့ ဆင်းရဲဒုက္ခ အမျိုးမျိုးရောက်ကြရတယ်၊ ငါ့အမေအိုကြီးနှင့် ငါ့အဖေအိုကြီးကို ပြုစုလုပ်ကျွေးဦးမယ်ဆိုပြီး ဘုရားရှင်အလိုတော်ကျ ပြုစုလုပ်ကျွေးကြရမယ်၊ ဒါမှ မင်္ဂလာဖြစ်ပါတယ်။

မိမိတို့ အိမ်ထောင်ကျသွားပြီးတဲ့အခါ မင်္ဂလာတရားတော်အတိုင်း ဟင်းတစ်ခွက်ဖြစ်ဖြစ် ပေးကမ်းရမှာ ဖြစ်တယ်၊ သူ့ဟာသူ မစားချင်လို့ သွန်ပစ်ချင် သွန်ပစ်ပါစေ၊ ကိုယ်က စေတနာ သန့်သန့် လေးနဲ့ ပို့ပေးရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ပို့ပေးရမယ်၊ ဒါ လောကီမင်္ဂလာ ဖြစ်ပါတယ်။

## လောကုတ္တရာ မာတာပိတု ဥပဋ္ဌာန် မင်္ဂလာ

မိဘတို့ကို လောကုတ္တရာနှင့် ဘယ်လို ကျေးဇူးဆပ်ကြမလဲ။ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဟာ မိခင် ရူပသာရီပုဏ္ဏေးမကြီးကို သဏ္ဍာယဒိဋ္ဌိပြုတ်သွားအောင် ကျေးဇူးဆပ်ပုံကို အတုယူပြီး ကျေးဇူးဆပ်သွားကြမှာ ဖြစ်ပါတယ်။

## လောကုတ္တရာအတွက် ကျေးဇူးဆပ်ရာ အတုယူစရာ

မြတ်စွာဘုရားကို အရှင်သာရိပုတ္တရာ လျှောက်ထားပါတယ်။

"တပည့်တော်ရဲ့မွေးသမိခင် ကျေးဇူးရှင်ကြီးဟာ ငယ်စဉ်တောင်ကျေးကလေးဘဝကစပြီး ထမင်းဝါးဖတ်ကလေးခွံ့ပြီး နို့ချို တိုက်ကျွေးလျှက် လူဖြစ်လာအောင် မွေးမြူလာခဲ့တာ ဖြစ်လို့ အင်မတန်ကျေးဇူးကြီးမားလှပါတယ်ဘုရား။ မိခင်ကြီးဟာ ပစ္စည်း ဥစ္စာတွေကတော့ စားလို့ မကုန်၊ သောက်လို့ မကုန်၊ ဘယ်ဟာဖြင့် လိုပါသေးတယ် လို့ ပြောစရာ မရှိအောင် ချမ်းသာပါတယ်ဘုရား၊ လောကီမင်္ဂလာနှင့်ဖြင့် ကျေးဇူးဆပ်စရာ မရှိသလောက်ဖြစ်နေ၍ လောကီမင်္ဂလာဖြင့် ကျေးဇူးမဆပ်ခဲ့ပါဘူးဘုရား၊ အရှင်ဘုရားဟောတော်မူတဲ့ မာတာပိတု ဥပဋ္ဌာန် မင်္ဂလာအရ တပည့်တော်ရဲ့ မိခင်ကြီးကို လောကုတ္တရာ မင်္ဂလာနဲ့ ပြုစုလုပ်ကျွေး ကျေးဇူးဆပ်ပါ ရစေဘုရား" လို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက "သာဓု . . သာဓု . . သာဓု" လို့ သုံးကြိမ် ခေါ် ဆိုတော်မူပြီး "ချစ်သား သာရိပုတ္တရာဟာ မိဘကျေးဇူးကို တကယ်သိတဲ့ သားကြီးပါကလား"လို့ မြတ်စွာဘုရား ချီးကျူးတော် မူခဲ့ပါတယ်။

"ချစ်သား သာရိပုတ္တရာ၊ သင်ဘယ်အချိန် မိဘများနေတဲ့ ရွာကို ကြွမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်ဟာ ဟိုအတိတ်ဘဝက လင်းနို့သား ငါးရာ ဖြစ်ခဲ့ဖူးတဲ့ တပည့်တွေအားလုံးကို ပန်ကြားပြီး အရှင်ဘုရားကိုလည်း တပည့်တော် ကန်တော့ပြီး သွားပါ့မယ်ဘုရား"

"ချစ်သား သာရိပုတ္တရာ၊ ဒီလို မိဘကို လောကုတ္တရာမဂ်လာနဲ့ လုပ်ကျွေးဖို့ သွားတဲ့အခါ လင်းနို့သားငါးရာဖြစ်ခဲ့ဖူးတဲ့ တပည့်တွေနှင့်အတူ ငါဘုရားကို တရားဟောခဲ့ပါဦး" ဟု မိန့်တော်မူပါတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် တရားနာတော်မူပါတယ်။ အရှင်သာရိပုတ္တရာကလဲ ဒေသနာအရာမှာ အင်မတန် ကျွမ်းကျင်ပြီး ယှဉ်လို့ မရဘူး၊ သဗ္ဗညုတဉာဏ်ကို မရလို့ပေါ့၊ ရများသာ ရခဲ့လျှင် သူလဲ ဘုရားပဲ-လို့ ဆိုရမလောက် ပါပဲ၊ ဒါနဲ့ ဈာန်သမာပတ်တွေ ဝင်စားလျက် တရားဟောပြီး နာဠကရွာသို့ ကြွသွားပါတယ်။

မယ်တော်ပုဏ္ဏေးမကြီးဆီရောက်တော့ မယ်တော်ပုဏ္ဏေးမကြီးက "သားကြီး၊ ဘာဖြစ်လို့ ကြွလာတာလဲ၊ သာသနာတော်မှာ မပျော်လို့လား၊ အသက်အရွယ်ကြီးကာမှ ငါ့သားရယ် လူထွက်ဖို့များ စိတ်မကူးပါနှင့်"ဟု ပုထုဇဉ်တို့ရဲ့ သဘာဝ မုန်းဆရမ်းဆပြီး ပြောပါတယ်။

"ဒီကိစ္စကြောင့် ကြွလာတာမဟုတ်ပါဘူး၊ မယ်တော်ရဲ့ ကျေးဇူးတွေဟာ အင်မတန်များလွန်းလို့ သားတော်ကျေးဇူးဆပ်ချင်လို့ လာခဲ့တာပါ"

"ဘာတွေများ ကျေးဇူးဆပ်မလို့ပါလိမ့်"ဟု စဉ်းစားနေခိုက် "မယ်တော်၊ သားတော်ကို မွေးဖွားစဉ်က ဘယ်အခန်းမှာ မွေးဖွားခဲ့ပါသလဲ" လို့ မေးတဲ့အခါ

"ဟောဒီဘက် အနောက်ခန်းမှာ မွေးဖွားခဲ့ပါတယ်၊ အဲဒီတိုက်ခန်းမှာပဲ သားတော်ကို ထားပါတယ်ဆိုပြီး" သူ့ကို မွေးဖွားခဲ့တဲ့ တိုက်ခန်းကို ပြပါတယ်။ အရှင်သာရိပုတ္တရာဟာ အဲဒီတိုက်ခန်းထဲမှာပဲ မယ်တော် ပုဏ္ဏေးမကြီးကို သက္ကာယဒိဋ္ဌိပြုတ်တရား ဟောကြားတော်မူတဲ့အခါ မယ်တော်ပုဏ္ဏေးမကြီးဟာ သက္ကာယဒိဋ္ဌိပြုတ်ပြီး သောတာပတ္တိမဂ်ဉာဏ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ကိုမြင်လျက် သောတာပန် ဖြစ်သွားပါတယ်။ ဒါ မာတာပိတု ဥပဋ္ဌာန် လောကုတ္တရာ မင်္ဂလာလို့ ခေါ်ပါတယ်။

## သတ္တာယဒိဋ္ဌိပြုတ်သွားပုံ တိုရှင်း လိုရင်း

ဗုဒ္ဓဂုဏပဋိသံယုတ္တံ ဓမ္မဒေသနံ ကထေသိ။ ဗြာဟ္မဏီ ပိယပုတ္တဿ ဓမ္မဒေသနာပရိယောသာနေ သောတာပတ္တိဖလေ ပတိဋ္ဌာယ ပုတ္တံ အာဟ "ဥပတိဿ ကသ္မာ ဧဝမကာသိ၊ ဧဝရူပံ နာမ အမတံ မယှံ ဧတ္တကံ ကာလံ န အဒါသီ" တိ။ (ဒီ၊ ဋ၊ ၂။ ၁၃၄)

မယ်တော် ပုဏ္ဏေးမကြီးကို အရှင်သာရိပုတ္တရာက အရဟံ အစ ဘဂဝါ အဆုံးရှိတဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်နှင့် စပ်ယှဉ်တဲ့ တရားတော်ကို ဟောကြားတော်မူပါတယ်၊ ဒေသနာအဆုံးမှာ မယ်တော်ကြီးဟာ သောတာပတ္တိဖိုလ်၌ တည်သွားပါတယ်။ "ထိုကဲ့သို့ အမြိုက်တရားကို ဤမျှ လောက်တဲ့ အထိတောင် ဘာဖြစ်လို့ မပေးဘဲ ထားရသလဲ" လို့ မယ်တော် ပုဏ္ဏေးမကြီးက အပြစ်တင် စကားပြောကြားပါတယ်။ ဤနေရာမှာ ရှုပသာရီပုဏ္ဏေးမကြီးရဲ့ စိတ်အစဉ်မှာ ဘုရားရှင်ရဲ့ ဂုဏ်တော်ကို အာရုံပြုပြီး ဝိပဿနာဉာဏ် အမြင်မှန်နဲ့ သောတာပန်ဖြစ်သွားပုံဟာ လိုရင်းအချုပ် ဖြစ်ပါတယ်။

## ဒေသနာနှင့် နှိုင်းယှဉ်ကြည့်ရန်

ဗုဒ္ဓဂုဏပဋိသံယုတ္တံ ကထံ အာဒိမဇ္ဈပရိယောသာနတော အဘေသာသိ၊ သုတွာ "ဧဝံ ဝိဝိဓဂုဏသမန္နာဂတော ဗုဒ္ဓေါ" တိ ဗုဒ္ဓါရမ္မဏံ ပီတိံ ဥပ္ပါဒေတွာ တာယ နီဝရဏာနိ ဝိက္ခမ္ဘေတွာ တတ္ထေဝ ဋ္ဌိတာ သောတာပတ္တိဖလေ ပတိဋ္ဌာသိ။ (သုတ္တနိပါတ၊ ဋ၊ ၁။ ၂၀၅)

ဘုရားရှင်ရဲ့ ဂုဏ်တော်နှင့် စပ်ယှဉ်၍ ဟေမဝတနတ်မင်းကြီး က မေးပြီး သာတာဂိရိနတ်မင်းကြီးက ဖြေဆိုတဲ့ စကားသံတို့ကို အစ၊ အလယ်၊ အဆုံး နားထောင်ပြီး "အထူးထူးသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော် မူတဲ့ ဘုရားရှင်အစစ်အမှန် ဖြစ်တယ်" ဟု ဂုဏ်တော်ကို အာရုံပြုလျက် နှစ်သိမ့်မှုပီတိ ဖြစ်ပေါ်လာပါတယ်၊ ပီတိဖြစ်တော့ ပဿဒ္ဓိငြိမ်အေးမှု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာတယ်၊ ငြိမ်းအေးမှုကြောင့် တည်ငြိမ်တဲ့ သမာဓိဖြစ်ပြီး ကာမစ္ဆန္ဒ စတဲ့ နိဝရဏတရားတွေကို (လောဘ-ဒေါသ စတဲ့ တရားတွေကို) ပယ်ခွါလျက် သမထဘာဝနာမှ ဝိပဿနာဘာဝနာသို့ရောက်ပြီး ကာဠီသူဌေးသမီးလေး သောတာပတ္တိဖိုလ်၌ တည်သွားပါတယ်။

ဓမ္မာ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။

(ပဋိသံ ဝါ။ ၃၆၂)

ဘုရားရှင်ရဲ့ ဂုဏ်ကို အာရုံပြုပြီး ကြည်ညိုနေတဲ့ စိတ်ကို အတ္တမှ သုဉ်းဆိတ်နေပုံ၊ အတ္တနိယမှ သုဉ်းဆိတ်နေပုံ၊ မြဲတဲ့သဘော တရားမှ သုဉ်းဆိတ်နေပုံ၊ ခိုင်ခံ့တဲ့ သဘောတရားမှ သုဉ်းဆိတ်နေပုံ၊ အမြဲတည် နိုင်တဲ့ သဘောတရားမှ သုဉ်းဆိတ်နေပုံကို အမှန်မြင်တဲ့ မဂ္ဂသစ္စာဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားပါတယ်။

**ကောက်နုတ်ချက်။** ရှုပသာရီပုဏ္ဏေးမကြီးရဲ့ စိတ်အစဉ်မှာ မြဲတဲ့ သဘောတရားမရှိ သုဉ်းဆိတ်နေပုံ၊ ခိုင်ခံ့တဲ့ သဘောတရားမရှိ သုဉ်းဆိတ်နေပုံ၊ အမြဲတည်နိုင်တဲ့ သဘောတရားမရှိ သုဉ်းဆိတ် နေပုံကို ခယဋ္ဌ အနိစ္စဖြင့် မြင်ပြီး သေပြီးရင် ပြဟ္မာဖြစ်တယ်၊ ဘယ်တော့မှ မပြောင်း ရွှေ့ရတော့ဘူး၊ မြဲတယ် ခိုင်ခံ့တယ်၊ အမြဲတည်နေတယ်လို့ ယူတဲ့ သဿတဒိဋ္ဌိ ဖြစ်ပျက်ဆုံးပြီး သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သွားပါတယ်။

(အကျယ်သိလိုက ဒဿနသမ္ဗဒါလမ်းပြကျမ်းမှာ ရှုလေ။)

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက မယ်တော်ကြီးကို ကျေးဇူးဆပ်သွားပါတယ်။ ဒါဟာ လောကုတ္တရာ မာတာပိတု ဉပဋ္ဌာန် မင်္ဂလာဖြစ်ပါတယ်။ မယ်တော်ပုဏ္ဏေးမကြီးဟာ ကုဋေပေါင်းများစွာ ချမ်းသာပါတယ်။ ချမ်းသာတော့ ဟင်းတစ်ခွက်ပေးစရာလဲ မလိုဘူး၊ ကျွေးစရာမွေးစရာလဲ မလိုဘူး၊ အဝတ်အစားပေးစရာလဲ မလိုဘူး၊ ဒီတော့ တရားနဲ့ ကျေးဇူးဆပ်သွားပါတယ်။ သက္ကာယဒိဋ္ဌိပြုတ်အောင်၊ သောတာပန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင်၊ အနိစ္စဉာဏ် အနတ္တဉာဏ်မြင်အောင် လောကုတ္တရာ မင်္ဂလာဖြင့် ကျေးဇူးဆပ်သွားပါတယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ မယ်တော် မိနတ်သားအမှူးရှိသော နတ်ပြဟ္မာအပေါင်းတို့အား တာဝတိံသာ နတ်ပြည်မှာ အဘိဓမ္မာတရားနဲ့ ကျေးဇူးဆပ်တော်မူခဲ့ပါတယ်။ ဒါဟာ မာတာပိတု ဥပဋ္ဌာနံ လောကုတ္တရာ မင်္ဂလာအစစ်အမှန်ဖြစ်ပါတယ်၊

## (၁၂) ပုတ္တဒါရဿ သင်္ဂဟော။ (ခုဒ္ဒကပါဌ၊ ၄)

**ပုတ္တဒါရဿ သင်္ဂဟ(၂)မျိုး**

| (လောကီ)ပုတ္တဒါရဿ သင်္ဂဟ | ပုတ္တဒါရဿ သင်္ဂဟ(လောကုတ္တရာ) |
|---|---|
| ═══ × × ═══ | ═══ × × ═══ |
| မကောင်း တားမြစ် | သီလ၊ သမာဓိ၊ ပညာ |
| ကောင်းရာညွှန် | လက္ခဏာယဉ် (၃)ဖြာ |
| ပညာသင်ပေး | အနိစ္စ၊ ဒုက္ခ၊ အနတ္တ |
| ထိမ်းမြားမင်္ဂလာပြု | သစ္စာ (၄) တန် |
| အရင်းအနှီးပေး | အစွန်း(၂) ပါးလွတ်တဲ့ဉာဏ် |
| ═══ × × ═══ | ═══ × × ═══ |
| လောကီချမ်းသာ | လောကုတ္တရာချမ်းသာ |

ပုတ္တဒါရဿ၊ သမီးနှင့်သား ကြင်မယားကို။ သင်္ဂဟောစ၊ **သား** သမီးဝတ် မယားဝတ်ကို မချွတ်စေလို မေတ္တာပိုလျက် သင်္ဂြိုဟ်ထောက်မင့် ရခြင်းသည်လည်းကောင်း။

**သင်္ဂဟောတိ** သမ္မာနနာဒီဟိ ဥပကာရကရဏံ၊ တံ သုသံ ဝိဟိတကမ္မန္တတာဒိ ဒိဋ္ဌဓမ္မိကဟိတသုခဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗံ။

အယံ ဝါ အပရော နယော၊ **သင်္ဂဟောတိ** ဓမ္မိကာဟိ ဒါနပိယ ဝါစာတ္ထစရိယာဟိ သင်္ဂဏှနံ၊ တံ ဝုတ္တနယေနေဝ ဒိဋ္ဌဓမ္မိကဟိတ ဟေတုတော, သမ္ပရာယိကဟိတဟေတုတော, ဒေဝတာဟိပိ နမဿနီယဘာဝဟေတုတော စ မင်္ဂလန္တိ ဝေဒိတဗ္ဗံ။

( ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၁၆။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂။ ၂၃)

www.burmeseclassic.com

www.burmeseclassic.com



ပုတ္တဒါရဆိုတဲ့ သားသမီးနှင့် ဇနီးမယားဖြစ်သူကို ကောင်းစွာ မြတ်နိုးခြင်းစသည်တို့ဖြင့် ကျေးဇူးပြုခြင်း၊ သင်္ဂြိုဟ်ထောက်ပင့်ခြင်းကို ပုတ္တဒါရဿသင်္ဂဟလို့ ခေါ်ဆိုပါတယ်။

ထိုပုတ္တဒါရဿသင်္ဂဟဆိုတာ ကောင်းစွာပြုလုပ်အပ်တဲ့ လုပ်ငန်းစဉ် စသည်ဖြစ်၍ ဒိဋ္ဌဓမ္မိက စီးပွားဥစ္စာချမ်းသာခြင်း၏ အကြောင်းဖြစ်လို့ မင်္ဂလာဟူ၍ ခေါ်ဆိုအပ်ပါတယ်။

ထိုသားသမီးနှင့် ဇနီးမယား ဖြစ်တဲ့သူကို ကောင်းစွာမြတ်နိုးခြင်း စသည်ဖြင့် ကျေးဇူးပြုခြင်း၊ သင်္ဂြိုဟ် ထောက်ပင့်ခြင်းကို မျက်မှောက် စီးပွား ဥစ္စာဖြစ်ခြင်း၏ အကြောင်းဖြစ် သောကြောင့်လည်းကောင်း၊ တမလွန် ဖြစ်တဲ့ စီးပွားဥစ္စာဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ ဇနီး မယားနှင့် သားသမီးတို့အား တရားသဖြင့် သင်္ဂြိုဟ် ထောက်ပင့် ချီးမြှင့် လုပ်ကျွေးသူတို့ကို သိကြားမင်း နတ်မင်းတို့သော်မှ ရှိခိုးပူဇော်ထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း မင်္ဂလာဟူ၍ ခေါ်ဆိုအပ်ပါတယ်။

ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။

မာတလိ၊ မာတလိနတ်သား။ ယေ ဂဟဋ္ဌာ၊ အကြင်လူတို့သည်။ ပုညကရာ၊ ကုသိုလ်ကောင်းမှု ပြုလေ့ရှိကုန်သည်။ သီလဝန္တော၊ သီလရှိ ကုန်သည်။ ဥပါသကာ၊ ရတနာသုံးပါးကို ဆည်းကပ်တတ်ကြကုန်သည်။ ဟုတ္တာ၊ ဖြစ်ကြကုန်၍။ ဓမ္မေန၊ တရားသဖြင့်။ဒါရံ သားမယားကို။ ပေါသေန္တိ၊ ပြုစုလုပ်ကျွေး မွေးမြူကြကုန်၏။

တေ ဂဟဋ္ဌာ၊ ထိုသို့ ကောင်းမှု ပြုကာ မက္ဂာ သီလ သုံးဝ ရတနာ ကောင်းစွာဆည်းကပ် တရားမြတ်ဖြင့် လျှောက်ပတ်စွာထား သားမယားကို မမှားကြည်ဖြူ လုပ်ကျွေးသူတို့ကို။ အဟံ၊ သက္ကရာဇာ ဒေဝါနမိန် ဂုဏ်သိန်ပြန့်ပွား ငါသိကြားသည်။ နမဿာမိ၊ ရှိခိုးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့သိကြားမင်း၏ ရှိခိုးခြင်းကိုပင် ခံယူထိုက်လေသောကြောင့် ပုတ္တဒါရဿ သင်္ဂဟတရားနှစ်ပါးဟာ မင်္ဂလာမည်ပါတယ်။ ဤပုတ္တဒါရဿသင်္ဂဟော၌ သားသမီးဇနီးတို့ကို ချီးမြှောက်ခြင်းမှာ မင်္ဂလာပင် ဖြစ်ပါတယ်၊ ထိုတွင် သားသမီးကို ချီးမြှောက်ခြင်းဟူသည် မိဘဝတ္တရားများကို မပျက်စေခြင်းပင် ဖြစ်ပါတယ်၊ မကောင်းမှုမှန်သမျှ တားမြစ်ပေးခြင်း၊ ကောင်းရာမှန်သမျှ ညွှန်ကြားပေးခြင်း၊ အတတ်ပညာသင်စေခြင်း၊ သင့်တော်တဲ့အခါ ပစ္စည်းဥစ္စာပေးခြင်း၊ အရွယ်ရောက်တဲ့အခါ လက်ထပ်မင်္ဂလာထိမ်းမြားပေးခြင်းဆိုတဲ့ ကျင့်ဝတ် ငါးပါးဟာ မိဘတို့ ပြုလုပ်ရမည့် ဝတ္တရားများပင် ဖြစ်ပါတယ်။ ဤဝတ္တရားများနှင့် မကောင်းမှုမှန်သမျှ တားမြစ်ပေးခြင်း၊ ကောင်းတာမှန်သမျှ ညွှန်ကြားပေးခြင်း၊ ပညာသင်စေခြင်းများမှာ သားသမီးကောင်း ဖြစ်ရေးအတွက် အလွန်ပင် အရေးပါအရာရောက် လှပါတယ်။

## မဟာဓနသူဌေးသားဝတ္ထု

မဟာဓနသူဌေး ဇနီးမောင်နှံ၏ မိဘများမှာ ကုဋေ(၄၀)စီ ကြွယ်ဝချမ်းသာကြပါတယ်။ "ငါတို့မှာ ပစ္စည်းဥစ္စာတွေ အများကြီးပဲ၊ ငါတို့သားသမီးများ စားမကုန် သောက်မကုန်လောက်အောင် ရှိနေတယ်၊ အတတ်ပညာသင်ကြားပြီး အလုပ်လုပ်စရာ မလိုတော့ဘူး" ဆိုပြီး ဘာအတတ်ပညာကိုမှ သင်မပေးခဲ့ဘူး။ မိဘများ ကွယ်လွန်သွားကြတဲ့နောက် သူဌေးသားဟာ အရက်သေစာသောက်စား မူးယစ်သူတွေနဲ့ ပေါင်းသင်းမိ၍ ရှိသမျှ ပစ္စည်းဥစ္စာတွေ ကုန်ခမ်းပြီး သူတကာတွေရဲ့ အိမ်နံရံကို အမှီပြုလျက် ခွက်လက်စွဲ တောင်းရမ်း စားသောက်ရတဲ့ ဘဝသို့ ရောက်ရှိသွားရပါတယ်။

ဒီသူဌေးသားဟာ စီးပွားရေးကို ကြိုးစားလျှင် ပထမတန်း သူဌေးကြီးဖြစ်နိုင်ပြီး တရားရှာလျှင် မဂ်ဖိုလ်ရနိုင်လောက်တဲ့ အခြေခံရှိသူဖြစ်ပါလျက် လူဖြစ်ကျိုး ဆုံးရှုံးရသည်မှာ နစ်နာလှပါတယ်။ သူဌေး

www.burmeseclassic.com

www.burmeseclassic.com



မိဘများက မိမိတို့ သားအပေါ်မှာ ဝတ္တရားကျေပွန်စွာဖြင့် ဆုံးမပဲ့ပြင် ပညာသင်ကြားပေးခဲ့ပါလျှင် ဤမျှလောက် ဆုံးရှုံးနစ်နာမှု မဖြစ်နိုင်ပါ။ မိဘများဟာ သားသမီးများအပေါ် ချစ်ရာမရောက်၊ နှစ်ရာသို့ ရောက်ခဲ့သဖြင့် ဘဝမှာ အရှုံးကြီး ရှုံးခဲ့ရ ခြင်းဖြစ်ပါတယ်။

(၁) အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။

(၂) အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
သေန္တိ စာပါတိခီဏာဝ၊ ပုရာဏာနိ အနုတ္ထုနံ။

(ဓမ္မပဒ။ ၃၆၊ ၃၇)

(၁) ဗာလာ၊ သူမိုက်တို့သည်။ ယောဗ္ဗနေ၊ ငယ်ရွယ်ချိန်၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ အစရိတွာ၊ မကျင့်လိုက်မိ၍။ ဓနံ၊ ဥစ္စာကို။ အလဒ္ဓါ၊ မရလိုက်သောကြောင့်။ ခီဏမစ္ဆေ၊ ကုန်ခမ်းသောငါးရှိသော။ ပလ္လလေ၊ ညွန်အိုင်ထဲ၌။ ဇိဏ္ဏကောဉ္စာဝ၊ အတောင်ကျွတ်လျက် မပျံနိုင်သော ကြိုးကြာအိုကြီးတို့ကဲ့သို့။ ဈာယန္တိ၊ ကြံမှိုင်၍ နေကြရလေကုန်၏။

(၂) ဗာလာ၊ သူမိုက်တို့သည်။ ယောဗ္ဗနေ၊ ငယ်ရွယ်ချိန်၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ အစရိတွာ၊ မကျင့်လိုက်မိ၍။ ဓနံ၊ ပစ္စည်းဥစ္စာကို။ အလဒ္ဓါ၊ မရလိုက်သောကြောင့်။ စာပါတိခီဏာဝ၊ လေးမှလွတ်ပြီး အရှိန်ကုန်သောမြားတို့ကဲ့သို့။ ပုရာဏာနိ၊ ရှေး၌ဖြစ်ကုန်သော ချမ်းသာမှုတို့ကို။ အနုတ္ထုနံ=အနုတ္ထုနန္တာ၊ ညည်းတွားအောက်မေ့ကြကုန်လျက်သာ။ သေန္တိ၊ နေကြရလေကုန်၏။

သူမိုက်တို့သည် အရွယ်ရှိခိုက်တွင် မြတ်သောအကျင့်ကို မကျင့်လိုက်မိ၊ ဥစ္စာကိုလည်း မရလိုက်မိသောကြောင့် ငါးကုန်ခမ်းသော ညွန်အိုင်ထဲ၌ အတောင်ကျွတ်၍ မပျံနိုင်သော ကြိုးကြာအိုကြီးကဲ့သို့ (အရွယ်လွန်သောအခါ) ကြံမှိုင်၍သာ နေကြရကုန်သကဲ့သို့ လည်းကောင်း၊ လေးမှ

www.burmeseclassic.com

www.burmeseclassic.com



လွတ်၍ အရှိန်ကုန်သောမြားတို့သည် ခြကောင်၏ အစာသာ ဖြစ်သကဲ့သို့ လည်းကောင်း ရှေးကဖြစ်ဟောင်း ချမ်းသာအပေါင်းတို့ကို ညည်းတွား အောက်မေ့၍သာ နေကြရပါတယ်။

သားသမီးကို ချီးမြှောက်ရာ၌ အနာထပိဏ်သူဌေးကြီးကို နမူနာ ယူသင့်လှပါတယ်၊ ရတနာသုံးပါးကို အလွန်ကြည်ညိုတဲ့ သူဌေး၏သား ဖြစ်ပါလျက် ကာဠသည် ဘုရားထံ မသွား၊ တရား မနာ၊ သံဃာ၏ ဝေယျာဝစ္စ မပြု၊ သူဌေးကြီးကပြောသော်လည်း မနာခံ ဖြစ်နေပါတယ်။ တစ်နေ့တော့ သူဌေးကြီးအကြံရ၍ "ချစ်သား အမောင်ကာဠ၊ ကျောင်းတော်သို့ သွားပြီး ဥပုသ်စောင့် တရားနာချေ၊ အသပြာတစ်ရာ ပေးမယ်"လို့ ပြောဆိုပါတယ်။ ငွေလိုချင်တဲ့ကာဠဟာ ကျောင်းတော်သွားပြီး ဥပုသ်စောင့်ကာ တရားမနာဘဲ တော်ရာမှာ အိပ်ပြီး အိမ်သို့ စောစော ပြန်လာခဲ့ပါတယ်။ အိမ်ရောက်တော့ ထမင်းကျွေးသော်လဲ မစားဘဲ နေတယ်၊ အသပြာတစ်ရာ လက်ထဲရပြီးမှ ထမင်းစားပါတယ်။

နောက်တစ်နေ့ရောက်တော့ "ချစ်သား၊ ဘုရားထံမှာ တရားတစ်ပုဒ်လောက် မှတ်မိအောင် နာခဲ့ပါ၊ အသပြာတစ်ထောင် ပေးမယ်"လို့ ပြောဆိုကာ ကျောင်းသို့ လွှတ်လိုက်ပြန်ပါတယ်၊ ကာဠဟာ ဘုရားရှင်ထံ၌ တရားနာလျက် တစ်ပုဒ်မှတ်မိလျှင် အိမ်ပြန်ပြေးမည် အကြံနဲ့ တရားနာလိုက်တဲ့အခါ နာရင်းနာရင်း တရားသဘောကျကာ သောတာပန် ဖြစ်သွားပါတယ်။ အနာထပိဏ်သူဌေးကြီးက သူ့သားကို ချီးမြှောက်ပုံဟာ အကောင်းဆုံး ချီးမြှောက်ခြင်းဖြစ်လို့ လောကုတ္တရာပုတ္တဒါရသင်္ဂဟ မင်္ဂလာ ဖြစ်ပါ တယ်။ (ဓမ္မပဒ၊ ဋ၊၂။၁၂၃)

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

ပထဗျာ၊ မြေအပြင်၌၊ ဧကရဇ္ဇေန၊ ဧကရာဇ်မင်းဖြစ်ရသည်ထက် လည်းကောင်း။ သဂ္ဂဿ၊ နတ်ပြည် ဗြဟ္မာပြည်သို့။ ဂမနေန ဝါ၊ သွားရ

www.burmeseclassic.com

www.burmeseclassic.com



သည်ထက် လည်းကောင်း။ သဗ္ဗလောကာဓိပစ္စေန၊ အလုံးစုံသော လောကကို အစိုးရသည်ထက်လည်းကောင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ် သည်။ ဝရံ၊ မြတ်လှပေ၏။

လူ့ပြည်မှာ စကြာဇမင်းဖြစ်ရသည်ထက် လည်းကောင်း၊ နတ်ပြည် ဗြဟ္မာပြည်သို့ ရောက်ရသည်ထက်လည်းကောင်း၊ တစ်လောကလုံး အစိုးရသည်ထက်လည်းကောင်း သောတာပန်ဖြစ် ရခြင်းသည် အမြတ်ဆုံး အသာဆုံး ဖြစ်ပါတယ်။

မိဘများဟာ သားသမီးများကို ချီးမြှောက်ရာမှာ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေများ ပေးတာထက် အသိအလိမ္မာ ဉာဏ်ပညာပေးပြီး ချီးမြှောက် တာက ပိုကောင်းပါတယ်။ ပစ္စည်းဥစ္စာရတနာရွှေငွေဆိုတာ ပျက်စီးတတ်တဲ့ သဘောတရားဖြစ်၍ မမြဲပါဘူး။ မပျက်မစီးအမြဲတည်နိုင်တဲ့ ကောင်းကျိုး ချမ်းသာများ ကြာမြင့်စွာ တည်တံ့နိုင်တဲ့ ပေးခြင်းမျိုး၊ ချီးမြှောက်ခြင်းမျိုးကသာ မှန်ကန်တဲ့ ချီးမြှောက်ခြင်းမျိုး ဖြစ်ပါတယ်။ ထိုကဲ့သို့ ချီးမြှောက်ခြင်းမျိုးနဲ့ ချီးမြှောက် ပေးကြတဲ့ မိဘများဟာ သားသမီးများကို တကယ်ချစ်တဲ့ သားသမီးများရဲ့ မိတ်ဆွေစစ် မိတ်ဆွေ မှန်များ ဖြစ်ပါတယ်။

သားသမီးကို အလိုလိုက်ပြီး မဆုံးမတတ်တဲ့ မိဘများဟာ သားသမီးကို ချစ်ရာ မရောက်ဘဲ နှစ်ရာရောက်ကာ ရန်သူများပင် ဖြစ်သွားတတ်ပါတယ်။ သားသမီးများကို တိုက်ရိုက်တစ်မျိုး သွယ်ဝိုက်၍ တစ်ဖုံ နည်းမျိုးစုံနဲ့ ဆုံးမ ပဲ့ပြင်ပေးပြီး သားသမီးကောင်းများ ဖြစ်အောင် ပြုပြင်ပေးနိုင်မှုဟာ မိဘများရဲ့ အဓိကတာဝန် ဖြစ်ပါတယ်။

မိဘများရဲ့ အပြုအမူ အပြောအဆို အကျင့်အကြံများဟာ "အတုမြင် အတတ်သင်"ဆိုတဲ့အတိုင်း သားသမီးများအတွက် ကောင်းတဲ့ အတုမြင်၍ ကောင်းတဲ့ အတတ်သင်နိုင်အောင် စံနမူနာအစ၏ဖြစ်သင့်ပါ တယ်။ လောကရဲ့ ကြီးပွါးရေးသာမက အနာထပိဏ်သူဌေးကြီးကဲ့သို့ ဘာသာရေး သာသနာရေး လောကုတ္တရာရေးများမှာ စိတ်ဝင်စားမှု ဖြစ်လာ အောင် သွေးဆောင်ပြုပြင်ပေးရမှာ ဖြစ်ပါတယ်။ငယ်ရွယ်စဉ်က အမျိုး

www.burmeseclassic.com

www.burmeseclassic.com



ကျအောင် ပုံသွင်းထားမှသာ အရွယ်ရောက်လာတဲ့အခါ စိတ်နေ စိတ်ထားများ နူးညံ့သိမ်မွေ့နိုင်မှာ ဖြစ်ပါတယ်။

ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမ သာသနာကို ဦးထိပ်တင်ထားတဲ့ သူတို့မှာ ဗုဒ္ဓရှင်တော်မြတ်၏ အဆုံးအမအတိုင်း လိုက်နာပြုလုပ်ဆောင်ရွက်လျှင် လောကရေးမှာလည်း စိတ်ချမ်းသာရပါတယ်၊ စိတ်ချမ်းသာမှုဖြစ်လျှင် ကိုယ်ကျင့်တရားကောင်းမွန်လာပါတယ်၊ ကိုယ်ကျင့်တရားကောင်းမွန်လျှင် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများ တိုးတက်ကြီးပွားပြီး အေးငြိမ်းချမ်းသာနိုင်ပါတယ်။ ထိုကဲ့သို့ လောကီလောကုတ္တရာ နှစ်ဖြာသော ငြိမ်းအေးချမ်းသာမှုကို မိမိတို့ ကိုယ်တိုင်ရရှိထားတော့ ဒီအမွေအနှစ်ကို သားသမီးများအား တစ်သက်လုံး ထိန်းသိမ်းထားနိုင်အောင် အပ်နှင်းပေးသွားဖို့ အလွန်ပင် အရေးကြီးလှပါတယ်။

## သားမယားများကို လုပ်ကျွေးသော သာလိကေဒါရကျေးမင်း

(ဇာ၊ ၃၄၄။ ၂၇၆)

မိဘကို လုပ်ကျွေးခြင်း၊ သားသမီးကို ချီးမြှောက်ခြင်းဆိုတာ လူတိုင်းလူတိုင်း မလုပ် မနေရ၊ ဧကန်ပြုလုပ်ရမည့် တာဝန်ဖြစ်ပါတယ်၊ ထိုတာဝန်ကို ကျေပွန်သူဟာ လူအဆင့်အတန်းမီသူ၊ လူဖြစ်ကျိုးနပ်သူ ဖြစ်၍ လောကအလယ်မှာ တင့်တယ်တဲ့သူတစ်ယောက် ဖြစ်ပါတယ်။

ထိုစကားကို ထင်ရှားအောင်ပြရမယ်ဆိုလျှင်-

ရာဇဂြိုဟ်ပြည်အနီး သာလိဒ္ဒိယပုဏ္ဏားရွာတွင် ကောသိယအနွယ်ဖြစ်သော ပုဏ္ဏားသည် မိမိပိုင်လယ်အများအပြားမှ အချို့ကို လူတစ်ယောက်ကို အခနဲ့ ခိုင်းထားပါတယ်၊ ထိုလယ်ထဲသို့ ကျေးငှက်များ လာရောက်စားသောက်ကြရာ ထိုကျေးငှက်များထဲတွင် ဘုရားလောင်း ကျေးသားဟာ ကိုယ်တိုင်စားရုံသာမကဘဲ သလေးနှံများကို ချီယူသွားတတ်ပါတယ်။ လယ်လုပ်သမားမှာ ကျေးငှက်များကို မတားဆီးနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလို့ စပါးများအတွက် လျော်ကြေးပေးရမည့်အရေး တွေးတော စိုးရိမ်ကာ လယ်ပိုင်ရှင် ပုဏ္ဏားထံ သွားရောက် အကြောင်းကြားပါတယ်။ လယ်ပိုင်ရှင်ကလည်း သလေးနှံများကို ချိုယူသွားတဲ့ ကျေးသားကို ကျော့ကွင်းနဲ့ ထောင်ဖမ်းဖို့ ပြောကြားလိုက်ရာ လယ်သမားသည် ဘုရားလောင်းကျေးမင်းကို ဖမ်းယူခဲ့ပြီး ပုဏ္ဏားထံသို့ လာပို့ပါတယ်။

ကောသိယအနွယ် ပုဏ္ဏားလည်း ဘုရားလောင်းကို "အို ကျေးသား၊ သူများမှာလည်း ဝမ်းဗိုက်ရှိသည်သာ မဟုတ်ပါလော၊ သင်က စပါးနှံတွေ သယ်သွားရသည်မှာ ဝမ်းဗိုက်ပိုပြီး ကြီးပါသလော၊ သင့်မှာ စပါးကျီများ ရှိပါသလော၊ သို့မဟုတ် အကျွန်ုပ်နှင့် ရန်ဖက် ဖြစ်နေပါသလော" ဟု ပြောဆိုပါတယ်။ ဘုရားလောင်း ကျေးမင်းက- "အရှင်ပုဏ္ဏား၊ ကျွန်ုပ်မှာ ကျီကျလည်း မရှိပါ၊ အရှင့်ကို ရန်လို၍လည်း မဟုတ်ပါ၊ အကျွန်ုပ်မှာ ကြွေးဟောင်းပေးဆပ်, ကြွေးသစ်ချပြီး ရွှေအိုးများမြှုပ်နှံနေခြင်း ဖြစ်ပါတယ်" ဟု ပြောဆိုတဲ့အခါ ပုဏ္ဏားကြီးက ကြွေးဟောင်းဆပ်ခြင်း ကြွေးသစ်ချခြင်း ရွှေအိုးမြှုပ်နှံခြင်းရဲ့ အဓိပ္ပါယ်များကို မေးမြန်းပါတယ်။

"အရှင်ပုဏ္ဏားကြီး၊ အကျွန်ုပ်ရဲ့ အတောင်မပေါက်သေးတဲ့ သားငယ်ကလေးများကို ကျွေးရသည်မှာ သူတို့က နောင်ပြန်ကျွေးဆပ် ရမှာဖြစ်လို့ ကြွေးသစ်ချခြင်း မည်ပါတယ်၊ အိုမင်းမစွမ်းတဲ့ မိဘတို့ကို ကျွေးမွေးရသည်မှာ သူတို့ကျွေးခဲ့ဖူးတဲ့ ကြွေးဟောင်းကို ပေးဆပ်ခြင်း ဖြစ်ပါတယ်၊ အားနည်း၍ မပျံနိုင်ကြတဲ့ ကျေးငှက်အိုတို့ကို ကုသိုလ်ပြုတဲ့အနေနဲ့ ကျွေးမွေးရသည်မှာ ရွှေအိုးမြှုပ်နှံခြင်းပင် ဖြစ်ပါတယ်"ဟု ရှင်းလင်း ပြောဆို ပါတယ်။

ဒီအခါ ပုဏ္ဏားကြီးက "အလွန်တရားရှိတဲ့ ကျေးသား သူတော်ကောင်းပါလား၊ အချို့လူများမှာပင် ဤတရားများ မရှိကြ"ဟု စဉ်းစားကာ အားရ နှစ်သက်လှ၍ ကျေးသားအား အလိုရှိသလို စားသောက် ယူငင်ရန် လယ်ခင်းကို အပ်နှံလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပယ်တစ်ထောင်ရှိတဲ့ လယ်ခင်းကို ကျေးသားအား အပ်နှင်းလိုက်ရာ အလောင်းတော်ကျေးမင်းက ရှစ်ပယ်လောက် ကျယ်ဝန်းတဲ့ လယ်ကိုသာ ယူပြီး အလှူဒါန ပြုဖို့နဲ့ မိဘများအား ပြုစုလုပ်ကျွေးဖို့ တရားဟောတဲ့အခါ ပုဏ္ဏားကြီးလည်း ထိုတရားအတိုင်း လိုက်နာ ကျင့်ကြံလျက် တရားစောင့်တဲ့ ရဟန်းပုဏ္ဏားတို့အား အလှူဒါန အကြီးအကျယ် ပြုလုပ် လှူဒါန်းပါတယ်။

## ဒါရသင်္ဂဟမင်္ဂလာ

ဇနီးမယားကို ချီးမြှောက်ခြင်းဆိုသည်မှာ လင့်ဝတ္တရားကျေပွန်ခြင်းကို ဆိုလိုပါတယ်။ လင့်ဝတ်တရားများကား မြတ်နိုးခြင်း၊ မထီမဲ့မြင် မပြုခြင်း၊ အခြားမိန်းမ မလိုက်စားခြင်း၊ စည်းစိမ်ဥစ္စာ အပ်နှင်းခြင်း၊ ဝတ်စားတန်ဆာ ဆင်ယင်ပေးခြင်း ဆိုတဲ့ ကျင့်ဝတ်(၅)ပါး ဖြစ်ပါတယ်။

ထိုကျင့်ဝတ်ငါးပါးထဲမှာ မြတ်နိုးခြင်းဆိုတာ ချစ်ခင်နှစ်သက်ဖွယ် စကားကို ပြောဆိုခြင်း ဖြစ်ပါတယ်။ မထီမဲ့မြင် မပြုခြင်းဆိုတာ ကျဲ့ရဲ့ ရှုတ်ချခြင်း မောင်းမဲကြိမ်းဝါးခြင်း စတဲ့အမှုများကို မပြုခြင်း ဖြစ်ပါတယ်။ စည်းစိမ်ဥစ္စာအပ်နှင်းခြင်းဆိုတာ စီမံပြုလုပ်ရန်အိမ်မှုကိစ္စ တာဝန် အားလုံးကို လွှဲအပ်ခြင်း ဖြစ်ပါတယ်။ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း စတဲ့ တာဝန်ကြီးများမှာ အမျိုးသားများ၏ တာဝန်သာဖြစ်၍ ထိုမှ ဖြစ်ပေါ်လာတဲ့ ပစ္စည်းဥစ္စာများကို လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် အိမ်၌စီမံပြုလုပ်ရန် တာဝန်များမှာ အမျိုးသမီးများ၏တာဝန်များသာ ဖြစ်တယ်လို့ ရှေးအစဉ်အလာ ရှိပါတယ်၊ ဝတ်စားတန်ဆာ ဆင်ယင်ပေးခြင်းဆိုတာ မိမိရဲ့အခြေအနေ အလိုက် ပေးကမ်းခြင်းကိုပင် ဆိုပါတယ်။

ဇနီးမယားအား ဝတ္တရားနှင့်အညီ ချီးမြှောက်တတ်တဲ့ အမျိုးကောင်းသားတစ်ယောက်ကို ရထားတဲ့ ဇနီးမယားဟာ မိမိဝတ္တရားများ မလစ်ဟင်းစေခြင်းဖြင့် ဇနီးမယားကောင်းတစ်ယောက် ဖြစ်နိုင်ပါတယ်။ အမျိုးသမီးများရဲ့ ဝတ္တရားများမှာ အိမ်တွင်းအလုပ်များကို ကောင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခြင်း၊ ဆွေမျိုးများအား ချီးမြှောက်ခြင်း၊ မိမိ အမျိုးသားမှတပါး အခြားအမျိုးသား နှင့် မလွန်ကျူးခြင်း၊ ပစ္စည်းဥစ္စာကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ချက်ရေးပြုတ်ရေး စသည်တို့၌ ကျွမ်းကျင်၍ မပျင်းမရိခြင်း ဆိုတဲ့ ကျင့်ဝတ်(၅)ပါး ဖြစ်ပါတယ်။

ဇနီးမောင်နှံ နှစ်ဦးတို့ဟာ ဝတ္တရားများကျေပွန်ပြီး ကိုယ်ကျင့် သီလ၊ ပြည့်စုံကြမယ်ဆိုရင် အဲဒီအိမ်ဟာ အမြဲတမ်းသာယာပြီး ကျက်သရေ မင်္ဂလာရှိတဲ့ သီရိဂေဟာ ဖြစ်ပါတယ်။ အဲဒီ ဇနီးမောင်နှံများဟာ နတ်သားနှင့် နတ်သမီး စုံဖက်ထားတဲ့ မင်္ဂလာစုံတွဲ ဟုပင် ခေါ်ဆိုနိုင်ပါတယ်။

(အံ၊ ၁။ ၃၆၈) ဒုတိယပဏ္ဏာသက၊ ပုညာဘိသန္ဒဝဂ်၊ ပထမ သံဝါသသုတ်မှာ ဇနီးမောင်နှံစုံ (၄)မျိုးကို ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။

## ဇနီးမောင်နှံစုံ (၄)မျိုး

### (၁) သူသေ အမျိုးသားနှင့် သူသေအမျိုးသမီး

အမျိုးသားကလဲ ပါဏာတိပါတစတဲ့ အကုသိုလ်စု မကောင်းမှုတို့ကို ပြုလုပ်နေ၍ အကျင့်စာရိတ္တမကောင်း။ ထို့အတူ အမျိုးသမီးကလဲ အကျင့် စာရိတ္တမကောင်း။ ထိုစုံတွဲသည် ဂုဏ်ရှိန်မတိုးတက် သေလျက်ရှိနေသော ကြောင့် သူသေ-ဟု ခေါ်ဆိုပါတယ်။

### (၂) သူသေအမျိုးသားနှင့် အမျိုးသမီး နတ်သမီး

အမျိုးသားက ပါဏာတိပါတ စတဲ့ အကုသိုလ်စု မကောင်းမှုတို့ကို ပြုလုပ်နေ၍ သီလမရှိ၊ အမျိုးသမီးက ပါဏာတိပါတ စတဲ့ အကုသိုလ်စု မကောင်းမှုတို့ကို မပြုလုပ် ရှောင်ကြဉ်၍ သီလရှိတဲ့အတွဲ။

### (၃) အမျိုးသားနတ်သားနှင့် သူသေအမျိုးသမီး

အမျိုးသားက ပါဏာတိပါတ စတဲ့ အကုသိုလ်စု မကောင်းမှု တို့ကို မပြုလုပ်ဘဲ ရှောင်ကြဉ်လျက် သီလရှိ၍၊ အမျိုးသမီးက ပါဏာတိပါတ စတဲ့ အကုသိုလ်စု မကောင်းမှုတို့ကို ပြုလုပ်နေ၍ သီလမရှိတဲ့ အတွဲ။

www.burmeseclassic.com

www.burmeseclassic.com



## (၄) အမျိုးသားနတ်သားနှင့် အမျိုးသမီး နတ်သမီး

နှစ်ဦးစလုံး ပါဏာတိပါတ စတဲ့ အကုသိုလ်စု မကောင်းမှုတို့ကို မပြုလုပ်ဘဲ ရှောင်ကြဉ်၍ သီလရှိတဲ့ အတွဲ။

### သင်္ဂဟတရား(၄)ပါးဖြင့် ချီးမြှောက်ခြင်း (၄) မျိုး

ဒါနဉ္စ ပေယျဝဇ္ဇဉ္စ၊ အတ္ထစရိယာစ ယာ ဣဓ။
သမာနတ္တတာ စ ဓမ္မေသု၊ တတ္ထ တတ္ထ ယထာရဟံ။

(အံ၊ ၁။၃၄၁)

ဣဓ၊ ဤလောက၌။ ယထာရဟံ၊ ဖြစ်ထိုက်သည်အားလျော်စွာ။ တတ္ထ တတ္ထ၊ ထိုထိုသူ၌။ ယံ ဒါနဉ္စ၊ အကြင်ပေးကမ်းခြင်းသည် လည်းကောင်း။ ယံ ပေယျဝဇ္ဇဉ္စ၊ အကြင်ချစ်ဖွယ်သော စကားကို ပြောဆိုခြင်းသည် လည်းကောင်း။ ယာ အတ္ထစရိယာ စ၊ အကြင် အကျိုးစီးပွါးကို ပြုကျင့်ခြင်း သည်လည်းကောင်း။ ဓမ္မေသု၊ ကျင့်ဝတ် တရားတို့၌။ ယာ သမာနတ္တတာ စ၊ အကြင်မျက်မှောက် မျက်ကွယ်၌ ကိုယ်တူပြုခြင်း ကိစ္စရှိသည်၏ အဖြစ်သည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။

(၁) ဒါန = လှူဒါန်း ပေးကမ်းခြင်း၊
(၂) ပေယျဝဇ္ဇ = ချစ်ဖွယ်စကား ပြောဆိုခြင်း၊
(၃) အတ္ထစရိယာ = အကျိုးစီးပွါးကို ပြုကျင့်ခြင်း၊
(၄) သမာနတ္တတာ = ကိုယ်နှင့်တန်းတူထား၍ပြုကျင့်ခြင်း။

ဤသင်္ဂဟတရား (၄) ပါးတို့ဖြင့် ချီးမြှောက်ခြင်းကိုလည်း တစ်နည်း အားဖြင့် ဒါရသင်္ဂဟ (ဇနီးမယားအား ချီးမြှောက်ခြင်း)ဟု ယူနိုင်သောကြောင့် ဆိုခဲ့ပြီးတဲ့ ဝတ္တရားများ ပြည့်စုံပြီးပင် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဇနီးမယား (၇) မျိုး

(၁) ဝဓကသမား=သူသတ်နှင့် တူတဲ့ မယား၊
(၂) စောရီသမား= ခိုးသူနှင့် တူတဲ့ မယား၊
(၃) အယျသမား=အရှင်သခင်နှင့် တူတဲ့ မယား၊
(၄) မာတာသမား= အမိနှင့် တူတဲ့ မယား၊
(၅) ဘဂိနိသမား=နှမနှင့် တူတဲ့ မယား၊
(၆) သခီသမား=မိတ်ဆွေနှင့် တူတဲ့ မယား၊
(၇) ဒါသီသမား=ကျွန်နှင့် တူတဲ့ မယား၊

(အံ၊ ၂။ ၄၆၇) ဘရိယာသုတ်

(၁) အမျက်ဒေါသ ခြောင်းခြောင်းထလျက် လင်ကို ပစ်မှား၊ ယောကျ်ားတစ်ပါးနှင့် ချစ်ခင်၊ လင်ကို သတ်ပုတ် ညှဉ်းဆဲခြင်း ငှါသာ အားထုတ်ပြုလုပ်နေတဲ့ မယားသည် သူသတ်နှင့် တူတဲ့ မယား မည်ပါတယ်။

(၂) လင်ဖြစ်သူက ပင်ပန်းကြီးစွာ ရှာမှီးစုဆောင်း၍ ရရှိလာတဲ့ ပစ္စည်းဥစ္စာထဲကနေ နည်းများမဆို ခိုးဝှက်လိုတဲ့ စိတ်ထား အမြဲတမ်း ရှိတဲ့ မယားသည် ခိုးသူနှင့် တူတဲ့ မယား မည်ပါတယ်။

(၃) အလုပ်အကိုင်ကို မလုပ်လိုခြင်း၊ ပျင်းရိတတ်ခြင်း၊ မင်း ငါ နင် ဟယ် စတဲ့ စကားမျိုးတို့ကိုသာ ပြောဆိုလျက် လင်ကို မိမိ၏ အစေ အပါး ကျေးကျွန်များကဲ့သို့ အနိုင်ယူတတ်တဲ့ မယားသည် အရှင်သခင် နှင့် တူတဲ့ မယား မည်ပါတယ်။

(၄) မိခင်ပမာ အခါခပ်သိမ်း လင်၏ အကျိုးစီးပွါးကိုသာ လိုလား တောင့်တလျက် လင်အား အမြဲ စောင့်ရှောက်ကာ ရှာဖွေ၍ ရလာတဲ့ ပစ္စည်းဥစ္စာများကို အချည်းနှီးမကုန်ခမ်းစေခြင်းငှါ ကောင်းစွာ စောင့်ရှောက် တတ်တဲ့ မယားသည် မိခင်နှင့် တူတဲ့ မယား မည်ပါတယ်။

(၅) နှမအသွင် ခင်ပွန်းယောကျ်ားအပေါ်၌ ရှက်ကြောက် ရိုသေလျက် ခင်ပွန်းအလိုသို့ လိုက်တတ်တဲ့ မယားသည် နှမနှင့်တူတဲ့ မယား မည်ပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



(၆) ကြာမြင့်စွာ ကင်းကွာနေတဲ့ မိတ်ဆွေတစ်ယောက် အဝေးမှ ရောက်လာသည်ကို တွေ့မြင်ရသည့်အသွင် ချစ်ခင်တဲ့ အမူအရာကို ပြပြီးလျှင် အိမ်ဦးနတ်ပမာ လွန်စွာမြတ်နိုးတတ်တဲ့ မယားသည် မိတ်ဆွေနှင့်တူတဲ့ မယား မည်ပါတယ်။

(၇) မိမိ၏ ခင်ပွန်းယောက်ျားက အမျက်ဒေါသပွါး၍ မည်သို့ပင် အောင်ဟစ်ငေါက်ငမ်းလျက် ကြမ်းတမ်းစွာ ပြောဆို မြည်တွန်ငြားသော်လည်း အမျက်မထား စကားမလှန် သည်းခံပြီးလျှင် လင်၏ အလိုကျသာ လိုက်နာ၍ ပြုတတ်တဲ့ မယားသည် ကျွန်နှင့်တူတဲ့ မယား မည်ပါတယ်။

ထို ခုနစ်ယောက်သော မယားတို့တွင် သူသတ်နှင့် တူတဲ့ မယား၊ ခိုးသူနှင့် တူတဲ့ မယား၊ အရှင်နှင့် တူတဲ့ မယားတို့သည် လင်ယောက်ျားတို့၌ ပြုအပ်သောဝတ်ကို ချွတ်ယွင်းစေတတ်၍ ဒုဿီလမယားများသာ ဖြစ်ကြပြီး သေသည်၏ အခြားမဲ့၌ အပါယ်ငရဲသို့ လားရောက် ကြရပါတယ်။

အမိနှင့်တူတဲ့ မယား၊ နှမနှင့်တူတဲ့ မယား၊ မိတ်ဆွေနှင့်တူတဲ့ မယား၊ ကျွန်နှင့်တူတဲ့ မယားတို့ကား လင်ယောက်ျားတို့၌ ပြုရမည့် ဝတ်ကို မချွတ်ယွင်းစေတတ်၍ သီလရှိတဲ့မယားတို့ ဖြစ်ကြပြီး သေသည်၏ အခြားမဲ့၌ နတ်ရွာသုဂတိသို့ လားရောက်ကြရပါတယ်။

## လိုရင်းတိုရှင်းအချုပ်

### လောကီပုတ္တဒါရဿ သင်္ဂဟ မင်္ဂလာ

ဒုတိယအရွယ်မှာ မိဘကို လုပ်ကျွေးပြီးတဲ့အခါ အိုးအိမ်ထူထောင်ကြလို့ သားမယားက ရှိလာကြပါတယ်။ ဒါ့ကြောင့် ပုတ္တဒါရဿ သင်္ဂဟော လို့ ဆက်ပြီး ဟောတော်မူခဲ့တာ ဖြစ်ပါတယ်။

မယားဆိုတာ ဝဓက သမာ၊ စောရီသမာ၊ အယျာသမာ၊ မာတာသမာ၊ ဘဂိနိသမာ၊ သခီသမာ၊ ဒါသီသမာဆိုပြီး ခုနစ်မျိုးရှိရာ သူသတ်နှင့်တူတဲ့ မယား၊ ခိုးသူနှင့် တူတဲ့မယား၊ အရှင်သခင်နှင့်တူတဲ့ မယား၊ ဤ (၃)မျိုးဟာ ဒါရ မဝင် မင်္ဂလာမမည်ပါဘူး။ အမိနှင့်တူတဲ့ မယား၊ နှမနှင့်

www.burmeseclassic.com

www.burmeseclassic.com



တူတဲ့ မယား၊ မိတ်ဆွေနှင့်တူတဲ့ မယား၊ ကျွန်နှင့်တူတဲ့ မယား၊ ဤမယား(၄) ဖြာသာ သဂြိုဟ်ထောက်ပံ့ရမည့် မယား ဖြစ်တယ်။ ထောက်ပံ့တဲ့အခါမှာ သဂီါလောဝါဒသုတ္တန်လာ ဝတ္တရားကို မပျက်ပြားစေရဘူး။ ပစ္စည်းဥစ္စာ အပ်နှံရမယ်၊ ချစ်ခင်ဖွယ်ရာ ချိုချိုသာသာ နှုတ်ဆက် စကားမြွက်ကြား ပြောဆိုရမယ်။ ဒါလဲ သင်္ဂဟမင်္ဂလာ တစ်မျိုး ဖြစ်ပါတယ်။

မောင်က လှူတော့ မယ်ကြည်ဖြူ၊ မယ်က လှူတော့ မောင် နှစ်သက်၊ ဘုရားသွား ကျောင်းတက် ကုသိုလ်ဘက် မလစ်ဟင်း စေရဘူး။ အစားအစာ ရိက္ခာလုံလောက်စွာ စီမံပေးရမယ်၊ ပွဲလမ်း သဘင် ပြသင့်တဲ့ အခါ စိတ်ရွှင်ပျော်ပိုက်အောင် ကိုယ်တိုင်လိုက်၍ ပြရမယ်၊ အဲဒါ သင်္ဂဟ အဝင်အပါ မင်္ဂလာ ဖြစ်ပါတယ်။

သားသမီးကျပြန်တော့ ကျောင်းအပ်ချိန် ကျောင်းအပ်ပေးရမယ်၊ ပညာသင်ချိန် ပညာသင်ပေးရမယ်၊ အိပ်ရာဝင်ချိန် ဘုရားရှိခိုးဖို့ တိုက်တွန်း ပေးရမယ်၊ အစားကျွေးလျှင် ချော့၍ တစ်မျိုး, ခြောက်၍တစ်ဖုံ စားပုံ စားနည်းကိုပါ သွန်သင်ပေးရမယ်။ အဲဒါလဲ သင်္ဂဟမင်္ဂလာ ဖြစ်ပါတယ်။ ရှင်ပြုချိန် ရှင်ပြုပေးရမယ်၊ နားထွင်းချိန် နားထွင်း ပေးရမယ်၊ ဖြစ်နိုင်လျှင် သမီးကို သီလရှင်ဝတ်ပေးရမယ်၊ အဲဒါလဲ သင်္ဂဟ အဝင်အပါ မင်္ဂလာ ဖြစ်ပါတယ်။

လက်ထပ်ချိန်ကျပြန်တော့ လက်ထပ်လို့ ပေးရမယ်၊ အဲဒါလဲ သင်္ဂဟအဝင်အပါ မင်္ဂလာဖြစ်ပါတယ်။ သားသမီးနှင့် ဇနီးမယားတို့ အား ဆိုင်ရာဆိုင်ရာ သိဂီါလသုတ္တန်လာတဲ့အတိုင်း ဝတ္တရားမပျက်အောင် ဆောင်ရွက်ပေးမှသာ သင်္ဂဟမင်္ဂလာ အစစ်အမှန် ဖြစ်ပါတယ်။

**လောကုတ္တရာ ပုတ္တဒါရသ သင်္ဂဟ မင်္ဂလာ**

မိမိ၏ သားမယားအား အသာဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ စသည်တို့ မဖြစ်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ် အမြင်မှန်တွေ ရအောင် ပံ့ပိုးဆောင်ရွက်ပေးရမယ်။

www.burmeseclassic.com

www.burmeseclassic.com



တဏှာ၊ မာန၊ ဒိဋ္ဌိ-ပပဉ္စတရား (၃)ပါး အကြောင်းတရားတွေ မဖြစ်အောင် သမ္မာဒိဋ္ဌိဉာဏ် အမြင်အမှန်ဖြင့် ချီးမြှောက်ထောက်ပံ့ ပေးရမယ်။

တိုတိုရှင်းရှင်း လိုရင်းပြောရလျှင် အနာထပိဏ်သူဌေးကြီးက သားတော်မောင်ကာဠကို သောတာပန်ဖြစ်အောင် ချီးမြှောက်ထောက်ပံ့ ပေးသလို မိမိသားမယား၊ သမီးသားတို့ကို အနည်းဆုံး သက္ကာယဒိဋ္ဌိ ပြုတ်သွားတဲ့ အသိဉာဏ်ရအောင် ချီးမြှောက်ထောက်ပံ့ပေးရမယ်။အဲဒါ ပုတ္တဒါရဿသင်္ဂဟမင်္ဂလာ အစစ် အမှန်ဖြစ်ပါတယ်။

**မှတ်ချက်။** သက္ကာယဒိဋ္ဌိပြုတ်အောင် ရှုပုံရှုနည်းကို ဒဿနသမ္ပဒါ လမ်းပြကျမ်း၌ အကျယ်ပြ ဆိုခဲ့ပြီးပါပြီ။

## (၁၃) အနာကုလာ စ ကမ္မန္တာ။ (ခုဒ္ဒကပါဌ။၄)

**အနာကုလာ စ ကမ္မန္တာ(၂)မျိုး**

| (လောကီ)အနာကုလ ကမ္မန္တ | အနာကုလ ကမ္မန္တ(လောကုတ္တရာ) |
|---|---|
| ═══ × × ═══ | ═══ × × ═══ |
| အနှောင့်အယှက်မရှိ၊ | အနှောင့်အယှက်မရှိ၊ |
| ဥဋ္ဌာန သမ္ပဒါ | သမထ၊ ဝိပဿနာ |
| အာရက္ခသမ္ပဒါ | လက္ခဏာယဉ် (၃)ပါး |
| ကလျာဏမိတ္တသမ္ပဒါ | သစ္စာ (၄)ပါး |
| သမဇီဝိတသမ္ပဒါ | အစွန်း (၂)ပါးလွတ် |
| ═══ × × ═══ | ═══ × × ═══ |
| လောကီချမ်းသာမင်္ဂလာ | လောကုတ္တရာချမ်းသာမင်္ဂလာ |

အနာကုလာ၊ အသောက်အစား၊ အကစားနှင့်၊ အကြွား အဝါ၊ မလိမ္မာထွက်၊ စီးပွါးပျက်ရန်၊ နှောင့်ယှက်မရှိ ချောမောဘိကုန် သော။ ကမ္မန္တာ စ၊ စီးပွါးမှုတို့သည်လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



အနာကုလာ ကမ္မန္တာ နာမ ကာလညုတာယ ပဋိရူပ ကာရိတာယ အနာလသတာယ ဥဋ္ဌာနဝီရိယသမ္ပဒါယ အဗျသနီယတာ စ ကာလာတိက္ကမနအပ္ပဋိရူပကရဏသိထိလကရဏာဒိ အာကုလဘာဝ ဝိရဟိတာ ကသိဂေါရက္ခဝါဏိဇ္ဇာဒယော ကမ္မန္တာ။

(ခုဒ္ဒကပါဌ။၁၁၇။ သုတ္တနိပါတ၊ ၄။ ၂)

ကာလညုတာယ၊ အချိန်ကာလကို သိသည်၏ အဖြစ်ဖြင့်လည်းကောင်း။ ပဋိရူပကာရိတာယ စ၊ သင့်တော်လျောက်ပတ်သည်ကို ပြုလေ့ ရှိသည်၏ အဖြစ်ဖြင့်လည်းကောင်း။ အနလသတာယ စ၊ မပျင်းမရိလှုံ့လရှိသည်၏ အဖြစ်ဖြင့်လည်းကောင်း။ ဥဋ္ဌာနဝီရိယသမ္ပဒါယ စ၊ ကိုယ်၌ မှီသော လုံ့လ ဝီရိယ,စိတ်၌ မှီသော လုံ့လဝီရိယနှင့် ပြည့်စုံသည်၏ အဖြစ်ဖြင့်လည်းကောင်း။ အဗျသနီယတာယစ၊ မပျက်စီးသည်၏ အဖြစ်ဖြင့်လည်းကောင်း။ ကာလာတိက္ကမနအပ္ပဋိရူပကရဏသိထိလ ကရဏာဒိ အာကုလဘာဝဝိရဟိတာ၊ အချိန်ကာလကို လွန်ခြင်း မလျောက်ပတ်သည်ကို ပြုခြင်း၊ ပေါ့လျော့သဖြင့် ပြုလေ့ရှိခြင်းအစရှိသော နှောင့်ယှက်ခြင်း အဖြစ်မှ ကင်းခြင်းတို့သည် လည်းကောင်း။ ကသိဂေါရက္ခ ဝါဏိဇ္ဇာဒယော၊ လယ်လုပ် နွားကျောင်း ကုန်ရောင်း ကုန်ဝယ် အစရှိ ကုန်သော။ ကမ္မန္တာ စ၊ အမှုလုပ်ငန်း ဟူသမျှတို့သည် လည်းကောင်း။ အနာကုလကမ္မန္တာ နာမ၊ အနှောင့်အယှက်ကင်းသော အမှုကိစ္စတို့မည်ကုန်၏။

လယ်လုပ်၊ နွားကျောင်း၊ ကုန်ရောင်း၊ ကုန်ဝယ် ပြုလုပ်ချိန် အခါကို ကျော်လွန်ခြင်း၊ မသင့်မတော် မလျော်ကံ မလျောက်ပတ်တဲ့ အမှုကိစ္စတို့ကို ပြုလုပ်ခြင်း၊ ဝီရိယကို လျော့ပေါ့၍ ပျင်းရိစွာ ပြုလုပ်ခြင်း စတဲ့ အနှောက်အယှက် ပွေလိမ်ရှုပ်ထွေးသည်၏ အဖြစ်မှ ကင်းတဲ့ လယ်လုပ်၊ နွားကျောင်း၊ ကုန်ရောင်း၊ ကုန်ဝယ် အစရှိတဲ့ အမှုလုပ်ငန်း ကိစ္စအဝဝတို့ကို အနာကုလ ကမ္မန္တ ဟု ခေါ်ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဧတေ အတ္တနော ဝါ ပုတ္တဒါရဿ ဝါ ဒါသကမ္မကရာနံ ဝါ ဗျတ္တတာယ ဧဝံ ပယောဇိတာ ဒိဋ္ဌေဝ ဓမ္မေ မနုဿဝုဍ္ဎိပဋိလာဘ ဟေတုတော မင်္ဂလန္တိ ဝုစ္စန္တိ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၁၇။ သုတ္တနိပါတ၊ ဋ္ဌ၊ ၂။၂၂)

အတ္တနော ဝါ၊ မိမိ၏လည်းကောင်း။ ပုတ္တဒါရဿ ဝါ၊ သားမယား၏လည်းကောင်း။ ဒါသကမ္မကရာနံ ဝါ၊ ကျွန်အမှုလုပ်တို့၏လည်းကောင်း။ ဗျတ္တတာယ၊ လိမ္မာသည်၏အဖြစ်ကြောင့်။ ဧဝံ၊ ဤသို့။ ပယောဇိတာ၊ ယှဉ်အပ်ကုန်သော။ ဧတေ၊ ဤအမှုကိစ္စအဝဝတို့ကို။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ထင်ထင် ကိုယ်၏အဖြစ်၌ပင်။ မင်္ဂလန္တိ၊ မင်္ဂလာဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

မိမိနှင့်တကွ သားမယား ကျေးကျွန်အမှုလုပ် အစေခံတို့က အစစ အရာရာ၌ လိမ္မာကျွမ်းကျင်ကြသည့်အတွက် ပြုလုပ်ရမည့် အချိန်အခါကို ကျော်လွန်ခြင်းစတဲ့ အနှောင့်အယှက်ကင်းသဖြင့် မပျင်းမရိ လုံ့လရှိရှိဖြင့် ပြုလုပ်အပ် ယှဉ်စေအပ်တဲ့ လယ်လုပ်၊ နွားကျောင်း၊ ကုန်ရောင်း၊ ကုန်ဝယ် အစရှိတဲ့ အမှုလုပ်ငန်းကိစ္စတို့ကို မျက်မှောက်ထင်ထင် တွေ့မြင်အပ်တဲ့ ပစ္စုပ္ပန်ဘဝမှာ ပစ္စည်းဉစ္စာ ရတနာရွှေငွေ စတဲ့ လောကီအသုံးအဆောင်မှန် သမျှ တိုးပွားရရှိခြင်းရဲ့ အကြောင်းဖြစ်လို့ မင်္ဂလာဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်ပါတယ်။

ပတိရူပကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။

(ခု၊ ၁။ ၃၀၇။ သံ၊ ၁။၂၁၇)

ပတိရူပကာရီ၊ ဒေသကာလအစရှိသည်တို့ကို မယုတ်စေမူ၍ လောကီ လောကုတ္တရာဖြစ်သော ဥစ္စာအားလျော်သော ရခြင်း၏ အကြောင်းကို ပြုလေ့ရှိသော။ ဓုရဝါ၊ စိတ်၌ယှဉ်သော လုံ့လ ဝီရိယ၏ အစွမ်းအားဖြင့် မချသော ဝန်ရှိသော။ ဥဋ္ဌာတာ၊ ကိုယ်၌မှီသော ဝီရိယ၏

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းဖြင့် ထကြွလုံ့လ ဝီရိယနှင့် ပြည့်စုံသော သူသည်။ ဓနံ၊ လောကီ လောကုတ္တရာနှစ်ဖြာသော ဥစ္စာကို။ ဝိန္ဒတေ၊ ရ၏။

ပြုလုပ်ရသည့် အချိန်ကာလကို မလွန်စေဘဲ ကိုယ်စိတ် လုံ့လ ဝီရိယတို့ဖြင့် ပြုလုပ်ခြင်းကြောင့် လောကီ လောကုတ္တရာ နှစ်ဖြာသော ဥစ္စာရတနာတို့သည် တစ်နေ့တခြား တိုးပွားပြီး ရရှိလာပါတယ်။

န ဒိဝါ သောပ္ပသီလေန၊ ရတ္တိမုဋ္ဌာနဒဿိနာ။
နိစ္စံ မတ္တေန သောဏ္ဍေန၊ သက္ကာ အာဝသိတုံ ဃရံ။
(ဒီ၊ ၃။ ၁၅၀)

ဒိဝါ၊ နေ့အခါ၌။ သောပ္ပသီလေန၊ အိပ်လေ့ရှိသော။ ရတ္တိံ၊ ညဉ့်အခါ၌။ ဥဋ္ဌာနဒဿိနာ၊ အရုဏ်မတက်မီ ထလေ့မရှိသော။ နိစ္စံ မတ္တေန၊ အခါခပ်သိမ်း အတိုင်းအရှည်ကို လွန်၍။ သောဏ္ဍေန၊ အအိပ်ကြူးသော။ (ဝါ)အအိပ်ကြီးသော။ ပုရိသေန၊ ယောကျ်ားသည်။ ဃရံ၊ အိမ်၌။ အာဝသိတုံ၊ နေခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။

နေ့အခါ၌ အိပ်ပြီး အမှုကိစ္စတို့ကို မလုပ်ခြင်း၊ ညဉ့်အခါ၌ အိပ်နေပြီး နံနက်စောစောထ၍ အမှုကိစ္စတို့ကို မလုပ်ခြင်းတို့ကြောင့် အချိန်ကုန်အောင် အအိပ်ကြီးနေတဲ့ ယောကျ်ားဟာ အိမ်၌ နေခြင်းငှါ မတတ်ကောင်း။

ထိုသူသည် မိမိပျင်းရိသည့်အတွက်ကြောင့် အမှုကိစ္စလုပ်ငန်း တွေမှာ အနှောင့်အယှက်ဖြစ်ရပါတယ်။ အမှုကိစ္စလုပ်ငန်းများ အချိန်မီ မပြုလုပ် မပြီးစီးခြင်းဟာ အနှောင့်အယှက် တစ်ခုပင် ဖြစ်ပါတယ်။ ဤကဲ့သို့ အနှောင့်အယှက်ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ အိမ်ထောင်မှု ကိစ္စအဝဝကို တည်ထောင်ခြင်းငှာ မစွမ်းနိုင်တဲ့သူ ဖြစ်တယ်။

ဘောဂေ သံဟရမာနဿ၊ ဘမရဿေဝ ဣရီယတော။
ဘောဂါ သန္နိစယံ၊ ယန္တိ၊ ဝမ္မိကောဝုပစီယတိ။
(ဒီ၊ ၃။ ၁၃၅)

www.burmeseclassic.com

www.burmeseclassic.com



ဣရိယတော၊ ပန်းတို့၏အဆင်းအနံ့ကို မဖျက်ဆီးမူ၍ နှုတ်သီး အတောင်တို့ဖြင့် ပန်းဝတ်ရည်ကို ယူလျက် အအုံကို ပြုလုပ်သော။ ဘမရသာ၊ ပျားကြီးပျားငယ် အုံနှစ်သွယ်တို့၏ အကောင်ပင် ငယ်သော်လည်း အသွယ်သွယ်ပန်းပေါင်း တစ်စ တစ်စ စုဆောင်းသော ပျား၏။ ပဋလံ၊ အအုံသည်။ သန္တိစယံ၊ လှည်းဘီးပမာ လွန်စွာကြီးမား ပျားလဘို့၏ ပွား စီးခြင်းသို့၊ ယာတိ ဣဝ၊ ရောက်သကဲ့သို့ လည်းကောင်း။ ဝမ္မိကော၊ ဖွတ် ပဒတ် မြွေ အောင်းသည့်နေရာ မြေလွှာမို့မို့ ခြတောင်ပို့သည်။ ဥပစီယတိ ဣဝ၊ ခြသတ္တဝါအပေါင်း၏ နည်းနည်းလေးမှုစ၍ စုဆောင်းခြင်းသို့ ရောက်သကဲ့သို့လည်းကောင်း။ ဧဝံ တထာ၊ ထို့အတူ။ ဘောဂေ၊ စည်းစိမ် ဥစ္စာတို့ကို။ သံဟရမာနဿ၊ မိမိသူတစ်ပါး နှစ်ဦးသားတို့ကို မနှိပ်စက် မထိပါးစေမူ၍ တရားသဖြင့် စုဆောင်းသောပုဂ္ဂိုလ်၏။ ဘောဂါ၊ စည်းစိမ် ဥစ္စာတို့သည်။ သန္တိစယံ၊ ကြီးပွါးခြင်းသို့။ ယန္တိ၊ ရောက်ကြရလေကုန်၏။

ပျားကောင်များဟာ အကောင်ပင် ငယ်သော်လည်း နှုတ်သီးဖြင့် ပန်းဝတ်ရည်ကို စုပ်ယူပြီး စုဆောင်းလာသဖြင့် ပျားအုံကြီးဖြစ်လာ သကဲ့သို့လည်းကောင်း၊ ခြသတ္တဝါဟာ မြေကြီးကို နည်းနည်းချင်း ဆောင်ယူ သဖြင့် ချတောင်ပို့ကြီးဖြစ်လာ သကဲ့သို့လည်းကောင်း ထို့အတူ ပစ္စည်းဥစ္စာ ရှာဖွေရာ၌ မိမိသူတပါး၊ နှစ်ဦးသားတို့အား အနှောက်အယှက်မရှိ တရား သဖြင့် ရှာဖွေစုဆောင်းအပ်သော ပစ္စည်းဥစ္စာသည် ပျက်စီးခြင်း၊ ဆုတ်ယုတ်ခြင်းများ မရှိနိုင်ပါ။

## အနာဂကုလဖြစ်ပုံ အဋ္ဌကထာပြဆိုထားချက် လိုရင်း

အချိန်လွန်ခြင်း၊ မသင့်တော်တဲ့ အလုပ်ကို ပြုလုပ်ခြင်း၊ ပေါ့ပေါ့ တန်တန် ဖြစ်သလိုပြုလုပ်ခြင်း စသည်တို့ဟာ အလုပ်ရှုပ်ထွေးခြင်းရဲ့ အကြောင်းများဖြစ်၍၊ အလုပ်မရှုပ်ထွေးခြင်းရဲ့ အကြောင်းများမှာ အချိန်ကို သိနားလည်ခြင်း၊ သင့်လျော်တဲ့ အလုပ်ကို ပြုလုပ်ခြင်း၊ မပျင်းမရိရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



လုံ့လဝီရိယရှိခြင်း၊ အချိန်မှန် အလုပ်မလုပ်၍ ပျက်စီးတာမျိုး မဖြစ်ရခြင်း ဆိုတဲ့ (၅)မျိုးကို ပြဆိုထားပါတယ်။

အချိန်ကို သိခြင်းဆိုတာ အလုပ်တစ်ခုကိုသူ့အချိန်နှင့်သူ မှန်မှန် လုပ်လျှင် ထိုအလုပ်အကိုင်များဟာ ချောမောစွာ ပြီးမြောက်နိုင်ပါ တယ်။ အလုပ်ခွင်ဆိုင်ရာ ချွတ်ယွင်းချက်များ မရှိနိုင်ဘူး။ ထိုသို့မဟုတ်ဘဲ အချိန်လွန်မှ အလုပ်စလုပ်လျှင် အလုပ်သေသပ်မှုမရှိနိုင်သဖြင့် အချိန်မှီမပြီးနိုင်ဘဲ တစ်ပိုင်းတစဖြင့်သော်လည်း သိမ်းလိုက်ရတတ်ပါတယ်၊ ထို့ကြောင့် အချိန်လွန်ခြင်းသည် အလုပ်အကိုင် အပြီးမသတ် မသေသပ်ခြင်းတို့ဖြင့် အလုပ်ရှုတ်ထွေးအောင် ပြုတတ်၍ အချိန်မှန်ပြုလုပ်ခြင်းဟာ ချောချောမောမော ပြီးမြောက်ပြီး မရှုပ်ထွေးတဲ့ အလုပ်တစ်ခုပင် ဖြစ်ပါတယ်။

ထို့ပြင် အလုပ်အကိုင်နှင့် သင့်လျော်တဲ့ အရပ်ဒေသ အချိန်ကာလ စသည်တို့ကို ရွေးချယ်ပြုလုပ်ပါမှ အလုပ်ချောမော အောင်မြင်အောင် ဆောင်ရွက်နိုင်ပါတယ်။ ထိုသို့မဟုတ်ဘဲ "မိုးလွန်မှ ထွန်ချ" ဆိုသလို အချိန်အခါ မသင့်ခြင်း၊ သဲကန္တာရ၌ စပါးစိုက်သကဲ့သို့ အရပ်ဒေသနှင့် မသင့်တော်ခြင်းများ ဖြစ်ပါက အလုပ်မပြီးမြောက်နိုင်၊ ပြီးမြောက်သော်လဲ မပြည့်စုံနိုင်၊ ဤသို့မပြီးမြောက်ခြင်း မပြည့်စုံခြင်းကိုပင် အလုပ် မချောမောခြင်း၊ မရှင်းလင်းခြင်း၊ ရှုပ်ထွေးခြင်း ဟု ခေါ်ဆို ရပါတယ်။

ပျင်းရိခြင်းဟာ အလုပ်ရှုပ်ထွေးခြင်းရဲ့ အကြောင်းပင် ဖြစ်ပါတယ်။ ပျင်းရိတဲ့သူဟာ ပူသေးတယ်၊ အေးလွန်းတယ်၊ မိုးချုပ်ပြီ၊ စောလွန်းသေးတယ်၊ ဆာလွန်းတယ်၊ ဝမ်းအင့်တယ်ဟု ဆင်ခြေ အမျိုးမျိုးပေးကာ အလုပ်ရှောင်လွှဲပြီး ဖင့်နွှဲနေတတ်ပါတယ်။ အေးလွန်းတယ်၊ ပူလွန်းတယ်၊ မိုးချုပ်ပြီ စသည်ဖြင့် အလုပ်ကို လက်လွှတ်ထားသူမှာ စီးပွားဉစ္စာတို့က ကျော်သွားတတ်ကြောင်း၊ အအေးအပူကို အမှုမထားဘဲ ကြိုးစားပြီး အလုပ်လုပ်ကြတဲ့သူတို့သည်သာ တိုးတက်ကြီးပွားနိုင်ကြောင်း သင်္ဂါလသုတ်မှာ ဘုရားရှင် ဟောတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဆင်ခြေ အမျိုးမျိုးပြလျက်လည်းကောင်း၊ အခြားအကြောင်း အမျိုးမျိုးပြလျက်လည်းကောင်း၊ အလုပ်ကို ရှောင်လွှဲတဲ့ လူပျင်းများမှာ အလုပ်ကို မလုပ်ဘဲသော်လည်း ရှိနေတတ်ပါတယ်။အလုပ် လုပ်သော်လည်း တော်သလိုတန်သလိုပဲ လုပ်တတ်ကြပါတယ်။ထိုကဲ့သို့ လုပ်တတ်ခြင်းဟာ အလုပ်များ ပြီးပြတ် သေသပ်မှု မရှိဘဲ ရှုပ်ထွေးနေမှာပဲ ဖြစ်ပါတယ်။ မပျင်းမရိကြိုးစား သူများရဲ့ အလုပ်များသာ ချောမောသေသပ် ပြေပြစ်လျက်ရှိပြီး အနှောက်အယှက် မရှိတဲ့ အနာကုလကမ္မန္တမင်္ဂလာ ဖြစ်ပါတယ်။

မပျင်းမရိလုံ့လရှိလျှင် ကိစ္စပြီးသည်ဟု ဆိုသော်လည်း ရံခါ အလုပ်ကို မပျင်းတတ်တဲ့ သူဖြစ်စေကာမူ အလုပ်၌ စိတ်မဝင်စားဘဲ အလုပ်မှ တစ်ပါး အခြားအရေးကိစ္စများ၌ စိတ်ဝင်စားတတ်ခြင်း စသည်ဖြင့် ပေါ့လျော့မှု အလုပ်လစ်ဟင်းမှုဖြစ်တတ်သေး၍ ဝီရိယရှိခြင်းကိုလည်း သီးခြား ပြဆိုရပါတယ်။

ဝီရိယဆိုသော်လည်း နားလည်ကျွမ်းမှုဖြင့် လုံ့လဝီရိယရှိမှု ကိုသာ ယူရမှာ ဖြစ်ပါတယ်၊ အလုပ်၌နားမလည်မကျွမ်းကျင်ခြင်း၊ တစ်စိတ်တစ်ဒေသလောက်သာ နားလည်ခြင်းတို့သည် အလုပ်ရှုပ်ထွေးကြောင်းများပင် ဖြစ်၍ ဝီရိယရှိသော်လည်း နားမလည်မကျွမ်းကျင်တဲ့ သူတို့မှာ အလုပ်ရှုပ်ထွေးဖို့နဲ့ အနှောင့်အယှက်ဖြစ်ဖို့ရာ အကြောင်းများသာ ဖြစ်ပါတယ်။ နားလည်ကျွမ်းကျင်၍ ဝီရိယရှိတဲ့သူတို့ရဲ့ အလုပ်သာလျှင် ချောမောစွာဖြင့် အလွန်သေသပ်၍ အနာကုလ=မရှုပ်ထွေးတဲ့ အလုပ်များ ဖြစ်ပါတယ်။

အလုပ်မလုပ်ခြင်း၊ လုပ်ပြန်တော့လဲ ကောင်းစွာမလုပ်ခြင်းသည် အလုပ်ကို ဖျက်ဆီးသည်မည်ပါတယ်။ ဣတ္ထိဓုတ္တ=အမျိုးသမီးတွေနှင့် အပျော် လိုက်နေခြင်း၊ သုရာဓုတ္တ=မူးယစ်စေတတ်တဲ့ သေအရက်သောက်စားခြင်း၊ အက္ခဓုတ္တ=လောင်းကစားမှုပြုလုပ်ခြင်း စတဲ့ စီးပွားပျက်ကြောင်း အလုပ်ပျက်ကြောင်းများသည်လည်း အလုပ် အကိုင်ကို ထိခိုက်စေတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း ဥစ္စာ ယိုထွက်ကြောင်း အပေါက်(၆)ပါး

(၁) ပျင်းရိခြင်း၊

(၂) မေ့လျော့ခြင်း၊

(၃) လုံ့လမရှိခြင်း၊

(၄) မစောင့်စည်းခြင်း၊

(၅) အအိပ်များခြင်း၊

(၆) ကိုယ်တဆန့်ဆန့် နှင့် ပျင်းကြောဆွဲခြင်း။

ထို(၆)ပါးတို့သည် အလုပ်ပျက်စီးခြင်းရဲ့ အကြောင်းတရားများပင် ဖြစ်ပါတယ်။

ဆ လောကသ္မိံ ဆိဒ္ဒါနိ၊ ယတ္ထ ဝိတ္တံ န တိဋ္ဌတိ။

အာလသျ္ဇ ပမာဒေါ စ၊ အနုဋ္ဌာနံ အသံယမော။

နိဒ္ဒါ တန္ဒီ စ တေ ဆိဒ္ဒေ၊ သဗ္ဗသော တံ ဝိဝဇ္ဇယေ။

လောကသ္မိံ၊ လောက၌။ ဝိတ္တံ၊ စီးပွားဥစ္စာသည်။ န တိဋ္ဌတိ၊ မတည်နိုင်။ ယတ္ထ၊ အကြင်စီးပွားဥစ္စာ မတည်ခြင်း၌။ ဆိဒ္ဒါနိ၊ အပေါက်တို့သည်။ ဆ၊ ခြောက်ပါးတို့ပါပေတည်း။ အာလသျ္ဇ၊ ပျင်းရိခြင်းလည်းကောင်း။ ပမာဒေါ စ၊ မေ့လျော့ခြင်းလည်းကောင်း။ အနုဋ္ဌာနံ စ၊ ထကြွ လုံ့လ ဝီရိယ မရှိခြင်းလည်းကောင်း။ အသံယမော စ၊ မစောင့်စည်းခြင်း လည်းကောင်း။ နိဒ္ဒါ စ၊ အအိပ်ကြီးခြင်း လည်းကောင်း။ တန္ဒီ စ၊ မပျော်မမွေ့ခြင်း လည်းကောင်း။ ဣတိ၊ ဤသို့။ တေ ဆိဒ္ဒေ၊ ထိုခြောက်ပါးသော အပေါက်တို့ကို။ ဆိန္ဒေယျ၊ ဖြတ်တောက်ရာ၏။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ တံ၊ ထိုခြောက်ပါး သော အပေါက်ကို။ ဝိဝဇ္ဇယေ၊ ပိတ်ဆို့ရာ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူလေပြီ။

အလုပ်မလုပ်သူ၊ လုပ်ပြန်သော်လည်း ကောင်းစွာ မလုပ်သူများဟာ အလုပ်ကို ဖျက်ဆီးသူများ ဖြစ်ပါတယ်။ အလုပ်ဆိုသည်မှာ ကြီးမားလာသည်နှင့်အမျှ ထူထောင်ဖို့ ရင်းနှီးဖို့ သုံးစွဲဖို့ ဥစ္စာများ လိုအပ်လျက် ရှိလာပြန်ရာ ဥစ္စာဖျက်သူမှာ အလုပ်ဖျက်ဆီးသူပင်ဖြစ်၍ အလုပ်ရှုပ်ထွေးအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်တတ်သူပင် ဖြစ်ပါတယ်။ ဥစ္စာတိုးတက်မှုရှိလာမှ အလုပ်များ တိုးတက်ကြီးပွားလာသည်ဖြစ်၍ ဥစ္စာတိုးတက်ကြောင်း သမ္ပဒါတရား (၄)ပါးနှင့် ပြည့်စုံအောင် အထူးကျိုးစားရပါတယ်။

သမ္ပဒါ (၄)ပါး (အံ၊ ၃။ ၁၄၁)

## (၁) ဥဋ္ဌာနသမ္ပဒါ = လုံ့လဝီရိယနှင့် ပြည့်စုံခြင်း

လုံ့လဝီရိယဆိုသည်မှာ အလုပ်၌ မကျွမ်းကျင် နားမလည် သူများရဲ့ လုံ့လဝီရိယမှာ အကျိုးမဖြစ်ထွန်း၍ လုပ်ငန်းဆိုင်ရာ၌ ကျွမ်းကျင် နားလည် သူများရဲ့ လုံ့လဝီရိယကို ဆိုလိုပါတယ်။ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းစတဲ့ အလုပ်ဖြင့် ဖြစ်စေ၊ တစ်စုံတစ်ခုသော အတတ်ပညာဖြင့်ဖြစ်စေ အသက်မွေးကြသူတို့မှာ ထိုလုပ်ငန်းကိစ္စတို့၌ ကျွမ်းကျင်လိမ္မာ၍ မပျင်းမရိ ကျိုးစားခြင်းကို ဥဋ္ဌာနသမ္ပဒါဟု ဆိုပါတယ်။ပစ္စည်းဥစ္စာ ဖြစ်ထွန်းကြီးပွား အောင်မြင်ရေးအတွက် ဤဥဋ္ဌာနသမ္ပဒါဟာ အလွန်အရေး ကြီးလှပါတယ်။

ဥဋ္ဌတာ ဝိန္ဒတေ ဓနံ (သံ၊ ၁။ ၂၁၇)

ထကြွလုံ့လဝီရိယရှိသူဟာ ပစ္စည်းဥစ္စာများရရှိနိုင်ပါတယ်။ ပစ္စည်းဥစ္စာနှင့်ပြည့်စုံခြင်းရဲ့ ဂုဏ်ကျက်သရေဆိုတာ လူပျင်းလူညံ့ လုံ့လဝီရိယမရှိတဲ့သူများနဲ့ မထိုက်တန်ပါဘူး။ လုံ့လဝီရိယရှိသူများအတွက်သာ ဖြစ်ပါတယ်။ ထိုသို့ မဖြစ်မနေ ကြိုးစားကြရာမှာ မခိုမကပ် မနေမနား ကြိုးစားကြတဲ့ ပျားပိတုန်းများရဲ့ ပန်းဝတ်ရည် စုဆောင်းသည်ကို အတုယူ၍ လည်းကောင်း၊ ခြများရဲ့ တောင်ပို့ဖြစ်အောင် သယ်ပိုးဆောင်ရွက်ပုံကို အတုယူ၍ လည်းကောင်း ပြုမူဆောင်ရွက်ကြရန် သိင်္ဂါလသုတ်၌ မြတ်စွာဘုရား ဟောတော်မူပါတယ်။

## (၂) အာရက္ခသမ္ပဒါ = စောင့်ရှောက်မှုနှင့် ပြည့်စုံခြင်း

စုဆောင်းရရှိထားတဲ့ ပစ္စည်းဥစ္စာတို့ကို ရေ မီး၊ မင်း၊ ခိုးသူ၊ ဓားပြစတဲ့ ရန်သူတို့ မဖျက်ဆီး၊ မလုယက်နိုင်အောင် ဘဏ်မှာ အပ်နှံထားခြင်း

www.burmeseclassic.com

www.burmeseclassic.com



အာမခံထားရှိခြင်း စသည်တို့ဖြင့် ကာကွယ်ခြင်းကို အာရက္ခသမ္ပဒါဟု ခေါ်ဆိုပါတယ်။

**(၃) ကလျာဏမိတ္တတာ = မိတ်ကောင်း ဆွေကောင်းရှိခြင်း**

လောကရေး ဓမ္မရေး၌ တိုးတက်ကြီးပွါးကြောင်း နည်းကောင်း လမ်းကောင်း ညွှန်ပြနိုင်တဲ့ ဂုဏ်အင်္ဂါ အရည်အချင်းရှိတဲ့ မိတ်ကောင်း ဆွေကောင်းများကို ဆွေးနွေးလက်ခံ ပေါင်းသင်းဆက်ဆံ ဆည်းကပ်ခြင်းကို ကလျာဏမိတ္တတာဟု ခေါ်ဆိုပါတယ်။

**(၄) သမဇီဝိတာ = ညီမျှတဲ့ အသက်မွေးမှုရှိခြင်း**

ပစ္စည်းဥစ္စာ အဝင်နည်း၍ အကုန်အကျများတဲ့သူကို သမဇီဝိတာဟု မဆိုရပါ။ အဝင်များ၍ အထွက်နည်းအောင် ချင့်ချိန် သုံးစွဲတတ်သူကိုသာ သမဇီဝိတတာဟု ခေါ်ဆိုပါတယ်။ ချွေတာသုံးစွဲခြင်းဟု ဆိုလိုပါတယ်။ မြတ်စွာဘုရားရှင်သည် သိင်္ဂါလသုတ်၌ ပစ္စည်းဥစ္စာ အသုံးချနည်းကို ဟောတော်မူခဲ့ရာ ရလာတဲ့ ပစ္စည်းဥစ္စာကို လေးပုံပုံပြီး တစ်ပုံကို စားသုံးပါ၊ နှစ်ပုံကို အရင်းအနှီးလုပ်ပါ၊ တစ်ပုံကို အရေးကြုံလာတဲ့အခါ သုံးစွဲဖို့ သိမ်းထားပါ - ဟု နည်းညွှန်တော်မူခဲ့ပါတယ်။ လှူဒါန်းဖို့အတွက်မှာ စားသုံးဖို့ တစ်ပုံထဲမှ ခွဲဝေလှူဒါန်းရမှာဖြစ်ကြောင်း ဋီကာ၌ ဖွင့်ဆိုထား ပါတယ်။

**ချမ်းသာသုခလေးမျိုး (အံ၊ ၁။ ၃၈၀)**

**(၁) အတ္ထိသုခ။** ပြည့်ပြည့်စုံစုံရှိတာကို တွေးတော မိတဲ့အခါဖြစ်တဲ့ စိတ်ချမ်းသာမှု၊

အလုပ်ကို ကြိုးစားလုပ်ကိုင်ခြင်းကြောင့် ပစ္စည်းဥစ္စာများ ရလာတဲ့ အခါ "ငါမှာ ပစ္စည်းဥစ္စာရှိတယ်၊ ပြည့်စုံတယ်" ဟု တွေးပြီး ဖြစ်တဲ့ စိတ်ချမ်းသာမှု၊ ဝမ်းသာအားရမှုများဟာ အတ္ထိသုခ ဖြစ်ပါတယ်။

**(၂) ဘောဂသုခ။** သုံးဆောင်ခံစားရတဲ့အခါဖြစ်တဲ့ စိတ်ချမ်းသာမှု၊

အလုပ်ကြိုးစားလုပ်လို့ရရှိလာတဲ့ ပစ္စည်းဥစ္စာတွေကို သုံးဆောင် ခံစားရတဲ့အခါ ဖြစ်ပေါ်လာတဲ့ စိတ်ချမ်းသာမှု၊ ဝမ်းမြောက်မှုများဟာ ဘောဂသုခ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**(၃) အာနဏျသုခ။** ကြွေးမရှိလို့ စိတ်ချမ်းသာမှု

ကြွေးတင် နေတဲ့သူမှာ ထိုကြွေးအတွက် အမြဲတမ်း ပူပန်ရခြင်း၊ ကြွေးမဆပ်နိုင်တဲ့အခါ စိတ်ဆင်းရဲရခြင်း၊ ကြွေးရှင်တို့ အကြိမ်း အမောင်း ခံရခြင်း၊ တရားစွဲခံရခြင်း စတဲ့ ဒုက္ခများရှိ၍ မိမိရဲ့ ကြွေးမြည် ကင်းရှင်း ပြည့်စုံခြင်း ကို တွေးမိတိုင်း ပီတိသောမနဿဖြစ်ရတဲ့ စိတ်ချမ်း သာမှုဟာ အာနဏျသုခ ဖြစ်ပါတယ်။

**(၄) အနဝဇ္ဇသုခ။** အပြစ်မရှိလို့ စိတ်ချမ်းသာနေမှု

မိမိမှာ အပြစ်ကင်းတဲ့ ကိုယ်နှုတ်စိတ်ထား သုံးပါးလုံးပြည့်စုံ သည်ကို တွေးမိတဲ့အခါဖြစ်တဲ့ စိတ်ချမ်းသာမှု ဖြစ်တယ်။ အားလုံး ချမ်းသာမှုများပင် ဖြစ်ပါတယ်။ မတရားစီးပွါးရှာထားတဲ့ သူတွေမှာ မိမိရဲ့ မတရားမှုကို အာရုံ ပြုမိ တဲ့အခါ စိတ်ချမ်းသာမှု မဖြစ်မူ၍ စိတ်ဆင်းရဲမှု ဒုက္ခသာ ဖြစ်ကြရပါတယ်။

အလုပ်အကိုင် ညံ့သည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ပဓာန မဟုတ်၊ သူတစ်ပါးကို မထိခိုက်မူ၍ အကုသိုလ် မဖြစ်တဲ့ အလုပ်ဖြစ်လျှင် အကောင်ချည်းပင် ဖြစ်ပါတယ်။ အလုပ်ကို ကြိုးစားခြင်း၊ အလုပ်ရဲ့ အပေါ် ကျွမ်းကျင်ခြင်း စသည်တို့ဟာ ဂုဏ်ကျက်သရေ တိုးတက်သည့် မင်္ဂလာများ ဖြစ်ပါတယ်။ ထို့ကြောင့် ပညာရှိတို့ရဲ့ ညွှန်ကြားချက်ကို ခံယူခြင်း၊ အလုပ်၌ ကျွမ်းကျင်အောင် ပြုလုပ်ခြင်း၊ ကျိုးစားခြင်းတို့ဖြင့် အနာကုလ ကမ္မန္တ မင်္ဂလာဖြစ်ကာ ချမ်းသာသုခများကို ရယူထိုက်လှပါတယ်။

> **ဝိန္ဒတေ ဓနန္တိ** ဧကမူသိကာယ န စိရဿေဝ ဒွေသတသဟဿ သဒ္ဓိံ ဝိယ လောကိယဓနဉ္စ မဟာလ္လကမဟာတိဿတ္ထေရော ဝိယ လောကုတ္တရဓနဉ္စ လဘတိ။ (သုတ္တနိပါတ၊ ဋ္ဌ၊ ၁။ ၂၂၉)

ဝိန္ဒတေ ဓနန္တိ၊ ဝိန္ဒတေ ဓနံဟူသည်ကား။ ဧကမူသိကာယ၊ တစ်ခုသော ကြွက်သေဖြင့်။ နစိရဿေဝ၊ မကြာမြင့်မှီပင်လျှင်။ ဒွေသတ သဟဿသဒ္ဓိံ၊ နှစ်သိန်းအရေအတွက်ရှိသော ဥစ္စာကို။ စူဠန္တေဝါသီ၊

www.burmeseclassic.com

www.burmeseclassic.com



စူဠသူဌေး၏ အထံ၌နေသော အလုပ်အကျွေးလုလင်သည်။ လဘတိ ဝိယ စ၊ ရသကဲ့သို့လည်းကောင်း။ မဟလ္လကမဟာတိဿတ္ထေရော၊ သက်တော်ကြီးသော မဟာတိဿမထေရ်သည်။ လောကုတ္တရမန်၊ လောကုတ္တရာဥစ္စာကို။ လဘတိ ဝိယ စ၊ ရသကဲ့သို့လည်းကောင်း။ ဓနံ လောကီ လောကုတ္တရာ ဥစ္စာကို။ ဝိန္ဒတေ၊ ရ၏။

## ကြွက်သေတစ်ခု အရင်းပြု

ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်၌ သူဌေးဖြစ်စဉ် တစ်နေ့မှာ ဘုရင်မင်းမြတ်ထံ အခစားသွားရာလမ်း၌ ကြွက်သေကို မြင်၍ နက္ခတ်ကို ကြည့်ပြီး “ဤကြွက်သေကို အရင်းပြုသူဟာ လုပ်ငန်း အောင်မြင်ပြီး ကြွယ်ဝချမ်းသာနိုင်တယ်”ဟု ပြောဆိုပါတယ်။ ထိုစကားကို ကြားရတဲ့ ဆင်းရဲသားတစ်ဦးက “ဤသူဌေးဟာ ပညာရှိ ဖြစ်တယ်၊ မသိဘဲ နှင့် မပြောတန်ရာ”ဟု ထိုကြွက်သေကို ကောက်ယူပြီး ကြောင်စာ အတွက် ရောင်းသော် တစ်ရွေးရခဲ့ပါတယ်။ ဤတစ်ရွေးမှအစပြု၍ ပစ္စည်းရရေး မနေမနား ကြိုးစားဆောင်ရွက်ရာ လေးလအတွင်းမှာ ငွေနှစ်သိန်း ရရှိလာ ပါတယ်။

ထိုငွေနှစ်သိန်းမှ တစ်သိန်းကို ဆရာစားအဖြစ် သူဌေးအား သွားရောက် ပေးအပ်ရာ သူဌေးက သူ့ရဲ့ အရည်အချင်းကို သဘောကျ၍ သမီးနှင့် လက်ထပ်ထိမ်းမြားပေးလျက် ချီးမြှောက်ခြင်းကို ပြုပါတယ်။ ဤဆင်းရဲသားဟာ ပညာရှိစကားကို လေးစားခံယူခြင်း၊ ဥစ္စာရရန် အချက်အကွက်ကို မြင်တတ်ခြင်း၊ မနေမနားကြိုးစားခြင်းတို့ကြောင့် ဆင်းရဲသားဘဝမှ သူဌေးဘဝသို့ ရောက်ခဲ့ရတာပါတယ်။

(ဇာတက၊ ဋ္ဌ၊ ၁။ ၁၃၆)

## ကြိုးပမ်းလုံ့လ နိဗ္ဗာန်ရ

(၂) သက်တော်ကြီးရင့်လှပြီဖြစ်တဲ့ မဟာတိဿမထေရ်ကြီးဟာ “သုံးပါးသော ကုလရိယာပုထ်တို့ဖြင့်သာ နေအံ့”ဟု ဝတ်ပြု၍ အိပ်ခြင်း ဝိရိယမျိုး

www.burmeseclassic.com

www.burmeseclassic.com



ခြင်းများ ဖြစ်ပေါ်လာတဲ့အခါ ကောက်ရိုးခွေခေါင်းခုကို ရေဆွတ်ကာ ခေါင်းပေါ်၌ ရွက်ပြီး လည်ပင်းပမာဏရှိတဲ့ ရေအတွင်းသို့ ဆင်းသက်၍ အိပ်ခြင်း၊ ငိုက်မြည်းခြင်းကို ပယ်ဖျောက်လျက် (၁၂)နှစ်တိုင်တိုင် အားထုတ်လိုက်တဲ့အခါ အာသဝေါကုန်ခမ်းပြီး ရဟန္တာဖြစ်သွားပါတယ်။

(သံ၊ ၄၊ ၁။ ၃၀၄)

## လောကီ အနာကုလတမ္မန္တ မင်္ဂလာ

မိဘကို လုပ်ကျွေးပြီး သားသမီးကိုလဲ ထောက်ပံ့ပြီ၊ ဒါပေမဲ့ အင်္ဂါ မစုံညီသေးဘူး။ တစ်ဖက်လှုပြီး တစ်ဖက်မလှုတာနဲ့ တူပါတယ်။ မျက်နှာသာလှ၍ ကိုယ်မလှုပြန်တော့ မဟန်ဘူး။ ကိုယ်နေဟန်လှပေမဲ့ မျက်နှာမလှတော့ ဝွကျနေတတ်ပြန်ပါတယ်။ အကုန်လှမှ ဟန်ကျမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် မိဘကို လုပ်ကျွေးပြီး သားမယားကို ထောက်ပံ့ ပေမဲ့လဲ တစ်ခါတလေ အနှောက်အယှက်ပေးပြန်တော့ စိတ်မအေးကြရပြန်ဘူး။ ပစ္စည်းနဲ့ ထောက်ပံ့ပေမယ့် အကျင့်နဲ့ ထောက်ပံ့ရာ မမည်သေးဘူး။ အဲဒါကို မြင်တော်မူလို့ အနာကုလာ စ ကမ္မန္တာဟု မင်္ဂလာအချုပ်ကို ထုတ်၍ ဟောတော်မူခဲ့ပါတယ်။

ပညာသင်ကြားရာ၊ တောင်သူလယ်သမားလုပ်ရာ၊ ကူးသန်း ရောင်းဝယ်ရာအခါများမှာ ရှုပ်ရှုပ် ယှက်ယှက် မလုပ်ရဘူး။ အလုပ်ချိန်ကို လေးစားပါ၊ အလုပ်နှင့် သင့်လျော်အောင် ဆောင်ရွက်ပါ၊ ပျင်းရိဖင့်နွဲ့မှု မရှိဘဲ အလုပ်ထဲမှာ စိတ်ပါဝင်စားပြီး နိုးကြားထကြွ ဝီရိယရှိရမှာ ဖြစ်တယ်၊ အချိန်ကို အလဟဿ မဖြုန်းတီးရဘူး။ ဥဋ္ဌာနသမ္ပဒါ= ထကြွမှု ရှိရမယ်၊ ကလျာဏမိတ္တသမ္ပဒါ=မိတ်ကောင်း ဆွေကောင်း အမှီကောင်းကို ရှာရမယ်၊ သမဇီဝိတသမ္ပဒါ အာရက္ခ သမ္ပဒါ=ဝင်ငွေ ထွက်ငွေ တွက်ချေပြီး အသုံးအဖြုန်းမရှိရဘူး။ ကျန်းမာရေးကို ဂရုစိုက်၍ လုပ်ရမယ်။ အဲဒါလဲ အနာကုလာ စ ကမ္မန္တာ။ အလောင်းအစား သောက်စားမှုးယစ် ပျော်ပါးမှု တွေကို ပယ်ပစ်ရမှာ အဲဒါ အနာကုလာ စ ကမ္မန္တာမင်္ဂလာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်ကင်းတဲ့အမှုကို ပြုလုပ်ရမယ်။ အရက်ချက်၊ အရက်ရောင်းမယ်၊ အဲဒါ အနှောက်အယှက်မကင်းဘူး၊ အဲဒီအလုပ်မျိုး မလုပ်ပါနှင့်၊ ဒါဆို လောကီမင်္ဂလာ ဖြစ်ပါတယ်။' မိမိရဲ့ သားမယားကို သက္ကာယဒိဋ္ဌိပြုတ်တဲ့တရား ဖောက်သည်ချပေးရမယ်။ နားလည်အောင် မကျွတ် ကျွတ်အောင် ရှင်းပြပေးရမယ်၊ သောတာပန်ဖြစ်အောင် ဟောပေး ရမယ်၊ အဲဒါ လင်ယောကျ်ားကောင်းပီသတယ်၊ 'နင့်ဟာနင် သွားချင်ရာသွား။ ငါ့ဘာမှ မပြောဘူး'၊ ဒီလို နေခဲ့ရင် ဒါယောကျ်ားကောင်း မပီသဘူး၊ လောကီနဲ့ ချီးမြှောက်တာ လောကီမင်္ဂလာ။ သက္ကာယဒိဋ္ဌိ ပြုတ်အောင် ချီးမြှောက်တာ လောကုတ္တရာ မင်္ဂလာဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ဟာ ရာဟုလာမယ်တော် ယသောဓရာကို ရှေးဦးစွာ အနတ္တဉာဏ်အမြင်မှန်နဲ့ သက္ကာယဒိဋ္ဌိပြုတ်သွားအောင် ချီးမြှောက်တာ လောကုတ္တရာမင်္ဂလာဖြစ်ပါတယ်။ သားတော် ရာဟုလာကို ရှင်ပြုပေးတာ ဓမ္မအမှန်ကို သိအောင် ဟောဆိုဆုံးမ ချီးမြှောက်တော်မူတာ လောကုတ္တရာ မင်္ဂလာဖြစ်ပါတယ်။

## လောကုတ္တရာ အနာကုလ တမ္မန္တ မင်္ဂလာ

(၁) ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။

(၂) ယထာ အဂါရံ သုဆန္နံ၊ ဝုဋ္ဌိ န သမတိ ဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိ ဝိဇ္ဈတိ။

(ဓမ္မပဒ၊ နန္ဒတ္ထေရဝတ္ထု)

(၁) ဒုစ္ဆန္နံ မကောင်းသဖြင့် မိုးအပ်သော။ (ဝါ) မလုံခြုံသော အမိုးရှိ သော။ အဂါရံ အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေ မိုးပေါက်သည်။ သမတိ ဝိဇ္ဈတိ ယထာ၊ ဖောက်ဝင်နိုင်သကဲ့သို့။ ဧဝံတထာ၊ ဤအတူ။ အဘာဝိတံ၊ (သမ

www.burmeseclassic.com



ဝိပဿနာတို့ဖြင့်) ကောင်းစွာမပွားများအပ်သော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ တပ်မက်နှစ်သက်မှု ရာဂသည်။ သမတိ ဝိဇ္ဈတိ၊ ဖောက်ဝင်နိုင်၏။

ကောင်းစွာ မိုးမထားတဲ့ (အမိုးမလုံတဲ့)အိမ်ကို မိုးရေ မိုးပေါက်များ ဖောက်ပြီး ဝင်နိုင်သကဲ့သို့ သမထဝိပဿနာတရားတို့ဖြင့် ပွားများ အားထုတ်ခြင်းမရှိတဲ့ စိတ်ကို ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ စတဲ့ ကိလေသာတွေ ဝင်ရောက်နိုင်ပါတယ်။

(၂) သုဆန္နံ၊ ကောင်းစွာမိုးထားအပ်သော။ (ဝါ) လုံခြုံသော အမိုးရှိသော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေ မိုးပေါက်သည်။ န သမတိ ဝိဇ္ဈတိ ယထာ၊ မဖေါက်ဝင်နိုင်သကဲ့သို့။ ဧဝံ တထာ၊ ဤအတူ။ သုဘာဝိတံ၊ (သမထ ဝိပဿနာတို့ဖြင့်) ကောင်းစွာပွားများအပ်သော။စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ တပ်မက်နှစ်သက်မှု ရာဂသည်။ န သမတိ ဝိဇ္ဈတိ၊ ဖောက်ထွင်း၍ မဝင်နိုင်။

ကောင်းစွာမိုးထားတဲ့ အိမ်ကို မိုးရေ မိုးပေါက်များ ဖောက်ပြီး မဝင်နိုင် သကဲ့သို့ သမထ ဝိပဿနာတို့ဖြင့် ပွားများအားထုတ်ခြင်းရှိသော စိတ်ကို ရာဂ စတဲ့ ကိလေသာများ ဖောက်ထွင်းပြီး မဝင်နိုင်ပါ။

လိုရင်းအချုပ် သမထ ဝိပဿနာတို့ဖြင့် ပွားများအားထုတ် ဆင်ခြင် သုံးသပ်နေတဲ့ စိတ်ကို ရာဂ၊ ဒေါသ၊ မောဟ၊ မာန ဒိဋ္ဌိစတဲ့ ကိလေသာတွေ ဝင်ပြီး မနှောင့်ယှက်နိုင်ခြင်းဟာ လောကုတ္တရာ အနာကုလာ စ ကမ္မန္တာ မင်္ဂလာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၁၄) ဒါနဥ္စ။ (ခုဒ္ဒကပါဌ။ ၄)

### ဒါန (၂)မျိုး

| | |
|---|---|
| (လောကီ) ဒါနမင်္ဂလာ | ဒါနမင်္ဂလာ(လောကုတ္တရာ) |
| (လောဘ) ← စေတနာ | စေတနာ → (အလောဘ) |
| (၃၁)ဘုံ ← [ ဒါန / သီလ ] | [ ဒါန / သီလ ] → မဂ်၊ ဖိုလ်၊ နိဗ္ဗာန် |
| ဖြစ်+ပျက် | ဖြစ်+ပျက် |
| အိုး၊ နာ၊ သေ၊ ဝဋ္ဋ+ဒါန | ဝိဝဋ္ဋဒါန၊ မအိုး၊ မနာ၊ မသေ |

ဒါနဥ္စ၊ သံသရာနောင်ရေး မြော်ကာတွေးလျက် ပေးကမ်း လှူဒါန်း စွန့်ကြဲခြင်းသည် လည်းကောင်း။ (လောကီချမ်းသာ ရည်ရွယ်)

ဒါနဥ္စ၊ သံသရာလွတ်ရေး မျှော်ကာတွေးလျက် ပေးကမ်းလှူဒါန်း စွန့်ကြဲခြင်းသည် လည်းကောင်း။ (လောကုတ္တရာ ချမ်းသာရည်ရွယ်)

ဒါနဥ္စာတိ ဧတ္ထ ဒီယတေ ဣမိနာတိ ဒါနံ၊ အတ္တနော သန္တကံ ပရဿ ပဋိပါဒီယတီတိ ဝုတ္တံ ဟောတိ။ (ခုဒ္ဒကပါဌ ဋ။ ၁၁၇)

### ဒါန(၂)မျိုး ဝိဂ္ဂဟ

(၁) ဒါတဗ္ဗန္တိ ဒါနံ။ (ဒေယျဓမ္မဒါနဝတ္ထုကို ယူပါ)

ယံ၊ အကြင်စွန့်ကြဲပေးကမ်းလှူဒါန်းအပ်သော ပစ္စည်းဝတ္ထု အစုစုကို။ ဒါတဗ္ဗံ၊ စွန့်ကြဲပေးကမ်းလှူဒါန်းအပ်၏။ တံ၊ ထိုစွန့်ကြဲ ပေးကမ်းလှူဒါန်းအပ်သော ပစ္စည်းဝတ္ထုအစုစုသည်။ ဒါနံ၊ ဒါနမည်၏။

လှူဘွယ်ဝတ္ထုပစ္စည်းအစုစုကို ဒါနအရ ကောက်ယူရပါတယ်။ ဝတ္ထုဒါနဟုလည်း ခေါ်ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ဒီယတေ ဣမိနာတိ ဒါနံ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၁၇)
ဒီယတိ ဧတာယာတိ ဒါနံ။ (ဒါနစေတနာကို ယူပါ)

ဧတာယ၊ ဤလှူဒါန်းကြောင်းဖြစ်သော၊ ဒါနစေတနာဖြင့်။ ဒေယျဓမ္မော၊ စွန့်ကြဲပေးကမ်းလှူဒါန်းအပ်သော ပစ္စည်းဝတ္ထုအစုစုကို။ ဒီယတိ၊ စွန့်ကြဲပေးကမ်းလှူဒါန်းအပ်၏။ ဣတိ၊ ထို့ကြောင့်။ ဒါနံ၊ ဒါနမည်၏။

လှူဒါန်းကြောင်းဖြစ်တဲ့ စေတနာကို ဒါနအရ ကောက်ယူရပါတယ်။
ဒီနှစ်မျိုးကို ဝတ္ထုဒါန, စေတနာဒါနလို့ ခေါ်ဆိုပါတယ်။

ဒါနံ နာမ ပရံ ဥဒ္ဒိဿ သုဗုဒ္ဓိပုဗ္ဗိကာ အန္နာဒိဒသဒါနဝတ္ထုပရိစ္စာဂစေတနာ တံသမ္ပယုတ္တော ဝါ အလောဘော။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၁၈)

ပရံ ဥဒ္ဒိဿ၊ တစ်ပါးသူကိုရည်ရွယ်၍။ သုဗုဒ္ဓိပုဗ္ဗိကာ၊ ဖြောင့်မှန်သော အသိဉာဏ်လျှင် ရှေ့သွားရှိသော။ (ဝါ)သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်လျှင် ရှေ့သွားရှိသော။ အန္နာဒိဒသဒါနဝတ္ထုပရိစ္စာဂစေတနာ၊ ထမင်းအစရှိသော ဆယ်မျိုးသော အလှူဝတ္ထုတို့ကို စွန့်ကြဲပေးကမ်း လှူဒါန်းကြောင်း ဖြစ်သော စေတနာသည်။ ဒါနံ နာမ၊ ဒါန မည်၏။ တံသမ္ပယုတ္တော၊ ထိုစေတနာနှင့်ယှဉ်သော။ အလောဘော ဝါ၊ အလောဘသည်လည်း။ ဒါနံ နာမ၊ ဒါနမည်၏။

(၁) ဝတ္ထုဒါန ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ အဖျော်ယမကာ စသောလှူဖွယ်ဝတ္ထု အစုစုသည် ဝတ္ထုဒါနမည်ပါတယ်။

(၂) စေတနာဒါန အလှူခံပုဂ္ဂိုလ်၏ဂုဏ်ကို အာရုံပြုပြီး ကောင်းမွန်မြင့်မြတ်တဲ့ အသိဉာဏ်ဖြင့် ဆွမ်း စသော ဒါနဝတ္ထုအစုစုကို စွန့်ကြဲပေးကမ်း လှူဒါန်းကြောင်းဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အလောဘနှင့် ယှဉ်တဲ့ စေတနာသည် စေတနာဒါန မည်ပါတယ်။

အလောဘေန ဟိ တံ ဝတ္ထုံ ပရဿ ပဋိစ္စဒေတိ၊ တေန ဝုတ္တံ "ဒီယတေ ဣမိနာတိ ဒါန" န္တိ။ တံ ဗဟုဇနပိယမနာပတာဒီနံ ဒိဋ္ဌဓမ္မိက သမ္ပရာယိကာနံ ဖလဝိသေသာနံ အဓိဂမဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။

(ခုဒ္ဒပါဋ္ဌ၊ ဋ္ဌ။ ၁၁၈)

အလောဘနှင့်ယှဉ်တဲ့ စေတနာဖြင့် သူတစ်ပါးအတွက် လှူဖွယ်ဝတ္ထု ပစ္စည်းစုကို စီမံပြုလုပ်ခြင်းဖြစ်တယ်။ အလောဘနှင့်ယှဉ်တဲ့ စေတနာကို များစွာသော သတ္တဝါအပေါင်းသည် ချစ်မြတ်နိုး ကြသည်၏ အဖြစ်, များစွာသော သတ္တဝါအပေါင်းတို့၏ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွား စေတတ်သည်၏အဖြစ် စသော ဒိဋ္ဌဓမ္မိက သမ္ပရာယိက ပစ္စုပ္ပန်တမလွန်နှစ်တန်သော အကျိုးထူးတို့ကို ရခြင်း၏အကြောင်းဖြစ်လို့ မုချအားဖြင့် မင်္ဂလာဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်ပါတယ်။ ဝတ္ထုဒါနကိုလည်း ဖလူပစာရအားဖြင့် မင်္ဂလာဟူ၍ပင် ခေါ်ဆိုပညတ် သမုတ်အပ်ပါတယ်။

ဉာဏ်ရှေ့သွားဆိုရာ၌ ကံ, ကံ၏အကျိုးကို သိမြင်နားလည်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကို ရှေ့ဦးစွာ နားလည် ထားရမှာ ဖြစ်ပါတယ်။ အလှူဒါနကို ပြုလုပ်ခြင်းကြောင့် ရရှိမည့် အကျိုးတရားများကို သိမြင်ခြင်းပင် ဖြစ်ပါတယ်။ ဉာဏ်ရှေ့သွား ရှိရမည်ဆိုခြင်းကြောင့် "ဉာဏ်မရှိ ဉာဏ်မပါလျှင် ဒါန မဖြစ်တော့ ဘူးလား"ဟု မေးစရာရှိပါတယ်။ ဒါနဖြစ်ပါတယ်၊ အကောင်းဆုံး အမြတ်ဆုံး ဖြစ်ဖို့ရာ ဉာဏသမ္ပယုတ် ဉာဏ်နှင့်ယှဉ်တဲ့ ကုသိုလ်ကိုသာ ရည်ရွယ်ပြီး အဋ္ဌကထာဆရာ ဖွင့်ဆိုထားခြင်း ဖြစ်ပါတယ်။

သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်မရှိသော်လည်း ပုဂ္ဂိုလ်ကို ကြည်ညိုလို့ ပေးကမ်း လှူဒါန်းစွန့်ကြဲလျှင်လည်း ဒါနဖြစ်ပါတယ်။ ဉာဏဝိပ္ပယုတ် ဒါနလို့ ခေါ်ဆိုပါတယ်။ ကလေးသူငယ်များနှင့် အချို့ လူများဟာ ဒါန၌

www.burmeseclassic.com

www.burmeseclassic.com



အကျိုးတရားကို မသိငြားသော်လည်း ချစ်ခင် မြတ်နိုး၍ဖြစ်စေ, သနား၍ ဖြစ်စေ, အကျိုးကိုလိုလား၍ ဖြစ်စေ ပေးကမ်းလှူဒါန်းမှုမျိုး ရှိတတ်ပါတယ်။ ထိုကဲ့သို့ပေးကမ်း လှူဒါန်း ခြင်းမျိုးဟာ ဒါနပင် ဖြစ်ပါတယ်။ ဒါနမဖြစ်တဲ့ ပေးကမ်းခြင်းမျိုးလဲ ရှိတတ်ပါသေးတယ်။ ကြောက်လို့ပေးရတာမျိုး, လာဘ်ကို မျှော်မှန်းလို့ ပေးရတာမျိုး, မိဘရိုးရာ အစဉ်အလာဖြစ်လို့ မပေးရင် မကောင်း တတ်လို့ ပေးရတာမျိုးဟာ ဒါနအစစ် မဖြစ်ပါဘူး။

ဉာဏသမ္ပယုတ္တဒါန၊ ဉာဏ်နှင့်ယှဉ်ပြီး ပေးလှူတဲ့ဒါနမျိုးမှ ပိုပြီး အထက်တန်းကြ၍ တန်ဖိုးရှိလှပါတယ်။ လှူဒါန်းချင်တဲ့ လှူဒါန်းနေတဲ့ စေတနာဟာ အကြောင်းတိုက်ဆိုက်ရင် မနောမှာ ပေါ်လာတတ်လို့ မွှာရုံ စေတနာဖြစ်ပါတယ်။ ဒီမွှာရုံ စေတနာမှာ တဏှာ ဥပါဒါန် စတဲ့ အကြောင်းတရားမရှိတာ သုဉ်းဆိတ် နေတာကို ဉာဏ်နဲ့ မြင်ပြီး လှူဒါန်းရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီစေတနာရဲ့ မြဲတဲ့သဘောတရား မရှိပုံ, ခိုင်ခံ့တဲ့ သဘော တရားမရှိပုံ အမြဲတည်နိုင်တဲ့သဘောတရားမရှိပုံကို ဉာဏ်ဖြင့် မြင်ပြီး လှူဒါန်းရမှာ ဖြစ်ပါတယ်။

ဓမ္မ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။ (ပဋိသံ၊ ၃၆၂)

## ဝဋ္ဋဒါန၊ ဝိဝဋ္ဋဒါန(၂)မျိုး

ဝဋ္ဋဒါနဆိုတာ+ဝဋ္ဋ-က လှည့်လည်ခြင်းဖြစ်တယ်။ လူ့ဘဝ လူ့ချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာ၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာနဲ့ လှည့်လည်နေတာကို ဝဋ္ဋလို့ ခေါ်တယ်။ လှည့်လည်ချင်လို့ ဒါန ပြုတယ်။ သီလ ဆောက်တည်တယ်၊ တရားကိုယ်ရှာလျှင် လောဘ ဖြစ်တယ်၊ လောဘကို တဏှာအနေနှင့်ပြောလျှင် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာ(၃)မျိုး ဖြစ်တယ်။ သစ္စာအနေနှင့်ပြောလျှင် သမုဒယသစ္စာ ဖြစ်တယ်။

ဒါနပြု၊ သီလဆောက်တည်တဲ့အခါ တဏှာ(၃)မျိုးတို့တွင် ဘဝတဏှာနှင့် အများဆုံး သက်ဆိုင်ပါတယ်။ ဘဝတဏှာဖြစ်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



တတ်ပါတယ်၊ ဖြစ်ပေါ်လာလျှင် ဝဋ္ဋဒါနမျိုး၊ ဝဋ္ဋသီလမျိုး ဖြစ်ပါတယ်၊ ဘဝကို တပ်မက်တဲ့ စိတ်ပါပဲ။

ဘဝတဏှာတိ ဘဝပတ္ထနာ။

(အဋ္ဌသာလိနီ၊ ဋ္ဌ။ ၉၄။ ဒီ၊ ဋ္ဌ၊ ၃။၁၆၀)

ဘဝကို လိုလားတောင့်တနေခြင်းဖြစ်ပါတယ်။ အနာဂါမ်ဘဝ မျှော်မှန်းပြီး လူ့ဘဝ လူ့ချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာ၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာကို လိုချင်တောင့်တပြီး ဒါန၊ သီလ စသည်တို့ကို ပြုလုပ် လှူဒါန်းဆောက်တည်ခြင်းသည် ဝဋ္ဋကုသိုလ်မျိုး ဖြစ်ပါတယ်။

ဘဝသမ္ပတ္တိ အာကင်္ခမာနေန ပဝတ္တိတံ၊ ဣဒံ တဏှာနိဿိတံ။

(ဝိသုဒ္ဓိ၊ ဋ္ဌ၊ ၁။ ၁၂)

ဘဝသမ္ပတ္တိ၊ ဘဝရဲ့ပြည့်စုံခြင်းကို။ (ဝါ) လူ့ဘဝ လူ့ချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာ၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာနှင့် ပြည့်စုံခြင်းကို။ အာကင်္ခမာနေန၊ လိုလားတောင့်တလျက်။ (ဝါ) မျှော်မှန်းလျက်။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော ဒါန သီလသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤဒါန သီလသည်။ တဏှာနိဿိတံ၊ တဏှာကို မှီ၏။

တဏှာနှင့် ယှဉ်တွဲပြီး ပြုလုပ်တဲ့ဒါန၊ သီလမျိုး ဖြစ်ပါတယ်။ ထိုကဲ့သို့ ပြုလုပ်တဲ့ ဒါန၊ သီလမျိုးကို အဋ္ဌကထာဆရာ ဖွင့်ပြ ထားပါတယ်။

တဏှာဝသေန ဝါ ဘဝဘောဂတ္ထာယ ပဝတ္တိတံ ဟီနံ။

(ဝိသုဒ္ဓိ၊ ဋ္ဌ၊ ၁။ ၁၃)

တဏှာဝသေန၊ တဏှာ၏အစွမ်းဖြင့်။ ဘဝဘောဂတ္ထာယ၊ ဘဝ သမ္ပတ္တိဘောဂသမ္ပတ္တိနှင့် ပြည့်စုံခြင်းအကျိုးငှါ။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော ဒါန၊ သီလသည်။ ဟီနံ၊ ယုတ်ညံ့၏။

တဏှာနှင့် ယှဉ်တွဲပြီး ပြုလုပ်တဲ့ ဒါန၊ သီလမျိုးသည် ယုတ်ညံ့ ပါတယ်။

ဘဝတဏှာက ဘဝပုဒ်ကို ဘဝေါတိ သဿတံ။ (စူဠဝါ ၊ ဋ္ဌ။ ၁၁၀)၌လည်းကောင်း၊ ဘဝေါ ဝုစ္စတိ သဿတော။ (ပဋိသံ၊ ဋ္ဌ၊၂။၅)၌

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ သဿတဒိဋ္ဌိသဟဂတော ဟိ ရာဂေါ ဘဝတဏှာတိ ဝုစ္စတိ (၁၇၀)၌ လည်းကောင်း အဋ္ဌကထာ အသီးသီးတို့ ဖွင့်ဆိုထားကြသဖြင့် သဿတဒိဋ္ဌိနှင့် တပ်မက်သာယာတဲ့ တဏှာကို ဘဝတဏှာဟု ခေါ်ဆိုပါတယ်။ ဒါနပြု၊ သီလဆောက်တည်တဲ့အခါ ဤကဲ့သို့ ပြုလုပ်လှူဒါန်း ဆောက်တည်ရသော ဒါနကုသိုလ်၊ သီလကုသိုလ် စေတနာကြောင့် ဖြစ်လေရာဘဝတိုင်းမှာ လူဖြစ်ရင် လူမင်းရဲ့ စည်းစိမ်ချမ်းသာ နတ်ဖြစ်ရင် နတ်မင်းရဲ့စည်းစိမ်းချမ်းသာ၊ ဗြဟ္မာဖြစ်ရင် ဗြဟ္မာမင်းရဲ့ စည်းစိမ် ချမ်းသာတို့ကို အကြိမ်ကြိမ်ခံစား စံစားရပါလို၏ဟု တောင့်တမျှော်မှန်းလျက် ပြုလုပ်တဲ့ ဒါန၊ သီလ ကုသိုလ်မျိုးသည် ဝဋ္ဋဒါန၊ ဝဋ္ဋသီလ ဖြစ်ပါတယ်။

ဝဋ္ဋံ နာမ သံသာရော။ (နေတ္တိ။ ၉၄)

ဝဋ္ဋံ၊ ဝဋ္ဋဒါနသည်။ (ဝါ) လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာကို လိုလားတောင့်တ လှူဒါန်းနေတဲ့ ဝဋ္ဋဒါနသည်။ သံသာရော နာမ၊ သံသရာမည်ပါပေ၏။ (ဝါ) အိုနာသေရေး ဒုက္ခဘေးကြီးကိုရတဲ့ ဒါန၊ သီလမည်ပါပေ၏။

ဘဝကို လိုလားတောင့်တမှုကြောင့် ခန္ဓာအသစ်တွေထပ်ထပ်ဖြစ်ပါတယ်။ ခန္ဓာအသစ်တွေရရှိလာပြန်တော့ အို နာ သေရေး ဒုက္ခဘေးကြီးတို့နှင့် အဆုံးသတ်သွားကြရပါတယ်။ အို နာ သေရေး ဒုက္ခဘေးကြီးမှ လွတ်တဲ့ ဒါန၊ သီလမျိုး မဟုတ်ပါဘူး။

> သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋနိဿိတဝသေန မိစ္ဆာဥပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ။
>
> (နိဒါနဝဂ္ဂ၊ သံ၊ ၄။ ၁၈)

ဝဋ္ဋသမ္ပတ္တိံ၊ ဝဋ်နှင့် ပြည့်စုံခြင်းကို။ (ဝါ) သံသရာထဲမှာ လှည့်လည်ပြီး စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းကို။ (ဝါ) လူ့ဘဝ လူချမ်းသာ၊ နတ်ဘဝနတ်ချမ်းသာ၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာနှင့် ပြည့်စုံခြင်းကို။ ပတ္ထေတွာ၊ လိုလားတောင့်တ၍။ ဝဋ္ဋနိဿိတ ဝသေန၊ ဝဋ်ဆင်းရဲခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



မှိသည်အစွမ်းဖြင့်။ (ဝါ) အိုနာသေရေး ဒုက္ခ ဘေးကြီးကို မှိသည်၏ အမှတ်ဖြင့်။ မိစ္ဆာဌပိတံ၊ မှားသောအားဖြင့် ယူထားအပ်သည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဝံ သတိ၊ ဤသို့ဖြစ်သည် ရှိသော်။ ဝဋ္ဋမေဝ၊ ဝဋ်ဆင်းရဲကြီးကို သာလျှင်။(ဝါ)အိုနာသေရေး ဒုက္ခဘေးကြီးကိုသာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင် ပါပေ၏။ ဝိဝဋ္ဋံ၊ ဝဋ္ဋကင်းရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာကို။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ န သက္ကောတိ၊ မစွမ်းနိုင်။

လူ့ဘဝ လူချမ်းသာ လူရဲ့စည်းစိမ်၊ နတ်ဘဝ နတ်ချမ်းသာ နတ်ရဲ့ စည်းစိမ်၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာ ဗြဟ္မာရဲ့စည်းစိမ် စတဲ့ လောကီချမ်းသာ တွေကို လိုလားတောင့်တပြီး လှူဒါန်းကြတဲ့ ဒါန၊ ဆောက်တည်ကြတဲ့ သီလတို့သည် ဝဋ္ဋဒါန၊ ဝဋ္ဋသီလမျိုးဖြစ်၍ သံသရာဝဋ်ဆင်းရဲကြီးကိုသာ အကြိမ်ကြိမ် အထပ်ထပ် ရရှိနေကြ၍ မိစ္ဆာဌပိတံ မှားတဲ့အယူလို့ အဋ္ဌကထာ ဖွင့်ဆိုထားပါတယ်။ မဂ်ဖိုလ် နိဗ္ဗာန်ကို ဆောင်ခြင်းရောက်ခြင်း ငှာ မစွမ်းနိုင်တော့ပါဘူးလို့ ဆိုထားတဲ့ အဋ္ဌကထာရဲ့ စကားကို သဘော ပေါက်နားလည်ဖို့ အရေးကြီးပါတယ်။

## လောကုတ္တရာ ဒါန၊ သီလ

ဝိဝဋ္ဋဆိုတဲ့ပုဒ်မှာ ဝဋ္ဋ-က လှည့်လည်ခြင်း၊ ဝိ-က ကင်းတယ်၊ မရှိဘူး၊ လှည့်လည်ချင်တဲ့စိတ် မရှိဘူး။ အလောဘစေတနာနှင့် ယှဉ်တွဲပြီး ပြုလုပ်တဲ့ ဒါန၊ သီလမျိုးဖြစ်ပါတယ်။ ဝိဝဋ္ဋ ဒါန၊ သီလ မျိုးသာဖြစ်၍ အထူးကြိုးစားပြီး ပြုလုပ်၊ လှူဒါန်းဆောက်တည်ကြရမှာ ဖြစ်ပါတယ်။

အလောဘဆိုတာ မလိုချင်တာ၊ မတောင့်တတာ၊ မစုံမက်တာ၊ မမျှော်ခေါ်တာ သက်ရှိသက်မဲ့ ဘယ်အာရုံကိုမှ မစုံမက်ဘူး။

အလောဘောန စေတ္တ ဇာတိဒုက္ခံ န ဟောတိ။

(အဋ္ဌသာလိနီ၊ ၄။၁၇၅)

www.burmeseclassic.com

www.burmeseclassic.com



စ၊ ဆက်၍အထူးပြ ဆိုဦးအံ့။ ဧတ္တ၊ ဤအလောဘ အဒေါသ အမောဟ သုံးပါးတို့တွင်။ အလောဘေန၊ အလောဘကြောင့်။ ဇာတိဒုက္ခံ၊ ဇာတိဒုက္ခသည်။ န ဟောတိ၊ မဖြစ်။

အလောဘကြောင့် ဇာတိဒုက္ခ မဖြစ်ဘူး။ ဇာတိဒုက္ခမဖြစ်လျှင် အိုနာ သေရေးဒုက္ခဘေးကြီးမှ လွတ်ပါတယ်။

အလောဘေန ပန ကာမသုခလ္လိကာနုယောဂအန္တသ္သ ပရိဝဇ္ဇနံ ဟောတိ။ (အဋ္ဌသာလိနီ၊ ဋ္ဌ။ ၁၇၂)

ပန၊ ဆက်၍ပြဆိုဦးအံ့။ အလောဘေန၊ အလောဘကြောင့်။ ကာမသုခလ္လိကာနုယောဂအန္တဿ၊ ကာမသုခလ္လိက အစွန်းကို။ ပရိဝဇ္ဇနံ၊ ရှောင်ကြဉ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အလောဘကြောင့် ကာမသုခလ္လိကာနုယောဂ အစွန်းလွတ် သွားပြန်တယ်။ ဘာကြောင့် လွတ်သွားရသလဲ။ လောဘခေါ်တဲ့ တဏှာကြောင့် ကာမသုခလ္လိကာနုယောဂဖြစ်တယ်။ လောဘ မပါလို့ ကာမသုခလ္လိကာနု ယောဂ အစွန်းလွတ်သွားပါတယ်။

အလောဘော စေတ္ထ ဘောဂသမ္ပတ္တိယာ ပစ္စယော ဟောတိ။ (အဋ္ဌသာလိနီ၊ ဋ္ဌ။ ၁၇၂)

စ၊ ဆက်၍အထူးပြဆိုဦးအံ့။ ဧတ္ထ၊ ဤအလောဘ အဒေါသ အမောဟသုံးပါးတို့တွင်။ အလောဘော၊ အလောဘသည်။ ဘောဂ သမ္ပတ္တိယာ၊ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

အလောဘရှိတဲ့သူဟာ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းကြောင့် ဘယ်ဘုံ ဘယ်ဌာန ဘယ်ဘဝရောက်ရောက် စည်းစိမ်ဥစ္စာ ပြည့်ပြည့် စုံစုံ ဖြစ်ရပါတယ်၊ ကြွယ်ဝချမ်းသာတဲ့ဘဝမျိုး ရရှိပါတယ်။

အလောဘေန စ ပိယဝိပ္ပယောဂံ ဒုက္ခံ န ဟောတိ။ (အဋ္ဌသာလိနီ၊ ဋ္ဌ။ ၁၇၂)

www.burmeseclassic.com

www.burmeseclassic.com



စ၊ သည်သာမကသေး ဆက်ရန်ရှိသေး၏။ အလောဘေန၊ အလောဘကြောင့်။ ပိယဝိပ္ပယောဂံ၊ ချစ်ခင်နှစ်သက်မြတ်နိုးအပ်သော သတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်းရခြင်းကြောင့်ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲဒုက္ခမျိုးစုံသည်။ န ဟောတိ၊ မဖြစ်။

အလောဘဖြစ်နေရင် ချစ်ခင်နှစ်သက်မြတ်နိုးအပ်တဲ့ သားသမီး ဆွေမျိုး မိတ်သင်္ဂဟ ပစ္စည်းဥစ္စာစသည်တို့နှင့် ကင်းကွာမှုကြောင့် ဖြစ်ရတဲ့ ဆင်းရဲဒုက္ခမျိုးစုံကို ဘယ်အခါမှ မတွေ့ရပါ။

အလောဘေန စ အနိစ္စဒဿနံ ဟောတိ။

(အဋ္ဌသာလိနီ၊ ၄။ ၁၇၃)

စ၊ ဆက်၍ပြဆိုပါဦးအံ့။ အလောဘေန၊ အလောဘကြောင့်။ အနိစ္စဒဿနံ၊ အနိစ္စဟုမြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အလောဘ ဖြစ်နေရင် အနိစ္စဟု ရှုမြင်တဲ့စိတ် ဖြစ်ပေါ်လာတယ်။

## အလောဘစေတနာဖြင့် လှူဒါန်းပုံ

နောင်လာမယ့် အနာဂတ်ဘဝမှာ လူ့ဘဝ လူချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာ၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာကို မမျှော်မှန်း မတောင့်တဘဲ လှူဒါန်းခြင်းဖြစ်ပါတယ်။ အလောင်းတော်ကြီးများ ဒါနပြုတဲ့အခါ စိတ်ထားပုံကိုစဉ်းစားကြည့်ပါ။ ပစ္စည်းဥစ္စာရတနာ ရွှေငွေကို လှူတယ် ဆိုတာ သာမညပဲ ရှိသေးတယ်။ သက်ရှိဖြစ်တဲ့ မိမိခန္ဓာကိုယ်ကိုပင်လျှင် အလှူခံပုဂ္ဂိုလ်ပေါ်လာရင် ရဲရဲဝံ့ဝံ့ပေးလှူနိုင်တဲ့ သတ္တိရှိတယ်၊ ဒါ အလောဘ စေတနာပဲ။ ဒါယကာ ဒါယိကာမတွေလဲ သာသနာတော်နှင့် စပ်လို့ဖြစ်ဖြစ်, လောကနှင့်ပတ်သက်လို့ပဲဖြစ်ဖြစ် လှူဒါန်းရေးကိစ္စ၊ ထောက်ပံ့စရာ အကြောင်းပေါ်လာရင် မိမိပစ္စည်းဥစ္စာကို ရက်ရက်ရောရော စွန့်လွှတ်လှူဒါန်း ထောက်ပံ့ကြပါတယ်။ ဒါလဲ အလောဘစေတနာ ဖြစ်ပါတယ်။

အတိုချုံး လိုရင်းပြောရရင် ဘုရားရှင်ကို လှူဒါန်းမယ် ဆိုလျှင် ဘုရားရှင်အတွက်သာ ရည်ရွယ်ပြီး လှူဒါန်းရမှာ ဖြစ်ပါတယ်။ ရဟန်း သံဃာတော် အရှင်မြတ်တွေကို လှူဒါန်းမယ်ဆိုရင်လည်း ရဟန်း သံဃာတော်

www.burmeseclassic.com

www.burmeseclassic.com



အရှင်မြတ်တွေ ချမ်းချမ်းသာသာနေနိုင် သီတင်းသုံးနိုင်ရန် ပရိယတ်၊ ပဋိပတ် နှစ်ရပ်သော သာသနာတော်မြတ်ကြီးကို ချမ်းချမ်းသာသာ အားထုတ်နိုင်ကြ ရန်အတွက်သာ ရည်ရွယ်ပြီး လှူဒါန်းကြရမှာ ဖြစ်တယ်။ ဒါလည်း အလောဘ စေတနာ ဖြစ်ပါတယ်။

မိမိအတွက် ပစ္စုပ္ပန် တမလွန် နှစ်တန်သော လောကီသုခနှင့် ပတ်သက်ပြီး ရည်ရွယ်ချက်၊ မျှော်မှန်းချက် ဘာတစ်ခုမှ မပါပါဘူး။ လောကုတ္တရာကိုသာ ရည်ရွယ်ပြီး လှူဒါန်းတာ ဖြစ်ပါတယ်။ ရည်ရွယ်ချက် မပါတော့ မရတော့ဘူးလားဆိုတော့ ရပါတယ်။

ဣဒံ ဒါနံ နာမ သုခါနံ နိဒါနံ သမ္ပတ္တီနံ မူလံ ဘောဂါနံ ပတိဋ္ဌာ။
(ဒီ၊ ဋ၊ ၂။ ၆၂)

ဣဒံ ဒါနံ နာမ၊ ဤဒါနမည်သည်။ သုခါနံ၊ လူ့၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့၏။ နိဒါနံ၊ ဖြစ်ခြင်းရောက်ခြင်း၏အကြောင်း ရင်းပါပေတည်း။ သမ္ပတ္တီနံ၊ အလုံးစုံသော စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံခြင်း တို့၏။ (ဝါ) ကြေဝတေး ဗန္ဓုဝတီမင်းစသော စည်းစိမ်ချမ်းသာ၊ စတုမဟာရာဇ် စသော နတ်တို့၏ စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံခြင်းတို့၏။ မူလံ၊ အကြောင်းရင်း မူလပါပေတည်း။ ဘောဂါနံ၊ သုံးဆောင် ခံစားအပ်သော စည်းစိမ်ချမ်းသာ တို့၏။ ပတိဋ္ဌာ၊ တည်ရာပါပေတည်း။

ဒါန၏အစွမ်းသတ္တိ အကျိုးပေးပုံဖြစ်ပါတယ်၊ တောင့်တနေရမှာ မဟုတ်ပါဘူး။ ဒါနပြုလျှင် ရရှိမည့် အကျိုးတရားတွေ ဖြစ်ပါတယ်။

ဒါနဉ္စ လောကေ သက္ကသမ္ပတ္တိ မာရသမ္ပတ္တိ ဗြဟ္မသမ္ပတ္တိ စက္ကဝတ္တိသမ္ပတ္တိ သာဝက ပါရမီဉာဏ် အဘိသမ္ဗောဓိဉာဏ် ပစ္စေက ဗောဓိဉာဏ် ဒေတိ။
(ဒီ၊ ဋ၊ ၂။ ၆၂)

ဟိ၊ ဒါန၏ အကျိုးကို ပြဆိုလိုက်ပါဦးအံ့။ ဒါနံ၊ ဒါနသည်။ သက္ကသမ္ပတ္တိံ၊ သိကြားမင်းကြီး၏ စည်းစိမ်ချမ်းသာမျိုးကို လည်းကောင်း။ မာရသမ္ပတ္တိံ၊ မာရ်နတ်မင်းကြီး၏ စည်းစိမ်ချမ်းသာမျိုးကိုလည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



ဖြဟ္မသမ္ပတ္တိ၊ ဖြဟ္မာမင်းကြီး၏ စည်းစိမ် ချမ်းသာမျိုးကို လည်းကောင်း။ စက္ကဝတ္တိသမ္ပတ္တိ၊ စကြဝတေးမင်းကြီး၏ စည်းစိမ် ချမ်းသာမျိုးကို လည်းကောင်း။ (လောကီကိစ္စ အဝဝကို အကျိုးပေးပုံ ဖြစ်ပါတယ်။)

သာဝက ပါရမီဉာဏ်၊ သာဝကပါရမီဉာဏ်ကိုလည်းကောင်း။ (ဝါ) သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်ကို လည်းကောင်း။ ပစ္စေကဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်ကို လည်းကောင်း။ အဘိသမ္ဗောဓိဉာဏ်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို လည်းကောင်း။ ဒေတိ၊ပေးနိုင်ပါပေ၏။ (လောကုတ္တရာ အကျိုးပေးပုံ ဖြစ်ပါတယ်။)

ဒါနသည် လောကီချမ်းသာအမျိုးမျိုးကိုလည်း အကျိုးပေးပါတယ်။ လောကုတ္တရာချမ်းသာအမျိုးမျိုးကိုလည်း အကျိုးပေးပါတယ်။ ဝဋ္ဋ၊ ဝိဝဋ္ဋ နှစ်မျိုးလုံးနှင့် သက်ဆိုင်ပါတယ်။ နှစ်မျိုးလုံး အကျိုးပေးနိုင်တဲ့ ဂုဏ်အစွမ်း သတ္တိကို ပြဆိုထားတာ ဖြစ်ပါတယ်။

ဣဒါနိ ဒါနံ ဝဋ္ဋဂတာ ဥက္ကဋ္ဌသမ္ပတ္တာ သမ္ပတ္တိယော ဝိယ ဝိဝဋ္ဋဂတာပိတာ သမ္ဘာဒေတီတိ ဗောဓိစရိယဘာဝေနပိ ဒါနဂုဏော ဒဿေတုံ "ဒါနဉ္စ" တိအာဒိ ဝုတ္တံ။ (ဒီ၊ ဋီ၊ ၂။၆၈)

မင်္ဂဖိုလ်နိဗ္ဗာန်ကို ရည်မှန်းပြီး လှူဒါန်းမယ်ဆိုရင် ဝိဝဋ္ဋဒါန ဖြစ်ပါတယ်။ လောကီ၌ မျှော်ခေါ်မှု၊ တောင့်တမှုတွေမပါဘဲ ဒါန ဖြစ်တယ်။ ဤဝိဝဋ္ဋ ဒါနရဲ့ အကျိုးတရားများဟာ အရဟတ္တမဂ်အထိ အကျိုးပေးပါတယ်။

"ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတူ" တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္ပာဒ္ဒပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိ ဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ၊ န အရဟတ္တံ အပ္ပတွာ ပရိယောသာနံ ဂစ္ဆတိ။ (နိဒါနဝဂ္ဂ၊ သံ၊ ၄။ ၁၈)

မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ဤဒါနသည်။ အာသဝက္ခယံ၊ အာသဝေါ တရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို။ ဝဟံ=ဝဟန္တော၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။

www.burmeseclassic.com

www.burmeseclassic.com



အာသဝက္ခယအရ လျှုဒါန်းဆဲမှာ အာသဝေါတရားလေးပါး ကုန်နေတာကို ရှေးဦးစွာ ဉာဏ်ဖြင့် မြင်ဖို့ လိုအပ်ပါသေးတယ်။ အတိုချုံး လိုရင်းရှာလျှင် စေတနာဖြစ်ပါတယ်။ ဒီစေတနာစေတသိက်ဟာ သူဟာသူ တစ်ခုချင်း မဖြစ်နိုင်ပါဘူး၊ သဒ္ဓါ စတဲ့ စေတသိက်တွေနှင့် ယှဉ်တွဲပြီး ဖြစ်ပါတယ်၊ နားလည်အောင် ပြောရရင် ကြည်ညိုတဲ့ စိတ်စေတနာ ဖြစ်ပါတယ်။

ဘုရားအမျိုးရှိတဲ့ ရဟန်းသံဃာတော် အရှင်မြတ်တွေကို မွန်မြတ်တဲ့ ပစ္စည်းဝတ္ထုတွေကို လှူဒါန်းတဲ့အခါ ပစ္စည်းဝတ္ထုအပေါ်မှာ နှမြောတွန့်တိုမှု တွယ်တာမှုမရှိလို့ လှူဒါန်းဆဲမှာ လောဘဖြစ်တဲ့ ကာမာသဝ ကုန်နေတာ မရှိတာ မပါတာကို ဉာဏ်ဖြင့် မြင်ရမှာ ဖြစ်ပါတယ်။

နောင်လာမယ့် အနာဂတ်ဘဝမျိုးစုံကို မျှော်မှန်းတမ်းတ လိုချင်တဲ့ ဘဝတဏှာမရှိလို့ လှူဒါန်းဆဲမှာ ဘဝါသဝ ကုန်နေတာကို ဉာဏ်ဖြင့် ရှုမြင်လိုက်ပါ။ ဒီစေတနာဟာ မြဲတဲ့ သဘောတရား မရှိဘူး၊ မြဲတဲ့သဘော တရားမှ ကုန်ခမ်းနေတယ်၊ ခိုင်ခံ့တဲ့သဘော တရားမရှိဘူး၊ ခိုင်ခံ့တဲ့ သဘောတရားမှ ကုန်ခမ်းနေတယ်၊ အမြဲတည်နိုင်တဲ့သဘောတရား မရှိဘူး၊ အမြဲ တည်နိုင်တဲ့ သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ်နေပုံကို ဉာဏ်ဖြင့် မြင်လိုက်လျှင် မြဲတယ်၊ ခိုင်ခံ့တယ်၊ အမြဲတည်နိုင်တယ်ဆိုတဲ့ သဿတဒိဋ္ဌိ ဖြစ်ပေါ်လာခွင့် မရလို့ ဒိဋ္ဌာသဝကုန်နေပါတယ်။ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝကုန်နေတာကို အမှန်အတိုင်း ဉာဏ်ဖြင့် မြင်လိုက်တော့ အဝိဇ္ဇာသဝ ကုန်သွားပြန်ပါတယ်။ ဤကဲ့သို့ ဒါနပြုတိုင်း၊ သီလဆောက်တည်တိုင်း၊ ဘာဝနာပွားများတိုင်း အာသဝေါတရား လေးပါးကုန်နေတာ လွတ်နေတာ မပါတာ မရှိတာကို ဉာဏ်ဖြင့် မြင်ပြီး ဒါနပြု၊ သီလဆောက်တည်၊ ဘာဝနာပွားများရမှာ ဖြစ်ပါတယ်။ (ရှေးဦးစွာ ပြုလုပ်ရမည့်အချက် ဖြစ်ပါတယ်။)

ဝိဝဋ္ဋ နိဗ္ဗာန်။ (နေတ္တိ။ ၉၄)

ဝိဝဋ္ဋ၊ ဝိဝဋ္ဋဒါနသည်။ ဝိဝဋ္ဋ၊ မင်္ဂဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရည်မှန်းပြီးလှူဒါန်းလိုက်တဲ့ ဝိဝဋ္ဋဒါနသည်။ (ဝါ) ဘဝကို လိုချင်တဲ့ ဘဝတဏှာ၊ စွဲတဲ့ ဥပါဒါန်၊ ပြုလုပ်တဲ့ ကံ-သင်္ခါရ၊ အမှန်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မမြင်နိုင်တဲ့ အဝိဇ္ဇာ၊ အကြောင်းတရား (၅)ပါး မရှိဘူးလို့ မဂ်ဉာဏ်ဖြင့် အမှန်မြင်ပြီး လှူဒါန်းလိုက်တဲ့ ဝိဝဋ္ဋဒါန သည်။ နိဗ္ဗာနံ နာမ၊ နိဗ္ဗာန်မည်ပါပေ၏။

**မှတ်ချက်။** ဒါနစေတနာဖြစ်ခိုက်မှာ ကာမာသဝ စတဲ့ အာသဝေါလေးချက်မရှိပုံ၊ တဏှာဥပါဒါန် စတဲ့ အကြောင်းတရားငါးပါး မရှိပုံကို ဉာဏ်ဖြင့်မြင်ပြီး လှူဒါန်းရမှာ၊ သီလဆောက်တည်ရမှာ ဖြစ်ပါတယ်။ (လောကီမဂ်)

**အထူး။** သက္ကာယဒိဋ္ဌိပြုတ်သွားအောင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိပြုတ်သွားအောင် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်သွားအောင် အသိဉာဏ် ပေးခြင်းသည် သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိအရ အမြတ်ဆုံး ပေးလှူခြင်း ဒါနဖြစ်ပါတယ်။

### (၁၅) ဓမ္မစရိယာ။ (ခုဒ္ဒကပါဌ၊ ၄)

### ဓမ္မစရိယ (၂)မျိုး

| (လောကီ) ဓမ္မစရိယ | ဓမ္မစရိယ (လောကုတ္တရာ) |
|---|---|
| ဒုစရိုက် (၁၀)ပါးရှောင် | သုစရိုက် (၁၀)ပါးဆောင်၊ |
| ပါဏာတိ၊ အဒိန္န၊ ကာမေသု၊ | ဒါန၊ သီလ၊ ဘာဝနာ (၁၀) |
| မုသာ၊ ပိသုဏာ၊ဖရုသာ၊သမ္ဖပ္ပလာ၊ | ဗောဓိပက္ခိယတရား (၃၇)ပါး |
| အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ | သက္ကာယဒိ (၃)၊ သစ္စာ (၄) |
| မဖြစ်အောင် ရှောင်ကြဉ် | ဖြစ်အောင်ပွားများအားထုတ် |

(၁) ဓမ္မစရိယာ ၏၊ ကောင်းသော သုစရိုက်တရားတို့ကို ကျင့်ကြံအားထုတ် အလုပ်လုပ်ခြင်းသည်လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မသ္သ စရိယာ ဓမ္မစရိယာ၊ ဓမ္မာ အနပေတာ ဝါ စရိယာ ဓမ္မစရိယာ။ (ခုဒ္ဒကပါဌ၊ ဋ။ ၁၁၇)

ဓမ္မသ္သ၊ ဆယ်ပါးသော ကုသလကမ္မပထတရားကို။ စရိယာ၊ ကိုယ်နှုတ်စိတ်တို့ဖြင့် ကျင့်ကြံအားထုတ်ခြင်းတည်း။ ဓမ္မစရိယာ၊ ဆယ်ပါးသော ကုသိုလ်ကမ္မပထတရားကို ကိုယ်နှုတ်စိတ်တို့ဖြင့် ကျင့်ကြံအားထုတ်ခြင်း။

(ဝါ) တစ်နည်းကား၊ ဓမ္မာ၊ ဆယ်ပါးသော ကုသိုလ်ကမ္မပထတရားမှ။ အနပေတာ၊ ဖဲခွာ၍ မသွားသော။ စရိယာ၊ အကျင့်တည်း။ ဓမ္မစရိယာ၊ ဆယ်ပါးသော ကုသိုလ်ကမ္မပထတရားမှ ဖဲခွာ၍မသွား သော အကျင့်။ (ဝါ) ကုသိုလ်ကမ္မပထတရား ဆယ်ပါးနှင့် ပြည့်စုံတဲ့ အကျင့်။

## ဒုစရိုက် (၁၀)ပါး

### ကာယကံသုစရိုက် (၃)ပါး

(၁) **ပါဏာတိပါတဝိရတီ** သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်တယ်။

တုတ်၊ ဓား၊ လက်နက်ကိုင်ရမှာ ရှက်တယ်၊ သနားတတ်တယ်၊ သတ္တဝါအားလုံးရဲ့ အကျိုးစီးပွားကို လိုလားတယ်။

**ရှောင်ရကျိုး** အင်္ဂါကြီးငယ် ချို့တဲ့ခြင်း မရှိဘူး၊ ချောမော လှပ ပြေပြစ်၍ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံတယ်၊ လူအပေါင်းတို့ ချစ်ခင်မြတ်နိုးခြင်း ခံရတယ်၊ ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းတယ်၊ သူတစ်ပါး ပယောဂကြောင့် မသေရဘူး၊ အခြံအရံ ပရိသတ်များစွာနှင့် ပြည့်စုံတယ်၊ အနာရောဂါကင်းတယ်၊ စိုးရိမ်သောကမရှိဘူး၊ ချစ်ခင် နှစ်သက်တဲ့သူတို့နှင့် ကင်းကွာရခြင်း မရှိဘူး၊ အသက်ရှည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂) **အဒိန္နာဒါန ဝိရတီ** သူတစ်ပါးပစ္စည်းဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်တယ်။

ရွာ၊ တော၊ မြို့ ဘယ်နေရာမှာမဆို ပစ္စည်းဥစ္စာ ရွှေငွေ ရတနာများကို တွေ့ရှိက ပိုင်ရှင်မပေးဘဲ ခွင့်မပြုဘဲ ဘယ်အခါမှ ခိုးယူ လေ့မရှိဘူး၊ ရှောင်ကြဉ်တယ်၊ ယူရမှာ ရှက်တယ်။

**ရှောင်ရကျိုး** ပစ္စည်းဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး စသည်တို့နှင့် ပြည့်စုံတယ်၊ မဖြစ်စဖူး ထူးကဲတဲ့ စည်းစိမ်ချမ်းသာတို့ ဖြစ်ပေါ်လာတယ်၊ ဖြစ်ပြီးတဲ့ စည်းစိမ်ဥစ္စာရတနာရွှေငွေတို့ဟာ မြဲမြဲ စွာ တည်တံ့တယ်၊ ဂုဏ်အားဖြင့် သူတစ်ပါးတို့ထက် မြင့်မြတ်တယ်၊ စိတ်နှလုံးချမ်းသာစွာ နေရတယ်၊ ပစ္စည်းဥစ္စာအလိုရှိက လျှင်မြန်စွာ ရတယ်၊ ရန်သူမျိုးငါးပါး မနှိပ်စက်နိုင်ဘူး၊ သိမ်မွေ့နူးညံ့စွာ ပြောဆိုတဲ့ သူ၊ စိတ်ထားကောင်းတဲ့ သူတို့နှင့် ဖြစ်လေရာဘဝတိုင်းမှာ တွေ့ရပါတယ်။

(၃) **ကာမေသု မိစ္ဆာစာရဝိရတီ** မလွန်ကျူး ထိုက်တဲ့ အမျိုးသမီး၊ အမျိုးသားတို့ကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်တယ်၊ လွန်ကျူးရမှာ ရှက်တယ်။

**ရှောင်ရကျိုး** ရန်သူတစ်စုံတစ်ယောက်နှင့်မျှ မတွေ့ရဘူး၊ ရဟန်းရှင်လူ ကြည်ဖြူချစ်ခင်တယ်၊ စားသောက်ဖွယ်ရာများနှင့် အဝတ်ပုဆိုး၊ အိပ်ရာ၊ နေရာ စသည်ကို အလိုရှိတိုင်း ရနိုင်တယ်၊ မပင်မပန်း ချမ်းချမ်းသာသာ အိပ်စက်ရ နိုးကြားရပါတယ်၊ အပါယ်ဘေးမှ ကင်းလွတ်စေတယ်၊ အမျိုးသမီးဘဝနှင့် နပုံးဘဝ ဘယ်အခါမှ မဖြစ်ဘူး၊ အမျက်ဒေါသကင်းတယ်၊ အောက်ကျ နောက်ကျနှင့် မျက်နှာမငယ်ရဘူး၊ လင်နှင့်မယား ချစ်ခင်ကြင်နာမှု အမြဲရှိတယ်၊ ကိုယ်အင်္ဂါချွတ်ယွင်းမှုမရှိ ပြည့်စုံတယ်၊ ဖြစ်လေရာဘဝတိုင်းမှာ စိတ်နှလုံး ချမ်းချမ်းသာသာနှင့် နေရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဝစီကံသုစရိုက် (၄) ပါး**

(၁) **မုသာဝါဒဝိရတီ** မဟုတ်မမှန်တဲ့စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်တယ်။ ပရိသတ်အလယ် အဖွဲ့အစည်း အလယ် မင်းမျိုးအလယ်၌ ခေါ်ဆောင်၍ မေးမြန်းတဲ့အခါ သိရင် သိတယ်၊ မသိရင် မသိဘူး၊ မြင်ရင် မြင်တယ်၊ မမြင်ရင် မမြင်ဘူးဟု မှန်တဲ့အတိုင်းသာ ပြောဆိုပါတယ်၊ မိမိအကြောင်းနှင့် ပတ်သက်၍ ဖြစ်စေ၊ သူတစ်ပါး အကြောင်းနှင့် ပတ်သက်၍ဖြစ်စေ လာဘ်လာဘကို ငဲ့ပြီး သိလျက်နှင့် မုသားစကားကို ဘယ်အခါမှ မပြောဆိုဘူး။

**ရှောင်ရကျိုး** သန့်ရှင်းကြည်လင် ရွှင်ပြသော ဣန္ဒြေ ရှိတယ်၊ ချိုသာသော အသံ နှစ်သက်စဖွယ် စင်ကြယ်ဖြူဖွေးသော သွား၊ အရပ် မနိမ့်မမြင့်၊ နူးညံ့ပျော့ပြောင်းသော အသားအရေနှင့် ပြည့်စုံတယ်၊ မိမိ အလိုသို့ လိုက်နာကြတဲ့ ပရိသတ်နှင့် ပြည့်စုံတယ်၊ မိမိပြောစကား လူအများ အားထားယုံကြည်တယ်၊ ကြာညိုပန်းအနံ့ကဲ့သို့ သင်းပျံ့ မွှေးကြိုင်တဲ့ ခံတွင်း ရှိတယ်၊ ကြာချပ် ကြာရွက်အလား နီမြန်းသောလျှာနှင့် ပြည့်စုံတယ်၊ ဖြစ်လေရာ ဘဝတိုင်းမှာ စိတ်ချမ်းသာစွာ နေရတယ်။

(၂) **ပိသုဏာဝါစာဝိရတီ** ကုန်းတိုက် ကုန်းချောတဲ့ စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်တယ်။ စကားပြောဆိုလျှင် သူတစ်ပါးပြောတဲ့ စကားကို နားထောင်ပြီး တစ်ဦးနှင့်တစ်ဦး ကွဲသွား အောင် ဘယ်အခါမှ မပြောဆိုဘူး။ ကွဲနေတဲ့သူတွေကို စေ့စပ်ပေးတယ်။ ညီညွတ်နေတဲ့ သူတွေကို အားပေးတယ်။ ညီညွတ်ခြင်း၌ မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်တယ်။ ညီညွတ်စေတဲ့စကားကို ပြောဆိုပါတယ်။

**ရှောင်ရကျိုး** သူတစ်ပါး လုံ့လပယောဂကြောင့် သေကျေ ပျက်စီးခြင်း မရှိနိုင်ဘူး။ တပည့်သားမြေး၊ ဇနီးမယား သမီးသား မိတ်ဆွေ ခင်ပွန်း အစရှိတဲ့ အခြွေအရံ ပရိသတ်များနဲ့ ကွဲပြားမှုမရှိဘဲ ခိုင်မြဲတည်တံ့ နိုင်တယ်။ မိတ်ဆွေသင်္ဂဟတွေနဲ့ ဘယ်အခါမှ ကင်းကွာမှု မရှိနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သွားများ ညီညာလှပတင့်တယ်တယ်။ ဖြစ်လေရာ ဘဝတိုင်းမှာ ကိုယ်စိတ်နှစ်ပါး ချမ်းချမ်းသာသာ နေရပါတယ်။

(၃) **ဖရုသဝါစာ ဝိရတိ** ဆဲဆိုကြိမ်းမောင်း ကြမ်းတမ်းတဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်တယ်။ အပြစ်ကင်းလျက် ယဉ်ကျေး သိမ်မွေ့စွာ ကြားသူတိုင်း နှစ်သက်ဖွယ်ဖြစ်တဲ့စကားကိုသာ ပြောဆိုပါတယ်။

**ရှောင်ရကျိုး** ရဟန်းရှင်လူ မည်သူမဆို ကြည်ဖြူ ချစ်ခင်တယ်၊ ပြောဆိုတဲ့ စကားကြားရလျှင် ကြားသူတို့ရဲ့ စိတ်နှလုံးကို ရွှင်ပြုံး နှစ်သက်စေတယ်၊ ချိုသာသော စကားရှိတယ်၊ သူတစ်ပါးတို့ ချီးမွမ်းခံ ရတယ်၊ နူးညံ့သိမ်မွေ့တဲ့ လျှာရှိတယ်၊ သာယာတဲ့ အသံနှင့် ပြည့်စုံတယ်၊ ဖြစ်လေရာဘဝတိုင်းမှာ စိတ်ချမ်းသာစွာ နေရတယ်။

(၄) **သမ္ဖပ္ပလာပ ဝိရတိ** အနှစ်သာရမရှိ အချည်းအနှီးဖြစ်တဲ့စကားပြောဆိုခြင်းမှ ရှောင်ကြဉ်တယ်။

သင့်တော်တဲ့အခါမှ ပြောဆိုတယ်၊ အမှန်ကိုသာ ပြောဆိုတယ်၊ အကျိုးရှိတဲ့ စကားကိုသာ ပြောဆိုတယ်၊ တရားနှင့် စပ်တဲ့ စကားကိုသာ ပြောဆိုတယ်၊ အဆုံးအမနှင့်စပ်တဲ့ စကားကိုသာ ပြောဆိုတယ်၊ ကြောင်းကျိုး ဆက်စပ် စီးပွားချမ်းသာနှင့်ဟပ်လျက် မှတ်သားလောက်စရာစကားမျိုးကိုသာ ပြောဆိုတယ်။

**ရှောင်ရကျိုး** ရဟန်းရှင်လူ ခပ်သိမ်းကုန်သော သူတို့ ကြည်ဖြူချစ်ခင်တယ်၊ ခပ်သိမ်းသောသူတို့၏ စိတ်နှလုံးကို နှစ်သက်စေပါတယ်၊ ကျောက်ထီးတန္ဒု အလေးအမြတ်ပြုခြင်းကို ခံရပါတယ်၊ မနိုင်းယှဉ်အပ်တဲ့လာဘ်လာဘ စသည်ကို ရရှိပါတယ်၊ ကြီးမားသော ဘုန်းတန်ခိုး အာနုဘော်ရှိပါတယ်၊ အမေးပုစ္ဆာပြဿနာကို လွယ်ကူစွာ ဖြေကြားနိုင်ပါတယ်၊ ဖြစ်ရာဘဝ ချမ်းသာသုခမျိုးစုံကို ရရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မနောသုစရိုက်(၃)ပါး

(၁) **အနဘိဇ္ဈာ** သူတစ်ပါးစည်းစိမ်ဥစ္စာကို မိမိ စည်းစိမ် ဥစ္စာဖြစ်စေလိုတဲ့ ဆန္ဒမရှိဘူး၊ ရှောင်ကြဉ်တယ်။

"သူတစ်ပါးစည်းစိမ်းဥစ္စာတွေဟာ ငါ့ရဲ့စည်းစိမ်ဥစ္စာဖြစ်လျှင် ကောင်းမှာပဲ"ဟု ကြံစည်သမှု ဘယ်အခါမှ မပြုဘူး၊ သူတစ်ပါး အဆောက်အဦ စသည်တို့ကို ရှေးရှုပြီး မကောင်းတဲ့ စိတ်ထားဖြင့် ဘယ်အခါမှ မကြံ စည်ဘူး။

**ရှောင်ရကျိုး** အလိုရှိသမျှ ရနိုင်တယ်။ မွန်မြတ်တဲ့ စည်းစိမ်း ချမ်းသာကို ခံစားရတယ်။ ရန်သူများက မိမိကို မနှိပ်စက်နိုင်ဘူး၊ ရုပ်ရေ အဆင်း ချောမော လှပခြင်းနှင့် ပြည့်စုံတယ်။ ဖြစ်လေရာဘဝတိုင်းမှာ ချမ်းသာသုခရရှိပြီး ပျော်ရွှင်စွာ နေထိုင်ရပါတယ်။

(အဘိဇ္ဈာမှ ရှောင်ကြဉ်လျှင် အနဘိဇ္ဈာ ဖြစ်ပါတယ်။)

(၂) **အဗျာပါဒ** သူတစ်ပါးတို့အား ပျက်စီးစေလိုတဲ့ ဆန္ဒ ဘယ်အခါမှ မရှိဘူး၊ ရှောင်ကြဉ်တယ်။

ဖျက်ဆီးလိုတဲ့ စိတ်မရှိဘူး၊ သတ္တဝါအားလုံးကို "ဘေးရန်မရှိ၊ ကြောင့်ကြ မရှိ၊ ဆင်းရဲ မရှိ၊ ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ပါ စေသတည်း"လို့ မေတ္တာစာတ် အမြဲတမ်း ရှိနေပါတယ်။

**ရှောင်ရကျိုး** ရဟန်းရှင်လူ ခပ်သိမ်းသောသူတို့၏ ကြည်ဖြူ လေးစားခြင်းကို ခံရတယ်၊ ချီးမွမ်းမြှောက်စားခြင်းခံရတယ်၊ သူတစ်ပါး အကျိုးကို ဆောင်ရွက်လိုတဲ့ဆန္ဒ အမြဲတမ်းရှိတယ်၊ သူတကာတို့ လွန်စွာ ကြည်ညို တယ်၊ သူတစ်ပါးကို ချမ်းသာစေလိုတဲ့ စိတ် အမြဲတမ်း ရှိတယ်၊ တန်ခိုး အာနုဘော် ကြီးမားတယ်၊ နူးညံ့သိမ်မွေ့တဲ့စိတ်ထား ရှိတယ်။ ဖြစ်လေရာဘဝတိုင်းမှာ ကာယသုခ၊ စိတ္တသုခနှင့် ပြည့်စုံပါတယ်။

(ဗျာပါဒမှ ရှောင်ကြဉ်လျှင် အဗျာပါဒ ဖြစ်ပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com



(၁၀) သမ္မာဒိဋ္ဌိ မှန်ကန်တဲ့ အယူ၊ အမှန်သိတဲ့ ဉာဏ်ရှိတယ်။

ပေးကမ်းလှူဒါန်းပူဇော်ခြင်းသည် အကျိုးရှိတယ်။ ကောင်းတာကို ပြုလုပ်လျှင် ကောင်းတဲ့ အကျိုး၊ မကောင်းတာကို ပြုလုပ်လျှင် မကောင်းတဲ့ အကျိုးကို ခံစားရတယ်လို့ လက်ခံယုံကြည်တယ်။ လောကီအမြင်မှန် သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပါတယ်၊ လောကမှ လွတ်မြောက်သွားတာကို အမှန် အတိုင်းသိတဲ့ ဉာဏ်သည် လောကုတ္တရာသမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။

**ရရှိတဲ့အကျိုး** ဖြစ်လေရာဘဝမှာ အဆွေခင်ပွန်းကောင်း၊ မိတ်ဆွေ သင်္ဂဟအပေါင်းတို့နှင့်သာ တွေ့ရပါတယ်၊ မကောင်းတဲ့ အလုပ်၊ အပြစ်ရှိတဲ့အလုပ်၊ အကုသိုလ်ဖြစ်တဲ့အလုပ်ကို မလုပ်လျှင် သတ်ပစ်မယ် ဆိုစေကာမူ ဘယ်အခါမှ မပြုလုပ်ဘူး၊ ကံသာလျှင် မိမိ ဥစ္စာဖြစ်တယ်လို့ ယုံကြည်တယ်၊ ပြဿဒါး၊ ရက်ရာဇာရွေးခြင်း စတဲ့ ကောတူဟလမင်္ဂလာကို ဘယ်အခါမှ မပြုလုပ်ဘူး၊ အခါခပ်သိမ်း သူတော်ကောင်းတရား၌ တည်တယ်၊ (လောကီသမ္မာဒိဋ္ဌိ)။ လက္ခဏာရေး သုံးတန် အမြင်မှန်၊ သစ္စာလေးတန် အမြင်မှန်ဖြင့် လောကုတ္တရာမဂ် ဉာဏ်ဖြစ်ပေါ်လာပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသွား နိုင်ပါတယ်၊ (လောကုတ္တရာ သမ္မာဒိဋ္ဌိ)

(မိစ္ဆာဒိဋ္ဌိရှောင်လျှင် သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။)

**ပုညကိရိယဝတ္ထု(၁၀)ပါး**

| | | |
|---|---|---|
| (၁) | ဒါန | စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၊ |
| (၂) | သီလ | ကာယကံ၊ ဝစီကံတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ |
| (၃) | ဘာဝနာ | သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို ပွားများ အားထုတ်ခြင်း၊ |
| (၄) | အပစာယန | ရတနာသုံးပါး၊ ဆရာမိဘ၊ ဂုဏဝုဓ္ဓိ အစရှိသော ကျေးဇူးဂုဏ်နှင့်ပြည့်စုံသော သူတို့ အား အရိုအသေပြုခြင်း၊ |

www.burmeseclassic.com

www.burmeseclassic.com



(၅) ဝေယျာဝစ္စ ကုသိုလ်ဖြစ်ဖို့ရာ အမှုကြီးငယ်ကို ဆောင်ရွက်ခြင်း၊
(၆) ပတ္တိဒါန မိမိပြုသော ကုသိုလ်ကောင်းမှုကို အမျှ အတန်း ပေးဝေခြင်း၊
(၇) ပတ္တာနုမောဒန သူတစ်ပါးပြုသော ကုသိုလ်ကောင်းမှုကို သာဓု အနုမောဒနာပြုခြင်း၊
(၈) ဓမ္မဿဝန သူတော်ကောင်းတရားကို ကြားနာခြင်း၊
(၉) ဓမ္မဒေသနာ သူတော်ကောင်းတရားကို ဟောကြားပေး ခြင်း၊
(၁၀) ဒိဋ္ဌုဇုကမ္မ အယူဖြောင့်မှန်စွာ ယူခြင်း၊

မှတ်ချက်။ အယူဖြောင့်မှန်တယ်ဆိုတာ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အစွန်း(၂)ပါးလွတ်တဲ့ မဇ္ဈိမပဋိပဒါ မဂ္ဂင်(၈)ပါးကို ဆိုလိုပါတယ်။

**လောကီ ဓမ္မစရိယ မင်္ဂလာ**

ဒါနရှိပေမဲ့ သီလမရှိလျှင် မဖြစ်လို့ သီလကထာ၊ ဒါန သီလကြောင့် ရရှိမည့် နတ်ပြည် စတဲ့ အကျိုးတရား သဂ္ဂကထာကို ဟောတော်မူပါတယ်။ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရ ကာယကံ သုံးလီကို လုံအောင် ထိန်းသိမ်းစောင့်စည်းတာ ဓမ္မစရိယမင်္ဂလာ။ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဝစီကံ(၄)ပါး မပြောမိ လုံခြုံအောင် စောင့်စည်းတာ ဓမ္မစရိယမင်္ဂလာ။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ မနောကံ(၃)ပါး အကြောင်း တိုက်ဆိုင်ရင် ပေါ်လာတတ်တာကို ပေါ်မလာအောင် စောင့်စည်းတာ ဓမ္မစရိယမင်္ဂလာ။ ကံသုံးဖြာ မလွန်ကျူးမိအောင် သတိနှင့်ကပ်၊ ကိုယ်တိုင်ရှောင်ကြဉ်တာ၊ တပည့်လက်သား သားမယားနှင့် ဆွေမျိုး မိတ်သင်္ဂဟများကိုလဲ ရှောင်ကြဉ်ရန် နှိုးဆော်တာ၊ လက်တွေ့ ရှောင်ကြဉ်တဲ့အခါ တပည့်လက်သား သားမယားနှင့် မိတ်ဆွေသင်္ဂဟ ဆွေမျိုးများကိုလဲ ချီးမွမ်း၍ သာဓုခေါ် ပေးချင်၊ မိမိကလဲ သာဓုခေါ်ပေးချင်အောင် ဒုစရိုက်များမှ ရှောင်ကြဉ်တာ ဓမ္မစရိယမင်္ဂလာ။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မစရိယာ သမစရိယာ ဟေတု ခေါ ဂဟပတယော ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ။
(မူလပဏ္ဏာသ။ ၃၅၅)

ဂဟပတယော၊ သူကြွယ်တို့။ ဓမ္မစရိယာ သမစရိယာ ဟေတု ခေါ၊ တရားကျင့်မှု မျှတမှုကို ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့်။ ဧဝံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကာယဿ ဘေဒါ၊ ခန္ဓာကိုယ်ပျက်စီး၍။ ပရံ မရဏာ၊ သေသည်မှနောက်ကာလ၌။ သုဂတိံ၊ ကောင်းမှုပြုသူတို့၏ လားရောက်ရာဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည် လောကသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြရကုန်၏။

လောကီ ဓမ္မစရိယကို ကျင့်ကြံအားထုတ် အလုပ်လုပ်လျှင် ယခုပစ္စုပ္ပန်ဘဝမှာလဲ ကိုယ်စိတ်နှစ်ပါး ချမ်းချမ်းသာသာနှင့် နေထိုင်ရပါတယ်၊ တမလွန်ဘဝကျပြန်တော့လဲ နတ်ရွာသုဂတိသို့ ရောက်ရပါတယ်။

**လောကုတ္တရာ ဓမ္မစရိယ မင်္ဂလာ**

(၁) တရားကို ကျင့်ကြံအားထုတ် အလုပ်လုပ်နေတာ ဓမ္မစရိယမင်္ဂလာ၊

(၂) ကေသာ, လောမာ စတဲ့ (၃၂)ကောဋ္ဌာသကို အနုလုံ၊ ပဋိလုံ စီးဖြန်းဆင်ခြင်နေတာ ဓမ္မစရိယမင်္ဂလာ၊

(၃) ဥဒ္ဓုမာတကစတဲ့ အသုဘ(၁၀)ပါးကို စီးဖြန်းဆင်ခြင်နေတာ ဓမ္မစရိယမင်္ဂလာ၊

(၄) တဏှာ၊ မာန၊ ဒိဋ္ဌိ ဟူသော ပပဉ္စတရား(၃)ပါး ချုပ်သွားအောင် ကျင့်ကြံ အားထုတ် အလုပ်လုပ်နေတာ ဓမ္မစရိယမင်္ဂလာ၊

(၅) သက္ကာယဒိဋ္ဌိ ပြုတ်သွားအောင် ကျင့်ကြံအားထုတ် အလုပ်လုပ်နေတာ ဓမ္မစရိယမင်္ဂလာ၊

(၆) သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သွားအောင် အားထုတ် အလုပ်လုပ်နေတာ ဓမ္မစရိယမင်္ဂလာ၊

www.burmeseclassic.com

www.burmeseclassic.com



(၇) တဏှာ၊ ဥပါဒါန် စတဲ့အကြောင်းတရား(၅)ပါး ဖြစ်ပျက်ဆုံး သွားတဲ့ နေရာမှာ အစားထိုးပေါ်လာတဲ့ အသင်္ခတခေါ်တဲ့ နိဗ္ဗာန်ကို မမြင်မြင်အောင် ကျင့်ကြံအားထုတ် အလုပ်လုပ်နေတာ ဓမ္မစရိယ မင်္ဂလာ၊

(၈) နိစ္စချုပ်အောင် အနိစ္စဖြင့်၊ အတ္တချုပ်အောင် အနတ္တဖြင့် ဆင်ခြင် သုံးသပ် အားထုတ် အလုပ်လုပ်နေတာ ဓမ္မစရိယမင်္ဂလာ၊

(၉) လက္ခဏာရေးသုံးတန် အမှန်မြင်အောင် နှလုံးသွင်းဆင်ခြင်နေတာ ဓမ္မစရိယမင်္ဂလာ၊

(၁၀) သစ္စာ(၄)တန် အမှန်မြင်အောင် ဆင်ခြင်သုံးသပ် နှလုံးသွင်း နေတာ ဓမ္မစရိယမင်္ဂလာ။

မှတ်ချက်။ လက္ခဏာရေး (၃)တန် အမြင်မှန်၊ သစ္စာ (၄)တန် အမြင်မှန်တို့ဖြင့် နိဗ္ဗာန်မျက်မှောက်ပြုသွားပုံကို ဒဿန သမ္ဗဒါလမ်းပြ၊ ဘာဝနာသမ္ဗဒါလမ်းပြကျမ်းတို့၌ ရှုပါ။

## (၁၆) ဉာတကာနဥ္စ သင်္ဂဟော။ (ခုဒ္ဒကပါဌ။၄)

## ဉာတကာနဥ္စသင်္ဂဟ (၂) မျိုး

| (လောကီ)သင်္ဂဟတရား(၄)မျိုး | သစ္စာ(၄)ပါး(လောကုတ္တရာ) |
|---|---|
| ×× | ×× |
| ဒါန | ဒုက္ခသစ္စာ |
| ပေယျဝဇ္ဇ | သမုဒယ သစ္စာ |
| အတ္ထစရိယ | နိရောဓသစ္စာ |
| သမာနတ္တတာ | မဂ္ဂသစ္စာ |
| ×× | ×× |
| လောကီချမ်းသာ | လောကုတ္တရာချမ်းသာ |

www.burmeseclassic.com

www.burmeseclassic.com



ဉာတကာနံ၊ ဘိုးကြီး ဘွားကြီး ဘကြီး ဘထွေး အစရှိ ကုန်သော မိန္တယ် ဖရိုး ဆွေမျိုးအပေါင်းတို့အား။ သင်္ဂဟော စ၊ ဆွေဝတ် မျိုးဝတ် မယွင်းချွတ်အောင် ဖြူဆွတ်သဒ္ဓါ စေတနာဖြင့် ကောင်းစွာ သင်္ဂြိုဟ် ထောက်ပံ့ရခြင်းသည်လည်းကောင်း။

ဉာယန္တေ အမှာကံ ဣမေတိ ဉာတကာ။ (ခုဒ္ဒကပါဌ၊ ဋ။ ၁၁၈)

ယေ ဇနာ၊ အကြင်လူတို့ကို။ဣမေ၊ ဤသူတို့ကား။ အမှာကံ၊ ငါတို့၏။ အဇ္ဈတ္တိကာ၊ အတွင်း၌ဖြစ်သော လူတို့ပါပေတည်း။ ဣတိ၊ ဤသို့။ ဉာယန္တေ၊ သိအပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ ဇနာ၊ ထိုလူတို့သည်။ ဉာတကာ၊ ဉာတကာတို့မည်ကုန်၏။ (ဝါ) ဆွေမျိုးတို့ မည်ကုန်၏။

## ဆွေမျိုးမည်ပုံ

မိဘနှစ်ပါးစုံအားဖြင့် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တို့၏ ပြည့်ကြောင်းဖြစ်တဲ့ အဘိုးအဘွားအစုံတိုင်အောင် တော်စပ်သူတို့သည် ဉာတက- ဆွေမျိုး မည်ပါတယ်။

ဉာတကာ နာမ မာတိတော ဝါ ပိတိတော ဝါ ယာဝ သတ္တမာ ပိတာမဟယုဂါ သမ္ဗန္ဓာ၊ တေသံ ဘောဂပါရိဇုညေန ဝါ ဗျာဓိပါရိဇုညေန ဝါ အဘိဟတာနံ အတ္တနော သမီပံ အာဂတာနံ ယထာဗလံ ယာသစ္ဆာဒန မနဓညာဒီဟိ သင်္ဂဟော ပသံသာဒီနံ ဒိဋ္ဌမမ္မိကာနံ သုဂတိဂမနာဒီနဥ္စ သမ္ပရာယိကာနံ ဝိသေသာဓိဂမာနံ ဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။

(ခုဒ္ဒကပါဌ၊ ဋ။ ၁၁၉)

ဆွေမျိုးတို့အား စွမ်းအားရှိသလောက် ထောက်ပံ့ပေးရမယ်၊ စည်းစိမ်ဥစ္စာ ပျက်ဆီးဆုံးရှုံးသူဖြစ်စေ ပျက်စီးဆုံးရှုံးကြောင်း အနာရောဂါ ဖိစီးနှိပ်စက်နေသူဖြစ်စေ မိမိ၏ အနီးအပါးသို့ အားကိုးတကြီးနှင့် ရောက်လာကြတဲ့ ဆွေမျိုးတို့အား အဝတ်အစား ဥစ္စာစပါး စသည်တို့ဖြင့် သင်္ဂြိုဟ် ထောက်ပံ့ ချီးမြှင့်ပေးကမ်းခြင်းသည် ဉာတိသင်္ဂဟ မင်္ဂလာ မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆွေမျိုးများတို့ကို ချီးမြှောက်ထောက်ပံ့ခြင်းကြောင့် သူတော်ကောင်းတို့ ချီးမွမ်းခြင်း စတဲ့ ဒိဋ္ဌဓမ္မိက အကျိုး၊ နတ်ရွာသုဂတိသို့ ရောက်ခြင်း အစရှိသော သမ္ပရာယိက အကျိုးထူးတို့ကို ရရှိနိုင်ခြင်း၏ အကြောင်းဖြစ်လို့ မင်္ဂလာမည်၏ဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်ပါတယ်။

**ဉာတိ=ဆွေမျိုးဟူသည်** မိဖက်ဖဖက် ဆွေခုနစ်ဆက်ကို ဆိုပါတယ်။ စည်းစိမ်ဉစ္စာ ပျက်စီးခြင်းကြောင့်ဖြစ်စေ၊ ရောဂါဝေဒနာ နှိပ်စက်ခံရခြင်းကြောင့် ဖြစ်စေ အရပ်တစ်ပါးမှ မိမိ၏အထံသို့ ရောက်လာတဲ့ ဆွေမျိုး၊ မိမိ၏ အနီးအပါးမှ ဆွေမျိုးများကို အဝတ်အစား၊ အစာ၊ ဆေးဝါး စသည်တို့ဖြင့် ကူညီထောက်ပံ့ခြင်းကို ဉာတိသင်္ဂဟလို့ ဆိုပါတယ်။

သင်္ဂဟဝတ္ထု(၄)ပါးဖြင့် ဆွေမျိုးမှန်သမျှ ထောက်ပံ့ခြင်းကိုလည်း သင်္ဂဟဟုပင် ဆိုရပါတယ်။ ဆွေမျိုးများကို ထောက်ပံ့တဲ့သူတွေဟာ "တော်ပါပေတယ်"ဟု အများချီးမွမ်းမှုကို ခံရပါတယ်၊ ဆွေမျိုးများ၏ လေးစား ချစ်ခင်မှု၊ တုန့်ပြန်စောင့်ရှောက်မှုကိုလည်း ခံရပါတယ်၊ ချစ်ခင်ကြင်နာခြင်းဖြင့် ဖွဲ့စည်းထားတဲ့ ညီညွတ်သင့်မြတ်တဲ့ ပတ်ဝန်းကျင်ဖြင့် အစဉ်ရွှင်လန်း သာယာလျက် ရှိနေပါတယ်၊ ဤသို့သော ဒိဋ္ဌဓမ္မအကျိုးများကို လည်းကောင်း၊ သုဂတိဘဝရောက်ရခြင်း တမလွန်အကျိုးကို လည်းကောင်း ရရာရကြောင်း ကောင်းမြတ်သော ပြုလုပ်မှုဖြစ်၍ ဉာတိသင်္ဂဟမင်္ဂလာ မည်ပါတယ်။

### သင်္ဂဟတရား (၄)ပါး

(၁) ဒါန — ဆွေမျိုးတို့အား ပေးကမ်းထောက်ပံ့ခြင်း၊

(၂) ပေယျဝဇ္ဇ — ချစ်ခင်နှစ်သက်ဖွယ်သော စကားကို ပြောဆိုခြင်း၊

(၃) အတ္ထစရိယ — အကျိုးစီးပွားကို ရွက်ဆောင်ခြင်း၊

(၄) သမာနတ္တတာ — ကိုယ်နှင့်အတူထားခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသင်္ဂဟတရား (၄)ပါးဖြင့် ဆွေမျိုးတို့အား သင်္ဂြိုဟ် ထောက်ပံ့ရမယ်။

(၁) ဒါန ဒါနဉ္စာတိအာဒီသု ကေစ္စော မှာ ဒါနေနေဝ သင်္ဂဏှိ တဗ္ဗော ဟောတိ။ (အံ၊ ၄။ ၉၀)

ဒါန= ပေးကမ်းခြင်း (ဒါန)ဟူသော သင်္ဂဟတရားသည် မိမိတို့အိမ်သူ၊ အိမ်သား၊ ဆွေရင်းမျိုးရင်းများနှင့်တကွ မိမိတို့ကို အားထားအားကိုးပြုလုပ်၍နေကြတဲ့သူတို့အား အစာရေစာ မျိုးရိက္ခာ အရင်းအနှီးတို့ကို တတ်စွမ်းနိုင်သမျှ ဒါနအဖြစ်ပေးခြင်း၊ အတိုးမရှိ မ,စခြင်း၊ အနည်းငယ်မျှသော အတိုးဖြင့် မ,စချီးမြှင့်ခြင်းအားဖြင့် စားရာမဲ့၊ သောက်ရာမဲ့မရှိစေခြင်းငှာ ကိုယ်တိုင်ပေးကမ်းခြင်း၊ သူတပါးကို ပေးကမ်းစေခြင်းတို့ကို ပြုလုပ်ရမှာ ဖြစ်ပါတယ်။

(၂) ပေယျဝဇ္ဇ = ပေယျဝဇ္ဇန္တိ ပိယဝစနံ၊ သေ ဒေတု ဝါ မာ ဝါ၊ ဝစနမေဝဿ သဟဿံ အဂ္ဃတီတိ ဝတ္တာ ဟောတိ၊ ဝေရူပေါ ပုဂ္ဂလော ဒါနံ န ပစ္စာသီသတိ၊ ပိယဝစနမေဝ ပစ္စာသီသတိ၊ တဿ ပိယဝစနမေဝ ဝတ္တဗ္ဗံ။ (အံ၊ ၄၊ ၂။ ၂၉၀)

ပေယျဝဇ္ဇ = ချစ်ခင်နှစ်သက်ဖွယ်သော စကားကို ဆိုခြင်း (ပေယျဝဇ္ဇ) ဟူသော သင်္ဂဟတရားအရ လွှသွားပမာ ကြမ်းတမ်းစွာသော စကားကို မပြောကြားမူ၍ နူးညံ့သိမ်မွေ့ပြီး ချစ်ခင်ကြည်နူးဖွယ်ရာ သာယာတဲ့စကားကိုသာ အခါခပ်သိမ်း ပြောဆိုရမယ်၊ အကယ်၍ နှင်ထုတ်ရန် အကြောင်းဖြစ်ပေါ်လာလျှင် အပြစ်ရှိ ငြားသော်လည်း သိမ်မွေ့နူးညံ့တဲ့ နည်းပရိယာယ်ဖြင့်သာ ပြောဆို၍ ဖယ်ရှားလိုက်ရမှာ ဖြစ်ပါတယ်။

အချို့သူတို့ကား ငွေထောင်ပေါင်းများစွာကို မစုံမက် မမြတ်နိုးကြဘဲ နှစ်သက်ဖွယ်သော စကားတစ်ခွန်းကို စုံမက် မြတ်နိုးတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခပ်သိမ်းသောသူတို့အတွက် ပေယျာလဖြစ်အောင် သတိပြုပြောဆိုသင့်လှ ပါတယ်။

(၃) **အတ္တစရိယာ =** အတ္တစရိယာတိ အတ္တဝဓနကထာ၊ ကေစ္စော ဟိ နေဝ ဒါနံ န ပိယဝစနံ ပစ္စာသီသတိ၊ အတ္တနော ဟိတကထံ ဝဓိကထမေဝ ပစ္စာသီသတိ။ ဧဝရူပဿ ပုဂ္ဂလဿ "ဣဒံ တေ ကာတဗ္ဗံ၊ ဣဒံ န ကာတဗ္ဗံ၊ ဧဝရူပေါ ပုဂ္ဂလော သေဝိတဗ္ဗော၊ ဧဝရူပေါ န သေဝိတဗ္ဗော"တိ ဧဝံ အတ္တစရိယကထာဝ ကထေတဗ္ဗာ။ (အံ၊ ဋ၊၂။၂၉၀)

အကျိုးစီးပွားကို ကျင့်ခြင်း (အတ္တစရိယာ)ဟူသော သင်္ဂဟတရားရဲ့ အကျိုးအာနိသင်သည် လောကီအကျိုး၊ လောကုတ္တရာအကျိုးဟူ၍ နှစ်မျိုးရှိပါတယ်။

ထိုတွင် မည်သို့ပြုလုပ်လျှင် မည်သို့ အကျိုးစီးပွားဖြစ်လိမ့်မယ်၊ မည်သို့ပြုလုပ်လျှင် မည်သို့ အကျိုးစီးပွား ပျက်စီးလိမ့်မယ် စသည်ဖြင့် ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်းစတဲ့ လောကီအကျိုးစီးပွားများကို ဆောင်ရွက် ပေးခြင်း၊ မည်သည့်တရားကို မှီဝဲလျှင် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာဖြစ်ခြင်း ကြီးပွားခြင်း ဖြစ်ပေလိမ့်မယ်၊ မည်သည့်တရားကို မှီဝဲလျှင် ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုး စီးပွားမဲ့ ဖြစ်လိမ့်မယ် စသည်ဖြင့်ဝေဖန် သုံးသပ်ဆင်ခြင်၍ ရွက်ဆောင်ခြင်းတို့ကို ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။

## ထင်ရှားအောင်ပြ သာဓက

ဘုရားအလောင်းတော် နစဉ်အခါက အသက်သေရမည့် ဘေးအန္တရာယ် ကြီးစွာ ဆိုက်ရောက်နေတဲ့ မျောက်အပေါင်းအတွက် မိမိအသက်ကို အသေခံလျက် ထိုဘေးရန်မှ ကယ်ဆယ်သော မျောက်မင်း ဝတ္ထု၊ ရေးနည်းပါးနေချိန်တွင် ကျီး, ဖျိုင်း စသော သတ္တဝါများ၏

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ညည်းဆဲခြင်းကို ခံရ၍ ကြီးကျယ်သော ဘေးရန်ကျရောက်နေကြတဲ့ ငါးအပေါင်းအား သစ္စာပြုပရိတ်တော်ဖြင့် မိုးကြီး သည်းထန်စွာ ရွာစေလျက် ထိုဘေးရန်မှ လွတ်စေသော ငါးရံ့မင်း ဝတ္ထု၊ ဘေးရောက်နေသော ခွေးတို့ကို ကယ်ဆယ်သော ခွေးမင်းဝတ္ထု စသည်အားဖြင့် ဇာတ်နိပါတ်တော်လာ များစွာသော ဝတ္ထုတို့ကို ထောက်ထား၍ မိမိဆွေမျိုးများရဲ့အကျိုးစီးပွားကို အားထုတ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ထို့ကြောင့် မိမိ သူတစ်ပါး နှစ်ဦးသားတို့ ကျေးဇူးရှိစေခြင်းငှာ အချင်းချင်းငဲ့ညှာလျက် တစ်ယောက်ကို တစ်ယောက်က စောင့်ရှောက်ကြမှသာလျှင် အမျိုးဘာသာ သာသနာ ပညာတရားများ တစ်နေ့တခြား တက်နေလားသို့ တိုးပွားကြမှာ ဖြစ်ပါတယ်။ မိမိတို့အချင်းချင်း တစ်ဦးကို တစ်ဦး မစောင့်ရှောက်ကြလျှင် မကြာမီ အမျိုး ဘာသာ သာသနာတော်ကြီးပါ ပျက်စီးကွယ်ပျောက်၍ ဆင်းရဲခြင်းသို့ ရောက်ရတော့မှာ အမှန် ဖြစ်တယ်။

## (၄)သမာနတ္တတာ

**သမာနတ္တတာတိ သမာနသုခဒုက္ခဘာဝေါ၊ ကေစ္စော ဟိ ဌာနာဒီသု ကေမ္ပိ န ပစ္စာသီသတိ၊ ကောသနေ နိသဇ္ဇံ ကေပလ္လင်္ကေ သယနံ၊ ကေတော ဘောဇနန္တိ ဧဝံ သမာနသုခဒုက္ခတံ ပစ္စာသီသတိ၊ သော သစေ ဂဟဋ္ဌဿ ဇာတိယာ ပဗ္ဗဇိတဿ သီလေန သဒိသော ဟောတိ၊ တဿာယံ သမာနတ္တတာ ကာတဗ္ဗာ။** (အံ၊ ဋ္ဌ၊၂။ ၂၉၀)

ကိုယ်နှင့် အတူထားခြင်း(သမာနတ္တတာ) ဟူသော သင်္ဂဟ-တရားတော်၌ ကျောသား၊ ရင်သား၊ သူစိမ်း၊ သူကျက်ဟူ၍ ခွဲထားဖို့ မရှိ။ မိမိနှင့်ထပ်တူထပ်မျှထား၍ မြှောက်စားချီးမြှင့်ရမှာ ဖြစ်ပါတယ်။

အကြီးအမှူးဖြစ်တဲ့သူများဟာ မိမိတို့ရဲ့ လက်အောက်ငယ်သားများနဲ့ တသွေးတည်း တသားတည်း ဖြစ်အောင် ချီးမြှင့်ခြင်း (သမာနတ္တတာ) ဟူသော သင်္ဂဟတရားကို ကျင့်သုံးဖို့ အထူးလိုအပ်ပါတယ်။ ထိုသင်္ဂဟတရားဖြင့် မြှောက်စားချီးမြှင့်ခြင်းကို ခံရသော လက်အောက်ငယ်သားတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ အထက်လူကြီးများနှင့် ခွဲခြားခြင်းငှာ ဘယ်သောအခါမှ အလိုရှိကြတော့မည် မဟုတ်ပါ။

ထိုသင်္ဂဟတရားကို လူငယ်များလည်း ကျင့်သုံးအပ်ပါတယ်။ ဥပမာ အကြွင်အလုပ်သမားသည် မိမိအလုပ်ရှင်နှင့် တသွေးတသားတည်းဖြစ်လျှင် အလုပ်ရှင်၏ လွှဲအပ်ယုံကြည်မှုကို ခံရပါတယ်။ ဆရာမိဘ၏ တာဝန်ကို မိမိတာဝန်ကဲ့သို့ နှလုံးထား၍ ဆရာမိဘနှင့် တသွေးတသားတည်း သဘောထားတဲ့ တပည့်သားများသည်လည်း ဆရာမိဘများရဲ့ အရိုက်အရာကို လွှဲအပ်ခံရပါတယ်။

ထိုသင်္ဂဟတရားခိုင်မြဲစေရန် အယူအဆတူမျှခြင်း၊ အလေ့ အကျင့်တူမျှခြင်းဟူ၍ ပဓာနအချက်ကြီးနှစ်ခု ရှိပါတယ်။ ထိုတွင် အယူအဆကွဲလွဲ၍ နေသောအခါ 'သူ့ဟာ ဟုတ်တယ်၊ ငါ့ဟာ ဟုတ်တယ်' ဟူ၍ ဖွတ်ခံ၍မငြင်းဘဲ တစ်ယောက်ယောက်က အလျှော့ပေးလျက် များရာဘက်သို့ လိုက်သောအားဖြင့် အယူဝါဒတူမျှခြင်းသို့ ရောက်စေပါတယ်။ အလေ့အကျင့်မှာကား သဘောတူသတ်မှတ်၍ ထားအပ်သော စည်းမျဉ်းအတိုင်း လိုက်နာသောအားဖြင့် အလေ့အကျင့် တူမျှခြင်းသို့ ရောက်စေပါတယ်။ သဘောတူသတ်မှတ်၍ ထားအပ်သော ဥပဒေသစည်းမျဉ်းအတိုင်း မလိုက်နာသူကိုမူကား မိမိတို့ အဖွဲ့အစည်း အသင်းသားအဖြစ်မှ ပယ်ရှားထုတ်ပစ်ကြရမှာ ဖြစ်ပါတယ်။

ဉာတကာနဉ္စသင်္ဂဟဆိုတာ မိမိနှင့်စပ်သမျှ မိဘက်ဖဘက် ဆွေမျိုး မိတ်ဆွေသင်္ဂဟ၊ ရပ်သူရွာသား၊ တိုင်းသူပြည်သားတို့ကို မိမိစွမ်းအားရှိသလောက် အကြောင်းကိစ္စ ပေါ်ပေါက်လာတဲ့အခါ အားပေးပင့်မြှောက်ထောက်ပံ့ကြည့်ရှုရမယ်၊ ပစ်မထားရဘူး။ ထိုကဲ့သို့ ပြုလုပ်ဆောင်ရွက်ခြင်းသည် ကြီးပွားချမ်းသာခြင်းရဲ့အကြောင်း ကောင်းမြတ်သော မင်္ဂလာဖြစ်ပါတယ်။

ဆွေနှင့်မျိုးနှင့် ရပ်နှင့်ရွာနှင့် အများနှင့်ဆက်ဆံနေကြရတဲ့ လောကကြီးမှာ မိမိတစ်ယောက်ကောင်းရုံမျှ မိမိတစ်ယောက် ပြည့်စုံ ကြွယ်ဝရုံမျှနှင့် စင်စစ်ချမ်းသာအေးငြိမ်းမှုကို ရရှိနိုင်ကြမည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ အိမ်ခြေတစ်ရာရှိတဲ့ရွာ၌ အိမ်တစ်အိမ်သာလျှင် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာပြီး ကျန်(၉၉)အိမ်တို့က ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးနေကြရင် ကျန်(၉၉)အိမ်နေ လူများက ကြွယ်ဝချမ်းသာတဲ့ အိမ်ကို ဝိုင်း၍ တောင်းရမ်းကြလိမ့်မယ်၊ ချေးငှားကြလိမ့်မယ်၊ မရလျှင် ခိုးဝှက်လုယက် တိုက်ခိုက်ပြီး ယူကြပေလိမ့်မယ်၊ အနုနည်းနှင့် ရလျှင်ရ မရလျှင် အကြမ်းနည်းနှင့် ညဦးဆဲ နှိပ်စက် သတ်ဖြတ်ပြီး ယူကြပေလိမ့်မယ်၊ အငတ်အပြတ်ခံ၍ နေကြမည် မဟုတ်ပါ။

ထိုသို့ဖြစ်လျှင် ကြွယ်ဝပြည့်စုံချမ်းသာတဲ့ တစ်အိမ်ထောင်ဟာ ကိုယ်စိတ်ချမ်းသာ အေးငြိမ်းမှုကို ရရှိနိုင်မည် မဟုတ်ပါ၊ စိတ်ချလက်ချ နေနိုင်မည် မဟုတ်ပါ။ စည်းစိမ်ခံနိုင်နေရန် မဖြစ်နိုင်ပါ။ပျော်ပျော်ရွှင်ရွှင် နေရန် မဖြစ်နိုင်ပါ။ မိမိအိမ်၌ နေရသော်လည်း အချုပ်ထောင် အကျဉ်းထောင်ထဲ နေရသလို အုတ်တံတိုင်းသံချောင်း သံဇကာများနဲ့ ကာရံပိတ်ဆို့ကာ တကြောင့်ကြကြနှင့် နေရလိမ့်မယ်၊ အမှန်အားဖြင့် အေးငြိမ်းချမ်းသာခွင့်ကို ရတော့မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် မိမိအိမ်မှ တစ်ပါး တစ်ရွာလုံး ဆင်းရဲနွမ်းပါးလျက် စားရမဲ့, သောက်ရမဲ့ ဖြစ်နေသောကြောင့် ဖြစ်ပါတယ်။

ထိုကဲ့သို့ မိမိသည် အတိတ်ပစ္စုပ္ပန် နှစ်တန်သော ကံ, ဉာဏ်, ဝီရိယကြောင့် ပြည့်စုံကြွယ်ဝ၍ အထိုက်အလျောက် အဆင်ပြေနေလျှင် မိမိ၏ ဆွေမျိုးသားချင်း၊ ရပ်ဆွေ, ရပ်မျိုး၊ ရွာဆွေ, ရွာမျိုး စသည်တို့ကိုလည်း တစ်နည်းနည်းဖြင့် ပေးကမ်းချီးမြှင့်ထောက်ပံ့ စောင့်ရှောက်ရမည့်အရေးကို မျှော်တွေးပြီး မြင်တော်မူလို့ ဉာတကာနုဂ္ဂဟ သင်္ဂဟ မင်္ဂလာကို ဟောတော်မူပါတယ်။

**လောကုတ္တရာ ဉာတကာနုဂ္ဂဟ သင်္ဂဟ မင်္ဂလာ**

(၁) သက္ကာယဒိဋ္ဌိ မပြုတ်ပြုတ်အောင် အသိဉာဏ်ပေး ထောက်ပံ့ လိုက်တာ ဉာတကာနုဂ္ဂဟ သင်္ဂဟ မင်္ဂလာ။

www.burmeseclassic.com

www.burmeseclassic.com



(၂) အန်စ္စဉာဏ်အမြင်မှန်ဖြင့် မြဲတဲ့သဘောတရားမရှိဘူး၊ မြဲတဲ့ သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ်နေပုံ၊ ခိုင်ခံ့တဲ့ သဘောတရားမရှိဘူး၊ ခိုင်ခံ့တဲ့ သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ်နေပုံ၊ အမြဲတည်နိုင်တဲ့ သဘောတရားမရှိဘူး၊ အမြဲတည်နိုင်တဲ့ သဘောတရားမှ ကုန်ခမ်း သုဉ်းဆိတ်နေပုံကို မြင်ပြီး၊ မြဲတယ်၊ ခိုင်ခံ့တယ်၊ အမြဲတည်နိုင်တယ် ထင်တဲ့ သဿတဒိဋ္ဌိ ပြုတ်သွားအောင် ချီးမြှင့်ထောက်ပံ့ အသိဉာဏ် ပေးလိုက်တာ ဉာတကာနဋ္ဌ သင်္ဂဟ မင်္ဂလာ၊

(၃) အနတ္တဉာဏ်အမြင်မှန်ဖြင့် မိမိအလိုအတိုင်း မဖြစ်နိုင်ပုံ၊ အနှစ် အသား မရှိပုံ၊ အတ္တမှ သုဉ်းဆိတ်နေပုံကိုမြင်ပြီး အတ္တဒိဋ္ဌိပြုတ်သွားအောင် အသိဉာဏ်ပေး ချီးမြှောက်ထောက်ပံ့လိုက်တာ ဉာတကာနဋ္ဌ သင်္ဂဟ မင်္ဂလာ၊

(၄) မဂ္ဂသစ္စာဉာဏ် အမြင်မှန်ဖြင့် ဒုက္ခသစ္စာဖြစ်ပုံ၊ ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်း သမုဒယသစ္စာဖြစ်ပုံ၊ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့်မြင်ပုံ နိရောဓသစ္စာ ဆိုက်လျက် မျက်မှောက်ပြုသွားနိုင်ပုံကို သိနိုင် မြင်နိုင်တဲ့ အသိဉာဏ် ပေး ချီးမြှင့်ထောက်ပင့်လိုက်တာ ဉာတကာနဋ္ဌ သင်္ဂဟ မင်္ဂလာ။

**မှတ်ချက်။** လက္ခဏာရေးသုံးတန် အမြင်မှန်၊ သစ္စာ(၄)တန် အမြင်မှန် တို့ကို ဒဿနသမ္ပဒါလမ်းပြကျမ်း၊ ဘာဝနာ သမ္ပဒါလမ်းပြ ကျမ်းတို့၌ ကြည့်ရှုပါလေ။

www.burmeseclassic.com

**(၁၇) အနဝဇ္ဇာနိ ကမ္မာနိ။** (ခုဒ္ဒကပါဠ၊ ။၄)

**အနဝဇ္ဇကမ္မ (၂) မျိုး**

| (လောကီ) အနဝဇ္ဇကမ္မ | အနဝဇ္ဇကမ္မ (လောကုတ္တရာ) |
|---|---|
| အပြစ်ကင်း၊ အကုသိုလ်ရှင်း | သမထဘာဝနာ |
| ဇရပ်၊ တန်ဆောင်း၊ တံတားခင်း | ဝိပဿနာဘာဝနာ |
| ရေတွင်း ရေကန် တာတမန် | လက္ခဏာယဉ် (၃) ပါး |
| အရိပ်အမျိုးမျိုး သစ်ပင်စိုက်ပျိုး | သစ္စာ (၄) ပါး |
| လူ နတ် ချမ်းသာရ | မဂ် ဖိုလ် နိဗ္ဗာန်ရ |

အနဝဇ္ဇာနိ၊ ဒုစရိုက်ပြစ်၊ အညစ်မထင်၊ သန့်ရှင်းစင်ကုန်သော။ ကမ္မာနိစ၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့သည် လည်းကောင်း။

**အနဝဇ္ဇ** ။ ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့စရာ အပြစ်မရှိတဲ့

**ကမ္မာနိ** ။ ပြုလုပ်အပ်သော အမှုကိစ္စဟူသမျှတို့ ဖြစ်တယ်။

အာနဝဇ္ဇာနိ ကမ္မာနိ နာမ ဥပေါသထင်္ဂသမာဒါနဝေယျာဝစ္စကရဏအာရာမဝနရောပနသေတုကရဏာဒီနိ ကာယဝစီမနောသုစရိတကမ္မာနိ၊ တာနိ ဟိ နာနပ္ပကာရဟိတသုခါဓိဂမဟေတုတော မင်္ဂလန္တိ ဝုစ္စန္တိ။ (ခုဒ္ဒကပါဠ၊ ဌ။၁၁၉။ သုတ္တနိ၊ ဌ။၂၄)

အပြစ်ကင်းတဲ့အလုပ်ဆိုတာ ဥပုသ်သီလ ဆောက်တည်ခြင်း၊ မိဘ ဆရာသမား ရတနာသုံးပါးတို့၏ အမှုကြီးငယ်ဟု ဆိုအပ်သော ဝေယျာဝစ္စပြုလုပ်ဆောင်ရွက်ခြင်း၊ အာရာမ်ဥယျာဉ်စိုက်ပျိုးခြင်း၊ တံတားခင်းခြင်း အစရှိတဲ့ အပြစ်ကင်းသော အမှုကိစ္စ လုပ်ငန်းဟူသမျှတို့ကို အနဝဇ္ဇကမ္မ အပြစ်မရှိတဲ့အလုပ်လို့ ခေါ်ဆိုပါတယ်။

အနဝဇ္ဇကမ္မဆိုတဲ့ အလုပ်ဟာ စီးပွားချမ်းသာဖြစ်ထွန်း ရရှိခြင်း၏ အကြောင်းဖြစ်လို့ မင်္ဂလာမည်ပါတယ်။ ဥပုသ်စောင့်သုံးခြင်း၊ ရတနာ

www.burmeseclassic.com

www.burmeseclassic.com



သုံးပါး ဆရာ၊ မိဘ စသော သူတို့၏ အမှုကြီးငယ် ကိစ္စအဝဝတို့ကို ဆောင်ရွက်ခြင်း၊ ခရီးသွားဧည့်သည်၊ ကျေးငှက်စသော တိရစ္ဆာန်တို့နှင့်တကွ ရဟန်းသံဃာတော်တို့ စားသောက်သုံးဆောင်ကြရန် သစ်သီးအရာမ်၊ ပန်းအရာမ် အမျိုးမျိုးတို့ကို စိုက်ပျိုးခြင်း၊ အရိပ်ခိုရန် သစ်ပင်မျိုးစုံတို့ကို စိုက်ပျိုးခြင်း၊ တံတားခင်းခြင်းစတဲ့ ကုသိုလ်ကောင်းမှု အလုပ်မျိုးစုံတို့နှင့်တကွ လောကီဆိုင်ရာ အပြစ်ကင်းတဲ့ အလုပ်မျိုးတို့ကိုသာ အနဝဇ္ဇကမ္မာနိ မင်္ဂလာလို့ ခေါ်ဆိုရပါတယ်။

**လောကီ အနဝဇ္ဇကမ္မ မင်္ဂလာ**

လောကီဆိုင်ရာ တစ်စုံတစ်ခုသော အမှုကိစ္စတို့ကို ပြုလုပ်သောသူသည် မပြုလုပ်မီ ရှေ့အဖို့က ဖြစ်ပေါ်လာမည့် အကျိုး အပြစ်တို့ကို စိစစ်ရှာဖွေ၍ အပြစ်ကင်းလွတ်သော အမှုကိစ္စမျိုးကိုသာ ပြုလုပ်ရမှာဖြစ်ပါတယ်။ ဤအမှုကိစ္စကို မပြုလုပ်ခြင်းကြောင့် အကျိုးတရားမရသည်ထက် ပြုလုပ်ခြင်းကြောင့် ရရှိပြီး အကျိုးတရားပျက်ပြား သွားမည်ဆိုပါက ထိုအမှုကိစ္စကို ရှောင်ကြဉ်ကြရပါမယ်။

မိမိတို့ မကျွမ်းကျင် မလိမ္မာတဲ့ အမှုကိစ္စလုပ်ငန်းတို့ကို ရုတ်တရက် မပြုလုပ်ကြသေးဘဲ မိမိတို့ ပြုလုပ်ရမည့် အလုပ်ကို တတ်မြောက် နားလည်အောင် စူးစမ်းဆင်ခြင်သင်ကြား၍ တတ်မြောက်ပြီးမှ လုပ်ကိုင်ကြလျှင် အကျိုးပင်မဖြစ်စေကာမူ အကျိုးတရား ဆုတ်ယုတ် ပျက်ပြားခြင်း မရှိနိုင်ပါ။

အကတံ ဒုက္ကဋံ သေယျော၊ ပစ္ဆာ တပ္ပတိ ဒုက္ကဋံ။
ကတဉ္စ သုကတံ သေယျော၊ ယံ ကတွာ နာနုတပ္ပတိ။
(သံ၊ ၁။ ၄၇) တာယနသုတ်

ယံ ဒုက္ကဋံ၊ အကြင်မကောင်းသော အမှုကိစ္စလုပ်ငန်းစဉ် ဟူသမျှကို။ ကတွာ၊ ပြုလုပ်မိခြင်းကြောင့်။ ပစ္ဆာ၊ နောက်ကာလ၌။ တပ္ပတိ၊ ပူပန်ကြောင့်ကြ စိုးရိမ်ရ၏။ တံ ဒုက္ကဋံ၊ ထိုမကောင်းသော အလုပ်ကို။ အကတံ၊ မပြုလုပ်ဘဲ နေရခြင်းသည်။ သေယျော၊ မြတ်လှ သေး၏။

www.burmeseclassic.com

www.burmeseclassic.com



ယံ၊ အကြင်ကောင်းသော အမှုကိစ္စဟူသမျှကို။ ကတွာ၊ ပြုလုပ်၍။ နာနုတပ္ပတိ၊ နောင်တ တစ်ဖန် မပူပန်ရ။ တံ သုကတံ၊ ထိုကောင်းသော အလုပ်ကို။ ကတဥ္စ၊ ပြုလုပ်ရခြင်းသည်သာလျှင်။သေယျော၊ မြတ်လှပါပေ၏။

**အနဝဇ္ဇကမ္မ = အပြစ်ကင်းသော လုပ်ငန်းများ**

သတ်ဖြတ်ခြင်း, ခိုးယူခြင်း စတဲ့ အမှုများဟာ လောက၌ မင်းပြစ်မင်းဒဏ်လည်း ခံရတတ်ပါတယ်၊ သံသရာအပြစ်ခေါ် အပါယ် (၄)ပါးသို့လည်း ကျရောက်တတ်ပါတယ်။ ထို့ကြောင့် သာဝဇ္ဇကမ္မ (အပြစ်နှင့် တကွဖြစ်တဲ့ အလုပ်များ)ဟု ဆိုရပါတယ်။ ထိုကဲ့သို့ မင်းပြစ်မင်းဒဏ်လည်း မရှိ၊ အကုသိုလ်လည်း မဖြစ်တဲ့ အလုပ်များကို အနဝဇ္ဇကမ္မ (အပြစ်မရှိတဲ့ အလုပ်)ဟု ဆိုအပ်ပါတယ်။ ထိုအလုပ်များကား ဥပုသ်စောင့်ခြင်း၊ ဝေယျာဝစ္စပြုခြင်း၊ အများအရိပ်ခိုနားရန် သစ်ပင်စိုက်ပျိုးခြင်း၊ အများနားနေဖို့ ဉယျာဉ်တည်ခြင်း၊ တံတားဆောက်ခြင်း၊ လမ်းပြင်လမ်းခင်းခြင်း၊ ရေတွင်း ရေကန်တူးခြင်း၊ ဆည်မြောင်း တာတမံဆောက်လုပ်ခြင်း စတဲ့ အလုပ်များသည် အပြစ်ကင်း၍ ကောင်းသောအလုပ်များ ဖြစ်ပါတယ်။

မကောင်းသောအလုပ်များကြောင့် မြင်ရတဲ့သူ၊ ခံရတဲ့သူ အားလုံး စိတ်ဆင်းရဲကြရ၍ အမင်္ဂလာသာ ဖြစ်ပါတယ်။ ပြဆိုခဲ့ပြီးတဲ့ ကောင်းမှုများကား အများတကာ ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့ သာယာ ပျော်ရွှင်မှုကို ဖြစ်စေပါတယ်။ အများ ကောင်းကျိုးပြုသူဖြစ်၍ အများ၏ မြတ်နိုးခြင်း၊ ချစ်ခင်လေးစားခြင်း၊ ချီးမွမ်းခြင်းကို ခံရပါတယ်။ မိမိမှာလည်း တွေးမိတိုင်း စိတ်ချမ်းသာရပါတယ်။ သေခါနီး ခုတင် ညောင်စောင်း လျောင်းရတဲ့အခါ ထိုကုသိုလ်အာရုံများနဲ့ ကောင်းတဲ့ နိမိတ်များ ထင်ကာ သုဂတိဘုံသို့ ရောက်ရမည်မှာ သေချာ၍နေပါတယ်။ ထို့ကြောင့် ဤပြုလုပ်မှုများမှာ ကောင်းမြတ်သော မင်္ဂလာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မာဃလုလင်သာဓက

ဤအနဝဇ္ဇကမ္မမင်္ဂလာအရာ၌ မာဃလုလင်ကို နမူနာယူ သင့်ပါတယ်။ မစလရွာမှ မာဃလုလင်ဟာ ဒါနပြုတယ်၊ သီလ စောင့်ထိန်းတယ်၊ ရပ်ရွာသာယာရေး အလုပ်မှာ စိတ်ဝင်စားတယ်။ ထိုရွာ၌ အိမ်(၃၃)အိမ်ရှိရာ မာဃလုလင်၏ သွန်သင်ဆုံးမ ဆွဲဆောင်ချက်အရ သုံးကျိပ် သုံးယောက်လုံး စိတ်တူ ကိုယ်မျှ ဒါန၊ သီလ၊ ကုသိုလ် မြဲကြသည့်ပြင် ရပ်ရွာသာယာရေး အလုပ်များကို လုပ်ဆောင်ကြပါတယ်၊ လမ်းများကို ညီညွတ်အောင် ပြင်ဆင်ကြပါတယ်၊ လှည်း ရထား သွားလမ်း များ၌ ဝင်ရိုးမလွတ်တဲ့ သစ်ပင်များ လှဲ၍ ရှင်းလင်းကြပါတယ်၊ လမ်းကိုညှိ ကြပါတယ်၊ တံတားခင်း ကြပါတယ်၊ ရေကန်တူးကြတယ်၊ ဇရပ်ဆောက်ကြတယ်၊ လူတွေလည်း စိတ်ထားကောင်းပြီး ရပ်ရွာလည်း ရှုချင့်စဖွယ်ဖြစ်၍ မစလရွာဟာ သာယာ ပျော်ရွှင်ဖွယ် ဖြစ်လာရပါတယ်။

ယခင်က အရက်သောက်၊ သားငါးသတ်ဖြတ်နေသူတို့ထံမှ လာဘ်လာဘ ရနေတဲ့ရွာစားဟာ လက်ရှိအချိန်တွင် ကောင်းမှုရှင် သူတော်ကောင်းတွေချည်း ဖြစ်နေတဲ့အခါ လာဘ်မရတော့သဖြင့် ဤ ရွာသားအားလုံး ခိုးသူ ဓားပြများဖြစ်ကြောင်း ရှင်ဘုရင်ထံ လျှောက်တင်တဲ့ အခါ ရှင်ဘုရင်ကလည်း မစုံစမ်း မစစ်ဆေးတော့ဘဲ အားလုံးကို ဆင်နဲ့ နင်းသတ်ဖို့ အမိန့်ချလိုက်ပါတယ်၊ မင်းရင်ပြင်မှာ အားလုံးအအိပ်ခိုင်းပြီး နင်းမည့်ဆင်ကို ဆွဲလာတဲ့အခါ မာဃလုလင်က "အမောင်တို့၊ ကိုယ့်သီလ ကိုယ် ဆင်ခြင်ကြ၊ ကုန်းတိုက်သူ ရွာစား၊ သတ်ခိုင်းတဲ့ ဘုရင်၊ သတ်မည့် ဆင်နဲ့ မိမိကိုယ်ပါ အားလုံးရဲ့အပေါ်မှာ ညီတူညီမျှ မေတ္တာပွားကြ"လို့ ဩဝါဒ ပေးပါတယ်။

မာဃလုလင် ပြောဆိုတဲ့အတိုင်း လိုက်နာပြီး မေတ္တာပွား နေကြရာ နင်းခိုင်းတဲ့ ဆင်ဟာ မနင်းဝံ့တော့ဘဲ သည်းထန်စွာ အော်မြည်လျက် ထွက်ပြေးသွားပါတယ်။ တစ်ကောင်ပြီးတစ်ကောင် လဲကာ ဆွဲလာကြပြီး နင်းစေသော်လည်း ဆင်အားလုံး ပြေးကြသည် ချည်းသာ ဖြစ်ပါတယ်။ ထိုအခါ ဘုရင်က "သူတို့မှာ ဆေးဝါးမန္တရား ရှိလိမ့်မယ်၊ ရှာကြ" ဟု ခိုင်းရာ

www.burmeseclassic.com

www.burmeseclassic.com



ရှာသော်လည်း ဆေးဝါးမန္တရား မတွေ့ရပါ။ "မန္တန်ရွတ်ခြင်း ဖြစ်လိမ့်မယ်၊ မေးကြစမ်း" ဟု ခိုင်း၍ မေးတဲ့အခါ မာဃလုလင်က မန္တန်ရှိကြောင်း လျှောက်တင်ပါတယ်။

ရှင်ဘုရင်က အားလုံးကို ခေါ်စေပြီး "သင်တို့ မန္တန်ကို ပြောကြစမ်း" ဟု ဆိုတဲ့အခါ မာဃလုလင်က "ကျွန်ုပ်တို့မှာ တစ်ခြားမန္တန် မရှိပါ၊ ကျွန်ုပ်တို့ အားလုံး သူ့အသက် မသတ်၊ သူ့ဥစ္စာ မခိုး၊ သူ့သားမယား မပြစ်မှား၊ လိမ် မပြော၊ အရက် မသောက်၊ ဒါနပြု သီလဆောက်တည်၊ မေတ္တာပွားကာ၊ လမ်းပြင်၊ ရေကန်တူး၊ ဇရပ်တန်ဆောင်း ဆောက်ကြပါတယ်၊ ဤပြုလုပ်မှုများ အားလုံးကိုပင် မန္တန်ဟု ခေါ်ဆိုပါတယ်၊ ပရိတ်အရံအတားဟုလည်း ခေါ်ဆိုပါတယ်" ဟု လျှောက်တင်တဲ့အခါ ရှင်ဘုရင်ကလည်း သူတို့ အားလုံးကို ကြည်ညို အား၍ ရွာစားစည်းစိမ်နှင့် ရွာများကိုပါ အပိုင်စား ပေးလိုက်ပါတယ်။ အားလုံး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကြပြီး သေဆုံး ကြတဲ့အခါ တာဝတိံသာ နတ်ပြည်မှာ သိကြားမင်း (၃၃) ယောက် ဖြစ်ကြပါ တယ်။ (ဓမ္မပဒ၊ ဌ၊ ၁။၁၆၉)

## ပုဂ္ဂိုလ် (၄) မျိုး

(၁) ကိုယ်ကျိုးကိုသာ ကျင့်သူ၊
(၂) သူတစ်ပါးအကျိုးကိုသာ ကျင့်သူ၊
(၃) ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံးကို ကျင့်သူ၊
(၄) ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံးကို မကျင့်သူ။

(၁) ကိုယ်ကျိုးကိုသာ ကျင့်သူမှာ စည်းစိမ်ဥစ္စာ စသည် ပြည့်စုံမည် ဖြစ်သော်လည်း စိတ်ချမ်းသာ ပျော်ရွှင်မှုကား အပြည့်အစုံ ရလိမ့်မည် မဟုတ်ပါ။

(၂) သူကျိုးကိုသာ ကျင့်သူ၌ မိမိအကျိုးအတွက် သောကဖြစ်ရတတ် ပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၃) ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံးကျင့်သူမှာ သောကကင်းဝေးပြီး အေးချမ်းသာယာတဲ့သူ ဖြစ်နိုင်ပါတယ်။

(၄) ကိုယ်ကျိုး သူကျိုး နှစ်မျိုးလုံး မကျင့်သူမှာ လောက၌ ဆုံးရှုံးတဲ့သူတို့သာ ဖြစ်ကြရပါတယ်။

အများအကျိုး အစဉ်ဆောင်ရွက်သူမှာ အများ၏ချစ်ခင် လေးစားအရေးထားခြင်းခံရသည့်ပြင် မိမိ၏ ကောင်းမှုများကို မြင်ရ တွေ့ရတိုင်း စိတ်ကြည်နူး၍ ရွှင်မြူး ချမ်းသာကာ ပျော်ရွှင်လျက်နေရပါတယ်။ ဘေးကင်းရန်ကင်း စိတ်ချမ်းသာခြင်းဖြင့် အစဉ်အမြတ်ထွက်လျက် ရှိပါတယ်။ တစ်ရပ်တစ်ရွာ၊ တစ်မြို့၊ တစ်ပြည်လုံး ထိုလူမျိုးတွေများလျှင် ထိုအရပ်ဒေသမှာ အစဉ်သာယာအေးချမ်း ရွှင်လန်းလျက် ပျော်မွေ့ဖွယ်ရာသာ ဖြစ်ပါတယ်။ ထိုအရပ်မျိုး၌ လူ လူချင်း မေတ္တာဖြင့် ဖွဲ့ချည်ထားလျက်ရှိရာ ကွဲပြားမှုမရှိဘဲ တသားတည်း ညီညွတ်စည်းလုံးလျက်သာရှိမည်ဖြစ်၍ အနဝဇ္ဇကမ္မန္တမှာ ရပ်ရွာစည်ပင်သာယာရေး၊ လူလူချင်း စည်းလုံး ညီညွတ်ရေးနဲ့ ကုသိုလ်အမြဲ ဖြစ်ရေးအတွက် လေးလေးနက်နက် လိုက်နာဆောင်ရွက်သင့်တဲ့အလုပ် ဖြစ်ပါတယ်။

မိဘဆွေမျိုး စတဲ့ မိမိနဲ့ တစ်နည်းနည်းဖြင့် မကင်းရာ မကင်းကြောင်း ဆက်စပ်နေတဲ့ ပုဂ္ဂိုလ်တို့အား ပေးကမ်းစောင့်ရှောက် ချီးမြှင့်ခြင်း၊ ဉာတိသင်္ဂဟမင်္ဂလာကို ပြည့်စုံစေလိုသောကြောင့် အပြစ်မကင်းတဲ့ မကောင်းမှုအလုပ်မျိုးတို့ကို ပြုလုပ်တတ်ပါသေးတယ်။ ဉာတိသင်္ဂဟ မင်္ဂလာကို ဖြည့်ကျင့်ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်၌ အခြေအရံ အကျော်အစောနှင့်တကွ စည်းစိမ်ချမ်းသာများလည်း ပိုမိုတိုးတက်ပွားများ လာတတ်သည်ဖြစ်ရာ ယင်းသို့ စည်းစိမ်ချမ်းသာ အခြေအရံပေါများ ပြည့်စုံလာတဲ့အခါ ပုထုဇဉ်ဖြစ်တဲ့ လူတို့သည် ပုထုဇဉ်အလျောက် စိတ်နေစိတ်ထား တက်ကြွလျက် မိမိကိုယ်ကို မိမိ အထင်အမြင်ကြီးပြီး အပျော်အပါးဖက်ကာ အမှားမှားအယွင်းယွင်း လိုက်စားလာတတ်ပါတယ်၊ သံသရာပြစ် မကင်းလွတ်တဲ့ မကောင်းမှု၊ မကောင်းတဲ့အလုပ်တို့ကိုလည်း ပြုလုပ်လာတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြုလုပ်ကြပါလျှင် ထိုသူတို့သည် သံသရာ၌နစ်မြုပ်၍ ပျက်စီးရမည့် ဘေးဒုက္ခတို့ကို မြင်တော်မူသောကြောင့် ယင်းဘေးဒုက္ခတို့မှ လွတ်ကြပါစေ ဟူသော မေတ္တာကရုဏာတော်ဖြင့် အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာကို ဆက်လက်၍ ဟောတော်မူခဲ့ပါတယ်။

**လောကုတ္တရာ အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ**

(၁) သက္ကာယဒိဋ္ဌိ အပြစ်မရှိအောင်၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ စတဲ့ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိ အပြစ်မရှိအောင် ဝိပဿနာအလုပ်ဖြင့် ပြုလုပ်အားထုတ်နေတာ လောကုတ္တရာ အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ။

(၂) လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ အကုသိုလ် အပြစ်မရှိအောင် ပြုလုပ်အားထုတ်နေတာ လောကုတ္တရာ အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ။

(၃) တဏှာ၊ မာန၊ ဒိဋ္ဌိ ပပဉ္စတရား(၃)ပါး အပြစ်မရှိအောင် ကျင့်ကြံ အားထုတ် အလုပ်လုပ်နေတာ အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ။

(၄) တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ သင်္ခါရ၊ အဝိဇ္ဇာ အကြောင်းတရား (၅)ပါး အပြစ်မရှိအောင် ဝိပဿနာဉာဏ်ဖြင့် အားထုတ် အလုပ် လုပ်နေတာ အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ။

(၅) ပဉ္စက္ခန္ဓာ၊ ပဉ္စုပါဒါနက္ခန္ဓာ (၂)မျိုးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြင့် ဆင်ခြင်သုံးသပ် ပြုလုပ်အားထုတ်နေတာ လောကုတ္တရာ အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ။

(၆) သစ္စာ (၄)ပါး မြတ်တရားဖြင့် အမှန်မြင်အောင် အားထုတ် အလုပ် လုပ်နေတာ လောကုတ္တရာ အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ။

(၇) မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်သည်အထိ တဏှာ ဥပါဒါန်စတဲ့ အကြောင်းတရား အပြစ်မရှိအောင် ဖြစ်ပေါ်မလာ အောင် သတိကပ်၍ ဝိပဿနာဉာဏ်ဖြင့် အထပ်ထပ် အားထုတ် အလုပ် လုပ်နေတာ လောကုတ္တရာ အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၁၈) အာရတီ ပါပါ (ခုဒ္ဒကပါဌ။ ၄)

### အာရတီ (၂)မျိုး

| (လောကီ) အာရတီ | အာရတီ (လောကုတ္တရာ) |
|---|---|
| ပါဏာတိ. အဒိန္န | သက္ကာယဒိဋ္ဌိ |
| ကာမေသု၊ မုသာ | သဿတဒိဋ္ဌိ |
| ပိသုဏာ၊ ဖရုသာ၊ | ဉစ္ဆေဒဒိဋ္ဌိ |
| သမ္ဖပ္ပလာပ၊ သုရာမေရယ | အတ္တ ဒိဋ္ဌိ |
| လောကီကြီးပွားချမ်းသာ | လောကုတ္တရာကြီးပွားချမ်းသာ |

ပါပါ၊ အမျက်ထန်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ကျေးဇူးမဲ့ခြင်း၊ သူတပါးကို မနာလိုခြင်း၊ ဝန်တိုခြင်း၊ ကောက်ကျစ်ခြင်း၊ စဉ်းလဲခြင်း အစရှိသော ယုတ်မာသော တရားအစုမှ။ အာရတီ စ၊ စိတ်ဖြင့်ဝေးစွာ ရှောင်ကြဉ် ရခြင်းသည် လည်းကောင်း။

(၁) **အာရတီတိ အာရမဏံ၊ ပါပါတိ အကုသလာ။**

(ခုဒ္ဒကပါ ဌ၊ ဌ။၁၁၉)

အာရတီတိ၊ အာရတီ ဟူသည်ကား။ အာရမဏံ၊ စိတ်ဖြင့် ဝေးစွာ ရှောင်ကြဉ်ခြင်း။

စိတ်ဖြင့် ဝေးစွာ ရှောင်ကြည်တာ အာရတီမင်္ဂလာ ဖြစ်ပါတယ်။

(၂) အာရတိ နာမ ပါပေ အာဒီနဝဒဿာဝိနော မနသာ စေဝ အနဘိရတိ။ (ခုဒ္ဒကပါဌ၊ ဌ။ ၁၁၉)

အာရတိ နာမ ၊ အာရတိမည်သည်ကား။ ပါပေ၊ မကောင်းမှု၌။ အာဒီနဝဒဿာဝိနော၊ အပြစ်ကို မြင်လေ့ရှိသောသူ၏။ မနသာစေဝ၊ စိတ်ဖြင့်သာလျှင်။ အနဘိရတိ၊ မမွေ့လျော်ခြင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုအကုသိုလ်၌ အပြစ်ကို မြင်၍ စိတ်ဖြင့် မကောင်းမှုအကုသိုလ်၌ မမွေ့လျော်ခြင်း၊ မကောင်းမှုအကုသိုလ်မှ ရှောင်ကြဉ်ခြင်းသည် အာရတီ မည်ပါတယ်။

(၃) အာရတီတိ အာရမဏံ၊ စေတေန မနောကမ္မံ ဒဿေတိ။
(ပရိတ္တ၊ ဋီ။ ၄၃)

အာရတီတိ၊ အာရတိဟူသည်ကား။ အာရမဏံ၊ ရှောင်ကြဉ်ခြင်း။ စေတေန၊ ထိုအာရတိသဒ္ဒါဖြင့်။ မနောကမ္မံ၊ မနောကံကို ။ဒဿေတိ၊ ပြ၏။

စိတ်ဖြင့် ရှောင်ကြဉ်တာ အာရတီ ဖြစ်ပါတယ်။

## စိတ်ဖြင့် ရှောင်ကြဉ်ပုံ

အကုသိုလ်၌ အပြစ်မြင်အောင်ရှုလျက် စိတ်ဖြင့် မပြုလုပ်ရန် ကြံစည်တွေးတော၍ ဆင်ခြင်ဆုံးဖြတ်ခြင်းကို စိတ်ဖြင့်ရှောင်ကြဉ်ခြင်းဟု ခေါ်ဆိုပါတယ်။ ပါဏာတိပါတ စတဲ့ အကုသိုလ်ဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတို့၌ ဖြစ်စေတတ်ပါတယ်၊ ထိုပါဏာတိပါတ စသည်တို့၏ အပြစ်ကို ကြည့်လျှင် သူ့အသက် သတ်သူတို့မှာ အသက်တိုတယ်၊ သူ့ဥစ္စာ ခိုးတဲ့သူတို့မှာ စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးရတယ်။ သူ့သားမယားလွန်ကျူးတဲ့ သူဟာ ဘေးရန်များတယ်၊ လိမ်ပြောတဲ့သူဟာ မတရားစွပ်စွဲခြင်း ခံရပါတယ်။

## ဒုစရိုက်လွန်ကျူးက ရရှိမည့်အကျိုး

(၁) ပါဏာတိပါတဿ ဝိပါကော မနုဿဘူတဿ အပ္ပါယုက သံဝတ္တနိကော ဟောတိ။ (အံ၊ ၃။ ၇၇)

သူတစ်ပါးအသက် သတ်တဲ့သူဟာ သေသည်၏အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံများမှာ ဖြစ်ရပါတယ်၊ လူဖြစ်ပြန်တော့လဲ အနာရောဂါများတယ်၊ အသက်တမ်းတိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂) အဒိန္နာဒါနဿ ဝိပါကော မနုဿဘူတဿ ဘောဂဗျသနသံဝတ္တနိကော ဟောတိ။ (အံ၊ ၃။ ၇၇)

ပိုင်ရှင်မပေးတဲ့ သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူတဲ့သူဟာ သေသည်၏ အခြားမဲ့၌ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံများမှာ ဖြစ်ရပါတယ်၊ လူဖြစ် ပြန်တော့လဲ ရန်သူမျိုးငါးပါး နှိပ်စက်ခံရပြီး စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးလျက် ဆင်းရဲတဲ့ ဘဝမျိုး ရောက်ရပါတယ်။

(၃) ကာမေသု မိစ္ဆာစာရဿ ဝိပါကော မနုဿဘူတဿ သပတ္တဝေရသံဝတ္တနိကော ဟောတိ။ (အံ၊ ၃၊ ပါ။ ၇၇)

သူတစ်ပါးသားမယား လွန်ကျူးတဲ့သူဟာ သေသည်၏ အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံများ ဖြစ်ရပါတယ်။ လူဖြစ်ပြန်တော့လဲ ဘေးရန်အန္တရာယ် ရန်သူများစွာနှင့် တွေ့ရတယ်၊ အမျိုးသမီး အမျိုးသား ပီပီသသ မဖြစ်ရဘူး။ အမျိုးသမီးလိုလို၊ အမျိုးသားလိုလို ဘဝမျိုး ရောက်ရပါတယ်။ အအိပ်ဆင်းရဲ အစားဆင်းရဲဖြစ်ရတယ်၊ စိတ်ချမ်းသာမှုမရ ဆင်းရဲမှုမျိုးစုံနှင့် ချည်း တွေ့ရပါတယ်။

(၄) မုသာဝါဒဿ ဝိပါကော မနုဿဘူတဿ အဘူတဗ္ဘက္ခာနသံဝတ္တနိကော ဟောတိ။ (အံ၊ ၃၊ ပါ။ ၇၈)

မဟုတ်မမှန် ပြောဆိုတဲ့သူဟာ သေသည်၏အခြားမဲ့၌ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံများမှာ ဖြစ်ရပါတယ်။ လူဖြစ်ပြန်တော့လဲ သူတစ်ပါးစွပ်စွဲ ပြောဆိုခြင်းခံရတယ်၊ ရုပ်ဆင်းအင်္ဂါ ကြည်ကြည် လင်လင် မဖြစ်ဘူး။ မိမိ စကားကို နားမထောင် မယုံကြည်ကြဘူး၊ ခံတွင်းအနံ့မကောင်းတဲ့ ဘဝမျိုး ဖြစ်ရပါတယ်။

(၅) ပိသုဏာဝါစာယ ဝိပါကော မနုဿဘူတဿ မိတ္တေဟိ ဘေဒနသံဝတ္တနိကော ဟောတိ။ (အံ၊ ၃၊ ပါ။ ၇၈)

ချစ်ခင်မှု ပျက်ပြားအောင် ကုန်းတိုက် ကုန်းချော ပြုလုပ်တဲ့ သူဟာ သေသည်၏ အခြားမဲ့၌ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံများမှာ ဖြစ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူဖြစ်ပြန်တော့လဲ သားသမီး သားမယား သားလင် ခင်ပွန်း တပည့် သားမြေး ခွေရံပရိသတ်တို့နှင့် ကွဲကွာရပါတယ်၊ သွားတွေ မညီမညာနဲ့ ကြည့်မကောင်း ရှုမကောင်း ဖြစ်ရပါတယ်။

(၆) ဖရုသာယ ဝါစာယ ဝိပါကော မနုဿဘူတဿ မိတ္တေဟိ ဘေဒနသံဝတ္တနိကော ဟောတိ။ (အံ၊ ၃။ ၇၈)

ကြမ်းတမ်းတဲ့စကားကို ပြောဆိုတဲ့သူဟာ သေသည်၏ အခြားမဲ့၌ ငရဲ တိရိစ္ဆာန်ပြိတ္တာဘုံများမှာ ဖြစ်ရပါတယ်။ လူဖြစ်ပြန်တော့လဲ အရိယာကို ပြစ်မှားတဲ့ကံ ထိုက်တက်ပါတယ်။ မရရှိ သေးတဲ့ စည်းစိမ်ဥစ္စာ ရရှိမလာဘူး၊ ရရှိပြီးတဲ့ စည်းစိမ်ဥစ္စာများ တဖြည်းဖြည်း ဆုတ်ယုတ် ပျက်ဆီးတတ်တယ်။ ပြင်းထန်တဲ့ အနာရောဂါ ဖြစ်ရတယ်၊ စိတ်ပျံ့လွင့်ပြီး ရူးသွပ်ခြင်းသို့ ရောက်ရတယ်၊ လျှာတိုတယ်၊ အတယ်၊ ဆွံ့တယ်၊ စကားပြောလျှင် ပီသအောင် မပြောနိုင်ဘူး၊ အသံကြား စက်ဆုပ်တယ်၊ မိမိစကား သူတပါး နားမထောင် ချင်တဲ့ဘဝမျိုး ဖြစ်ရပါတယ်။

(၇) သမ္ဖပ္ပလာပဿ ဝိပါကော မနုဿဘူတဿ အနာဒေယျ ဝါစာသံဝတ္တနိကော ဟောတိ။ (အံ၊ ၃။ ၇၈)

အကျိုးမရှိ သိမ်ဖျင်းတဲ့စကားကို ပြောဆိုတဲ့သူဟာ သေသည်၏ အခြားမဲ့၌ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံများမှာ ဖြစ်ရပါတယ်။ လူဖြစ်ပြန်တော့လဲ မျက်နှာမလှမပ ကြည့်မရအောင် အရုပ်ဆိုးတယ်၊ မိမိစကား သူတစ်ပါး မယုံကြည်ဘူး၊ စကားပြောလျှင် နားမထောင် ချင်ကြဘူး၊ နားထောင်နေလို့ ဘာအကျိုးမျှ မရှိဘူးလို့ အထင်အမြင်သေးတဲ့ ဘဝမျိုး ဖြစ်ရပါတယ်။

(၈) သုရာမေရယပါနဿ ဝိပါကော မနုဿဘူတဿ ဥမ္မတ္တကသံဝတ္တနိကော ဟောတိ။ (အံ၊ ၃၊ ပါ။ ၇၈)

မူးယစ်စေတတ်တဲ့ ဘိန်း ဘင်း ကစော် လော်စာ အရက်တို့ကို သောက်စားတဲ့သူဟာ သေသည်၏ အခြားမဲ့၌ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ ဘုံများမှာ ဖြစ်ရပါတယ်၊ လူဖြစ်ပြန်တော့လဲ ပစ္စည်းဥစ္စာ ပျက်စီးဆုံးရှုံး

www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ ကိုယ်နှုတ်တို့ဖြင့် ငြင်းခုံ ခိုက်ရန်ဒေါသဖြစ်ရတယ်၊အနာရောဂါများတယ်၊ ရောဂါမျိုးစုံဖြစ်ရတယ်၊ အမိအဖကိုပြစ်မှားတဲ့ ကံထိုက်တတ်တယ်၊ ငွေဒဏ် ထောင်ဒဏ် အပြစ်ပေးခံရတတ်တယ်၊ အရှက်အကြောက်ကင်းမဲ့တယ်၊ ဉာဏ်ပညာ နည်းပါးတယ်၊ ပညာသင်လို့ မတတ် နိုင်ဘူး၊ အသိဉာဏ်ကင်းမဲ့ပြီး ကြာတော့ စိတ်မနှံ့တဲ့ဘဝ ရူးသွပ်တဲ့ဘဝမျိုး ရောက်ရှိသွားရပါတယ်။

စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တဝေါဒါနာ သတ္တာ ဝိသုဇ္ဈန္တိ ...

(မူလပဏ္ဏာသ။ ၅၂)သလ္လေခသုတ်

'ချစ်သား စုန္ဒ၊ ကုသိုလ်တရားတို့၌ စိတ်ဖြစ်ရုံမျှဖြင့်ပင် ကျေးဇူးများလှ၏' ဟု ငါဘုရား ဟောကော်မူတယ်၊ ကိုယ်နှုတ်ဖြင့် ပြုလုပ် ပေးမယ်ဆိုလျှင် ဆိုဖွယ်ရာ မရှိတော့ပါ။ ထို့ကြောင့် သူတစ်ပါးကို နှိပ်စက်ညှဉ်းဆဲတတ်သူဖြစ်လျှင် မိမိကို နှိပ်စက် ညှဉ်းဆဲမည့်သူ ပေါ်လာလိမ့်မယ်။ သူတစ်ပါးအသက် သတ်တဲ့သူဖြစ်လျှင် မိမိ အသက်သတ်မည့်သူ ပေါ်လာလိမ့်မယ်ဟု တွေးတောဆင်ခြင်လျက် စိတ်ကို ကောင်းစွာ ထားရှိစေရမယ်စသည်ဖြင့် ဟောတော်မူပါတယ်။ ဤအချက်သည် စိတ်ဖြင့်ရှောင်ကြဉ်ပုံတစ်မျိုးပင် ဖြစ်ပါတယ်။

**ပါပအရ မကောင်းမှုများ**

ပါပ အရ မကောင်းမှုဟူသည် ပြဆိုခဲ့ပြီးတဲ့ ဒုစရိုက်(၁၀)ပါး အကုသိုလ်တရားများပင် ဖြစ်ပါတယ်။ မကောင်းမှုအကုသိုလ် မှန်သမျှ မဖြစ်ရအောင် သတိထား၍ ရှောင်ကြဉ်ခြင်းသည် အာရတီ မည် ပါတယ်။ မကောင်းမှုဆိုရင် မတွေ့မီကပင် ရှောင်ကြဉ်ခြင်းသည် အာရတီ မည်ပါတယ်။

ဥပမာ။ ကောက်ပင်ကို စားတတ်တဲ့နွားကို ကောက်ပင်မရှိရာမှာ ထားလိုက်ပါက စားလိုတဲ့စိတ်ပင် ရှိငြားသော်လည်း စားနိုင်ခွင့်ရတော့မည် မဟုတ်သကဲ့သို့ လည်းကောင်း၊ ချဉ်သီးကို ကြိုက်တဲ့ သူဟာ

www.burmeseclassic.com

www.burmeseclassic.com



ချဉ်သီးရှိရာသို့ မသွားဘဲနေက စားလိုတဲ့စိတ်ပင် ရှိငြား သော်လည်း စားခွင့်မရသကဲ့သို့ လည်းကောင်း၊ အရက်သောက် တတ်တဲ့သူဟာ အရက်ဆိုင်မရှိလျှင် အရက်ဆိုင်နားမသွားလျှင် အရက်သောက်လိုတဲ့ဆန္ဒ ရှိငြားသော်လည်း သောက်ခွင့်မရသကဲ့သို့ လည်းကောင်း၊ ရုပ်ရှင်ပွဲကြည့်တတ်တဲ့သူဟာ ရုပ်ရှင်ရုံမရှိက ရုပ်ရှင်ရုံနားမသွားက ကြည့်လိုတဲ့ ဆန္ဒရှိငြားသော်လည်း ကြည့်ခွင့်မရသကဲ့သို့ လည်းကောင်း ထို့အတူ မကောင်းမှုဒုစရိုက်တို့ကို အဝေးက ရှောင်ကြဉ်ခြင်းသည် အာရတီ မည်ပါတယ်။

အစေးရှိတဲ့ သစ်ပင်ကို ခုတ်ထစ်လိုက်လျှင် ထိုခုတ်ထစ်ရာမှ အစေးယိုထွက်လာသကဲ့သို့ ပုထုဇဉ်သတ္တဝါမှန်သမျှ အဆင်းမျိုးစုံ ရူပါရုံနှင့်မိမိမျက်စိ ဆုံတွေ့တဲ့အခါ ကာမာသဝ စတဲ့ အာသဝေါ (၄)ချက် ယိုစီး၍ကျလာတတ်ပါတယ်။ ထို့ကြောင့် အဆင်းမျိုးစုံ ရူပါရုံကို မိမိအနားရောက်မလာအောင် သို့မဟုတ် ရူပါရုံရှိတဲ့ နေရာသို့ မသွားဘဲ အဝေးကရှောင်ကြဉ်လိုက်တာ အာရတီမင်္ဂလာ မည်ပါတယ်။

**လောကုတ္တရာ အာရတီ မင်္ဂလာ**

(၁) သက္ကာယဒိဋ္ဌိ မဖြစ်အောင် ရှောင်ကြဉ်လိုက်တာ အာရတီ မင်္ဂလာ၊
(၂) သဿတဒိဋ္ဌိ မဖြစ်အောင် ရှောင်ကြဉ်လိုက်တာ အာရတီ မင်္ဂလာ၊
(၃) ဥစ္ဆေဒဒိဋ္ဌိ မဖြစ်အောင် ရှောင်ကြဉ်လိုက်တာ အာရတီ မင်္ဂလာ၊
(၄) အတ္တဒိဋ္ဌိ မဖြစ်အောင် ရှောင်ကြည်လိုက်တာ အာရတီ မင်္ဂလာ။

**ဝိပဿနာ အမြင်မှန်ဖြင့် ရှောင်ကြည်ပုံ**

သက္ကာယ။ အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ တွေ့ထိစရာမျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့ဟာ ထင်ရှားရှိလို့ သက္ကာယ ဖြစ်ပါတယ်။

ဒိဋ္ဌိ ။ အဆင်းမျိုးစုံ ရူပါရုံကို မြဲတယ်၊ ခိုင်ခံ့တယ်၊ အမြဲတည်နိုင်တယ်လို့ မှားယူ၊ မှားစွဲ၊ မှားမြင်၊ မှားထင်နေတာ သဿတဒိဋ္ဌိ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အနိစ္စ ။ အဆင်းမျိုးစုံ ရူပါရုံဟာ မြဲတဲ့သဘောတရား မရှိဘူး၊ မြဲတဲ့ သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ်နေတာ၊ ခိုင်ခံ့တဲ့ သဘောတရားမရှိဘူး၊ ခိုင်ခန့်တဲ့ သဘောတရားမှ ကုန်ခမ်း သုဉ်းဆိတ်နေတာ၊ အမြဲတည်နိုင်တဲ့ သဘောတရားမရှိဘူး၊ အမြဲတည်နိုင်တဲ့ သဘောတရားမှ ကုန်ခမ်းသုန်းဆိတ် နေတာကို ဉာဏ်ဖြင့် မြင်လျှင် မြဲတယ်၊ ခိုင်ခံ့တယ်၊ အမြဲ တည်နိုင်တယ်၊ အမြဲတည်လိမ့်မယ်ထင်တဲ့ ဆက်မှား သဿတဒိဋ္ဌိဟာ စိတ်အစဉ်မှာ ဖြစ်ပေါ်မလာနိုင်လို့ လောကုတ္တရာ အာရတီမင်္ဂလာ ဖြစ်ပါတယ်။ (သဒ္ဒါရုံ စသည်နည်းတူ သိလေ)

မှတ်ချက်။ အကျယ်သိလိုက ဒဿနသမ္မာဒိလမ်းပြ၊ ဘာဝနာသမ္မာဒိ လမ်းပြကျမ်းတို့၌ ကြည့်ရှုပါလေ။

## (၁၉) ဝိရတိ ပါပါ (ခုဒ္ဒကပါဌ။ ၄)

### ဝိရတိ (၂)မျိုး

| (လောကီ) ဝိရတိ | ဝိရတိ (လောကုတ္တရာ) |
|---|---|
| ပါဏာတိ၊ အဒိန္န၊ | စက္ခု — ရူပါရုံ |
| ကာမေသု၊ မုသာ | လောဘ |
| ပိသုဏာ၊ ဖရုသ | ဒေါသ |
| သမ္ဖပ္ပလာပ၊ သုရာမေရယ | သဿတဒိဋ္ဌိ |
| လောကီချမ်းသာသုခ | လောကုတ္တရာချမ်းသာသုခ |

ပါပါ၊ အမျက်ထန်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ကျေးဇူးမဲ့ခြင်း၊ သူတစ်ပါးကို မနာလိုခြင်း၊ ဝန်တိုခြင်း၊ ကောက်ကျစ်ခြင်း၊ စဉ်းလဲခြင်း အစရှိသော

www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာသော တရားအစုမှ ဝိရတီ ၏ ကိုယ်နှုတ်နှစ်ပါးဖြင့် အထူးရှောင်ကြည်ရခြင်းသည်လည်းကောင်း။

ဝိရတီတိ ဝိရမဏံ၊ ဝိရမန္တိ ဝါ ဧတာယ သတ္တာတိ ဝိရတီ။
(ခုဒ္ဒကပါ ဌ၊ ဋ္ဌ။ ၁၁၉)

ဝိရိတိတီ ဝိရမဏံ၊ ဝိရမန္တိ ဝါ ဧတာယ သတ္တာတိ ဝိရတိ၊
ဧတေန ကာယဝစီကမ္မံ ဒဿေတိ။ (ပရိတ္တ၊ ဋီ။ ၄၃)

ဝိရတီတိ၊ ဝိရတိဟူသည်ကား။ ဝိရမဏံ၊ အထူးသဖြင့်ရှောင်ကြည်ခြင်း။ ဝါ တစ်နည်းကား။ ဧတာယ၊ ဤစေတနာဖြင့်။သတ္တာ၊ သတ္တဝါတို့သည်။ ဝိရမန္တိ၊ အထူးသဖြင့် ရှောင်ကြဉ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဝိရတိ၊ ဝိရတိမည်၏။ ဧတေန၊ ဤဝိရတိသဒ္ဒါဖြင့်။ကာယဝစီကမ္မံ၊ ကာယကံ ဝစီကံကို။ ဒဿေတိ၊ ပြ၏။

## ကာယကံ၊ ဝစီကံဖြင့် အထူးရှောင်ကြဉ်တာ ဝိရတီမင်္ဂလာ

ဝိရတီ နာမ ကမ္မဒ္ဓါရဝသေန ကာယဝါစာဟိ ဝိရမဏံ၊ သာ စေသာ ဝိရတီ နာမ သမ္ပတ္တဝိရတိ သမာဒါနဝိရတိ သမုစ္ဆေဒဝိရတီတိ တိဝိဓာ ဟောတိ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။ သုတ္တနိပါတ၊ ဋ္ဌ။ ၁၁၉)

(၁) သမ္ပတ္တဝိရတီ ။ ကြုံကြိုက်လို့ တိုက်ဆိုင်လာတဲ့အခါ လက်တွေ့ ရှောင်ကြည်နိုင်တာ ဝိရတီ မင်္ဂလာ။

(၂) သမာဒါနဝိရတီ။ သိက္ခာပုဒ် ဆောက်တည်ထားလို လက်တွေ့ ကြုံတဲ့အခါမျိုးမှာ ရှောင်ကြဉ်နိုင်တာ ဝိရတီ မင်္ဂလာ။

(၃) သမုစ္ဆေဒဝိရတီ။ လောကုတ္တရာမင်္ဂ ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် အပြီးရှောင်ကြဉ်လိုက်တာ ဝိရတီမင်္ဂလာ။

www.burmeseclassic.com

www.burmeseclassic.com



တတ္ထ ကုလပုတ္တဿ အတ္တနော ဇာတိံ ဝါ ကုလံ ဝါ ဂေါတ္တံ ဝါ ပဋိစ္စ "န မေ တေ ပတိရူပံ ယွာယံ ကမ္မံ ပါဏံ ဟနေယျံ၊ အဒိန္နံ အာဒိယေယျ"န္တိအာဒိနာ နယေန သမ္ပတ္တဝတ္ထုတော ဝိရတိ၊ အယံ သမ္ပတ္တဝိရတိ နာမ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၃၉)

သိက္ခာပုဒ်ကို ခံယူဆောက်တည်မထားဘဲ လွန်ကျူးဖွယ် အာရုံနှင့် တွေ့မှ မိမိ၏ ဇာတ်အမျိုးအနွယ်၊ ဗဟုဿုတ စသော ဂုဏ်ကို ဆင်ခြင်ပြီး "ငါလိုပုဂ္ဂိုလ်မျိုးက ဤအမှုကိစ္စမျိုးကို ပြုလုပ်လို့ မသင့်လျော်ပါဘူး" ဟု ရှောင်ကြဉ်လိုက်တာ ဝိရတီမင်္ဂလာ။

## စက္ကနဉပါသကာဝတ္ထု

စက္ကနဉပါသကာရဲ့ မိခင် ရောဂါဝေဒနာဖြစ်တဲ့အခါ ဆေးဆရာက "လူမမာစားစားအတွက် ယုန်သားအစို လိုအပ်တယ်"လို့ ညွှန်ကြားလိုက်ပါတယ်။ ဒါနဲ့ အစ်ကိုဖြစ်သူရဲ့ စေခိုင်းချက်အရ ညီငယ်စက္ကနဟာ ယုန်ရှာထွက်လာခဲ့ပါတယ်၊ စပါးအနုများကို စားနေတဲ့ ယုန်ကလေးဟာ လူသံကြားလို့ ပြေးလာစဉ် နွယ်တစ်ခုနှင့် ငြိမိပြီး ဖမ်းမိခံရပါတယ်။ဒီအခါ စက္ကနဟာ "ငါ့အမိ အသက်ရှင်ရေးအတွက် သူတစ်ပါးအသက်ကို သတ်ဖြတ်ရခြင်းဟာ မသင့်တော်ပါလား"လို့ စဉ်းစားမိပြီး ယုန်ကလေးကို ပြန်လွှတ်လိုက်ပါတယ်၊ အိမ်ရောက်တဲ့အခါ အစ်ကိုရဲ့ ကြိမ်းမောင်းမှုကို ခံရပါတယ်၊ ထိုအခါ စက္ကနဟာ မိခင်ထံ သွားပြီး "ကျွန်တော် တတ်သိ နားလည်တဲ့ အရွယ်ကစပြီး သိလျက် သူတစ်ပါးအသက်ကို မသတ်ခဲ့ဖူးပါ" ဟု သစ္စာဆိုပြီး ရပ်နေပါတယ်။ ထိုသစ္စာစကားကြောင့် မိခင်ရဲ့ရောဂါ ဝေဒနာဟာ ချက်ချင်း ပျောက်ကင်း သွားပါတယ်။ (အဘိ၊ ဋ္ဌ၊ ၁၊ (၁၄၆)

သိက္ခာပဒသမာဒါနဝသေန ပဝတ္တာ သမာဒါနဝိရတိ နာမ ယဿာ ပဝတ္တိတော ပဘုတိ ကုလပုတ္တော ပါဏာတိ ပါတာဒီနိ န ကရောတိ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၉)

www.burmeseclassic.com

www.burmeseclassic.com



သိက္ခာပုဒ်ကို ခံယူဆောက်တည်ပြီး လွန်ကျူးဖွယ် အမှုတို့ကို ရှောင်ကြဉ်ခြင်း ဖြစ်တယ်၊

သာဓက။ ဥတ္တရဝဍ္ဎမာနတောင်၌ နေတဲ့ ဥပါသကာ ဝတ္ထုဖြင့် သိအပ်ပါတယ်၊ ထိုဥပါသကာသည် ပိဋကလဗုဒ္ဓရက္ခိတမထေရ်ထံ သိက္ခာပုဒ် ခံယူဆောက်တည်ပြီးလျှင် လယ်ထွန်၍ နေပါတယ်။ ထို့နောက် နွားပျောက်လို့ တောင်ပေါ်တက်ရှာစဉ် စပါးကြီးမြွေရဲ့ ရစ်ပတ်ဖမ်းယူခြင်းကို ခံရပါတယ်။ မိမိမှာ ပါလာတဲ့ ထက်လှစွာသော ပဲခွပ်ဖြင့် မြွေဦးခေါင်းကို ဖြတ်မယ်ကြံတဲ့ အခါ "ငါလေးစားသော ဆရာမထေရ်ထံ သီလခံယူ ဆောက်တည်ထား ပါလျက် သီလပျက်လျှင် မတော်ပါတကား" ဟု ကြံပြန်ပါတယ်။ ထိုသို့ သုံးကြိမ် တိုင်တိုင် စဉ်းစားပြီးနောက် "ငါ အသက်သာ စွန့်မယ်၊ သိက္ခာပုဒ်ကို မစွန့်"ဟု ပဲခွပ်ကို တောထဲသို့ လွှင့်ပစ်လိုက်ပါတယ်။ ထိုအခိုက်၌ပင် စပါးကြီးမြွေဟာ သူ့ကိုလွှတ်၍ ထွက်ခွာသွားပါတယ်။

အရိယမဂ္ဂသမ္ပယုတ္တာ သမုစ္ဆေဒဝိရတိ နာမ ယဿာ ပဝတ္တိတော ပဘုတိ အရိယသာဝကဿ ပဉ္စ ဘယာနိ ဝေရာနိ ဝူပသန္တာနိ ဟောန္တိ။ (ခုဒ္ဒကပါဌ၊ ၄။ ၁၂၀)

အရိယာတို့မှာ အရိယာမဂ်ဖြစ်သည်နှင့် တစ်ပြိုင်နက် သူတစ်ပါး အသက်ကို သတ်လိုတဲ့စိတ်မျှပင် မရှိတော့ပါ၊ မဖြစ်ပေါ်တော့ပါ၊ ပါဏာတိပါတ စတဲ့ ဘေးရန်(၅)မျိုး ငြိမ်းအေးသွားပါတယ်၊ ဒုစရိုက်တို့ကို ဘာတစ်ခုမှ မပြုလုပ်တော့ဘဲ အကြွင်းမဲ့ ရှောင်ကြဉ်လိုက်ပါတယ်။

သဗ္ဗာပေသာ အာရတိ စ ဝိရတိ စ ဒိဋ္ဌဓမ္မိကသမ္ပရာယိက ဘယဝေရပ္ပဟာနာဒိနာနပ္ပကာရဝိသေသာဓိဂမဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။ (ခုဒ္ဒက ပါဌ၊ ၄။ ၁၂၀)

ထိုသို့ အကုသိုလ်ဒုစရိုက်ဖြစ်တဲ့ မကောင်းမှုမှ ရှောင်ကြဉ်ခြင်း ဖြစ်တဲ့ အာရတီဝိရတီတရားတို့သည် ဒိဋ္ဌဓမ္မိကသမ္ပရာယိကဖြစ်တဲ့ ကြောက်လန့်ခြင်း ဟူသော စိတ္တုတြာသဘေး၊ ကြောက်မက်ဖွယ်ကို ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ အာရမဏာဘေးတို့ကို ပယ်နိုင်ခြင်း အစရှိတဲ့ အထူးထူး အပြားပြားသော အကျိုးတရားတို့ကို ရရှိခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာဟူ၍ ခေါ်ဆိုအပ်ပါတယ်။

**လောကီ အာရတီ ဝိရတီ မင်္ဂလာ**

(၁) မကောင်းမှု အကုသိုလ်မှန်သမျှ (စိတ်ဖြင့်) ရှောင်ကြဉ်တာ အာရတီ မည်ပါတယ်။

(၂) မကောင်းမှု အကုသိုလ်မှန်သမျှ (ကိုယ်, နှုတ်)တို့ဖြင့် ရှောင်ကြဉ်တာ ဝိရတီ မည်ပါတယ်။

(၁) မကောင်းမှု အကုသိုလ်စိတ် မဖြစ်ရအောင် သတိထား၍ ရှောင်ကြဉ်လိုက်တော့ အာရတီ မည်ပါတယ်။

(၂) နှုတ်ဖြင့် မကောင်းတဲ့စကား ဝစီဒုစရိုက်များကို မပြောဆိုမိအောင်လည်းကောင်း၊ ကိုယ်ဖြင့် မကောင်းတဲ့အလုပ် ကာယကံဒုစရိုက်များကို မပြုလုပ်မိအောင်လည်းကောင်း သတိထား၍ ရှောင်ကြဉ်လိုက်တာ ဝိရတီ မည်ပါတယ်။

ပုထုဇဉ် သတ္တဝါမှန်သမျှဟာ အာရုံနှင့်မတွေ့မီက ရှောင်ကြဉ်လိုတဲ့ဆန္ဒပင် ရှိသော်ငြားလည်း အမှန်တကယ် တွေ့ဆုံတဲ့အခါ အလွန်ရှောင်ကြဉ်နိုင်ခဲပါတယ်။

ဥပမာ ဆာလောင်မွတ်သိပ်နေတဲ့ ကလေးသူငယ် တစ်ယောက်ဟာ မုန့်သည်လာတဲ့အခါ ငိုပြီးတောင်းသကဲ့သို့ လည်းကောင်း၊ ကောက်ပင်အကြား၌ လွှတ်ထားသော နွားသည် ကောက်ပင်ကို မစားဘဲနေဖို့ရာ အလွန်ပင် ခဲယဉ်းသကဲ့သို့ လည်းကောင်း ထို့အတူ အာရုံနှင့် တွေ့ဆုံတဲ့အခါ ရှောင်ကြဉ်ဖို့ရန် အလွန်ခဲယဉ်းလှပါတယ်။

**အာရတီနှင့် ဝိရတီ**

**အာရတီ** မကောင်းတဲ့ အကုသိုလ်မှန်သမျှကို မတွေ့မမြင် မကြားခင်က မိမိစိတ်ကို ထိုမကောင်းတဲ့ အာရုံရှိရာ ရောက် မသွားအောင် ဝေးဝေးက ကြိုတင်ပြီး ရှောင်ကြဉ်နေတာ အာရတီမင်္ဂလာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝိရတီ မကောင်းတဲ့ အကုသိုလ်မှန်သမျှကို ကြိုတင်ပြီး ရှောင်ကြဉ်ရုံမျှမကဘဲ ရင်ဆိုင်တွေ့တဲ့အခါ မလွန်ကျူးမိအောင် ကာယကံ ဝစီကံ ဆိုတဲ့ ကိုယ် နှုတ် နှစ်ပါးကို အထူးရှောင်ကြဉ်လိုက်တာ ဝိရတီမင်္ဂလာ ဖြစ်ပါတယ်။

ရုပ်ရှင်ပွဲ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ အရက်၊ ထန်းရည်၊ ခနိရည်၊ ဘိန်း၊ ဆေးခြောက်စတဲ့ မူးယစ်ဆေးဝါး အာရုံများနှင့် ကိုယ်တိုင်တွေ့ကြုံတဲ့အခါ ရှောင်ကြဉ်လိုက်တာ ဝိရတီမင်္ဂလာ၊ ကိုယ်တိုင်တွေ့တော့ မရှောင်ကြဉ်နိုင်ရင် အနားသို့ မသွားဘဲ ဝေးဝေးက ရှောင်ကြဉ်လိုက်တာ အာရတီ မင်္ဂလာ ဖြစ်ပါတယ်။

## လောကုတ္တရာ အာရတီ ဝိရတီ မင်္ဂလာ

အဆင်းမျိုးစုံ ရူပါရုံနှင့် မိမိစက္ခုပသာဒတို့ တွေ့ဆုံတဲ့အခါ အဆင်းမျိုးစုံ ရူပါရုံကို တပ်မက်သာယာတဲ့ ကာမတဏှာ၊ ထိုရူပါရုံကို မြဲတယ်၊ ခိုင်ခံ့တယ်၊ အမြဲတည်နိုင်တယ်ထင်တဲ့ သဿတဒိဋ္ဌိ၊ စွဲတဲ့ ဥပါဒါန် စတဲ့ အကြောင်းတရားတွေ ဖြစ်ပေါ်မလာနိုင်အောင် မြဲတဲ့သဘောတရား မရှိဘူး၊ မြဲတဲ့သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ်နေတာကို ဉာဏ်ဖြင့် မြင်ပြီး ဆင်ခြင်သုံးသပ်နေတာ အာရတီမင်္ဂလာ ဖြစ်ပါတယ်။

အဆင်းမျိုးစုံ ရူပါရုံနှင့် မိမိစက္ခုပသာဒတို့ဆုံတွေ့ခိုက်မှာ တပ်မက် သာယာစရာကောင်းတဲ့ အဆင်းမျိုးစုံ ရူပါရုံရဲ့အပေါ် တဏှာ ဥပါဒါန် စတဲ့ အကြောင်းတရားငါးပါး ဖြစ်ပေါ်မလာနိုင်အောင် ခယဉ္စ အနိစ္စဖြင့် မြဲတဲ့ သဘောတရား မရှိ၊ မြဲတဲ့ သဘောတရားမှ ကုန်ခမ်း သုဉ်းဆိတ်နေပုံကို ဉာဏ်ဖြင့် မြင်ပြီး လက်တွေ့အကြောင်း တရားငါးပါး မဖြစ်အောင် ရှောင်ကြဉ်လိုက်တာ ဝိရတီမင်္ဂလာ ဖြစ်တယ်။ (သောတ၊ သဒ္ဒါရုံစသည် နည်းတူ သိပါ။)

www.burmeseclassic.com

www.burmeseclassic.com



(၂၀) မဇ္ဇပါနာ စ သံယမော။ (ခုဒ္ဒကပါဌ၊ ပါ။ ၄)

မဇ္ဇပါန (၂)မျိုး

| (လောကီ) မဇ္ဇပါန | မဇ္ဇပါန (လောကုတ္တရာ) |
|---|---|
| အပွင့်မှ မူးယစ်ဆေး၊ | ကာမာသဝ (လောဘ) |
| အသီးမှ မူးယစ်ဆေး၊ | ဘဝါသဝ (လောဘ) |
| အရည်မှ မူးယစ်ဆေး၊ | ဒိဋ္ဌာသဝ (ဒိဋ္ဌိ) |
| ချက်လုပ်တဲ့ မူးယစ်ဆေး၊ | အဝိဇ္ဇာသဝ (မောဟ) |
| ရှောင်ကြဉ်က လူ့ နတ်ချမ်းသာရ | ရှောင်ကြဉ်က မဂ်ဖိုလ် နိဗ္ဗာန်ရ |

မဇ္ဇပါနာ၊ ယစ်မျိုး ငါးပါးကို သောက်စားခြင်းမှ။ သံယမော စ၊ စောင့်ရှောက်ခြင်းသည်လည်းကောင်း။

မဒနီယဋ္ဌေန မဇ္ဇံ၊ မဇ္ဇဿ ပါနံ မဇ္ဇပါနံ၊ တတော မဇ္ဇပါနာ၊ သံယမနံ သံယမော။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၁၉)

မဒနီယဋ္ဌေန၊ မူးယစ်ကြောင်းဖြစ်သော အနက်သဘောကြောင့်။မဇ္ဇံ၊ မဇ္ဇမည်၏။ မဇ္ဇဿ၊ မူးယစ်စေတတ်သော သေမျိုး(၅)ပါး၊ အရက်မျိုး (၅)ပါးကို။ ပါနံ၊ သောက်ခြင်းတည်း။ မဇ္ဇပါနံ၊ မူးယစ်စေတတ်သော သေမျိုး(၅) ပါး၊ အရက်မျိုး (၅)ပါးကိုသောက်ခြင်း။ တတော မဇ္ဇပါနာ၊ ထိုမူးယစ်စေတတ်သော သေမျိုး(၅)ပါး၊ အရက်မျိုး (၅)ပါးကို သောက်ခြင်းမှ။ သံယမော၊ စောင့်စည်းခြင်း။သံယမနံ၊ စောင့်စည်းခြင်း။

မူးယစ်စေတတ်တဲ့ သေရည်သေရက် မူးယစ်ဆေးဝါးတို့ကို မသုံးစွဲဘဲ ရှောင်ကြဉ်ခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။

မဇ္ဇပါနာ စ သံယမော နာမ ပုဗ္ဗေ ဝုတ္တသုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိယာ၊ ဧဝမေတံ အဓိဝစနံ၊ ယသ္မာ ပန မဇ္ဇပါယီ

www.burmeseclassic.com

www.burmeseclassic.com



အတ္တံ န ဇာနာတိ၊ ဓမ္မံ န ဇာနာတိ၊ မာတုအန္တရာယံ ကရောတိ၊ ပိတု ဗုဒ္ဓပစ္စေကဗုဒ္ဓတထာဂတသာဝကာနမ္ပိ အန္တရာယံ ကရောတိ၊ ဒိဋ္ဌေဝ ဓမ္မေ ဂရဟံ, သမ္ပရာယေ ဒုဂ္ဂတိံ အပရာပရိယေ ဥမ္မာဒဉ္စ ပါပုဏာတိ။ မဇ္ဇပါနာ ပန သံယမော တေသံ ဒေါသာနံ ဝူပသမံ တဗ္ဗိပရီတဂုဏာသမ္ပဒဉ္စ ပါပုဏာတိ၊ တသ္မာ အယံ မဇ္ဇပါနာ သံယမော မင်္ဂလန္တိ ဝေဒိတဗ္ဗော။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၁ သုတ္တနိပါတ၊ ဋ္ဌ၊၂။ ၂၆)

မဇ္ဇပါနသံယမမည်သည် ဘုရာမေရယ မဇ္ဇပ္ပမာဒ ဋ္ဌာနာဝေရ မဏီ သိက္ခာပုဒ်ရဲ့ အမည်ပင် ဖြစ်ပါတယ်။

သေအရက်ကို သောက်လေ့ရှိသူဟာ အကြောင်းအကျိုးကို မသိတတ်သည်ဖြစ်၍ အမိ၊ အဘ၊ ဆရာသမား၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားရှင်၏ တပည့် သာဝကတို့၏ အန္တရာယ်ကို ပြုလျက် မျက်မှောက် ဘဝမှာပင် ပညာရှိသူတော်ကောင်းတို့၏ ကဲ့ရဲ့ဖွယ်ဖြစ်ခြင်း၊ မကောင်းသော သူတို့ရဲ့ လားရောက်ရာဖြစ်တဲ့ ဒုဂ္ဂတိဘဝသို့ ရောက်ရခြင်း၊ ဒုဂ္ဂတိဘဝမှ ကျွတ်လွတ်ပြီး လူ့ဘဝ ရောက်ပြန်တော့လည်း ရူးသွပ်ခြင်း စတဲ့ ဘဝမျိုးသို့ ရောက်ရပါတယ်။

**မူးယစ်ဆေးဝါး ရှောင်ကြဉ်ရကျိုး**

မူးယစ်စေတတ်တဲ့ သေအရက်၊ မူးယစ်ဆေးဝါးများကို သောက်စား ခြင်းမှ ရှောင်ကြဉ်စောင့်စည်းတဲ့ သူတော်ကောင်း ပုဂ္ဂိုလ်မွန်တို့အား ဆိုအပ်ခဲ့ပြီးဖြစ်တဲ့ အပြစ်တို့မှ ငြိမ်းအေးခြင်းသို့ ရောက်ရုံမျှမက အကြောင်း အကျိုးကို သိတတ်တဲ့သူဖြစ်၍ အမိ၊ အဘ၊ ဆရာသမား၊ ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊ ဘုရားရှင်ရဲ့ တပည့်သာဝကတို့အား ရိုသေလေးမြတ် ဆည်းကပ် ပူဇော်လျက် မျက်မှောက်ထင်ထင် ပစ္စုပ္ပန်ဘဝမှာပင် ပညာရှိသူတော်ကောင်း တို့၏ ချီးမွမ်းခံရခြင်း၊ တမလွန်ဘဝ၌ နှစ်သက်ဖွယ်ရာ တင့်တယ်စွာ ဂုဏ်ရောင်မည်း ပညာရှိသူတော် ကောင်းမျိုးတို့၏ လားရောက်ရာ သုဂတိ ဘဝ၌ ဖြစ်ရခြင်း၊ ရူးသွပ်တဲ့ ဘဝမျိုးသို့ ဘယ်အခါမှ မရောက်ရခြင်း စတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကျိုးများ ရရှိနိုင်ရုံမျှမက ကြည်လင်သန့်ရှင်း ဂုဏ်ရောင်လင်းတဲ့ သမာဓိဉာဏ် ပညာရှင်ဖြစ်လျက် မင်္ဂဖိုလ်နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးများကို ရရှိနိုင်ပါတယ်။

ဆ ခေါ မေ ဂဟပတိပုတ္တ အာဒီနဝါ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေ သန္ဒိဋ္ဌိကာ ဓနဇာနိ ကလဟပ္ပဝဍ္ဍနီ ရောဂါနံ အာယတနံ အကိတ္တိသဉ္ဇနနီ ကောပိနနိဒံသနီ ပညာယ ဒုဗ္ဗလိကရဏီတွေဝ ဆဋ္ဌံ ပဒံ ဘဝတိ။ (ဒီ၊ ၃။ ၁၄၈)

**သေအရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အပြစ်(၆)ပါး**

(၁) **သန္ဒိဋ္ဌိကာဓနဇာနိ။** ယခု မျက်မှောက်ဘဝမှာ ရသင့် ရထိုက်တဲ့ ပစ္စည်းဥစ္စာများ မရရှိဘဲ၊ ရရှိပြီးတဲ့ ပစ္စည်းဥစ္စာများ ပျက်စီး ဆုံးရှုံးရပါတယ်။

(၂) **ကလဟပ္ပဝဍ္ဍနီ ။** တစ်ဦးနှင့်တစ်ဦး စကားအငြင်းအခုံ ဖြစ်ရတယ်၊ ကိုယ်ထိလက်ရောက် ခိုက်ရန်ဒေါသ ဖြစ်ရတယ်၊ ရုံး ဂါတ် ဆေးရုံများသို့ ရောက်ရပါတယ်။

(၃) **ရောဂါနံ အာယတနံ။** သေအရက်နှင့် မူးယစ်ဆေးဝါး သောက်စားသုံးစွဲတဲ့ သူတို့ရဲ့ခန္ဓာကိုယ်ဟာ အနာရောဂါမျိုးစုံ ဖြစ်ပွားနိုင်ပါတယ်။

(၄) **အကိတ္တိသဉ္ဇနနီ။** သေအရက်နှင့် မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းကြောင့် မိဘတို့ကို ပြစ်မှားတတ်တယ်၊ မပြောသင့်တဲ့ စကားကို ပြောဆိုမိတတ်ပါတယ်၊ မပြုလုပ်သင့်၊ မလွန်ကျူးသင့်တာကို ပြုလုပ်ကျူးလွန်မိတတ်ပါတယ်၊ ထိုကဲ့သို့ ပြောဆိုပြုလုပ်ခြင်းကြောင့် ကဲ့ရဲ့ ရှုတ်ချခြင်းကို ခံရတတ်ပါတယ်၊ ငွေဒဏ်၊ ထောင်ဒဏ် စတဲ့ အပြစ်ပေးခြင်းကို ခံရတတ်ပါတယ်၊ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝမှာ ကျေးဇူးမဲ့ခြင်းသို့ ရောက်ရှိပြီး ကျောခစာသတင်း ပျံ့နှံ့ခြင်း ကင်းမဲ့တဲ့သူအဖြစ်သို့ ရောက်ရှိတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၅) ကောပိနနိမံသနီ။ သေအရက် အလွန်မူးသဖြင့် ရှက်ခြင်း၊ ကြောက်ခြင်း ဟိရိဩတ္တပ္ပတရားနှစ်ပါး မရှိတော့ဘဲ အရှက်အကြောက် ကင်းမဲ့လျက် အရှက်တကွဲ အကျိုးနဲ့ ဖြစ်ရတတ်ပါတယ်။

(၆) ပညာယ ဒုဗ္ဗလိကရဏီ။ အသိအလိမ္မာ ဉာဏ်ပညာ ကင်းမဲ့၍ ာသိမမြင် ဉာဏ်ပညာမရှိတဲ့သူရဲ့အဖြစ်သို့ ရောက်ရှိရပါတယ်။

မဇ္ဇပါနာ ပန သံယမော တေသံ ဒေါသာနံ ဝူပသမံ တပ္ပိပရီတ ဂုဏာသမ္ပဒဥ္စ ပါပုဏာတိ၊ တသ္မာ အယံ မဇ္ဇပါနာ သံယမော မင်္ဂလန္တိ ဝေဒိတဗ္ဗော။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၀)

## သေအရက်နှင့် မူးယစ်ဆေးဝါး ရှောင်ကြဉ်ရကျိုး

သေအရက်နှင့် မူးယစ်ဆေးဝါးသောက်စားခြင်းကြောင့် ဖြစ်တတ်တဲ့ အပြစ်တို့မှ ကင်းလွတ်ရခြင်း၊ လျှင်မြန်စွာ သိမြင်တတ်ကျွမ်းခြင်း၊ ကြီးမားသော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊ သူ့ကျေးဇူးကို သိတတ်ခြင်း၊ ဝစီဒုစရိုက်မှ ကင်းလွတ်ခြင်း၊ သီလနှင့်ပြည့်စုံခြင်း၊ အမျက်ဒေါသ နည်းပါးခြင်း၊ ရှက်တတ် ကြောက်တတ်ခြင်း၊ ဘုန်းလက္ခဏာနှင့် ပြည့်စုံခြင်း စတဲ့ အကျိုးတရားတို့ကို ရရှိခံစားရပါတယ်။

## သေအရက်သောက်၍ ပျက်စီးရခြင်း

ဘုရားအလောင်းဖြစ်တဲ့ မဟာဓနသူဌေးကြီးဟာ ကုသိုလ် ကောင်းမှုများကို ဖြည့်ကျင့်ခဲ့လို့ သိကြားမင်း ဖြစ်သွားပါတယ်။ ကျန်ရစ်သော သူဌေးကြီး၏ တစ်ဦးတည်းသောသားမှာ အရက်သမား ဖြစ်ကာ ဥစ္စာတွေ အမျိုးမျိုး ဖြုန်းတီး၍ နောက်ဆုံးရှိသမျှ ကုဋေ(၄၀)ကုန်ပြီး ခွက်လက်စွဲကာ တောင်းစားရတဲ့ ဘဝမျိုးရောက်ရပါတယ်၊ သိကြား မင်းကြီးက အလိုခပ်သိမ်း ပေးတတ်တဲ့အိုးကို ပေးအပ်ပြီး၍ "အိုးမကွဲသမျှ ပစ္စည်းဥစ္စာ မကုန်နိုင်၊ မင်းသတိထား"ဟု မှာကြား၍ ပြန်သွားပါတယ်၊ ထိုအခါမှ

www.burmeseclassic.com

www.burmeseclassic.com



စ၍ အရက်ပြန်သောက်ပြီး ဖြန်းတီးလေရာ တစ်နေ့သောအခါ အရက်မူးမူးဖြင့် အိုးကလေးကို မြှောက်မြှောက်ဖမ်းနေရင်း လွတ်ကျကာ အိုးကွဲသွားပါတယ်။ ထိုအခါမှစ၍ ပြန်လည်တောင်းစားရတဲ့ ဘဝမျိုး ရောက်ကာ သူတကာတို့ရဲ့ အိမ်နံရံကို မှီလျက် ကိုးကွယ်ရာမဲ့ သေဆုံး ရရှာပါတယ်။(ဇာ၊ ဋ္ဌ၊ ၂။ ၃၈၈)

**လောကုတ္တရာ မဇ္ဈပါနသံယမ မင်္ဂလာ**

> လောကသ္မိံ ဦဒ္ဓိ စိရပါရိဝါသိကာ မဒိရာဒယော အာသဝါတိ ဝုစ္စတိ။ (မ၊ ဋ္ဌ၊ ၁။ ၆၃)
>
> အာသဝေါ တာတ လောကသ္မိံ သုရာ နာမ ပဝုစ္စတိ။
> (ဇာ၊ ဋ္ဌ၊ ၄။ ၂၂၃)

အာသဝပုဒ်က အရက်ကို ဟောပါတယ်၊ သေရည်အရက် မူးယစ်နေတဲ့ လူတစ်ယောက်ဟာ လမ်းမှန်အောင် မလျှောက်နိုင်တော့သဖြင့် လိုရာခရီး မရောက်နိုင်တော့ဘူး။ သွားမိ သွားရာ ခြေဦးတည့် ရှောက်သွားပြီး ပြောမိပြောရာပြော၊ ရောက်ချင်ရာ ရောက်အောင်သွားနေတဲ့ အမူးသမားလို ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဆိုတဲ့ အာသဝ အရက်မူးယစ်နေတဲ့သူများမှာ မိမိတို့ရည်ရွယ်ချက် ပန်းတိုင်ကို အရောက်မလှမ်းနိုင်တော့ဘဲ (၃၁)ဘုံထဲမှာ တဝဲလယ်လယ်နဲ့ အရက်မူးသမားလို ကျင်လည်နေကြရတာ ဖြစ်ပါတယ်။

(၁) **ကာမာသဝ (ကာမ+အာသဝ)၌ ကာမဆိုတာ** လိုချင်စရာ ငါးဖြာအာရုံ ကာမဂုဏ်တို့ရဲ့အပေါ်မှာ တပ်မက်နှစ်သက် လိုချင်တဲ့ အာသဝ လောဘစိတ်တွေ ယိုစီးနေပါတယ်၊ ထို(၃၁)ဘုံထဲမှာ အိုနာ သေရေး ဒုက္ခဘေးကြီးတွေနဲ့သာ လှည့်လည်နေကြရမှာ အမှန်ဖြစ်ပါတယ်။

(၂) **ဘဝါသဝ (ဘဝ+အာသဝ)**၌ ဘဝဆိုတာ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ စတဲ့ ဘဝမျိုးစုံတို့ရဲ့ အပေါ်မှာ လိုချင်တဲ့ အာသဝ လောဘစိတ်တွေ ယိုစီးနေပါတယ်။ ဘဝကို လိုချင်တဲ့ လောဘစိတ်တွေ ဖြစ်နေရင် စွဲတဲ့ဥပါဒါန်၊ စွဲတဲ့ဘဝကို မရရအောင်ပြုလုပ်တဲ့ ကံနှင့် သင်္ခါရ၊ အမှန်ကို

www.burmeseclassic.com

www.burmeseclassic.com



မမြင်နိုင်တဲ့ အဝိဇ္ဇာဖြစ်ပါတယ်။ ဒီလိုဖြစ်တော့ အို နာ သေ ဒုက္ခဘေးကြီးများနဲ့ပဲ တွေ့ကြုံကြမှာ ဖြစ်ပါတယ်။

(၃) ဒိဋ္ဌာသဝ (ဒိဋ္ဌိ+အာသဝ)၌ ဒိဋ္ဌိဆိုတာ သဿတ ဒိဋ္ဌိစတဲ့ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိများ ဖြစ်ပါတယ်။

မှားယူ မှားစွဲ မှားမြင် မှားထင်တဲ့ အာသဝ စိတ်တွေ အဆက်မပြတ် ယိုစီးနေပါတယ်။ ဘယ်လိုယိုစီးနေသလဲ၊ မိမိရဲ့ခန္ဓာငါးပါး ရုပ်နာမ်တရား အစထားပြီး လောကီစည်းစိမ် ရွှေ ငွေ ဘဏ္ဍာ စတဲ့ ပစ္စည်းဥစ္စာ အသုံးအဆောင်တွေကို မြဲတယ်၊ ခိုင်ခံ့တယ်၊ အမြဲတည်နိုင်တယ်၊ အမြဲတည်လိမ့်မယ်ထင်တဲ့ သဿတဒိဋ္ဌိ အမြဲမပြတ် ဖြစ်ပေါ်နေတဲ့ အခါ မြဲတယ်ထင်တော့ စွဲတဲ့ ဥပါဒါန်၊ သဿတဒိဋ္ဌိ ဥပါဒါန်တို့ ထပ်ထပ် ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးတာက ကံနှင့်သင်္ခါရ မြဲတဲ့ သဘောတရား မရှိဘူး၊ မြဲတဲ့ သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ်နေတာကို မမြင်နိုင်တဲ့ အဝိဇ္ဇာ ဆိုပြီး အောက်တန်းသံသရာ ပဋိစ္စသမုပ္ပါဒ် အကြောင်းတရားငါးပါး ဖြစ်နေလျှင် အပါယ်လေးဘုံထဲမှာ အရက်မူးသမားလို လှည့်လည်နေရပြီး အောက်တန်းသံသရာထဲမှာ မဆုံးနိုင် ဖြစ်နေရပါတယ်။

(၄) အဝိဇ္ဇာသဝ (အဝိဇ္ဇာ+အာသဝ)၌ အဝိဇ္ဇာဆိုတာ အမှန်မမြင်နိုင်၊ အမှားကိုသာ အမှန်ထင်တဲ့ အာသဝစိတ်တွေ၊ အဆက်မပြတ် ယိုစီးနေတယ်။ အမှန်မမြင်နိုင်တဲ့ အဝိဇ္ဇာရှိနေလျှင် သစ္စာလေးပါးကို အမှန်မြင်နိုင်တဲ့ဉာဏ် ဖြစ်ပေါ်မလာနိုင်တော့လို့ အို နာ သေရေး ဒုက္ခဘေးကြီးတွေနဲ့ပဲ လှည့်လည်နေရသဖြင့် အရက်သမားလို (၃၁)ဘုံထဲက လွတ်မြောက်နိုင်တော့မှာ မဟုတ်ပါ။

လိုရင်းအချုပ်။ သစ္စာ(၄)တန် အမြင်မှန်၊ လက္ခဏာရေး(၃)တန် အမြင်မှန်တို့ဖြင့် အာသဝတရား(၄)ပါး မူးယစ် ခြင်း မဖြစ်ရအောင် ချုပ်ငြိမ်းသွားအောင် အားထုတ် အလုပ်လုပ်ရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁) အဆင်းမျိုးစုံ ရှုပါရုံ စတဲ့ အာရုံတို့ရဲ့အပေါ် တပ်မက်နှစ်သက် သာယာတဲ့စိတ်တွေနဲ့ အားရတင်းတိမ် ကျေနပ်သဘောကျနေခြင်းသည် ဘဝါသဝ အရက်မူးယစ်နေတာ ဖြစ်ပါတယ်။

(၂) လူ့ဘဝ လူ့ချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာ၊ ဗြဟ္မာဘဝ ဗြဟ္မာ ချမ်းသာစတဲ့ ဘဝမျိုးစုံတို့ကို လိုချင်တောင့်တရအောင် ပြုလုပ်နေလျှင် ကာမာသဝ အရက်မူးယစ်နေတာ ဖြစ်ပါတယ်။

(၃) မိမိခန္ဓာ အစထားပြီး သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာ စသည်တို့ အပေါ် မြဲတယ်၊ ခိုင်ခံ့တယ်၊ အမြဲတည်အောင် မိမိတို့ ပြုလုပ်ချင်သလို ပြုလုပ်လို့ရတယ်လို့ ထင်တဲ့ သဿတဒိဋ္ဌိ အတ္တဒိဋ္ဌိ ဖြစ်နေပြန်လျှင် ဒိဋ္ဌာသဝ အရက်မူးယစ်နေပြန်ပါတယ်။

(၄) အမှန်မသိ၊ အမှားကိုသာ အမှန်ထင်ပြီး ပြုလုပ်ဖြစ်ပေါ်နေတဲ့ စိတ်တွေ ဖြစ်နေပြန်လျှင်လဲ အဝိဇ္ဇာသဝ အရက်မူးယစ်နေပြန်ပါတယ်။

**မှတ်ချက်။** ဆိုင်ရာ ဆိုင်ရာ မင်္ဂလာများနဲ့အတူ အာသဝတရား(၄)ပါး သူမင်္ဂလာနှင့်သူ ချုပ်ငြိမ်းသွားရန် အတွက် ဝိပဿနာရှုပုံ ရှုနည်းများကို ဒဿနသမ္မဒါ လမ်းပြ၊ ဘာဝနာ သမ္မဒါ လမ်းပြကျမ်းများမှာ ကြည့်ရှု နိုင်ပါတယ်။

## (၂၁) အပ္ပမာဒေါစ ဓမ္မေသု (ခုဒ္ဒကပါဌ။ ၄)

### အပ္ပမာဒ (၂)မျိုး

| (လောကီ) အပ္ပမာဒ | အပ္ပမာဒ (လောကုတ္တရာ) |
|---|---|
| ×× | ×× |
| ဒါန၊ သီလ၊ | လက္ခဏာရေး(၃)ပါး |
| ဘာဝနာစသည် | သစ္စာ(၄)ပါး |
| သုစရိုက်(၁၀)ပါး | ဗောဓိပက္ခိယ(၃၇)ပါး |
| ×× | ×× |
| လူ၊ နတ် ချမ်းသာရ | မဂ်ဖိုလ် ချမ်းသာရ |

www.burmeseclassic.com

www.burmeseclassic.com



မမွေ့သု၊ ဒါန သီလ ဘာဝနာ စသော ပုညကိရိယာ(၁၀)ပါး ကုသိုလ်တရားတို့၌။ အပ္ပမာဒေါ၊ ဘယ်နေ့ ဘယ်ညဥ့် ဘယ်အခါမျှ မေ့၍ သတိ မပြုမိဟု မရှိရခြင်းသည် လည်းကောင်း။

အပ္ပမဇ္ဇနံ အပ္ပမာဒေါ၊ မမွေ့သူတိ ကုသလေသု။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၁၉)

အပ္ပမဇ္ဇနံ၊ မမေ့ မလျော့ခြင်း။ အပ္ပမာဒေါ၊ မမေလျော့ခြင်း။

ကုသလေသု ဓမ္မေသု အပ္ပမာဒေါ နာမ "ကုသလာနံ ဝါ ဓမ္မာနံ ဘာဝနာယ အသက္ကစ္စကိရိယတာ အသာတစ္စကိရိယတာ အနဋ္ဌိတကိရိယတာ ဩလီနဝုတ္တိတာ နိက္ခိတ္တဆန္ဒတာ နိက္ခိတ္တဓုရတာ အနာသေဝနာ အဘာဝနာ အဗဟုလီကမ္မံ အနဓိဋ္ဌာနံ အနနုယောဂေါ ပမာဒေါ၊ ယော ဧဝရူပေါ ပမာဒေါ ပမဇ္ဇနာ ပမဇ္ဇိတတ္တံ၊ အယံ ဝုစ္စတိ "ပမာဒေါ" တိ။ ဧတ္ထ ဝုတ္တဿ ပမာဒဿ ပဋိပက္ခဝသေန အတ္ထတော ကုသလေသု ဓမ္မေသု သတိယာ အဝိပ္ပဝါသော ဝေဒိတဗ္ဗော။ သော နာနပ္ပကာရကုသလာဓိဂမဟေတုတော အမတာဓိဂမဟေတုတော စ မင်္ဂလန္တိ ဝုစ္စတိ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၀)

ကုသိုလ်တရားတို့၌ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေတဲ့ ပမာဒတရား၏ ဆန့်ကျင်ဘက်ဖြစ်တဲ့ ကုသိုလ်တရားတို့၌ အဖန်တလဲလဲ အောက်မေ့တတ်တဲ့ သတိတရား အမြဲတမ်းရှိနေရမှာ ဖြစ်ပါတယ်။ ကုသိုလ်တရားတို့၌ မမေ့မလျော့ သတိတရားရှိတဲ့ သူတို့ဟာ အထူးထူး အပြားပြားရှိတဲ့ ကုသိုလ်တရားကို ရခြင်း၏အကြောင်းဖြစ်သောကြောင့် လည်းကောင်း၊ သေခြင်းကင်းရာ နိဗ္ဗာန်ကို ရခြင်း၏အကြောင်း ဖြစ်သောကြောင့် လည်းကောင်း မင်္ဂလာမည်၏ ဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်ပါတယ်။

အပ္ပမာဒေါ အမတပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

(ဓမ္မပဒ။ ၁၆)

www.burmeseclassic.com

www.burmeseclassic.com



အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းသည်။ အမတံ ပဒံ၊ နိဗ္ဗာန် ရောက်ခြင်း၏ အကြောင်းတည်း။ ပမာဒေါ၊ မေ့လျော့ခြင်းသည်။ မစ္စုနော၊ သေခြင်း၏။ ပဒံ၊ အကြောင်းတည်း။ အပ္ပမတ္တာ၊ မမေ့လျော့သော သူတို့သည်။ န မီယန္တိ၊ သေသည် မမည်ကုန်။ ယေ၊ အကြင်သူတို့သည်။ ပမတ္တာ၊ မေ့လျော့ကုန်၏။ တေ၊ ထိုသူတို့သည်။ မတာ ယထာ၊ သေသူတို့ကဲ့သို့တည်း။ (ဝါ) သေသူနှင့် တူကုန်၏။

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်တယ်၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း သည် သေခြင်း၏အကြောင်းဖြစ်ပါတယ်၊ မမေ့မလျော့တဲ့ သူတို့သည် ဇာတိဒုက္ခ စသည်မှ လွတ်မြောက်၍ ဝဋ်ဆင်းရဲဒုက္ခကြီး အဆက်ပြတ် သောကြောင့် သေသည် မမည်ပါ။ မေ့လျော့တဲ့သူတို့ကား ဇာတိ ဒုက္ခ စသည်မှ မလွတ်မြောက်နိုင်သေး၍ ဝဋ်ဆင်းရဲကြီး အဆက်မပြတ်ဖြစ် သောကြောင့် သေသည် မည်ပါတယ်။

**အပ္ပမတ္တာ န မီယန္တိ**

သတိနှင့်ပြည့်စုံတဲ့သူသည် မအိုမနာ မသေဟု ဆိုလိုသည် မဟုတ်ပါ၊ ပဋိသန္ဓေနေရသူ မှန်သမျှ အိုမှု၊ နာမှု၊ သေမှုနှင့် မကင်းနိုင်၊ သို့သော် မမေ့မလျော့တဲ့သူသည် အပ္ပမာဒတရားကို လက်ကိုင်ထားလျက် မင်္ဂဖိုလ်ဖြင့် နိဗ္ဗာန်ကို လျှင်မြန်စွာ မျက်မှောက်ပြုနိုင်သဖြင့် နှစ်ဘဝ သုံးဘဝ စသည် မဖြစ်ရသောကြောင့် သတိနှင့် ပြည့်စုံတဲ့သူကို အသက်ရှင်နေသည် ဖြစ်စေ, သေသည်ဖြစ်စေ သေသည် မမည်ဟု ဆိုလိုပါတယ်။

**ယေ ပမတ္တာ မတာ ယထာ**

သေသောသူတို့သည် ထင်းတုံးကဲ့သို့ အသက်ဝိညာဉ် ကင်းလျက် ရှိနေပါတယ်၊ ထို့အတူ သတိလွတ်ကင်းသောသူသည် ဒါနမှု၊ သီလမှု၊ ဥပုသ်စောင့်မှု၊ ဆရာဥပဇ္ဈာယ်တို့အား ဝတ်ကြီး ဝတ်ငယ်ပြုမှု၊ ဓုတင် ဆောက်တည်မှု စသည်တို့ကို ပြုလုပ်မည်ဟု စိတ်အကြံမျှ မရှိခဲ့သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သေသူနှင့် အတူတူပင် ဖြစ်ကြသည်ဟု ဆိုရပါတယ်။ သတိကင်းလွတ်သော သူသည် ဝဋ်ဆင်းရဲဒုက္ခမျိုးစုံမှ မလွတ်မြောက်နိုင်၊ သတိရှိသော သူသည်သာ ဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်နိုင်၏ဟု ထူးခြားစွာ သိနိုင်ပါတယ်။

**သတိရှိက အကျိုးထူးရ**

သတိံ စ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။ (သံ၊ ၃။ ၁၀၀)

သတိကို အရာခပ်သိမ်းမှာ လိုလားအပ်တဲ့ တရားအဖြစ် ဟောတော်မူပါတယ်၊ မေ့မေ့လျော့လျော့နေတဲ့သူတို့မှာ ကုသိုလ်တရား ဖြစ်ခွင့်မရှိဘူး၊ မမေ့မလျော့တဲ့သူတို့မှာ ကုသိုလ်တရားဖြစ်ပွားရန် အလွန်ကြီးမားတဲ့ အထောက်အကူဖြစ်ပါတယ်၊ ထို့ကြောင့် အလွန် ကျေးဇူးများတဲ့တရားဟာ အပ္ပမာဒတရား ဖြစ်ပါတယ်။

အပ္ပမာဒေါ ကုသလေသု ဓမ္မေသု'တိ သဗ္ဗတ္ထကံ အပ္ပမာဒံ ကထေသိ။ အယဉှိ အပ္ပမာဒေါ နာမ သီလပူရဏေ ဣန္ဒြိယသံဝရေ ဘောဇနေ မတ္တညုတာယ ဇာဂရိယာနုယောဂေ သတ္တသု သဒ္ဓမ္မေသု ဝိပဿနာဂဗ္ဘံ ဂဏှာပနေ အဋ္ဌတ္တိံသာရမ္မဏေသု ဓမ္မကမ္မဋ္ဌာနေသု အနုတ္တရသမာပတ္တိယံ အရိယသစ္စေသု သတိပဋ္ဌာနာဒီသု ဗောဓိပက္ခိယေသု ဝိပဿနာဉာဏာဒီသု အဋ္ဌသု ဝိဇ္ဇာသု'တိ သဗ္ဗေသု အနဝဇ္ဇဓမ္မေသု ကုသလေသု ဓမ္မေသု ဗဟူပကာရော။ (ဒီ၊ ဋ၊ ၃။ ၂၃၉)

**အဓိပ္ပာယ်လိုရင်း။** ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ကို စောင့်ထိန်းခြင်း၊ စက္ခု စသော ဣန္ဒြေကိုစောင့်စည်းခြင်း၊ ဘောဇဉ် သုံးဆောင်ရာ၌ အတိုင်းအရှည်ကို သိခြင်း၊ နိုးကြားမှုကို အဖန်ဖန် အားထုတ်ပြုလုပ်ခြင်း၊ သဒ္ဓါ သီလ စတဲ့ သူတော်ကောင်းတရား ခုနစ်ပါး ရှိခြင်း၊ ဝိပဿနာဉာဏ် အမြင်မှန်ရှိခြင်း၊ ပဋိသမ္ဘိဒါလေးပါးကို သိမြင်ခြင်း၊ အရဲဌာနအားလျော်စွာ အကြောင်း ဟုတ်မဟုတ်ကို သိသောဉာဏ်ရှိခြင်း၊ ဈာန်သမာပတ်ကို သိမြင်ခြင်း၊ အရိယာတို့ရဲ့ ဉာဏ်အမြင် ဒုက္ခသစ္စာ စသည်ကို သိခြင်း၊ သတိပဋ္ဌာန် စတဲ့ ဗောဓိပက္ခိယတရား (၃၇)ပါးကို

www.burmeseclassic.com

www.burmeseclassic.com



သိမြင်ခြင်း စတဲ့ အထက်ပါ တရားတို့၌ မမေ့မလျော့တဲ့ သတိတရား အမြဲရှိထားရမယ်။

**သတိရှိထား အပ္ပမာဒတရား**

ဓမ္မေသု အရ မမေ့အပ်သည့်တရား၌ ကုသိုလ်တရားအားလုံး ပါဝင်လျက်ရှိရာ ဒါန၊ သီလ သာမက ရတနာသုံးပါးဂုဏ်ကို အာရုံပြုခြင်း၊ မေတ္တာပို့ခြင်း၊ သေခြင်းတရား အောက်မေ့ခြင်း၊ သတိပဋ္ဌာန်ဘာဝနာ ပွားများခြင်း စတဲ့ နှလုံးသွင်းရမည့်တရားများ လက်ကိုင်ထားရမှာ ဖြစ်ပါတယ်။

တရားဆိုတာ နောက်ဘဝအထိ ဆိုင်းငံ့နေသည် မဟုတ်ပါ၊ တရားကို ဆင်ခြင်သုံးသပ်နေတဲ့သူတို့မှာ ယခုဘဝမှာပင် စိတ်ချမ်းသာ ဖြစ်ရခြင်း၊ စိတ်ဓာတ်ခိုင်မာခြင်း၊ လောကဓံကို သည်းခံနိုင်ခြင်း၊ မိမိက အထူးကြိုးစား အားထုတ်လျှင် မဂ်ဖိုလ်အထိ ရနိုင်ခြင်း စသည်ဖြင့် တရားက စောင့်ရှောက်တတ်ပါတယ်။ ထို့ပြင် ဘာဝနာတစ်ခုခု လက်ကိုင်ပြု ပွားများသူတို့မှာ တရားနှင့်စပ်၍ အမှတ်အသားကောင်းလာခြင်း၊ အတွေးအခေါ် အယူအဆ မြင့်မားကြွယ်ဝလာခြင်း၊ အသိဉာဏ် ရင့်သန်လာခြင်း စတဲ့ အကျိုးတရား များစွာ ရရှိပါတယ်။

ဤလောက၌ ရဟန်းဖြစ်စေ၊ လူဖြစ်စေ မိမိတို့ပြုထိုက်သော ဝတ်တရားများကို မပြုမကျင့်ဘဲ ရှောင်လွှဲသွေဖည်၍ အမှုမဲ့အမှတ်မဲ့ နေခြင်းသည် ပမာဒ ဖြစ်ပါတယ်၊ ထိုပမာဒ ကင်းလွတ်စေလျက် ပြုသင့် ပြုထိုက်တဲ့ ဝတ်တို့ကို မချွတ်မယွင်းရအောင် ဆောင်ရွက်ခြင်းသည် **အပ္ပမာဒ** ဖြစ်ပါတယ်။

**အပ္ပမာဒ (၂)မျိုး**

(၁) **ရဟန်းတော်များ အပ္ပမာဒ။** ရဟန်းတော်များ ပြုသင့် ပြုထိုက်တဲ့ ဘုရားဝတ်တက်၊ ပရိတ်မေတ္တာရွတ်ပွား စာပြန်စာချ စသည် တို့ကိုလည်းကောင်း၊ ပွားများ အားထုတ်ရမည့် သမထဘာဝနာ ဝိပဿနာ

www.burmeseclassic.com

www.burmeseclassic.com



ဘာဝနာတို့ကို လည်းကောင်း သူ့အချိန်နှင့်သူ အံ့ဝင်ခွင်ကျ ပြုလုပ် အားထုတ်၍ နေခြင်းသည် အပ္ပမာဒ မင်္ဂလာ ဖြစ်ပါတယ်။

(၂) လူ့ အပ္ပမာဒ။ ဘုရားဝတ်တက်၊ ပရိတ်မေတ္တာ ရွတ်ဆို ပွားများ၊ ဒါန၊ သီလ စသည်တို့ကို ပြုလုပ်ပြီးလျှင် သမထဝိပဿနာတို့ကိုလည်း မိမိစွမ်းအားရှိသလောက် သူ့အချိန်နှင့်သူ မပျက်ရအောင် ပြုလုပ်အား ထုတ်ခြင်းသည် အပ္ပမာဒ မင်္ဂလာ ဖြစ်ပါတယ်။

**လောကီ အပ္ပမာဒ မင်္ဂလာ**

လောကရေးရာ စီးပွားရေးကိစ္စ အဝဝတို့ကို ဂရုမစိုက်ဘဲ ပေါ့ပေါ့တန်တန် စားရဝတ်ရရုံမျှလောက်ဖြင့်သာ ရောင့်ရဲကာနေတတ်တဲ့ အလေ့အထရှိတတ်ကြပါတယ်။ ဥစ္စာပစ္စည်း အနည်းငယ်မျှကြွယ်ဝ ချမ်းသာသောသူတို့သည် "ငါတို့မှာ ဤမျှလောက်ရှိက ငါတို့ တစ်သက် စားလို့ကုန်နိုင်ဖွယ်ရာ မရှိတော့ပြီ" ဟု နှလုံးသွင်းလျက် တိုးတက်သည်ထက် တိုးတက်အောင် ရှာကြံလိုတဲ့ စိတ်မရှိဘဲ သားသမီးများစားဖို့ရန် သင့်တော်စွာ ချန်ပြီး ဒါန စသော ကုသိုလ် ကောင်းမှုတို့ကိုသာ ပြုလုပ်ကာ နေတတ်တဲ့ အလေ့ရှိ၍ ကြီးပွားသည်ထက် ကြီးပွားချမ်းသာရန် ကြံစည် အားထုတ်ခြင်း မရှိဘဲ နေတတ်ကြပါတယ်။

သတီမတော သဒါ ဘဒ္ဒံ၊ သတိမာ သုခမေဓတိ။
သတီမတော သုဝေ သေယျော၊ ဝေရာ စ ပရိမုစ္စတိ။
(သံ၊ ၁။ ၂၁၀)

သတိမတော၊ မေလျော့ခြင်းမရှိ သတိနှင့်ပြည့်စုံသောသူအား။ သဒါ၊ အခါခပ်သိမ်း။ ဘဒ္ဒံ၊ ကောင်းမြတ်ချမ်းသာ မင်္ဂလာသည်။ဟောတိ၊ ဖြစ်၏။ သတိမာ၊ မေ့လျော့ခြင်းမရှိ သတိနှင့်ပြည့်စုံသော သူသည်။ သုခံ၊ ချမ်းချမ်းသာသာ။ ဧဓတိ၊ ကြီးပွားနိုင်၏။ သတိမတော၊ မေ့လျော့ခြင်းမရှိ သတိနှင့်ပြည့်စုံသောသူအား။ သုဝေ၊ နေ့ဆက် ရက်ဆက် နံနက် မိုးလင်းတိုင်း။ သေယျော၊ မြတ်သည်ထက်မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ဝေရာ စ၊ ရန်သူမျိုး ငါးပါးမှလည်း။ ပရိမုစ္စတိ၊ လွတ်မြောက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မမေ့မလျော့ သတိရှိနေတဲ့သူဟာ ကောင်းမြတ်ချမ်းသာ မင်္ဂလာကို ရရှိနေပါတယ်၊ အမြတ်မ်းမြင့်မြတ်သည်၏ အဖြစ်သို့ ရောက်ရှိပြီး ဘေးရန် အန္တရာယ်တို့မှလည်း ကင်းလွတ်နေရပါတယ်။

**အပ္ပမာဒမမ္ဗ** ဆိုတာ ကောင်းတဲ့အလုပ်ကို ပြုလုပ်ခြင်း၊ အဖန်ဖန် တိုးပွားစေခြင်း၊ အလုပ်ကောင်းနှင့် မကင်းစေခြင်း၊ သတိဆိုတဲ့ အပ္ပမာဒ မင်္ဂလာနှင့် ပြည့်စုံစေခြင်း တို့ဖြစ်ပါတယ်။

အပ္ပမာဒ ဆိုတဲ့ သတိနှင့် ပြည့်စုံတဲ့သူဟာ အလုပ်ကိစ္စ ဟူသမျှတို့၌ သူတစ်ပါးတို့ ချီးမွမ်းရ အတုယူရအောင် ကောင်းမွန်တဲ့ အလုပ်မျိုးကို ဖြစ်ပေါ်စေတတ်ပါတယ်၊ သူတကာထက် အလျှင်ပြီးစီးတဲ့ အလုပ်မျိုး ဖြစ်တတ်ပါတယ်။

ခိုင်မြဲသပ်ယပ်စေ့စပ်သေသပ်တဲ့ အလုပ်မျိုးကို ဖြစ်ပေါ်စေတတ် ပါတယ်၊ အကွက်စေ့စေ့ မြင်တတ်ပါတယ်၊ ဘေးရန်မှ ကင်းလွတ်ရပါ တယ်။ လူချစ် လူခင် ပေါများတယ်၊ လူအများတို့၏ အားထားယုံကြည်ခြင်းကို ခံယူရပါတယ်။

မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေတဲ့သူထက် မမေ့ မလျော့နေတဲ့သူဟာ အလုပ်အကိုင်ကောင်းမွန်ပြီး ကြီးပွားတိုးတက်ပါတယ်၊ မေ့မေ့လျော့လျော့နေတဲ့ ကျောင်းသားထက် မမေ့မလျော့တဲ့ ကျောင်းသားဟာ ထိပ်တန်းသို့ ရောက်ပြီး လူကြီးလူကောင်းတစ်ယောက်အဖြစ်သို့ ရောက်နိုင် ပါတယ်၊ မေ့မေ့လျော့လျော့နေတဲ့ ကုန်သည်ထက် မမေ့မလျော့တဲ့ ကုန်သည်ဟာ တိုးတက်ကြီးပွားပြီး အောင်မြင်တဲ့ ကုန်သည်ကြီးတစ်ဦး ဖြစ်နိုင်ပါတယ်။

ဥစ္စာပစ္စည်း အနည်းငယ်မျှ ကြွယ်ဝတဲ့သူတို့ဟာ "ငါတို့မှာ ဤမျှ လောက်ရှိက ငါတို့တစ်သက် စား၍မကုန်နိုင်၊ ပစ္စည်းဥစ္စာ အလွန်အမင်း ရှာမှီးစုဆောင်းထားသော်လည်း သေတဲ့အခါ ငါတို့ နောက်သို့ ဘာတစ်ခုမှ မပါ၊ အကုန်ထားပစ်ခဲ့ရမှာဖြစ်တယ်" ဆိုပြီး တိုးတက်ကြီးပွားရန် အလားအလာ အလွန်ကောင်းသော်လဲ အလွန့်အလွန်ကြီးပွားလိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှိကြတော့ဘဲ သာမန်ပဲ နေတတ်ကြ ပါတယ်၊ ကြီးပွားချမ်းသာခြင်းရဲ့ အကျိုးတရားများကို မေ့လျော့နေတဲ့(ပမာဒ) အကြောင်းတရားကြောင့် ဆုတ်ယုတ်ပျက်စီးသွားရတာ များစွာရှိပါတယ်၊ သတိပြုပါလေ။

**လောကုတ္တရာ အပ္ပမာဒ မင်္ဂလာ**

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။

သစ္စာ(၄)ပါး၊ လက္ခဏာရေး(၃)ပါး၊ ဗောဓိပက္ခိယ (၃၇)ပါးတို့ကို မမေ့မလျော့တာ အပ္ပမာဒမင်္ဂလာ။

(၁) **ဒုက္ခသစ္စာ**။ ဒုက္ခ- ဆင်းရဲသစ္စာ - အမှန်မြင်တယ်၊ ဒီလို ဆင်းရဲတဲ့ဒုက္ခဟာ အလိုလို ဖြစ်ပေါ်လာတာမဟုတ်ဘူး၊ တဏှာ ဥပါဒါန် စတဲ့ အကြောင်းတရားများကြောင့် ဖြစ်ပေါ်လာရတဲ့ ဒုက္ခလို့ အမှန်အတိုင်း မြင်သွားတာ အရိယာသိတဲ့ ဒုက္ခသစ္စာ ဖြစ်ပါတယ်။

(၂) **သမုဒယသစ္စာ**။ သမုဒယ- အကြောင်း၊ သစ္စာ- အမှန် မြင်တယ်။ ဒီတဏှာ ဥပါဒါန်စတဲ့ အကြောင်းတရား ရှိနေ ဖြစ်နေသေးလျှင် ခန္ဓာ အသစ် ထပ်ထပ်ဖြစ်ဦးမှာကို အမှန်အတိုင်း မြင်နေတာ အရိယာသိတဲ့ သမုဒယသစ္စာ ဖြစ်ပါတယ်။

(၃) **နိရောဓသစ္စာ**။ ရောဓ- နှောင်ဖွဲ့မှု- နိ- မရှိဘူး၊ နိရောဓ- ချုပ်ငြိမ်းတယ်၊ သစ္စာ-အမှန် မြင်တယ်။ တဏှာ ဥပါဒါန်စတဲ့ အကြောင်းတရားနှင့် နှောင်ဖွဲ့မှုမရှိတာ, ချုပ်ငြိမ်းတာကို အမှန်အတိုင်း မြင်လိုက်တာ အရိယာသိတဲ့ နိရောဓသစ္စာ ဖြစ်ပါတယ်။

(၄) **မဂ္ဂသစ္စာ**။ မဂ္ဂ- လမ်းမှန်၊ သစ္စာ- အမှန်မြင်တယ်။ဒုက္ခနှင့် သစ္စာတွဲပြီး အမှန်အတိုင်းမြင်တယ်၊ သမုဒယနှင့် သစ္စာတွဲပြီး အမှန်အတိုင်း မြင်တယ်။ နိရောဓနှင့် သစ္စာတွဲပြီး အမှန်အတိုင်း မြင်တယ်၊ ဒါဟာ အရိယာ သိတဲ့ မဂ္ဂသစ္စာဖြစ်ပါတယ်။ ဤကဲ့သို့ သစ္စာ(၄)ပါး အမြင်မှန်တရားကို သိမြင်နေတာ လောကုတ္တရ အပ္ပမာဒမင်္ဂလာ ဖြစ်ပါတယ်။

အနိစ္စံ ခယဋ္ဌေန၊ ကုန်ခမ်းနေတဲ့အတွက် အနိစ္စဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မြဲတဲ့သဘော တရားမရှိဘူး၊ မြဲတဲ့သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ် နေတယ်၊ ခိုင်ခံ့တဲ့ သဘောတရားမရှိဘူး၊ ခိုင်ခံ့တဲ့ သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ်နေတယ်၊ အမြဲတည်နိုင်တဲ့ သဘောတရားမရှိဘူး၊ အမြဲတည်နိုင်တဲ့ သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ်နေတယ်၊ ဒီသဘောများကို ဉာဏ်ဖြင့် မြင်နေတာ လောကုတ္တရာ အပ္ပမာဒမင်္ဂလာ ဖြစ်ပါတယ်။

သစ္စာလေးပါး အသိဉာဏ်ဖြင့် လက္ခဏာရေးသုံးပါး သိတဲ့ဉာဏ်ကို မမေ့မလျော့ သတိရနေတာ ဆင်ခြင်သုံးသပ်နေတာ ရှုမြင်နေတာ လောကုတ္တရာ အပ္ပမာဒမင်္ဂလာ ဖြစ်ပါတယ်။

မေ့လျော့နေတဲ့ ယောဂီပုဂ္ဂိုလ်ထက် မမေ့မလျော့တဲ့ ယောဂီပုဂ္ဂိုလ်ဟာ သက္ကာယဒိဋ္ဌိပြုတ်၍ နိဗ္ဗာန်ကို အရင်မျက်မှောက်ပြုသွား နိုင်ပါတယ်။

**မှတ်ချက်။** လောကီအပ္ပမာဒမင်္ဂလာ လက်ကိုင်ထားလျှင် လောကီမှာ ထိပ်တန်းရောက်ပြီး ကြီးပွားချမ်းသာမယ်။ လောကုတ္တရာ အပ္ပမာဒမင်္ဂလာ လက်ကိုင်ထားလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး အထွတ်အထိပ်ချမ်းသာခြင်းသို့ ရောက်သွားရမှာ အမှန် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၂၂) ဂါရဝေါ စ (ခုဒ္ဒကပါဌ၊ ၄)

### ဂါရဝ (၂) မျိုး

| (လောကီ) ဂါရဝ | ဂါရဝ (လောကုတ္တရာ) |
| --- | --- |
| ဘုရား၊ တရား၊ သံဃာ၊ | ပရိယတ္တိ |
| ဆရာ၊ ဥပဇ္ဈာယ်၊ အမိ၊ အဖ | ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ |
| အစ်ကိုကြီး၊ အစ်မကြီး | ပဋိပတ္တိ |
| အရွယ်၊ ဂုဏ်၊ ကြီးသူ | သီလ၊ သမာဓိ၊ ပညာ |
| တစ်ဦးနှင့်တစ်ဦး မိတ်ဆက် | ပဋိဝေဓ |
| တစ်ဦးကိုတစ်ဦး ရိုသေ | နိရောသေစ္စာ၊ အသခ်တ |
| လူ၊ နတ်၊ ဗြဟ္မာ၊ ချမ်းသာရ | မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ချမ်းသာရ |

ဂါရဝေါ စ၊ ရိုသေထိုက်သောသူတို့ကို ရိုသေရခြင်းသည် လည်းကောင်း။

ဂါရဝေါတိ ဂရုဘာဝေါ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၁)

ဂါရဝေါတိ၊ ဂါရဝေါဟူသည်ကား။ ဂရုဘာဝေါ၊ အလေး အမြတ်ပြုအပ်သော အဖြစ်တည်း။

**ဂါရဝဆိုတာ** ရိုသေလေးစားအပ်သူ၊ ရိုသေလေးစားထိုက်တဲ့ ဂုဏ်ရှိသူတို့ကို အလေးပြုတာ၊ အရိုအသေပေးတာ၊ လေးစားတာကို ဂါရဝ ဟု ခေါ်ဆိုပါတယ်။

ဂါရဝေါ နာမ ဂရုကာရပ္ပယောဂါရဟေသု ဗုဒ္ဓပစ္စေက ဗုဒ္ဓတထာဂတသာဝကအာစရိယုပဇ္ဈာယမာတာပိတုဇေဋ္ဌဘာတိက ဘဂိနီအာဒီသု ယထာနုရူပံ ဂရုကာရော ဂရုကရဏံ သဂါရဝတာ၊ သစာယံ ဂါရဝေါ ယသ္မာ သုဂတိဂမနာဒီနံ ဟေတု။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၁)

www.burmeseclassic.com

www.burmeseclassic.com



ဂရုကာရပ္ပယောဂါရ ပေသု၊ အလေးအမြတ်ခြင်းငှာ ထိုက်ကုန်သော။ ဗုဒ္ဓပစ္စေကဗုဒ္ဓတထာဂတသာဝက အာစရိယုပဇ္ဈာယ မာတာပိတုဇေဋ္ဌဘာတိက ဘဂိနီ အာဒီသု၊ ဘုရား ပစ္စေကဗုဒ္ဓါ ဘုရားရှင်၏ တပည့်သားသာဝက ဆရာ ဥပဇ္ဈာယ် အမိအဖ အစ်ကိုကြီး အစ်မကြီး အစရှိကုန်သောသူတို့နှင့်။ ယထာနုရူပံ၊ အကြင် အကြင် အလေးပြုအပ် လေးစားအပ်သည့်အားလျော်စွာ။ ဂရုကာရော၊ အလေးအမြတ်ပြုခြင်းသည်။ ဂရုကရဏံ၊ ရိုသေမြတ်နိုး ရှိခိုးပူဇော် လေးစားမှုကို ပြုခြင်းသည်။ သဂါရဝတာ၊ ရိုသေခြင်းရှိသည်၏ အဖြစ်သည်။ ဂါရဝေါ နာမ၊ ဂါရဝမည်၏။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားရှင်ရဲ့ တပည့်သား သာဝက သံဃာ၊ ဆရာ၊ ဥပဇ္ဈာယ်၊ အမိ၊ အဖ၊ အစ်ကိုကြီး၊ အစ်မကြီး စတဲ့ ရိုသေသင့်ရိုသေထိုက်တဲ့ သူတို့ကို လေးစားကြည်ညို ရိုသေခြင်းသည် ဂါရဝမင်္ဂလာမည်ပါတယ်။

**ရိုသေလေးစားခြင်း၏ အကျိုး**

ဂရုကာတဗ္ဗံ ဂရုံ ကရောတိ၊ မာနေတဗ္ဗံ မာနေတိ၊ ပူဇေတဗ္ဗံ ပူဇေတိ၊ သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။ နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ ယစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ ဥစ္စာကုလီနော ဟောတိ။

(မ၊ ၃။ ၂၄၈)

အရိုအသေပြုထိုက်တဲ့သူကို အရိုအသေပြုတယ်၊ မြတ်နိုးထိုက်တဲ့သူကို မြတ်နိုးတယ်၊ ပူဇော်ထိုက်တဲ့သူကို ပူဇော်တယ်၊ ဤကဲ့သို့ပြုလုပ်ခြင်း စတဲ့ ကောင်းမှုကုသိုလ်ကံကြောင့် သေသည်၏ အခြားမဲ့မှာနတ်ရွာသုဂတိသို့ ရောက်ရပါတယ်။ အကယ်၍ နတ်ရွာသုဂတိ မရောက်ဘဲသူ့အဖြစ်ကို ရခဲ့ပြန်လျှင် ဖြစ်လေရာ ဘဝတို့၌ မင်း ပုဏ္ဏား သူဌေး စတဲ့မြင့်မြတ်တဲ့အမျိုးတို့၌သာ ဖြစ်ကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**မရှိသေ မလေးစားခြင်း၏ အပြစ်**

ဂရုကာတဗ္ဗံ န ဂရုံ ကရောတိ၊ မာနေတဗ္ဗံ န မာနေတိ၊ ပူဇေတဗ္ဗံ န ပူဇေတိ၊ သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ သ စေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ နီစကုလီနော ဟောတိ။ (မ၊ ၃။ ၂၄၇)

အရိုအသေပြုထိုက်သူကို အရိုအသေမပြု၊ မြတ်နိုးထိုက်တဲ့ သူကို မြတ်နိုးခြင်းမပြု၊ ပူဇော်ထိုက်တဲ့သူကို ပူဇော်ခြင်းမပြု။ ဤကဲ့သို့သော မကောင်းမှု အကုသိုလ်ကံကြောင့် သေသည်၏ အခြားမဲ့၌ အပါယ်လေးဘုံသို့ ရောက်ရပါတယ်။ အကယ်၍ အပါယ်လေးဘုံ မရောက်ဘဲ လူအဖြစ်ကို ရခဲ့ပြန်လျှင် ဖြစ်လေရာရာဘဝတို့၌ သူတောင်းစား၊ စဏ္ဍာလ၊ ကျွန် စတဲ့ ယုတ်ညံ့အောက်တန်းကျတဲ့ ဘဝမျိုး၌သာ ဖြစ်ကြရပါတယ်။

**ရှိသေထိုက်သူကို ရှိသေက နိဗ္ဗာန်နှင့် နီးရ**

(၁) သတ္ထုဂရု ဓမ္မဂရု၊ သံဃေ စ တိဗ္ဗဂါရဝေါ။
သမာဓိဂရု အာတာပီ၊ သိက္ခာယ တိဗ္ဗဂါရဝေါ။

(၂) အပ္ပမာဒဂရု ဘိက္ခု၊ ပဋိသန္ထာရဂါရဝေါ။
အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ။

(အံ၊ ၂။ ၄၁၉)

(၁) ဘိက္ခု၊ လုံ့လဝီရိယရှိသော ရဟန်းသည်။ သတ္ထုဂရု၊ မြတ်စွာဘုရား၌ အလေးအမြတ်ပြုလျက် ရှိသေခြင်းရှိ၏။ ဓမ္မဂရု၊ တရားတော်၌ အလေးအမြတ်ပြုလျက် ရှိသေခြင်းရှိ၏။ သံဃေ စ၊ သံဃာတော်၌လည်း။ တိဗ္ဗဂါရဝေါ၊ ထက်သန်သော အလေးအမြတ်ပြုလျက် ရှိသေခြင်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သမာဓိဂရု၊ သမာဓိ၌ အလေးအမြတ်ပြုလျက် ရှိသေခြင်းရှိ၏။ သိက္ခာယ၊ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် တရားမြတ်၌။ တိဗ္ဗဂါရဝေါ၊ ထက်သန်သော အလေးအမြတ်ပြုလျက် ရှိသေခြင်းရှိ၏။

(၂) အပ္ပမာဒဂရု၊ မမေ့မလျော့ခြင်း၌ အလေးအမြတ်ပြုလျက် ရှိသေခြင်းရှိ၏။ ပဋိသန္ထာရ ဂါရဝေါ၊ စေ့စပ်မှုကိုပြုခြင်း၌ အလေးအမြတ်ပြုလျက် ရှိသေခြင်းရှိ၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ပရိဟာနာယ၊ ဆုတ်ယုတ်ခြင်းငှာ။ (ဝါ) သမထဝိပဿနာ မဂ်ဖိုလ်တရားတို့မှ ဆုတ်ယုတ်ခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။ နိဗ္ဗာနဿ၊ နိဗ္ဗာန် ၏။ သန္တိကေဝ၊ အနီး၌သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဂါရဝ (၁၀) ပါး (အံ၊ ၂။ ၄၁၉၊ ၄၂၀)

(၁) ဗုဒ္ဓဂါရဝ၊ ဘုရားရှင်အား ရှိသေလေးစား ကြည်ညိုခြင်း၊

(၂) ဓမ္မဂါရဝ၊ တရားတော်မြတ်အား ရှိသေလေးစား ကြည်ညို ခြင်း၊

(၃) သံဃဂါဝရ၊ သံဃာတော်မြတ်အား ရှိသေလေးစား ကြည်ညို ခြင်း၊

(၄) သိက္ခာဂါဝရ၊ သီလ သမာဓိ ပညာ သိက္ခာ သုံးရပ် အကျင့်မြတ်၌ ရှိသေလေးစား ကြည်ညိုခြင်း၊

(၅) သမာဓိဂါဝရ၊ တည်ကြည် ငြိမ်သက် ဖြောင့်မှန်မှု၌ ရှိသေ လေးစား ကြည်ညိုခြင်း၊

(၆) အပ္ပမာဒဂါဝရ၊ မမေ့မလျော့တဲ့ သတိတရား၌ ရှိသေလေးစား ကြည်ညိုခြင်း၊

(၇) ပဋိသန္ထာရဂါဝရ၊ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်း ဆက်ဆံရေး၌ ချောမော ပြေပြစ် စေ့စပ်ခြင်း၌ ရှိသေလေးစား ကြည်ညိုခြင်း၊

(၈) ဟိရိဂါဝရ၊ မကောင်းမှု အကုသိုလ်မှန်သမျှ ပြုလုပ်ရမည်ကို ရှက်ခြင်း၌ ရှိသေလေးစား ကြည်ညိုခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၉) ဩဝဒ္ဓပ္ပဂါ၀ရ၊ မကောင်းမှု အကုသိုလ်မှန်သမျှ ပြုလုပ်ရမည်ကို ကြောက်လန့်ခြင်း၌ ရိုသေလေးစား ကြည်ညိုခြင်း၊

(၁၀) အညမညဂါ၀ရ၊ အချင်းချင်း အတူနေ မိတ်ဆွေသင်္ဂဟတို့အား ရိုသေလေးစား ကြည်ညိုခြင်း။

မှတ်ချက်။ ကလျာဏမိတ္တတာကို အညမညဂါ၀ရဟု စံကျောင်းဆရာတော်ကြီး၏ မင်္ဂလာအဖွင့်အကျယ် လက်စွဲကျမ်း၌ သုံးနှုန်းထားသည်ကို တွေ့ရပါတယ်။ သဘောချင်း အတူတူပင် ဖြစ်တယ်။

## ပဋိသန္ထာရ (၂) မျိုး

ပဋိသန္ထာရဆိုတာ သာမဏေ သာမဏေချင်း၊ ရဟန်းတော် ရဟန်းတော်ချင်း၊ လူ လူချင်း၊ မင်း မင်းချင်း၊ တစ်ဦးနှင့် တစ်ဦး၊ တစ်ပြည်နှင့် တစ်ပြည်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ မေတ္တာမပျက် အဆက်ဆက် ခင်မင်ရင်းနှီး ချောမောပြေပြစ် ညီညွတ်သွားရန် အဆက်အစပ် ပြုလုပ်ခြင်းကို ပဋိသန္ထာရဟု ခေါ်ဆိုပါတယ်။

ဒွေ မေ ဘိက္ခဝေ ပဋိသန္ထာရာ။ ကတမေ ဒွေ၊ အာမိသပဋိ-သန္ထာရော စ ဓမ္မပဋိသန္ထာရော စ။ (အံ၊ ၁။၉၂)

(၁) အာမိသပဋိသန္ထာရ ပစ္စည်းဥစ္စာဖြင့် ဆက်စပ် ချောမော အဆင်ပြေအောင် ပြုလုပ်ခြင်းမျိုး။

(၂) ဓမ္မပဋိသန္ထာရ တရားစကားဖြင့် ပြေပြစ် ချောမော အဆင်ပြေအောင် ပြောဆိုခြင်း၊ သွန်သင် ဆုံးမ နည်းလမ်းပြပေးခြင်း၊ အကြံဉာဏ် ပေးခြင်း စတဲ့ ပြုလုပ်ခြင်းမျိုး။

## ဂါရဝမင်္ဂလာပြည့်စုံက လေးစားခြင်းခံရ

(၁) လိမ္မာယဉ်ကျေးပြီး အသိဉာဏ်နှင့် ပြည့်စုံတဲ့သူလို့ အများရဲ့ ချီးကျူးပြောဆိုခြင်းကို ခံရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ရိုသေလေးစားခြင်းကို ခံရတဲ့ ပုဂ္ဂိုလ်တို့၏ ချစ်ခင်မှု၊ ကြည်ညိုမှု၊ လေးစားမှုကို တုန့်ပြန် ရရှိပါတယ်။

(၃) သေပြီးတဲ့နောက် နတ်ရွာသုဂတိသို့ ရောက်ရှိရပါတယ်။

**ဂါရဝမင်္ဂလာမရှိက ကဲ့ရဲ့ခြင်းခံရ**

(၁) မိုက်မဲရိုင်းစိုင်းပြီး ယဉ်ကျေးမှုမရှိ၊ အသိဉာဏ်မရှိတဲ့သူလို့ အများရဲ့ ကဲ့ရဲ့ခြင်းကို ခံရပါတယ်။

(၂) ရိုသေလေးစား ကြည်ညိုထိုက်သူတို့ရဲ့ ချစ်ခင်ကြည်ညို လေးစားမှုကို မခံရဘူး၊

(၃) သေပြီးတဲ့နောက် အပါယ်လေးဘုံလို့ခေါ်တဲ့ အောက်တန်း သံသရာထဲ၌သာ အခါခါ ကျင်လည်ရပါတယ်။

**လောကီ ဂါရဝ မင်္ဂလာ**

ဘုရား တရား သံဃာ ရတနာသုံးပါး၊ ဘိုးဘွား မိဘတို့နှင့် ဇာတ်၊ ဂုဏ်၊ အသက်၊ သိက္ခာ ကြီးမားတဲ့ သူများဟာ ရိုသေထိုက်တဲ့သူများ ဖြစ်ပါတယ်။

(၁) **ရိုသေခြင်း** ရိုသေခြင်းဆိုတာ အလေးပြုမှု၊ မြတ်နိုးမှု၊ ယဉ်ကျေးစွာ ပြောဆိုမှု၊ သွားလာနေထိုင်မှု၊ ရှေ့သို့ ဦးခေါင်း ညွှတ်မှု၊ အထက်ပိုင်းကိုယ်ကို ကိုင်းရှိုင်းမှု၊ လက်အုပ်ချီမှု၊ ရှိခိုးမှု စတဲ့ အမူအရာတို့ကို ပြုခြင်းပင် ဖြစ်ပါတယ်။

(၂) **တွေ့ဆုံရာ ရိုသေပါ** ရိုသေထိုက်တဲ့သူနှင့် တွေ့ဆုံ လာလျှင် ဦးညွှတ်ခြင်း၊ လက်အုပ်ချီခြင်း၊ ရှိခိုးခြင်း၊ လမ်းရှောင်ပေးခြင်း၊ နေရာမှ ထပေးခြင်း၊ နေရာဖယ် ပေးခြင်း၊ နေရာခင်းပေးခြင်း စသည်တို့ကို ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။

(၃) **ပြောဆိုရာမှာ ရိုသေပါ** ရိုသေထိုက်တဲ့သူနှင့် ပြောဆိုတဲ့ အခါ မျက်နှာကို အောက်ချ၍ "ခင်ဗျား၊ ကျွန်တော်၊ ဖွားဖွားကြီး၊ မေမေကြီး၊ ဦးကြီး၊ ဘကြီး၊ အရှင်ဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်၊ မှန်ပါဘုရား၊ ဦးတင်ပါ ဘုရား” စသည်ဖြင့် ပုဂ္ဂိုလ်အလိုက် သင့်လျော်အောင် ပြောဆိုရပါတယ်။

(၄) **အပေးအယူမှာ ရိုသေပါ** ရိုသေထိုက်တဲ့သူဟို့နှင့် အပေးအယူ ပြုလုပ်တဲ့အခါ ခြေစုံရပ်လျက် ရှေ့သို့ အထက်ပိုင်းကိုယ်ကို ညွတ်ကိုင်းပြီးလျှင် (သို့မဟုတ်) ပုဆစ် ဒူးထောက်ပြီးလျှင် လက်နှစ်ဖက်ဖြင့် ပေးခြင်း ယူခြင်းတို့ကို ပြုလုပ်ရမှာဖြစ်ပါတယ်။

(၅) **အထွေထွေမှာ ရိုသေပါ** စကားကို တိုးတိုးပြောခြင်း၊ လက်ဆစ် ခြေဆစ်မချိုးခြင်း၊ မသမ်းမဝေခြင်း၊ ကျယ်လောင်စွာ မရယ်ခြင်း၊ ချောင်းမဆိုးခြင်း၊ သလိပ် မဟတ်ခြင်း၊ လက်ခြေ မလှုပ်ရှားခြင်း၊ လေမလည်ခြင်း၊ မလွှဲသာ မရှောင်သာလျှင် လွတ်ရာသို့ သွား၍ လေလည်ခြင်း၊ မခိုးမခန့် မပြောဆိုခြင်း စသည်တို့ ဖြစ်ပါတယ်။

အရေးစိုက်ခြင်းသည် ဂါရဝပင် မည်ပါတယ်။ စာအုပ်ကို ရိုသေပါ၊ ပန်းကန်ကို ရိုရိုသေသေကိုင်ပါ၊ မိမိအသုံးအဆောင် ပစ္စည်းဥစ္စာကို ရိုသေပါ စသည်ဖြင့် ပြောဆိုတဲ့ စကားမျိုးသည် အရေးစိုက်ခြင်းကို ပြနေတဲ့ စကားများ ဖြစ်ပါတယ်။ အရေးစိုက်ခြင်းသည် ကြီးပွားရေး တစ်ခုပင် ဖြစ်ပါတယ်။

လောက၌ သက်ရှိသက်မဲ့ဟူသမျှ အရေးစိုက်ခြင်းကိုသာ လိုလားကြပါတယ်၊ ပညာကို အရေးမစိုက်လျှင် ပညာသည် ထိုသူရဲ့အထံမှ ဖဲခွာသွားပါတယ်၊ ဥစ္စာကို အရေးမစိုက်လျှင် ဥစ္စာသည် ထိုသူရဲ့အနား မကပ်ရောက်တော့ပါ၊ မိတ်ဆွေကို အရေးမစိုက်လျှင် မိမိရဲ့အနားသို့ပင် မသီတော့ပါ၊ ‘ငါတို့ ဘယ်သူ့ကိုမှ အရေးစိုက်စရာ မလိုဘူး’ဟု ပြောလေ့ရှိကြပါတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးကို ဘယ်သူကမှ လာ၍ အရေးစိုက်တော့မည် မဟုတ်ပါ၊ အရေးစိုက်တဲ့ သူကိုသာလျှင် ပြန်၍ အရေးစိုက်ကြမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ကြီးပွားချမ်းသာလို မိမိနှင့် မကင်းနိုင်တဲ့ သက်ရှိ သက်မဲ့ မှန်သမျှ အရေးစိုက်ကြရမည်သာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဂါရဝမင်္ဂလာ မရှိကြတဲ့ ဆဗ္ဗဂ္ဂီရဟန်းများ

အခါတစ်ပါး မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ရဟန်းတော်ငါးရာ ခြံရံပြီး ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်ဘက်သို့ ကြွတော်မူရာ လမ်းခရီးအကြား ဝေသာလီမြို့သို့ ခေတ္တဝင်ရောက် သီတင်းသုံးတော်မူခဲ့ပါတယ်။

ဝေသာလီမြို့သို့ ရောက်တဲ့အခါ အရိုအသေကင်းမဲ့နေကြတဲ့ ဆဗ္ဗဂ္ဂီရဟန်းများဟာ ရှေ့ဆုံးမှ ကြွသွားနှင့်ကြပြီး နေရာကောင်းများ ယူလျက် ထိုင်နေကြပါတယ်။ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီး ကြွလာ တဲ့အခါ ထိုင်ဖို့ နေရာမရှိတော့လို့ သစ်ပင်ရင်းမှာ တစ်ညလုံး စင်္ကြံနကြွပြီး မျှတစွာ နေရတဲ့အဖြစ်ကို နံနက်မိုးသောက်တဲ့အခါ ဘုရားရှင် ကြွလာ တော်မူပြီး အကြောင်းစုံသိတော်မူပါတယ်။ အရိုအသေကင်းမဲ့ကြတဲ့ ဆဗ္ဗဂ္ဂီရဟန်းတို့ကြောင့် အရှင်သာရိပုတ္တရာအရှင်မြတ်ကြီး တစ်ညလုံး ဆင်းရဲဒုက္ခရောက်နေရပုံကို သိမြင်တော်မူလို့ ရဟန်းအပေါင်းတို့အား အစည်းအဝေးခေါ်စေတော်မူပြီး တိတ္တိရ ဇာတ်ကို ဟောတော်မူပါတယ်။

ရှေးအခါက ဟိမဝန္တာတောတွင် ပညောင်ပင်ကြီးတစ်ပင်ကို အမှီပြုပြီး ခါရယ်၊ မျောက်ရယ်၊ ဆင်ရယ်သုံးဦးသားတို့ မိတ်ဆွေ ဖွဲ့နေကြပါတယ်။ တစ်နေ့ကျတော့ သူတို့သုံးဦးဟာ "ကြီးတဲ့သူကို ငယ်တဲ့သူက ရိုသေကြစတမ်း"ဟု သဘောတူတိုင်ပင်ကြပြီး အသက်ကြီးတဲ့သူကို စစ်ဆေးကြည့်ကြပါတယ်။ ဆင်က "ငါဟာ ငယ်ငယ်တုန်းက ဒီညောင်ပင်ကြီးကို ငါ့ရဲ့ပေါင်ကြားထားပြီး နေခဲ့ဖူးတယ်"လို့ ပြောဆိုပါတယ်။ မျောက်ကလည်း "ငါငယ်စဉ်က မြေကြီးမှာထိုင်ပြီး ညောင်ရွက်တွေကို ခူးစားခဲ့ဖူးတယ်"လို့ ပြောဆိုပါတယ်။ နောက်ဆုံး ခါအလှည့်ရောက်တော့ "ငါငယ်စဉ်တုန်းက ဒီနေရာမှာ ညောင်ပင် မရှိသေးဘူး၊ အဝေး အရပ်မှာရှိတဲ့ ညောင်သီးကို စားမျိုပြီး ဒီနေရာမှာ မစင်စွန့်ထားလို့ ယခုလို ညောင်ပင်ကြီး ပေါက်လာရခြင်း ဖြစ်တယ်"လို့ ပြောဆိုတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ သုံးဦးထဲမှာ ခါဟာ အသက်အကြီးဆုံး ဖြစ်တယ်" လို့ သိသွားကြပြီး ဆင်နှင့် မျောက်တို့ဟာ ခါထက် အသက်ငယ်သူများ ဖြစ်ကြတဲ့အတွက် ခါ့ကို ရိုသေလေးစားမှု ပြုကြပါတယ်။ အသက် အကြီးဆုံးဖြစ်တဲ့ ခါဟာ ဆင်နှင့်မျောက် နှစ်ဦးကို အဆုံးအမ ဩဝါဒ ပေးလျက် ငါးပါးသီလ ကျင့်ဝတ်၌ တည်စေပါတယ်။ ဒီလိုနှင့် တစ်ဦးကို တစ်ဦး ရိုသေလေးစား နေလာကြပြီး သေလွန်ကြတဲ့အခါ သူတို့သုံးဦး လုံးဟာ နတ်ပြည်မှာ ဖြစ်ကြရပါတယ်။ (ဝိ၊ ၄။၃၀၉) (ဇာ၊ ၅၊ ၁။ ၂၃၃) တိတ္တိရဇာတ်

ယေ ဝုဍ္ဍမပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။

ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိ။

(ဝိ၊ ၄။၃၁၁) (ဇာ၊၅၊ ၁။ ၂၃၆)

ဓမ္မဿ၊ အသက်အရွယ် ဂုဏ်အားဖြင့် ကြီးသောသူတို့အား အရိုအသေပြုခြင်း တရား၌။ ကောဝိဒါ၊ လိမ္မာကျွမ်းကျင်ကုန်သော၊ ယေ နရာ၊ အကြင်သူတို့သည်။ ဝုဍ္ဍံ၊ ဂုဏ်ကျေးဇူး အရွယ်အားဖြင့် ကြီးရင့်သော သူကို။ အပစာယန္တိ၊ အရိုအသေပြုကာ ပူဇော်ကြကုန်၏။ တေ နရာ၊ ထိုသူတို့သည်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင်လျှင်။ (ဝါ) မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စက္ခအတ္တဘော၌ပင်လျှင်။ ပါသံသာ၊ ချီးမွမ်းခြင်းငှာ ထိုက်ကုန်၏။ သမ္ပရာယေ စ၊ တမလွန်ဘဝ၌ လည်း။ သုဂတိ၊ သုဂတိဘဝသို့ ရောက်ရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ရဟန်းရှင်လူ မည်သူမဆို တိရစ္ဆာန်များပါ အပါအဝင် ခန္ဓာငါးပါး ရရှိလာတဲ့ ပုဂ္ဂိုလ်မှန်သမျှ ငယ်ရွယ်သူတို့ဟာ မိမိထက် တစ်နေ့ တစ်ရက် တစ်မနက်မျှပင် အသက်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့် လည်းကောင်း ကြီးရင့်တဲ့ပုဂ္ဂိုလ်များကို ရိုသေလေးစား အရေးထားပြီး ပြုလုပ်ဆောင်ရွက် ကြရပါတယ်။ ထိုကဲ့သို့ ပြုလုပ်ဆောင်ရွက်ကြတဲ့ သူများဟာ ပညာရှိ သူတော်ကောင်းတို့ရဲ့ "တော်ပါပေစွ" ဟု ချီးမွမ်းစကား ပြောဆိုခြင်းကို ခံကြရပြီး သေလွန်တဲ့အခါ နတ်ပြည်သို့ ရောက်ရှိကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဤဇာတ်တော်ကို ပေါင်းတဲ့အခါ ဆင်က အရှင်မဟာမောဂ္ဂလ္လာန် လောင်း၊ မျောက်က အရှင်သာရိပုတ္တရာလောင်း၊ ခါပညာရှိက ဘုရား အလောင်းတော်ဖြစ်ကြောင်း မိန့်တော်မူပါတယ်။

**လောကုတ္တရာ ဂါရဝမင်္ဂလာ**

(၁) ပရိယတ္တိ ဂါရဝမင်္ဂလာ၊
(၁) ပဋိပတ္တိ ဂါရဝမင်္ဂလာ၊
(၁) ပဋိဝေဓ ဂါရဝမင်္ဂလာ။

(၁) **ပရိယတ္တိ ဂါရဝမင်္ဂလာ**။ ပရိယတ္တိကို ရိုသေလေးစား အလေးထားခြင်း ဖြစ်ပါတယ်။

**ပိဋကသုံးပုံကို သိက္ခာသုံးပါးဖြင့် ဝေဖန်ပုံ**

ဝိနယပိဋကေ ဝိသေသေန အဓိသီလသိက္ခာ ဝုတ္တာ။

(အဋ္ဌသာလိနီ၊ ၄။ ၂၂)

ဝိနည်းပိဋကတစ်ခုလုံးကို လိုရင်းချုပ်လျှင် အဓိသီလ သိက္ခာပင် ဖြစ်ပါတယ်။

ဝိနယပိဋကေ စ ဝီတိက္ကမပ္ပဟာနံ ကိလေသာနံ ဝီတိက္ကမ ပဋိပက္ခတ္တာ။ (အဋ္ဌသာလိနီ၊ ၄။ ၂၂)

ဝိနယပိဋကေ၊ ဝိနည်းပိဋကတ်၌။ ကိလေသာနံ၊ ကိလေသာ တို့၏။ ဝီတိက္ကမပ္ပဟာနံ၊ လွန်ကျူးမှုဖြစ်တဲ့ ကိလေသာ ပယ်ခြင်းကို။ ဝုတ္တာ၊ ဟောတော်မူအပ်ပြီ။

လောဘ ဒေါသ စတဲ့ ကိလေသာတို့ဖြင့် ကာယကံမှု မပြုမိအောင်၊ ဝစီကံမှု မပြောဆိုမိအောင်၊ မနောကံမှု မပြစ်မှားမိအောင် (၅)ပါး၊ (၈)ပါး၊ (၁၀)ပါး၊ (၂၂၇)သွယ်သော သီလတို့ကို ထိန်းသိမ်း စောင့်ရှောက်ခြင်းပင် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သီလံ နာမ ပဉ္စသီလ ဒသသီလာနိ၊ ပါတိမောက္ခသံဝရော အဓိသီလံ နာမ။ အပိစ နိဗ္ဗာနံ ပတ္ထယန္တေန သမာဒိန္နံ ပဉ္စသီလမ္ပိ ဒသသီလမ္ပိ အဓိသီလမေဝ။ သဗ္ဗံ ဝါ လောကိယံ သီလမေဝ၊ လောကုတ္တရံ အဓိသီလံ။
(ဒီ၊ဌ၊၃။၁၈၅) (အံ၊ဋီ၊၂။ ၁၈၆)

နိဗ္ဗာန်ကို တောင့်တရည်ရွယ်ပြီး (၅)ပါး၊ (၈)ပါး၊ (၁၀)ပါး သီလတို့ကို ထိန်းသိမ်းစောင့်ရှောက် လုံခြုံအောင် ဆောက်တည် ခြင်းသည် အဓိသီလ မည်ပါတယ်။ လောကုတ္တရာသီလ ဖြစ်ပါတယ်။ သာမန်ရိုးရိုး နိယာမအစဉ်အလာ ဆောက်တည်တဲ့ သီလမျိုး သည် လောကီသီလမျိုး ဖြစ်ပါတယ်။

ပဉ္စသီလံ သီလံ နာမ၊ တံ ဥပါဒါယ ဒသသီလံ အဓိသီလံ နာမ၊ တမ္ပိ ဥပါဒါယ စတုပါရိသုဒ္ဓိသီလံ အဓိသီလံ နာမ၊ အပိစသဗ္ဗမ္ပိ လောကိယသီလံ သီလံ နာမ၊ လောကုတ္တရာသီလံ အဓိသီလံ၊ တဒေဝ သိက္ခိတဗ္ဗတော သိက္ခာတိ ဝုစ္စတိ။ (အံ၊ ဌ၊ ၂ ။၂၁၄)

ငါးပါးသီလသည် သီလမည်ပါတယ်၊ ငါးပါးသီလကို အကြောင်း ပြုပြီး ဆယ်ပါးသီလကိုဆောက်တည်ခြင်းသည် အဓိသီလ မည်ပါတယ်၊ ဆယ်ပါးသီလကို အကြောင်းပြုပြီး စတုပါရိသုဒ္ဓိ သီလကို စောင့်ရှောက် ထိန်းသိမ်းခြင်းသည် အဓိသီလ မည်ပါတယ်။ လောကီ သီလအားလုံး သီလ မည်ပါတယ်။ လောကုတ္တရာသီလသည် အဓိသီလ မည်ပါတယ်။

တိုရှင်းလိုရင်းပြောရရင် ဝိတိက္ကမကိလေသာတို့ကို မလွန်ကျူး မိအောင် စောင့်ရှောက်ထိန်းသိမ်းရမည့် အဓိသီလသိက္ခာဟုခေါ် ဆိုသည့် ဝိနည်းပိဋကတ်တော်ကို ရိုသေလေးစား သင်ကြားပို့ချ လိုက်နာ ကျင့်ကြံ အားထုတ် အလုပ်လုပ်နေခြင်းသည် ဂါရဝ မင်္ဂလာအစစ် အမှန်တကယ် ဖြစ်ပါတယ်။

သုတ္တန္တပိဋကေ အဓိစိတ္တသိက္ခာ။ (အဋ္ဌသာလိနီ၊ဌ။၂၂)
သုတ္တန်ပိဋကတစ်ခုလုံးကို လိုရင်းချုပ်လျှင် အဓိသိက္ခာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သုတ္တန္တပိဋကေ ပရိယုဋ္ဌာနပ္ပဟာနံ ပရိယုဋ္ဌာနပဋိပက္ခတ္တာ သမာဓိဿ။ (အဋ္ဌသာလိနီ၊ဌ။ ၂၂)

သုတ္တန္တပိဋကေ၊ သုတ္တန်ပိဋကၥ်၌။ ကိလေသာနံ၊ ပရိယုဋ္ဌာန ကိလေသာတို့၏။ ပရိယုဋ္ဌာနပ္ပဟာနံ၊ စိတ်အစဉ်မှာ ထကြွသောင်းကြမ်းလျက်ဖြစ်ပေါ်လာတဲ့ ကိလေသာပယ်ခြင်းကို။ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။

အဓိစိတ္တန္တိ သမထဝိပဿနာစိတ္တံ။ (အံ၊ ဋ၊ ၂။၂၂၇)

အဓိစိတ္တဆိုတာ သမထဝိပဿနာစိတ်ကို ခေါ်ဆိုပါတယ်။

ဝိပဿနာပါဒကံ အဋ္ဌသမာပတ္တိစိတ္တံ ပန အဓိစိတ္တန္တိ ဝုစ္စတိ။ (ဝိ၊ ဋ၊ ၁။၂၀၉)

ဝိပဿနာ၏အခြေခံဖြစ်တဲ့ သမာပတ်စိတ်(၈)ပါးကို အဓိစိတ္တဟု ခေါ်ဆို ပြန်တယ်။

တတောပိစ မဂ္ဂဖလစိတ္တမေဝ အဓိစိတ္တံ။ (ဝိ၊ ဋ၊ ၁။၂၁၀) .

မဂ်စိတ်၊ ဖိုလ်စိတ်ကို အဓိစိတ္တဟု ခေါ်ဆိုပြန်ပါတယ်။

အရိယာ ဟိ အဓိစိတ္တပ္ပဝတ္တိကာလေပိ ဧကန္တေနေဝ နိဗ္ဗာနေ နိဗ္ဗာနပေါဏာပဗ္ဘာရဘာဝေနေ ဝိဟရန္တိ။ (ဥဒါန၊ ဋ။၁၇၂)

အရိယာပုဂ္ဂိုလ်တို့ အဓိစိတ္တ (ဝိပဿနာ-မဂ်-ဖိုလ်စိတ်) ဖြစ်နေတဲ့အခါ စင်စစ်ဧကန် အမှန်အားဖြင့် နိဗ္ဗာန်သို့ ညွတ်နေ ကိုင်းနေ ရှိုင်းနေခြင်းမျိုးကို အဓိစိတ္တဟု ခေါ်ဆိုပြန်တယ်။

အတိုချုံးပြောရလျှင် အကြောင်းတိုက်ဆိုင်က မနောစိတ်အစဉ်မှာ ဖြစ်ပေါ်လာတဲ့ ပရိယုဋ္ဌာနကိလေသာတို့ကို လွန်ကျူးမှု ဝီတိက္ကမအဖြစ်သို့ မရောက်အောင် သက်ဆိုင်ရာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဉာဏ်အမြင်မှန်ဖြင့် အထပ်ထပ်ဆင်ခြင်သုံးသပ်ပြီး အဓိစိတ္တသိက္ခာ ဟု ဆိုအပ်သည့် သုတ္တန်ပိဋကတော်ကို ရိုသေလေးစားစွာ သင်ကြား ပို့ချ လိုက်နာကျင့်ကြံ အားထုတ်အလုပ်လုပ်နေခြင်းသည်ပင် ဂါရဝ မင်္ဂလာအစစ် အမှန်တကယ် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဘိဓမ္မာပိဋ္ကေ အဓိပညာသိက္ခာ။ (အဋ္ဌသာလိနီ၊၄၅။ ၂၂)

အဘိဓမ္မာပိဋကက အားလုံးစုပေါင်းပြီး အတိုချုံးလိုရင်း ရှာလျှင် အဓိပညာသိက္ခာပင် ဖြစ်ပါတယ်။

အဘိဓမ္မပိဋကေ အနုသယပ္ပဟာနံ အနုသယပဋိပက္ခတ္တာ ပညာယ။ (အဋ္ဌသာလိနီ၊ ၄၅။ ၂၂) (ဝိ၊ ၄၊ ၁။၁၈)

အဘိဓမ္မပိဋကေ၊ အဘိဓမ္မပိဋကၥ်။ ကိလေသာနံ၊ အနုသယ ကိလေသာတို့၏။ အနုသယပ္ပဟာနံ၊ အစဉ်မပြတ်ကိန်းဝပ် လျက်ရှိသော အနုသယကိလေသာပယ်ခြင်းကို။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။

အနုသယကိလေသာဆိုတာ ဥပါဒ်၊ ဌီ၊ ဘင် အနေနဲ့ ထင်ရှား မရှိဘူး၊ မိမိခန္ဓာအစဉ်၌ အမြဲကိန်းဝပ်လျက်ပါရှိလာတဲ့ ကိလေသာဓာတ် အထူးပင် ဖြစ်ပါတယ်။ အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပေါ်လာ ခွင့် ရတဲ့အခါ မနောဝိညာဏ်စိတ်အစဉ်မှာ ပရိယုဋ္ဌာနကိလေသာ အဖြစ်သို့ ရောက်ရှိလာ ပါတယ်။

တေ စ သဗ္ဗသော အရိယမဂ္ဂပညာယ ပဟီယန္တီတိ အာဟ "အနုသယပဋိပက္ခတ္တာ ပညာယာ"တိ။ (သာရတ္ထ၊ ၃၊ ၁။၇၆)

အကြောင်းညီညွတ်က ဖြစ်ပေါ်လာနိုင်တဲ့ အနုသယ ကိလေသာကို အရိယာမဂ်ဉာဏ်ဖြင့်သာ ပယ်သတ်ရမှာ ဖြစ်ပါတယ်။

မဂ္ဂဖလပညာဝ အဓိပညာ။ (ဝိ၊ ၄၊၁။ ၂၀၉)

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သည် အဓိပညာသိက္ခာ ဖြစ်ပါတယ်။

တိလက္ခဏာကာရ ပရိစ္ဆေဒံ ပန ဝိပဿနာဉာဏံ "အဓိပညာ" တိ ဝုစ္စတိ။ (ဝိ၊ ၄၊ ၁။ဝ၉)

တိလက္ခဏာကာရပရိစ္ဆေဒံ၊ သုံးပါးသော လက္ခဏာ၏ အခြင်း အရာကို ပိုင်းခြားတတ်သော။ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်ကို။ အဓိပညာတိ၊ အဓိပညာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဉာဏ် အမြင်မှန်ဖြင့် ပိုင်းခြားဝေဖန် သုံးသပ်ဆင်ခြင်နေတဲ့ ဝိပဿနာဉာဏ်အမြင်မှန်ကို အဓိပညာဟု ခေါ်ဆိုရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**အတိုချုံး၍** လိုရင်းရှာလျှင် အကြောင်းညီညွတ်က မနောဝိညာဏ် စိတ်အစဉ်မှာ ပရိယုဋ္ဌာန ကိလေသာအဖြစ်သို့ ရောက်ရှိလာ နိုင်ပါတယ်။ အနုသယကိလေသာကို မဂ်ညာဏ်၊ ဖိုလ်ညာဏ်ဖြင့် အကြွင်းအကျန် မရှိအောင် ပယ်သတ်နိုင်တဲ့ အဓိပညာသိက္ခာ အဘိဓမ္မာပိဋကကို ရိုရိုသေသေ လေးလေးစားစား အရေးတယူ အလေးမူပြီး သင်ကြားပို့ချ ကျင့်ကြံအားထုတ် အလုပ်လုပ်နေခြင်းသည်ပင် ဂါရဝမင်္ဂလာ အစစ်အမှန် ဖြစ်ပါတယ်။

**ပဋိပတ္တိဂါရဝမင်္ဂလာ**

လက္ခဏာရေးသုံးတန် အမြင်မှန်ဖြင့်လည်းကောင်း၊ သစ္စာလေးတန် အမြင်မှန်ဖြင့်လည်းကောင်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည် အထိ ရိုရိုသေသေ၊ လေးလေးစားစား အားထုတ်အလုပ်လုပ်နေခြင်း သည် ဂါရဝမင်္ဂလာ ဖြစ်ပါတယ်။

**ပဋိဝေဓ ဂါရဝမင်္ဂလာ**

အသခ်ိတ ခေါ်တဲ့ (သို့မဟုတ်) နိရောဓသစ္စာ ခေါ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး နေနိုင်ခြင်းသည် ဂါရဝမင်္ဂလာ မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂၃) နိဝါတော စ (ခုဒ္ဒကပါဌ။၄)

**နိဝါတ (၂) မျိုး**

| (လောကီ) နိဝါတ | နိဝါတ (လောကုတ္တရာ) |
| --- | --- |
| သေယျမာန် | အသ္မိမာန (ယာထာဝမာန်) |
| သဒိသမာန် | အထက်မဂ် (၃)ပါး |
| ဟီနမာန် | အနိစ္စ၊ အနတ္တ |
| လောကီသုခဖြစ် | လောကုတ္တရာသုခဖြစ် |

နိဝါကောစ၊ နှိမ့်ချထိုက်သော သူတို့၌ မိမိကိုယ်ကို နှိမ့်ချရခြင်းသည် လည်းကောင်း။

**နိဝါတ**၊ နိ၊ နိမ့်ကျတဲ့သဘော။ ဝါတ၊ ဖြစ်ခြင်း။ နိမ့်ကျတဲ့ သဘောတရား ရှိနေရမယ်၊ ဘယ်လိုနိမ့်ကျတဲ့ သဘောတရား ရှိနေသလဲ၊ မိမိကိုယ်ကို နှိမ့်ချပေးရမယ်၊ မာန်မာနကို ချိုးနှိမ်ပေးရမယ်၊ ရှိသေတတ်ရမယ်။

နိဝါတကို နီစမနတာ နိဝါတ ဝုတ္တိတာ ဟု ခုဒ္ဒကပါဌ အဋ္ဌကထာဖွင့်ဆိုထားပါတယ်။ မိမိကိုယ်ကို နှိမ့်ချခြင်းသည် စိတ်ကို နှိမ့်ချပြီးမှ ဖြစ်နိုင်ပါတယ်၊ ထောင်လွှားတက်ကြွနေတဲ့ မာန်မာနရှိတဲ့ စိတ်ကို နှိမ်ထားခြင်းကိုပင် နီစမနတာ လို့ ဆိုတာပါ။ စိတ်ကို နှိမ်ချထားလျှင် ကိုယ်ရော နှုတ်ပါအားလုံးနှိမ်ချထားပြီးသား ဖြစ်နေ၍ နိဝါတဝုတ္တိတာ အဋ္ဌကထာ ပါဠိဖြင့် နှိမ်ချထားပြီးတဲ့ သူတို့ရဲ့ အဖြစ်ကို ပြဆိုထားတာ ဖြစ်ပါတယ်။

နိဝါတော နာမ နီစမနတာ နိဝါတဝုတ္တိတာ၊ ယာယ သမန္နာဂတော ပုဂ္ဂလော နီဟတမာနော နီဟတဒပ္ပေါ ပါဒပုဉ္ဆနကစောဠသဒိသော ဆိန္နဝိသာဏဥသဘသမော ဥဒ္ဓဋဒါဌသပ္ပသမော စ ဟုတွာ သဏှော သခိလော သုခသမ္ဘာသော ဟောတိ၊ အယံ နိဝါတော သွာယံ ယသာဒိဂုဏာပ္ပဋိလာဘဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။ (ခုဒ္ဒကပါ၊ ဌ။၁၂၅)

www.burmeseclassic.com

www.burmeseclassic.com



နှိမ့်ချသောစိတ်နှင့် နှိမ့်ချသော အကျင့်သည် နိဝါတမည် ပါတယ်၊ ထိုနိဝါတရှိတဲ့ ပုဂ္ဂိုလ်သည် ခြေသုတ်ပုဆိုး၊ ချိုကျိုးသော နွား၊ အစွယ်ကျိုးသော မြွေကဲ့သို့ မာန်မာနချလျက် စကားပြောဆိုတဲ့အခါ သာယာပြေပြစ် နားဝင်ချိုသာအောင် ပြောဆိုရမှာ ဖြစ်တယ်၊ ထိုနိဝါတ မင်္ဂလာရှိတဲ့ ပုဂ္ဂိုလ်မျိုးဟာ အခြေအရံ ပေါများခြင်း၊ ထင်ပေါ်ကျော်စောခြင်း စတဲ့ ဂုဏ်အားလုံးကို ရခြင်းရဲ့အကြောင်းဖြစ်လို့ မင်္ဂလာဟူ၍ ခေါ်ဆို ရပါတယ်။

## မာန=မာန် (၉)မျိုး

တိဝိဓေန မာနော "သေယျောဟမသ္မီ"တိ မာနော၊ "သဒိသောဟမသ္မီတိ" မာနော၊ "ဟီနောဟမသ္မီ" တိ မာနော။ (မဟာနိ။ ၆၁)

(၁) သေယျမာန်၊ ဂုဏ်၊ ဇာတ်၊ ပညာ၊ ပစ္စည်းဥစ္စာ၊ အဆင်း၊ ဆွေမျိုးသားချင်း၊ အခြွေအရံ စသည်တို့ဖြင့် မိမိက မြတ်သည်ဟု ထင်မှတ် ဈွဲလမ်းလျက် တက်ကြွနေတဲ့ မာန်မာနမျိုး၊

(၂) သဒိသမာန်၊ ထိုသို့ပြဆိုခဲ့ပြီးတဲ့ဂုဏ်၊ဇာတ်၊ ပညာ၊ ပစ္စည်း ဥစ္စာ စသည်အားဖြင့် "သူတို့နှင့် ငါ ဘာထူးသလဲ၊ သူတို့လို ငါ့မှာလဲ ပြည့်ပြည့်စုံစုံ ရှိနေတာပဲ"ဟု ထင်မှတ်လျက် တက်ကြွ ထောင်လွှားနေတဲ့ မာန်မာနမျိုး၊

(၃) ဟီနမာန်၊ "ငါကသူတို့လို ပစ္စည်းဥစ္စာ၊ ဂုဏ်၊ ပညာ စသည်တို့ မရှိလို့ အောက်တန်းကျနေသော်လဲ ဘာအရေးစိုက်ရမှာလဲ" ဟု ထောင်လွှားတက်ကြွနေတဲ့ မာန်မာနမျိုး၊

မှတ်ချက်။ သေယျ ပုဂ္ဂိုလ်၌ သေယျမာန်၊ သဒိမာန်၊ ဟီနမာန် (၃)မျိုး၊ သဒိသပုဂ္ဂိုလ်၌ သဒိသမာန်၊ သေယျမာန်၊ ဟီနမာန် (၃)မျိုး၊ ဟီနပုဂ္ဂိုလ်၌ ဟီနမာန်၊ သေယျမာန်၊ သဒိသမာန် (၃)မျိုး-ဤသို့ သုံးမျိုးသုံးလီဖြစ်၍ မာန် (၉)မျိုးဖြစ်ပါတယ်။ (ဝိဘင်း။၄၀၄)

www.burmeseclassic.com

www.burmeseclassic.com



သေယျပုဂ္ဂိုလ်၌ သေယျမာန်ဖြစ်ခြင်း၊ သဒိသပုဂ္ဂိုလ်၌ သဒိသ မာန်ဖြစ်ခြင်း။ ဟီနပုဂ္ဂိုလ်၌ ဟီနမာန်ဖြစ်ခြင်း၊ ဤ (၃)မျိုးသည် ယာထာဝမာန်=ဟုတ်မှန်တဲ့ အပေါ်၌မာန်မာနဖြစ်နေခြင်းမျိုး ဖြစ်ပါတယ်။ ကျန် (၆)မျိုးသည် အယာထာဝမာန်=မဟုတ်မမှန် မရှိတဲ့ အပေါ်၌ မာန်မာနဖြစ်နေခြင်းမျိုး ဖြစ်ပါတယ်။

**မှတ်ချက်။** ဤမာန်မာနတရားသည် အချို့သော သူတို့အား မိမိသန္တာန်တွင် ထင်ထင်ရှားရှား ရှိနေတဲ့ဂုဏ်ကို အစွဲပြု၍ ဖြစ်ပေါ်လာတတ်တဲ့ ယာထာဝမာန် ဖြစ်ပေါ်ပါတယ်။ အချို့သော သူတို့အား အနည်းငယ်မျှသော ဂုဏ်ကို အများကြီးရှိတယ်ထင်တဲ့ မာန်မာန၊ အချို့သော သူတို့အား အနည်းငယ်မျှ မရှိသော်လည်း အလကား သက်သက် အထင်ကြီးနေတဲ့ မာန် မာနမျိုး ဖြစ်ပါတယ်။ ဒီလိုမာန်မာနမျိုးကိုတော့ အယာထာဝမာန်ဟု ခေါ်ဆိုပါတယ်။

**မာန်မာနဖြစ်ခြင်း အကြောင်းများ**

(၁) အမျိုးအနွယ်ကြောင့်လဲ မာန်မာန ဖြစ်တတ်ပါတယ်။

(၂) ပစ္စည်းဥစ္စာ ရွှေ ငွေ ရတနာကြောင့်လဲ မာန်မာန ဖြစ်တတ်ပါတယ်။

(၃) အဆင်းလှခြင်း, အသံကောင်းခြင်း စသည်တို့ကြောင့်လဲ မာန်မာန ဖြစ်တတ်ပါတယ်။

(၄) အခြွေအရံ အကျော်အစော စသည်တို့ကြောင့်လဲ မာန်မာန ဖြစ်တတ်ပါတယ်။

(၅) ရာထူး၊ ဂုဏ်သိရ်ကြောင့်လဲ မာန်မာန ဖြစ်တတ်ပါတယ်။

(၆) ဗဟုသုတ ပြည့်စုံကြွယ်ဝခြင်းကြောင့်လဲ မာန်မာန ဖြစ်တတ်ပါတယ်။

(၇) သိပ္ပံပညာ ထူးထူးချွန်ချွန် တတ်ကျွမ်းနားလည်မှုကြောင့်လဲ မာန်မာန ဖြစ်တတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၈) လာဘ်လာဘ အလွန်ပေါများခြင်းကြောင့်လဲ မာန်မာန ဖြစ်တတ်ပါတယ်။

(၉) ကုသိုလ်ကောင်းမှု အစုစုကြောင့်လဲ မာန်မာန ဖြစ်တတ်ပါတယ်။

## ကုသိုလ်ကြောင့် မာန်မာန ဖြစ်တတ်ပုံ

မိမိပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုနှင့် ပတ်သက်ပြီး "ငါက ဘယ်နှစ်သိန်းကုန် လှူတာပဲ၊ သူတို့အလှူ ကြီးကျယ်တယ်ဆိုတာ ငါ့အလှူ ဘယ်မီမလဲ၊ ဘယ်ယှဉ်လို့ရလိမ့်မလဲ"တိုင်း၊ မြို့၊ ရွာ၊ ရပ်ကွက်အလိုက် စုပေါင်းလှူကြတဲ့အခါ "ငါက ဘယ်လောက်လှူလိုက်တာ၊ ငါ့လောက် လှူနိုင် တန်းနိုင်တဲ့သူ တစ်ယောက်မှ မရှိဘူး" စသည်ဖြင့် ဒါနအရာမှာ မာန်မာန ထောင်လွှားခြင်းမျိုးကို ဆိုလိုပါတယ်။

## မာနရှိက ပျက်စီးရ

ဇာတိတ္ထဒ္ဓေါ ဓနတ္ထဒ္ဓေါ၊ ဂေါတ္တတ္ထဒ္ဓေါ စ ယော နရော။
သဉာတိံ အတိမညေတိ၊ တံ ပရာဘဝတော မုခံ။
(သုတ္တနိပါတ။ ၂၉၆)၊ ပရာဘဝသုတ်

ယော နရော၊ အကြင်သူသည်။ ဇာတိတ္ထဒ္ဓေါ၊ ဇာတိအားဖြင့် ထောင်လွှားတက်ကြွ မာန်မူတတ်၏။ ဓနတ္ထဒ္ဓေါ၊ ပစ္စည်းဥစ္စာအားဖြင့် ထောင်လွှားတက်ကြွ မာန်မူတတ်၏။ ဂေါတ္တတ္ထဒ္ဓေါ၊ အမျိုးအနွယ် အားဖြင့် ထောင်လွှားတက်ကြွ မာန်မူတတ်၏။

သဉာတိံ၊ မိမိအမျိုးအဆွေကို။ အတိမညေတိ၊ မထီမဲ့မြင် ပြုလုပ်အောက်မေ့တတ်၏။ တံ၊ ထိုကဲ့သို့ ထောင်လွှားတက်ကြွ မာန်မူနေခြင်းသည်။ ပရာဘဝတော၊ လောကီ လောကုတ္တရာ နှစ်ဖြာအကျိုး မတိုးမပွား ပျက်ပြားဆုတ်ယုတ်ခြင်း၏။ မုခံ၊ အကြောင်းရင်းပါပေတည်း။

ထောင်လွှားတက်ကြွသူတို့ဟာ အပြောအဆို မောက်မာတတ်ပါတယ်၊ မိမိကိုယ်ကို ထောင်လွှားတက်ကြွ မာန်မာနကြီးပြီး သူတစ်ပါးကို

www.burmeseclassic.com

www.burmeseclassic.com



နှိမ့်ချတတ်ပါတယ်၊ အမျိုးပညာ ပစ္စည်းဥစ္စာစတဲ့ ဂုဏ်များဖြင့် သူတစ်ပါးကို မထီမဲ့မြင် ပြုလုပ်တတ်ပါတယ်၊ အရေးမစိုက်တဲ့ အမူအရာမျိုးဖြင့် ခပ်ထောင်ထောင် ခပ်ကြွားကြွား နေတတ်ပါတယ်၊ ထိုအမူအရာအားလုံးဟာ အများမုန်းစရာ စက်ဆုပ်စရာ ဖြစ်၍ အမင်္ဂလာများသာ ဖြစ်ပါတယ်၊ ထိုကဲ့သို့ ဖြစ်ခြင်းဟာ ပျက်စီးခြင်းရဲ့ အကြောင်းတရားများသာ ဖြစ်ပါတယ်။

**မာနတရား အမြဲထား၍ ပျက်စီးရပုံ**

(၁) သာကီဝင်မင်းမျိုးတို့သည် ကောသလမင်းကြီးရဲ့သား ဝိဋူဍဘမင်းသားကို "ကျွန်မရဲ့သား"ဟု ထောင်လွှားတက်ကြွ မာန်မာနဖြင့် ပြောဆိုမိကြသဖြင့် တစ်မျိုးလုံး တစ်ဆွေလုံး ပျက်စီးခြင်းသို့ ရောက်ကြရပါတယ်။ (ဓမ္မပဒ၊ ဋ၊၁။၂၁၄)

(၂) ပထဝီဇယမန္တန်ကို တတ်သဖြင့် ခြသေ့် သစ်ကျားမှစ၍ ရှိရှိသမျှ တောတိရစ္ဆာန်မှန်သမျှတို့၏ မင်းအဖြစ်ကိုရတဲ့ သဗ္ဗဒါဌ အမည်ရှိတဲ့ မြေခွေးသည် ဗာရာဏသီပြည့်ရှင် ဘုရင်မင်းကြီးအား စော်ကားမာန်မူတက်ကြွ ထောင်လွှားမိသဖြင့် ပျက်စီးခြင်းသို့ ရောက်ရပါတယ်။ (ဇာ၊ ဋ၊ ၂။၂၂၂)

(၃) ဒေဝဒတ်အလောင်း ဆင်ပြောင်ကြီးသည် နှံစုပ်ငှက်မငယ်လေးအား မထီလေးစား ထောင်လွှားတက်ကြွ မာန်မူမိသဖြင့် အသက်ဆုံးရှုံးခြင်းသို့ ရောက်ရပါတယ်။ (ဇာ၊ ဋ၊ ၃။၁၆၁)

**မာန်မာနနှိမ့်ချလျှင် အခြွေအရံပေါ်များ**

ပဏ္ဍိတော သီလသမ္ပန္နော၊ သဏှော စ ပဋိဘာနဝါ။
နိဝါတဝုတ္တိ အတ္ထဒ္ဓေါ၊ တာဒိသော လဘတေ ယသံ။
(ဒီ၊ ၃။၁၅၆) သိင်္ဂါလသုတ်

ယော နရော၊ အကြင်သူသည်။ ပဏ္ဍိတော၊ အကြောင်းအကျိုးနှစ်မျိုးကိုလည်း ခွဲခြားသတ်မှတ် သိမြင်တတ်၏။ သီလသမ္ပန္နော၊ သီလနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံ၏။ သဒ္ဓါ စ၊ သိမ်မွေ့ပြေပြစ်နူးညံ့သော စကား ရှိ၏။ ပဋိဘာနဝါ၊ အရာဌာနအားလျော်စွာ ကောင်းစွာ သိတတ်၏။ နိဝါတ ဝုတ္တိ၊ နှိမ့်ချလျက် အသက်မွေးခြင်းရှိ၏။ အတ္ထဒ္ဓေါ၊ ထောင်လွှား တက်ကြွ မာန်မာနမူခြင်းလည်း မရှိ။ တာဒိသော၊ ထိုကဲ့သို့ သဘောရှိသော် သူသည်။ ယသံ၊ အခြံအရံ အကျော်အစောကို။ လဘတေ၊ ရရှိနိုင်လေ၏။

ပညာရှိပုဂ္ဂိုလ်ဟာ အကြောင်းနှင့် အကျိုးကို ခွဲခြားဝေဖန်ပြီး "ဒီအမှုကိစ္စကိုပြုလုပ်က ဒီလို မကောင်းတဲ့ အကျိုးတရားတွေ ရရှိလာလိမ့်မယ်၊ ဒီအမှုကိစ္စကိုပြုလုပ်က ဒီလို ကောင်းတဲ့ အကျိုးတရားတွေ ရရှိလာလိမ့်မယ်"လို့ သိတဲ့ဉာဏ်အမြင် ရှိတယ်၊ သီလနှင့် ပြည့်စုံ သိမ်မွေ့နူးညံ့ ပြေပြစ်တဲ့ စကားမျိုးကိုလည်း ပြောဆိုတတ်တယ်။ သူ့နေရာနှင့်သူ အရာဌာန အားလျော်စွာ ပြုလုပ်ရမည့်ကိစ္စ၊ မပြုလုပ်ရမည့် ကိစ္စများကိုလည်း ခွဲခြားသိမြင်တယ်။ ထောင်လွှားတက်ကြွတဲ့ မာန်မာနလဲ မရှိဘူး၊ ဒီပုဂ္ဂိုလ်များဟာ အခြွေအရံ ပေါများပြီး ထင်ပေါ်ကျော်စောတဲ့ အကျိုးတရားများကိုပါ ရရှိနိုင်ကြောင်းကို သိင်္ဂါလသုတ်မှာ မြတ်စွာဘုရား ဟောတော်မူပါတယ်။

**မှတ်ချက်။** နိဝါတရှိတဲ့သူမှသာ ဂါရဝမင်္ဂလာ ဖြစ်နိုင်ပါတယ်၊ မာန်မာနဖြင့် ထောင်လွှားတက်ကြွနေပြီး နိဝါတမင်္ဂလာ မရှိတဲ့သူဟာ ဂါရဝပြုနိုင်မည် မဟုတ်၍ ဂါရဝမင်္ဂလာ မဖြစ်နိုင်ပါ။

**အသ္မိမာန** ဆိုတာ မိမိကိုယ်ကို အထင်ကြီးတဲ့ သဘောတရား ဖြစ်တယ်။ မဟာသီဝ မထေရ်ကြီးကို ဥပမာဆောင်၍ သိအပ်ပါတယ်။

မာဒိသဿ အရဟတ္တံ နာမ ကိံ ဒွိဟတီဟေနေဝ ပါပုဏိတ္ဝာ ပစ္စာဂမိဿာမိ။ (ဒီ၊ ဋ္ဌ၊ ၂။ ၃၂၀)

ငါကဲ့သို့သော စာတတ် ပေတတ် ပုဂ္ဂိုလ်မျိုးဟာ နှစ်ရက် သုံးရက် မျှလောက် တရားအားထုတ်လိုက်လျှင် မင်္ဂဖိုလ် ကိစ္စပြီးနိုင်ပါတယ် ဟု မိမိကိုယ်ကို အထင်ကြီးကာ တရားအားထုတ်နေစဉ် နှစ်ပေါင်း (၃၀) ကြာ သွားသော်လည်း ရဟန္တာမဖြစ်နိုင်သဖြင့် ဝမ်းနည်းကာ ငိုကြွေးခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**အနိစ္စမြင်မှ အသ္မိမာနချုပ်**

အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃါတာယ အနိစ္စ သညိနော အနတ္တသညာ သဏ္ဌာတိ၊ အနတ္တသညီ အသ္မိမာနသမုဂ္ဃါတံ ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။ (အံ၊ ၃။ ၁၆၂)

အသ္မိမာနသမုဂ္ဃါတာယ၊ ငါပဲဟု တက်ကြွနေတဲ့ မာန်မာနကို အကြွင်းမဲ့ပယ်သတ်ခြင်းငှါ။ အနိစ္စသညာ၊ အနိစ္စသညာကို။ (ဝါ) မြဲတဲ့ သဘောတရားမရှိဘူး၊ မြဲတဲ့သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ်နေတဲ့ သဘောတရား ဟု အမှန်မြင်တဲ့ အမှတ်သညာကို။ ဘာဝေတဗ္ဗာ၊ ပွားများ အားထုတ်အပ်၏။ အနိစ္စသညိနော၊ မြဲတဲ့သဘောတရား မရှိဘူး၊ မြဲတဲ့ သဘောတရားမှ ကုန်ခမ်းသုဉ်းဆိတ်နေတဲ့ သဘော တရားကို အမှန်မြင်တဲ့ အမှတ်သညာရှိသော သူအား။ အနတ္တသညာ၊ အနတ္တသညာသည်။ (ဝါ) အတ္တမှ သုဉ်းဆိတ်နေတဲ့ သဘောတရားဟု အမှန်မြင်တဲ့ အမှတ်သညာ သည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။

အနတ္တသညီ၊ အတ္တမှ သုဉ်းဆိတ်နေတဲ့သဘောတရားကို အမှန်မြင်တဲ့ အမှတ်သညာသည်။ အသ္မိ မာနသမုဂ္ဃါတံ၊ ငါပဲဟု တက်ကြွ နေတဲ့ အသ္မိမာနကို အကြွင်းမဲ့ပယ်ခြင်းသို့။ (ဝါ) မိမိကိုယ်ကို အထင် ကြီးတဲ့ အသ္မိမာနကို ပယ်သတ်ခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ထင်ထင် ယခုပစ္စုပ္ပန်ဘဝ၌ပင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ (ဝါ) အသခ်တဓါ် နိဗ္ဗာန်တော်မြတ်သို့။ ပါပုဏာတိ၊ ရောက်ရ၏။

**အသ္မိမာန** ဆိုတာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ် တို့သော်မှ အကြွင်းမဲ့ မပယ်နိုင်သေး၍ အနုကြောင်းတိုက်ဆိုင်လျှင် ဖြစ်ပေါ်လာတတ်ပါသေးတယ်။ မှန်ပါတယ်၊ ဂုဏ်ယူစရာဖြစ်တဲ့ အမှုကိစ္စ တစ်စုံတစ်ခုကို အစွဲပြုပြီး 'ငါပဲ'ဟု တက်ကြွ ဖြစ်ပေါ်လာတဲ့ မာန်မာနသည် ယာထာဝမာန် ဖြစ်ပါတယ်၊ အဆိုပါ အရိယာပုဂ္ဂိုလ်တို့သည် အတ္တဒိဋ္ဌိ စသည်တို့ကို အကြွင်းမဲ့ပယ်ပြီး ဖြစ်၍ အတ္တ၊ အတ္တနိယအနေဖြင့် စွဲလန်း

www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်မှုပင် မရှိသော်လည်း ဂုဏ်ယူစရာဖြစ်တဲ့ သိမှုမြင်မှု၊ ပြောဆိုမှု၊ ပြုလုပ်မှု တစ်စုံတစ်ခုကို အစွဲပြု၍ ထိုအသ္မိမာန တက်ကြွလျက် "ငါသိတယ်၊ ငါမြင်တယ်၊ ငါပြောဆိုနိုင်တယ်၊ ငါပြုလုပ်နိုင်တယ်" စသည်ဖြင့် ဆင်ခြင်မိ၊ ပြောဆိုမိ ပြုလုပ်မိတတ်ကြပါတယ်။

အရိယာပုဂ္ဂိုလ်တို့ရဲ့ သန္တာန်မှာဖြစ်တဲ့ ဤမာနကို သက္ကာယဒိဋ္ဌိနှင့် ဖြစ်ပုံအခြင်းအရာ တစိတ်တဒေသအားဖြင့် တူသောကြောင့် အသ္မိမာန ဟု ခေါ်ဆိုပါတယ်။ အထက်မဂ်တို့၌ ပါဝင်တဲ့ သမ္မာဒိဋ္ဌိက မိစ္ဆာဒိဋ္ဌိကို ပယ်သည်ဟု ဆိုရာ၌ အသ္မိမာနကိုပင် မိစ္ဆာဒိဋ္ဌိ ဟု ဆိုထားခြင်း ဖြစ်ပါတယ်။

ဤအသ္မိမာနကို အရဟတ္တမဂ်ဖြင့်သာလျှင် အကြွင်းမဲ့ပယ်နိုင်ပါတယ်၊ မြဲတဲ့သဘောတရားမရှိ မြဲတဲ့သဘောတရားမှ ကုန်ခန်း သုဉ်းဆိတ်နေတာကို ကောင်းစွာသိမြင်လျက် အတ္တမှ သုဉ်းဆိတ်နေတဲ့ အနတ္တကို သိမြင်နိုင်ပါတယ်၊ အနတ္တကို ကောင်းစွာ သိမြင်လျက် အထင်ကြီးလျက် ဖြစ်ပေါ်လာတတ်တဲ့ အသ္မိမာနကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်နိုင်ပါတယ်။ သို့ဖြစ်၍ ဤအသ္မိမာနကို ပယ်နိုင်ရေးအတွက် မြတ်စွာဘုရားရှင်က အနိစ္စသညာကို ပွားများအားထုတ် ဆင်ခြင် သုံးသပ်ဖို့ ဟောကြားတော်မူခဲ့တာ ဖြစ်ပါတယ်။

## အထက်မဂ်သုံးပါး ပယ်ရမည့်တရား ဒိဋ္ဌိအရာ၌ တည်ပုံ

ဥပရိမဂ္ဂတ္တယဝဇ္ဈော ဟိ ဧကော မာနော အတ္ထိ၊ သော ဒိဋ္ဌိဋ္ဌာနေ တိဋ္ဌတိ၊ သာ တံ မာနံ ပဇဟာတီတိ သမ္မာဒိဋ္ဌိ။ (အဋ္ဌသာလိနီ၊ဋ္ဌ။၂၈၃)

ဟိ၊ အကျယ်ကို ပြဆိုဦးအံ့။ ဥပရိမဂ္ဂတ္တယဝဇ္ဈော၊ အထက်မဂ် သုံးပါး အပေါင်းသည် ပယ်သတ်ထိုက်သော။ ဧကော၊ တစ်မျိုးသော။ မာနော၊ မာနသည်။ အတ္ထိ၊ရှိ၏။ သော၊ ထိုမာနသည်။ ဒိဋ္ဌိဋ္ဌာနေ၊ ဒိဋ္ဌိအရာ၌။ တိဋ္ဌတိ၊ တည်၏။ သာ၊ ထိုသမ္မာဒိဋ္ဌိသည်။ တံ မာနံ၊ ထိုမာနကို။ ပဇဟာတိ၊ ပယ်သတ်၏။ ဣတိ၊ ထို့ကြောင့်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိမည်၏။

www.burmeseclassic.com

www.burmeseclassic.com



သမ္မာဒိဋ္ဌိအရာမှာ တည်နေတဲ့ မာနသည် အသ္မိမာန ဖြစ်ပါတယ်၊ ထိုအသ္မိမာနကို သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်ဖြင့်သာ ပယ်ရ သတ်ရ ချုပ်အောင် လုပ်ရမှာ ဖြစ်ပါတယ်။

## လောကီ နိဝါတမင်္ဂလာ

နှိမ့်ချရမယ်ဆိုတာ ဘယ်လို နှိမ့်ချရမလဲ၊ ကိုယ်ကိုလဲ နှိမ်ချရမယ်၊ စိတ်ကိုလည်း နှိမ့်ချရမယ်၊ လက်မ မထောင်ရဘူး၊ ရဟန်း သံဃာများနှင့် ရှိသေလေးစားထိုက်တဲ့ သူများကိုတွေ့လျှင် ဒူးတုတ်ရမယ်၊ တင်ပလ္လင်ခွေ မထိုင်ရဘူး၊ စကားပြောလျှင် ခပ်မာမာ၊ ခပ်တင်းတင်း မပြောရဘူး၊ အောက်ကျို့ပြီး သိမ်မွေ့နူးညံ့ နားဝင်ချိုတဲ့ စကားကိုသာ ပြောဆိုရမယ်၊ ဒါကို နိဝါတ မင်္ဂလာလို့ ခေါ်ဆိုပါတယ်။

## မာန်မာန နှိမ်ချရာတွင် အတုယူစရာ ရှင်ရာဟုလာ

ရှင်ရာဟုလာ ဟာ သာကီဝင်မင်းမျိုးဖြစ်၍ စကြာမင်းဖြစ်နိုင်တဲ့ ဘုန်းကံပါရမီရှိတဲ့ ပုဂ္ဂိုလ်ထူး ဖြစ်ပါတယ်၊ ဘုရားသားတော်ဖြစ်၍ မာန်မာနထောင်မယ်ဆိုရင်လဲ သူတကာထက်ပို၍ မာန်မာန ထောင်နိုင်လောက်အောင် အဖက်ဖက်က အထက်တန်းကျနေသော်လဲ ရှင်ရာဟုလာရဲ့ မာန်မာနနှိမ့်ချပုံမှာ ဥဒါန်းတွင် ကျန်ရစ်ခဲ့ပါတယ်။

အချို့ရဟန်းတော်များက ရှင်ရာဟုလာကို စမ်းသပ်လို၍ ရှင်ရာဟုလာ အဝေးမှ လာနေတာကို မြင်လျှင် တံမြက်စီးနှင့် အမှိုက်တောင်းများကို အပြင်မှာ ပစ်ထားခဲ့ကြပါတယ်။ ရှင်ရာဟုလာ အနား ရောက်လာတဲ့အခါ "ဒါ ဘယ်သူပစ်ထားတာလဲ" ဟု အချို့ ရဟန်းများက မေးကြတဲ့အခါ "ဒီနားမှာ ရာဟုလာ သွားလာနေတာပဲ၊ ရာဟုလာများ ပစ်ထားခဲ့သလားမသိဘူး" ဟု ရဟန်းတစ်ပါးက ပြောဆိုပါတယ်။ ရှင်ရာဟုလာက "တပည့်တော် ထားတာ မဟုတ်ပါဘူး ဘုရား" ဟု စကား တစ်ခွန်းတစ်ပါဒမျှ ငြင်းဆန်ပြောဆိုခြင်း မပြုဘဲ ထိုတံမြက်စီးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အမှိုက်တောင်း စသည်ကို ကောင်းစွာသိမ်းဆည်းထားပြီး အနားမှာ ရှိနေတဲ့ ရဟန်းများကို တောင်းပန် ကန်တော့၍ သွားပါတယ်။

(ဝိ၊ ၃၊ ၃။ ၁၁)

ရှင်ရာဟုလာဟာ တရားကို ကြိုးစားအားထုတ်လျက်ရှိရာ ထိုတရားများကပင် သူ့ရဲ့မာန်မာနကို နှိမ်ချပေးလျက် ရှိပါတယ်၊ တရားကို မလေးစားတဲ့သူတို့အဖို့ မာနကို အပြစ်မမြင် အကောင်း ထင်လျက် မာန်မာနတက်ကြွနေသော်လည်း တရားကို လေးစားသူတို့မှာ မိမိတို့ရဲ့ မာန်မာနကိုပင် တမင်သက်သက် နိမ့်ကျအောင် ကြိုးစား နှိမ်ချရပါတယ်။

ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ် ဆိုတဲ့ သာကီဝင်မင်းသားများသည် ဥပါလိဆတ္တာသည်နှင့်အတူ ရဟန်းပြု ကြရန် ဘုရားထံရောက်ရှိလာကြပြီး ဘုရားရှင်အား လျှောက်ထားကြ သည်မှာ "မြတ်စွာဘုရား တပည့်တော်တို့ သာကီဝင်မင်းများဟာ မာန်မာန ကြီးကြပါတယ်၊ ဥပါလိဆတ္တာသည်ဟာ တပည့်တော်များ၏ အခိုင်းအစေ အဖြစ် ကာလရှည်ကြာ အမှုထမ်းလာခဲ့သူ ဖြစ်ပါတယ် ဘုရား၊ သို့ဖြစ်၍ သူ့ကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါဘုရား၊ သူ့ကို တပည့်တော်တို့ ရှိခိုးမှု၊ ကြိုဆိုမှု၊ လက်အုပ်ချီမှု၊ ရိုသေလေးစားမှုများ ပြုကြပါမည်ဘုရား၊ ဤနည်းဖြင့် တပည့်တော်တို့ သာကီဝင်များ၏ မာန်မာန ကျဆင်းလာပါ လိမ့်မည် ဘုရား" ဟု လျှောက်ထားချက်အရ ဥပါလိကို ရှေးဦးစွာ ရဟန်း ပြုပေးတော်မူပါတယ်။ (အံ၊ ၃၊ ၁။ ၂၄၁) (ထေရ၊ ၃၊ ၁။ ၄၆၃)

## လောကုတ္တရာ နိဝါတ မင်္ဂလာ

လောကုတ္တရာကျတော့ မိမိက သကဒါဂါမ်ဖြစ်နေရင် သကဒါ ဂါမ်စခမ်းကို မပြောဆိုပါနှင့်၊ အနာဂါမ်ဖြစ်နေရင် အနာဂါမ်စခန်းကို မပြောဆိုပါနှင့်၊ သောတာပန်စခန်းလောက် သောတာပန်ဖြစ်နိုင်တဲ့ လုပ်ငန်းစဉ်လောက်ကိုသာ နှိမ်ချပြီး ပြောဆိုရမှာ ဖြစ်ပါတယ်၊ ဒါကို လောကုတ္တရာ နိဝါတမင်္ဂလာလို့ ခေါ်ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**အရှင်သာရိပုတ္တရာရဲ့ အတုယူစရာ နိဝါတမင်္ဂလာ**

တစ်နေ့သောအခါ သင်္ကန်းဝတ်ရုံတာ မညီမညာဖြစ်နေတဲ့ အရှင်သာရိပုတ္တရာကို ခုနစ်နှစ်အရွယ် သာမဏေငယ်လေးက "အရှင်ဘုရား သင်္ကန်းဝတ်ရုံတာ မညီမညာဖြစ်နေပါတယ်ဘုရား" ဟု လျှောက်ထားတဲ့ အခါ အရှင်သာရိပုတ္တရာသည် ကိုရင်လေးက "ငါ့ကို ပြောရကောင်းလား" ဟု သဘောထားတော်မမူဘဲ တစ်နေရာကို သွားကာ သင်္ကန်းကို ညီညီညာညာ ပြင်ဝတ်ပြီးလျှင် ကိုရင်လေးထံ ပြန်လာပြီး "ဒီလောက်ဆိုလျှင် သင့်တော်ပါပြီလား ဘုရား" ဟု မိန့်တော်မူပြီးနောက် "ဝတ်ခါစဖြစ်သော ခုနစ်နှစ်အရွယ် သာမဏေငယ်လေးက ဆုံးမလာလျှင်ပင် ထိုအဆုံးအမကို ဦးခေါင်းထက်မှာ ရှိသေစွာ ထားပြီး လိုက်နာခံယူပါတယ်"ဟု ကျူးရင့်တော်မူပါတယ်။ တရားလေးစားသူတိုင်း အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီး၏ နှိမ်ချပုံ နိဝါတဂုဏ်ကို အာရုံပြုလျက် အားကျ အတုယူပြီး မိမိကိုယ်နှင့် စိတ်ကို နှိမ်ချလျက် နိဝါတမင်္ဂလာ ဖြစ်အောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ (သံ၊ ၄၊ ၁။ ၁၁၄)

## (၂၄) သန္တုဋ္ဌိ စ (ခုဒ္ဒကပါဌ။ ၄)

## သန္တုဋ္ဌိ (၂)မျိုး

| (လောကီ) သန္တုဋ္ဌိ | သန္တုဋ္ဌိ (လောကုတ္တရာ) |
|---|---|
| ×× | ×× |
| ရောင့်ရဲ၊ တင်းတိမ်၊ ကျေနပ်၊ | ရောင့်ရဲ၊ တင်းတိမ်၊ ကျေနပ် |
| ယထာလာဘသန္တောသ | သမထ၊ ဝိပဿန |
| ယထာဗလသန္တောသ | ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ |
| ယထာသာရုပ္ပ သန္တောသ | အနိစ္စ၊ ဒုက္ခ၊ အနတ္တ |
| ×× | ×× |
| ကိုယ်စိတ်နှစ်ပါး ချမ်းသာ | ကိုယ်စိတ်နှစ်ပါး ချမ်းသာ |

www.burmeseclassic.com

www.burmeseclassic.com



သန္တုဋ္ဌီစ၊ လောကသိုက်မြုံ ကာမဂုဏ်၌၊ အာရုံမပြီး၊ တရား မှီး၍ သိမ်းဆည်းခြိုးခြံ၊ ကံပေးသမျှ၊ ရတတ်သရွေ့၊ သူတော်လေ့ဖြင့်၊ ချမ်းမြေ့စမွာယ်၊ ရောင့်ရဲလွယ်ရခြင်းသည်လည်းကောင်း။

**သန္တုဋ္ဌီ၊** သံ၊ မိမိအတိတ်ကံပေးသမျှ ရရှိသောဥစ္စာဖြင့်။ တုဋ္ဌီ၊ တင်းတိမ် ကျေနပ် နှစ်သက်ခြင်း။

မိမိအတိတ်ကံပေးသမျှ စည်းစိမ်ဥစ္စာ ရကနာရွေ့ငွေဖြင့် အားရ တင်းတိမ် ကျေနပ်နေနိုင်ခြင်းကို သန္တုဋ္ဌီဟု ခေါ်ဆိုပါတယ်။ သန္တုဋ္ဌီ မင်္ဂလာဖြင့် မရောင့်ရဲနေသူတွေမှာ မကောင်းတဲ့ အဝတ်အစား စသည် တို့ကို ဝတ်ရုံသုံးဆောင်ရလျှင် စိတ်မချမ်းမသာ ဖြစ်ရပါတယ်။ ကောင်းနိုးရာရာများကို ဝယ်ယူသုံးစွဲနေရသဖြင့် ပစ္စည်းဥစ္စာများ တစ်နေ့ တခြား ဆုတ်ယုတ်ကုန်ခမ်းခြင်းသို့ ရောက်သွားနိုင်ပါတယ်။ စီးပွားဥစ္စာ ရှာဖွေရာ၌ သန္တုဋ္ဌီမင်္ဂလာမရှိလျှင် ပစ္စည်းဥစ္စာ မစုဆောင်းမိပါဘူး။ ထို့ကြောင့် သန္တုဋ္ဌီမင်္ဂလာသည် အလွန်အရေးပါ အရာရောက်ပါတယ်။

တရားအားထုတ်တဲ့ ယောဂီများမှာ သာ၍ လိုအပ်ပါတယ်။ သန္တုဋ္ဌီမင်္ဂလာရဲ့ဆန့်ကျင်ဘက်ဟာ အလွန်အလိုကြီးတဲ့ လောဘ ဖြစ်ပါ တယ်၊ တရားအားထုတ်ရာမှာ အလွန်ကြီးမားတဲ့ အနှောက်အယှက် အတားအဆီး ဖြစ်ပါတယ်။ ထို့ကြောင့် ဘုရားရှင်က မဟိစ္ဆတာ အလွန်အလိုကြီးတဲ့ လောဘကို ရှုတ်ချတော် မူပြီး သန္တုဋ္ဌီမင်္ဂလာကို လွန်စွာ ချီးမွမ်းတော်မူခဲ့တာ ဖြစ်ပါတယ်။

**သန္တုဋ္ဌိတာတိ** သန္တုဋ္ဌေ ပုဂ္ဂလေ သေဝန္တဿ ဘဇန္တဿပယိရုပါသန္တဿ ဥပ္ပန္နော အလောဘသဒ္ဒါတော သန္တောသော။ (အံ၊ ဋ္ဌ၊ ၁။၅၉)

သန္တုဋ္ဌိတာတိ၊ သန္တုဋ္ဌိတာဟူသည်ကား။ သန္တုဋ္ဌေ၊ ရောင့်ရဲကုန်သော။ ပုဂ္ဂလေ၊ ပုဂ္ဂိုလ်တို့ကို။ သေဝန္တဿ၊ မှီဝဲသော။ ဘဇန္တဿ၊ ချဉ်းကပ်သော။ ပယိရုပါသန္တဿ၊ ဆည်းကပ်သော။ (ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။) ဥပ္ပန္နော၊ ဖြစ်သော။ အလောဘသဒ္ဒါတော၊ အလောဘ ဟု ဆိုအပ်သော။ သန္တောသော၊ ရောင့်ရဲခြင်းပါပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



**သန္တုဋ္ဌိတာ** ရောင့်ရဲနိုင်တဲ့ ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်နေတဲ့ သူဟာ အလောဘဆိုတဲ့ ရောင့်ရဲခြင်းဖြင့် နေခြင်းမည်ပါတယ်။

**အသန္တုဋ္ဌိတာတိ** အသန္တုဋ္ဌေ ပုဂ္ဂလေ သေဝန္တဿ ဘဇန္တဿ ပယိရုပါသန္တဿ ဥပ္ပန္နော အသန္တောသ သင်္ခါတော လောဘော။

(အံ၊ ဋ္ဌ၊ ၁။ ၅၉)

အသန္တုဋ္ဌိတာတိ၊ အသန္တုဋ္ဌိတာ ဟူသည်ကား။ အသန္တုဋ္ဌေ၊ ရောင့်ရဲခြင်းမရှိကုန်သော။ ပုဂ္ဂလေ၊ ပုဂ္ဂိုလ်တို့ကို။ သေဝန္တဿ၊ မှီဝဲသော။ ဘဇန္တဿ၊ ချဉ်းကပ်သော။ ပယိရုပါသန္တဿ၊ ဆည်းကပ်သော။ (ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။) ဥပ္ပန္နော၊ ဖြစ်သော။ အသန္တောသသင်္ခါတော၊ ရောင့်ရဲမှု မရှိခြင်းဟု ဆိုအပ်သော။ လောဘော၊ လောဘပါပေတည်း။

အသန္တုဋ္ဌိတာ ဆိုတာ မရောင့်ရဲ မတင်းတိမ်နိုင်တဲ့ ပုဂ္ဂိုလ်ကို ဆိုလိုပါတယ်။ အသန္တောသဆိုတဲ့ ရောင့်ရဲတင်းတိမ်ခြင်း မရှိနိုင်အောင် အလွန်လောဘကြီးတဲ့သူ ဖြစ်ပါတယ်။

**သန္တောသ = ရောင့်ရဲခြင်း (၃)မျိုး**

(၁) **ယထာလာဘသန္တောသ။** ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ရရသမျှ ရှိရှိသမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်း ဖြစ်ပါတယ်။ပစ္စည်းဥစ္စာ ရတနာရွှေငွေစသည်တို့ကို မရ ရအောင် ပင်ပင်ပန်းပန်း မနားမနေ မရှာကြံဘဲ မိမိကံပေးသမျှ ရှာကြံလို့ရတဲ့ စည်းစိမ်ဥစ္စာဖြင့်သာ သင့်လျော်အောင် ဝတ်စားဆင်ယင် သုံးစွဲခြင်း ဖြစ်ပါတယ်။

(၂) **ယထာဗလသန္တောသ။** မိမိကိုယ်အား ဉာဏ်အား အလျောက်သာ သုံးစွဲ၍ ရောင့်ရဲတင်းတိမ်ခြင်း ဖြစ်ပါတယ်။ မိမိရဲ့ ကျန်းမာရေးကို ကြည့်ပြီး မသင့်လျော်တဲ့ အဝတ်အစားများကို ရှောင်ကြဉ်ပြီး သင့်လျော်တဲ့ အဝတ်အစားများကိုသာ စားသောက် ဝတ်ရုံ သုံးစွဲခြင်းပင် ဖြစ်ပါတယ်။

(၃) **ယထာသာရုပ္ပသန္တောသ။** အကောင်းအမွန်ကို သူတစ်ပါးအား ပေးကမ်းလှူဒါန်း၍ မိမိကမူ သူတစ်ပါးမနှစ်သက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကိုသာ သုံးစွဲပြီး ရောင့်ရဲတင်တိမ်းခြင်း ဖြစ်ပါတယ်။ ကောင်းနိုးရာရာပစ္စည်းများကို အမိ အဖ၊ ဆရာသမား၊ ရဟန်းသံဃာတို့အား လှူဒါန်းပြီး မိမိမှာမူ သူတစ်ပါးကဲ့ရဲ့လွတ်ရုံသာ စားသောက်သုံးစွဲခြင်း ဖြစ်ပါတယ်။

**စား ဝတ် နေရေး၌ ရောင့်ရဲ တင်းတိမ်ခြင်း**

(၁) စားသောက်ရေးအတွက် မိမိဖွမ်းအားရှိ သလောက် ရှာကြံလို့ ရရှိလာတဲ့ အစားအသောက်များကို ချင့်ချိန်၍ သင့်တော်လျောက်ပတ်ရုံသာ စားသောက်သုံးစွဲခြင်းဖြင့် ရောင့်ရဲတင်းတိမ်နိုင်ရပါမယ်။

(၂) ဝတ်ဆင်ရေးအတွက် မိမိစွမ်းအားရှိသလောက် ရှာကြံပြီး ရရှိလာတဲ့ အဝတ်အထည်များအပေါ်မှာ ချင့်ချိန်ပြီး မိမိနှင့် သင့်တော်လျောက်ပတ်တဲ့ အဝတ်အထည်များဖြင့်သာ ရောင့်ရဲတင်းတိမ်နိုင်ရပါမယ်။

(၃) နေထိုင်ရေးအတွက် မိမိအခြေအနေနှင့် ချင့်ချိန်ပြီး သင့်တော် လျောက်ပတ်ရုံမျှဖြင့်သာ ရောင့်ရဲတင်းတိမ်ပြီး နေထိုင်ရပါမယ်။

ဧဝံ ပဘေဒေါ သဗ္ဗောပေသော သန္တောသော သန္တုဋ္ဌီတိ ဝုစ္စတိ၊ သာ အတြိစ္ဆတာမဟိစ္ဆတာပါပိစ္ဆတာဒီနံ ပါပဓမ္မာနံ ပဟာနာဝမိ ဂမဟေတုတော သုဂတိဟေတုတော အရိယမဂ္ဂသမ္ဘာရဘာဝတော စာတုဒ္ဒိသာဒိဘာဝဟေတုတော စ မင်္ဂလန္တိ ဝေဒိတဗ္ဗာ။

(ခုဒ္ဒကပါဌ၊ ဌ။၁၂၃)

ဧဝံ ပဘေဒေါ၊ ဤသို့အပြားရှိသော။ သဗ္ဗောပိ၊ အလုံးစုံလည်း ဖြစ်သော။ ဧသော သန္တောသော၊ ဤသန္တောသကို။ (ဝါ) ဤရောင့်ရဲခြင်းကို။ သန္တုဋ္ဌီတိ၊ သန္တုဋ္ဌီဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သာ၊ ထိုသန္တုဋ္ဌီကို။ (ဝါ) ထိုရောင့်ရဲခြင်းကို။ အတြိစ္ဆတာမဟိစ္ဆတာပါပိစ္ဆတာဒီနံ၊ မိမိ၏လာဘ်ကို လွန်၍ အလိုရှိသည်၏ အဖြစ်,များစွာ အလိုရှိသည်၏အဖြစ်, ယုတ်မာသော အလိုရှိသည်၏အဖြစ် အစရှိကုန်သော။ ပါပဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာဒိဂ မဟေတုတော၊ ပယ်ဖျောက်ခြင်းကို ရခြင်း၏အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် လည်းကောင်း။ သုဂတိဟေတုတော၊ သုဂတိ၏ အကြောင်း ဖြစ်သောကြောင့် လည်းကောင်း။ အရိယမဂ္ဂသမ္ဘာရဘာဝတော၊ အရိယာမဂ်၏ အဆောက်အအုံ ဖြစ်သောကြောင့် လည်းကောင်း။ စတုဒ္ဒိသာဒိဘာဝဟေတုတော စ၊ အရပ်လေးမျက်နှာ၌ရှိသော ရဟန်း သံဃာ အစရှိသည်တို့၏ အဖြစ်ဟူသော အကြောင်းဖြစ်သောကြောင့် လည်းကောင်း။ မင်္ဂလန္တိ၊ မင်္ဂလာဟူ၏။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

အတိုချုံး၍ လိုရင်းရှာလျှင် သန္တုဋ္ဌိမင်္ဂလာသည် ဆန့်ကျင်ဘက် ဖြစ်တဲ့ အတြိစ္ဆတာ ပါပိစ္ဆတာစတဲ့ အကုသိုလ် တရားတို့ကို ပယ်သတ်ခြင်းရဲ့ အကြောင်း၊ နတ်ရွာသုဂတိသို့ ရောက်ခြင်းရဲ့ အကြောင်း၊ အရိယာမဂ်ဉာဏ်ကို ရခြင်းရဲ့ အကြောင်းဖြစ်လို့ မင်္ဂလာ ဟူ၍ ခေါ်ဆိုအပ်ပါတယ်။

**အတြိစ္ဆတာ၊ မဟိစ္ဆတာ၊ ပါပိစ္ဆတာ(၃)ပါး၏ အဓိပ္ပာယ်**

(၁) သကလာဘေ အတိတ္တဿ ပရလာဘေ ပတ္ထနာ အတြိစ္ဆတာ နာမ။ (အံ၊ဋ္ဌ၊၁၊၅၇)

သသလာဘေ၊ မိမိရအပ်သော လာဘ်လာဘ၌။ အတိတ္တဿ၊ မရောင့်ရဲနိုင်သောသူ၏။ ပရလာဘေ၊ သူတစ်ပါးရအပ်သော လာဘ်လာဘ၌။ ပတ္ထနာ၊ တောင့်တခြင်းသည်။ အတြိစ္ဆတာ နာမ၊ အတြိစ္ဆတာ မည်၏။ (ဝါ) ထိုထိုသို့သော ပစ္စည်းဥစ္စာ၌ အလိုရှိအပ်သည်၏ အဖြစ် မည်၏။

မိမိရအပ်တဲ့ ပစ္စည်းဥစ္စာကို ကောင်းတယ်မထင်၊ သူတစ်ပါးရတဲ့ ပစ္စည်းဥစ္စာကိုမှ ကောင်းတယ်ဟု ထင်တတ်တဲ့ သဘောကို အတြိစ္ဆတာ ဟု ခေါ်ဆိုပါတယ်။ အလိုနည်း၍ ရသမျှနှင့် ရောင့်ရဲ တင်းတိမ်နိုင်တဲ့ သန္တုဋ္ဌိမင်္ဂလာနှင့် ပြည့်စုံတဲ့သူတို့မှာ မည်သည့်အခါမှ ပစ္စည်းဥစ္စာ လျော့သွားခြင်း မရှိဘဲ အမြဲတမ်းပြည့်လျက်သာ ရှိနေပါတယ်။ ရသမျှဖြင့် ရောင့်ရဲ တင်းတိမ်လျှင် မိမိခန္ဓာကိုယ်ကို မွေးမြူရလွယ်ကူ၍ ရဟန်းရှင်လူ ခပ်သိမ်းသောသူတို့၏ ကြည်ဖြူနှစ်သက်ခြင်းကို ခံရပါတယ်။ မိမိမှာရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အခါမှ ဆင်းရဲငြိုငြင်ခြင်း မရှိသဖြင့် လွန်စွာ ချမ်းသာသုခကို ရရှိခံစား ရပါတယ်။

(၂) မဟိစ္ဆတာတိ မဟာလောဘော။ သန္တဂုဏသမ္ဘာဝနတာ ပန ပဋိဂ္ဂဟာဏေ စ အမတ္တညုတာ မဟိစ္ဆတာ နာမ။ (အံ၊ဋ္ဌ၊ ၁။၅၇)

မဟိစ္ဆတာတိ၊ မဟိစ္ဆတာဟူသည်ကား။ မဟာလောဘော၊ အားကြီးတဲ့ လောဘပါပေတည်း။ သန္တဂုဏသမ္ဘာဝနတာ၊ ထင်ရှားရှိသောဂုဏ်ကို ပြတတ်သည်၏ အဖြစ်သည်လည်းကောင်း။ ပဋိဂ္ဂဟာဏေ၊ ခံယူခြင်း၌။ အမတ္တညုတာ၊ အတိုင်းအရှည်ကို မသိသည်၏ အဖြစ် သည်လည်းကောင်း။ မဟိစ္ဆတာ နာမ၊ မဟိစ္ဆတာ မည်၏။ (ဝါ) အားကြီးသော အလိုရှိသည်၏အဖြစ် မည်၏။

မိမိမှာ အနည်းငယ်မျှသာရှိတဲ့ သီလ၊ သမာဓိ၊ ပညာ ဗဟုသုတ ဂုဏ် စသည်တို့ကို ရှိသည်ထက် ပိုမိုများစွာ ရှိသည်ဟု အခြားသူများက ထင်လာအောင် ဟန်ဆောင်ခြင်းကို မဟိစ္ဆတာဟု ခေါ်ဆိုပါတယ်။ ထိုမဟိစ္ဆတာနှင့် ပြည့်စုံတဲ့သူဟာ မိမိရသမျှ ပစ္စည်း ဥစ္စာဖြင့် မရောင့်ရဲ၊ အားမရ၊ မတင်းတိမ်၊ မကျေနပ်နိုင်ဘဲ အရနည်းတယ် ဟုပင် အမြဲတမ်း ထင်မှတ်နေပါတယ်။

အလိုကြီးတဲ့သူဟာ မိမိခန္ဓာကိုယ်ကိုသော်မျှ မွေးမြူဖို့ လုပ်ကျွေးဖို့ အလွန်ခက်ပါတယ်။ အချိုရပြန်တော့ အချဉ်လိုချင်၊ အချဉ်ရပြန်တော့ အချိုလိုချင် စသည်ဖြင့် ရရသမျှဖြင့် မရောင့်ရဲ မတင်းတိမ်နိုင်ဘဲ အမြဲတမ်း လိုအပ်လျက် တောင့်တမှု ရှိနေတတ်ပါတယ်။

အဂ္ဂိက္ခန္ဓော သမုဒ္ဒေါ စ၊ မဟိစ္ဆောစာပိ ပုဂ္ဂလော။
သကဋေန ပစ္စယေ ဒေန္တာ၊ တယောပေတေ အတပ္ပယာ။
(အံ၊ဋ္ဌ၊၁။၅၇) (အဘိ၊ဋ္ဌ။၄၅၅) (မ၊ဋ္ဌ၊၂။၄၅)

အဂ္ဂိက္ခန္ဓော၊ အလျံတပြောင်ပြောင် တောက်လောင်၍ နေသော မီးပုံကြီးသည်လည်းကောင်း။ သမုဒ္ဒေါ စ၊ မဟာသမုဒ္ဒရာကြီး လည်းကောင်း။ မဟိစ္ဆော ပုဂ္ဂလောစာပိ၊ အလွန်အလိုကြီးသော ပုဂ္ဂိုလ်သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း။ ဧတေ တယော၊ ထိုသုံးမျိုးတို့သည်။ သကမ္မေန၊ လှည်းဖြင့်။ ပစ္စယေ၊ မိုးလုံးပြည့်နီးပါးမျှ များပြားလှသော ပစ္စည်း ဥစ္စာတို့ကို။ ဒေန္တာပိ၊ ပေးအပ် ကုန်ပါသော်လည်း။ အတပ္ပယဟာ၊ မရောင့်ရဲ မတင်းတိမ်နိုင်ကုန်။

မီးပုံကြီးထဲကို ထင်းတွေထည့်ချင်သလောက်ထည့်ပေးပေမဲ့လည်း မလောင်ဘူးဆိုတာ မရှိဘူး၊ အကုန်လောင်ကျွမ်းသွားတာပဲ။ မလောင်တော့ဘူး၊ တော်ပြီဆိုတာ မရှိဘူး။ သမုဒ္ဒရာထဲ မြစ်ကြီးငါးသွယ် မြစ်ငယ် ငါးရာက ရေတွေ စီးဝင်ချင်သလောက် စီးဝင်နေသော်လည်း ပြည့်တယ်၊ လျှံသွားတယ်လို့ မရှိဘူး။ အလိုဆန္ဒအားကြီးတဲ့ သူဟာလဲ ပစ္စည်းဥစ္စာတွေ လှည်းအစီး တစ်ရာ နှစ်ရာ တိုက်ပေးချင်သလောက် တိုက်ပေး၊ တော်ပြီ မယူတော့ ဘူး၊ မလိုချင်တော့ဘူးလို့ မရှိဘူး၊ ရသလောက်ကို လိုချင်နေပါတယ်။

(၃) အသန္တဂုဏသမ္ဘာဝနတာ ပန ပဋိဂ္ဂဏှဏေ စ အမတ္တညုတာ ပါပိစ္ဆတာ နာမ။ (အံ၊ဋ္ဌ၊၁။၅၇)

အသန္တဂုဏသမ္ဘာဝနတာ၊ ထင်ရှားမရှိသောဂုဏ်ကို ပြတတ်သည်၏ အဖြစ်သည်လည်းကောင်း။ ပဋိဂ္ဂဟဏေ၊ ပစ္စည်းကို ခံယူခြင်း၌။ အမတ္တညုတာစ၊ အတိုင်းအရှည်ကို မသိသည်၏အဖြစ်သည်လည်းကောင်း။ ပါပိစ္ဆတာ နာမ၊ ပါပိစ္ဆတာမည်၏။ (ဝါ) ယုတ်မာသော အလိုရှိသည်၏ အဖြစ် မည်၏။

မိမိ၌ သဒ္ဓါ၊ သီလ၊ အကြားအမြင် ပညာဗဟုသုတ အနည်းငယ်မျှ မရှိဘဲလျက် သဒ္ဓါ၊ သီလ၊ အကြားအမြင်၊ ပညာဗဟုသုတ ရှိတယ်ဟု အများက ထင်လာအောင် ဟန်ဆောင်ခြင်းသည် ပါပိစ္ဆတာ ဖြစ်ပါတယ်။

သန္တုဋ္ဌီ ပရမံ ဓနံ (ဓမ္မပဒ။၄၃)

အမြတ်ဆုံးဥစ္စာသည် ရောင့်ရဲ တင်းတိမ် ကျေနပ်ခြင်းပင်တည်းဟု ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။

ယံလဒ္ဓံ တေန တုဋ္ဌဗ္ဗံ၊ အတိလောဘော ဟိ ပါပကော။

(ဇာတက။ ၃၂) သုဝဏ္ဏဟံသဇာတ်

www.burmeseclassic.com

www.burmeseclassic.com



ယံ၊ အကြင်ဝတ္ထုကို။ လဒ္ဓါ၊ ရအပ်၏။ တေန၊ ထိုရသမျှသော ဝတ္ထုဖြင့်။ တုဋ္ဌော၊ ရောင့်ရဲအပ်၏။ ဟိ၊ ထိုစကားသင့်စွ။ အတိ လောဘော၊ အလွန်လောဘကြီးခြင်းသည်။ ပါပကော၊ ယုတ်မာ၏။

ရရသမျှနှင့် ရောင့်ရဲတင်းတိမ် ကျေနပ်ရမယ်၊ လောဘကြီးတဲ့သူဟာ လူယုတ်မာဟု ခေါ်ဆိုသတ်မှတ် ဟောကြားတော်မူအပ်ပါတယ်။

**ရောင့်ရဲတင်းတိမ်နိုင်ခြင်း၏ အကျိုး**

မရောင့်ရဲ မတင်းတိမ်နိုင်တဲ့သူတို့မှာ မည်မျှလောက် ကြီးကျယ်များပြားတဲ့ ပစ္စည်းဥစ္စာ ရတနာရွှေငွေတို့ကို ရရှိခံစား၍ နေကြငြားသော်လည်း ကျိုးငှက်ပမာ ဘယ်အခါမှ အဆီအသားမရှိဘဲ အမြဲတမ်းဆင်းရဲနေရပါတယ်။ရရသမျှ ရှိရှိသမျှဖြင့် ရောင့်ရဲတင်းတိမ်ကျေနပ်သူတို့မှာ ရေမှော်ရေညှိကိုသာ စားသုံးနေရပါသော်လည်း အလွန်အဆင်းလှပတဲ့ စက္ကဝက်ငှက်မင်းပမာ အဆီအသားပြည့်ဝ၍ အလွန်အဆင်းလှပခြင်း ဖြစ်ရပါတယ်။

ဘုရားလောင်း တေမိမင်း ဖြစ်စဉ်အခါ ကံပြင်းရွက် (အသီးစားရတဲ့ အပင်တစ်မျိုး)ကို စား၍နေသော်လည်း နန်းတော်ထဲတွင် အဆီအသားကို စားနေတဲ့သူများထက်ပင် အဆင်းလှပခြင်းကြောင့် ခမည်းတော် မင်းကြီးက "သင်ချစ်သားမှာ ဘာမျှမဟုတ်တဲ့ ကံပြင်းရွက်ပြုတ်ကို စားနေပါလျက် လွန်စွာ အဆင်းလှပခြင်းမှာ အဘယ့်ကြောင့်ပါနည်း" ဟု မေးတဲ့အခါ "ဖခင်မင်းမြတ်၊ အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် လာဘ်လာဘ ကိုလည်း တောင့်တခြင်းမပြု၊ လွန်ပြီးတဲ့ လာဘ်လာဘကိုလည်း မစိုးရိမ်၊ မကြောင့်ကြမပူပင်ပါ၊ ယခု ပစ္စုပ္ပန်ကာလမှာ ရရှိသမျှ ပစ္စည်းဥစ္စာဖြင့်သာ ရောင့်ရဲတင်းတိမ် ကျေနပ်နေခြင်းကြောင့် အကျွန်ုပ်မှာ အဆင်းလှပခြင်းနှင့် ပြည့်စုံနေရပါတယ်" ဟု ဖြေဆိုပါတယ်။

အတီတံ နာနုသောစာမိ၊ နပ္ပဇပ္ပါမိ နာဂတံ။
ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ။

(ဇာတက၊ ၂။၁၅၄)

www.burmeseclassic.com

www.burmeseclassic.com



မဟာရာဇ၊ မြတ်သောမင်းကြီး။ အတီတံ၊ လွန်လေပြီးသော လာဘ်လာဘကို။ နာနုသောစာမိ၊ နောင်တ တစ်ဖန်ပူပန်ခြင်း မရှိပါ။ အနာဂတံ၊ ဖြစ်ပေါ်လတ္တံ့သော လာဘ်လာဘကို။ န ဇပ္ပါမိ၊ တောင်းတခြင်း မရှိပါ။ ပစ္စုပ္ပန္နေန၊ ယခုပစ္စုပ္ပန်ကာလ၌ ရရသမျှသော လာဘ်လာဘဖြင့်။ ယာပေမိ၊ မျှတရောင့်ရဲ၍ နေပါ၏။ တေန၊ ထို့ကြောင့်။ မေ၊ အကျွန်ုပ်၏။ ဝဏ္ဏော၊ အရောင်အဆင်းသည်။ ပသီဒတိ၊ ကြည့်ရှုစဖွယ် လွန်တင့်တယ်လျက် ကြည်လင်နေပါ၏။

လွန်ခဲ့ပြီးတဲ့ လာဘ်လာဘအပေါ်မှာလဲ တွေးတွေးပြီး ပူပန် စိုးရိမ်မှု မရှိဘူး၊ မရောက်သေး မရသေး ဖြစ်ပေါ်မလာသေးတဲ့ လာဘ်လာဘ အပေါ်မှာလဲ မျှော်လင့်တောင့်တမှုမရှိဘူး။ ယခုမျက်မှောက်ပစ္စုပ္ပန် အခိုက်အတန့်မှာ ရရသမျှ ရှိရှိသမျှ လာဘ်လာဘဖြင့်သာ ရောင့်ရဲ တင်းတိမ် ကျေနပ်မှု ဖြစ်နေပါတယ်။ ထို့ကြောင့် စိတ်အေးချမ်း ကြည်လင်မှု ဖြစ်ကာ ရုပ်ရေကြည်လင် ချမ်းအေးလျက် ကြည့်ရှုစဖွယ် တင့်တယ်လှပတဲ့ အရောင်အဆင်းများ ဖြစ်ပေါ်လျက် ရှိနေပါတယ်။

**မှတ်ချက်။ သန္တုဋ္ဌိ=ရောင့်ရဲခြင်းဆိုတာ** လောဘအလိုသို့ မလိုက်ဘဲ အပိုကြိုက်မှု သဘောယုတ် သဘောဆိုးများကို ပယ်ပြီး မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယ အလျောက် ပေါ်ပေါက် ရရှိလာ သမျှဖြင့်သာ မျှတနိုင်ခြင်း နေထိုင်နိုင်ခြင်းကို သန္တုဋ္ဌိ=ရောင့်ရဲခြင်းဟု ခေါ်ဆို ပါတယ်။

**လောကုတ္တရာ သန္တုဋ္ဌိမင်္ဂလာ**

(၁) သမထ(၄၀) သမာဓိတရားဖြင့် ရောင့်ရဲတင်းတိမ် ကျေနပ် အားရ နေတာ လောကုတ္တရာ သန္တုဋ္ဌိ မင်္ဂလာ။

(၂) ဝိပဿနာဉာဏ် အမြင်မှန်ဖြင့် ရောင့်ရဲတင်းတိမ်အားရကျေနပ် နေတာ လောကုတ္တရာ သန္တုဋ္ဌိ မင်္ဂလာ။

(၃) သစ္စာလေးတန် အမြင်မှန်သိတဲ့ ဉာဏ်ဖြင့် ရောင့်ရဲတင်းတိမ် အားရကျေနပ်နေတာ လောကုတ္တရာ သန္တုဋ္ဌိမင်္ဂလာ။

www.burmeseclassic.com

www.burmeseclassic.com



(၄) အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိတဲ့ ဉာဏ်အမြင်မှန်ဖြင့် ရောင်ရဲ တင်းတိမ် အားရကျေနပ်နေတာ လောကုတ္တရာ သန္တုဋ္ဌိ မင်္ဂလာ။

(၅) သောတာပတ္တိဖိုလ်ဉာဏ်ဖြင့် အသင်္ခတခေါ်တဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးနေတာ အားရတင်းတိမ်ကျေနပ်နေတာ လောကုတ္တရာ သန္တုဋ္ဌိ မင်္ဂလာ။

အသန္တုဋ္ဌိတာ ကုသလေသု မဗ္ဗေသူတိ ဣမိနာ ဣမံ ဒီပေတိ၊ အဟံ ဈာနမတ္တကေန ဝါ ဩဘာသနိမိတ္တမတ္တကေန ဝါ အသန္တုဋ္ဌော ဟုတွာ အရဟတ္တမဂ္ဂမေဝ ဥပ္ပါဒေသိံ၊ ယာဝ သော န ဥပ္ပဇ္ဇိ န တာ ဝါဟံ သန္တုဋ္ဌော အဟောသိံ။ (အံ၊ ၄၊ ၂။ ၅)

အသန္တုဋ္ဌိတာ ကုသလေသုဓမ္မေသူတိ ဣမိနာ၊ အသန္တုဋ္ဌိတာ ကုသလေသု ဓမ္မေသု ဟူသော ဤပါဌ်ဖြင့်။ ဣမံ၊ ဤဆိုလတ္တံ့သော အနက်ကို။ (ဝါ) သန္တုဋ္ဌိဖြစ်ပုံ သဘောတရားကို။ ဒီပေတိ၊ ပြတော်မူ၏။ အဟံ၊ ငါဘုရားသည်၊ ဈာနမတ္တကေန ဝါ၊ ဈာန်မျှဖြင့်လည်းကောင်း။ ဩဘာသ နိမိတ္တမတ္တကေန ဝါ၊ ဩဘာသနိမိတ်မျှဖြင့်လည်းကောင်း။ အသန္တုဋ္ဌော၊ မရောင်ရဲသည်။ ဟုတွာ၊ ဖြစ်၍။ အရဟတ္တမဂ္ဂမေဝ၊ အရဟတ္တမဂ်ကိုသာလျှင်။ ဥပ္ပါဒေသိံ၊ ဖြစ်စေ၏။ ယာဝ၊ အကြင်မျှလောက်။ သော၊ ထိုအရဟတ္တမဂ်သည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်သေး။ တာဝ၊ ထိုမျှ လောက်။ အဟံ၊ ငါသည်။ သန္တုဋ္ဌော၊ ရောင့်ရဲသည်။ န အဟောသိံ၊ မဖြစ်သေး။

www.burmeseclassic.com

www.burmeseclassic.com



## (၂၅) ကတညုတာ (ခုဒ္ဒကပါဌ။ ၄)

### ကတညုတာ (၂)မျိုး

| (လောကီ) ကတညုတာ | ကတညုတာ (လောကုတ္တရာ) |
|---|---|
| ×× | ×× |
| မိဘ၊ ဆရာ၊ ကျေးဇူးရှာ | ဝိပဿနာဉာဏ် |
| လောက သံသရာ နှစ်ဖြာ | |
| ကောင်းစားရေး | လက္ခဏာရေး (၃)ပါး |
| အတတ်ပညာ၊ ပစ္စည်းဥစ္စာ | သစ္စာ (၄) ပါး |
| ×× | ×× |
| မျက်မှောက်ချမ်းသာ | မျက်မှောက်ချမ်းသာ |
| ဝမ်းမြောက်စရာ | ဝမ်းမြောက်စရာ |

တညုတာ၊ ထမင်းတစ်ဆုပ် ရေတစ်လုပ်မျှ မ-စ ပေးဖူး သူ့ကျေးဇူးကို အထူးကြီးကျယ် မြင်းမိုရ်နယ်သို့ မကွယ်မပ သိတတ်ရခြင်းသည် လည်းကောင်း။

**ကတညုတာတိ ကတဇာနနံ။** (သံ၊ ၅၊ ၂။ ၂၃၁)

ကတညုတာ နာမ အပ္ပဿ ဝါ ဃေနကေနစိ ကတဿ
ဥပကာရဿ ပုနပ္ပုနံ အနုဿရဏဘာဝေန ဇာနနတာ။
(ခုဒ္ဒကပါဌ၊ ၅။ ၁၂၄)

**ကတညုတာ။** ပြုခဲ့ဖူးတဲ့ကျေးဇူးကို သိတတ်တဲ့သူ၊

တစ်စုံတစ်ယောက်သော သူသည် နည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ သူတစ်ပါးတို့ ပြုခဲ့ဖူးတဲ့ ကျေးဇူးကို အဖန်ဖန် အောက်မေ့တဲ့ သတိဖြင့် သိခြင်းသည် ကတညုတာမင်္ဂလာ မည်ပါတယ်။

ပြုအပ်ပြီးတဲ့ ကောင်းမှုကုသိုလ်တို့၏ ကျေးဇူးကို အဖန်ဖန် အောက်မေ့သတိရခြင်း'ဟာ ကတညုတာ မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိမိအပေါ်မှာ သူတစ်ပါးက ပြုဖူးတဲ့ ကျေးဇူးတွေကို ပြန်လည်သိခြင်းဟာ ကတညုတာမင်္ဂလာ မည်ပါတယ်။

ကျေးဇူးဆိုတာ သူတစ်ပါးက မိမိအပေါ်မှာ လောက ကောင်းစားရေးအတွက်ပဲဖြစ်ဖြစ်၊ သံသရာကောင်းစားရေးအတွက်ပဲ ဖြစ်ဖြစ် ကိုယ်အား၊ နှုတ်အား၊ ပစ္စည်းအားဖြင့်ဖြစ်ဖြစ်၊ အတတ်ပညာအနေနှင့် ဖြစ်ဖြစ်၊ တစ်ဦးတစ်ယောက်အနေနှင့်ဖြစ်ဖြစ်၊ အများစုပေါင်းလို့ပဲ ဖြစ်ဖြစ် ကူညီစောင့်ရှောက်ထားတဲ့ အပြုအမူ မှန်သမျှဟာ သူ့ကျေးဇူးလို့ ခေါ်ဆိုပါတယ်။

သပ္ပုရိသေဟိ ပသံသနီယာဒိနာနပ္ပကာရဝိသေသာဓိဂမဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။ (ခုဒ္ဒကပါဌ၊ဋ္ဌ။ ၁၂၄)

သာ၊ ထိုကျေးဇူးသိခြင်းကို။ သပ္ပုရိသေဟိ၊ သူတော်ကောင်းတို့သည်။ ပသံသနီယာဒိနာနပ္ပကာရဝိသေသာဓိဂမဟေတုတော၊ ချီးမွမ်းအပ်သည်၏အဖြစ် အစရှိသော အထူးထူး အပြားပြား များသော အကျိုးစီးပွားအထူးကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့်။ မင်္ဂလန္တိ၊ မင်္ဂလာ မည်၏ဟူ၍၊ ဝေဒိတဗ္ဗာ၊ သိအပ်၏။

သူတစ်ပါးကျေးဇူးကိုသိတာကို အရိယာသူတော်ကောင်းတို့ ချီးမွမ်းခြင်း စတဲ့ များစွာသော အကျိုးစီးပွား အထူးထူးကို ဖြစ်စေတတ်လို့ မင်္ဂလာ ဟူ၍ပင် ခေါ်ဆိုရပါတယ်။

## ရခဲသော ပုဂ္ဂိုလ်(၂)မျိုး

ဒွေမေ ဘိက္ခဝေ ပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ။ ကတမေ ဒွေ၊ ယော စ ပုဗ္ဗကာရီ၊ ယော စ ကတညူ ကတဝေဒီ။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ။ (အံ၊ ၁။ ၈၆)

ဘိက္ခဝေ၊ အိုချစ်သားတို့။ လောကသ္မိံ၊ လောက၌။ ဒွေ၊ နှစ်ယောက်ကုန်သော။ ဣမေ ပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့ကို။ ဒုလ္လဘာ၊ ရခဲကုန်၏။ ဒွေ၊ နှစ်ယောက်ကုန်သော ပုဂ္ဂိုလ်တို့ဟူသည်။ ကတမေ၊ အဘယ်သူတို့နည်း ဟူမူကား။ ယော စ၊ အကြင်သူသည်လည်း။ ပုဗ္ဗ ကာရီ၊ ရှေးဦးစွာ ကျေးဇူးကိုပြုလေ့ရှိ၏။ ယော စ၊ အကြင်သူသည်လည်း။ ကတညူ၊

www.burmeseclassic.com

www.burmeseclassic.com



သူပြုဖူးသော ကျေးဇူးကိုသိလေ့ရှိ၍။ ကတဝေဒီ၊ နောက်၌ ကျေးဇူးပြု တုန့်ပြန်၏။ ဘိက္ခဝေ၊ အိုချစ်သားတို့။ လောကသ္မိံ၊ လောက၌။ ဒွေ၊ နှစ်ယောက် ကုန်သော။ ဣမေ ခေါ ပုဂ္ဂလာ၊ ဤပုဂ္ဂိုလ် တို့ကို။ ဒုလ္လဘာ၊ ရခဲကုန်၏။

လောကမှာ ရခဲ့တဲ့ပုဂ္ဂိုလ်(၂)မျိုး ရှိပါတယ်။

(၁) ရှေးဦးစွာ ကျေးဇူးပြု တတ်သူ၊

(၂) သူပြုတဲ့ ကျေးဇူးကို သိ၍ မိမိက တစ်ဖန်ပြန်၍ ကျေးဇူး တုန့်ပြန်ခြင်းကို ပြုတဲ့သူ၊

ဤပုဂ္ဂိုလ်(၂)မျိုးကို ရခဲပါတယ် ဟု ဘုရားရှင် ဟောတော်မူခဲ့ ပါတယ်။ သို့ဖြစ်၍ ဤမင်္ဂလာ၌ ဆရာမိဘတို့သည် ကျေးဇူးပြုတတ်တဲ့ သူတို့ မည်ပါတယ်။ ထိုဆရာမိဘတို့၏ ကျေးဇူးကိုသိတဲ့ တပည့်သားသမီး တို့သည် ကတညုတာမင်္ဂလာနှင့် ပြည့်စုံတဲ့သူတို့ ဖြစ်ပါတယ်။

ထိုမင်္ဂလာနှင့် ပြည့်စုံတဲ့သူတို့မှာ ဆရာမိဘတို့၏ အသိအလိမ္မာ ဉာဏ်ပညာနှင့်တကွ ပစ္စည်းဥစ္စာ၊ အမွေ၊ အနှစ်တို့ကိုပါ ရရှိ၍ ပစ္စုပ္ပန်, တမလွန် နှစ်တန်သောဘဝမှာပင် ချမ်းသာသုခကို ရရှိနိုင်ကြပါတယ်။ ဤမင်္ဂလာနှင့် မပြည့်စုံတဲ့ သူတို့မှာ အလွန် ဆင်းရဲတဲ့ ဘဝမျိုး ရောက်ရှိကြ ရပြန်ပါတယ်၊ အကယ်၍ ချမ်းသာသုခကို ရရှိကြပြန်တော့လည်း အသီး အပွင့်နှင့်ပြည့်စုံတဲ့ သစ်ပင်ကြီးအောက်သို့ ခေတ္တခဏမျှ တည်းခိုရန် ရောက်ရှိလာကြသူများနှင့် တူ၍ မကြာမီ ပျက်စီးခြင်းသို့ ရောက်ရှိကြ ရပါတယ်၊ အကယ်၍ ပျက်ဆီးခြင်းသို့ မရောက်စေကာမူ ဘယ်အခါမှ စိတ်ချမ်းချမ်းသာသာ မနေရဘဲ အမြဲတမ်း စိတ်ဆင်းရဲမှုနှင့်သာ တွေကြုံ နေထိုင်ကြရ ပြန်ပါတယ်။

ယော ပုဗ္ဗေ ကတကလျာဏော၊ အကာ လောကေ သုဒုက္ကရံ။
ပစ္ဆာ ကယိရာ န ဝါ ကယိရာ၊ အစ္စန္တံ ပူဇနာရဟော။

(ဇာတက၊ ၄၊ ၁။ ၉၄)

www.burmeseclassic.com

www.burmeseclassic.com



လောကေ၊ လောကၥ်၌။ ယော၊ အကြင်သူသည်။ ကတကလျာဏော၊ ကောင်းသောအမှုကိုသာ ပြုလုပ်လေ့ရှိသည်ဖြစ်၍။ ပုဗ္ဗေ၊ ရှေး၌။ သုဒုက္ကရံ၊ အလွန်ပြုနိုင်ခဲသော ကျေးဇူးကို။ အကာ၊ ပြုဖူး၏။ သော၊ ထိုသူသည်။ ပစ္ဆာ၊ နောက်၌။ ကယိရာ ဝါ၊ ထပ်မံ၍ ပြုသည်မူလည်းဖြစ်စေ။ န ကယိရာဝါ၊ ထပ်မံ၍ မပြုသည်မူလည်း ဖြစ်စေ။ အစ္စန္တံ၊ စင်စစ်။ ပူဇနာရဟော၊ ကျေးဇူးတုံ့ပြန်၍ ဆပ်သော အနေဖြင့် ပူဇော်ခြင်းငှာ၊ ထိုက်ပါပေ၏။

တစ်ဦးသောသူအား ဘေးဥပဒ်အန္တရာယ် ကြုံတွေ့လာတဲ့ အခါမှာ အကူအညီပေးချင်တဲ့ စေတနာသက်သက်ဖြင့် ထိုသူ့ထံမှ တစ်စုံတစ်ခုသော ပစ္စည်းဝတ္ထုကို မတောင့်တ မမျှော်မှန်းဘဲ ကျွေးမွေးပေးကမ်းခြင်း စတဲ့ ကျေးဇူးကို ပြုလုပ်ဖူးတယ်၊ ထိုသူသည် နောက်ထပ်ကျေးဇူးကို ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ဧကန်စင်စစ် ထိုသူအား ပူဇော်ခြင်းငှာ ထိုက်ပေသည်-ဟု ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။

သူပြုဖူးတဲ့ကျေးဇူးကို သိခြင်းသည် ကတညုတ မည်ပါတယ်၊ ကျေးဇူးဆိုသည်မှာ ပစ္စည်းဥစ္စာပေးခြင်း၊ အတတ်ပညာပေးခြင်း၊ အဆုံးအမဩဝါဒပေးခြင်း၊ ဘေးရန်အန္တရာယ်ကို ကာကွယ်ပေးခြင်းစတဲ့ မိမိအပေါ် ပြုလုပ်ဆောင်ရွက်ဖူးတဲ့ သူတစ်ပါးရဲ့ကူညီမှုများကို ခေါ်ဆိုပါတယ်၊ နည်းသည်ဖြစ်စေ များသည် ဖြစ်စေ၊ သူပြုဖူးတဲ့ကျေးဇူးများကို အောက်မေ့သတိရခြင်းကို ကတညုတာ မင်္ဂလာ ဟု ခေါ်ဆိုပါတယ်။

သိခြင်းဆိုတာ သိရုံမျှကို ကတညုတာဆိုသည် မဟုတ်ပါ။ ကျေးဇူးကို သိတဲ့အတိုင်း ပြန်လည်တုံ့ဆပ်သူကိုသာ "ကတညုတာ = ကျေးဇူးသိတဲ့သူ" ဟု ခေါ်ဆိုပါတယ်။

တစ်ချို့က မိမိအပေါ် ကျေးဇူးပြုထားသူတစ်ယောက် အကူအညီလိုနေတဲ့အခါ အကူအညီပေးနိုင်ပါလျက် အပြောနဲ့သာ ဆောင်ရွက်ပြီး လက်တွေ့ကျတော့ ဆောင်ရွက်မှုမရှိဘဲ နည်းပရိယာယ် အမျိုးမျိုးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လွှဲတတ်ပါတယ်။ ဒီလို ရှောင်လွှဲနေတဲ့သူကို အကတညုတာ- သူ့ကျေးဇူး မသိတတ်သူ ဟု ခေါ်ဆိုပါတယ်။

အချို့မှာ ကျေးဇူးမသိတတ်ရုံသာမက ကျေးဇူးရှင်ကိုပင် အကျိုးမဲ့ ပြုတတ်ပါတယ်၊ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့သူမိုက်မျိုးကို တိကနိပါတ်၊ မဟာကပိဇာတ်(၃၈၀)၌ တွေ့ရှိရပါတယ်၊ ထိုဇာတ်တော်၌ ပုဏ္ဏားမိုက် သည် မိမိအသက်ကို ကယ်တင်ပေးခဲ့တဲ့ အလောင်းတော် မျောက်မင်း၏ ဦးခေါင်းကို ကျောက်တုံးဖြင့် ထုခွဲခဲ့ပါတယ်။ သူတော်ကောင်းများကား ကျေးဇူးကို သိတတ် ကြပါတယ်။ ကျေးဇူးမသိတတ်သူမှာ လူမိုက်များသာ ဖြစ်၍ ထိုလူမိုက်များမှာ ပစ္စုပ္ပန်ဘဝမှာလဲ အများ အကဲ့ရဲ့ ခံရခြင်း၊ နောက်ဘဝ၌ ငရဲသို့ ကျရောက်ရခြင်း၊ ဆင်းရဲဒုက္ခ အမျိုးမျိုးနဲ့ တွေ့ကြုံရခြင်း စတဲ့ မကောင်းကျိုးများကိုသာ လက်တွေ့ ခံစား ကြရပါတယ်။

**သူတော်ကောင်းမှ ကျေးဇူးသိ**

ရာဓပုဏ္ဏားကြီးဟာ ရဟန်းပြုလိုလျက် ရဟန်းမပြုရ ဖြစ်နေရာ ဘုရားရှင်က "ဤပုဏ္ဏားကြီး၏ကျေးဇူးကို ဘယ်သူအမှတ်ရသလဲ" ဟု မေးတော်မူတဲ့အခါ အမှတ်ရကြောင်း ရှင်သာရိပုတ္တရာက လျှောက်ထား ပါတယ်။ "ဘယ်လိုကျေးဇူးပါလဲ" ဟု မေးတော်မူတော့ ရာဇဂြိုဟ် မြို့တွင်းသို့ ဆွမ်းခံဝင်ခဲ့စဉ်က ဆွမ်းတစ်ဇွန်း လောင်းလှူခဲ့ဖူးကြောင်းကို လျှောက်ထားတဲ့ အခါ "သာဓု သာဓု သာရိပုတ္တရာ၊ သူတော်ကောင်းများမှာ သူ့ကျေးဇူးကို သိတတ်သလို ထုတ်ဖော်တုံ့ဆပ် ပေးတတ်ပါပေတယ်" ဟု ကောင်းချီးပေးကာ သာဓု ခေါ်တော်မူပါတယ်။ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေများကို ပေးသည်ထက် အသိအလိမ္မာ ဉာဏ်ပညာပေးတဲ့ ဆရာသမား စသည်များမှာ ပို၍ပင် ကျေးဇူးများသူများ ဖြစ်ပါတယ်။

အထူးသဖြင့် တရားတော်နဲ့ ကျေးဇူးပြုသူများ၏ ကျေးဇူးမှာ ပြန်လည်ကျေးဇူးဆပ်ဖို့ ခဲယဉ်းလောက်အောင်ပင် ကြီးမားလှကြောင်း ဘုရားရှင် ဟောတော်မူပါတယ်။ ထို့ကြောင့် တကယ် ကျေးဇူးကြီးလှတဲ့

www.burmeseclassic.com

www.burmeseclassic.com



မိဘဆရာနှင့် မိမိအား စောင့်ရှောက် ကူညီပေးတဲ့ သူမှန်သမျှ၏ ကျေးဇူးကို မတတ်သာလျှင် အစဉ်အောက်မေ့၍ တတ်နိုင်လျှင် တုံ့ပြန် ကျေးဇူးဆပ်မှ သူတော်ကောင်းများ ဖြစ်နိုင်ကြပါတယ်။ (ဝိ၊ ၃။၇၀)

## အကို့ရမင်းသားနှင့် ပုဏ္ဏားကြီးတစ်ဦး

အကို့ရမင်းသားဟာ လှည်းသား ငါးရာနဲ့အတူ ကုန်ရောင်း ကုန်ဝယ်ပြုလုပ်လျက်ရှိရာ ထိုလှည်းသားငါးရာထဲမှာ ပုဏ္ဏားကြီး တစ်ဦးလဲ ပါလာပါတယ်။ လမ်းများ၍ အစာရေစာတွေ ကုန်ခဲ့ရာ ညောင်ပင်ကြီး တစ်ပင် တွေ့တာနဲ့ ညောင်ပင်ကြီးအောက်မှာ နားခိုနေကြပါတယ်။ ထို ညောင်ပင်ကြီးမှာနေတဲ့ တန်ခိုးကြီးတဲ့ ရုက္ခစိုးနတ်မင်းကြီးက သူတို့ကို သနားတာနဲ့ လက်ယာလက်ကို ဆန့်တန်းကာ ပထမဦးစွာ ရေကို ပေးပြီး၊ ထို့နောက် လိုရာ အကုန်ပေးကာ လှည်းကုန်သည်များကို စောင့်ရှောက် ကူညီပေးခဲ့ပါတယ်။ ထိုအခြင်းအရာကို မြင်ရတဲ့ ပုဏ္ဏားကြီးက "မိမိတို့ဟာ ပစ္စည်းဥစ္စာရလို၍ ကုန်ရောင်းကုန်ဝယ် ပြုလုပ်နေကြခြင်းဖြစ်ရာ' အလို ခပ်သိမ်းပေးနိုင်တဲ့ ဤရုက္ခစိုးနတ်မင်းကြီးကို အတင်းအဓမ္မ ခေါ်ဆောင် သွားကြစို့"ဟု အကို့ရမင်းသားကို တိုင်ပင်ပါတယ်၊ ထိုအခါ အကို့ရ မင်းသားက သစ်တစ်ပင်အောက်မှာ အိပ်ဖူးထိုင်ဖူး နားနေဖူးလျှင်ပင် ထိုသစ်ပင်၏ အကိုင်းအခက်ကို မချိုးသင့်၊ မဖျက်ဆီးသင့်ကြောင်း၊ မပြစ်မှားသင့်သူကို ပြစ်မှားမိပါက သူယုတ်မာ ဖြစ်ကြောင်း ဟောကြား ပြောဆိုပါတယ်။ (ပေတဝတ္ထု၊ ၄။ ၁၀၆) အကို့ရဝတ္ထု

ကတညုတာ မင်္ဂလာအရ ကျေးဇူးသိတတ်ပုံမှာ မိဘ ဆရာသမား စတဲ့ သူတို့က မိမိအပေါ်၌ အဝတ်အစားများပေးကမ်းချီးမြှင့်ခြင်း၊ လိမ္မာအောင် ဆိုဆုံးမခြင်း၊ ပညာသင်ပေးခြင်းများသည် မိဘ၊ ဆရာ သမားတို့က ပြုထားတဲ့ ကျေးဇူးများပင် ဖြစ်ပါတယ်။ အကြွေးယူမိတဲ့သူဟာ မိမိအပေါ်မှာ အကြွေးတင်နေသလို မိဘဆရာသမား အစရှိသူတို့၏ ကျေးဇူးတရားများ မိမိအပေါ်မှာ တင်နေခြင်းကို "ကျေးဇူးတင်"ဟု ခေါ်ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြွေးတင်ထားတဲ့သူဟာ ကြွေးကို ပြန်ဆပ်နိုင်မှ ကြွေးကျေသကဲ့သို့ ထို့အတူ တင်နေတဲ့ကျေးဇူးများဟာလည်း ပြန်ဆပ်ပါမှ ကျေနိုင်ပါတယ်၊ ထို့ကြောင့် ကောင်းမွန်မြင့်မြတ်တဲ့ စိတ်ထားဖြင့် မိဘကျေးဇူး၊ ဆရာ့ကျေးဇူး၊ မိတ်ဆွေကောင်းတို့၏ ကျေးဇူးများကိုလည်း ပြန်လည်တုံ့ဆပ်ရမှာ ဖြစ်ပါတယ်။ မဆပ်နိုင်ပါလျှင် "ငါ့အပေါ်မှာ သူ့ကျေးဇူးတွေရှိတယ်" ဟု ကျေးဇူးကို အမြဲတမ်း အမှတ်ရနေမှ တာဝန်ကျေပါတယ်။

**ကတ - ပြုဖူးသော ကျေးဇူး**

တစ်ဦးတစ်ယောက်ထံမှ မေတ္တာ၊ ကရုဏာဖြင့် ချမ်းသာမှုဖြစ်အောင် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်နှုတ် နှစ်ပါးလုံးဖြင့်ဖြစ်စေ ကူညီစောင့်ရှောက်၊ ကြည့်ရှု ပြုစု၊ ပေးကမ်းမှုကို ခံယူခဲ့ဖူးလျှင်၊ ယုတ်အစွဆုံး ထမင်းတစ်ဆုပ် ရေတစ်မှုတ်လောက် စားသောက်ခဲ့ဖူးပြီး တစ်မုဟုတ်မျှ တည်းခိုရဖူးလျှင် ထိုသူသည် ကျေးဇူးရှင်ဖြစ်ပါတယ်။ အသက်မရှိတဲ့ သစ်ပင်၏ အရိပ်ကိုခိုဖူးလျှင် ထိုသစ်ပင်သည် ကျေးဇူးရှင် ဖြစ်ပါတယ်။ ထိုသက်ရှိ, သက်မဲ့ကျေးဇူးရှင်များအား ကျေးဇူးမကန်းထိုက်ပါ၊ မပြစ်မှားထိုက်ပါ။ ထို့ကြောင့် **"သူ့အရိပ်ခိုလျှင် သူ့အကိုင်းအခက်ကို မချိုးရ"** ဟု သတိပေး ဆုံးမထားခြင်းဖြစ်ပါတယ်။

(၁) **ကျေးဇူးရှင်ဆိုတာ** ဆိုခဲ့ပြီးတဲ့ ကျေးဇူးတစ်ခုခုကို ပြုလုပ်ဖူးပြီး ထိုကျေးဇူး၏ ပိုင်ရှင်ဖြစ်သောကြောင့် ကျေးဇူးရှင် ဖြစ်ပါတယ်။

(၂) **ကျေးဇူးတင်ဆိုတာ** ပြဆိုခဲ့ပြီးတဲ့ ကျေးဇူးရှင်၏ ကျေးဇူးတစ်ခုခုကို အပြုခံရတဲ့ သူဟာ ကျေးဇူးတည်း ဟူသော ကြွေးမြီတင်ရာဖြစ်သောကြောင့် ကျေးဇူးတင် ဟု ခေါ်ဆိုပါတယ်။

**ကျေးဇူးသိက ကတညုတ**

သူတစ်ဦးက မိမိအပေါ် ပြုဖူးထားတဲ့ ကျေးဇူးတစ်ခုကိုဖြစ်စေ၊ ကျေးဇူးအများကို ဖြစ်စေ အထူးသဖြင့် အမှတ်ရနေခြင်း၊ အောက်မေ့

www.burmeseclassic.com

www.burmeseclassic.com



တွေးတောနေခြင်း၊ သတိတရ သိနေခြင်းသည် သူတစ်ပါးကျေးဇူးကို သိခြင်း ဖြစ်ပါတယ်။ ထိုသို့ သတိရသိခြင်းကို ကတညုတဟု ခေါ် ဆိုပါတယ်။

**ကျေးဇူးဆပ်သူ ကတဝေဒီ**

သူတစ်ဦးက မိမိအား ပြုဖူးတဲ့ ကျေးဇူးကို အခွင့်သင့်လို့ ကြုံကြိုက်လာတဲ့အခါ တစ်နည်းနည်းဖြင့် တတ်နိုင်သည့်ဖက်က အတုံ့ အလှည့် ပြန်လည်ပြုစု စောင့်ရှောက်သူကို ကျေးဇူးဆပ်သူ ဟု ခေါ် ဆိုပါတယ်။

**ကျေးဇူးမသိက ကျေးစွပ်တတ်**

သူတစ်ဦး အထူးပြုဖူးတဲ့ ကျေးဇူးကို မေ့မေ့ပျောက်ပျောက် အမှတ်မရတဲ့သူ၊ သတိမရတဲ့သူ၊ မသိတဲ့သူ၊ သိပင်သိသော်လည်း မိမိက ကျေးဇူးတုံ့ပြန်၍ ပြုစုကူညီ ရမည်ကို စိုးရိမ်ကြောက်ရွံ့ နောက်တွန့်နေသူ၊ ကျေးဇူးတုံ့ဆပ်မှု မပြုရုံသာမက ကိုယ်၊ နှုတ်၊ စိတ် သုံးပါးတွင် တစ်ပါးပါးဖြင့် ပြစ်မှားတဲ့သူကို ကျေးဇူးမသိတတ်သူဟု ခေါ် ဆိုပါတယ်။ ထိုသူထက် ယုတ်မာတဲ့သူ မရှိဟု ပြောဆိုရမှာ ဖြစ်ပါတယ်။ ထိုသို့ ကျေးဇူးမသိတတ်သူ၊ ယုတ်မာတဲ့ သူသည် ဘေးရန် အန္တရာယ် အမျိုးမျိုးတို့နှင့် တွေ့ကြုံရခြင်း၊ သေသည်၏ အခြားမဲ့ အပါယ်သို့ ကျရောက်ရခြင်းစတဲ့ အဖြစ်ဆိုးများနဲ့ တွေ့ကြုံရတတ်ပါတယ်။ ထို့ကြောင့် **"ကျေးဇူးမသိတတ်လို့ ကျေးဇူး မဆပ်ချင် နေပါစေ၊ ကျေးဇူးတော့ မကန်းနှင့်"**ဟု သတိပေးထားကြခြင်း ဖြစ်ပါတယ်။

**ကတညုတာ။** မိမိအပေါ်၌ သူတစ်ပါးပြုဖူးတဲ့ ကျေးဇူးကို သိခြင်း၊ ဆင်ခြင်အောက်မေ့သတိရခြင်း၊ အခါအခွင့်သင့်တဲ့အခါ ကျေးဇူး တုံ့ပြန်ခြင်းသည် ကတညုတာမင်္ဂလာ မည်ပါတယ်။ မိမိအပေါ်၌ ပြုဖူးတဲ့ ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်မှန်သမျှတို့သည် ကျေးဇူးရှင်များသာ ဖြစ်ပါတယ်။ ကျေးဇူးဆိုသည်မှာ သိတတ်သူအဖို့၌ နည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ကျေးဇူးပင် ဖြစ်ပါတယ်။ ကျေးဇူးကို

www.burmeseclassic.com

www.burmeseclassic.com



မသိတတ်သူအဖို့၌ ကြီးမားတဲ့ကျေးဇူးသည် ငယ်၍၊ ငယ်တဲ့ ကျေးဇူးသည် ကွယ်ပျောက်သွားတတ်ပါတယ်။

မိတ်ဆွေသင်္ဂဟ တစ်ဦးဦး ဘေးဥပဒ်အန္တရာယ် တွေ့ကြုံလာတဲ့အခါဖြစ်စေ၊ သီးသန့်သက်သက်ဖြစ်စေ ထိုမိတ်ဆွေ သင်္ဂဟတို့ အထံမှ တစ်စုံတစ်ခုသောအကျိုးကို မမျှော်ကိုးဘဲ မေတ္တာ၊ ကရုဏာ သက်သက်ဖြင့် ကျွေးမွေးပေးကမ်းခြင်းစတဲ့ ကျေးဇူးကို ပြုလုပ်ပါတယ်။ ထိုသို့ ပြုလုပ်သူသည် နောက်ထပ်ကျေးဇူးကို ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ဧကန်စင်စစ် ထိုသူအား ကြည်ညိုပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

### လောကီ ကတညုတာ မင်္ဂလာ

သူပြုဖူးတဲ့ကျေးဇူးဆိုတာ ထမင်းတစ်လုပ် ကျွေးဖူးတာလဲ ကျေးဇူးပဲ၊ အဝတ်အထည် ပေးဖူးတာလဲ ကျေးဇူးပဲ၊ လောကီ နေရေး၊ ထိုင်ရေး၊ စီးပွားရေး၊ ကြီးပွားရေး အသိဉာဏ်ပေးဖူးတာ သူ့ကျေးဇူးပဲ၊ စားဝတ်နေရေး၊ ကျန်းမာရေး အတွက် အသိဉာဏ်ပေးဖူးတာလဲ ကျေးဇူးပဲ၊ ဒါန၊ သီလ စတဲ့ ကုသိုလ်ကောင်းမှု အစုစုပြုလုပ်ဖို့ အသိဉာဏ် ပေးဖူးတာလဲ ကျေးဇူးပဲ။ ဒီတော့ တစ်လုပ်ကျွေးဖူး သူ့ကျေးဇူး၊ တစ်ဆုပ်ပေးဖူးသူ့ကျေးဇူး၊ အဲဒီကျေးဇူး အထူးဆပ်နိုင်တာ ကတညုတာ လောကီမင်္ဂလာ ဖြစ်ပါတယ်။

### လောကုတ္တရာ ကတညုတာ မင်္ဂလာ

(၁) လောကုတ္တရာပညာဖြင့် အသိဉာဏ်ပေး ကျေးဇူးဆပ်တာ ကတညုတာမင်္ဂလာ။

(၂) ဒုက္ခသစ္စာမြင်ရေး အသိဉာဏ်ပေး ကျေးဇူးဆပ်တာ ကတညုတာမင်္ဂလာ။

(၃) သမုဒယသစ္စာ မဖြစ်ရေး အသိဉာဏ်ပေး ကျေးဇူးဆပ်တာ ကတညုတာမင်္ဂလာ။

www.burmeseclassic.com

www.burmeseclassic.com



(၄) နိရောဓသစ္စာ မျက်မှောက်ပြုရေး အသိဉာဏ်ပေး ကျေးဇူးဆပ်တာ ကတညုတာမင်္ဂလာ။

(၅) မဂ္ဂသစ္စာ အမှန်မြင်ရေး အသိဉာဏ်ပေး ကျေးဇူးဆပ်တာ ကတညုတာ မင်္ဂလာ။

(၆) အနိစ္စနှင့် အနိစ္စလက္ခဏာ အမှန်မြင်ရေး အသိဉာဏ်ပေး ကျေးဇူး ဆပ်တာ ကတညုတာမင်္ဂလာ။

(၇) ဒုက္ခနှင့် ဒုက္ခလက္ခဏာ အမှန်မြင်ရေး အသိဉာဏ်ပေး ကျေးဇူး ဆပ်တာ ကတညုတာမင်္ဂလာ။

(၈) အနတ္တနှင့် အနတ္တလက္ခဏာ အမှန်မြင်ရေး အသိဉာဏ်ပေး ကျေးဇူးဆပ်တာ ကတညုတာမင်္ဂလာ။

**မှတ်ချက်။** သင်္ခါရလောက လွန်မြောက်မှ လောကုတ္တရာ ဖြစ်တယ်။

အရှင်သာရိပုတ္တရာဟာ အရှင်အဿဇိရဲ့ ကျေးဇူးကို အမြဲတမ်း သတိရနေတာ ကတညုတာမင်္ဂလာ။

အရှင်သာရိပုတ္တရာဟာ ရှုပသာရိပုဏ္ဏေးမကြီးရဲ့ ကျေးဇူးကို သောတာ ပတ္တိမဂ် အသိဉာဏ်ပေး ကျေးဇူးဆပ်တာ ကတညုတာ မင်္ဂလာ။

## (၂၆) **ကာလေန ဓမ္မဿဝနံ။** (ခုဒ္ဒကပါဌ။ ၄)

### ဓမ္မဿဝန (၂)မျိုး

| (လောကီ) ဓမ္မဿဝန | ဓမ္မဿဝန (လောကုတ္တရာ) |
|---|---|
| ဒါနကထာ | နေက္ခမ္မာနိသံသကထာ |
| သီလကထာ | သစ္စာ(၄)ပါး |
| သဂ္ဂကထာ | မဂ် (၄)ပါး |
| ကာမာဒီနဝကထာ | အသင်္ခတ-(နိဗ္ဗာန်) |
| လောကီသုခ မျိုးစုံရ | လောကုတ္တရာသုခ မင်္ဂဖိုလ်ရ |

www.burmeseclassic.com

www.burmeseclassic.com



ကာလေန၊ မကြာမကြာ အခါခါ၌။ ဓမ္မသာကစ္ဆာ၊ ကုသိုလ် ပွားရာ၊ အလိမ္မာပွားကြောင်း၊ သူတော်ကောင်းအား၊ ဆည်းကပ် ပြား၍၊ တရားဓမ္မ၊ နာခံရခြင်းသည် လည်းကောင်း။

ကာလေန ဓမ္မသာကစ္ဆာ နာမ ယသ္မိံ ကာလေ ဥဒ္ဓစ္စသဟဂတံ စိတ္တံ ဟောတိ ကာမဝိတက္ကာဒီနံ ဝါ အညတရေန အဘိဘူတံ၊ တသ္မိံ ကာလေ တေသံ ဝိနောဒနတ္ထံ ဓမ္မသာကစ္ဆာ။ (ခုဒ္ဒကပါဠ၊ ၅။ ၂၄)

ပျံ့လွင့်တဲ့ ဥဒ္ဓစ္စစိတ် ဖြစ်ပေါ်နေတဲ့အခါ, ကာမဝိတက် စသည် တို့တွင် တစ်ပါးပါး အနှိပ်စက်ခံနေရတဲ့အခါမှာ ဥဒ္ဓစ္စနှင့် ဝိတက်တို့ကို ပယ်ဖျောက်ခြင်းငှာ တရားတော်ကို နာကြားခြင်းသည် ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာ ဖြစ်ပါတယ်။

ဥဒ္ဓစ္စနှင့် ကာမစသော ဝိတက်များ ပယ်ဖျောက်နိုင်ရန် တရား နာရမယ်၊ စိတ်ပျံ့လွင့်နေတဲ့အခါ ကာမဝိတက် စသည်တို့တွင် တစ်ပါးပါး လွှမ်းမိုးနှိပ်စက်နေတဲ့အခါများမှာ ဥဒ္ဓစ္စနှင့် ကာမစသော ဝိတက်တို့ကို ပယ်ဖျောက်ခြင်းငှာ တရားတော် နာကြားခြင်းကို ကာလေန ဓမ္မသာကစ္ဆာဟု ဆိုလိုပါတယ်။

ပဉ္စမေ ပဉ္စမေ ဒိဝသေ ဓမ္မသာကစ္ဆာ ကာလေန ဓမ္မသာကစ္ဆာ နာမ။ ယထာဟ-အာယသ္မာ အနုရုဒ္ဓေါ ပဉ္စာဟိကံ ခေါ ပန မယံ ဘန္တေ သဗ္ဗရတ္တိံ ဓမ္မိယာ ကထာယ သန္နိသီဒါမ။ (မ၊ ၁။ ၂၆၈)(ဝိ၊ ၃။ ၄၉၉)

စိတ်ပျံ့လွင့်သည်ဖြစ်စေ၊ မပျံ့လွင့်သည်ဖြစ်စေ ကာမ ဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက် နှိပ်စက်သည်ဖြစ်စေ၊ မနှိပ်စက်သည် ဖြစ်စေ ငါးရက်တစ်ကြိမ်၊ ငါးရက်တစ်ကြိမ် တရားတော်နာခြင်းကို **ကာလေန ဓမ္မသာကစ္ဆာ** ဟု ခေါ်ဆိုရပါတယ်။

ငါးရက်တစ်ကြိမ် တရားနာခြင်းကို ကာလေန ဓမ္မသာကစ္ဆာ ဟု အပရေဆရာတို့ ဆိုကြောင်းကို အဋ္ဌကထာ၌ ဖွင့်ထားပါတယ်။ အရှင် အနုရုဒ္ဓါက မြတ်စွာဘုရားကို "တပည့်တော်တို့ (၅)ရက် တစ်ကြိမ်၊ (၅)ရက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ် အစည်းအဝေး ပြုလုပ်ပြီး ညလုံးပေါက် တရားစကား ပြောဆို ဆွေးနွေးကြပါတယ်" ဟု လျှောက်ထားပါတယ်။

မာသဿ အဋ္ဌဝါရေ ဓမ္မကထာ အနုညာတာ။(အံ၊ ၄၊ ၂။၈၉) တစ်လ(၈)ကြိမ် တရားဟောမှု ခွင့်ပြုတော်မူသည်ဟု အဋ္ဌကထာ၌ ဖွင့်ဆို ထားပါတယ်။ (၈)ကြိမ်ဆိုသည်မှာ လဆန်း,လဆုတ် (၅)ရက်၊ (၈)ရက်၊ (၁၄)ရက်၊ (၁၅)ရက်များ ဖြစ်ပါတယ်။

အပိစ ယသ္မိံ ကာလေ ကလျာဏမိတ္တေ ဥပသင်္ကမိတွာ သက္ကာ ဟောတိ အတ္တနော ကင်္ခါပဋိဝိနောဒကံ ဓမ္မံ သောတုံ၊ တသ္မိံ ကာလေပိ ဓမ္မဿဝနံ ကာလေန ဓမ္မဿဝနန္တိ ဝေဒိတဗ္ဗံ။ ယထာဟ "တေ ကာလေန ကာလံ ဥပသင်္ကမိတွာ ပရိပုစ္ဆတိ ပရိပဉှတီ"တိ အာဒိ။ (ခုဒ္ဒကပါဌ၊ ၄။ ၁၂၄)

ကလျာဏမိတ္တဖြစ်တဲ့ သူတော်ကောင်း မိတ်ဆွေသင်္ဂဟတို့ကို ဆည်းကပ်မှီဝဲ ယှဉ်တွဲ ဆက်ဆံပြီး မိမိ၏ ယုံမှားသံသယကို ပယ်ဖျောက် နိုင်တဲ့ တရားကို ကြားနာခြင်းငှာ စွမ်းနိုင်လောက်တဲ့ အခါကောင်း အခွင့်ကောင်း၌ ယုံမှားသံသယကို ပယ်ဖျောက်နိုင်တဲ့ တရားတော်ကို နာကြား မှတ်သားခြင်းကို **ကာလေန ဓမ္မဿဝန** ဟု ခေါ်ပါတယ်။

အကြင်အခါ သူတော်ကောင်းဖြစ်တဲ့ ကလျာဏမိတ်ဆွေ သင်္ဂဟ တို့ကို ချဉ်းကပ်၍ မိမိ၏ ယုံမှားသံသယကို ပယ်ဖျောက်တတ်တဲ့ တရား စကားကို နာကြားခြင်းငှာ စွမ်းနိုင်တယ်။ ထိုအခါ တရားနာခြင်းသည် ကာလေန ဓမ္မဿဝနဟု ခေါ်ဆိုပါတယ်။ ဤစကားဖြင့် ရက်သတ်မှတ် ချက်မှာ လိုရင်းမဟုတ်ပါ။ တရားနာရန် သင့်လျော်တဲ့အခါ၊ မသင့်လျော်တဲ့ အခါဟူ၍ မရှိပါ။ တရားဟောပုဂ္ဂိုလ် အခန့်သင့်ရှိ၍ မိမိက အခွင့်သာတဲ့ အခါဟာ တရားနာရန် လျော်ကန်သင့်မြတ်တဲ့အခါ ဖြစ်ပါတယ်။

တဒေတံ ကာလေန ဓမ္မဿဝနံ နီဝရဏပ္ပဟာနစတုရာနိသံသ အာသဝက္ခယာဒိနာနပ္ပကာရဝိသေသာဓိဂမဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗံ။ (ခုဒ္ဒကပါဌ၊ ၄။ ၁၂၄)

www.burmeseclassic.com

www.burmeseclassic.com



ဤကာလေန ဓမ္မသာဝနကိုပင် နိဗ္ဗာန်ရေးတရားတို့ကို ပယ်နိုင်ခြင်း စတဲ့ အကျိုးထူးတရားထူးကို ရခြင်း၏အကြောင်းဖြစ်သောကြောင့် မင်္ဂလာဟူ၍ပင် ခေါ်ဆိုပညတ် သမုတ်အပ်ပါတယ်။

**ဓမ္မသာဝန=တရားနာရကျိုး (၅)ပါး**

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ဓမ္မသာဝနေ။ ကတမေ ပဉ္စ၊ အဿုတံ သုဏာတိ၊ သုတံ ပရိယောဒါပေတိ၊ ကင်္ခံ ဝိတရတိ၊ ဒိဋ္ဌိံ ဥဇုံ ကရောတိ၊ စိတ္တမဿ ပသီဒတိ။ (သံ၊ ၁။၂၁၆)

(၁) မကြားဖူးသည်ကို ကြားနာရခြင်း၊
(၂) ကြားဖူးပြီးသည်ကို စင်ကြယ်စေခြင်း၊
(၃) ယုံမှားသံသယကို လွန်မြောက်စေခြင်း၊
(၄) အယူကို ဖြောင့်မှန်အောင် ပြုလုပ်ပေးတတ်ခြင်း၊
(၅) စိတ်ကြည်လင်ခြင်း။

ဤငါးပါးတို့တွင် စိတ်ကြည်လင်ခြင်းဟာ လွန်စွာအရေးကြီးပါတယ်။ စီးပွားရေး, ပညာရေး, ကျန်းမာရေး, ဆွေရေး, မျိုးရေး စသည်တို့ကြောင့် စိတ်မချမ်းသာ သောကရောက်နေတဲ့အခါမှာ တရားနာဖို့ အလွန် သင့်လျော်တဲ့အခါ ဖြစ်ပါတယ်။ ဟောပြောတဲ့ ပုဂ္ဂိုလ်ရဲ့ စွမ်းအားအပေါ် မူတည်ပြီး ဖြစ်ပေါ်နေတဲ့ သောကစိုးရိမ်ပူဆွေးမှုများဟာ တခဏချင်း ပျောက်ကင်း ငြိမ်းအေးသွားနိုင်ပါတယ်။

ကာလေန ဓမ္မသာဝန မင်္ဂလာနှင့်အညီ မိမိစိတ်တွေ မကြည် မလင် ဖြစ်နေတဲ့အခါ စိတ်ကြည်လင်လာအောင် တရားနာဖို့ သင့်လျော်တဲ့အခါ ဖြစ်ပါတယ်။

ဥပမာ လောဘစိတ် အားကြီး၍တစ်စုံတစ်ခုကို လိုချင်တပ်မက် နေသက်နေတဲ့အခါ ထိုစိတ် ပျောက်သွားအောင် တရားနာသင့် တဲ့အချိန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ ဒေါသကြီး၍ သတ်ချင် ဖြတ်ချင် ဖြစ်နေတဲ့အခါ ထိုစိတ်အေးသွားအောင် တရားနာသင့်တဲ့အချိန် ဖြစ်ပါတယ်။

သဒ္ဓါတရား အလွန်ထက်သန်နေတဲ့အခါ ထိုသဒ္ဓါတရား တိုးပွားလာသည်ထက် တိုးပွားလာအောင် တရားနာသင့်တဲ့အချိန် ဖြစ်ပါတယ်။ ထိုသို့ တရားနာခြင်းသည် စိတ်မသာမယာဖြစ်မှု စိတ်မချမ်းသာမှုများ ကင်းရှင်းစေပြီး စိတ်အေးချမ်းသာယာမှုများ တိုးပွားလာနိုင်သောကြောင့် ကြီးပွားချမ်းသာခြင်းရဲ့ မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။ တရားဟောမည့် ပုဂ္ဂိုလ်မရှိလျှင် တရားသဘောပေါက် ဝိပဿနာဉာဏ် အမြင်မှန်ရောက်အောင် ရေးထားတဲ့ကျမ်းစာများကို ဖတ်ရှုပေးရမှာ ဖြစ်ပါတယ်။ သူများဖတ်နေသည်ကို နားထောင်ခြင်း မျိုးဟာလည်း တရားနာခြင်းပင် ဖြစ်ပါတယ်။

**အခါအားလျော်စွာ တရားနာယူခြင်း**

သူတော်ကောင်းတို့၏ အထံမှ တရားစကားကို အခါအခွင့်သင့်တိုင်း နာခံမှတ်သားရမှာ ဖြစ်ပါတယ်။သူတော်ကောင်းတရားကို နာကြားရမှ သူတော်ကောင်းစိတ်ဓာတ် ဖြစ်ပေါ်လာနိုင်ပါတယ်၊ သူတော်ကောင်းရဲ့အကျင့်ကို ကျင့်ကြံအားထုတ်တတ်ပါတယ်၊ သူတော်ကောင်းနည်းနာနိဿယကို ရ၍ စနစ်တကျ နည်းမှန်လမ်းမှန်တဲ့ သူတော်ကောင်း တစ်ယောက် ဖြစ်နိုင်ပါတယ်၊ သူတော်ကောင်းထံမှ တရားစကားကို မကြားနာရတဲ့ သူဟာ မိမိကိုယ်တိုင် သူတော်ကောင်းအဖြစ်ဖြင့် မိမိစီးပွား သူတစ်ပါးစီးပွားကို ဆောင်ရွက်ပြုလုပ်ပေးသော်လည်း သူတော်ကောင်း မဖြစ်နိုင်ပါ၊ သူတော်ကောင်းစိတ်၊ သူတော်ကောင်းအလုပ်၊ သူတော်ကောင်းရဲ့ အနေအထား၊ သူတော်ကောင်းရဲ့ အမူအရာမဖြစ်ဘဲ အမှားမှား အယွင်းယွင်းဖြင့် စီးပွားချမ်းသာမဲ့ကိုသာ ပြုလုပ်မိတတ်ပါတယ်။ ထို့ကြောင့် ရံခါရံခါ သူတော်ကောင်းများထံ သွားရောက် ဆည်းကပ်၍ သူတော်ကောင်း တရားများကို ကြားနာရမှာ ဖြစ်ပါတယ်။

မင်္ဂလာတရား ကျင့်စဉ်အလုပ်ကို အားထုတ်တဲ့သူဟာ အဖန်ဖန် အထပ်ထပ် ဆင်ခြင်ကြည့်ရင် ပစ္စုပ္ပန်ကြီးပွားရေးမှာလဲ လိုလေးသေး

www.burmeseclassic.com

www.burmeseclassic.com



မရှိ ပြည့်စုံနိုင်ပါတယ်။ အရေးအကြီးဆုံးက ကိုယ်ရေး ကိုယ်တာပါပဲ။ တကယ်တမ်း တမလွန်အရေးက သိပ်မဝေးတော့ဘူး၊ ဒါ့ကြောင့် ဘုရားရှင်က အများသတ္တဝါတို့ကို သနားတော်မူလို့ တရားနာဖို့ရန် ဟောပြတော်မူထားတာပါ။ ဒီတော့ တရားနာရင် ဓမ္မဿဝနမင်္ဂလာ ဖြစ်ပါတယ်။ တရားနာလိုက်တဲ့အခါ မကြားရ မသိရဖူးသေးတဲ့ နာမ်ရုပ်နှစ်ပါး ဝိပဿနာတရားများကို ကြားဖူးလာတယ်၊ ကြားဖူးတာကို ထပ်ကာတလဲလဲ ကြားရပြန်တော့ သန့်ရှင်း ခိုင်မြဲတဲ့ အရသာ၊ အယူဖြောင့်မှန်ပြီး သဒ္ဓါယ ဒိဋ္ဌိစင်တဲ့ အရသာ၊ သို့လော သို့လော တွေးတောကြံဆ ယုံမှားသံသယ ကင်းစင်တဲ့ အရသာ၊ စိတ်ဓာတ် ကြည်လင် အလွန်အေးမြ ချမ်းသာတဲ့ အရသာတွေဟာ ဓမ္မဿဝန မင်္ဂလာကြောင့် ရရှိဖြစ်ပေါ်လာကြတာ ဖြစ်ပါတယ်။

## လောကီ ဓမ္မဿဝန မင်္ဂလာ

လောကရဲ့ နေရေး ထိုင်ရေး ကြီးပွါးချမ်းသာရေး စသည်တို့ကို ဟောကြားတော်မူတဲ့ ဒီဃနိကာယ် သုတ်ပါထေယျပါဠိတော် သိင်္ဂါလ သုတ်မှာလာတဲ့ မိဘဝတ် (၅) ပါး၊ သားသမီးဝတ် (၅) ပါး၊ စသည်ဖြင့် ဟောကြားတော်မူထားသည်ကို နာကြားရခြင်းသည် လောကီ ဓမ္မဿဝန မင်္ဂလာ ဖြစ်ပါတယ်။

## လောကုတ္တရာ ဓမ္မဿဝန မင်္ဂလာ

သမထဝိပဿနာဉာဏ် အမြင်မှန်ဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရှိပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ တရားတော်ကို နာကြားရခြင်းသည် လောကုတ္တရာဓမ္မဿဝန မင်္ဂလာ ဖြစ်ပါတယ်။

မှတ်ချက်။ ဝိပဿနာဉာဏ်မပါတဲ့ ဒါန၊ သီလ၊ သမထ ကုသိုလ်များသည် လောကီမင်္ဂလာ ဖြစ်ပါတယ်၊ ဝိပဿနာဉာဏ်အမြင်မှန်ဖြင့် လောကမှ လွတ်မြောက်သွားလျှင် လောကုတ္တရာ ဓမ္မဿဝနမင်္ဂလာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လောကတော ဥတ္တရန္တီတိ လောကုတ္တရာ။ (ပဋိသံ။ ၃၄၉)
အကြောင်းသင်္ခါရလောကမှ လွတ်မြောက်ခြင်းကို ဆိုပါတယ်။

ကထာ (၅) ချက် ဒေသနာ

(၁) ဒါနကထာ။ ဒါနနှင့်စပ်တဲ့ တရားစကား၊ ဒါနအကျိုး မြင့်မြတ်ပုံ။

ဒါနကျေးဇူး ဂုဏ်အထူးတို့ကို ချီးကျူး ပြောဆိုပြီး ဒါနကြောင့် ဘယ်ဘုံဘယ်ဌာန၊ ဘယ်ဘဝ ရောက်ရောက် ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာခြင်း စတဲ့ အကျိုးတရားများကို ခံစားရပုံ အလုံးစုံကို အကျယ်တဝင့် ဝေဖန် ဟောကြားတော်မူပါတယ်။

(၂) သီလကထာ။ သီလနှင့်စပ်တဲ့ တရားစကား၊ သီလအကျိုး တရား မြင့်မြတ်ပုံ။

သီလကျေးဇူး ဂုဏ်အထူးတို့ကို ချီးမွမ်း ပြောဆိုပြီး၊ သီလကြောင့် ဘယ်ဘုံ ဘယ်ဌာန၊ ဘယ်ဘဝ ရောက်ရောက် အသက်တမ်းရှည်ခြင်း၊ ကျန်းမာခြင်း စတဲ့ အကျိုးတရားများခံစားရပုံကို အကျယ်တဝင့် ဟောကြားတော်မူပါတယ်။

(၃) သဂ္ဂကထာ။ နတ်ပြည်နှင့်စပ်တဲ့ တရားစကား၊ အကျိုးများကို ပြဆိုပုံ။

နတ်ပြည်ကျေးဇူး ဂုဏ်အထူးတို့ကို ချီးမွမ်း ပြောဆိုပြီး နတ်တို့ရဲ့ စည်းစိမ်ချမ်းသာ ခံစားရပုံ တွေကို အကျယ်တဝင့် ဟောကြားတော်မူပါတယ်။

(၄) ကာမာဒီနဝကထာ။ ဝတ္ထုကာမ၊ ကိလေသာကာမတို့၏ အပြစ်များ ကို ပြဆိုပုံ။

ဝတ္ထုကာမဖြစ်တဲ့ အဆင်းမျိုးစုံ ရူပါရုံ စတဲ့ ငါးဖြာ အာရုံ ကာမဂုဏ်တို့နှင့် ကိလေသာကာမ ဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



တပ်မက်နှစ်သက် သာယာလိုချင်တဲ့ စိတ်များရဲ့ ယုတ်ညံ့နေပုံ၊ အောက်တန်းကျနေပုံ အလုံးစုံကို အကျယ်တဝင့် ဟောတော်မူပြီး ဒါနနှင့်သီလကြောင့် နတ်ပြည်သို့ ရောက်ကြရ သော်လည်း အိုနာ သေရေး ဒုက္ခဘေးတို့မှ မလွတ်နိုင်ကြပုံ၊ သံသရာထဲက မထွက်နိုင်ဘဲ တဝဲလယ်နေရပုံ၊ ဒုက္ခမျိုးစုံတို့နှင့် တွေ့ကြုံနေသည်တို့ကို ငြီးငွေ့ရန်အတွက် ဟောကြားတော်မူပါတယ်။

(၅) နေက္ခမ္မာနိသံသကထာ။ ကာမမှ လွတ်မြောက်တဲ့ ကုသိုလ်တရား၊ ဈာန်တရား၊ မဂ်တရား၊ နိဗ္ဗာန်တရားတို့၏ အကျိုးကျေးဇူးဂုဏ်အထူးကိုးပြဆိုပုံ။

ဝတ္ထုကာမ ကိလေသာကာမတို့မှ လွတ်မြောက်ရန် အားထုတ် အလုပ်လုပ်ဖို့ ဝိပဿနာဉာဏ် အမြင်မှန်ဖြစ်တဲ့ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ-ဆိုတဲ့ သစ္စာလေးပါး မြတ်တရားဒေသနာတော်ကို ဟောကြား တော်မူပါတယ်။

(၂၇) ခန္တီ စ (ခုဒ္ဒကပါဌ။ ၄)

## ခန္တီ (၂)မျိုး

| (လောကီ) ခန္တီ | ခန္တီ (လောကုတ္တရာ) |
|---|---|
| ══ × × ══ | ══ × × ══ |
| အက္ကောသ ဆယ်ပါးတွင် | တဏှာ၊ မာန၊ ဒိဋ္ဌိမယှဉ် |
| အဓိဝါသန ခန္တီဝင် | တဏှာ၊ ဥပါဒါန်စသည် မဝင် |
| ဆင်းရဲဒုက္ခ စသည်ယှဉ် | သစ္စာ (၄)တန် အမြင်မှန် |
| သတိကပ်၍ ဆင်ခြင် | လက္ခဏာရေး(၃)တန် အသိဉာဏ် |
| ══ × × ══ | ══ × × ══ |
| လောကီသုခ ချမ်းသာရ | လောကုတ္တရာသုခ ချမ်းသာရ |

www.burmeseclassic.com

www.burmeseclassic.com



ခန္တီ၏၊ ချမ်းသာတွေ့သော်လည်း မတက်ကြွ၊ ဒုက္ခတွေ့သော် လည်း စိတ်မပျက်၊ အမျက်မထန် သည်းခံရခြင်းသည် လည်းကောင်း။

ခန္တီ နာမ အဓိဝါသနက္ခန္တိ၊ တာယ သမန္နာဂတော ဘိက္ခု ဒသဟိ အက္ကောသဝတ္ထူဟိ အက္ကောသန္တေ ဝဓဗန္ဓာဒီဟိ ဝါ ဝိဟေသန္တေ ပုဂ္ဂလေ အသုဏန္တော ဝိယ အပဿန္တော ဝိယ စ နိဗ္ဗိကာရော ဟောတိ ခန္တိဝါဒီ ဝိယ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၅)

## ခန္တီမည်ပုံ

ဆယ်ပါးသော အက္ကောသဝတ္ထုတို့ဖြင့် အမျိုးမျိုးအဖုံဖုံ ဆဲရေးသူတို့ကိုလည်းကောင်း၊ သတ်ဖြတ်နှောင်ဖွဲ့ခြင်း စသည်တို့ဖြင့် ညှဉ်းဆဲနှိပ်စက်တဲ့ သူတို့ကိုလည်းကောင်း မကြားသလို မမြင်သလို မကြားသယောင် မမြင်သယောင် ဟန်ဆောင်မရှိ ကိုယ်လက်နှုတ်ဟန် ဖောက်ပြန် ပြောင်းလဲခြင်း မရှိ၊ ခန္တီဝါဒီ ရသေ့သူမွန်ကဲ့သို့ စိတ်ဓာတ် မှန်ကန် အသိဉာဏ်ဖြင့် သည်းခံခြင်း အဓိဝါသနခန္တီသည် ခန္တီ မည်ပါတယ်။

သာ ပနေသာ ခန္တီ စေတသဥ္ စ ကမ္မ ဝဏ္ဏိတာနံ အညေသဥ္ စ ဂုဏာနံ အဓိဂမဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗာ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၆)

ထိုအဓိဝါသန ခန္တီကိုပင် ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ သာဝက၊ ဣသိ၊ ဒေဝ အပေါင်း သူတော်ကောင်းတို့က ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ချီးမွမ်း ထောမနာအပ်သည့် ဂုဏ်ကိုရခြင်း၊ နတ်ရွာသုဂတိ မင်္ဂဖိုလ် နိဗ္ဗာန်သို့ ရောက်ကြောင်း ဂုဏ်ကိုရခြင်း၏ အကြောင်းဖြစ်လို့ မင်္ဂလာဟူ၍ပင် ခေါ်ဆိုပညတ် သမုတ်အပ်ပါတယ်။

### အက္ကောသ=ဆဲရေးခြင်း (၁၀) ပါး

ဩမသဝါဒေါ နာမ ဒသဟိ အာကာရေဟိ ဩမသတိ ဇာတိယာပိ နာမေနပိ ဂေါတ္တေနပိ ကမ္မေနပိ သိပ္ပေနပိ အာဗာဓေနပိ လိင်္ဂေနပိ ကိလေသေနပိ အာပတ္တိယာပိ အက္ကောသေနပိ။ (ဝိ၊ ၂။ ၈)

www.burmeseclassic.com

www.burmeseclassic.com



(၁) ဇာတိ ၊ အမျိုးကို ထိခိုက်၍ ပြောဆိုခြင်း၊

(၂) နာမ ၊ အမည်နာမကို ထိခိုက်၍ ပြောဆိုခြင်း၊

(၃) ဂေါတ္တ ၊ အနွယ်ကို ထိခိုက်၍ ပြောဆိုခြင်း၊

(၄) ကမ္မ ၊ အလုပ်အကိုင်ကို ထိခိုက်၍ ပြောဆိုခြင်း၊

(၅) သိပ္ပ ၊ အတတ်ပညာကို ထိခိုက်၍ ပြောဆိုခြင်း၊

(၆) အာဗာဓ ၊ အနာရောဂါကို ထိခိုက်၍ ပြောဆိုခြင်း၊

(၇) လိင် ၊ အသွင်သဏ္ဌာန်ကို ထိခိုက်၍ ပြောဆိုခြင်း၊

(၈) ကိလေသ ၊ တဏှာကိလေသာနှင့် ပတ်သက်တဲ့ စွပ်စွဲပြောဆို ခြင်း၊

(၉) အာပတ္တိ ၊ အာပတ် ခုနစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် စွပ်စွဲပြောဆိုခြင်း၊

(၁၀)အက္ကောသ၊ ဆဲခြင်းအမျိုးမျိုးဖြင့် ဆဲရေးပြောဆိုခြင်း၊

တတ္ထ ကတမာ ခန္တိ၊ ယာ ခန္တိ ခမနတာ အဓိဝါသနတာ အစဏ္ဍိက္ကံ အနသုရောပေါ အတ္တမနတာ စိတ္တဿ။ (အဘိ၊ ၁။၂၆၀)

တတ္ထ၊ ထိုစကားရပ်၌။ ကတမာ၊ အဘယ်သဘောတရားသည်။ ခန္တိ၊ ခန္တိ မည်သနည်း။ စိတ္တဿ၊ စိတ်၏။ ခမနတာ၊ သည်းခံခြင်း၏အဖြစ်သည်။ အဓိဝါသနတာ၊ သူတပါးတို့သည် မကောင်းသဖြင့် ပြုအပ်သော အမှု မကောင်းသဖြင့် ပြောဆိုအပ်သောစကားကို ဆန့်ကျင်ဘက် မပြုသဖြင့် မိမိအပေါ်၌ နေစေသည်၏ အဖြစ်သည်။ အစဏ္ဍိက္ကံ၊ အမျက်မထွက်ခြင်း သည်။ အနသုရောပေါ၊ သူတပါးတို့၏ မျက်စိတို့၏ မျက်ရေကို မဖြစ်စေ ခြင်းသည်။ အတ္တမနတာ၊ နှစ်သက်ခြင်းနှင့် တကွ ဖြစ်သောစိတ်အားဖြင့် မိမိ၏ စိတ်ရှိသည်၏ဖြစ်သည်။ ခန္တိ၊ ခန္တိမည်၏။

သည်းခံခြင်းဆိုတာ အချမ်း၊ အပူ၊ ဆာလောင်မွတ်သိပ်ခြင်း၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ပျား၊ ကင်း၊ သန်းတို့၏ ကိုက်ခဲခြင်း၊ အတွေ့, မကောင်းသဖြင့် ပြုကျင့် ပြောဆို ကြံစည်တတ်တဲ့ အရာ၊ ကိုယ်သန္တာန်၌ ဖြစ်ပေါ်လာတဲ့ ဒုက္ခဝေဒနာတို့ကို သည်းခံခြင်းစသည်ဖြင့် များစွာရှိပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥတု စသည်တို့ကြောင့် အလိုအလျောက် ဖြစ်ပေါ်လာတဲ့ ဒုက္ခဝေဒနာတို့ကို အနိဋ္ဌ၊ ဒုက္ခ၊ အနတ္တဟူ၍ ဆင်ခြင်သောအားဖြင့် လည်းကောင်း၊ ရှေးက ပြုလုပ်ခဲ့ဖူးသည်များကို ဆင်ခြင်သော အားဖြင့်လည်းကောင်း၊ စိုးရိမ်ပူပန်ခြင်း စသည့်တို့၏အကျိုး မရှိသည်၏ အဖြစ်ကိုလည်းကောင်း ဆင်ခြင်စဉ်းစားပြီး ကြိုးစား၍ သည်းခံရမှာ ဖြစ်ပါတယ်။

အာသီသေထေဝ ပုရိသော၊ ယာဝ အတ္ထဿ နိပ္ဖဒါ။
နိပ္ဖန္နသောဘဏော အတ္ထော၊ ခန္တာ ဘိယျော န ဝိဇ္ဇတိ။
(ဇာတက၊၁။ ၁၃)၊ (အံ၊ ၄၊ ၁။ ၁၀၂)

ပုရိသော၊ လူရည်ထူးခြား မင်းယောကျာ်းသည်။ ယာဝ အတ္ထဿ နိပ္ဖဒါ၊ မိမိအလိုရှိအပ်သော အကျိုးပြီးဆုံးသည် တိုင်အောင်။ အာသီသေထေဝ၊ သည်းခံ၍ အားထုတ်လိုသော အာသာဆန္ဒကို ဖြစ်စေရာ၏။ နိပ္ဖန္န၊ နိပ္ဖန္နော၊ ပြီးစီးဖြစ်မြောက်သော။ အတ္ထော၊ အကျိုးသည်။ သောဘဏော၊ တင့်တယ် ကောင်းမြတ်၏။ ခန္တာ၊ သည်းခံခြင်းထက်။ ဘိယျော၊ လွန်ကဲထူးမြတ်သော တရားသည်။ န ဝိဇ္ဇတိ၊ မရှိ။

သည်းခံခြင်းဆိုတာ သူတပါးတို့က ဆဲရေးခြင်း(၁၀)မျိုးတို့ဖြင့် ဆဲရေးခြင်း၊ နှောင်ဖွဲ့ရိုက်နှက်နှိပ်စက်ခြင်း၊ ကြမ်းကြုတ်ရက်စက်ခြင်းများနှင့် တွေ့ဆုံလာခဲ့သော်လည်းကောင်း၊ ငါးဖြာအာရုံ ကာမဂုဏ်တို့နှင့် တွေ့ကြုံလာခဲ့သော်လည်းကောင်း ကိုယ်နှုတ်စိတ်တို့ဖြင့် ဖောက်ပြန်ခြင်းမရှိ၊ တက်ကြွထောင်လွှားမှုမရှိ၊ ဒေါသထွက်မှုမရှိအောင် နေနိုင်ခြင်းကို သည်းခံခြင်းဟု ခေါ်ဆိုပါတယ်။

လိုရင်းချုပ်ပြောရလျှင် လောကဓံ (၈)ပါးနှင့် တွေ့ကြုံလာလျှင် လောဘ၊ ဒေါသတို့ ဖြစ်ပေါ်မလာအောင် စိတ်ကို ချုပ်တည်းလျက် နှိပ်ကွပ်နိုင်ခြင်းကို သည်းခံခြင်းဟု ခေါ်ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ကြောက်၍ သည်းခံခြင်း၊ မနိုင်၍ သည်းခံခြင်း၊ မရှိ၍ သည်းခံခြင်းတို့သည် သည်းမခံခြင်းနှင့် နှိုင်းစာလျှင် သက်သာခွင့် ချမ်းသာခွင့် ရှိကန်သလောက် ရှိသောကြောင့် အညံ့စား ခန္တီမျိုးပင် ဖြစ်ပါတယ်။

ခန္တီ၊ သူတကာ ဆဲရေးရိုက်ပုတ်မှု စသည် ပြုလာသော် တုံ့ပြန်မှုကင်း ဖေါက်ပြန်ခြင်းမရှိ ကျေနပ်စွာ လက်ခံခြင်းကို သည်းခံခြင်းဟု ခေါ်ဆိုရပါတယ်။

ခန္တီအရာ၌ အဓိဝါသနခန္တီကို ယူရမည်ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုထားပါတယ်။

အချို့အရာ၌ အလို၊ အကြိုက်၊ နှစ်သက်ခြင်းအနက်များကို ခန္တီ သဒ္ဒါက ဟောပါတယ်။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တီ (ခေါ်)ဉာဏ်ပညာဖြင့် ဆင်ခြင်လျက် ကျေနပ်ဆုံးဖြတ်ခြင်း ခန္တီလည်း ရှိပါသေးတယ်။ ထိုခန္တီမျိုး မဟုတ်တဲ့ သည်းခံခြင်း ခန္တီကို ဤနေရာ၌ ယူရမည်ဟု သိစေလို၍ အဓိဝါသနက္ခန္တီ-ဟု အဋ္ဌကထာ ဖွင့်ဆိုထားခြင်း ဖြစ်ပါတယ်။

အဓိ၊ မိမိရဲ့အပေါ်၌။ ဝါသန၊ နေစေတယ်။

သူတကာ ဆဲရေးခြင်း စသည်တို့ကြောင့် ပြန်လှန်ဆဲရေး ရိုက်ပုတ်ခဲ့လျှင် မိမိအပေါ်မှာ ခန္တီတရား လက်မခံဘဲ ပယ်လှန်ပစ်သည် မည်ပါတယ်။ ထိုကဲ့သို့မဟုတ်ဘဲ ပြန်လှန်ဆန့်ကျင်ဘက်မပြုဘဲ သည်းခံနေခဲ့လျှင် မိမိအပေါ်မှာ ခန္တီတရား တည်ရှိနေသည် မည်ပါသည်။ ထို့ကြောင့် အဓိဝါသနဟာ သည်းခံခြင်းပင် ဖြစ်ပါတယ်။ အချမ်း၊ အပူ၊ မှက်၊ ခြင် စသည်ကို သည်းခံခြင်းသည်လည်း အဓိဝါသနခန္တီပင် မည်ပါတယ်။ များစွာ ကိစ္စအဝဝကြောင့် စိတ်ဆိုးခြင်း၊ စိတ်မချမ်းသာခြင်း စသည်ကို ဖြစ်စေနိုင်သောကြောင့် ထိုကိစ္စများစွာ တွေ့ကြုံရတဲ့အခါ သည်းခံရမှာ ဖြစ်ပါတယ်။

ဤခန္တီအကျင့်သည် အလွန်ကျင့်နိုင်ခဲတဲ့အကျင့် ဖြစ်တယ်။ ခန္တီဖြင့် အောင်နိုင်ခြင်းကို "အမှန်တကယ်အောင်နိုင်ခြင်း"ဟု အသိအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ပြုရပါတယ်။ **"သည်းခံ နိဗ္ဗာန်ရောက်"**ဆိုတဲ့အတိုင်း ခန္တီဟာ တကယ် နိဗ္ဗာန်ရောက် ကြောင်းအကျင့် ဖြစ်တယ်။ သီလ၊ သမာဓိ၊ ပညာများဟာ သည်းမခံသူ၌ ရကောင်းတဲ့တရားများ မဟုတ်ပါဘူး။ ထို့ကြောင့် ခန္တီသည် သီလ၊ သမာဓိ၊ ပညာရဲ့ အခြေခံအကြောင်းအရင်း ဖြစ်ပါတယ်။ ကုသိုလ် မှန်သမျှ ခန္တီတရားရှိသူ၌သာဖြစ်ရ၍ ကုသိုလ်တိုင်းနှင့် ဆက်သွယ် ဆက်စပ်လျက်ရှိတဲ့တရား ဖြစ်တယ်။ အဒေါသ(မေတ္တာ)ပြဋ္ဌာန်းတဲ့ ကုသိုလ်တရားအစု၏ အမည်ဖြစ်၍ အားလုံး ခန္တီတရားကို လက်ကိုင် ထားနိုင်လျှင် အချင်းချင်း ရန်ဖြစ် ကွဲပြားခြင်းမရှိဘဲ သင့်တင့်ညီညွတ်၍ လောကကြီးဟာ အေးချမ်း သာယာလျက် ရှိနေမှာ အမှန်ဖြစ်ပါတယ်။ အေးချမ်းသာယာတဲ့ ခေတ်အခါ တိုင်းမှာ ခန္တီတရား ထွန်းကားလျက် ရရှိစမြဲ ဖြစ်ပါတယ်။

အမျက်ထွက် စိတ်ဆိုးတတ်တဲ့သူတို့ဟာ ယုတ်ညံ့တဲ့သူများ သာ ဖြစ်ပါတယ်။ စိတ်ဆိုးတဲ့သူကို ပြန်စိတ်မဆိုးတဲ့သူဟာ **အောင်နိုင်ခဲတဲ့ စစ်ပွဲကို အောင်နိုင်သူ** ဖြစ်ပါတယ်။ သူတစ်ပါး စိတ်ဆိုးတာကို သိလျက် သည်းခံ ငြိမ်းတဲ့သူဟာ မိမိသူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးကို ကျင့်တဲ့သူ ဖြစ်ပါတယ်။

**သည်းမခံခြင်း၌ အပြစ်(၅)ပါး**

**(၁) ဗဟုနော ဇနဿ အပ္ပိယော ဟောတိ အမနာပေါ။**
လူတိုင်း မချစ် မနှစ်သက်၊ အမုန်းခံရတယ်။ ပညာရှိတို့ ကဲ့ရဲ့ခြင်း၊ အပြစ်တင်ခြင်းကို ခံရတယ်။

**(၂) ဝေရဗဟုလော စ ဟောတိ။** ရန်သူများတယ်။ (ပုဂ္ဂိုလ် ရန်၊ အကုသိုလ်ရန် ၂-မျိုး)

**(၃) ဝဇ္ဇဗဟုလော စ ဟောတိ၊** အကုသိုလ် အပြစ်များတယ်။

**(၄) သမ္မူဠှော ကာလံ ကရောတိ။** တွေဝေလျက် သေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၅)ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။ သေလျှင် အပါယ်ငရဲ ရောက်ရတယ်။

(အံ၊ ၂။ ၂၂၂)

သည်းခံခြင်း၌ အကျိုး(၅)ပါး

(၁) ဗဟုနော ဇနဿ ပိယော ဟောတိ မနာပေါ။ လူတိုင်း ချစ်ခင်လေးစားတယ်၊ ပညာရှိတို့ရဲ့ ချီးမွမ်းခြင်းကို ခံရတယ်။

(၂) န ဝေရဗဟုလော ဟောတိ။ ရန်သူမများဘူး၊ ဘေးရန် အန္တရာယ် ကင်းတယ်။

(၃) န ဝဇ္ဇဗဟုလော ဟောတိ။ ။အပြစ်နည်းတယ်၊ ကြီးကျယ် တဲ့ အပြစ်မရှိဘူး။

(၄) အသမ္မူဠှော ကာလံ ကရောတိ။ မတွေမဝေ သေရတယ်။

(၅)ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။ သေလျှင် သုဂတိဘဝသို့ လားရောက်ရတယ်။

(အံ၊ ၂။ ၂၂၂)

အရာရာမှာ သည်းခံရာ

ရန်သူများက နှစ်ဖက်အသွားရှိတဲ့ လွှနဲ့ ခန္ဓာကိုယ်ကို တိုက်ဖြတ် စေကာမူ ထိုရန်သူများအပေါ် စိတ်ဆိုးအမျက်ထွက်လျှင် ဘုရားစကား လိုက်နာသူ မဟုတ်ပါ၊ သည်းခံဖို့ရန်သာ ဘုရားရှင် အလိုရှိတော်မူပါတယ်။ ဆဲသံ၊ ကဲ့ရဲ့သံ စတဲ့ စကားသံများ တွေ့ကြုံမလာသေးခင် သည်းခံ နိုင်သည်မှာ တကယ်သည်းခံခြင်း မဟုတ်သေးပါ။ ထိုကဲ့သို့ ပြောဆိုတဲ့ စကားများ တွေ့ကြုံကြားသိရတဲ့အခါ သည်းခံနိုင်ပါမှ သည်းခံခြင်း အစစ် အမှန် ဖြစ်ပါ တယ်။ ဒေါသရဲ့အပြစ် သည်းခံခြင်းရဲ့ အကျိုးကို သိမြင်၍ သည်းခံခြင်း သည်သာ တည်မြဲပါတယ်။ ဝိပဿနာဉာဏ် အမြင်မှန်ဖြင့် ရရှိလာတဲ့ သည်းခံခြင်းမျိုးသာ ပိုပြီးစိတ်ချရပါတယ်။ ထိုသို့မဟုတ်လျှင် ပတ်ဝန်းကျင် ကောင်းနေ၍ သည်းခံသူဟု ထင်ရသော်လည်း တကယ်နေ့

www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြစ်စရာ အာရုံနှင့် တွေ့ကြုံလာလျှင် သည်းခံခြင်းတရားဟာ မှေးမှိန်ပျက်စီးသွားတတ်ပါတယ်။ (မ၊ ၁။ ၁၈၁) ကကစူပမသုတ်

## သည်းခံခြင်းသာ မင်္ဂလာ

သူများက ကိုယ့်ကို မခံသာအောင် ပြောဆိုလာတဲ့အခါ ပြန်လည်၍ ဆဲဆိုကြိမ်းမောင်းခြင်း စသည်ကို မပြုလုပ်ဘဲ သည်းခံနေခြင်းကို ခန္တီမင်္ဂလာ ဟု ခေါ်ဆိုပါတယ်။ ဤသည်းခံမှု ခန္တီတရားကား အလွန်အထက်တန်း ကျ၍ သာမန်ပုဂ္ဂိုလ်နှင့် ကလေးသူငယ်များပင် မလိုက်နိုင်အောင် ရှိနေပါ လိမ့်မယ်။ သို့သော် ကလေးသူငယ်များမှာလည်း ဤခန္တီတရားကို ငယ်ရွယ် စဉ်ကပင် အလေ့အကျင့်ရအောင် ကြိုးစားသင်ရမှာ ဖြစ်ပါတယ်။ ငယ်ငယ်က အလေ့အကျင့်ရမှသာ ကြီးတဲ့အခါ သည်းခံတတ်တဲ့ အထုံဝါသနာပါ၍ နေရာတိုင်းမှာ အကျိုးတရားများ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံးမှာ သည်းခံစေလိုတဲ့အတွက် ဤခန္တီမင်္ဂလာကို ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။ သည်းခံခြင်းမင်္ဂလာ မရှိခဲ့လျှင် ယခု ပစ္စုပ္ပန်ဘဝမှာ လည်း ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံရ၊ နောင်တမလွန် ဘဝအဆက်ဆက်မှာလည်း ရန်ဖက် ရန်သူကြီးများဖြစ်လျက် အပါယ်လေးပါးက မလွတ်နိုင်အောင်ကို ဖြစ်တတ်ပါတယ်။

အက္ကောသံ ဝဓဗန္ဓဉ္စ၊ အဒုဋ္ဌော ယော တိတိက္ခတိ။
ခန္တီဗလံ ဗလာနီကံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(ဓမ္မပဒ။ ၇)

ယော သပ္ပုရိသော၊ အကြင်သူတော်ကောင်းသည်။ ပရေသံ၊ သူတစ်ပါးတို့၏။ အက္ကောသဉ္စ၊ ဆဲရေးခြင်း ရေရွတ်ခြင်း မထီမဲ့မြင် ပြောဆိုခြင်း၊ ကဲ့ရဲ့ချုပ်ချယ်ခြင်းကို လည်းကောင်း။ ဝဓဗန္ဓဉ္စ၊ သတ်ပုတ် ညှဉ်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းကို လည်းကောင်း။ အဒုဋ္ဌော၊ အမျက်မထွက်သည်ဖြစ်၍။ တိတိက္ခတိ၊ သည်းခံ၏။ ခန္တီဗလံ၊ ခန္တီအားသည်။ ဗလာနီကံ၊

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ပါးသောအားတို့၏ အထွတ် ရှစ်ခုမြောက်ဖြင့်သော သူတော်ကောင်းတို့၏အားသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ အို. . ချစ်သားတို့။ တံ၊ ထို ခန္တီအားနှင့် ပြည့်စုံသော သူတော်ကောင်းကို။ ဗြာဟ္မဏံ၊ အပပြုအပ်ပြီးသော မကောင်းမှုရှိသောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။

အကြင်ပုဂ္ဂိုလ်သည် ဆဲရေးခြင်း၊ ပုတ်ခတ်ညှဉ်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းကို အမျက်မထွက်ဘဲ သည်းခံနေပါတယ်။ ထိုသည်းခံခြင်း အားတည်းဟူသော စစ်သည်ဗိုလ်ပါရှိတဲ့ ပုဂ္ဂိုလ်ကို **"ဗြာဟ္မဏ"**ဟူ၍ ငါဘုရားဟောတော်မူ တယ်။

သဒတ္ထပရမာ အတ္ထော၊ ခန္တျာ ဘိယျော န ဝိဇ္ဇတိ။
ယော ဟဝေ ဗလဝါ သန္တော၊ ဒုဗ္ဗလဿ တိတိက္ခတိ။
တမာဟု ပရမံ ခန္တိံ၊ နိစ္စံ ခမတိ ဒုဗ္ဗလော။ (သံ၊ ၁။ ၂၂၃)

သဒတ္ထပရမာ၊ **မိမိ၏အကျိုးအမြတ်တို့သည်။** သန္တိ၊ ရှိကုန်၏။ တေသု၊ ထို မိမိ၏ အကျိုးအမြတ်တို့တွင်။ ခန္တျာ၊ သည်းခံခြင်းထက်။ ဘိယျော၊ လွန်မြတ်သော၊ အတ္ထော၊ အကျိုးသည်။ န ဝိဇ္ဇတိ၊ မရှိ။ ဗလဝါ၊ အားရှိသော။ သန္တော၊ ငြိမ်သက်သော။ ယော၊ အကြင်သူသည်။ ဟဝေ၊ စင်စစ်။ ဒုဗ္ဗလဿ၊ အားနည်းသော သူအား။ တိတိက္ခတိ၊ သည်းခံ၏။ တံ ခန္တိံ၊ ထိုသည်းခံခြင်းကို။ ပရမံ၊ မြတ်၏ဟူ၍။ အာဟု၊ ဆိုကြကုန်၏။ ဒုဗ္ဗလော၊ အားနည်းသော သူသည်ကား။ နိစ္စံ၊ အမြဲ။ ခမတိ၊ သည်းခံရ၏။

မိမိရဲ့ အကျိုးအမြတ်တို့တွင် သည်းခံခြင်းထက် လွန်ကဲသော တရားမရှိ၊ အကြင်သူသည် စင်စစ် ခွန်အားရှိသည် ဖြစ်ပါလျက် ခွန်အားနည်းသူအား သည်းခံပါတယ်၊ ထိုသူရဲ့သည်းခံခြင်းကိုသာ မြတ်သော သည်းခံခြင်းဟု ဆိုရပါတယ်၊ ခွန်အားနည်းသူမှာ အမြဲသည်းခံနေရပါတယ်။

သူတစ်ပါးက အနိုင်ကျင့် နှိပ်စက်ပြောဆိုခြင်း၊ နားမခံသာအောင် ပြောဆိုခြင်း၊ မြောက်ပင့်၍ ပြောဆိုခြင်း၊ ချီးမွမ်းသလို ကဲ့ရဲ့ ပြောဆိုခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တရား စွပ်စွဲပြောဆိုခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ တုတ်၊ ဓား၊ လှံ၊ လက်နက်တို့ဖြင့် ထိုးခုတ်ခြင်း စသည်တို့ကို ဒေါသ မထွက်၊ ပြန်လှန်ပြောဆိုခြင်းမပြုဘဲ သည်းခံခြင်းသည် ခန္တီမင်္ဂလာ မည်ပါတယ်။

အဝတ်၌ သည်းခံခြင်း၊ အစား၌ သည်းခံခြင်း၊ အနေအထိုင်၌ သည်းခံခြင်း၊ ရောဂါဝေဒနာကို သည်းခံခြင်း၊ အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ တွေ့ထိစရာ မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့၌ သည်းခံခြင်းသည် ခန္တီမင်္ဂလာ မည်ပါ တယ်။ ထိုအာရုံတို့၌ သည်းမခံနိုင်လျှင် ဒုက္ခများစွာ တွေ့ရတတ်ပါတယ်။

မိမိအလုပ်အကိုင်ကို နှစ်သက်သဘောကျခြင်း၊ မစွန့်လွှတ်ခြင်းသည် ခန္တီမင်္ဂလာ မည်ပါတယ်။ မည်မျှပင် အခက်အခဲမျိုးစုံနှင့် တွေ့ကြုံနေရစေကာမူ မိမိအလုပ်အကိုင်နှင့် မျှော်မှန်းချက်ကို မစွန့်လွှတ်ခြင်းသည် ခန္တီမင်္ဂလာ မည်ပါတယ်။

ခန္တီဝါဒီရသေ့ကြီး မေတ္တာပွါးနေတဲ့အခါ ကလာဗုမင်းက ခန္တီဝါဒီရသေ့ကြီးကို ဖမ်းပြီး လက်ခြေတို့ကို ဖြတ်ပစ်လိုက်ပါတယ်၊ ထိုသို့ ဒေါသထွက်ဖွယ် အာရုံနှင့် တွေ့ကြုံနေရသော်လည်း ရသေ့ကြီးဟာ ဒေါသမထွက်ဘဲ မေတ္တာကိုသာ ပွားများနေပါတယ်။

လူတစ်ယောက် စာရေးနေတယ်၊ စာရေးလို့ မပြီးခင် ဆေးလိပ်သောက်ချင်လာတယ်၊ ထိုအခါ စာရေးတဲ့အလုပ်ကို ရပ်ထားပြီး ဆေးလိပ်သောက်တယ်၊ ပြီးရင် ဆက်ရေးပြန်တယ်၊ မိတ်ဆွေအထံသို့ သွားလိုပြန်တယ်၊ ဒီလို ဖြစ်နေပါလျှင် ရေးတဲ့စာသည် ဘယ်အခါမှ ပြီးဆုံး တော့မည်မဟုတ်ပါ၊ ပေါ်ပေါက်လာတဲ့ အာရုံတို့ကို အနိုင်မပေးဘဲ ဇွဲကောင်းကောင်းဖြင့် အာရုံမျိုးစုံကို ဖယ်ရှားလျက် သည်းခံပြီး မိမိအလုပ်ကို အားစိုက်ကာ ဆက်လက် ရေးနေမှသာလျှင် ပြီးစီးနိုင်မယ်။ သို့မှသာလျှင် အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

ထို့ကြောင့် ခန္တီမင်္ဂလာသည် အလုပ်အကိုင်နှင့် မျှော်မှန်းချက်ကို မစွန့်လွှတ်ခြင်း၊ ဇွဲလုံ့လ ဝီရိယရှိခြင်းကို ဖြစ်စေနိုင်တယ်လို့ မှတ်ယူရပါမယ်။ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ (၆)နှစ်ပတ်လုံး လူသာမန်တို့

www.burmeseclassic.com

www.burmeseclassic.com



သည်းခံနိုင်ခဲ့တဲ့ ဒုက္ခမျိုးစုံနှင့် တွေ့ကြုံနေရသော်လည်း သူ၏ဉာဏ်ရှာဖွေခြင်းအလုပ်နှင့် ဗုဒ္ဓဖြစ်ရေး မြော်မှန်း ချက်ကို မစွန့်လွှတ်ခဲ့ပါဘူး။

မင်္ဂလာကျင့်စဉ်မှ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်လာတာ၊ ကြီးပွားသထက် ကြီးပွါးလာတာ လောကီသဒ္ဓမ္မမင်္ဂလာပါ။ အရွယ်ဆိုတာ ရပ်ဆိုင်းနေလို့ မရဘူး၊ ပထမအရွယ်မှ ဒုတိယအရွယ်၊ ဒုတိယအရွယ်မှ တတိယအရွယ်ဆိုပြီး အဆင့်ဆင့် ဖြတ်ကျော်ဝင်ရောက်နေတာပါ။ အရွယ်အားလျော်စွာ ဂါရဝ၊ နိဝါတ၊ သန္တုဋ္ဌိ၊ ကတညုတ၊ ဓမ္မဿဝန မင်္ဂလာတွေ ဖြစ်လာပါတယ်။ ဒါတွင် မကသေးဘူး၊ ဓမ္မဿဝနမင်္ဂလာအရ တရားတော်များကို ကြားနာရပြန်တော့ လောကီမှ လောကုတ္တရာသို့ ကူးပြောင်းမှန်းမသိ ကူးပြောင်းလာပါတယ်။ ဒီအခါမှာ အမြင်မတော်တိုင်း အကြားမတော်တိုင်း ပြောတတ်တာတွေ၊ အဆင်မသင့်တာ တွေ့ရင် ပြောဆိုတတ်တာတွေ ရှိလာတတ်ပါတယ်။ ဘုရားရှင်က ဒါကို မြင်တော်မူလို့ ခန္တီမင်္ဂလာကို ဟောတော်မူပါတယ်။

## (၂၈) သောဝစဿတာ (ခုဒ္ဒကပါဌ။ ၄)

### သောဝစဿတာ (၂)မျိုး

| (လောကီ) သောဝစဿတာ | သောဝစဿတာ (လောကုတ္တရာ) |
|---|---|
| ဆိုဆုံးမ လွယ်သူ၊ | ဆိုဆုံးမလွယ်သူ၊ |
| မိဘ ဆရာ၊ | သက္ကာယ ဒိဋ္ဌိပြုတ် |
| အသက်ကြီး၊ ဂုဏ်ကြီး | လက္ခဏာရေး (၃)တန် |
| မိတ်ဆွေ သင်္ဃာ၊ | သစ္စာ(၄)တန်၊ အမြင်မှန် |
| လောကီချမ်းသာသုခဖြစ် | လောကုတ္တရာ ချမ်းသာသုခဖြစ်၊ |

သောဝစဿတာ စ၊ ဆိုဆုံးမလျှင် ဒေါသမထင် ကျေးဇူးတင် သဖြင့် ဆုံးမချင်ဖွယ် အလွန်လွယ်သော စကားရှိသည်၏ အဖြစ်သည် လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



**သောဝစဿတာ။** သုဝစ+ကမ္မ+တာ=လွယ်ကူတဲ့စကားရှိသူ၊ **ပြောဆို** ဆုံးမတဲ့အခါ လွယ်လွယ်ကူကူ လိုက်နာ နားထောင်တဲ့ သူ။

သုခံ ဝစော အသ္မိန္တိ သုဝစော၊ သုဝစဿ ကမ္မံ သောဝစဿံ၊ သောဝစဿဿ ဘာဝေါ သောဝစဿတာ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၅)

**သုခံ ဝစော အသ္မိန္တိ သုဝစော။**

အသ္မိံ ပုဂ္ဂလေ၊ ထိုပုဂ္ဂိုလ်၌။ ပဒက္ခိဏဂ္ဂါဟိတာယ၊ အမြတ်တနိုးနာယူလေ့ရှိသည်၏ အဖြစ်ကြောင့်။ သုခံ၊ ဆုံးမခြင်းငှါ လွယ်ကူသော။ ဝစော၊ စကားသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ သုဝစော၊ သုဝစမည်၏။

ပုဂ္ဂိုလ်ကို မရိုမသေ မလေးမစား ဆန့်ကျင်ဘက်ပြုဖို့ လိုလားသူနှင့် အဆုံးအမခက်တဲ့သူများ မဟုတ်ဘဲ ပုဂ္ဂိုလ်ကို လေးစားလျက် တရားကို ရိုသေစွာ လိုက်နာပြီး အပြောအဆို လွယ်ကူတဲ့သူကို **သုဝစ** လို့ ခေါ်ဆိုပါတယ်။

**သုဝစဿ ကမ္မံ သောဝစဿံ။**

သုဝစဿ၊ ဆုံးမ လွယ်သော စကားရှိသော ပုဂ္ဂိုလ်၏။ ကမ္မံ၊ အမှုတည်း။ သောဝစဿံ၊ ဆုံးမလွယ်သော စကားရှိသော ပုဂ္ဂိုလ်၏ အမှု။

ပြောဆိုလွယ်ကူတဲ့သူရဲ့အဖြစ်၊ လွယ်ကူတယ်ဆိုတာ ဆုံးမတဲ့သူရဲ့ အဆုံးအမကို လေးစား၊ ရိုသေလိုက်နာခြင်းကိုပင် ဆုံးမလွယ်သူရဲ့ အမှုဟု ခေါ်ဆိုပါတယ်။

**သောဝစဿဿ ဘာဝေါ သောဝစဿတာ။**

သောဝစဿဿ၊ ဆုံးမခြင်းငှါ လွယ်ကူသော စကားရှိသောသူ၏။ ဘာဝေါ၊ အဖြစ်တည်း။ သောဝစဿတာ၊ ဆုံးမခြင်းငှါ လွယ်ကူသော စကားရှိသော သူ၏အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမလွယ်တဲ့ စကားရှိတဲ့သူရဲ့အဖြစ်၊ ဆုံးမလွယ်တယ်ဆိုတာ ပြောဆိုဆုံးမတဲ့အခါ လွယ်လွယ်ကူကူ ဖြစ်စေတတ်တဲ့ စေတနာအစု ကုသိုလ်ကောင်းမှုတစ်ခုပင် ဖြစ်ပါတယ်။

သောဝစဿတာ နာမ သဟဓမ္မိကံ ဝုစ္စမာနေ ဝိက္ခေပံ ဝါ တုဏှီဘာဝံ ဝါ ဂုဏဒေါသစိန္တနံ ဝါ အနာပဇ္ဇိတွာ အတိဝိယ အာဒရဉ္စ ဂါရဝဉ္စ နီစမနတဉ္စ ပုရက္ခတွာ သာဓူတိ ဝစနကရဏတာ၊ သာ ဗြဟ္မစာရီနံ သန္တိကာ ဩဝါဒါနုသာသနိပ္ပဋိလာဘဟေတုတော ဒေါသပ္ပဟာန ဂုဏာဓိဂမဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။ (ခုဒ္ဒကပါဠ၊ ဋ။ ၁၂၆)

အကြောင်းပြလျက် ဆုံးမတားမြစ်ကြောင်း ဩဝါဒ, အနုသာသနီ စကားဖြင့် ဆုံးမတားမြစ်ပြောဆိုတဲ့အခါ ဟိုဟိုဒီဒီ စိတ်တွေ ပျံ့လွင့်ခြင်းသို့ လည်းကောင်း၊ မနှစ်သက်လေဟန် မျက်နှာထားဖြင့် စကားမပြော တုံဏှီ ဘောနေခြင်းသို့လည်းကောင်း၊ အကျိုးနှင့်အပြစ်ကို ကြံစည် တွေးတော ခြင်းသို့ လည်းကောင်း စိတ်မရောက်မူ၍ ပျံ့လွင့်မှုမရှိဘဲ အလွန်အကဲ ရိုသေလေးမြတ်ခြင်းကို ရှေးရှု၍ သာယာသော မျက်နှာထားဖြင့် "ကောင်းလှပါပြီ၊ မြင်ခဲ့ ကြားခဲ့ တွေ့ခဲ့ပါလျှင် ယုံမှားသံသယရှိခဲ့ပါလျှင် အကြွေးမထား လက်ငင်းအားဖြင့် ဆုံးမတားမြစ်ပါ" ဟု ဝန်ခံစကား ပြောကြားမှုကို ပြုလေ့ရှိတဲ့သူဟာ သောဝစဿတာ မည်ပါတယ်။

သောဝစဿတာ ဆိုတာ သီတင်းသုံးဖော်တို့ အထံမှ ဩဝါဒ, အနုသာသနီကို ထပ်ကာထပ်ကာ ရနိုင်ခြင်း၏ အကြောင်းဖြစ်သောကြောင့် လည်းကောင်း၊ အပြစ်ဟူသမျှကို ပယ်နိုင်ခြင်း၊ ဂုဏ်ဟူသမျှကို ရနိုင်ခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း မင်္ဂလာဟူ၍ပင် ခေါ်ဆို ပညတ် သမုတ်အပ်ပါတယ်။

မိဘဆရာ သီတင်းသုံးဖော် အဆွေခင်ပွန်း စသူတို့က အကျိုး စီးပွားကို လိုလား၍ ပြောကြားဆုံးမလာတဲ့အခါ သို့လော သို့လော တွေးတောပြီး ပြန်လည် ဆင်ခြေမတက်ဘဲ နှစ်သက်ရိုသေစွာ လိုက်နာရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုဆုံးမတဲ့ဆရာက နူးညံ့ပျော့ပျောင်းသောစကားကို ဆို၍ အနုအားဖြင့် ဆုံးမခြင်း၊ အကြမ်းအားဖြင့် ဆုံးမခြင်း၊ အနု, အကြမ်း နှစ်မျိုးလုံးဖြင့် ဆိုဆုံးမခြင်း ဟူ၍ သုံးမျိုးရှိပါတယ်။ ထိုသုံးမျိုးဖြင့် ဆိုဆုံးမတဲ့အခါ မြတ်နိုးသမှု အလေးပြုလျက် ရိုသေစွာ လိုက်နာရမှာ ဖြစ်ပါတယ်။

လောက၌ ပညာရှိတို့က အပြစ်ကို ပြလျက် ဆိုဆုံးမလာတဲ့ အခါ ရွှေအိုးကြီး လာပေးသကဲ့သို့ မြတ်နိုးကြည်ဖြူစွာ လက်ခံရမှာ ဖြစ်ပါတယ်။ ဆိုဆုံးမတဲ့အခါ အနုအားဖြင့် ဆိုဆုံးမခြင်းကို အထူးလိုလား နှစ်သက်ကြပါတယ်။ ထို့ကြောင့် စည်းမျဉ်းဥပဒေနှင့်ငြိစွန်း၍ အပြစ်ရှိလာတဲ့သူကို အော်ကာ ငေါက်ကာ ကြမ်းတမ်းစွာ မဆုံးမဘဲ ဖြည်းညှင်း သာယာ အကြောင်းအားလျော်စွာ အပြစ်ထင်လာအောင် ပြောပြ၍ ဆိုဆုံးမရမှာ ဖြစ်ပါတယ်။ နူးညံ့သိမ်မွေ့တဲ့ စကားဖြင့် ယဉ်ကျေးလိမ္မာလာ အောင် စည်းကမ်းသတ်မှတ်ပြီး ဥပဒေကို မလျော့စေဘဲ စည်းကမ်းစနစ်ကျ မှသာ ကြီးပွားခြင်းသို့ ရောက်ကြပေလိမ့်မယ်။ သို့မဟုတ်လျှင် စည်းကမ်း စနစ်မကျဘဲ မကြာမီ ပျက်စီးခြင်းသို့ ရောက်ရှိသွားကြပေလိမ့်မယ်။

## ပြောဆို ဆုံးမနည်း

(၁) မသင့်လျော် မလျောက်ပတ်တဲ့အခါ မဆုံးမဘဲ သင့်လျော် လျောက်ပတ်တဲ့ အခါ၌သာ ပြောဆိုဆုံးမရမယ်။

(၂) မဟုတ်မမှန်တဲ့စကားကို ဖယ်ရှား၍ ဟုတ်မှန်တဲ့စကားဖြင့်သာ ပြောဆိုဆုံးမရမယ်။

(၃) ကြမ်းတမ်းခက်ထန် နားမခံနိုင်တဲ့စကားမျိုးကို ပယ်ရှား၍ သိမ်မွေ့နူးညံ့တဲ့ စကားဖြင့်သာ ပြောဆိုဆုံးမရမယ်။

(၄) အကျိုးမရှိတဲ့စကားကို ပယ်ရှား၍ အကျိုးရှိတဲ့စကားဖြင့်သာ ပြောဆိုဆုံးမ ရမယ်။

(၅) အမျက်ဒေါသ မပါစေဘဲ မေတ္တာဖြင့်သာ ပြောဆိုဆုံးမ ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဤအင်္ဂါ (၅)ချက်နှင့် ပြည့်စုံစေ၍ ပြောဆိုဆုံးမဆိုရမယ်။ ပြောဆိုဆုံးမလို့မရတဲ့သူကို ပြောဆိုဆုံးမခြင်း မပြုတော့ ဥပေက္ခာစိတ်ဖြင့် ပယ်ရှားထားလိုက်ရမှာ ဖြစ်ပါတယ်။

မိဘဆရာ သီတင်းသုံးဖော်တို့က တရားသဖြင့် ပြောဆိုဆုံးမ ပါသော်လည်း ဆုံးမလို့မရ၍ ပစ်ပယ်ခြင်းခံရတဲ့သူဟာ အသတ်ခံ လိုက်ရသည်နှင့်တူ၍ များစွာနစ်နာဆုံးရှုံး ပါတယ်။ ထို့ကြောင့် မိမိအား ဆုံးမလာလျှင် အရှင်သာရိပုတ္တရာမထေရ်၊ အရှင်ရာဓမထေရ်၊ အရှင် ရာဟုလာမထေရ်တို့ပမာ ရှိသေစွာ လိုက်နာကြရမှာ ဖြစ်ပါတယ်။

လောကမှာ မိမိကသာ သူတစ်ပါးကို နည်းပေးလမ်းပြ သွန်သင် ဆုံးမချင်ကြတယ်။ သူတစ်ပါးက မိမိကို နည်းပေးလမ်းပြ ဆိုဆုံးမလာလျှင် မခံချင်တတ်၊ စိတ်ဆိုးတတ်တဲ့ သူတို့သာ များပါတယ်။ ဒါ့ကြောင့် တစ်ဦးကို တစ်ဦး ဆုံးမသတိပေးဖို့ရာ လွန်စွာ ခဲယဉ်းလှပါတယ်၊ အသက် သိက္ခာဂုဏ် အားဖြင့် ငယ်သူတို့ကိုသာ ဆိုဆုံးမဝံ့သူများရှိ၍ အသက်သိက္ခာဂုဏ် အားဖြင့် ကြီးရင့်တဲ့ သူတို့ကိုမူ သတိပေးပြောကြားပြီး ဆိုဆုံးမဝံ့သူ အလွန်ရှားပါတယ်။

> ယမှိ ဘိက္ခဝေ ဘိက္ခု သုဝစော ဟောတိ သောဝစဿ
> ကရဏေဟိ ဓမ္မေဟိ သမန္နာဂတော ခမော ပဒက္ခိဏဂ္ဂါဟီ
> အနုသာသနီ၊ အယမ္ပိ ဓမ္မော နာထကရဏော။ (အံ၊၃။၂၇၅)

ဘိက္ခဝေ၊ အိုချစ်သားတို့။ ယမှိ၊ အကြင်အကြောင်းကြောင့် လည်း၊ ဘိက္ခု၊ ရဟန်းသည်။ သုဝစော၊ ချမ်းသာသဖြင့် ဆုံးမအပ်သည်။ ဟောတိ၊ ဖြစ်၏။ သောဝစဿကရဏေဟိ၊ ချမ်းသာသဖြင့် ဆုံးမအပ် သောသူ၏ စေတနာကို ပြုတတ်ကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ခမော၊ သည်းခံခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ပဒက္ခိဏဂ္ဂါဟီ အနုသာသနီ၊ အရိုအသေ ပြု၍ ယူသော အဆုံး အမရှိသည်။ ဟောတိ၊ ဖြစ်၏။ အယမ္ပိ ဓမ္မော၊ ဤသို့သဘောရှိသော သောဝစဿတာတရားသည်လည်း။ နာထကရဏော၊ ကိုးကွယ်ရာကို ပြုတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာစွာ ဆိုဆုံးမအပ်တဲ့ ပုဂ္ဂိုလ်သည် သုဝစမည်ပါတယ်၊ ချမ်းသာစွာ ဆုံးမအပ်တဲ့ ပုဂ္ဂိုလ်ကို ရှိသေလေးစားတဲ့ စေတနာသည် သောဝစဿတာ မည်ပါတယ်၊ ထိုသောဝစဿတာကို နာထကရဏ (ကိုးကွယ်အားထားရာ)ဟူ၍ပင် ခေါ်ဆိုအပ်ပါတယ်။ ထိုသောဝစဿတာကို သီတင်းသုံးဖော်တို့ ဆိုဆုံးမခြင်း၊ တားမြစ်ခြင်းကို ရခြင်း၏အကြောင်း၊ အပြစ်ကိုပယ်ခြင်း, ကျေးဇူးကို သတိရခြင်း၏အကြောင်း ဖြစ်သောကြောင့် မင်္ဂလာဟူ၍ပင် ခေါ်ဆိုအပ်ပါတယ်။

**သုဝစ စစ် အမှန်ဖြစ်**

တရားကို အရိုအသေ အလေးအမြတ်ပြု ပူဇော်လျက် ဆုံးမ လွယ်တဲ့ သူကိုသာ သုဝစ အစစ်အမှန်ဖြစ်တယ်ဟု ငါဘုရား ဟောတော်မူ တယ်လို့ မိန့်တော်မူခဲ့ပါတယ်။

ဤ ဒေသနာတော်ဖြင့် အဆုံးအမ ဩဝါဒသည် မိမိအတွက် အလွန်ကျေးဇူးများပြီး အကျိုးဖြစ်ထွန်းသည်ဟု ထင်မြင်မှသာ သုဝစမင်္ဂလာ အစစ်အမှန် ဖြစ်ပါတယ်။ (မ၊ ၁။ ၁၇၈) ကကစူပမသုတ်

သူတစ်ဦးက မိမိအား အပြစ်ပြ၍ စနစ်တကျ ဆိုဆုံးမလာလျှင် ထိုအဆုံးအမ ဩဝါဒစကားကို လေးလေးစားစား နားထောင်ရမှာ ဖြစ်တယ်၊ ပညာရှိတို့က အဆုံးအမစကား ပြောကြားလာသူကို ရွှေအိုးကြီး လာရောက်ပေးသကဲ့သို့ မှတ်ထင်ရမှာ ဖြစ်ပါတယ်။ (ဓမ္မပဒ။ ၂၄)

ရှင်ရာဟုလာဟာ သဲကို လက်ဖြင့် ဆုပ်၍ "ဤသဲလုံးနှင့်အမျှ ငါ့ကို ဆိုဆုံးမည့်သူကို ရလျှင် ကောင်းလေစွ"ဟု ဆုံးမနိုင်တဲ့ ဆရာကို တောင့်တပါတယ်၊ ဒါကို အတုယူရမှာဖြစ်တယ်၊ အရှင်မြတ်ဟာ အဆုံးအမ တန်ဖိုးကို နားလည်လက်ခံထားသူ ဖြစ်ပါတယ်၊ အဆုံးအမ တန်ဖိုးကို သိနားလည်သူတိုင်း အဆုံးအမကို လိုလားတောင့်တစမြဲ ဖြစ်ပါတယ်။ (အံ၊ ၄။ ၁၉၆)

www.burmeseclassic.com

www.burmeseclassic.com



**အဆုံးအမကို လိုလားတဲ့သူ**

ရဟန်းတစ်ပါး ဆွမ်းခံအပြန် ရေကန်ထဲဆင်း ရေချိုးနေစဉ် ကြာပန်းရဲ့ ရနံ့ကို နမ်းရှုနေပါတယ်။ နတ်တစ်ပါးက "အရှင်ဘုရား၊ သူများမပေးတဲ့ ကြာပန်းကို နမ်းရှုနေသည်မှာ ခိုးခြင်းတစ်မျိုးဖြစ်လို့ အရှင်ဟာ အနံ့ကို ခိုးယူသူ ဖြစ်ပါတယ်" ဟု အပြစ်တင်စကား ပြောကြားပါတယ်။ ဒီတော့ ရဟန်းတော်က "ကြာစွယ်တူး၊ ကြာပန်းတွေ ချိုးနေတဲ့ သူကိုတော့ ဘာမှ မပြောဆိုဘဲ ကြာပန်းကို မချိုးမဖဲ့ဘဲ အဝေးကနေ အနံ့ခံရုံသာခံနေတဲ့ ငါ့ကို ဘာကြောင့် 'အနံ့ကို ခိုးယူသူ' ဟု ဆိုရသလဲ"လို့ မေးပါတယ်။ ထိုအခါ နတ်က "အညစ်အကြေးတွေ ပေကျံနေတဲ့ အထိန်းသည်၏ လက်နှီးကဲ့သို့ အပြစ်တွေများနေတဲ့သူကို ပြောဆိုရန် မလိုတော့ပါ၊ အရှင်ရဟန်းကိုသာ ပြောထိုက်ပါတယ်။ အရှင်ကား အပြစ်ကင်းသူ၊ စင်ကြယ်ခြင်းကို လိုလားသူဖြစ်၍ သားမြီးဖျားလောက်အပြစ်ကို တိမ်တိုက်ကြီးလောက် ထင်နေသူ ဖြစ်နေ၍ ယခုကဲ့သို့ ပြောဆိုရတာ ဖြစ်စီတယ်" လို့ ပြန်ပြောပါတယ်။

ဒီတော့မှ "အသင်နတ်သားကား ငါ့ကို သနားကြင်နာသူ၊ ငါ့ အကျိုးကို လိုလားသူဖြစ်၍ နောက်ကို ဤကဲ့သို့ အပြစ်မျိုး တွေ့မြင်ခဲ့ပါလျှင် ပြောပါဦး" ဟု ရဟန်းတော်က ဖိတ်ကြားလိုက်ပါတယ်။ နတ်သားကလဲ "ဒီရဟန်းဟာ ငါ့ကို ပြောမည့်သူ သတိပေးမည့်သူ ရှိနေသားပဲ" ဟု ကြောင့်ကြမဲ့ ဖြစ်နေမည်စိုး၍ ငြင်းပယ်လိုက်ပါတယ်။ "တပည့်တော်ဟာ အရှင်ဘုရားကို မှီ၍ အသက်မွေးရသည်လည်း မဟုတ်ပါ၊ သုဂတိ ရောက်ကြောင်း တရားကောင်းကို အရှင်ဘုရားသာ သိအောင် ကြိုးစားတော်မူပါ" ဟု ပြောဆိုပြီး ပျောက်ကွယ်သွားပါတယ်။ ဤရဟန်းတော်ကား ဘာမဟုတ်တဲ့ အပြစ်ကလေးကိုပင် အကြီးအကျယ် လုပ်ပြောနေစဲ့ နတ်ကို အကျိုးလိုလားသူအဖြစ် သဘောထားပြီး သတိပေးစကား ပြောကြားလာမှုကို လိုက်နာသည်မှာ အားကျ အတုယူဖွယ်ရာ ကောင်းလှပါတယ်။

(သံ၊ ၁။ ၂၀၆)

www.burmeseclassic.com

www.burmeseclassic.com



## မိုက်မဲသူကို မဆုံးမသင့်

ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ စာဘူးတောင်း ငှက်မျိုး ဖြစ်၍ မိမိအသိုက်ကို မိုးမစိုအောင် သေချာကျနစွာ ပြုလုပ်လျက် နေပါတယ်။ မျောက်တစ်ကောင်သည် မိုးမိသဖြင့် ခိုက်ခိုက်တုန်လျက် ဘုရားလောင်း စာဘူးတောင်းငှက်အနီးတွင် ထိုင်နေစဉ် စာဘူးတောင်း ငှက်က မျောက်အား "သင်ကား လူလိုပင် လက်ခြေ အပြည့်အစုံရှိပါလျက် အဘယ့်ကြောင့် နေထိုင်စရာအိမ် မရှိရပါသလဲ" ဟုမေးပါတယ်။ မျောက်က "ငါ့မှာ လက်ခြေအပြည့်အစုံ ရှိပါသော်လည်း လူလို ပညာ မရှိဘူး" ဟု ပြောဆိုပါတယ်။ ထိုအခါ ဘုရားလောင်းက "စိတ်မတည်ဘဲ ပေါ့လျော့ နေသူ၊ မိတ်ဆွေကို ပြစ်မှားသူ၊ သီလမရှိသူကား မချမ်းသာနိုင်၊ မိမိ အကျင့်ဖြင့် စွမ်းအားထုတ်ကာ အအေးဒဏ်၊ အပူဒဏ်၊ လေဒဏ်၊ မိုးဒဏ် တို့ကို ကာကွယ်နိုင်တဲ့ အိမ်ကို ဆောက်ပါ" ဟု ကောင်းရာ ကောင်းကြောင်း ပြောဆိုတဲ့အခါ မျောက်ကား အကောင်းမထင်ဘဲ "ငါ့ကို ပြောရ ကောင်းလား"ဆိုပြီး သစ်ပင်ပေါ်တက်ကာ စာဘူးတောင်း ငှက်သိုက်ကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင် ဖျက်ဆီးပစ်လို့ ဘုရားလောင်း ငှက်လည်း ထွက်ပြေးသွားရပါတယ်။ (ဇာ၊ ၄၊ ၃။ ၆၅)

ဆရာ မိဘ အစ်ကိုအစ်မ စသည်တို့က မိမိအကျိုးရှိအောင် ပြောဆိုဆုံးမလျှင် မငြင်းဆန်ဘဲ လွယ်လွယ်ကူကူ နားထောင်ခြင်းသည် သောဝစဿတာ မင်္ဂလာ ဖြစ်ပါတယ်၊ ကြီးပွားချမ်းသာတဲ့သူ ဟူသမျှသည် လူကြီးမိဘ ဆရာသမား အစ်ကိုအစ်မများ၏ စကားကို လိုက်နာတဲ့ သောဝစဿတာ မင်္ဂလာရှိသူများသာ ဖြစ်ပါတယ်။

## သုဝစ = ကောင်းသောစကား

ကောင်းသောစကားဆိုတာ သူတော်ကောင်းများနှင့် ဆရာသမား ဘိုးဘွားမိဘ စတဲ့ ကြီးသော သူတို့က အကျိုးရှိစေလို၍ ပြောဆိုဆုံးမတဲ့ ဩဝါဒစကား အနုသာသန စကားများကို ခေါ်ဆိုပါတယ်။

ပြောဆိုဆုံးမလွယ်တဲ့သူဆိုတာ ပြုဆိုခဲ့ပြီးတဲ့ အကြောင်းနှင့် ယှဉ်တဲ့ ဩဝါဒစကား အနုသာသနစကားများကို ပြောဆိုတဲ့အခါ ပျံ့လွင့်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



မနှစ်သက်ဟန်မျက်နှာထားဖြင့် စကားမပြော တုဏှိဘောနေခြင်း၊ ဂုဏ်နှင့် အမြွစ်ကို တွေးတောနေခြင်း၊ ပြန်၍ ပြောဆိုခြင်းများမပြုဘဲ အလွန် ရှိသေစွာ သာယာသော မျက်နှာထားဖြင့် လက်ခံသိမ်းပိုက် နှစ်ခြိုက်စွာ နာယူသူ ဖြစ်ပါတယ်။

ဤသောဝစဿတာ မင်္ဂလာ၌ မိမိအောက် ငယ်သူကဖြစ်စေ၊ တပည့်သားသမီး ကျေးကျွန်အစေခံကဖြစ်စေ၊ ရှယ်တူတန်းတူက ဖြစ်စေ အကျိုးရှိလို၍ သတိပေးစကားပြောကြားလာတဲ့အခါ အကျိုးရှိ မည်မှန်လျှင် အပြောခံရသူဟာ အသက်ကြီးတဲ့ဆရာသမား ဘိုးဘွားမိဘများ ဖြစ်နေစေကာမူ လွယ်လင့်တကူ နာယူလက်ခံကြရမှာ ဖြစ်ပါတယ်။

အရှင်ရာဟုလာသည် ဆိုဆုံးမလွယ်တယ်၊ အငြင်းအခုံမရှိ၊ တစ်ခုသောအရာ၌ နှစ်ကြိမ်ထပ်၍ ဩဝါဒပေးစရာမလို၊ တစ်ခွန်းတည်းသော ဆုံးမစကားဖြင့် ပြီးပါတယ်။ ထိုသို့ဆုံးမလွယ်ခြင်းဂုဏ်သည် သူတော်ကောင်း တို့၏ သဘောလက္ခဏာဖြစ်လို့ သောဝစဿတာမင်္ဂလာ မည်ပါတယ်။

လူကြီးမိဘ ဆရာသမားစတဲ့ အသက်အရွယ်လူကြီးများက သွန်သင်ပြသ ဆိုဆုံးမသည်ကို လေးလေးစားစား အားရနှစ်သက်စွာ လိုက်နာပြုလုပ်တဲ့ဂုဏ်ကို သောဝစဿတာ ဟု ဆိုပါတယ်။ အချို့ ကျောင်းသူကျောင်းသား အလုပ်သမားများသည် သောဝစဿတာဂုဏ်ကို မထီမဲ့မြင်ပြုလုပ်ကြလျက် မိမိတို့ဆရာသမားများ၊ အထက်လူကြီးများကို တော်လှန်ကြသည်မှာ ကြီးပွားကြောင်းမင်္ဂလာ သောဝစဿတာဂုဏ်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်၍ ဒိဋ္ဌလက်ငင်းပင်လျှင် ပညာရေးတိုးတက်မှုများ ချို့ငဲ့ကြပြီး အလုပ်အကိုင် စားဝတ်နေရေးများ ချို့ငဲ့မှုများကိုပါ တွေ့ကြုံ ခံစားကြရမှာ ဖြစ်ပါတယ်။

အလုပ်အကိုင်နှင့် ပတ်သက်၍ဖြစ်စေ၊ သဘောတရားနှင့် မပတ်သက်၍ ဖြစ်စေ အမျိုးမျိုးသော အချက်အလက်များဟာ အသိ အလွန် ခက်ပါတယ်၊ နမူးတွေ့ ဒူးတွေ့ ကွေ့ကြုံပြီးဖြစ်ကြတဲ့ သူတို့ရဲ့ ကိုယ်တွေ့

www.burmeseclassic.com

www.burmeseclassic.com



ပြောပြချက် အချို့သည်ပင် ယုံကြည်ဖို့ရန် ခက်ခဲလှပါတယ်။ ထို့ကြောင့် ပညာရှိကြီးများ၏ အဆုံးအမကို နာယူလွယ်ခြင်းသည် ကြီးပွားချမ်းသာရေး မင်္ဂလာတစ်ပါးပင် ဖြစ်ပါတယ်။

ဆရာမိဘ မိတ်ကောင်းဆွေကောင်း ဟူသမျှတွေဟာ မကောင်းတဲ့ အမူအရာကို တွေ့မြင်တဲ့အခါ သွန်သင်ဆုံးမပြတတ်ကြပါတယ်။ ဒီလို တတ်စေချင်, ကောင်းစေချင်, တစ်ဆင့်ထက်တစ်ဆင့် မြင့်စေချင်တဲ့ စေတနာများနဲ့ သွန်သင်လမ်းပြ ဆိုဆုံးမတဲ့အခါ သိပြီးသား သဘော ပေါက်ပြီးသား ဖြစ်ပေမဲ့ ငါတကော မကောရဘူး၊ ဂလန့်မတိုက်ရဘူး၊ ငါသိငါတတ်ဆိုတဲ့ အသိမ်မာန မထားရဘူး၊ မာနကို ချိုးနှိမ်ထားရမယ်။ ဒါကိုပင် သောဝစဿတာ မင်္ဂလာလို့ ဆိုပါတယ်။ဆိုဆုံးမတဲ့အခါ ရိုရို သေသေ လွယ်လွယ်ကူကူဖြင့် နာယူတဲ့ သူကိုသာ ဘုရားရှင်က သောဝစ ဿတာ မင်္ဂလာရှိသူဟူ၍ ညွှန်ပြဟောကြား တော်မူခဲ့ပါတယ်။

သူတော်ကောင်းတို့ ဟောပြောနေတဲ့ တရားကို နာခံရမယ်၊ မှတ်သားရမယ်၊ ချီးမွမ်းရမယ်၊ ပေါဋ္ဌိလ မထေရ်ကြီးဟာ ခုနစ်နှစ်အရွယ် သာမဏေငယ်လေးရဲ့ စကားကို နာယူပြီး အရဟတ္တဖိုလ်သို့ ရောက်ရှိ သွားတာကို ထောက်ရှုပြီး ပညာရှိများရဲ့စကားကို နာယူမှတ်သားရမှာ ဖြစ်ပါတယ်။

လက္ခဏာရေး သုံးတန် အမြင်မှန်တရားဖြင့် ဆင်ခြင်သုံးသပ် အားထုတ်ပုံကို ဟောပြောနေတဲ့အခါ လိုက်နာကျင့်ကြံ ဆင်ခြင်သုံးသပ် အားထုတ်အလုပ်လုပ်နေတာ လောကုတ္တရာ သောဝစဿတာ မင်္ဂလာ ဖြစ်ပါတယ်။

သစ္စာလေးပါး မြတ်တရားဖြင့် ဆိုဆုံးမတာကို လိုက်နာကျင့်ကြံ အားထုတ် အလုပ်လုပ်နေတာ လောကုတ္တရာ သောဝစဿတာ မင်္ဂလာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၂၉) သမဏာနဉ္စ ဒဿနံ (ခုဒ္ဒကပါဌ။ ၄)

### သမဏာနဉ္စဒဿန (၂)မျိုး

| (လောကီ) သမဏာနဉ္စဒဿန | သမဏာနဉ္စဒဿန (လောကုတ္တရာ) |
|---|---|
| သုပ္ပဋိပန္န | သောတာပတ္တိမဂ် |
| ဥဇုပ္ပဋိပန္န | သကဒါဂါမိမဂ် |
| ဉာယပ္ပဋိပန္န | အနာဂါမိမဂ် |
| သာမီစိပ္ပဋိပန္န | အရဟတ္တမဂ် |
| လောကီသုခ ချမ်းသာရ | လောကုတ္တရာသုခချမ်းသာရ |

သမဏာနံ၊ ရဟန်းအပေါင်း သူတော်ကောင်းတို့ကို။ ဒဿနဉ္စ၊ ကြည်ဖြူလေးမြတ် ဆည်းကပ်ဖူးမြင်ရခြင်းသည်လည်းကောင်း။

**သမဏ**

ကိလေသာ ငြိမ်းအေးနေသူကို သမဏလို့ ခေါ်တယ်။ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ စတဲ့ ကိလေသာအားလုံး ငြိမ်းပြီးတဲ့ ရဟန္တာများနှင့် ကိလေသာ ငြိမ်းအောင် ကျင့်ကြံအားထုတ်နေတဲ့ ရဟန်းတော်များ အားလုံးကို သမဏ ဟု ဆိုရသဖြင့် ကောင်းစွာကျင့်ကြံအားထုတ် အလုပ်လုပ်နေတဲ့ ပုထုဇဉ် ရဟန်းတော်များမှာ ကိလေသာငြိမ်းအောင် ပြုလုပ်အားထုတ်နေကြသူများ ဖြစ်၍ သမဏ မည်ပါတယ်။

(တစ်နည်း) အာရုံငါးပါး ကာမဂုဏ်တရားများကို ပယ်ရှားကာ (၂၂၇)သွယ်သော သိက္ခာပုဒ်တော်များကို ကျင့်ကြံတော်မူ ကြသည့်အပြင် စာတက်၊ စာအံ၊ စာကြည့်၊ စာကြံ၊ စာချအလုပ်တို့ဖြင့် ကျမ်းဂန်အမျိုးမျိုးကို အားထုတ်သင်ကြားနေကြသောကြောင့်လည်း ကောင်း၊ ညဥ့် နံနက် ဝတ်တက် ဝတ်ကပ်မှုစ၍ သမထ ဝိပဿနာ သင့်လျော်ရာကို အားထုတ်ကာ နေတော်မူကြသောကြောင့် လည်းကောင်း ကိလေသာ ငြိမ်းတန်သလောက်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းအေးတော်မူကြသည် ဖြစ်၍ အပြီးအပြတ် ငြိမ်းအေးရန်လည်း ကျင့်ကြံအားထုတ် အလုပ်လုပ်နေတော် မူကြသည်ဖြစ်၍ သမဏအစစ်အမှန်ပင် ဖြစ်ပါတယ်။

ဒဿန

အောက်ထစ်ဆုံးအားဖြင့် ဟောထားတဲ့ ဒေသနာဖြစ်၍ ဖူးမြင်ခြင်း သာမက ဆည်းကပ်ခြင်း၊ လုပ်ကျွေးခြင်း၊ အောက်မေ့ခြင်း၊ ကြားနာရခြင်း များကိုပါ ဒဿနဖြင့် သိမ်းယူရန် အဋ္ဌကထာက ဖွင့်ဆိုထားပါတယ်။

(တစ်နည်း) ဖူးမြင်ခြင်းဆိုတာ အနီးသို့ ရှိသေစွာ ချဉ်းကပ်လျက် ခစားခြင်း၊ ကိုယ်ထိလက်ရောက် လုပ်ကျွေးခြင်း၊ ကြည်ညိုခြင်း စတဲ့ မျက်နှာဖြင့် စေ့စေ့ငုငု ကြည့်ရှုခြင်းတို့ ဖြစ်တယ်။

ဘုရား၊ ရဟန္တာ၊ အရိယာတို့နှင့်တကွ လဇ္ဇီ၊ ပေသလ၊ သိက္ခာကာမ၊ ဂုဏဝန်၊ ပညာဝန်၊ ပုထုဇဉ်ရဟန်းတော်များအား ရိုသေလေးမြတ် ချဉ်းကပ် ခစား ဝတ်တွား လုပ်ကျွေး စိတ်တွေးကြည်ညို ထိုထိုစေ့ငု ကြည့်ရှုခြင်းသည် သမဏာနဉ္စ ဒဿနမင်္ဂလာ ဖြစ်ပါတယ်။

မင်္ဂလာဖြစ်ပုံ

ဆည်းကပ်ရခြင်းဖြင့် တာဝန်သိတဲ့ ရဟန်းတော် ဖြစ်လျှင် လောက ဓမ္မ နှစ်ဌာန ကြီးပွားကြောင်း တရားကောင်းများ ဟောကြား ညွှန်ပြမည် ဖြစ်၍ ရတနာရသကဲ့သို့ အကျိုးရှိသောကြောင့် မင်္ဂလာ ဖြစ်ရပါတယ်။

လုပ်ကျွေးခြင်းမှာ ဆွမ်းဘောဇဉ်ဖြင့် ပြုစုခြင်း၊ ဝတ္တရားဖြင့် ပြုစု ခြင်းဟု နှစ်မျိုးရှိရာ ကုသိုလ်ဖြစ်၍ မင်္ဂလာပင် ဖြစ်ပါတယ်။ မိမိကြည်ညိုတဲ့ ရဟန်းတော်များ ဣန္ဒြေသိက္ခာရှိပုံ၊ အကျင့်ကောင်းပုံများကို တွေးတွေးပြီး စဉ်းစားမိတိုင်း လွန်စွာကြည်နူးလျက် ပီတိဖြစ်ရသည်မှာ အကျိုးရှိလှသည် ဖြစ်၍ အမှတ်ရအောက်မေ့ခြင်းမှာလည်း မင်္ဂလာပင် ဖြစ်ပါတယ်။

'ဘယ်ပုဂ္ဂိုလ်ဟာ ဘယ်လောက် အကျင့်သိက္ခာရှိတယ်'ဟု ပြောကြားတဲ့ အသံကို ကြားရလျှင် ကြားရသည်နှင့် တစ်ပြိုင်နက် ကြည်ညို

www.burmeseclassic.com

www.burmeseclassic.com



မိတတ်ပါတယ်၊ ထိုပုဂ္ဂိုလ်အား ဖူးမြော်ဖို့ရာ တောင့်တမှု ဖြစ်လာပါတယ်၊ သီလဝန္တပုဂ္ဂိုလ် ဆိုတာ အကြားဖြင့်ပင် စိတ်ကြည်လင် စေတတ်၍ သူ့သတင်းကို ကြားရသည့်မှုစ၍ မင်္ဂလာပါတယ်။

ဒဿန=အမြင်ဆိုတာ မျက်စိအမြင်၊ ဉာဏ်အမြင်ဆိုပြီး နှစ်မျိုးရှိပါတယ်။ မိမိရဲ့ မံသစက္ခုဖြင့် ရဟန်းသံဃာတော် အရှင်မြတ်တို့ကို ဖူးမျှော်ကြည်ညိုရခြင်းသည် လောကီချမ်းသာသုခကို အကျိုးပေးပါတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်မြင်ပြီး ဖူးမျှော်ကြည်ညိုနိုင်ပါလျှင် ထိုသူရဲ့ အမြင်သည် အကောင်းဆုံး၊ အမြတ်ဆုံး၊ အထက်တန်းအကျဆုံး အမြင် ဖြစ်ပါတယ်။

ပဿတိ ပဿော ပဿန္တံ၊ အပဿန္တဉ္စ ပဿတိ။
အပဿန္တော အပဿန္တံ၊ ပဿန္တဉ္စ န ပဿတိ။ (ထေရ။ ၂၃၃)

ပဿော၊ အမှန်တရားကို မြင်သောသူသည်။ ပဿန္တဉ္စ၊ တရားမြင်သောသူကိုလည်း။ ပဿတိ၊ မြင်နိုင်၏။ အပဿန္တဉ္စ၊ တရားမမြင်သော သူကိုလည်း။ ပဿတိ၊ မြင်နိုင်၏။ အပဿန္တော၊ အမှန်တရားကို မမြင်သောသူသည်။ အပဿန္တဉ္စ၊ တရားမမြင်သော သူကိုလည်းကောင်း။ ပဿန္တဉ္စ၊ တရားမြင်သောသူကို လည်းကောင်း။ န ပဿတိ၊ မမြင်နိုင်။

ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် တရားရှိတဲ့သူကိုလဲ မမြင်နိုင်၊ မသိနိုင်ဘူး၊ တရားမရှိတဲ့သူကိုလဲ မမြင်နိုင်၊ မသိနိုင်ဘူး။ အရိယာပုဂ္ဂိုလ်တို့သည် တရားရှိတဲ့သူကိုလဲ မြင်နိုင်၊ သိနိုင်တယ်၊ တရားမရှိတဲ့ သူကိုလဲ မြင်နိုင်၊ သိနိုင်တယ်။

သမဏာနံ ဒဿနံ နာမ ဥပသမိတကိလေသာနံ ဘာဝိတကာယဝစီစိတ္တပညာနံ ဥတ္တမဒမထသမထသမန္နာဂတာနံ ပဗ္ဗဇိတာနံ ဥပသင်္ကမနုပဋ္ဌာနာနုဿရဏသဝနဒဿနံ၊ သဗ္ဗမ္ပိ သြမကဒေသနာယ ဒဿနန္တိ ဝုတ္တံ၊ တံ မင်္ဂလန္တိ ဝေဒိတဗ္ဗံ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၆)

www.burmeseclassic.com

www.burmeseclassic.com



ဒဿနမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟူပကာရံ ဝဒါမိ။
(ဣတိဝုတ်။ ၂၆၇)

ပွားများအားထုတ်မှု ဘာဝနာအလုပ်ဖြင့် ထုပ်၍ ငြိမ်းစေအပ်ပြီးသော ကိလေသာရှိသည်ဖြစ်၍ ပွားများစေအပ်ပြီးတဲ့ ကိုယ်စိတ်ပညာရှိကုန်လျက် မွန်မြတ်တဲ့ ယဉ်ကျေးမှု၊ မွန်မြတ်တဲ့ ငြိမ်သက်မှုနှင့် ပြည့်စုံတဲ့ ရဟန်းသံဃာ ပုဂ္ဂိုလ်မွန်တို့ကို ချဉ်းကပ်လျက် လုပ်ကျွေးခြင်း၊ အဖန်တလဲလဲ အောက်မေ့ခြင်း၊ တရားတော်ကို ကြားနာခြင်း၊ ကြည်လင်တဲ့ မျက်နှာဖြင့် ကြည့်ရှုရခြင်း၊ ဖူးမြင်ရခြင်းသည် **သမဏာဒဿနမင်္ဂလာ** မည်ပါတယ်။

ရဟန်းသံဃာ ပုဂ္ဂိုလ်မွန်တို့ကို ချဉ်းကပ်ခြင်း၊ လုပ်ကျွေးခြင်း၊ အဖန်တလဲလဲ အောက်မေ့ခြင်း၊ တရားတော်ကို ကြားနာခြင်း၊ ကြည်လင်သော မျက်နှာဖြင့် ကြည့်ရှုဖူးမြင်ခြင်း အားလုံးကိုပင် သဗ္ဗညုတဉာဏ်တော်ဖြင့် စမ္ပာယ်ကွန့်မြူးအပ်သော ဒေသနာတော်အရာ၌ ဒေသကဖြစ်တဲ့ မြတ်စွာဘုရားအလိုတော် အားလျော်စွာ ဝိရူပေကသေသနည်းအားဖြင့် ဒဿနံဟု ဟောတော်မူပါတယ်။

ပွားများအားထုတ်ခြင်း ဘာဝနာဖြင့် ကပ်၍ ငြိမ်းစေအပ်ပြီးတဲ့ ကိလေသာရှိသည်ဖြစ်၍ တိုးပွားစေအပ်တဲ့ ကိုယ် စိတ်ပညာ ရှိကြကုန်လျက် မြင့်မြတ်တဲ့ ယဉ်ကျေးမှု၊ မွန်မြတ်တဲ့ ငြိမ်သက်မှုနှင့် ပြည့်စုံတဲ့ ရဟန်းသံဃာ ပုဂ္ဂိုလ်မွန်တို့ကို ချဉ်းကပ်လုပ်ကျွေး၊ အဖန်တလဲ လဲအောက်မေ့၊ တရားတော်ကိုနာ၊ ကြည်လင်သောမျက်နှာဖြင့် ကြည့်ရှုဖူးမြင်ခြင်းကိုပင် ချဉ်းကပ်လုပ်ကျွေးသူ၊ အဖန်တလဲ အောက်မေ့သူ၊ ချဉ်းကပ်၍ တရားနာသူ၊ ကြည်လင်တဲ့မျက်နှာဖြင့် ကြည့်ရှုဖူးမြင်သူတို့အား ကျေးဇူးများလှသည့်အတွက် မင်္ဂလာဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်ပါတယ်။

ကိလေသာမီး ငြိမ်းပြီး၊ ငြိမ်းဆဲ၊ ငြိမ်းလတ္တံ့ဖြစ်တဲ့ ရဟန်းသံဃာတော်တို့အား ဖူးမြင်ခြင်း၊ တရားတော်ကို နာယူခြင်း၊ ခစားဆည်းကပ်ခြင်း၊ အောက်မေ့ခြင်း၊ ဖူးမြင်ရတဲ့အခါ ဆွမ်း စသော ဒါနဝတ္ထု အစုစုတို့ဖြင့် စွမ်းနိုင်သမျှ လှူဒါန်းပူဇော်ခြင်းများကို ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ရဲ့ စိတ်အစဉ်မှာ လက်ငင်းတွေ့ကြုံ ဖြစ်ပေါ်လာနိုင်တဲ့ လောဘ၊ ဒေါသ၊ မာန်မာနများ ကင်းစင်လွင့်ပျောက်သွားနိုင်ရုံမျှမက ဒီလို မြင်ဖူးရတဲ့ ကုသိုလ်စေတနာအဟုန်တို့ကြောင့် လူ၊ နတ် စတဲ့ စည်းစိမ် ချမ်းသာတွေကို ခံစားနိုင်ကြပြီး လူဖြစ်ပြန်ရင်လည်း လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ပညာတွေကို တတ်ကျွမ်း သိမြင်လိမ္မာတဲ့ ပညာရှင်များ ဖြစ်နိုင် ပါတယ်။

ရဟန်းသံဃာတော်များကို ကျောင်းတော်သို့ သွားရောက် ဖူးမြင် ရတဲ့ အကျိုးတွေဟာ မိမိတို့အိမ်မှ ထွက်လာပြီး ကျောင်းပရိဝုဏ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်သည်နှင့် တစ်ပြိုင်နက် စိမ်းလန်းစိုပြေ၍ ရှုချင့်စဖွယ် ဖြစ်တဲ့ သစ်ပင် ပန်းမန်မျိုးစုံနဲ့ စေတီ ပုထိုး ကျောင်း ဇရပ် စသည်များကို မြင်ရရုံနှင့်ပင် မိမိရဲ့စိတ်ဟာ အိမ်မှာ နေစဉ်ကလို မဟုတ်တော့ဘဲ သောက ဗျာပါဒတွေကင်းပြီး ကြည်လင်တဲ့သဒ္ဓါတရားနှင့် ရွှင်လန်းတဲ့စိတ်တွေဟာ အလိုလို ဖြစ်ပေါ်လာနိုင်ပါတယ်။

ကျောင်းအတွင်း ရောက်ရှိလာပြန်တော့လဲ ကျောင်းသား ကိုရင် ရဟန်းသံဃာတော်များရဲ့ စာအံ၊ စာကျက်၊ စာတတ်၊ စာချနေကြတဲ့ သာသနာ့ကျက်သရေ အသံမျိုးကို ကြားရပြီး ဆွမ်းတော်ကပ်၊ အမျှဝေ၊ ကြေးစည်သံ၊ ခေါင်းလောင်းသံတဝေဝေနှင့် ကြည်းနူးဖွယ် အသံတွေ ကြားရပြန်ပါတယ်။ ဒီအခါမှာ သဒ္ဓါယိုဖိတ် လှူဒါန်းပေးကမ်းချင်တဲ့ ကုသိုလ်စိတ်တွေဟာ တဖွားဖွားဖြစ်ပေါ်လာလို့ လောဘ၊ ဒေါသ၊ သောက စတဲ့ စိတ်တွေပျောက်ပြီး ကုသိုလ်စိတ်တွေ ဖြစ်နေတာဖြစ်လို့ ရဟန်းသံဃာတော်များကို မမြင်ရသေးဘဲ ရဟန်းသံဃာတော်များရဲ့ အရိပ်ကို ခိုလှုံမိသည်နှင့် တစ်ပြိုင်နက် အလွန်ကြီးမားတဲ့ အကျိုးတရားတွေ ရရှိလာနိုင်ပါတယ်။

ကျောင်းပေါ်ရောက်လို့ ဆရာတော်သံဃာတော်တွေကို ရိုသေ မြတ်နိုး ဦးနှိမ်ချိုးပြီး ရှိခိုးလိုက်ပြန်တော့ မိမိစိတ်အာရုံထဲမှာ ဖြစ်ပေါ်လာ တာက "ဩော် သမဏ ဆိုတဲ့ ရဟန်းသံဃာတော်တွေဟာ ငါတို့လူတွေလို သားသမီး ဆွေမျိုးပစ္စည်းဥစ္စာ စသည်တို့ကြောင့် လောဘ၊ ဒေါသ၊ မောဟ

www.burmeseclassic.com

www.burmeseclassic.com



သောကာ စတဲ့ မီးတွေတဟုန်းဟုန်း တောင်လောင်ခြင်းခံနေရတာမျိုး မဟုတ်ပါ ကလား။ လောဘစတဲ့ မီးတွေ အေးငြိမ်းနေကြတဲ့ ပုဂ္ဂိုလ်မြတ်တွေပါ ကလား။ ငါတို့ကိုလဲ မကောင်းမှု ဒုစရိုက်တွေမှ ရှောင်ကြဉ်စေပြီး ကုသိုလ် ကောင်းမှုတွေ ပြုလုပ်အားထုတ်နိုင်အောင် ညွှန်ပြဆုံးမ သြဝါဒပေးနေကြတဲ့ ပုဂ္ဂိုလ် မြတ်တွေပါလား"လို့ မိမိစိတ်အစဉ်မှာ စေတနာတွေရောက်လို့ သုံးကြိမ် ဝတ်တွား ရှိခိုးလိုက်ခြင်းဟာလဲ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေ တစုံတရာ လှူဖွယ်ဝတ္ထု အစုစုတွေကို မလှူရသေးခင်မှာပင် ကုသိုလ်တရားတွေ တိုးပွားလာနိုင်ပါတယ်။

ရဟန်းသံဃာတော် အရှင်သူမြတ်တွေကို ဖူးမြင်ရတဲ့ အကျိုးဟာ ယူပုဂ္ဂိုလ်တွေ မဆိုထားနှင့်ဦး။ တိရစ္ဆာန်များပင် ကမ္ဘာတစ်သိန်းကာလ ပတ်လုံး အပါယ်လေးဘုံမှ ကင်းလွတ်ကြပြီး လူချမ်းသာ နတ်ချမ်းသာ ဘဝတွေမှတစ်ဆင့် နိဗ္ဗာန်ကို ကူးမြောက်နိုင်တဲ့ ဇာတ်လမ်းတစ်ခုကို ပြဆို ပါဦးမယ်။

## သံဃာကို ကြည်ညိုသည့် ဇီးကွက်ငှက်လေး

အခါတစ်ပါး မြတ်စွာဘုရားသည် နဘဲပင်ဂူတွင် သီတင်းသုံး နေတော်မူစဉ်အခါ ခင်ပုပ်ငှက်လို့ခေါ်တဲ့ ဇီးကွက်တစ်ကောင်ရှိခဲ့ ပါတယ်။ အဲဒီ ခင်ပုပ်ငှက်ဟာ ဘာလုပ်သလဲဆိုတော့ ဘုရားရှင်နှင့် သံဃာတော်တွေ ဆွမ်းခံကြွတိုင်း အလွန်ကြည်ညိုတဲ့ သဒ္ဓါစိတ်ဖြင့် လမ်းခရီးတစ်ဝက် ရောက်အောင် လိုက်ပို့ပြီး ဆွမ်းခံရာမှ ပြန်လာတိုင်းလဲ လမ်းခရီးတစ်ဝက် ကနေ ခရီးဦးကြို ပြုလေ့ရှိပါတယ်။

တစ်ခုသောညနေချမ်းအချိန်မှာ ခင်ပုပ်ငှက်ဟာ တောင်ပေါ်မှ ဆင်းသက်လာပြီး ရဟန်းသံဃာတော်တွေ ခြံရံကာ အေးချမ်းစွာ စံနေတော်မူတဲ့ ဘုရားရှင်ရှိရာကို ရောက်ရှိလာပါတယ်။ ဘုရားရှင်ရဲ့ ရှေ့မှောက် ရောက်တဲ့အခါ အတောင်နှစ်ဖက်ကို ဖြန့်ယှက်ပြီး နှုတ်သီး ဦးခေါင်းကို မြေမှာနှိမ့်ချကာ ဘုရားရှင်ကို ဖူးမြင်ရင်း ငှက်ငယ်ရဲ့ စိတ်ထဲမှာ "ချမ်းသာစွာ ရှိပေစွ"လို့ ဥဒါန်းကျူးရင့်ရှာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ခင်ပုပ်ငှက်ဖူးမြင်နေတာကို ဘုရားရှင် သိမြင်တော်မူတဲ့ အခါ ပြုံးတော်မူတဲ့အတွက် အနားမှာရှိတဲ့ အရှင်အာနန္ဒာက ဘုရားရှင် ပြုံးတော်မူတဲ့အကြောင်းကို လျှောက်ထားမေးမြန်းပါတယ်။ ဒီအခါ ဘုရားရှင်က "အာနန္ဒာ၊ ငါဘုရားနှင့်တကွ တပည့်ရဟန်း သံဃာတော် တွေကို ဒီခင်ပုပ်ငှက်ဟာ ကြည်ညိုလေးစားတဲ့ သဒ္ဓါ စိတ်ထားနဲ့ အမြဲ ဖူးမြော်လေ့ရှိတယ်။အဲဒီလို သံဃာတော်တွေကို ကြည်ညိုတဲ့သဒ္ဓါ စေတနာ တွေကြောင့် ခင်ပုပ်ငှက်ဟာ ကမ္ဘာတစ်သိန်း ကာလပတ်လုံး အပါယ် လေးပါးသို့ မကျရောက်ရဘဲ လူချမ်းသာ၊ နတ်ချမ်းသာလို့ ခေါ်တဲ့ သုဂတိ ဘဝတွေမှာသာ ကျင်လည်နေရမှာ ဖြစ်တယ်"လို့ မိန့်တော်မူပါတယ်။

ဆက်လက်၍ ဘုရားရှင်က "အဲဒီလို ကျင်လည်ရပြီး နတ်ပြည်မှ စုတေပြန်တဲ့အခါ လူ့ပြည်လောကမှာ သောမနဿ အမည်ရှိတဲ့ ပစ္စေက ဗုဒ္ဓါ ဖြစ်လိမ့်မယ်"လို့ ဗျာဒိတ်စကား မိန့်ကြားတော်မူပါတယ်။

(မ၊ ၄၊ ၁။ ၃၂၂)

### ရဟန်းတော်များကြွလာသောအခါ ပြုကျင့်ရမည့် ကျင့်ဝတ်(၅)ပါး

၁။ ကြည်လင်လှစွာသော စိတ်ကို ဖြစ်ပေါ်စေခြင်း၊
၂။ ခရီးဦးကြိုဆိုကာ နေရာပေးခြင်း၊
၃။ ဝန်တိုတဲ့စိတ်ကို ပယ်ဖျောက်ခြင်း၊
၄။ ဆွမ်း စသော လှူဖွယ်ဝတ္ထု အစုစုတို့ကို လှူဒါန်းခြင်း၊
၅။ တရားစကားတို့ကို ကြားနာမေးမြန်းခြင်း။

### ရဟန်းတော်များ ကြွလာသောအခါ ရရှိမည့် အကျိုးတရား (၅)ပါး

၁။ နတ်ပြည်သို့ ရောက်ကြောင်းအကျင့်ကို ကျင့်ရခြင်း၊
၂။ မြတ်သောအမျိုး၌ ဖြစ်စေတတ်သော အကျင့်ကို ကျင့်ရခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၃။ တန်ခိုးကြီးကြောင်း အကျင့်ကို ကျင့်ရခြင်း၊

၄။ စည်းစိမ်ကြီးကြောင်း အကျင့်ကို ကျင့်ရခြင်း၊

၅။ ပညာကြီးကြောင်း အကျင့်ကို ကျင့်ရခြင်း။

ဤ (၅)ပါးသော အကျိုးတရားတို့ကို ရရှိနိုင်ပါတယ်။

(အံ၊ ၂။ ၂၁၃)

**ရဟန်းသံဃာတော်များက ဒါယကာများအား ချီးမြှောက်ရမည့် ကျင့်ဝတ်(၅)ပါး**

၁။ ငါးပါးသီလဆိုတဲ့ သီလသိက္ခာကို လုံခြုံစွာ စောင့်ထိန်းရန် တိုက်တွန်းနှိုးဆော်ခြင်း၊

၂။ သစ္စာလေးပါး မြတ်တရားကို သိမြင်နိုင်အောင် တိုက်တွန်းခြင်း၊

၃။ ဒါယကာများ မကျန်းမမာတဲ့အခါ ရတနာသုံးပါးနှင့်စပ်တဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့နိုင်ရန် တိုက်တွန်းနှိုးဆော်ပေးခြင်း၊

၄။ အထူးထူးသော အရပ်ဒေသမှ သံဃာတော်တို့ကြွလာတဲ့အခါ ဒါန စတဲ့ ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း၊

၅။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိအား ရည်မှန်း၍ လှူဒါန်းလာတဲ့ ဘောဇဉ်များကို သူတစ်ပါးအား မစွန့်ပစ်ဘဲ မိမိကိုယ်တိုင် ဘုဉ်းပေးသုံးဆောင်ခြင်း။

ဤ ကျင့်ဝတ်ငါးပါးတို့ဖြင့် ဒါယကာတို့အား ချီးမြှောက်ရမှာဖြစ်ပါတယ်။

သာဟု ဒဿနမရိယာနံ၊ သန္နိဝါသော သဒါ သုခေါ။(ဓမ္မပဒ။ ၄၄)

အရိယာနံ၊ အရိယာဖြစ်ကုန်သော ရဟန်းသံဃာတော်တို့အား။ ဒဿနံ၊ ဖူးမြင်ရခြင်းသည်။ သာဟု=သာဓု၊ ကောင်းမြတ်လှပေ၏။ သန္နိဝါသော၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်မှီဝဲခြင်းသည်လည်း။ သဒါ၊ အခါခပ်သိမ်း။ သုခေါ၊ ချမ်းသာအေးမြလှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုလက်ရှိ သာသနာတော်၌ ဖူးတွေ့ရလျှင် စိတ်ဓာတ်ကြည်လင်၍ အလွန်မင်္ဂလာရှိတဲ့ ရဟန်းသံဃာတော်များ အမှန်ပင် ရှိပါသေးတယ်၊ ရဟန်းတော်ဟာ အလွန်စိတ်ကောင်းရှိတယ်၊ ဝိပဿနာ တရားကို လက်မလွှတ်ဘဲ သံဃာ့ပရိသတ်နှင့်အတူ စာချနေတယ်၊ စကားပြောတဲ့ အခါ အေးအေးသာသာ ရှိတယ်။ သမဏာနဉ္စ ဒဿနံ အရ ရဟန်းတော်များကို ဖူးမြင်ရခြင်းမင်္ဂလာ ဆိုတာ ဤကဲ့သို့သော ရဟန်းတော်ကို ဆိုလိုပါတယ်။

လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့် မြတ်နိုးပူဇော်ပါ၊ လှူဖွယ်ဝတ္ထု မရှိလျှင် ထိခြင်း ငါးပါးဖြင့် ရှိခိုးဦးချ လက်အုပ်ချီပါ၊ လက်အုပ်မချီနိုင်လျှင် စိတ်ထဲကပင် ကြည်ညိုပါ၊ ဤကဲ့သို့ ပြုလုပ်ခြင်းကြောင့် များစွာသော ဘဝတို့မှာ ရောဂါ ဝေဒနာ ကင်းရှင်း၍ ကြည်လင်တဲ့ မျက်နှာနှင့် ပြည့်စုံသူများ ဖြစ်နိုင်ပါတယ်။

## ရှိခိုး၊ ပူဇော်၊ ဖူး၊ မြော်၊ မာန်လျော့၊ ကန်တော့

(၁) ရှိခိုး ။ လက်အုပ်ကို ကြာငုံလို လုပ်ပြီး နဖူးမှာ တင်ထားခြင်း။
(၂) ပူဇော် ။ ဆွမ်း၊ သင်္ကန်း၊ သစ်သီးစသည်တို့ဖြင့် ပူဇော်ခြင်း။
(၃) ဖူး ။ မံသစက္ခုဖြင့် ကြည့်ရှုခြင်း။
(၄) မြော် ။ ဉာဏ်စက္ခုဖြင့် ဂုဏ်ကျေးဇူးတွေကို မြော်မှန်းခြင်း။
(၅) မာန်လျော့ ။ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ မိမိ၏ မာန်မာနကို နှိမ်ချခြင်း။
(၆) ကန်တော့ ။ မိမိမှာရှိတဲ့ အပြစ်များကိုဖော်ပြ၍ သည်းခံစေခြင်း။

**သံဃာ့ဂုဏ်တော်(၉)ပါး**

(၁) သုပ္ပဋိပန္န ။သု၊ ကောင်းစွာ၊ ပဋိပန္န ကျင့်တော်မူတယ်။ သု၊ ကောင်းမြတ်တဲ့ မဂ်ဖိုလ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိရန်အတွက်၊ ပဋိပန္န၊ ကျင့်ကြံအားထုတ် အလုပ်လုပ်နေတဲ့ ရဟန်း သံဃာတော်ကြီးတ်

www.burmeseclassic.com

www.burmeseclassic.com



တွေကို အာရုံပြုပြီး ကြည်ညိုဖူးမြော်ရခြင်းဟာ သမဏာနဉ္စ ဒဿနမင်္ဂလာ မည်ပါတယ်။

(၂) ဥဇုပ္ပဋိပန္န ။ဥဇု၊ ဖြောင့်ဖြောင့်၊ ပဋိပန္န၊ ကျင့်တော်မူတယ်။ ဥဇု၊ ဖြောင့်မှန်စွာ၊ မဂ်ဖိုလ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိရန်အတွက်၊ ပဋိပန္န၊ ကျင့်ကြံအားထုတ် အလုပ်လုပ်နေတဲ့ ရဟန်း သံဃာတော်မြတ်တွေကို အာရုံပြုပြီး ကြည်ညိုဖူးမြော်ရခြင်းဟာ သမဏာနဉ္စ ဒဿနမင်္ဂလာ မည်ပါတယ်။

(၃) ဉာယပ္ပဋိပန္န ။ ဉာယ၊ သိမြင်ရန်၊ ပဋိပန္န၊ ကျင့်တော်မူတယ်။ ဉာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်အတွက်၊ ပဋိပန္န၊ ကျင့်ကြံအားထုတ် အလုပ်လုပ်နေတဲ့ ရဟန်းသံဃာတော်မြတ်တွေကို အာရုံ ပြုပြီး ကြည်ညိုဖူးမြော်ရခြင်းဟာ သမဏာနဉ္စဒဿနမင်္ဂလာ မည်ပါတယ်။

(၄) သာမီစိပ္ပဋိပန္န ။ သာမီစိ၊ ရိုရိုသေ၊ ပဋိပန္န၊ ကျင့်တော်မူတယ်။ သာမီစိ၊ ရိုရိုသေသေ၊ မဂ် ဖိုလ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိရန်အတွက် ပဋိပန္န၊ ကျင့်ကြံအားထုတ် အလုပ်လုပ်နေတဲ့ ရဟန်း သံဃာတော်မြတ်တွေကို အာရုံပြုပြီး ကြည်ညိုဖူးမြော်ရခြင်းဟာ သမဏာနဉ္စဒဿနမင်္ဂလာ မည်ပါတယ်။

(ဤလေးပါးကို **အကြောင်းဂုဏ်တော်(၄)ပါး** ဟု ခေါ်ဆိုပါတယ်။)

(၅) အာဟုနေယျော ။ အဝေးမှ ဆောင်ယူလာတဲ့ ပစ္စည်းဝတ္ထု အစုစု တို့ကို ခံယူခြင်းငှာ ထိုက်ပါပေတယ် ဟု အာရုံပြု၍ ဖူးမြော်ရခြင်းဟာ သမဏာနဉ္စဒဿန မင်္ဂလာ မည်ပါတယ်။

(၆) ပါဟုနေယျော ။ မွန်မွန်မြတ်မြတ်ထားတဲ့ ပစ္စည်းဝတ္ထုကို အလှူခံခြင်းငှာ ထိုက်ပါပေတယ် ဟု အာရုံပြု၍ ဖူးမြော်ရခြင်းဟာ သမဏာနဉ္စဒဿန မင်္ဂလာမည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၇) ဒက္ခိဏေယျော ။ မြတ်သောမဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရည်မှန်းပြီး လှူဒါန်းအပ်တဲ့ အလှူကို ခံယူထိုက်ပါပေတယ်ဟု အာရုံပြု၍ ဖူးမြော်ရခြင်းဟာ သမဏာနုဿ ဒဿနမင်္ဂလာ မည်ပါတယ်။

(၈) အဉ္ဇလိကရဏီယော။ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ လက်အုပ်ချီမိုး ရှိခိုးခြင်းငှာ ခံယူထိုက် ပါပေတယ်ဟု အာရုံပြု၍ ဖူးမြော်ရခြင်းဟာ သမဏာနုဿ ဒဿနမင်္ဂလာ မည်ပါတယ်။

(၉) အနုတ္တရ ပုညခေတ္တံ ။ ကုသိုလ်ကောင်းမှုတို့ကို စိုက်ပျိုးဖို့ရာ အဖိုးထိုက်တန်တဲ့ လယ်ယာမြေကောင်း သဖွယ်ဖြစ်မှုပါပေတယ်ဟု အာရုံပြု၍ ဖူးမြော်ခြင်းဟာ သမဏာနုဿ ဒဿနမင်္ဂလာ မည်ပါတယ်။

(ဤငါးပါးကို အကျိုးဂုဏ်တော်(၅)ပါးဟု ခေါ်ဆိုပါတယ်။)

**လောကုတ္တရာ သမဏာနုဿ ဒဿနမင်္ဂလာ**

(၁) သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူကြတဲ့ သံဃာတော် အရှင်မြတ်တွေဟု အာရုံပြု၍ ဖူးမြော်ကြည်ညိုခြင်းဟာ သမဏာနုဿ ဒဿနမင်္ဂလာ မည်ပါတယ်။

(၂) သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဆိုက်လျက် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူနေကြတဲ့ သံဃာတော် အရှင်မြတ်တွေဟု အာရုံပြု ဖူးမြော်ကြည်ညိုရခြင်းဟာလဲ သမဏာနုဿ ဒဿနမင်္ဂလာ မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၃၀) ကာလေန ဓမ္မသာကစ္ဆာ (ခုဒ္ဒကပါဌ၊ ၄)

### ဓမ္မသာကစ္ဆာ (၂)မျိုး

| (လောကီ) ဓမ္မသာကစ္ဆာ | ဓမ္မသာကစ္ဆာ (လောကုတ္တရာ) |
|---|---|
| ပရိယတ္တိဓမ္မ | ပဋိပတ္တိဓမ္မ |
| စာပေကျမ်းဂန် | ဝိပဿနာဉာဏ်အမြင် |
| ဒါန၊ သီလ၊ သမထ | သစ္စာ (၄) တန် အမြင်မှန် |
| ကြီးပွားတိုးတက်ရေး၊ | လက္ခဏာရေး (၃) တန် အမြင်မှန် |
| လောကီအသိဉာဏ်အမြင်မှန် | လောကုတ္တရာအသိဉာဏ် အမြင်မှန် |

ကာလေန၊ မကြာမကြာ အခါခါ၌။ ဓမ္မသာကစ္ဆာ၊ လူကောင်း ရှင်ကောင်း သူတော်ကောင်းနှင့် ပေါင်းဆုံပြား၍ တရားကျမ်းဂန် အတန့်တန်ကို ဉာဏ်တွင်သန့်ရှင်း လင်းထက်လင်းအောင် အချင်းချင်း နှီးနှော ပြောဆိုရခြင်းသည် လည်းကောင်း။

ဓမ္မဿ သာကစ္ဆာ ဓမ္မသာကစ္ဆာ။ (ခုဒ္ဒကပါဌ၊ ဌ။ ၁၂၅)

ဓမ္မဿ၊ ပိဋကတ်သုံးပုံ တရားတော်ကို။ သာကစ္ဆာ၊ ပညာရှိတို့နှင့် တကွ ဆွေးနွေးတိုင်ပင် ပုစ္ဆာပြု၍ မေးမြန်းခြင်း။ ဓမ္မသာကစ္ဆာ၊ ပိဋကတ် သုံးပုံ တရားတော်ကို ပညာရှိတို့နှင့်တကွ ဆွေးနွေးတိုင်ပင် ပုစ္ဆာပြု၍ မေးမြန်းခြင်း။

(၁) ကာလ — စိတ်ဓာတ်ဆုတ်နစ်နေတဲ့အခါ၊ စိတ်ဓာတ်ပျံ့လွင့်နေတဲ့ အခါ၊ ယုံမှားသံသယဖြစ်နေတဲ့အခါ၊ ပညာရှိတို့နှင့် တွေ့ကြုံတဲ့အခါ၊ သဘောတူချိန်းချက်ထားတဲ့အခါတွေဟာ တရားဆွေးနွေးရန် သင့်လျော်လျောက်ပတ်တဲ့ အချိန်အခါများ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ဓမ္မ မြတ်စွာဘုရားဟောကြားတော်မူတဲ့ ဝိနည်း သုတ္တန် အဘိဓမ္မာဆိုင်ရာ တရားတော်များနှင့် အဋ္ဌကထာ၊ ဋီကာ အဆုံးအဖြတ်၊ ထေရဝါဒအယူအဆ၊ အပြစ်ကင်းတဲ့ ပညာရပ် အစရှိသော အမျိုးမျိုးသောတရားများ ဖြစ်ပါတယ်။

(၃) သာကစ္ဆာ ဆွေးနွေးခြင်းဆိုတာ သဘောတူပုဂ္ဂိုလ်ချင်း၊ စိတ်ထား သဘောထားချင်းတူတဲ့ ပုဂ္ဂိုလ်ချင်း၊ သုတ္တန်ဆောင်တဲ့ ပုဂ္ဂိုလ်ချင်း၊ ဝိနည်းဆောင်တဲ့ ပုဂ္ဂိုလ်ချင်း၊ အဘိဓမ္မာ ဆောင်တဲ့ ပုဂ္ဂိုလ်ချင်း တစ်ဦးနှင့်တစ်ဦး ကြည်ကြည် နူးနူး မေတ္တာကူးလျက် မေးမြန်းဖြေကြားခြင်းကို ခေါ် ဆိုပါတယ်။

(၁) ကာလေန၊ အခါအခွင့်ကြုံကြိုက်တိုင်း၊

(၂) ဓမ္မ ၊ တရားတော်ကို၊

(၃) သာကစ္ဆ ၊ ဆွေးနွေးမေးမြန်းခြင်း။

အခါအခွင့်သင့်လို့ ကြုံကြိုက်တိုင်း တရားစကားတွေကို ဆွေးနွေး မေးမြန်းခြင်းဟာ မင်္ဂလာကုသိုလ် ဖြစ်ပါတယ်။

**သာကစ္ဆာ = ဆွေးနွေးခြင်း(၃)မျိုး**

(၁) ရဟန်းသံဃာတော်များ အချင်းချင်း ဆွေးနွေးမေးမြန်းခြင်းက တစ်မျိုး၊

(၂) လူပုဂ္ဂိုလ်အချင်းချင်း ဆွေးနွေးမေးပြန်ပုံက တစ်မျိုး၊

(၃) ရဟန်းသံဃာတော်တွေနှင့် လူပုဂ္ဂိုလ်တွေ ဆွေးနွေးမေးမြန်းပုံက တစ်မျိုး၊

**ရှင်းလင်းချက်**

(၁) ရဟန်းသံဃာတော်အချင်းချင်း ဆွေးနွေးတယ်ဆိုတာ ဝိနည်း၊ သုတ္တန်၊အဘိဓမ္မာ စတဲ့ တရားတွေကို မိမိတို့ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ဆောင် ရဟန်းအချင်းချင်း မသိတာဘဲဖြစ်ဖြစ် မရှင်းတာဘဲ ဖြစ်ဖြစ် ယုံမှား

www.burmeseclassic.com

www.burmeseclassic.com



သံသယဖြစ်နေတဲ့တရားတွေကို ပါဠိတော်က ဘယ်လိုဆိုတယ်၊ အဋ္ဌကထာက ဘယ်သဘောရှိတယ်၊ ဋီကာက ဘယ်လို ဖြေရှင်းပေးထားတယ် စသည်ဖြင့် စင်ကြယ်သန့်ရှင်းသွားအောင် ဆွေးနွေးခြင်း ဖြစ်တယ်။

(၂) လူပုဂ္ဂိုလ်အချင်းချင်း ဆွေးနွေးတယ်ဆိုတာ မိမိသင်ကြား မှတ်ယူထားတဲ့ သမထဝိပဿနာ စတဲ့အကြောင်းအရာများကို စိတ်ထဲမှာ ယုံမှား သံသယရှိနေခဲ့ပါလျှင် ဓမ္မမိတ်ဆွေအချင်းချင်းပဲ ဖြစ်ဖြစ်၊ ပိဋကတ်သုံးပုံ တတ်ကျွမ်းနားလည်တဲ့လူပုဂ္ဂိုလ်တွေနှင့် ပဲဖြစ်ဖြစ် မိမိတို့အယူ စင်ကြယ် သန့်ရှင်းသွားအောင် ဆွေးနွေးခြင်း ဖြစ်တယ်။

(၃) ရဟန်းသံဃာတော်နှင့် လူပုဂ္ဂိုလ်တွေ ဆွေးနွေးတယ်ဆိုတာ ပရိယတ်စာပေများကို လေ့လာသင်ကြားပို့ချနေကြတဲ့ ရဟန်းတော်တွေ ထံမှာ ဖြစ်စေ၊ မိမိတို့ကိုးကွယ်တဲ့ ဆရာတော်များထံမှာဖြစ်စေ မိမိတို့ မသင်ခဲ့ရ မကြားခဲ့ရဖူးသေးတဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ တရားတော် များကို လျှောက်ထားမေးမြန်း ဆွေးနွေးခြင်း ဖြစ်ပါတယ်။

အတူတကွပြောဆိုခြင်း၊ ဆွေးနွေးခြင်းဆိုတာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မေးခြင်း၊ ဖြေခြင်း၊ အပြန်အလှန်ပြောဆိုခြင်းကို ဆွေးနွေး တယ်ဟု ဆိုရပါတယ်။ တရားဆွေးနွေးခြင်းဟာ အကျိုးများလှပါတယ်။ တရားဆွေးနွေးခြင်းဖြင့် တရားနာခြင်း အကျိုးတရားများကို ပါ ရရှိနိုင်ပါတယ်။

တရားဆွေးနွေးခြင်းကို လူကြီးများသာ ဆွေးနွေးလေ့ရှိရာ ယခုခေတ် လူငယ်များ မဆွေးနွေးကောင်းသလို ဖြစ်နေပါတယ်။ အမှန်က တရား ဆိုတာ စိတ်ကောင်းထားတတ်ခြင်း၊ မတရားမှုကို ရှောင်၍ တရားကို လေးစားတတ်ခြင်း၊ ဝီရိယ သတိ သမာဓိ ပညာ စတဲ့ တရားများကို ပွားစေ ခြင်းဖြင့် လောကကြီးပွားရေး၊ ဓမ္မကြီးပွားရေး နှစ်ဖက်လုံးကို အားပေး တတ်၍ လူငယ်များလဲ အလွန်သိထိုက်တဲ့ တရားဖြစ်ပါတယ်။ ထို့ကြောင့် လူငယ်များတရားဆွေးနွေးတဲ့ အစည်းအဝေး (လူငယ်များ ဓမ္မသာကစ္ဆာ သဘင်) ကို မကြာမကြာကျင်းပ၍ ပြောသူက ပြော၊ နားထောင်သူက နားထောင်လျှင် အလွန်အကျိုးရှိမှာ အမှန်ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကာလေန ဓမ္မသာကစ္ဆာ နာမ ပဒေါသေ ဝါ ပစ္ဆူသေ ဝါ ဒွေ သုတ္တန္တိကာ ဘိက္ခူ အညမညံ သုတ္တန္တံ သာကစ္ဆန္တိ၊ ဝိနယဓရာ ဝိနယံ၊ အာဘိဓမ္မိကာ အဘိဓမ္မံ၊ ဇာတကဘာဏကာ ဇာတကံ၊ အဋ္ဌကထိကာ အဋ္ဌကထံ လီနုဒ္ဓတ ဝိစိကိစ္ဆာပရေတစိတ္တဝိသောဓနတ္ထံ ဝါ ယမှိ ကာလေ သာကစ္ဆန္တိ၊ အယံ ကာလေန ဓမ္မသာကစ္ဆာ၊ သာ အာဂမ ဗျတ္တိအာဒီနံ ဂုဏာနံ ဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။ (ခုဒ္ဒကပါဌ၊ ဌ။ ၁၂၇)

ညဥ့်ဦးယံ၌ လည်းကောင်း၊ မိုးသောက်ယံ၌ လည်းကောင်း နှစ်ပါးသော သုတ္တန်ဆောင် ရဟန်းတော်တို့သည် အချင်းချင်း သုတ္တန်ကို ဆွေးနွေးကြပါတယ်။ ဝိနည်းဆောင်တဲ့ ရဟန်းတော်များ အချင်းချင်း ဝိနည်းကို ဆွေးနွေးကြပါတယ်။ အဘိဓမ္မာဆောင်တဲ့ ရဟန်းတော်များ အချင်းချင်း အဘိဓမ္မာကို ဆွေးနွေးကြပါတယ်။ ဇာတ်တော်ကို ဆောင်ထားတဲ့ ရဟန်းတော်များအချင်းချင်း ဇာတ်တော်ကို ဆွေးနွေးကြပါတယ်။ အဋ္ဌကထာကို ဆောင်တဲ့ ရဟန်းတော်များ အချင်းချင်း အဋ္ဌကထာကို ဆွေးနွေးကြပါတယ်။ ဤသို့ ဆွေးနွေး ခြင်းသည် ကာလေန ဓမ္မ သာကစ္ဆာ မင်္ဂလာ မည်ပါတယ်။

(တစ်နည်း) အကြင်အခါ၌ စိတ်တွေ တွန့်ဆုတ်နေတဲ့အခါ၊ ပျံ့လွင့်နေတဲ့အခါ၊ ယုံမှားသံသယ နှိပ်စက်နေတဲ့အခါ ဤကဲ့သို့ ဆွေးနွေးခြင်းမျိုးသည် ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာ မည်ပါတယ်။ ဓမ္မသာကစ္ဆာမင်္ဂလာသည် အရဟတ္တဖိုလ်ရခြင်း ရောက်ခြင်းရဲ့ အကြောင်းတရားလဲ ဖြစ်ပါတယ်။ သာဓကပြဆိုရလျှင် ခေမကရဟန်းနှင့် ရဟန်းတော် (၆)ကျိပ်တို့ဟာ အနတ္တကို အကြိမ်ကြိမ်ဆွေးနွေး သုံးသပ်ဆင်ခြင်ကြလို့ အားလုံး အာသဝေါကုန်ခမ်း၍ ရဟန္တာဖြစ်သွားကြရပါတယ်။

(သံ၊ ၂။ ၁၀၈) ခေမကသုတ်

ရဟန်းတော်များအနေဖြင့် မိမိတို့နှင့် သက်ဆိုင်တဲ့ သာသနာတော်ကြီး မပျက်မစီးရအောင် အစည်းအဝေးပြုလုပ်၍ သာသနာတော်ကြီးပွားတိုးတက်ရေးကို ဆွေးနွေးတိုင်ပင်ကြပြီးလျှင် ကြီးပွားသည်ထက် ကြီးပွားအောင် အားထုတ်ပြုလုပ်ခြင်းဟာ ဓမ္မသာကစ္ဆာမင်္ဂလာ မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူဝတ်ကြောင်းများအနေဖြင့်လဲ တိုင်း၊ မြို့၊ ရွာများမှာ မကြာမကြာ အစည်းအဝေး ပြုလုပ်ကြပြီး မိမိတို့ အမျိုးဘာသာ သာသနာတော် ကြီးပွားရေးကို ဆွေးနွေးတိုင်ပင်ခြင်းသည် ကာလေနဓမ္မသာကစ္ဆာမင်္ဂလာ မည်ပါတယ်။

မကြာမကြာ စည်းဝေးကြ၍ မိမိတို့အမျိုးဘာသာ သာသနာတော် ကြီးပွားတိုးတက်ရေးကို ဆွေးနွေးတိုင်ပင်ခြင်းသည် အဘိဏှံ သန္နိပါတာ သန္နိပါတဗဟုလာ ဘဝိဿန္တိ ဝုဍ္ဎိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ နော ပရိဟာနိ။ (ဒီ၊၂။ ၆၅) ဒေသနာတော်အရ မုချကြီးပွားကြောင်းဖြစ်၍ မင်္ဂလာဟူ၍ပင် ခေါ်ဆိုရပါတယ်။ အချုပ်အားဖြင့် ပြောရလျှင် အားလပ်တဲ့ အချိန်အခါသည် တရားဆွေးနွေးဖို့ သင့်တော်တဲ့ အချိန်အခါ ဖြစ်ပါတယ်။

အထူးအားဖြင့် စိတ်ဓာတ်ကျနေတဲ့အခါ၊ ပျံ့လွင့်နေတဲ့အခါ၊ ယုံမှား သံသယဖြစ်နေတဲ့အခါ ချက်ခြင်းပယ်ဖျောက်ဖို့ရန်အတွက် အချိန်မရွေး ဘယ်အခါမဆို တရားဆွေးနွေးခြင်းသည် ကာလေန ဓမ္မ သာကစ္ဆာမင်္ဂလာ ဖြစ်ပါတယ်။

လောကီအနေဖြင့် ပြောရလျှင် ကြီးပွားရေးတရား၊ တိုင်းပြည် သာယာစည်ပင်ရေး၊ တည်တံ့ခိုင်မြဲရေး သဘောတရား၊ မြို့ရွာရပ်ကွက် အိမ်တိုင်း ကြီးပွားချမ်းသာ တည်တံ့ခိုင်မြဲရေး သဘောတရားများကိုပါ ထည့်သွင်းပြီး အလုပ်ကိစ္စတို့နှင့် စပ်လျဉ်းတဲ့ အရာတို့ကိုလဲ အုပ်ချုပ်သော သူတို့နှင့် အချင်းချင်း မကြာမကြာ မပြတ်မလပ် စည်းလုံးညီညွတ် တိုင်ပင် ဆွေးနွေးကြခြင်းသည် ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာ မည်ပါတယ်။

မှတ်ချက်။ တိုးတက်ကြီးပွားလိုလျှင် အားလပ်တဲ့အချိန်၊ မအား လပ်လျှင် သင့်တော်တဲ့အချိန် သတ်မှတ်ပြီး လောကီ လောကုတ္တရာ နှစ်ဖြာသော ဆွေးနွေးမှုကို ပြုလုပ် ကြရန်

www.burmeseclassic.com

www.burmeseclassic.com



အထူးတိုက်တွန်းလိုက်ရပါတယ်။

တတိယအရွယ်မှာ ဂါရဝေါစ မင်္ဂလာကစ၍ ကျင့်သုံးရပါတယ်၊ တစ်ဆင့်တစ်ဆင့်တက်ပြီး နိဝါတ၊ သန္တုဋ္ဌိ၊ ဓမ္မဿဝန၊ ခန္တီ၊ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနမင်္ဂလာ ခံယူနိုင်လောက်တဲ့ အင်္ဂါနှင့် ပြည့်စုံပြီးနောက် သာသနသဒ္ဓမ္မ လောကုတ္တရာမင်္ဂလာနှင့် ပြည့်စုံဖို့ အရေးကြီးပြန်ပါတယ်။ သုတမယဉာဏ်ဖြင့် ရခဲသည်ကို ရရှိလာပြန်တော့ စိန္တာမယဉာဏ် ပိုင်တာလဲ ရှိတယ်၊ မပိုင်တာလဲ ရှိတယ်။ သိတာလဲ ပါတယ်၊ မသိတာလဲ ပါတယ်။ အဲဒီအခါ ယုံမှားသံသယတွေ တစ်ပုံကြီး ဝင်နေနိုင်တာကို မြင်တော်မူလို့ ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာဖြင့် မသိတာ သိအောင်၊ သိပြီး ကျယ်ပြန့်အောင် တစ်ယောက်နှင့် တစ်ယောက် ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။

တစ်ဆင့်မှ တစ်ဆင့်သို့ မေးမြန်းကြရမယ်၊ ဒီလိုမေးမြန်း လာတဲ့ အခါ အရမ်းမဟောပြောရဘူး၊ အခြေအနေနဲ့ အချိန်အခါကို ကြည့်ပြီး ဟောပြောပြရမယ်၊ မိမိသိပြီးသားကို သူတစ်ပါးသိအောင် ဟောပြောပြ ရမယ်၊ မိမိသိပြီးသား သူတစ်ပါးသိအောင် မိမိသူတစ်ပါး နှစ်ဦးသားတို့ သိပြီးသားကို တိုက်ဆိုင်ကြည့်၊ စေတနာကောင်းဖြင့် နှီးနှောတိုင်ပင်၊ မသိတာ မရှင်းလင်းတာတွေကို မေးမြန်းဆွေးနွေးကြလျှင် ရုပ်နာမ်တရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာ(၄)ပါး မြတ်တရား၊ လက္ခဏာရေး(၃)တန် တရားမှန်ကို ယထာဘူတဉာဏ်ဖြင့် အမှန်ကို မြင်သိလို့ စူဠသောတာပန် နယ်ဝင်သွားနိုင်တာလဲ ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာပင် ဖြစ်ပါတယ်။

**ဓမ္မသာကစ္ဆာဆိုတာ** ဒါနကို ဆွေးနွေးနေတာ၊ သီလကို ဆွေးနွေး နေတာ၊ သမထကို ဆွေးနွေးနေတာ လောကီဓမ္မသာကစ္ဆာ မင်္ဂလာ ဖြစ်ပါ တယ်။

ဝိပဿနာဉာဏ်အမြင်မှန်တွေကို လက္ခဏာ၊ သစ္စာဖြင့် သတ်မှတ်ပြီး ဆွေးနွေးနေတာ လောကုတ္တရာ ဓမ္မသာကစ္ဆာ မင်္ဂလာပင် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မသာကစ္ဆာ (၄)မျိုး

(၁) လောကီကိစ္စ အဝဝနှင့် ပတ်သက်ပြီး ကြီးပွားတိုးတက်ရေးကို ဆွေးနွေးနေတာ လောကီဓမ္မသာကစ္ဆာ မင်္ဂလာ၊

(၂) စာပေကျမ်းဂန်တွေကို ဆွေးနွေးနေတာ ပရိယတ္တိဓမ္မသာကစ္ဆာ မင်္ဂလာ၊

(၃) ဝိပဿနာအလုပ်တွေကို ဆွေးနွေးနေတာ ပဋိပတ္တိဓမ္မသာကစ္ဆာ မင်္ဂလာ၊

(၄) ထိုးထွင်းသိမြင်ပြီးတဲ့ အသိဉာဏ်တွေကို ဆွေးနွေးနေတာ ပဋိဝေဓ ဓမ္မသာကစ္ဆာမင်္ဂလာ ဖြစ်ပါတယ်။

**(၃၁) တပေါ စ** (ခုဒ္ဒကပါဌ။၄)

**တပေါ စ (၂) မျိုး**

| (လောကီ) တပေါ စ | တပေါ စ (လောကုတ္တရာ) |
|---|---|
| (မလုပ်သင့်တာ မကုန်ရေး) | (မဖြစ်သင့်တာ မဖြစ်ရေး) |
| ပစ္စည်း၊ ဥစ္စာ | ဒွါရ (၆) ပါး |
| စား၊ ဝတ်၊ နေရေး | တဏှာ၊ မာန၊ ဒိဋ္ဌိ |
| အပျော်၊ အပါး | လက္ခဏာရေး (၃) သစ္စာ(၄) |
| လောကီသုခချမ်းသာရ | လောကုတ္တရာသုခ ချမ်းသာရ |

တပေါ စ၊ ရှစ်ပါးဥပုသ် စောင့်ချုပ်ထိန်းသိမ်းခြင်း စသော ခြိုးခြံမှုသည် လည်းကောင်း။

ပါပကေ ဓမ္မေ တပတီတိ တပေါ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၀)

www.burmeseclassic.com

www.burmeseclassic.com



ယော ဓမ္မော၊ အကြင် ဣန္ဒြိယသံဝရ စတဲ့ တရားသည်။ ပါပကေ၊ ယုတ်မာကုန်သော။ ဓမ္မေ၊ အဘိဇ္ဈာ ဒေါမနဿ အစ ရှိကုန်သော အကုသိုလ်တရားတို့ကို။ တပတိ၊ ပူပန်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုဣန္ဒြိယသံဝရစတဲ့ တရားသည်။ တပေါ၊ တပမည်၏။

## တပ ခေါ်ပုံနှင့် တရားကိုယ်

တပ၊ ချိုးခြံစွာကျင့်ခြင်း။။

ချိုးခြံစွာ ကျင့်တယ်ဆိုတာ အဘိဇ္ဈာ၊ ဗျာပါဒ၊ ကောသဇ္ဇ စတဲ့ အကုသိုလ်တရားတို့ မဖြစ်ရအောင် သတိ ဝီရိယဖြင့် ကျင့်ခြင်းကို ခေါ်ပါတယ်။ (တရားကိုယ်-သတိနှင့် ဝီရိယ)

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟု ဆိုအပ်တဲ့ ဣန္ဒြေ (၆)ပါးလုံးကို အကုသိုလ်မဖြစ်အောင် ခြိုးခြံစောင့်စည်းထိန်းသိမ်းရမှာ ဖြစ်ပါတယ်။

ငါးဖြာအာရုံ ကာမဂုဏ်ကို ခံစားလိုတဲ့ စိတ်ကို ချုပ်တည်း သိမ်းဆည်းပြီးလျှင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်ဟု ဆိုအပ်တဲ့ ဣန္ဒြေ (၆)ပါးတို့ကို ထိန်းသိမ်းစောင့်ရှောက်ကြတဲ့ ရဟန်းရှင်လူ ခပ်သိမ်းသူတို့မှာ ဒုက္ခမျိုးစုံမှ လွတ်ကင်းကြရပါတယ်။ ဤဣန္ဒြေ (၆)ပါးမှာ ရာဂ၊ ဒေါသ စတဲ့ အကုသိုလ်တရား မဖြစ်ပွားအောင် ကောင်းစွာ စောင့်စည်းခြင်းကိုပင် ချို့ခြံတဲ့ အကျင့် ဟု ခေါ်ဆိုပါတယ်။

အရာရာမှာ ခြိုးခြံခြင်းမရှိသဖြင့် တစ်နေ့ထက် တစ်နေ့ ဆင်းရဲဒုက္ခသို့ ရောက်ကြရ၍ ကာလကြာလျှင် ထို့ထက်ပင် ချို့ခြံမှုမရှိက အမျိုးဘာသာ သာသနာကြီးပင် ကွယ်ပျောက်ရတော့မည်ဟု ဆင်ခြင် စဉ်းစားမိကြလျက် အဝတ်အစားမှစ၍ အစစအရာရာတို့ကို ချိုးခြံစွာ ကျင့်ကြံသုံးစွဲကြဖို့ရာ အထူးလိုအပ်လှပါတယ်။

စားဝတ်နေရေးအတွက် ရှာဖွေကြရတဲ့အခါမှာ ရရှိလာကြတဲ့ ပစ္စည်းဥစ္စာတွေကို မျက်စိ၊ နား၊ နှာ၊ စတဲ့ ဒွါရ(၆)ပါးတွေရဲ့ အလိုကိုသာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျောပြီး ချိုးခြံထိန်းသိမ်းခြင်းမရှိဘဲ လွယ်လွယ် သုံး လွယ်လွယ် ဖြုန်း တတ်ကြပါတယ်။ ရလာတဲ့ ပစ္စည်းဥစ္စာများကို စားသင့်သလောက်စား၊ ဝတ်သင့်သလောက်ဝတ်ပြီး ပစ္စည်းဥစ္စာများကို ခြိုးခြံစုဆောင်းကြရပါမယ်။ ပစ္စည်းဥစ္စာများကို မစုဆောင်းဘဲ ပေါ့ပေါ့စား၊ ပေါ့ပေါ့ နေနေကြလျှင် မကျန်းမမာရောဂါ ဝေဒနာဖြစ်လာတဲ့အခါမျိုးမှာ ဖြစ်စေ၊ အိုမင်းမစွမ်းရှိလာတဲ့ အခါမျိုး မှာဖြစ်စေ စုဆောင်းပြီး ဥစ္စာ ရွှေငွေ မရှိကြလို့ ကိုယ်စိတ်ဆင်းရဲရတဲ့ ဒုက္ခမျိုးစုံနှင့် ရင်ဆိုင်တွေ့ကြုံကြရမှာ ဖြစ်ပါတယ်။

တပေါ နာမ အဘိဇ္ဈာဒေါမနဿာဒီနံ တပနတော ဣန္ဒြိယသံဝရော ကောသဇ္ဇဿ ဝါ တပနတော ဝီရိယံ၊ တေဟိ သမန္နာဂတော ပုဂ္ဂလော အာတာပီတိ ဝုစ္စတိ၊ သွာယံ အဘိဇ္ဈာဒိပ္ပဟာနဈာနာဒိပ္ပဋိလာဘဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗော။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၈)

အဘိဇ္ဈာဒေါမနဿာဒီနံ၊ အဘိဇ္ဈာ ဒေါမနဿ အစရှိကုန်သော အကုသိုလ်တရားတို့ကို။ တပနတော၊ ညှင်းဆဲတတ်သောကြောင့်။ ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရသီလသည်။ တပေါ နာမ၊ တပမည်၏။ ကောသဇ္ဇဿ၊ ပျင်းရိခြင်းကို။တပနတော၊ နှိပ်စက်တတ်သောကြောင့်။ ဝီရိယံ ဝါ၊ ဝီရိယသည်လည်း။တပေါ နာမ၊ တပမည်၏။ ဟိ၊ သင့်စွ။ တေန၊ ထိုဣန္ဒြိယသံဝရ ဝီရိယနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ အာတာပီတိ၊ ကိလေသာကို ညှင်းဆဲတတ်သော လုံ့လ ဝီရိယ ရှိသော ပုဂ္ဂိုလ်ဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ သာယံ=သော အယံ တပေါ၊ ထိုတပ အကျင့်ကို။ အဘိဇ္ဈာဒိပ္ပဟာန ဈာနာဒိပ္ပဋိလာဘဟေတုတော၊ အဘိဇ္ဈာ စသည်ကို ပယ်သဖြင့် ဈာန် အစရှိသော ဂုဏ်အထူးကို ရခြင်း၏အကြောင်း ဖြစ်သောကြောင့်။ မင်္ဂလန္တိ၊ မင်္ဂလာဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

စက္ခု စတဲ့ ဣန္ဒြေခြောက်ပါး၊ တံခါးခြောက်ပေါက်တို့မှ အကြောင်းတိုက်ဆိုင်လျှင် ဖြစ်ပေါ်လာတတ်တဲ့ အဘိဇ္ဈာဒေါမနဿ စတဲ့ အကုသိုလ်တရားတို့ကို ပယ်သတ်ပြီး ဝင်မလာနိုင်အောင် ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်တို့ကို သတိဖြင့် လုံခြုံစွာ စောင့်ရှောက် ပိတ်ဆို့တတ်

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဣန္ဒြိယသံဝရ အမည်ရတဲ့ သတိတရား၊ ပျင်းရိတဲ့ သူရဲ့အဖြစ်ဟုဆိုအပ်သော ထိနမိဒ္ဓပြဋ္ဌာန်းတဲ့ အကုသိုလ်စိတ်ဟု ဆိုအပ်တဲ့ ကောသဇ္ဇတရားကို ပယ်ဖျောက်တတ်သောကြောင့် တပ အမည် ရသော ဝီရိယတရား၊ ဤတရားတို့ကို တပ ဟူ၍ ခေါ်ဆိုအပ်ပါတယ်။

(တရားကိုယ် သတိနှင့် ဝီရိယ)

ထိုဣန္ဒြိယသံဝရ၌ ရအပ်တဲ့ အမည်ရှိတဲ့ သတိဝီရိယတရားကိုပင် အဘိဇ္ဈာစတဲ့ ပဟာတဗ္ဗတရားတို့ကို ပယ်နိုင်ခြင်း၊ ဈာန်စတဲ့ တရားတို့ကို ရရှိနိုင်ခြင်းရဲ့ အကြောင်းဖြစ်လို့ မင်္ဂလာဟူ၍ပင် ခေါ်ဆိုအပ်ပါတယ်။

ကိလေသာငြိမ်းစေတတ်တဲ့ အကျင့်အားလုံးကို တပအဖြစ် ယူရမည်ဟု အဋ္ဌကထာဖွင့်ဆိုထားပါတယ်။ စက္ခုစတဲ့ ဒွါရခြောက်ပါးမှ အဘိဇ္ဈာဒေါမနဿ မဖြစ်အောင် သတိဖြင့် ကာကွယ်တားဆီးခြင်းကို ဣန္ဒြိယသံဝရ (ဣန္ဒြေကိုစောင့်စည်းခြင်း)ဟု ခေါ်ဆိုပါတယ်၊ ဣန္ဒြေကို စောင့်စည်းခြင်း သတိနှင့် ပျင်းရိခြင်းကို ပယ်ဖျောက်တတ်တဲ့ ဝီရိယသည် တပမည်ပါတယ်။

ဤလောက၌ သတ္တဝါဟူသမျှတို့သည် စက္ခုဣန္ဒြေကို မစောင့် စည်းနိုင်ကြ၍ မျက်စိဖြင့် မြင်ရတဲ့ သာယာစရာ နှစ်သက်စရာဖြစ်တဲ့ အဆင်းမျိုးစုံ ရုပ်ပါရုံတို့ကို မကြည့်ရ မမြင်ရလျှင် မနေနိုင်လောက် အောင်ဖြစ်၍ ထိုအဆင်းမျိုးစုံ ရူပါရုံကို ခံစားလိုတဲ့ အာသာဖြင့် မိုးရွာ မရှောင် နေပူမရှောင် အသက်ကိုပင် ပမာနမထားနိုင်တော့ဘဲ ဆင်းရဲ ပင်ပန်းကြီးစွာဖြင့် ဒုက္ခမျိုးစုံကို ခံစားကြရပါတယ်။

ထို့အတူ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်တို့၌ မစောင့်စည်းမချုပ် တည်းနိုင်ကြသဖြင့် သာယာဖွယ် နှစ်သက်ဖွယ်ကောင်းတဲ့ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောအမျိုးမျိုးတို့ကို ခံစားလိုကြ၍ များစွာသော ဆင်းရဲ ဒုက္ခကို တွေ့ကြုံခံစားနေကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ အာရုံ ငါးပါးကို ခံစားလိုတဲ့စိတ်ကို မချုပ်တည်း၊ မစောင့်စည်း၊ မတားမြစ်နိုင်တဲ့သူတို့မှာ ထိုအာရုံ ငါးပါး ရရာရကြောင်း အခါခါ ကြံစည်အားထုတ်ရသည်ဖြစ်၍ သတ်မှု ခိုးမှု စသည်တို့ ဖြစ်ရခြင်း၊ ပစ္စည်းဥစ္စာပျက်စီးခြင်း၊ အနာရောဂါများခြင်း၊ ရာဇဝတ်ဘေးသင့်ရခြင်း၊ အမှုအခင်းဖြစ်ရခြင်း၊ တွေတွေဝေဝေသေရခြင်း၊ သေသည်၏အခြားမဲ့ အပါယ်လေးပါးသို့ ရောက်ရခြင်းစတဲ့ များစွာသော ဒုက္ခတို့ကို ခံစားကြရပါတယ်။

တပေါ၊စ မင်္ဂလာဟာ အဘိဇ္ဈာဗျာပါဒ စတဲ့ အကုသိုလ်တရားတွေကို ပယ်ဖျောက်တတ်တဲ့ ဣန္ဒြိယ သံဝရသီလဖြင့် အမှတ်သတိရခြင်း၊ ဝိပဿနာတရားတို့ကို အားမထုတ်ဘဲ ပျင်းရိဆုတ်ယုတ်အောင် ပြုတတ်တဲ့ ကောသဇ္ဇတရားတွေကို ပယ်ဖျောက်တတ်သော ဝီရိယဖြင့် လုံ့လကြိုးကုတ်အားထုတ်ပြီး ဣန္ဒြေခြောက်ပါးလုံးကို လုံခြုံအောင် သတိဉာဏ်ဝီရိယဖြင့် ပိတ်ဆို့ပြီး လုံခြုံစွာ ကျင့်ကြံအားထုတ်ကြလျှင် မင်္ဂလာကုသိုလ် အစစ်အမှန် ဖြစ်ပါတယ်။ လောကုတ္တရာတရားနှင့် သက်ဆိုင်တဲ့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ဗောဓိပက္ခိယတရား (၃၇)ပါးတို့တွင် သတိ ဉာဏ် ဝီရိယ သုံးပါးကသာ ကျေးဇူးအများဆုံး ဖြစ်တယ်ဆိုတာ သိဖို့ လိုအပ်ပါတယ်။

## လောကီ လောကုတ္တရာ(၂)ဖြာ တပမင်္ဂလာ

မျက်စိ၊ နား၊ နှာ စတဲ့ ဒွါရ ခြောက်ပါးကို သတိ ဝီရိယ ဆိုတဲ့ ဣန္ဒြိယသံဝရသီလအနေနှင့် ဖြို့ခြံထိန်းသိမ်း စောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။ ပျင်းရိပေါ့ဆ ဝီရိယချို့တဲ့ခြင်းကို ပြုပြင်၍ ဝီရိယတရားကြိုးစားတည်ဆောက်နိုင်ခြင်းကို တပဟု ခေါ်ဆိုပါတယ်၊ ဝီရိယနှင့်ပြည့်စုံတဲ့သူဟာ တပမင်္ဂလာနှင့် ပြည့်စုံသူဟူ၍ ခေါ်ဆို ရပါတယ်။

ဝီရိယကို အားထုတ်၍ အလုပ်ကိုယ်စီဖြင့် တညီတညာတည်းလုပ်ကိုင်ကြပါလျှင် စည်ပင်ဝပြော၍ ပေါ်များကြွယ်ဝတဲ့ တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြည်ဖြစ်လာနိုင်ကာ ဆင်းရဲဒုက္ခမျိုးစုံမှ ကင်းဝေးလျက် အေးငြိမ်းချမ်းသာခြင်းကို ရရှိကြမှာ အမှန်ဖြစ်ပါတယ်။

ပထမအရွယ်မှာ အပေါင်းအသင်းနှင့် ပညာကို ရှာရမှာဖြစ်တယ်၊ ဒုတိယအရွယ်မှာ ဥစ္စာကို ရှာရမယ်၊ တတိယအရွယ်မှာ တရားကို လိုက်စားရမယ်။ ဂါရဝ၊ နိဝါတ၊ သန္တုဋ္ဌိ၊ ကတညုတာ၊ ဓမ္မဿဝန မင်္ဂလာများနဲ့ ပြည့်စုံပြီး ရောင့်ရဲ ချိုးနှိမ်ခြင်းလဲ ပါရမယ်၊ သူ့ကျေးဇူးကို သိရမယ်၊ တရားကို နာ၊ သုတမယ စုံလင်စွာနှင့် သည်းခံလိုက်ရမှာဖြစ်တယ်၊ ပြောရင်လဲ နာခံလိုက်နာရမှာ ဖြစ်တယ်၊ ရဟန်းသံဃာများကို ဖူးမြင်ပါ၊ မသိတာကို လျှောက်ထားပြီး တရားဆွေးနွေးပါ၊ စိန္တာမယဉာဏ် ပြည့်စုံလာတဲ့အခါ ဘာဝနာမယဉာဏ် ရင့်သန်ပြည့်စုံ လာအောင် သမထဝိပဿနာ ဘာဝနာကို ကျင့်ကြံကျိုးကုတ် အားထုတ် အလုပ်လုပ်ရမှာ ဖြစ်တယ်၊ ဒါ့ကြောင့် ဘုရားရှင်က တပေါစ မင်္ဂလာကို ဟောတော်မူခဲ့ပါတယ်။

တပေါစ ဆိုတာ ခြိုးခြံစွာ ကျင့်ရမယ်၊ နားလည်အောင် ပြောရလျှင် ကြီးပွားရေးအလုပ်ဖြစ်တဲ့ အသေဝနာစ ဗာလာနံက စပြီး နေ့မအားညမအား ကြိုးစားခဲ့တာ ပညာရေးနှင့် ဥစ္စာလဲ ပြည့်စုံ၊ နောက်ကို ပြန်ကြည့်ရင် မိမိအတွက် အရေးကြီးတာက ဥပုသ်သီတင်း ကျင့်သုံးဖို့၊ ဝိပဿနာ အားထုတ်အလုပ်လုပ်ဖို့ အချိန်ရောက်လာ၍ စက္ခုနာ သံဝရော သာဓု စသည်ကို ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။

စက္ခုနှင့် ရူပါရုံဆုံတွေ့တဲ့အခါ တဏှာ၊ ဒိဋ္ဌိ မဖြစ်ရအောင် လက္ခဏာရေး သုံးတန် အမြင်မှန်ဖြင့် ဝိပဿနာရှု၍ အသိမှန်ဖြင့် ခြိုးခြံလိုက်ပါ၊ တပေါစ မင်္ဂလာ ဖြစ်ပါတယ်၊ သစ္စာလေးတန် အသိဉာဏ်ဖြင့် တဏှာ၊ ဥပါဒါန် စတဲ့ အကြောင်းတရားတွေ ဖြစ်ပေါ်မလာအောင် ခြိုးခြံလိုက်တာ လောကုတ္တရာ တပေါစ မင်္ဂလာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၃၂) ဗြဟ္မစရိယဉ္စ (ခုဒ္ဒကပါဌ။ ၄)

### ဗြဟ္မစရိယ(၂)မျိုး

| (လောကီ) ဗြဟ္မစရိယ | ဗြဟ္မစရိယ (လောကုတ္တရာ) |
|---|---|
| ═══ × × ═══ | ═══ × × ═══ |
| (မြတ်တဲ့အကျင့်) | (မြတ်တဲ့အကျင့်) |
| ဒါန၊ သီလ၊ ဝေယျာဝစ္စ | သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ (ပညာ) |
| မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဥပေက္ခာ | ဝါယာမ၊သတိ၊ သမာဓိ(သမာဓိ) |
| သီလ၊ သမာဓိ၊ ပညာ | ဝါစာ၊ ကမ္မန္တ၊ အာဇီဝ (သီလ) |
| ═══ × × ═══ | ═══ × × ═══ |
| စိတ်အစဉ် သုခ ချမ်းသာရ။ | စိတ်အစဉ်သုခ ချမ်းသာရ။ |

ဗြဟ္မစရိယဉ္စ၊ ကာမဂုဏ်နှင့် အာရုံမစပ် မြတ်သော ရဟန်းသံဃာတော်တို့၏ အကျင့်ကို ကျင့်ရခြင်းသည်လည်းကောင်း။

ဗြဟ္မံ စရိယံ, ဗြဟ္မာနံ ဝါ စရိယံ ဗြဟ္မစရိယံ၊ သေဋ္ဌစရိယံန္တိ ဝုတ္တံ ဟောတိ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၈)

(၁) ဗြဟ္မံ၊ မြတ်သော။ စရိယံ၊ အကျင့်တည်း။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်။

(၂) ဗြဟ္မာနံ၊ မြတ်သောပုဂ္ဂိုလ်တို့၏။ စရိယံ၊ အကျင့် တည်း။ ဗြဟ္မစရိယံ၊ မြတ်သောပုဂ္ဂိုလ်တို့၏ အကျင့်။

> ဗြဟ္မစရိယံ နာမ မေထုနဝိရတိ၊ သမဏဓမ္မသာသန မဂ္ဂါနမဓိဝစနံ။ ဣဓ ပန အရိယသစ္စဒဿနေန ပရတော မဂ္ဂဿ သင်္ဂဟိတတ္တာ အဝသေသံ သဗ္ဗမ္ပိ ဝဋ္ဋတိ။ တဉ္စေတံ ဥပရူပရိ နာနပ္ပကာရဝိသေသာဓိဂမဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗံ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၈)

ဗြဟ္မစရိယံ နာမ၊ ဗြဟ္မစရိယမည်သည်။ မေထုဝိရတိ၊ မေထုန် အကျင့်မှ ရှောင်ကြဉ်ခြင်းတည်း။ သမဏဓမ္မသာသနမဂ္ဂါနံ၊ ရဟန်းတို့၏ တရား, အဆုံးအမတော်, မဂ်လေးပါးတို့၏။ အဓိဝစနံ၊ အမည်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ဣမေ ပန၊ ဤပြဟ္မစရိယမဂ်လာ၌ကား။ အရိယသစ္စဒဿနေန၊ အရိယသစ္စဒဿနေနဖြင့်။ ပရတော၊ နောက်ဖြစ်သော။ မဂ္ဂဿ၊ မဂ် လေးပါးကို။ (ဝါ)မဂ္ဂင် (၈)ပါး မြတ်တရားကို။ သင်္ဂဟိတတ္တာ၊ ရေတွက် အပ်သည်၏ အဖြစ်ကြောင့်။ အဝသေသံ၊ အရိယမဂ်လေးပါးမှ ကြွင်းသော။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော မေထုန ပြဟ္မစရိယ၊ သမဏပြဟ္မစရိယ၊ သာသနပြဟ္မစရိယသည်လည်း။ ဝဋ္ဋတိ၊ သင့်၏။

တစ္ဆေတံ =တံ စ ဧတံ၊ ထိုမေထုန ပြဟ္မစရိ သမဏပြဟ္မစရိယ၊ သာသနပြဟ္မယစရိကိုလည်း။ ဥပရူပရိနာနပ္ပကာရဝိသေသာဓိဂမ ဟေတုတော၊ အထက်ထက်၌ အထူးထူးသော အခြင်းအရာဖြင့် ထူးမြတ်သော တရားကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့်။ မင်္ဂလန္တိ၊ မင်္ဂလာဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ပြဟ္မစရိယဆိုတာ သူ့နေရာနှင့်သူ နေရာလိုက်၍ အကျင့် အမျိုးမျိုး ရှိပါတယ်။ ဤ ခုဒ္ဒကပါဌအဋ္ဌကထာ၌ မေထုန်မှ ရှောင်ကြဉ်ခြင်း၊ ရဟန်းတရား၊ အဆုံးအမ၊ မဂ်တို့၏ အမည် ဖြစ်ကြောင်း ဖွင့်ဆိုထား ပါတယ်။ ထိုတွင် အရိယသစ္စာနဒဿနဖြင့် မဂ်ကို ယူပြီးဖြစ်၍ အကြွင်း သုံးပါးကို ပြဟ္မစရိယအရ ယူရမှာ ဖြစ်ပါတယ်။

ပြဟ္မစရိယံ ပကာသေတီတိ ဧတ္ထ ပနာယံ ပြဟ္မစရိယသဒ္ဒေါ ဒါနေ ဝေယျာဝစ္စေ ပဉ္စသိက္ခာပဒသီလေ အပ္ပမညာသု မေထုနဝိရတိယံ သဒါရသန္တောသေ ဝီရိယေ ဥပေါသထင်္ဂေသု အရိယမဂ္ဂေ သာသနေတိ ဣမေသွတ္ထေသု ဒိဿတိ။ (ဒီ၊ ဋ္ဌ၊ ၁။ ၁၆၀)

ပန၊ အဖို့တစ်ပါးကား။ ပြဟ္မစရိယံ ပကာသေတီတိ ဧတ္ထ၊ ပြဟ္မစရိယံ ပကာသေတီဟူသော ဤပါဌ်၌။ အယံ ပြဟ္မစရိယသဒ္ဒေါ၊ ဤပြဟ္မစရိယသဒ္ဒါကို။ (ဝါ) ပြဟ္မစရိယသဒ္ဒါသည်။ ဒါနေ၊ ဒါန လည်းကောင်း။ ဝေယျာဝစ္စေ၊ ဝေယျာဝစ္စ၌လည်းကောင်း။ ပဉ္စသိက္ခာ ပဒသီလေ၊ ငါးပါးသော သိက္ခာပုဒ်သီလ၌ လည်းကောင်း။ အပ္ပမညာသု၊

www.burmeseclassic.com

www.burmeseclassic.com



အပ္ပမညာတို့၌ လည်းကောင်း။ မေထုနဝိရတိယံ၊ မေထုန်မှ ရှောင်ကြဉ်ခြင်း၌ လည်းကောင်း။ သဒါရသန္တောသေ၊ မိမိအမျိုးသမီးဖြင့် ရောင့်ရဲခြင်း၌ လည်းကောင်း။ ဝီရယေ၊ ဝီရိယ၌ လည်းကောင်း။ ဥပေါသထင်္ဂေသု၊ ဥပုသ်အင်္ဂါတို့၌ လည်းကောင်း။ အရိယမဂ္ဂေ၊ အရိယမဂ်၌လည်းကောင်း။ သာသနေ၊ သာသနာတော်၌ လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေသု အတ္ထေသု၊ ဤအနက်အဓိပ္ပာယ်တို့၌။ ဒိဿတိ၊ တွေ့မြင်အပ်၏။ (ဝါ) ထင်၏။

ဗြဟ္မစရိယ(၁၀)ပါး

(၁) ဒါန - သဒ္ဓါကြည်ဖြူ ပေးကမ်း လှူဒါန်းခြင်း၊
(၂) သီလ - ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို အကုသိုလ် မဖြစ်အောင် စောင့်ထိန်းခြင်း၊
(၃) ဝေယျာဝစ္စ - ကုသိုလ်ဖြစ်ဖွယ် အမှုကြီးငယ်တို့ကို ဆောင်ရွက်ခြင်း၊
(၄) အပ္ပမညာ - မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊
(၅) မေထုန်မှုရှောင်ကြဉ်ခြင်း၊
(၆) မိမိအမျိုးသမီးဖြင့် ရောင့်ရဲတင်းတိမ်ကျေနပ်ခြင်း။
(၇) လုံ့လ ဝီရိယရှိခြင်း၊
(၈) ဥပုသ်သီလ ဆောက်တည်ခြင်း၊
(၉) အရိယာမဂ် လေးပါးကို သိမြင်ခြင်း၊
(၁၀) သာသနာသုံးရပ်=ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ၊ (သီလ၊ သမာဓိ၊ ပညာ)။

ဗြဟ္မစရိယမည်ပုံ

(၁) ပုဏ္ဏကဇာတကေ ဒါနံ "ဗြဟ္မစရိယ"န္တိ ဝုတ္တံ။

လှူဒါန်း ပေးကမ်း စွန့်ကြဲခြင်းသည် ဗြဟ္မစရိယမင်္ဂလာ မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂) အင်္ကုရပေတဝတ္ထုမှီ ဝေယျာဝစ္စ "ဖြဟ္မစရိယ"န္တိ ဝုတ္တံ။

ကုသိုလ်ဖြစ်ဖို့ရန် အမှုကြီးငယ် ကိစ္စအဝဝတို့ကို ဆောင်ရွက်ခြင်းသည် ဗြဟ္မစရိယမင်္ဂလာ မည်ပါတယ်။

(၃) တိတ္တိရဇာတကေ ပဉ္စသိက္ခာပဒသီလံ "ဗြဟ္မစရိယ"န္တိ ဝုတ္တံ။

ငါးပါးသီလကို လုံအောင် စောင့်ရှောက်ထိန်းသိမ်းခြင်း သည် ဗြဟ္မစရိယမင်္ဂလာ မည်ပါသည်။

(၄) မဟာဂေါဝိန္ဒသုတ္တေ စတဿော အပ္ပမညာယော "ဗြဟ္မစရိယ"န္တိ ဝုတ္တံ။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသောအပ္ပမညာတရားလေးပါးကို အားထုတ်ခြင်းသည် ဗြဟ္မစရိယမင်္ဂလာ မည်ပါတယ်။

(၅) သလ္လေခသုတ္တေ မေထုနဝိရတိ "ဗြဟ္မစရိယ"န္တိ ဝုတ္တာ။

မမြတ်သော မေထုန်အကျင့်မှ ကြဉ်ရှောင်ခြင်းသည် ဗြဟ္မစရိယမင်္ဂလာ မည်ပါတယ်။

(၆) မဟာဓမ္မပါလဇာတကေ သဒါရသန္တောသော "ဗြဟ္မစရိယ"န္တိ ဝုတ္တော။

မိမိရဲ့အမျိုးသမီး၊ မိမိရဲ့အမျိုးသားတို့ဖြင့် ရောင့်ရဲတင်းတိမ်နိုင်ခြင်းသည် ဗြဟ္မစရိယမင်္ဂလာ မည်ပါတယ်။

(၇) လောမဟံသနသုတ္တေ ဝီရိယံ "ဗြဟ္မစရိယ"န္တိ ဝုတ္တံ။

လုံ့လ ဝီရိယနှင့် ပြည့်စုံခြင်းသည် ဗြဟ္မစရိယမင်္ဂလာ မည်ပါတယ်။

(၈) နိမိဇာတကေ အတ္တဒမနဝသေန ကတော အဋ္ဌင်္ဂိကော ဥပါသထော "ဗြဟ္မစရိယ"န္တိ ဝုတ္တော။

ဥပုသ်ဆောက်တည်ခြင်း၊ မဂ္ဂင်(၈)ပါး မြတ်တရားကို သိမြင်ခြင်းသည် ဗြဟ္မစရိယမင်္ဂလာ မည်ပါတယ်။

(၉) မဟာဂေါဝိန္ဒသုတ္တာသို့ယေဝ အရိယမဂ္ဂေါ "ဗြဟ္မစရိယ" န္တိ မဂ္ဂေါ။

အရိယာမဂ်ဉာဏ်ကို သိခြင်းသည် ဗြဟ္မစရိယမင်္ဂလာ မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁၀) ပါသာဒိကသုတ္တေ သိက္ခတ္တယသင်္ဂဟိတံ သကလသာသနံ "ဗြဟ္မစရိယ"န္တိ ဝုတ္တံ။
သီလ သမာဓိ ပညာ သိက္ခာ သုံးရပ် သာသနာတော်မြတ်ကြီးကို ကျင့်ကြံအားထုတ်ခြင်းသည် ဗြဟ္မစရိယ မင်္ဂလာ မည်ပါတယ်။ (ဒီ၊ ၃၊ ၁။ ၁၆၀)

ဗြဟ္မစရိယန္တိ သေဋ္ဌဋ္ဌေန၊ ဗြဟ္မဘူတံ စရိယံ, ဗြဟ္မဘူတာနံ ဝါ ဗုဒ္ဓါဒီနံ စရိယန္တိ ဝုတ္တံ ဟောတိ။ (ဒီ၊ ၃၊ ၁။ ၁၆၂)

ဗြဟ္မစရိယန္တိ ဧတ္ထ၊ ဗြဟ္မစရိယံဟူသော ဤပါဌ်၌။ သေဋ္ဌဋ္ဌေန၊ မြတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်။ ဗြဟ္မဘူတံ၊ မြတ်သည် ဖြစ်၍ဖြစ်သော။ စရိယံ၊ အကျင့်ကို။ ဝါ၊ ကစ်နည်းကား။ ဗြဟ္မဘူတာနံ၊ မြတ်သည်ဖြစ်၍ဖြစ်ကုန်သော။ ဗုဒ္ဓါနံ၊ ဘုရားအစရှိသော အရိယာ ပုဂ္ဂိုလ်တို့၏။ စရိယံ၊ အကျင့်ကို။ ပကာသေတိ၊ ထင်ရှားပြ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်။ (ဝါ) ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

မြတ်သောအကျင့်ကို ဗြဟ္မစရိယ ဟု ဆိုထားပါတယ်။ ဘုရား ပစ္စေကဗုဒ္ဓ အရိယာ သာဝက စသည်တို့ရဲ့ အကျင့်မြတ်ကို ဗြဟ္မစရိယ ဟု ဆိုလိုပါတယ်။

ဗြဟ္မစရိယံ နာမ မေထုနဝိရတိ သမဏဓမ္မသာသနမဂ္ဂါ နမဓိဝစနံ။
(ခုဒ္ဒကပါဌ၊ ၃။ ၁၂၈)

(၁) မေထုနဝိရတိဗြဟ္မစရိယ။ မေထုန်ကြီး၊ မေထုန်ငယ် တို့မှ ရှောင်ကြဉ်သောအကျင့်။

(၂) သမဏဗြဟ္မစရိယ။ ရဟန်းတရားဖြစ်တဲ့ ဂန္ထဓုရ ဝိပဿနာဓုရ အကျင့်မြတ်တို့ကို ကျင့်ခြင်း။

(တစ်နည်း) အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဆိုတဲ့ သိက္ခာ သုံးပါး၊ ရဟန်းတရားတို့ကို ကျင့်ခြင်း၊ (၂၂၇)သွယ်သော သိက္ခာပုဒ်၊ အကျယ် ကုဋေကိုးထောင်ကျော်တို့ကို ထိန်းသိမ်း စောင့်စည်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၃) သာသနပြဟ္မစရိယ။ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ သိက္ခာ(၃)ပါး၊ သီလက္ခန္ဓ၊ သမာဓိက္ခန္ဓ၊ ပညက္ခန္ဓ(၃)ပါး၊ သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာ(၃)ပါး အကျင့်တရား (တစ်နည်း) ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဆိုတဲ့ သာသနာ(၃)ရပ် စည်ပင်ပြန့်ပွားလာစေရန် တစ်စုံတစ်ခုသော ကျောင်း၊ ကမ္မဋ္ဌာန်းဌာန စသည်တို့ကို ပြုလုပ်ခြင်း၊ ပိဋကတ်စာပေ သင်ကြား ပို့ချ နာယူခြင်း၊ တရားဓမ္မ ဆိုဆုံးမခြင်း၊ ကျင့်ကြံ အားထုတ်ခြင်းတို့ ဖြစ်ပါတယ်။

(၄) မဂ္ဂပြဟ္မစရိယ။ မဂ္ဂင်(၈)ပါး၊ မဟာသတိပဋ္ဌာန် တရား(၄)ပါး စတဲ့ တရားတို့ကို ယထာဘူတ မှန်ကန်စွာ ကျင့်ကြံပွားများ အားထုတ်ခြင်း။

(တစ်နည်း) မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်းဖြစ်တဲ့ မြတ်သောအကျင့်၊ ရဟန်းတရားဖြစ်တဲ့ မြတ်သောအကျင့်၊ ပရိယတ္တိ သာသနာဟူသော မြတ်သော အကျင့်တို့သည် ပြဟ္မစရိယပင် မည်ပါတယ်။ ထို(၃)မျိုးသော ပြဟ္မစရိယကိုပင် အထက်အထက် တရားထူးကို ရခြင်း၏အကြောင်း ဖြစ်လို့ မင်္ဂလာဟူ၍ပင် ခေါ်ဆိုပညတ် သမုတ်အပ်ပါတယ်။

မဂ္ဂပြဟ္မစရိယဖြစ်တဲ့ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် အကျင့်တရားသည် အမြတ်ဆုံးအကျင့်ဖြစ်၍ အမြတ်ဆုံး မင်္ဂလာ ဟူ၍ ခေါ်ဆိုရပြန်ပါတယ်။

## မေထုန်ကြီး

မေထုန်ကြီးဆိုတာ လောကီဘုံသား အိမ်ထောင်သည်များ၏ အမှုအကျင့်ကို ခေါ်ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မေထုန်ငယ် (၇)ပါး

(၁) အမျိုးသမီးနှင့် အမျိုးသားတို့ ပူးကပ် နီးစပ်လျက် ပျော်ရွှင်စွာ နေလိုတဲ့စိတ်၊

(၂) တဏှာသဘောနှင့် ရယ်မောလျက် ပျော်ရွှင်စွာ နေလိုတဲ့စိတ်၊

(၃) စက္ခုနှင့် ရူပါရုံ နှစ်ပါးဆုံတွေ့အခါ သာယာတဲ့ သဘောနဲ့ ကြည့်ရှုနေလိုတဲ့ စိတ်၊

(၄) အသံကြားအောင် အော်ဟစ်ရင့်ကျူး ရွှင်ပျော်မြူးလိုတဲ့ စိတ်၊

(၅) အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းတွေးရှု စားမြုံ့ပြန်လျက် ခံစားလိုတဲ့စိတ်၊

(၆) ချောင်းမြောင်းကြည့်ကာ သာယာသမှု ခံစားကာ ပြုလိုတဲ့ စိတ်၊

(၇) ဒါန သီလ ပြုကြတဲ့ခါ နိဗ္ဗာန်ရောက်ရန် စိတ်မသန်ဘဲ နတ်ဘုံ နတ်နန်း ကာမဂုဏ်အာရုံမှန်းပြီး ရွှင်မြူးသာယာ ခံစားကာ နေလိုတဲ့စိတ်။ (အံ၊ ၂။.၄၃၈)

မမြတ်တဲ့ မေထုန်အကျင့်မှ ရှောင်ကြဉ်ပြီး၊ မဂ် ဖိုလ် နိဗ္ဗာန်ကို ရစေ ရောက်စေတတ်တဲ့ ဝိပဿနာတရား အားထုတ်ခြင်းကို အမြတ်ဆုံး ဗြဟ္မစရိယမင်္ဂလာ လို့ ခေါ်ဆိုပါတယ်။ ဤလောက၌ မေထုန်အကျင့်ကို ရှောင်ကြဉ်တဲ့ သူတွေဟာ အနာရောဂါကင်းတယ်၊ မိမိစိတ်အလိုရှိတိုင်း ချမ်းသာစွာ နေရတယ်၊ သားမယားအတွက် မပူပန်ရဘူး၊ အိုခဲတယ်၊ ချမ်းသာသုခများစွာ ရရှိပါတယ်။

တပေါ်စ မင်္ဂလာ စောင့်စည်းနေရုံနဲ့ မလုံလောက်သေးဘူး၊ ဒါ့ကြောင့် ဗြဟ္မစရိယမင်္ဂလာကို ဆက်လက်၍ ဟောတော်မူခဲ့တာပါ။

**ဗြဟ္မစရိယမင်္ဂလာဆိုတာ** ကိလေသာကို ပယ်သတ်ရတဲ့ အလုပ် ဖြစ်ပါတယ်။ ကိလေသာဆိုတာ မဂ်ဖြင့် မပယ်ရသေးသမျှ သတ္တဝါတိုင်းရဲ့ သန္တာန်မှာ ကိန်းအောင်နေပါတယ်၊ လွန်ကျူးခြင်း ဝီတိက္ကမ၊ ထကြွခြင်း ပရိယုဋ္ဌာန၊ အစဉ်ကိန်းခြင်း အနုသယ၊ ဤ (၃)မျိုးဟာ ထင်ရှားရှိပါတယ်၊ ဒါကို မြင်တော်မူလို့ ဗြဟ္မစရိယ မင်္ဂလာကို ဟောတော် မူခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဗြဟ္မစရိယဆိုတာ** တရားကိုယ်ကောက်လျှင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြစ်ပါတယ်။

**သီလဆိုတာ** မဂ်နှင့် လျော်တဲ့ အဋ္ဌင်၊ နဝင်၊ ဒသင်၊ အာဇီဝဋ္ဌမက သီလများကို ကောက်ယူရမှာ ဖြစ်တယ်။ ရဟန်းတော်များအတွက်တော့ စတုပါရိသုဒ္ဓိသီလကို ကောက်ယူရမှာ ဖြစ်ပါတယ်၊ ဝီတိက္ကမ ကိလေသာကို ထိန်းနိုင်လျှင် အေးငြိမ်းနိုင်တာ အမှန်ဖြစ်ပါတယ်။

**သမာဓိဆိုတာ** ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာ သမာဓိ ဆိုပြီး သုံးမျိုးရှိတယ်။ ဤသုံးမျိုးမှသာ ပရိယုဋ္ဌာနသိမ်း၍ အေးငြိမ်းနိုင်ပါတယ်။

**ပညာဆိုတာ** ဝိပဿနာပညာဖြစ်တယ်။ လောကီမဂ္ဂင်(၈)ပါးနှင့် ရုပ်နာမ်ခန္ဓာ၊ အာယတန၊ ဓာတ်တရားတို့ကို ကြိုက်နှစ်သက်ရာ ပွားများနိုင်ပါတယ်၊ ထိုမှ တစ်ဆင့်တက်၍ ရင့်ကျက်လာတဲ့အခါ မဂ်ဉာဏ်ပေါ်နိုင်ပါတယ်။ မဂ်ဉာဏ်ပေါ်မှ အနုသယကင်း၍ သန့်ရှင်းနိုင်ပါတယ်။

**ဗြဟ္မစရိယဆိုတာ** မြတ်တဲ့အကျင့် ဖြစ်ပါတယ်။

မမြတ်တဲ့အကျင့်ဖြစ်တဲ့ မေထုန်ကြီး၊ မေထုန်ငယ်တို့ကို အဗြဟ္မစရိယလို့ ခေါ်ဆိုပါတယ်၊ မေထုန်ငယ်က ဝိပဿနာဉာဏ် အလွန်အားကောင်းမှ, ကာယိန္ဒြေ၊ မနိန္ဒြေတို့ကို စောင့်ရှောက်နိုင်မှ လုံခြုံပါတယ်။

မေထုန်ကြီးကတော့ ကာယကံ တစ်ခုကိုပဲ စောင့်ရှောက်ရပါတယ်။ မနောကံ စိတ်အစဉ်က သူသွားချင်ရာကို သွားနေမှာပဲ။ဒါပေမယ့် အဲဒီ မေထုန်ကြီး၊ မေထုန်ငယ်အကျင့်မှ ရှောင်ကြဉ်နိုင်လျှင် ဗြဟ္မစရိယလို့ ခေါ်ဆိုရပါတယ်။ အဗြဟ္မစရိယသိက္ခာပုဒ်ကို ထိန်းသိမ်း စောင့်ရှောက်နေခြင်းကို ဗြဟ္မစရိယလို့ ခေါ်ဆိုပါတယ်၊ ဒါဟာ လောကီမဂ်လာ ဖြစ်ပါတယ်။

လောကုတ္တရာမဂ်လာက အနာဂါမ်ဖြစ်တဲ့အချိန်မှာ ကာမရာဂ မေထုန်ကြီး ကင်းပြတ်သွားပါတယ်၊ အလိုမရှိတော့ဘူး၊ ဗြဟ္မစရိယကာယ် သာမန်မျှမဟုတ်ဘဲ၊ သမထဖြင့် ရှောင်ကြဉ်တဲ့ ဗြဟ္မစရိယ၊ သီလဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကြဉ်တဲ့ ဗြဟ္မစရိယ၊ ဒါ လောကီမင်္ဂလာ ဖြစ်ပါတယ်။ ဝိပဿနာ ဉာဏ်ဖြင့် ရှောင်ကြဉ်လိုက်တဲ့ ဗြဟ္မစရိယက လောကုတ္တရာ ဗြဟ္မစရိယ ဖြစ်ပါတယ်။

ဗြဟ္မစရိယဆိုတာက လောကီမင်္ဂလာပါ။ သမထနဲ့ ထိန်းသိမ်းတာကလဲ လောကီမင်္ဂလာဖြစ်ပါတယ်။ အာဠာရ၊ ဥဒက၊ ဒေဝီလ ရသေ့ကြီးများ ကာမရာဂကို သမထဖြင့် ပယ်သတ်ပြီး ကျင့်နေတာ လောကီမင်္ဂလာပါ။ အနာဂါမ်ပုဂ္ဂိုလ်တွေ ကာမရာဂကို မဂ်ဉာဏ်ဖြင့် ပယ်နေ သတ်နေ ချုပ်အောင်လုပ်နေတာက လောကုတ္တရာ မင်္ဂလာဖြစ်ပါတယ်။

## (၃၃) အရိယသစ္စာနဒဿနံ။ (ခုဒ္ဒကပါဌ။၄)

### အရိယသစ္စာနဒဿန (၂)မျိုး

| (လောကီ)အရိယသစ္စာနဒဿန | အရိယသစ္စာနဒဿန(လောကုတ္တရာ) |
|---|---|
| မဂ္ဂ+သစ္စာ | မဂ္ဂ+သစ္စာ |
| ဒုက္ခ+သစ္စာ | နိရောဓ+သစ္စာ |
| သမုဒယသစ္စာ | အသင်္ခတ (နိဗ္ဗာန်) |
| လောကီမဂ်ဉာဏ် အမြင်မှန် | လောကုတ္တရာမဂ်ဉာဏ် အမြင်မှန် |

အရိယသစ္စာနံ၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂ ဟူသည့် ဖြူစင် ဖြောင့်မတ် လွန်ထူးမြတ်သော လေးရပ်သစ္စာ နက်နဲစွာတို့ကို။ ဒဿနဥ္စ၊ မျက်မှောက်ထင်ရှား ဉာဏ်ဖြင့်မြင်ရခြင်းသည် လည်းကောင်း။

အရိယသစ္စာနံ ဒဿနံ အရိယသစ္စာနဒဿနံ။

(ခုဒ္ဒကပါဌ၊ ၄။ ၁၂၈)

အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ ဒဿနံ၊ ထိုးထွင်း၍ သိမြင်ခြင်းတည်း။ အရိယသစ္စာနဒဿနံ၊ အရိယသစ္စာတို့ကို ထိုးထွင်း၍ သိမြင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



အရိယာတို့ သိတဲ့သစ္စာ(၄)ပါးကို ပဋိဝေဓဉာဏ်ဖြင့် ထိုးထွင်းပြီး သိပါတယ်။

အရိယသစ္စာနဒဿနံ နာမ ကုမာရပဉှေ ဝုတ္တာနံ စတုန္နံ အရိယသစ္စာနံ အဘိသမယဝသေန မဂ္ဂဒဿနံ တံ သံသာရဒုက္ခဝီတိက္ကမ ဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၈)

အရိယသစ္စာနဒဿနံ နာမ၊ အရိယ သစ္စာနဒဿန မည်သည်။ ကုမာရပဉှေ၊ ရာဟုလာသာမဏေငယ်ကို မေးတော်မူသော ပြဿနာ၌။ ဝုတ္တာနံ၊ ဟောတော်မူအပ်ကုန်သော။ စတုန္နံ၊ လေးပါးကုန်သော။ သစ္စာနံ၊ အရိယသစ္စာတို့ကို။ အဘိသမယဝသေန၊ သိခြင်း၏အစွမ်းအားဖြင့်။ မဂ္ဂဒဿနံ၊ မဂ်ဉာဏ်လေးပါးဖြင့် မြင်ခြင်းတည်း။ တံ၊ ထိုအရိယသစ္စာလေးပါးတို့ကို သိခြင်း၏ အစွမ်းအားဖြင့် မဂ်ဉာဏ်ဖြင့် မြင်ခြင်းကို။ သံသာရဒုက္ခဝီတိက္ကမဟေတုတော၊ သံသရာဝဋ်ဆင်းရဲကို လွန်မြောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့်။ မင်္ဂလန္တိ၊ မင်္ဂလာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**သစ္စာ(၄)ပါး သဘောအဓိပ္ပါယ်**

(၁) ဒုက္ခသစ္စာ၊ ဆင်းရဲကြောင်းအမှန်ဖြစ်တယ်၊
(၂) သမုဒယသစ္စာ၊ ဆင်းရဲဖြစ်ကြောင်း အမှန်ဖြစ်တယ်၊
(၃) နိရောဓသစ္စာ၊ ဆင်းရဲချုပ်ငြိမ်းကြောင်း အမှန်ဖြစ်တယ်၊
(၄) မဂ္ဂသစ္စာ၊ နိဗ္ဗာန်ရောက်ကြောင်း အမှန်ဖြစ်တယ်။

(၁) တပ်မက်နှစ်သက်လိုချင်တဲ့လောဘကို ဖယ်ထားပြီး တေဘူမက သင်္ခါရ တရားအားလုံးတို့သည် ဒုက္ခအရိယသစ္စာ မည်ပါတယ်။
(အရိယာသိတဲ့ ဒုက္ခသစ္စာ)

(၂) တပ်မက် နှစ်သက်လိုချင်တဲ့ လောဘ စေတသိက် သည် ဒုက္ခသမုဒယ အရိယသစ္စာ မည်ပါတယ်။
(အရိယာသိတဲ့ သမုဒယသစ္စာ)

www.burmeseclassic.com

www.burmeseclassic.com



(၃) အကြောင်းတရား ချုပ်ငြိမ်းသွားတဲ့ နိဗ္ဗာန်တော်မြတ်ကြီးသည် နိရောဓအရိယသစ္စာ မည်ပါတယ်။ (အရိယာသိတဲ့ နိရောဓသစ္စာ)

(၄) မဂ်စိတ် လေးပါး၌ ယှဉ်တဲ့ သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်(၈)ပါး မြတ်တရားသည် ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ မည်ပါတယ်။ (အရိယာသိတဲ့ မဂ္ဂသစ္စာ)

ဤ (၄)ပါးသော အရိယသစ္စာတို့ကို သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ် ဤ (၄)ပါးသော မဂ်ဉာဏ်ဖြင့် မြင်ခြင်း၊ သိခြင်း၊ မျက်မှောက်ပြုခြင်း၊ ရရှိခြင်းသည် အရိယသစ္စာနဒဿန မည်ပါတယ်။ ဤသို့ အရိယသစ္စာ (၄)ပါး မြတ်တရားတို့ကို မဂ်ဉာဏ် (၄)ပါးဖြင့် မြင်နိုင်ခြင်းသည် နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်း၊ သံသရာဝဋ်ဒုက္ခ ငြိမ်းခြင်း၏အကြောင်း ဖြစ်သောကြောင့် မင်္ဂလာဟူ၍ပင် ခေါ်ဆိုအပ်ပါတယ်။

(၁) ဒုက္ခသစ္စံ ပရိညာပ္ပဋိဝေဓံ ပဋိဝိဇ္ဈန္တော ဘာဝေတိ။
(၂) သမုဒယသစ္စံ ပဟာနပ္ပဋိဝေဓံ ပဋိဝိဇ္ဈန္တော ဘာဝေတိ။
(၃) နိရောဓသစ္စံ သစ္ဆိကိရိယာပ္ပဋိဝေဓံ ပဋိဝိဇ္ဈန္တော ဘာဝေတိ။
(၄) မဂ္ဂသစ္စံ ဘာဝနာပ္ပဋိဝေဓံပဋိဝိဇ္ဈန္တော ဘာဝေတိ။

(ပဋိသံ ။ ၂၈)

(၁) ဒုက္ခသစ္စာကို ပရိညာပဋိဝေဓဉာဏ်ဖြင့် သိပါတယ်။ (ပိုင်းခြား၍ ထိုးထွင်းပြီး သိပါတယ်။)

(၂) သမုဒယသစ္စာကို ပဟာနပ္ပဋိဝေဓဉာဏ်ဖြင့် သိပါတယ်။ (ပယ်ခြင်းကို ထိုးထွင်းပြီး သိပါတယ်။)

(၃) နိရောဓသစ္စာကို သစ္ဆိကိရိယာ ပဋိဝေဓဉာဏ်ဖြင့် သိပါတယ်။ (နိဗ္ဗာန်ကို ထိုးထွင်းပြီး သိပါတယ်။)

(၄) မဂ္ဂသစ္စာကို ဘာဝနာ ပဋိဝေဓဉာဏ်ဖြင့် သိပါတယ်။ (ပွားများအားထုတ်ပြီး ထိုးထွင်းသိပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com



**အရိယ၊ သစ္စ၊ ဒဿန**

အရိယ၊ မြတ်တဲ့၊ ဖြူစင်တဲ့၊
သစ္စ ၊ သစ္စာ (၄)ပါးကို၊
ဒဿန၊ မြင်တယ် (အမှန်အတိုင်း မြင်တယ်)။

**ဒဿန** = မြင်တယ်ဆိုတာ ပကတိမျက်စိ စက္ခုပသာဒဖြင့် မြင်ခြင်းမျိုး မဟုတ်၊ မဂ်ဉာဏ်ဆိုတဲ့ ဉာဏစက္ခု ဉာဏ်မျက်စိဖြင့် သိခြင်းကို မြင်ခြင်း ဟု ခေါ်ဆိုပါတယ်။

(၁) ဒုက္ခသစ္စာ၊ ဆင်းရဲအမှန်၊ ရုပ်နာမ် (၂)ပါး ဖြစ်တယ်။
(၂) သမုဒယသစ္စာ၊ ဆင်းရဲကြောင်းအမှန်၊ (တဏှာ)၊ ဝိပဿနာ ဉာဏ် အမြင်မှန်ဖြင့် အမှန်တွေ ရတဲ့သဘော တရားဖြစ်တယ်။
(၃) နိရောဓသစ္စာ၊ ချုပ်ငြိမ်းခြင်းအမှန်၊ (နိဗ္ဗာန်တရား တော်မြတ်)၊ မဂ်ဉာဏ်ရလျှင် နိဗ္ဗာန်ကို တွေ့မြင်ရတယ်၊ တကယ်အမှန် ရှိတဲ့ တရားဖြစ်တယ်။
(၄) မဂ္ဂသစ္စာ၊ နိဗ္ဗာန်ရောက်ကြောင်းအမှန်၊ (မဂ္ဂင်ရှစ်ပါး)၊ မိမိသန္တာန်၌ ဖမှန်တရား အထင်အရှား ဖြစ်လာတဲ့ တရား ဖြစ်တယ်။

**အသိဉာဏ် (၂)မျိုး**

သစ္စာကိုသိခြင်း၌
၁။ အနုဗောဓသိ၊
၂။ ပဋိဝေဓသိ ဟု (၂)မျိုးရှိတယ်။

(၁) နည်းလမ်းကို သင်ပြပေးတဲ့ ဆရာများထံမှ ဖြစ်စေ၊ ကျမ်းဂန်များမှဖြစ်စေ တစ်ဆင့်ကြားသိရခြင်း၊ တစ်ဆင့်ပြောကို အမှီပြု၍ ကြံစည်တွေးတော ဆင်ခြင်၍ သိခြင်း၊ ကြံစည်တွေးတော ဆင်ခြင်ပြီး လိုအပ်ချက်ကို မိမိဉာဏ်ဖြင့် နှစ်သက်ဆုံးဖြတ်ခြင်းများကို အနုဗောဓသိ၊ အနုဗောဓဉာဏ်ဟု ခေါ်ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အနု၊ ထပ်တလဲလဲ၊ ဗောဓ၊ သိခြင်း။

သိမှု မပြီးသေး၍ ထပ်ကာထပ်ကာ သိနေခြင်းမျိုးကို ဆိုပါတယ်။

(၂) ထိုသို့ သိမှုမပြီးသေး၍ ထပ်တလဲလဲ သိရခြင်းမဟုတ်ဘဲ တစ်ကြိမ်ထဲ၌ ထွင်းဖောက်သိမြင်ခြင်းကို ပဋိဝေဓသိ၊ ပဋိဝေဓဉာဏ်ဟု ဆိုပါတယ် မဂ်ဉာဏ်ဖြင့် သိမြင်ခြင်းပင် ဖြစ်ပါတယ်။ မဂ်ဉာဏ်သည် ကိစ္စအားဖြင့် သစ္စာလေးပါးကို တစ်ပြိုင်နက် သိပါတယ်။ ဒုက္ခကို ပိုင်းခြားခြင်း၊ သမုဒယကို ပယ်ခြင်း၊ နိရောဓကို မျက်မှောက်ပြုခြင်း၊ မဂ္ဂကို ပွားများခြင်းဟု ကိစ္စလေးပါးရှိရာ ထိုကိစ္စလေးပါးကို တပြိုင်နက်ပြုခြင်းဖြင့် မဂ်ဉာဏ်ဟာ သစ္စာလေးပါးကို ထင်ရှားသိလာရပါတယ်။

**သစ္စာ (၄)တန် အမြင်မှန်**

(၁) ရူပါရူပံ ပဉ္စက္ခန္ဓာ၊ တံ ဟောတိ ဒုက္ခ သစ္စံ။

(သမ္မော၊ ၄။ ၆၈)

ရူပါရူပံ၊ ရုပ်နမ်နှစ်ပါးသည်။ ပဉ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့ တည်း။ တံ၊ ထိုခန္ဓာငါးပါး ရုပ်နာမ်တရားသည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာ မည်၏။

ခန္ဓာငါးပါး ရုပ်နာမ်တရား ရရှိလာတော့ သွားလာလှုပ်ရှားမှု ပြုလုပ်ရတဲ့ ဒုက္ခ၊ နာကျင်ကိုက်ခဲခြင်း စတဲ့ ရောဂါမျိုးစုံ ဖြစ်နေတဲ့ ဒုက္ခ၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရတဲ့ ဒုက္ခဆိုပြီး ဒုက္ခမျိုးစုံဖြစ်နေလို့ အလွန်ဆင်းရဲတဲ့ ဒုက္ခဆိုတာ သိမြင်နိုင်ပါတယ်။ ဒီဒုက္ခဟာ ဘယ်သူ့ကြောင့် ရလာတာလဲ၊ အလိုလို ရလာတာလားဆိုတာကို ဝေဖန်သုံးသပ်ဆင်ခြင်ကြည့်ရန် အလွန် အရေးကြီးပါတယ်။ အလိုလိုရလာတဲ့ ဒုက္ခမဟုတ်ပါဘူး။

ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။

(ဝိ၊ ၃။ ၅၁)

အရှင်အဿဇိမထေရ်က အရှင်သာရိပုတ္တရာလောင်း ဥပတိဿကို ဟောတဲ့ ဒေသနာဆိုတာ ထင်ရှားရှိပါတယ်၊ အကြောင်း တရားကြောင့် ရတဲ့အကျိုးတရားလို့ ဟောတော်မူထားတာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတရား မရှိလျှင် အကျိုးတရား မရှိပါဘူး။ ဒါဖြင့် ယခုလို ဆင်းရဲနေတဲ့ ဒုက္ခကြီးကို ဘယ်လိုမြင် ဘယ်လို သိရမလဲ၊ ဒီဆင်းရဲ ဒုက္ခကြီးဟာ တဏှာ၊ ဥပါဒါန် စတဲ့ အကြောင်းတရားကြောင့် ရတဲ့ ဒုက္ခလို့ မြင်တော့ သစ္စာဝင်လာတယ်၊ ဒါကို အရိယာသိတဲ့ ဒုက္ခသစ္စာလို့ ခေါ်ပါတယ်။

(၂) တံသမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ။

(သမ္မော၊ ၌။ ၆၈)

တံသမုဋ္ဌာပိကာ၊ ထိုဒုက္ခသစ္စာကိုဖြစ်စေတတ်သော။ ပုရိမ တဏှာ၊ ရှေ့ဖြစ်သောတဏှာသည်။ သမုဒယသစ္စံ၊ သမုဒယသစ္စာ မည်၏။

ဒုက္ခသစ္စာကို ဖြစ်စေတတ်တဲ့ အကြောင်းတရားဟာ တဏှာ ဖြစ်ပါတယ်။

**သမုဒယ**၊ အကြောင်း။ (တဏှာ၊ ဥပါဒါန်စတဲ့ အကြောင်း တရား)

**သစ္စာ**၊ အကြောင်းတရား ရှိနေ ဖြစ်နေလျှင် နောင်ဖြစ်လာမယ့် အနာဂတ်ဘဝမှာ ခန္ဓာအသစ်အသစ် ထပ်ထပ်ဖြစ်ရမှာကို မြင်တော့မှ သစ္စာ ဖြစ်ပါတယ်။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ရမှာကို မြင်တဲ့ဉာဏ် ဖြစ်ပါတယ်။

(၃) ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ။ (သမ္မော၊ ၌။ ၆၈)

ဥဘိန္နံ၊ ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၏။ အပ္ပဝတ္တိ၊ မဖြစ်ခြင်းသည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာမည်၏။

တဏှာ၊ ဥပါဒါန် စတဲ့ အကြောင်းတရား လွတ်မြောက် သွားတာ ချုပ်ငြိမ်းသွားတာ ဖြစ်ပျက်ဆုံးသွားတာ အေးငြိမ်းသွားတာဟာ နိရောဓ သစ္စာ မည်ပါတယ်။

(၄) တံပဇာနနော မဂ္ဂေါ မဂ္ဂသစ္စံ။ (သမ္မော၊ ၌။ ၆၈)

တံပဇာနနော၊ ထိုနိရောဓ သစ္စာကို အပြားအားဖြင့် သိတတ် သော။ မဂ္ဂေါ၊ မဂ်သည်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာမည်၏။

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂသစ္စာဆိုတာ အမှန်အတိုင်းမြင်လိုက်တာ ဖြစ်တယ်၊ ဘယ်လို မြင်လိုက်တာလဲ။ မိမိရဲ့ မနောစိတ်အစဉ်မှာ တဏှာ၊ ဥပါဒါန် စတဲ့ အကြောင်းတရား သမုဒယသစ္စာမှ လွတ်မြောက်သွားတာ ချုပ်ငြိမ်းသွား တာ၊ အေးငြိမ်းသွားတာ၊ ဖြစ်ပျက်ဆုံးသွားတာကို အမှန်အတိုင်း မြင်လိုက်တာဟာ မဂ္ဂသစ္စာလို့ခေါ်တဲ့ မင်္ဂဉာဏ် ဖြစ်တာပါပဲ။

## (၃၄) နိဗ္ဗာနသစ္ဆိကိရိယာ စ။ (ခုဒ္ဒကပါဌ။ ၄)

## နိဗ္ဗာနသစ္ဆိကိရိယာ (၂)မျိုး

| (လောကီ) နိဗ္ဗာနသစ္ဆိကိရိယာ | နိဗ္ဗာနသစ္ဆိကိရိယာ(လောကုတ္တရာ) |
|---|---|
| ငြိမ်းအေးတာအာရုံပြု | ငြိမ်းအေးတာ မျက်မှောက်ပြု |
| ဈာန်ဖြင့်ငြိမ်း | အသခ်တ |
| သမထဖြင့်ငြိမ်း | မင်္ဂဉာဏ်ဖြင့် မျက်မှောက်ပြု |
| ဝိပဿနာဖြင့်ငြိမ်း | ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြု |
| လောကီငြိမ်းအေး | လောကုတ္တရာငြိမ်းအေး |
| ချမ်းသာရေး | ချမ်းသာရေး |

နိဗ္ဗာနသစ္ဆိကိရိယာ စ၊ အရွတ္တမှန်၊ ကိုယ်သန္တာန်၌၊ အမိုက် ခပင်း၊ ကုန်ငြိမ်းခြင်းကို၊ လင်းလင်းထင်ထင်၊ တွေ့မြင်သမျှ၊ မျက်မှောက် ပြုရခြင်းသည် လည်းကောင်း။

နိဗ္ဗာန၊ ငြိမ်းအေးရာကို၊ သစ္ဆိကိရိယာ၊ မျက်မှောက်ပြုတယ်။

တဏှာ သမုဒယကင်းတဲ့ နေရာ၊ ဇာတိဒုက္ခ စသည်တို့ မရှိ၍ ငြိမ်းအေးတဲ့ နေရာကို မျက်မှောက်ပြုတာဟာ နိဗ္ဗာနသစ္ဆိကိရိယာ မင်္ဂလာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နိက္ခန္တံ ဝါနတောတိ နိဗ္ဗာနံ၊ သစ္ဆိကရဏံ သစ္ဆိကိရိယာ၊ နိဗ္ဗာနနဿ သစ္ဆိကိရိယာ နိဗ္ဗာနသစ္ဆိကိရိယာ။ (ခုဒ္ဒကပါဠိ၊ ၅။ ၁၂၈)

ယံ အရဟတ္တဖလံ၊ အကြင်အရဟတ္တဖိုလ်သည်။ ဝါနတော၊ ဘဝ တစ်ခုနှင့် တစ်ခုကို ချုပ်စပ်တတ်သည်၏အဖြစ်ကြောင့် ဝါနဟု ဆိုအပ်သော တဏှာမှ။ နိက္ခန္တံ၊ ထွက်မြောက်တတ်၏။ ဣတိ၊ ထိုကြောင့်။ တံ အရဟတ္တဖလံ၊ ထို အရဟတ္တဖိုလ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

သစ္ဆိကရဏံ၊ မျက်မှောက်ပြုခြင်း။ သစ္ဆိကိရိယာ၊ မျက်မှောက် ပြုခြင်း။ နိဗ္ဗာနဿ၊ အရဟတ္တဖိုလ်ဟူသော နိဗ္ဗာန်ကို။သစ္ဆိကိရိယာ၊ မျက်မှောက်ပြုခြင်းတည်း။ နိဗ္ဗာနသစ္ဆိကိရိယာ၊ အရဟတ္တ ဖိုလ်ဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။

နိဗ္ဗာနသစ္ဆိကိရိယာ နာမ ဣဓ အရဟတ္တဖလံ နိဗ္ဗာနန္တိ အဓိပ္ပေတံ။ ဝေမေသာ နိဗ္ဗာနသစ္ဆိကိရိယာ ဒိဋ္ဌဓမ္မိကသုခဝိဟာရာဒိ ဟေတုတော မင်္ဂလန္တိ ဝေဒိတဗ္ဗာ။ (ခုဒ္ဒကပါဠိ၊ ၅။ ၁၂၈)

နိဗ္ဗာနသစ္ဆိကိရိယာ နာမ၊ နိဗ္ဗာနသစ္ဆိကိရိယာ မည်သည်ကား။ ဣဓ၊ ဤနိဗ္ဗာနသစ္ဆိကိရိယာ ဟူသောပါဌ်၌။ အရဟတ္တံ၊ အရဟတ္တ ဖိုလ်ကို။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။

နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုရာမှာ အရဟတ္တဖိုလ်ကို နိဗ္ဗာန် ဟူ၍ပင် အလိုရှိအပ်ပါတယ်၊ နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် ရှုမြင်နိုင် ခြင်းသည် ပစ္စုပ္ပန်အတ္တဘော၌ ချမ်းသာစွာနေရခြင်း အစရှိသည်တို့၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာဟူ၍ပင် ခေါ်ဆိုပညတ် သမုတ်အပ်ပါ တယ်။

**နိဗ္ဗာနသစ္ဆိကိရိယာ၌ နိဗ္ဗာနအရ**

နိဗ္ဗာန်အရ အရိယသစ္စာနဒဿနံ မင်္ဂလာဖြင့်ပင်လျှင် အသင်္ခတ ဓာတ် နိဗ္ဗာန်တော်မြတ်ကြီးကို မျက်မှောက်ပြုခြင်းကိစ္စ ပြီးစီး ထင်ရှားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ နိဗ္ဗာနသစ္ဆိကိရိယာ ဟူသော ပုဒ်၌ အရဟတ္တ ဖိုလ်ကို နိဗ္ဗာန်ဟူ၍ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဂတိငါးပါးနှင့် ဝါနဟု ဆိုအပ်တဲ့ တဏှာမှ ထွက်မြောက်တတ်သောကြောင့်လည်းကောင်း အရဟတ္တဖိုလ်ကို နိဗ္ဗာန်ဟူ၍ ခေါ်ဆိုအပ်ပါတယ်။

သုသုခံ ဝတ နိဗ္ဗာနံ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ။
အသောကံ ဝိရဇံ ခေမံ၊ ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။

(ထေရ။ ၂၄၆) (နေတ္တိ။ ၁၄၃)

သမ္မာသမ္ဗုဒ္ဓဒေသိတံ၊ မြတ်စွာသည် ဟောကြားတော်မူအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သုသုခံ ဝတ၊ ချမ်းသာတကာတို့ထက် အလွန်ချမ်းသာလေစွတကား။ ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ ဒုက္ခံ၊ ဆင်းရဲသည်။ နိရုဇ္ဈတိ၊ ချုပ်ငြိမ်း၏။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ အသောကံ၊ စိုးရိမ်ခြင်း မရှိ။ ဝိရဇံ၊ မြူမှကင်း၏။ ခေမံ၊ ဘေးမရှိ။

ဘုရားရှင်ဟောတော်မူတဲ့ နိဗ္ဗာန်တော်မြတ်ကြီးဟာ ချမ်းသာ တကာ တို့ထက် သာလွန်မြင့်မြတ်၍ အချမ်းသာဆုံးဖြစ်တယ်။ ထိုနိဗ္ဗာန်ကား စိုးရိမ်ကြောင့်ကြခြင်းလဲ မရှိ။ ကိလေသာမြူလဲ ကင်းတယ်။ ဘေးရန် အန္တရာယ်လဲ မရှိဘူး။

ယဉ္စ ကာမသုခံ လောကေ၊ ယဉ္စိဒံ ဒိဝိယံ သုခံ။
တဏှက္ခယ သုခဿေတေ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။

(ဥဒါန။ ၈၉)

လောကေ၊ လောက၌။ ယဉ္စ ကာမသုခံ၊ အကြင်ကာမ (၁၁)ဘုံ၌ ရှိသမျှသော ချမ်းသာသည်လည်းကောင်း။ ယဉ္စိဒံ ဒိဝိယံ သုခံ၊ အကြင် ဗြဟ္မာ (၂၀)၌ရှိသော ချမ်းသာသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတေ၊ ထိုချမ်းသာတို့သည်။ တဏှာက္ခယသုခဿ၊ နိဗ္ဗာန်ချမ်းသာ၏။ သောဠသိံ ကလံ၊ (၁၆)စိတ်စိတ်၍ တစ်စိတ်ကိုမျှ။ န အဂ္ဃန္တိ၊ အဖိုးမထိုက်၍ လိုက်မမှီနိုင်ကြလေကုန်။

www.burmeseclassic.com

www.burmeseclassic.com



(၃၁)ဘုံမှာရှိတဲ့ ချမ်းသာသုခဟူသမျှတို့သည် နိဗ္ဗာန် ချမ်းသာကို (၁၆) စိတ်စိတ်၍ တစ်စိတ်မျှမှီအောင် ချမ်းသာသုခ မရှိနိုင်ဘူးလို့ ဟော တော်မူပါတယ်။ ထိုသစ္စာ(၄)ပါးတို့တွင် နိရောဓ သစ္စာဆိုတာ နိဗ္ဗာန်တရား ပင် ဖြစ်တယ်။ ဤသစ္စာ(၄)ပါးတို့တွင် နိဗ္ဗာန်တရားပါပြီး ဖြစ်သောကြောင့် နိဗ္ဗာနသစ္စိကိရိယာမင်္ဂလာ၌ အရဟတ္တဖိုလ်ကို နိဗ္ဗာန်ဟု ဆိုထားပါတယ်။ ဤတရားများကို ကြိုးစား၍ သိမြင်လာတဲ့အခါ ဝဋ္ဋဒုက္ခမှ လွတ်မြောက် နိုင်သောကြောင့် အလွန် ကောင်းမြတ်တဲ့ မင်္ဂလာဟူ၍ ခေါ်ဆိုအပ်ပါတယ်။

**မှတ်ချက်။** ထိုအရိယသစ္စာမင်္ဂလာဖြင့် ဉာဏဒဿနဝိသုဒ္ဓိကို ပြဆို တော်မူပါတယ်။ ပုဂ္ဂိုလ်အားဖြင့် မင်္ဂပုဂ္ဂိုလ်(၄) ယောက်၊ အောက်ဖိုလ်ပုဂ္ဂိုလ် (၃)ယောက်ဆိုတဲ့ သေက္ခပုဂ္ဂိုလ် (၇)ယောက်တို့နှင့် သက်ဆိုင်ပါတယ်။ အကြောင်းမှာ အရဟတ္တဖိုလ်ဖြစ်တဲ့ အသေက္ခ ပုဂ္ဂိုလ်ကို နိဗ္ဗာန သစ္စိ ကိရိယာ မင်္ဂလာဖြင့် ပြဆိုထားလို့ ဖြစ်ပါတယ်။

ဤမင်္ဂလာ၌ နိဗ္ဗာန်ဆိုတာ သစ္စာ (၄)ပါးတွင် ပါဝင်တဲ့ နိရောဓ သစ္စာ နိဗ္ဗာန်ကို မယူဘဲ လောကုတ္တရာစိတ် (၈)ပါးတို့တွင် ပါဝင်တဲ့ အရဟတ္တဖိုလ်စိတ်ကိုသာ အဋ္ဌကထာဆရာ ယူထားပါတယ်။ ထိုအရဟတ္တ ဖိုလ်စိတ်သည် အထွတ်အထိပ် အမြင့်ဆုံး အမြတ်ဆုံးဖြစ်တဲ့ စိတ်ဖြစ်ပြီး ဂတိ(၅)ပါး၊ ဘဝ(၂)ပါးတို့ကို ဆက်စပ်ပေးတဲ့ တဏှာမှ ကျွတ်လွတ် ထွက်မြောက်သွားတဲ့ တရားဖြစ်လို့ နိဗ္ဗာန်ဟု ခေါ်ဆိုပါတယ်။

နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုသော်လည်း အရိယသစ္စာန ဒဿနမင်္ဂလာ၌ နိရောဓသစ္စာခေါ် အသင်္ခတနိဗ္ဗာန် ပါဝင်ခဲ့ပြီးဖြစ်၍ ဤနိဗ္ဗာန သစ္စိကိရိယာ မင်္ဂလာ၌ အသင်္ခတခေါ်တဲ့ နိဗ္ဗာန်ကို မယူတော့ဘဲ အရဟတ္တဖိုလ်ကို နိဗ္ဗာန်ဟု ယူရန် အဋ္ဌကထာဆရာ ဖွင့်ပြထားပါတယ်။

အသင်္ခတနိဗ္ဗာန်ကို ဝါနခေါ်တဲ့ တဏှာမှ ထွက်မြောက်တတ် သောကြောင့် နိဗ္ဗာန ခေါ်ရသလို အရဟတ္တဖိုလ်၌လည်း တဏှာ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့၍ တဏှာဝါနမှ ထွက်မြောက်တတ်လို့ နိဗ္ဗာန်ဟုပင် ဆိုရပြန်တယ်။ ထိုနိဗ္ဗာန်အရ အရဟတ္တဖိုလ်နှင့် ပစ္စဝေက္ခဏာ ဉာဏ်များကိုပင် နိဗ္ဗာန သစ္ဆိကိရိယာ ဖြစ်ကြောင်း အဋ္ဌကထာ ဖွင့်ဆိုထားပါတယ်။

(ခုဒ္ဒကပါဌ၊ ဌ။ ၁၂၈)

(တစ်နည်း) နိဗ္ဗာနသစ္ဆိကိရိယာ၌ နိဗ္ဗာန်အရ အသင်္ခတ နိဗ္ဗာန်ကို ယူ၍ အရိယသစ္စာနဒဿန၌ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းဖြစ်၍ နိဗ္ဗာနသစ္ဆိကိရိယာ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းဟု သိအပ်ပါတယ်။

ဤသို့ ယူခဲ့လျှင် အရိယသစ္စာန၌ မဂ်ဉာဏ်(၄)ပါးလုံးပင် သစ္ဆိကိရိယာကိစ္စရသကဲ့သို့ နိဗ္ဗာနသစ္ဆိကိရိယာ၌ ဖိုလ်(၄)ပါးလုံး သစ္ဆိ ကိရိယာကိစ္စ အကုန်ရ၍ ပို၍ပင် အဓိပ္ပါယ် ပြည့်စုံပါတယ်။

## နိဗ္ဗာန်ကို မျက်မှောက်ပြုပုံ

တဿ တံ စိတ္တံ အပရာပရံ မနသိ ကရောတော ပဝတ္တံ သမတိက္ကမိတွာ အပ္ပဝတ္တံ ဩက္ကမတိ၊ အပ္ပဝတ္တမနုပ္ပတ္တော မဟာရာဇ သမ္မာ ပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတီတိ ဝုစ္စတိ။ (မိလိန္ဒ၊ ၃၁၁)

အပရာပရံ၊ အဆင့်ဆင့်။ (ဝါ) ဒုက္ခသစ္စာ တစ်ခုပြီး ဒုက္ခသစ္စာ တစ်ခု။ ဝါ၊ ဒုက္ခသစ္စာ ဒုက္ခသစ္စာလို့ ထပ်ခါထပ်ခါ။ မနသိ ကရောတော၊ နှလုံးသွင်းရှုဆင်ခြင်၍နေသော။ တဿ၊ ထိုယောဂီ ပုဂ္ဂိုလ်အား။ တံ စိတ္တံ၊ ထိုစိတ်သည်။ ပဝတ္တံ၊ မပြတ်ဖြစ်နေတဲ့ စိတ်အစဉ်ကို။ (ဝါ) ဒုက္ခသစ္စာ အမြင်မှန်ဖြင့် မပြတ်ဖြစ်နေတဲ့ စိတ်အစဉ်ကို။ သမတိက္ကမိတွာ၊ လွန်မြောက်၍။ (ဝါ) အာရုံပြုသောအားဖြင့် မရှုတော့ဘဲ။ အပ္ပဝတ္တံ၊ မဖြစ်တဲ့နေရာ အသင်္ခတခေါ်တဲ့ နိဗ္ဗာန်သို့။ (ဝါ) တဏှာ ဥပါဒါန်စတဲ့ အကြောင်းတရားငါးပါး ဖြစ်ပျက်ဆုံးသွားတဲ့နေရာမှာ အစားထိုးပေါ်လာတဲ့ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်သို့။ ဩက္ကမတိ၊ သက်ရောက်သွားလေတော့၏။ (ဝါ) စိတ်ကို ပူးကပ် ပေးလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မဟာရာဇ၊ မြတ်သောမင်းကြီး။ သမ္မာပဋိပန္နော၊ ကောင်းစွာကျင့်ကြံအားထုတ် အလုပ်လုပ်နေသည်ဖြစ်၍။ အပ္ပဝတ္တံ၊ မဖြစ်တဲ့ နေရာအသန်တခေါ်တဲ့ နိဗ္ဗာန်သို့။ (ဝါ) တဏှာဥပါဒါန် စတဲ့ အကြောင်းတရားငါးပါးဖြစ်ပျက်ဆုံးသွားတဲ့နေရာမှာ အစားထိုးပေါ်လာတဲ့ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်သို့။ အနုပ္ပတ္တော၊ အစဉ်ဆိုက်ရောက်နေသူကို။ နိဗ္ဗာန်သစ္ဆိကရောတီတိ၊ နိဗ္ဗာန်သို့ မျက်မှောက် ပြုနေသောသူဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုစ္စတိ၊ ကောင်းစွာမသွေ ဟောကြားတော်မူအပ်ပါပေ၏။

## (၃၅) ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။

(ခုဒ္ဒကပါဌ။ ၄)

## တုန်လှုပ်မှု ရှိ-မရှိ (၂)မျိုး

| (လောကီ) တုန်လှုပ်မှုရှိ | တုန်လှုပ်မှု မရှိ (လောကုတ္တရာ) |
|---|---|
| လာဘော၊ အလာဘော | န ကမ္ပတိ |
| ယသော၊ အယသော | အသောကံ |
| နိန္ဒာ၊ ပသံသာ | ဝိရဇံ |
| သုခံ၊ ဒုက္ခံ | ခေမံ |
| လောကဓံတွေ ချမ်းသာဆင်းရဲဖြစ် | လောကဓံတွေ ချမ်းသာဆင်းရဲမဖြစ် |

လောကဓမ္မေဟိ၊ လောကဓံရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ကြုံရသော။ ယဿ၊ အကြင်တာဒိဂုဏ်နှင့် ပြည့်စုံပေလတ် ယောကျ်ား မြတ်၏။ စိတ္တံ၊ စိတ်သည်။ န ကမ္ပတိ၊ မတုန်လှုပ်။

ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ နာမ ယဿ လာဘာလာဘာဒီဟိ အဋ္ဌဟိ လောကဓမ္မေဟိ ဖုဋ္ဌဿ အဇ္ဈောတ္ထဋဿ စိတ္တံ န ကမ္ပတိ န စလတိ န ဝေဓတိ၊ တဿ တံ စိတ္တံ ကေနစိ အကမ္ပနီယလောကုတ္တရဘာဝါ ဝဟနတော မင်္ဂလန္တိ ဝေဒိတဗ္ဗံ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၂၉)

www.burmeseclassic.com

www.burmeseclassic.com



လောကဓံတရား(၈)ပါး

လောကနယ်ထဲ နေသူမှန်သမျှ မကင်းနိုင်ဘဲ မကြာခဏ တွေ့ရတတ်လို့ လောကဓမ္မ=လောကဓံ ဟု ခေါ်ဆိုပါတယ်။

(၁) လာဘော = လာဘ်ပေါ်များ၍ တက်ကြွတုန်လှုပ်ခြင်း။
(၂) အလာဘော = လာဘ်နည်းပါး၍ ညှိုးငယ်တုန်လှုပ်ခြင်း။
(၃) ယသော = အခြံအရံပေါ်များ၍ တက်ကြွတုန်လှုပ်ခြင်း။
(၄) အယသော = အခြံအရံနည်းပါး၍ ညှိုးငယ်တုန်လှုပ်ခြင်း။
(၅) နိန္ဒာ = အကဲ့ရဲ့ခံရ၍ ဝမ်းနည်းတုန်လှုပ်ခြင်း။
(၆) ပသံသာ = ချီးမွမ်းခံရ၍ ဝမ်းမြောက်တုန်လှုပ်ခြင်း။
(၇) သုခံ = ချမ်းသာကို စွဲ၍ ဝမ်းသာတုန်လှုပ်ခြင်း။
(၈) ဒုက္ခံ = ဆင်းရဲကို စွဲ၍ ညှိုးငယ် ပူပြင်း၊ စိုးရိမ် တုန်လှုပ်ခြင်း။

ဤ လောကဓံတရား(၈)ပါးတို့တွင် အကောင်းလောကဓံ (၄)ပါး၊ အဆိုးလောကဓံ(၄)ပါးဟု ခွဲခြားသတ်မှတ် သိထားအပ်ပါတယ်။

လောကဓံတရား (၈)ပါးဟာ လူတိုင်း တွေ့ကြုံရတဲ့ တရားဖြစ်ပါတယ်။ ထိုသို့ တွေ့ကြုံရာတွင် ရောင်းလို့ ဝယ်လို့ ကောင်း၍ ပစ္စည်းဥစ္စာ ရတနာ၊ ရွှေ ငွေ အသုံးအဆောင် ပစ္စည်းလာဘ်လာဘရတဲ့အခါ, ရာထူး တက်၍ လာဘ်ပေါ်များတဲ့အခါ, အခြွေအရံ အစေခံနှင့် လက်အောက် ငယ်သား ပေါ်များတဲ့အခါ, ချီးမွမ်းခံရတဲ့အခါ, ချမ်းသာနေတဲ့အခါ အများမှာ တပြုံးပြုံး တကြွကြွ တရွှရွ တမော်မော် ပျော်ချင်တိုင်း ပျော်၍ နဂိုအတိုင်းလို မငြိမ်သက်ဘဲ တုန်လှုပ်၍ နေတတ်ကြပါတယ်။

ရောင်းလို့ ဝယ်လို့မကောင်းတဲ့အခါ, ရာထူးတက်သင့်လျက် မတက်တဲ့အခါ, ပစ္စည်းလာဘ်လာဘ မရတဲ့အခါ, အခြွေအရံ အစေခံနှင့် လက်အောက်ငယ်သား နည်းပါးတဲ့အခါ ဆင်းရဲမျိုးစုံနှင့် ကြုံရတဲ့အခါ များမှာ စိတ်အားငယ်ခြင်း၊ ညှိုးနွမ်းခြင်းသည် တုန်လှုပ်ခြင်းပင် ဖြစ်ပါတယ်။ အကဲ့ရဲ့ခံရတဲ့အခါ "ငါ မခံဘူး၊ ငါ့ကို မဟုတ်တာပြောတယ်" စသည်ဖြင့် ရှူးရှူးရှဲရှဲဖြင့် ဒေါသ ထွက်ခြင်း၊ တစ်စုံတစ်ခုကြောင့် ဒုက္ခရောက်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



မြင်သူတိုင်း သနားစဖွယ် အားငယ်နေခြင်း၊ ညှိုးနွမ်းနေခြင်းသည် နဂိုနေရိုးအတိုင်း မဟုတ်တော့ဘဲ တုန်လှုပ်နေခြင်းမျိုး ဖြစ်ပါတယ်။

လာဘ်လာဘ အခြွေအရံ ပေါများတဲ့အခါ စိတ်နေစိတ်ထား မပြောင်း၊ မပေါမများတဲ့အခါလည်း စိတ်မပျက်၊ ချီးမွမ်းခံရတဲ့အခါ သူတကာ မြှောက်၍လည်း မမြောက်၊ ကဲ့ရဲ့ခံရတဲ့အခါ သူတကာနှိမ့်လို့လည်း မနိမ့်ကျ၊ ချမ်းသာရင်လည်း ဘဝင်မမြင့်၊ စိတ်ကြီးမဝင်၊ ဆင်းရဲပြန်ရင်လည်း စိတ်အားမငယ်၊ နဂိုစိတ်နေစိတ်ထားမပြောင်း၊ စိတ်ကောင်းမပျက်သူကို "မတုန်လှုပ်သူ"ဟု ခေါ်ဆိုပါတယ်။ ထို မတုန်လှုပ်သူကို "တော်ပါပေတယ်၊ စိတ်ထားတတ်ပါပေတယ်" ဟု ချီးမွမ်းစကား ပြောဆိုကြပါတယ်။ ထိုကဲ့သို့ မတုန်မလှုပ်ခြင်းကို ကြီးစွာသော ကျက်သရေမင်္ဂလာဟု ခေါ်ဆိုပါတယ်။

**လောကဓံကြောင့် မတုန်လှုပ်ပုံ**

(၁) ရသင့်၊ ရထိုက်တဲ့ ပစ္စည်းဥစ္စာ၊ ရွှေ ငွေ၊ ရတနာတို့ကို ရခြင်းရဲ့ အကြောင်းရင်းရှာလျှင် လာဘဆိုတဲ့ လောကဓံ။

(၂) ရသင့်၊ ရထိုက်တဲ့ ပစ္စည်းဥစ္စာ၊ ရွှေ ငွေ၊ ရတနာတို့ကို မရခြင်းရဲ့ အကြောင်းရင်းက အလာဘဆိုတဲ့ လောကဓံ။

(၃) အခြံအရံပေါများခြင်း၊ ကျော်စောခြင်းရဲ့ အကြောင်းရင်းက ယသ ဆိုတဲ့ လောကဓံ။

(၄) အခြံအရံ ကင်းမဲ့ခြင်း၊ အကျော်အစော ကင်းမဲ့ခြင်းရဲ့ အကြောင်းရင်းက အယသဆိုတဲ့ လောကဓံ။

(၅) မျက်မှောက် မျက်ကွယ် သူတစ်ပါးတို့ ကဲ့ရဲ့ရှုတ်ချခြင်းရဲ့ အကြောင်းရင်းက နိန္ဒာဆိုတဲ့ လောကဓံ။

(၆) မျက်မှောက် မျက်ကွယ် သူတစ်ပါးတို့ ချီးမွမ်းခံရခြင်းရဲ့ အကြောင်းရင်းက ပသံသဆိုတဲ့ လောကဓံ။

(၇) ချမ်းသာခြင်းရဲ့ အကြောင်းရင်းက သုခဆိုတဲ့ လောကဓံ။

www.burmeseclassic.com

www.burmeseclassic.com



(၈) ဆင်းရဲခြင်းရဲ့ အကြောင်းရင်းက ဒုက္ခဆိုတဲ့ လောကဓံ အားဖြင့် (၈)ပါး ရှိပါတယ်။

ထိုလောကဓံတို့နှင့် ကြုံတွေ့တဲ့အခါ၊ မတုန်မလှုပ်တဲ့စိတ်သည် လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ မင်္ဂလာ ဖြစ်ပါတယ်။

စိတ္တံ န ကမ္ပတီတိ အရဟတော ခီဏာသဝဿ၊ န အညဿ ကဿစိ။ (ခုဒ္ဒကပါဠ၊ ၄။၁၂၉)

ဤလောကဓံကြောင့် မတုန်လှုပ်တာဟာ ရဟန္တာရဲ့ စိတ်သာ ရှိပါတယ်။

ရဟန္တာမဟုတ်သူတို့ရဲ့ စိတ်မဟုတ်ဟု အဋ္ဌကထာဆရာ ဖွင့်ဆို ထားပါတယ်။

(၃၆) အသောကံ (ခုဒ္ဒကပါဠ။၄)

အသောကံ၊ ဆင်းရဲမျိုးစုံ ဒုက္ခအဖုံဖုံကြောင့် စိုးရိမ်ပူပန်ခြင်းလည်း မရှိ။

အသောကံ နာမ ခီဏာသဝဿေဝ စိတ္တံ။

(ခုဒ္ဒကပါဠ၊ ၄။ ၁၃၀)

လောကဓံတရား (၈)ပါးတို့ကြောင့် စိုးရိမ်ပူပန်ခြင်းမရှိတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့စိတ်သည် အသောကမည်ပါတယ်။ ထိုကဲ့သို့ စိုးရိမ်စရာ အာရုံတို့နှင့် တွေ့ကြုံလာတဲ့အခါ ကုန်ပြီးတဲ့ အာသဝတရား ရှိသည်ဖြစ်၍ လောကဓံတရား (၈)ပါးတို့ကြောင့် စိုးရိမ်ပူပန်ခြင်းမရှိတဲ့ ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် အသောက မည်ပါတယ်။ ဘယ်လိုပင် စိုးရိမ်စရာ အာရုံတွေနှင့် တိုက်ဆုံလာစေကာမူ စိုးရိမ်မှု မရှိတာကို အသောက လို့ ခေါ်ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဗျသန = ပျက်စီးခြင်း တရား (၅)ပါး

ပဉ္စ ဗျသနာနိ ဉာတိဗျသနံ ဘောဂဗျသနံ ရောဂဗျသနံ သီလဗျသနံ ဒိဋ္ဌိဗျသနံ။ (ဒီ၊ ၃။ ၁၉၆)

(၁) ဉာတိဗျသန၊ ဆွေမျိုးတို့ရဲ့ ပျက်စီးခြင်း၊

(၂) ဘောဂဗျသန၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊

(၃) ရောဂဗျသန၊ အနာရောဂါတို့ ဖိစီးနှိပ်စက်ခံရ၍ ပျက်စီးခြင်း၊

(၄) သီလဗျသန၊ အကျင့်သီလ ပျက်စီးခြင်း၊

(၅) ဒိဋ္ဌိဗျသန၊ အယူမမှန် အယူပျက်စီးခြင်း။

နာဝုသော သတ္တာ ဉာတိဗျသနဟေတု ဝါ ဘောဂဗျသန ဟေတု ဝါ ရောဂဗျသနဟေတု ဝါ ကာယဿ ဘေဒါ ပရံ မရဏာ၊ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။ (ဒီ၊ ၃။၁၉၆)

ဆွေမျိုး ပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ အနာရောဂါ နှိပ်စက်လို့ ပျက်စီးခြင်း (၃)မျိုးကြောင့် ဖြစ်ပေါ်လာတဲ့ စိုးရိမ်ပူဆွေးမှုသည် အပါယ်(၄)ပါးသို့ ရောက်စေနိုင်တဲ့ ပူဆွေးမှုမျိုး မဟုတ်ပါ။

သီလဗျသနဟေတု ဝါ အာဝုသော သတ္တာ ဒိဋ္ဌိဗျသန ဟေတု ဝါ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

BURMESE CLASSIC

(ဒီ၊ ၃။၁၉၆)

သီလပျက်စီးခြင်း၊ အယူပျက်စီးခြင်းကြောင့် သေသည်၏ အခြားမဲ့၌ အပါယ်ငရဲသို့ ကျရောက်ပါတယ်။

## ဗျသနနှင့် အရိယာပုဂ္ဂိုလ်

ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ ဗျသနတရားငါးပါးလုံး တွေ့ကြုံရတတ်ပါတယ်။ တွေ့ကြုံလာလျှင် ပူဆွေးဝမ်းနည်းစိုးရိမ်ခြင်းများ ဖြစ်နိုင်ပါတယ်။ အရိယာပုဂ္ဂိုလ်တို့မှာ သီလဗျသနနှင့် ဒိဋ္ဌိဗျသန (၂)ပါး မရှိတော့ပါဘူး။ မဂ်ဉာဏ်ဖြင့် ပယ်သတ်ထားပြီး ဖြစ်ပါတယ်။ ဉာတိဗျသန, ဘောဂ ဗျသန, ရောဂဗျသနတရား (၃)ပါးကတော့ တွေ့ကြုံရဦးမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံရသော်လည်း သောတာပန် သကဒါဂါမ်ဆိုတဲ့ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် (၂)ယောက်တို့သည် ပူဆွေးဝမ်းနည်း စိုးရိမ်ခြင်းများ ရှိကြပါသေးတယ်။ အနာဂါမ်ရဟန္တာ ပုဂ္ဂိုလ်များကတော့ ဘယ်အခါမှ ပူဆွေးဝမ်းနည်းစိုးရိမ်ခြင်း မရှိတော့ပါ။ ဆိုင်ရာမဂ်ဖြင့် ပယ်ထားပြီး ဖြစ်ပါတယ်။

## (၃၇) ဝိရဇံ (ခုဒ္ဒကပါ။၄)

ဝိရဇံ၊ သုခမ်ိဳးကြောင့် ကြီးကြီးကြွကြွ စိတ်ရွှင်ပြသည့် ရာဂ ဟူသော မြူလည်း မရှိ။

တံ ဟိ ရာဂဒေါသမောဟရဇာနံ ဝိဂတတ္တာ ဝိရဇံ။

(ခုဒ္ဒကပါဌ၊ ဌ။ ၁၃၀)

ကုန်ခမ်းပြီးတဲ့ အာသဝရှိသည်ဖြစ်၍ (၈)ပါးသော လောကဓံတို့ကြောင့် တပ်မက်ခြင်း၊ ပြစ်မှားခြင်း၊ တွေဝေမိန်းမောခြင်း၊ ရာဂ ဒေါသ မောဟ အစရှိတဲ့ ကိလေသာမြူမှေးများ ညစ်ကြေးမထင် သန့်ရှင်း စင်ကြယ်တဲ့ ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ဝိရဇ မည်ပါတယ်။

ဝိရဇ -မြူမှေးမရှိဆိုတာ အနုသယကိလေသာတို့သည် မြူမှုံ မြူမှေး အညစ်အကြေးနှင့် တူပါတယ်၊ ထိုအနုသယကိလေသာ မြူမှေး အညစ်အကြေး တို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် အမြစ်ရင်းနှင့်တကွ ပယ်သတ်တော်မူကြ၍ အရဟတ္တဖိုလ်က ကိလေသာ အခိုးအငွေ့ များကို ငြိမ်းအေးစေနိုင်သဖြင့် နောက်ထပ်တစ်ဖန် အသစ်ကိလေသာတို့ မဖြစ်နိုင်တော့-ဟု ဆိုလိုရင်း ဖြစ်ပါတယ်။

**ရဇ=မြူ**

ဤနေရာ၌ ရဇ (မြူ)ဆိုတာ ရာဂ ဒေါသ မောဟတို့ပဲ ဖြစ်ပါတယ်။ ပကတိမြူသည် ကိုယ်ပေါ်သို့ ကျရောက်လျှင် ညစ်ပေစေသကဲ့သို့ ထိုရာဂ စသော တရားများသည် သတ္တဝါတို့ကို ညစ်နွမ်းစေတတ်သောကြောင့် ရဇ

www.burmeseclassic.com

www.burmeseclassic.com



ဝိယာတိ ရဇောအရ မြူနှင့်တူသဖြင့် ရဇ အမည်ရကြပါတယ်။ ရာဂ မြူအညစ်အကြေးများကင်း၍ သန့်ရှင်းသောစိတ်ဟာ မင်္ဂလာ ဖြစ်ပါတယ်။ ဆိုင်ရာ မဂ်များဖြင့် မပယ်ရသေးသမျှ ကာလပတ်လုံး မကင်းနိုင်ကြသေးပါ၊ သို့သော် သူတော်ကောင်းများဟာ ထိုအညစ်အကြေးများကို အပြစ်ဟု ရှုမြင်၍ ကင်းရှင်းအောင် ကြိုးစားလေ့ရှိကြပါတယ်၊ အကောင်းဆုံးမှာ ဘာဝနာအလုပ် အားထုတ်ခြင်းပင် ဖြစ်ပါတယ်၊ ထို့ကြောင့် ရာဂ ဒေါသ စသည်ကို ဘာဝနာအလုပ်ဖြင့် အတွင်တွင် နှင်ထုတ်ကြရမှာ ဖြစ်ပါတယ်။

(၃၈) ခေမံ (ခုဒ္ဒကပါဌ။၄)

ခေမံ၊ အတ္တာနုဝါဒဘေး ပရာနုဝါဒဘေးတို့မှလည်း ကင်းဝေးလျက်ရှိ၏။

စတူဟိ စ ယောဂေဟိ ခေမတ္တာ ခေမံ။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။၁၃၀)

စတူဟိ၊ လေးပါးကုန်သော။ ယောဂေဟိ၊ ယောဂတို့မှ။ ခေမတ္တာ၊ ကြောက်ဖွယ်ဘနန်း ကြောက်ခမန်းလိလိ ဘေးဘျမ်းမရှိသည်၏ အဖြစ်ကြောင့်။ ခေမံ၊ ခေမမည်၏။

**ခေမမင်္ဂလာမည်ပုံ**

ကုန်ခမ်းပြီးတဲ့ အာသဝတရားရှိသည်ဖြစ်၍ (၈)ပါးသော လောကဓံတရားတို့ကြောင့် (၄)ပါးသော ယောဂတို့ဖြင့် ဘေးဘျမ်း ဥပဒ်မရှိတဲ့ ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ခေမမည်ပါတယ်။

ခေမ၊ ဘေးဘျမ်းမရှိဆိုတာ ရဟန္တာပုဂ္ဂိုလ်မှာ ကိလေသာ ကုန်ခမ်းပြီးဖြစ်သောကြောင့် ဘဝအသစ်မဖြစ်တော့ပါ၊ ဘဝအသစ် မဖြစ်တော့လို့ တစ်ဖန် ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းစတဲ့ သံသရာ ဘေးဆိုးကြီးများ လက်စသတ် ကုန်ခမ်းသွားပါတယ်၊ ထိုဘေးဆိုးကြီးတို့မှ လွတ်ခြင်းသည် အတုမရှိမြတ်တဲ့ ချမ်းသာသုခဖြစ်တဲ့ ခေမမင်္ဂလာ မည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**တိုရှင်းလိုရင်း နိဂုံးချုပ်စကား**

ဤသို့ နတ်သား မေးလျှောက်လာတဲ့ မင်္ဂလာဆိုင်ရာ အမေး ပုစ္ဆာပြဿနာကို မြတ်စွာဘုရားရှင်ဟာ (၁၀)ဂါထာတို့ဖြင့် ဟောကြား တော်မူခဲ့ပါတယ်။ ဒေသနာတော်အဆုံး၌ ကုဋေတစ်သိန်းသော နတ်တို့ သည် အရဟတ္တဖိုလ်သို့ ရောက်ရှိကြပါတယ်။ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်သို့ ရောက်ရှိကြတဲ့ နတ်တို့သည်ကား မရေတွက်နိုင်အောင်ကို များပြားလှပါတယ်။ ထိုခပ်သိမ်းသော နတ်တို့သည် မြတ်စွာဘုရားကို ရိုသေစွာရှိခိုးကြပြီး ထိုအရပ်၌ပင် ကွယ်ပျောက်၍ သွားကြပါတယ်။

မြတ်စွာဘုရားရှင်သည် နှစ်ရက်မြောက်သောနေ့၌ အရှင် အာနန္ဒာ မထေရ်ကို "ချစ်သားအာနန္ဒာ၊ လွန်ခဲ့သောညဉ့်က မထင်ရှားတဲ့ နတ်သား တစ်ပါးဟာ ငါဘုရားထံချဉ်းကပ်၍ မင်္ဂလာပြဿနာကို မေးလျှောက် ခဲ့ပါတယ်၊ ထိုအခါ ငါဘုရားသည် ထိုနတ်သားအား (၃၈)ဖြာမင်္ဂလာ တို့ကို ဟောတော်မူခဲ့ပြီးပါပြီ၊ အာနန္ဒာ၊ ဤမင်္ဂလာ ဒေသနာတော်ကို သင်ယူပါ လေ၊ သင်ယူပြီးလျှင် ရဟန်းတို့ကို ဟောပါလေ"ဟု မိန့်တော်မူပါတယ်။ အရှင်အာနန္ဒာမထေရ်သည် သင်ယူပြီးလျှင် ရဟန်းတို့ကို ဟောကြားတော် မူခဲ့ပါတယ်။ (ခုဒ္ဒကပါဌ၊ ဋ္ဌ။ ၁၃၁)

လောကလူသားများအားလုံးက (၃၈)ဖြာမင်္ဂလာတရားတော် များကို သင်ယူမှတ်သားလိုက်နာကျင့်ကြံ ကြိုးစားနိုင်ကြသဖြင့် ယခုပစ္စုပ္ပန် မျက်မှောက်ဘဝမှာပင် လောကီချမ်းသာအဖြာဖြာကို ရရှိခံစားနိုင်ကြ ရုံမျှမက အရိယာသစ္စာလေးပါးကို ထိုးထွင်း သိမြင်အောင် ကြိုးပမ်း အားထုတ်ကြကာ နိဗ္ဗာန်းချမ်းသာကို ရရှိခံစားနိုင်ကြပါစေကုန်သတည်း။

( ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု )

===============

သုံးဆယ်ရှစ်ဖြာ မင်္ဂလာလမ်းပြကျမ်း ပြီးဆုံးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းပြီး နိဂုံး

* သီရိခေတ္တရာတိ ဝိညာတေ၊ ပြည်တိပ္ပုရေ မနောရမေ။
သီတာရာမေ ဝသန္တေန၊ ဝိသုဒ္ဓါစာရဝိညုနာ။
* အဂ္ဂမဟာသဒ္ဓမ္မဇောတိ၊ ရာဇဒတ္တိယလက္ခိနာ။
ကောဝိဒမဟာထေရေန၊ ပိဋကေဟိ သမုဒ္ဓဋော။
* သုခေသိနံ ဟိတတ္ထာယ၊ မောက္ခတ္ထာယ နယုတ္တရော။
မင်္ဂလာသမ္ဘဒါဂန္ထော၊ အနာယာသော သုနိဋ္ဌိတော။
* ဒွိသဟဿေ ပဉ္စသတေ၊ ဧကပညာသမေ ဝရေ။
ဂိမှာနေ ဖဂ္ဂုနေ မာသေ၊ နာနာရုက္ခသုဖုလ္လိတေ။
* ဂန္ထံ ပယံသံ သုမင်္ဂလံ၊ အနုစာရံ ဝရေ ဌိတံ။
ပူရေတံ ဟိတသုခါယ၊ ဇောတယံ သတ္ထုသာသနန္တိ။ ။

နိဂုံးထုပ္ပတ်၊ ခြင်းရာမြွတ်ကို၊ တင့်ဟပ်ပေါ်လွင်၊ မော်ကွန်းဆင်အံ့။ မြင့်တင်သာသနာ၊ ရွှေမြန်မာတို့၊ တေဇာတောက်ပ၊ ရှေးခါကပင်၊ ရာဇထွတ်ခေါင်၊ ဒွတ္တဘောင်ဟု၊ ရွှေရောင်သိုက်မြိုက်၊ ရွှေမကိုဋ်ဖြင့်၊ နန်းစိုက်တည်ရာ၊ သရေခေတ္တရာမှ၊ ချိန်ခါပြောင်းရွေ့၊ ခေါ်ဝေလေ့ဖြင့်၊ ပျော်မွေ့ဖွယ်ရာ၊ တောင်သေလာတို့၊ သာယာရှုမ်းစို့၊ အေးရိပ်မို့သား၊ ပြည်မြို့နဂိုရ်၊ အောင်မြေခိုလျက်၊ ထိုထိုဂန္ထ၊ သင်ပို့ချသည့်၊ ဓမ္မရိပ်မြုံ၊ သီတာရုံဟု၊ ပွားထုံအားစိုက်၊ တောရတိုက်၌၊ ယာပိုထ်ပျော်ရွှင်၊ ကျင့်ဖြူစင်လျက်၊ စုံလင်နှံ့စပ်၊ ကျွမ်းကျင်လတ်၍၊ မင်းမြတ်ရာဇာ၊ ဆက်သလာသည့်၊ **အဂ္ဂမဟာသဒ္ဓမ္မ-ဇောတိကဓဇဟု၊** ဘွဲ့လှရောင်လွင်၊ မကိုဋ်ဆင်ခဲ့၊ အားတင် ဆောင်ပြ၊ **ဘဒ္ဒန္တကောဝိဒ** သည်၊ ပိဋကတ်သုံးသွယ်၊ ကျမ်းနိကာယ်မှ၊ ကျင့်ဖွယ်စံဖြစ်၊ စွမ်းအားလှစ်ဖို့၊ သုံးဆယ့်**ရှစ်ဖြာ၊** မင်္ဂလာမည်လျှမ်း၊ လမ်းပြကျမ်းကို၊ အေးချမ်းခက်ဝေ၊ ကျက်သရေတို့၊ တက်နေအလား၊ တိုးတက်ပွား၍၊ ကြီးစားကျင့်ကြံ၊ စနစ်မှန်က၊ နိဗ္ဗာန်ရောက်ရေး၊ ဖော်ဆောင်ပေးဖို့၊ မှတ်ရေးချိန်ခါ။

www.burmeseclassic.com

www.burmeseclassic.com



စောသတ္တာ၏၊ သာ**သနာသတ်၊ ငါး**ထောင်ဝက်တွင်၊ ကျော်တက်ငါးဆယ်၊ တစ်စွန်းကယ်ရှင့်၊ **မြိုင်နယ်ရတို့**၊ တောပေါင်းစုံ၌၊ မွေးထုံပျံ့သင်း၊ ရွှေအင်ကြင်းနှင့်၊ လှ**ချင်းပြိုင်တန်**၊ ရွက်နုဖန်သည့်၊ ဂိမှာန်နွေပြောင်း၊ လတပေါင်းဝယ်၊ ဟိတ်**ကြောင်းညီ**စွာ၊ ထွက်ပေါ်လာသည့်၊ မင်္ဂလာ တင့်လျှမ်း၊ ရွှေစာကျမ်းမှု၊ **ကျင့်ခန်းစုံ**လင်၊ စွမ်းအားတင်၍၊ အစဉ်ကြိုးစား၊ ကျင့်ဆောင်ပွားသော်၊ **မြောက်မြားဆွေ**ညာ၊ အေးရိပ်ဖြာ၍၊ သာယာဖွံ့ဖြိုး၊ ရောင်လျှံတိုးလိမ့်၊ **တန်ခိုးဝေဖြာ**၊ သာသနာကို၊ ရောင်ဝါပျံ့သင်း၊ တေဇာလင်းဖို့၊ မြိုက်ခင်း **ဆုခြွေ**၊ အောင်ပန်းဝေကြ၊ အောင်မြေစခန်း၊ အောင်စဉ်လွှမ်းလျက်၊ **အောင်နန်းခေမာ**၊ အောင်ဟိတ်ဖြာသည်။

ဇေယျာ **အောင်ပွဲ မြင့်**စေသော်။
တေဇာ ခေါင်တဲ **ဆင့်**စေသော်။
ဆွေညာ **ဆောင်နွဲ့ တင့်**စေသော်။ ။

www.burmeseclassic.com